မြန်မာတစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်

တိုင်းရင်းသားငြိမ်းချမ်းရေးကို အားပေးမြှင့်တင်ဖို့လား
သို့တည်းမဟုတ် အစိုးရထိန်းချုပ်မှု ပိုအားကောင်းလာစေဖို့လား။

ရေးသားပြုစုကြသူများ –
မာတင်စမစ်
ဂျေဆန်ဂီးလ်ဘတ်

စာအုပ်ဒီဇိုင်း –
ဂွီဒို့ရဲလ်စမာ

ဓာတ်ပုံများ –
အေးဂျဖရန့်ပရက်ဆဲလ် (AFP)
Free Burma Rangers (FBR)
သျှမ်းသံတော်ဆင့် (S.H.A.N)
Transnational Institute

မျက်နှာဖုံးဓာတ်ပုံ –
ဒေါနတောင်တန်းမြောက်ပိုင်း၌ ကင်းလှည့်နေသည့် ကေအန်ယူတပ်ဖွဲ့ဝင်များ (TNI)

ကျေးဇူးတင်လွှာ –
ဤစာတမ်းကို ဆွီဒင်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (SIDA)၊ ဆွစ် ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SDC) နှင့် နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးဌာနတို့၏ ငွေကြေးအထောက်အပံ့ဖြင့် ရေးသားထုတ်ဝေခြင်းဖြစ်သည်။ စာတမ်းပါ အကြောင်းအရာမှန်သမျှ အတွက် TNI ၌ သာလျှင် လုံးလုံးလျားလျားတာဝန်ရှိပြီး အလှူရှင်များ၏ ရပ်တည်ချက်ကို တပ်အပ်ထင်ဟပ်မှု ရှိလိမ့်မည် မဟုတ်ပါ။

အသေးစိတ်စာတမ်းအချက်အလက်များ
စာတမ်းပါ အကြောင်းအရာများကို ငွေကြေးအကျိုးအမြတ် ရည်မှော်ခြင်းမရှိသည့် ရည်ရွယ်ချက်ဖြင့် ပြန်လည်ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ကိုးကားအသုံးပြုခြင်းများ ပြုလုပ်လိုပါက သတင်းရင်းမြစ်ကို သင့်လျော်စွာဖော်ပြ၍ အသုံးပြုနိုင်ပါသည်။

ISBN:
978–90–70563–86–8

TRANSNATIONAL INSTITUTE (TNI)
De Wittenstraat 25, 1052AK Amsterdam, The Netherlands
Tel: + 31 20 662 6608
Email: tni@tni.org
https://www.tni.org/en/myanmar–in–focus
Amsterdam, April 2023

မာတိကာ

မြန်မာနိုင်ငံမြေပုံ ၅

အတိုကောက်ဝေါဟာရများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ ၆

အချိန်ပြဇယား – ခေတ်သစ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ အထင်ကရနေ့ရက်များ ၉

၁။ အကောင်အထည်ဖော်ရေးနှင့် ညှိနှိုင်းဆွေးနွေးရေးကာလ စိန်ခေါ်မှုများ ၁၃

အနှစ်ချုပ် – ဆယ်စုနှစ်တစ်ခုတိုင်လာခဲ့သည့် အသွင်ကူးပြောင်းရေးကာလ ပဋိပက္ခများ ၁၃

၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ၂၃

မအောင်မြင်ခဲ့သည့် ငြိမ်းချမ်းရေးနှင့် ရှေ့နောက်ညီညွတ်မှုမရှိသည့် လုပ်ငန်းစဉ် ၂၅

ပုံစာ – တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၃၄

ယုံကြည်မှုတည်ဆောက်ရေးနှင့် ယုံကြည်မှုဖောက်ဖျက်ခြင်း ၃၆

ဖယ်ကြဉ်ချန်လှပ်ထားသည့် နိုင်ငံရေးကစားကွက်များ ၃၆

EAO အချို့ကို ဖယ်ကြဉ်ချန်လှပ်ခဲ့သည့် ပဋိပက္ခအကျိုးဆက်များ ၄၅

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးစကားဝိုင်းများ၌ အမြဲပြောင်းလဲနေသည့် အားလုံးလွှမ်းခြုံပါဝင်ရေး အဓိပ္ပာယ်ဖွင့်ဆိုချက်များ ၄၈

ပြည်သူ့စစ်တပ်ဖွဲ့များနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ ၅၅

တစ်ဖက်သတ်နှင့် နှစ်ဖက်အပြန်အလှန်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို လေးစားလိုက်နာမှုမရှိခြင်း ၅၉

၂။ NCA အကောင်အထည်ဖော်ရေးကဏ္ဍ ပျက်ကွက်မှုများ ၆၆

စစ်ရေးအရ ချိုးဖောက်မှုများ ၆၆

NCA အကောင်အထည်ဖော်ရေး ယန္တရား ၇၄

အရပ်သားထိခိုက်သေဆုံးမှု ၇၆

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ၈၃

အလုပ်မဖြစ်ခဲ့သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုမူဘောင် ၈၃

NMSP ခေါင်းဆောင်နိုင်ဟောင်ဆာနှင့် NCA လူထုတွေ့ဆုံဆွေးနွေးပွဲများ ၈၉

နိုင်ငံရေးဆိုင်ရာ သဘောတူညီချက်များ ကင်းမဲ့နေခြင်း ၉၀

တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ တွေ့ဆုံစည်းဝေးပွဲများကို ဟန့်တား နှောင့်ယှက်မှုများ ၉၄

ကြားကာလအစီအမံများနှင့် ဥပဒေပြုရေးအတားအဆီးများ ၉၈

လက်နက်ကိုင်ပဋိပက္ခနှင့် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးနေဆဲကာလ စီးပွားရေးပြုပြင်ပြောင်းလဲမှု ၁၀၂

အရာအားလုံးအပေါ်လွှမ်းမိုးနေသည့် နိုင်ငံရေးပြဿနာများ ၁၀၈

၃။ ညှိနှိုင်းဆွေးနွေးရေးဆိုင်ရာ စိန်ခေါ်မှုများကိုအဖြေရှာသည့် ကြိုးပမ်းအား ထုတ်မှုများ ၁၁၂

ရပ်တည်ချက်ခြင်း ကွာခြားမှုများ – NLD၊ တပ်မတော်နှင့် EAOs ၁၁၂

၂၁ ရာစုပင်လုံငြိမ်းချမ်းရေးညီလာခံ ၁၁၅

UNFC ၏ 'ရှစ်ချက်' အဆိုပြုလွှာ ၁၁၉

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ပါဝင်လျက်ရှိသည့် နိုင်ငံတကာဇာတ်ကောင်များ ၁၂၃

အကောင်အထည်ဖော်ရေး အခက်အခဲများကို ကိုင်တွယ်ဖြေရှင်းသွားမည့် NCA အင်အားစုများ၏ ကြိုးပမ်းအားထုတ်မှုများ ၁၂၈

ဆုံးဖြတ်ချက်ချမှတ်မှု ချောမွေ့မြန်ဆန်စေရန် '၁၀-အပေါင်း-၁၀ တွေ့ဆုံစည်းဝေးမှု' ၁၃၂

NCA ကို ပြန်လည်သုံးသပ်အကဲဖြတ်ခြင်း – KNU နှင့် RCSS ၁၃၅

လက်နက်ဖြုတ်သိမ်းရေး၊ တပ်ဖွဲ့ဝင်စာရင်းပယ်ဖျက်ရေးနှင့် လူမှုဘဝပြန်လည်ပေါင်းစည်းရေးနှင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး ၁၄၀

KNPP ၏ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးပွဲများ ၁၄၁

မြောက်ပိုင်း EAO များ၏ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးပွဲများ ၁၄၅

ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခလျော့နည်းကျဆင်းလာခြင်း ၁၅၈

ကိုဗစ်-၁၉ နှင့် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ ၁၆၄

၄။ မျက်မှောက်ခေတ် မြန်မာနိုင်ငံ – ပဋိပက္ခသံသရာလည်နေသည့် နိုင်ငံတစ်ခု ၁၇၅

SAC သင်ရိုးညွှန်းတမ်းအလွန် – NCA ခရီး ဆုံးခန်းတိုင်လေတော့မလား။ ၁၇၅

အဓိကမှတ်ချက်များနှင့် နိဂုံးချုပ်သုံးသပ်ချက်များ ၁၉၀

ပူးတွဲဖိုင် – UNFC အဆိုပြုခဲ့သည့် 'အချက်ရှစ်ချက်' ၂၀၃

အဆုံးသတ်မှတ်စုများ ၂၀၃

မြန်မာနိုင်ငံမြေပုံ

Administrative Map of Myanmar
Under the 2008 Constitution, all seven 'Divisions' have been renamed 'Regions'. The seven ethnic 'States' retain their names. There are also five new Self-Administrated Zones and one new Self-Administrated Division 'for National races with suitable population':
Sagaing Region
1. Naga Self-Administrated Zone
Leshi, Lahe and Namyun Townships
Shan State
2. Palaung (Ta'ang) Self-Administrated Zone
Namhsan and Manton Townships
3. Kokang Self-Administrated Zone
Konkyan and Laukkai Townships
4. Pa-O Self-Administrated Zone
Hopong, Hsihseng and Pinlaung Townships
5. Danu Self-Administrated Zone
Ywangan and Pindaya Townships
6. Wa Self-Administrated Division
Hopang, Mongmao, Panwai, Pangsang, Namphan, Metman Townships
ARUNACHAL PRADESH
ASSAM
INDIA
NAGA-LAND
MANIPUR
MIZORAM
BANGLA-DESH
CHIN STATE
MYANMAR (BURMA)
SAGAING REGION
MANDALAY REGION
MAGWAY REGION
RAKHINE STATE
BAGO REGION
YANGON REGION
AYEYARWADY REGION
KACHIN STATE
SHAN STATE
KAYAH STATE
KAREN STATE
MON STATE
TANINTHARYI REGION
CHINA
YUNNAN
LAOS
THAILAND
CAMBODIA
Wakro
Guwahati
Kohima
Imphal
Putao
Sumprabum
Hpakant
Myitkyina
Kampaiti
Mogaung
Sadung
Laiza
Ruili
Muse
Kutkai
Lashio
Laukkai
Mantong
Hakha
Monywa
Kyaukme
Tangyan
Wan Hai
Pangsang
Jinghong
Mandalay
Mong La
Palewa
Buthidaung
Sittwe
Taunggyi
Loilem
Mong Ping
Kengtung
Hopong
Pinlaung
Pekhon
Mawkmai
Mong Hsat
Tachilek
Mae Sai
Nay Pyi Taw
Loikaw
Loi Tai Leng
Chiang Mai
Vientiane
Hpapun
Hpa-an
Law Khee Lar
Shwe Kokko
Mae Sot
Yangon
Myawaddy
Mawlamyine
Three Pagodas Pass
Dawei
Bangkok
Phnom Penh
Bay of Bengal
Gulf of Martaban
Gulf of Thailand
ANDAMAN SEA
Chindwin
Irrawaddy
Kaladan
Thanlwin
Chao Praya
T
N
I

အတိုကောက်ဝေါဟာရများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

AA	အာရကၠန်တပ်တော်
ABSDF	မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး
ALP	ရခိုင်လွတ်မြောက်ရေးပါတီ
ANC	ရခိုင်ပြည်အမျိုသားကောင်စီ
ANP	ရခိုင်အမျိုးသားပါတီ
ARSA	ရခိုင်ရိုဟင်ဂျာကယ်တင်ရေးတပ်မတော်
ASEAN	အရှေ့တောင်အာရှနိုင်ငံများအသင်း
BGF	နယ်ခြားစောင့်တပ်ဖွဲ့
BRI	ခါးပတ်နှင့်လမ်းအစီအစဉ်
CNF	ချင်းအမျိုးသားတပ်ဦး
CPB	ဗမာပြည်ကွန်မြူနစ်ပါတီ
CRPH	ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ
CSO	အရပ်ဖက်လူ့အဖွဲ့အစည်း
DDR	လက်နက်ဖြုတ်သိမ်းရေး၊ တပ်ဖွဲ့ဝင်စာရင်းပယ်ဖျက်ရေးနှင့် လူမှုဘဝပြန်လည်ပေါင်းစည်းရေး
DKBA1	တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်ဖွဲ့
DKBA2	ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(ကလုထူးဘော်)
EAO	တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း
ERO	တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း
FPNCC	ဖက်ဒရယ်နိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှု အတိုင်ပင်ခံကော်မတီ
ICC	နိုင်ငံတကာရာဇဝတ်ခုံရုံး
ICJ	နိုင်ငံတကာတရားရုံး
IDP	ပြည်တွင်းနေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်သူများ
IIMM	မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား
JICM	တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော် ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး
JMC	ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ
JPF	မြန်မာနိုင်ငံငြိမ်းချမ်းရေးဆိုင်ရာ ပူးတွဲရန်ပုံငွေအဖွဲ့
KDA	ကချင်ကာကွယ်ရေးတပ်မတော်
KIO	ကချင်လွတ်လပ်ရေးအဖွဲ့အစည်း
KNLA	ကရင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်
KNLP	ကယန်းပြည်သစ်ပါတီ
KNPLF	ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး
KNPP	ကရင်နီအမျိုးသားတိုးတက်ရေးပါတီ
KNU	ကရင်အမျိုးသားအစည်းအရုံး

KPC	KNU/KNLA ငြိမ်းချမ်းရေးကောင်စီ
KySDP	ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ
LDU	လားဟူဒီမိုကရက်တစ်အစည်းအရုံး
MIS	စစ်ထောက်လှမ်းရေးဌာန
MNDAA	မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်အဖွဲ့
MNTJP	အမျိုးသားဒီမိုကရေစီသွေးစည်းညီညွတ်ရေးတပ်မတော်
MPC	မြန်မာငြိမ်းချမ်းရေးစင်တာ
MTA	ရှမ်းပြည်တပ်မတော်
NCA	တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်
NCCT	တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့
NCGUB	ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွှန့်ပေါင်းအစိုးရ
NCUB	ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ
NDA-K	ဒီမိုကရက်တစ်တပ်ဦး-ကချင်
NDAA	အမျိုးသားဒီမိုကရက်တစ်တပ်ပေါင်းစုတပ်မတော်
NDF	အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု
NLD	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
NMSP	မွန်ပြည်သစ်ပါတီ
NRPC	အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန
NSCN-K	နာဂဒေသအမျိုးသားဆိုရှယ်လစ်ကောင်စီ - ကပ်ပလန်
NUCC	အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ
PDF	ပြည်သူ့ကာကွယ်ရေးတပ်မတော်
PNLO	ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့
PNO	ပအိုဝ်းအမျိုးသားအဖွဲ့အစည်း
PPST	ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့
PSLF	ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး
PSLP	ပလောင်ပြည်နယ်လွတ်မြောက်ရေးပါတီ
RCSS	သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ
SAC	နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
SLORC	နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် တည်ငြိမ်အေးချမ်းရေးကောင်စီ
SNLD	သျှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်
SPDC	နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ
SSNPLO	ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့
SSPP	သျှမ်းပြည်တိုးတက်ရေးပါတီ
SSR	လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး
TNLA	တအောင်းအမျိုးသားများလွတ်မြောက်ရေးတပ်ဦး
ULA/AA	ရကိုင်အမျိုးသားအဖွဲ့ချုပ်/အာရကန်တပ်တော်

UN	ကုလသမဂ္ဂ
UNFC	စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ
UNHCR	ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး
UNOCHA	ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး
UPC	ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ
UPC–21CP	ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–၂၁ရာစုပင်လုံညီလာခံ
UPDJC	ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ
USDP	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
UWSA/P	ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်/ပါတီ
VFV Law	မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲရေးဥပဒေ
WNO	ဝအမျိုးသားအဖွဲ့အစည်း
ZRA	ဇိုမီးတော်လှန်ရေးတပ်မတော်

အချိန်ပြဇယား – ခေတ်သစ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ အထင်ကရ နေ့ရက်များ

၁၉၄၉	အင်းစိန်အဝိုင်းခံရစဉ် KNU နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ။
၁၉၅၈	ဦးနု၏ “ဒီမိုကရေစီအတွက် လက်နက်” လှုပ်ရှားမှု။
၁၉၅၈-၆၀	စစ်တပ်အစောင့်ရှောက်ခံ အိမ်စောင့်အစိုးရ။
၁၉၆၂	ဗိုလ်ချုပ်နေဝင်း၏ စစ်အာဏာသိမ်းမှု။
၁၉၆၃-၆၄	တစ်နိုင်ငံလုံးအတိုင်းအတာ ‘ငြိမ်းချမ်းရေးဖိတ်ခေါ်မှု’။
၁၉၇၆	ဖက်ဒရယ်ပြည်ထောင်စုလိုလားသည့် EAOs များပူးပေါင်း၍ NDF ကိုဖွဲ့စည်းခဲ့ကြသည်။
၁၉၈၀-၈၁	ဗကပနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်၍ KIO ကိုသီးသန့်ညှိနှိုင်းဆွေးနွေးခဲ့သည်။
၁၉၈၈	ဒီမိုကရေစီသပိတ်များက ‘မြန်မာ့နည်းမြန်မာ့ဟန်ဆိုရှယ်လစ်လမ်းစဉ်’ ကို နိဂုံးချုပ်သွားစေခဲ့သည်။ နဝတစစ်အစိုးရမှ အာဏာလွှဲပြောင်းရယူခဲ့သည်။
၁၉၈၉	ဗကပပြိုကွဲသွားပြီးနောက် ပထမဆုံးအကြိမ် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများနှင့် တစ်ဖွဲ့ချင်းအပစ်အခတ်ရပ်စဲရေး စတင်ညှိနှိုင်းဆွေးနွေးခဲ့သည်။
၁၉၉၀	ဆယ်စုနှစ်သုံးခုအတွင်း ပထမဦးဆုံးအကြိမ်ကျင်းပသည့် အထွေထွေညီလာခံ၌ NLD အနိုင်ရခဲ့သည်။ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များနှင့် NCGUB စတင်ဖွဲ့စည်းခဲ့သည်။
၁၉၉၂	စောမောင်ကို နဝတခေါင်းဆောင်အဖြစ် သန်းရွှေအစားထိုးခဲ့သည်။ NCUB ကို တိုင်းရင်းသား NDF နှင့် ဒီမိုကရေစီအင်အားစုများ ပူးတွဲတည်ထောင်ခဲ့သည်။
၁၉၉၃	ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲပြင်ဆင်မည့် အမျိုးသားညီလာခံကို စတင်ခေါ်ယူခဲ့သည်။
၁၉၉၄	NDF အဖွဲ့ဝင်အများအပြားအပါအဝင် အပစ်အခတ်ရပ်စဲရေးကို အရှိန်မြှင့်ဖော်ဆောင်ခဲ့ကြသည်။
၂၀၀၅	အပစ်အခတ်ရပ်စဲရေးဗီသုကာရှင် ဗိုလ်ချုပ်ခင်ညွှန့်ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး MIS ကိုဖျက်သိမ်းခဲ့သည်။ ဆေထင်၊ ခွန်ထွန်းဦးနှင့် အခြားရှမ်းခေါင်းဆောင်များ ဖမ်းဆီးထောင်ချခံခဲ့ရသည်။ အပစ်အခတ်ရပ်စဲထားသည့် PSLP တပ်ဖွဲ့ ဖျက်သိမ်းခံခဲ့ရသည်။
၂၀၀၈	ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတွက် ပြည်လုံးကျွတ်လူထုဆန္ဒခံယူပွဲကျင်းပခဲ့သည်။
၂၀၀၉	အပစ်ရပ်အဖွဲ့များကို နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖွဲ့စည်းကြရန် အမိန့်ထုတ်ခဲ့သည်။ ကိုးကန့်၌ တစ်ကျော့ပြန်စစ် ဖြစ်ပွားခဲ့ပြီးနောက် အခြားအပစ်ရပ်ထားသည့် EAOsများ နှင့် အပြန်အလှန်ဆက်ဆံရေး ပိုမိုတင်းမာလာခဲ့သည်။
၂၀၁၀	တပ်မတော်ကျောထောက်နောက်ခံဖြင့် အထွေထွေရွေးကောက်ပွဲ၌ USDP အနိုင်ရခဲ့သည်။

၂၀၁၁	အပစ်ရပ်နှင့် အပစ်ရပ်ထားခြင်းမရှိသေးသည့် EAOs များစုပေါင်း၍ UNFC ကိုဖွဲ့စည်းခဲ့ကြသည်။ သမ္မတသိန်းစိန်ဦးဆောင်သည့် စစ်သားတစ်ပိုင်း-ကြီးခိုင်ရေးအစိုးရ အာဏာရလာခဲ့သည်။ ကချင်နှင့် ရှမ်းမြောက်ဒေသ၌ တစ်ကျော့ပြန်စစ် စတင်လာခဲ့သည်။ တိုင်းရင်းသားအပစ်အခတ်ရပ်စဲရေး မူဝါဒသစ်ကို စတင်ချမှတ်ဖော်ဆောင်ခဲ့သည်။
၂၀၁၂	ခေတ်သစ်ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး စတင်လာခဲ့သည်။ ကြားဖြတ်ရွေးကောက်ပွဲဖြင့် လွှတ်တော်သို့ NLD ရောက်ရှိလာခဲ့သည်။
၂၀၁၃	KIO နှင့် ရန်လိုတိုက်ခိုက်မှု လျော့ချရေးသဘောတူညီချက်ရရှိခဲ့သည်။ NCA နှင့်ပတ်သက်၍ အစိုးရနှင့် ဦးဆောင်ညှိနှိုင်းသွားမည့် NCCT ကို စတင်ဖွဲ့စည်းခဲ့သည်။
၂၀၁၅	ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တရားဝင်ကတိကဝတ်။ EAOs ရှစ်ဖွဲ့မှ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ နိုဝင်ဘာအထွေထွေရွေးကောက်ပွဲ၌ NLD အနိုင်ရရှိခဲ့သည်
၂၀၁၆	ပထမအကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ။ NLD အစိုးရ အာဏာရလာခဲ့သည်။ ပထမအကြိမ်မြောက် ၂၁ ရာစု ပင်လုံညီလာခံ (ဒုတိယ UPC)။ ကချင်နှင့် ရှမ်းမြောက်တစ်လွှား တိုက်ပွဲများ ပိုမိုပြင်းထန်လာခဲ့သည်။ မြောက်ပိုင်းမဟာမိတ်အဖွဲ့ကို စတင်တည်ထောင်ခဲ့ကြသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ပထမဦးဆုံးအကြိမ် ARSA စတင်တိုက်ခိုက်ခဲ့သည်။
၂၀၁၇	မြောက်ပိုင်း EAOs များစုပေါင်း၍ FPNCC စုဖွဲ့တည်ထောင်ခဲ့သည်။ ဒုတိယအကြိမ်မြောက် ၂၁ ရာစု ပင်လုံညီလာခံ (တတိယ UPC)။ တပ်မတော်၏ နယ်မြေရှင်းလင်းရေးလုပ်ငန်းများကြောင့် ရိုဟင်ဂျာအစုလိုက်အပြုံလိုက် နေရင်းနိုင်ငံကို စွန့်ခွာတိမ်းရှောင်ခဲ့ကြရသည်။
၂၀၁၈	LDU နှင့် NMSP တို့ NCA လက်မှတ်ရေးထိုးခဲ့သည်။ တတိယအကြိမ်မြောက် ၂၁ ရာစု ပင်လုံညီလာခံ (စတုတ္ထ UPC)။ NCA '၁၀-အပေါင်း-၁၀ တွေ့ဆုံစည်းဝေးမှု'။ မြောက်ပိုင်းမဟာမိတ်အဖွဲ့ (၃) ဖွဲ့ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲကြောင်း စတင်ကြေညာခဲ့သည်။ တပ်မတော်သည် အနောက်ပိုင်းတိုင်းစစ်ဒေသမှလွဲ၍ တစ်နိုင်ငံလုံး တစ်ဖက်သတ်အပစ်အခတ်ရပ်စဲကြောင်း ပထမဦးဆုံးအကြိမ် ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၁၉	ရခိုင်ပြည်နယ်အတွင်း ULA/AA နှင့် တိုက်ပွဲများပိုမိုပြင်းထန်လာခဲ့သည်။ ညီနောင်များမဟာမိတ်အဖွဲ့ကို ဖွဲ့စည်းခဲ့သည် – ကချင်နှင့် ရှမ်းမြောက်ဒေသတစ်လွှား ထိတွေ့တိုက်ခိုက်မှုများ ဆက်ရှိနေခဲ့သည်။ ICC နှင့် ICJ တို့၏ လူမျိုးတုံးသတ်ဖြတ်မှုနှင့် လူသားဖြစ်တည်မှုဆန့်ကျင်သည့် ရာဇဝတ်မှုများအဖြစ် စုံစမ်းစစ်ဆေးမှု စတင်ပြုလုပ်လာခဲ့သည်။
၂၀၂၀	ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ စတင်ပျံ့နှံ့လာခဲ့သည်။ ကရင်နှင့် ရှမ်းပြည်နယ်တို့၌ စစ်တပ်၏ NCA ချိုးဖောက်မှုများကို ဆန့်ကျင်သပိတ်မှောက်ခဲ့ကြသည်။ စတုတ္ထအကြိမ်မြောက် ၂၁ ရာစုပင်လုံညီလာခံ (ပဉ္စမ UPC)။ နိုဝင်ဘာအထွေထွေရွေးကောက်ပွဲ၌ NLD အနိုင်ရခဲ့သည်။ တပ်မတော်က ‘ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီ’ သစ်ကို ဖွဲ့စည်းခဲ့သည်။ ULA/AA နှင့် အလွတ်သဘော နားလည်မှုဖြင့် အပစ်အခတ်ရပ်စဲခဲ့သည်။ တပ်မတော်နှင့် USDP တို့က ရွေးကောက်ပွဲရလဒ်များ မျှတမှုမရှိဟု စောဒကတက်ခဲ့ကြသည်။
၂၀၂၁	NLDက ‘ငြိမ်းချမ်းရေးယန္တရားသစ်’ ကို ထုတ်ပြန်ကြေညာခဲ့သည်။ အစိုးရသည် ငြိမ်းချမ်းရေးဆွေးနွေးရန် မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များကို စတင်ချဉ်း ကပ်ခဲ့သည်။ SAC အာဏာသိမ်းရန်ကြိုးပမ်းမှုနောက်ပိုင်း NLD ခေါင်းဆောင်များကို ဖမ်းဆီးထိန်းသိမ်း၍ ဒီမိုကရေစီသပိတ်စစ်ကြောင်းများကို ဖိဖိစီးစီးနှိပ်ကွက်လာခဲ့သည်။ CRPH၊ NUG နှင့် PDFs များကို ဖွဲ့စည်း၍ အတိုက်အခံနိုင်ငံရေးအင်အားစုများက ပြန်လည်ချိန်ခွင်လျှာညှိခဲ့ကြသည်။ CNF၊ KNPP၊ KNUနှင့် ABSDFတို့၏ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ပျက်ပြယ်သွားခဲ့သည်။ ချင်း၊ ကချင်၊ ကရင်၊ ကယားနှင့် ရှမ်းပြည်နယ်များ၌ တိုက်ပွဲများပိုမိုပြင်းထန်လာခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခသည် မကွေးနှင့် စစ်ကိုင်းတိုင်းတို့အပါအဝင် အခြားတိုင်းဒေသကြီးများ၏ မြို့နယ်အသီးသီးသို့ ကူးစက်ပျံ့နှံ့လာခဲ့သည်။ ကုလသမဂ္ဂအထွေထွေညီလာခံမှ NLD ရွေးချယ်ခန့်အပ်ထားသည့် သံအမတ်ကို ဆက်လက်လက်ခံအသိအမှတ်ပြုခဲ့သည်။

၂၀၂၂	တစ်ဖက်သတ်အပစ်အခတ် ဆက်လက်ရပ်စဲထားသော်လည်း SAC သည် NUG ကို ဖယ်ကြဉ် ချန်လှပ်ထားဆဲဖြစ်သည်။ တပ်မတော်ဖက်က ပျူစောထီးနှင့် ပြည်သူ့စစ်တပ်ဖွဲ့များကို အရှိန်မြှင့်တိုးချဲ့ဖွဲ့စည်းလာခဲ့သည်။ မင်းအောင်လှိုင်သည် လက်သင့်ရာရွေးဖိတ်ထားသည့် EAOs များနှင့် နှစ်ကြိမ်တွေ့ ဆုံဆွေးနွေးခဲ့သည်။ အောင်ဆန်းစုကြည်နှင့် ဒီမိုကရေစီဘက်တော်သားများ နှစ်ရှည်ထောင်ဒဏ် ချမှတ်ခံခဲ့ရသည်။ ULA/AA အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်သွားသော်လည်း နောက်ပိုင်းရခိုင်ပြည်နယ်၌ ပြန်လည်အသက်ဝင်လာခဲ့သည်။
၂၀၂၃	SAC ခေါင်းဆောင်များသည် အထွေထွေရွေးကောက်ပွဲအသစ် ခေါ်ယူကျင်းပနိုင်ရန် ကြိုးပမ်းအားထုတ်လာခဲ့သည်။ တပ်မတော်သည် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေးကို သက်တမ်းတိုးခဲ့သော်လည်း စစ်ရေးအရ ပစ်မှတ်ထားတိုက်ခိုက်မှုများကို အရှိန်မြှင့်ဖော်ဆောင်နေဆဲဖြစ်သည်။ နိုင်ငံအနှံ့ လက်နက်ကိုင်ပဋိပက္ခ၊ ဖိနှိပ်မှုနှင့် နိုင်ငံရေးအကွဲအပြဲများ ဆက်လက်တိုးပွားလာခဲ့သည်။

KNU ၎င်း၏ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းထားသည့်အတိုင်း ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့်ဟူ၍ နှစ်မျိုးခွဲထားသည့် အုပ်ချုပ်ရေးဖွဲ့စည်းပုံကို ကျင့်သုံးလျက်ရှိသည်။ (TNI)

၁။ အကောင်အထည်ဖော်ရေးနှင့် ညှိနှိုင်းဆွေးနွေးရေးကာလ စိန်ခေါ်မှုများ

အနှစ်ချုပ် – ဆယ်စုနှစ်တစ်ခုတိုင်လာခဲ့သည့် အသွင်ကူးပြောင်းရေးကာလ ပဋိပက္ခများ

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရခဲ့ချိန်မှစ၍ ဗမာ/မြန်မာနိုင်ငံ၏ ပဋိပက္ခအခင်းအကျင်း၌ ရှေ့နောက်ကြောင်းကျိုးညီညွတ်မှုမရှိသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အကြိမ်ကြိမ်ပေါ်ပေါက်လာခဲ့သည်။[၁] ယင်းတို့အနက် လူပြောသူပြောအများဆုံး ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲများမှာ ၁၉၄၉ ခုနှစ် ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် ညှိနှိုင်းဆွေးနွေးမှု၊ ၁၉၅၈ ခုနှစ် ဦးနု၏ ဒီမိုကရေစီအတွက် လက်နက်” လှုပ်ရှားမှု၊ ဦးနေဝင်း၏ ‘ဗမာ့နည်းဗမာ့ဟန်ဆိုရှယ်လစ်လမ်းစဉ်’၊ ၁၉၈၀-၈၁ ခုနှစ် ဗမာပြည်ကွန်မြူနစ်ပါတီ (CPB) အပါအဝင် ကချင်လွတ်လပ်ရေးအဖွဲ့အစည်း (KIO) နှင့် သီးခြားတွေ့ဆုံဆွေးနွေးမှုနှင့် ဗကပပြိုကွဲသွားပြီးနောက် ၁၉၈၉ ခုနှစ်၌ စစ်တပ်၏ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) အစပြုခဲ့သည့် ‘တိုင်းရင်းသားအပစ်အခတ်ရပ်စဲရေး’ လုပ်ငန်းစဉ်တို့ဖြစ်ကြသည်။[၂] ထိုကာလများသည် မြန်မာနိုင်ငံအတွက် ကမ္ဘာ့သမိုင်းတစ်လျှောက် အရှည်ကြာဆုံးဖြစ်လာမည့် လက်နက်ကိုင်ပဋိပက္ခဒဏ်ကို အလူးအလဲခံစားခဲ့ရသည့် အချိန်များဖြစ်သည်။

နဝတကို ဆက်ခံခဲ့သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) အာဏာစွန့်ခွဲပြီးနောက်အစိုးရဖြစ်လာခဲ့သည့် သမ္မတဦးသိန်းစိန်၏ အရပ်သားတစ်ပိုင်းစစ်အစိုးရသည် ၂၀၁၁ ခုနှစ်၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ်ကို အသစ်ပြန်လည်စတင်ခဲ့သည်။ အမှန်တကယ်တမ်း၌ အဆိုပါအစီအစဉ်သစ်သည် အမျိုးသားနိုင်ငံရေး ဇာတ်ခုံပေါ်၌ ကာကွယ်ရေးဌာန (တပ်မတော်သို့မဟုတ် စစ်တပ်) ၏ ဦးဆောင်အခန်းကဏ္ဍ ခြေကုပ်မြဲနေစေရန် ရည်ရွယ်ဖော်ဆောင်ခဲ့သည့် နဝတ-နအဖ အစိုးရတို့၏ အပစ်အခတ်ရပ်စဲရေး မူဝါဒများကို ဆက်လက်အသက်သွင်းသည့် လုပ်ရပ်တစ်ခုသာဖြစ်ခဲ့သည်။[၃] နောက်ပိုင်း ၂ နှစ်တာကာလအတွင်း ဦးသိန်းစိန်အစိုးရသည် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့်ဟူ၍ နှစ်မျိုးခွဲထားသည့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်အောက်၌ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (EAOs)[၄] ၁၄ ဖွဲ့နှင့်

နှစ်ဖက်အပစ်ရပ် သဘောတူစာချုပ်များ ချုပ်ဆိုခဲ့သည် သို့မဟုတ် အသစ်ပြန်လည်ချုပ်ဆိုခဲ့သည်။[၅] သို့သော်လည်း ပဋိပက္ခများ ချက်ခြင်းလိုလို ရပ်တန့်သွားခြင်း မျိုးမရှိခဲ့ပေ။ ဦးသိန်းစိန်၏ သမ္မတသက်တမ်းအတွင်း KIO နှင့် ချုပ်ဆို ထားခဲ့သည့် ၁၉၉၄ ခုနှစ် အပစ်အခတ်ရပ်စဲရေး သဘောတူ စာချုပ်ပျက်ပြယ်သွားခဲ့ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည် နယ်မြောက်ပိုင်း ဒေသများ၌ စစ်ရေးတင်းမာမှုများနှင့် တိုက် ပွဲများ တစ်ကျော့ပြန် ဖြစ်ပွားလာခဲ့သည်။

ရာစုနှစ် ထက်ဝက်ကျိုးခဲ့သည့် စစ်အုပ်ချုပ်ရေး အလွန် အမျိုးသားရေးအသွင်ကူးပြောင်းမှု စတင်ခဲ့သည့် အဆိုပါကာလသည် စိုးရိမ်မကင်းဖွယ် မသေချာမရေရာမှု များဖြင့် ပြည့်နှက်နေခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အပြိုင်အတိုက်အခံ အင်အားစုဖက်မှ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) သည်လည်း ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေး ကောက်ပွဲဖြင့် လွှတ်တော်အတွင်းသို့ ဝင်ရောက်လာခဲ့သဖြင့် မဲပုံးကိုဖြတ်၍ လူမှုရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု များကိုဆောင်ကျဉ်းပေးမည့်ခေတ်သစ်တစ်ခုရောက်ရှိလာ တော့မည်ဟု မျှော်လင့်ချက်ကြီးခဲ့ကြသည်။ မည်သို့ဆိုစေကာ မူငြိမ်းချမ်းရေး တိုးတက်ဖြစ်ထွန်းမှုရရှိရန် ထင်သလောက် မလွယ်ကူကြောင်း တဖြည်းဖြည်းထင်ရှားလာခဲ့သည်။ ဒုတိယ အကြိမ်မြောက် အထွေထွေရွေးကောက်ပွဲ မစတင်မီကပ်၍ ကျင်းပခဲ့သည့် တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက် ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေး ထိုးပွဲ၌ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း ၂၁ ဖွဲ့ အနက် ၈ ဖွဲ့သာ သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းက တည်ငြိမ်မှုမရှိသေးသည့် အခြေအနေ၌ပင် ရှိနေဆဲဖြစ် ကြောင်း မီးမောင်းထိုးပြခဲ့သည်။ နိုင်ငံ၏အရှေ့မြောက် ဒေသအခြေစိုက် အင်အားကြီးအဖွဲ့အစည်းများ အပါအဝင် EAOs အများစု လက်မှတ်ရေးထိုးခဲ့ခြင်းမရှိပေ။ ဤအချက် ကမကြာမီ ကြုံတွေ့ကြရတော့မည့် အကျပ်အတည်းကြီး များ၏ ရှေ့တော်ပြေးနိမိတ်တစ်ခု ဖြစ်နေခဲ့သည် ('တိုင်း ရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ' ဟူသည့် စာကွက်ကိုကြည့်ပါ)။[၆]

NLD ရွေးကောက်ပွဲ အနိုင်ရခဲ့ပြီးနောက် ကျယ် ကျယ်ပြန့်ပြန့်အောင်ပွဲခံခဲ့ကြသည့်အပျော်များအကြား၌ စိုးရိမ်ဖွယ်ရာကိစ္စရပ်များကို မေ့မေ့လျော့လျော့ ဖြစ်နေခဲ့ ကြသည်။ NLD သည်လည်း ၎င်းတို့၏ 'ပြောင်းလဲချိန် တန်ပြီ'ဟူသည့် ရွေးကောက်ပွဲကြေညာချက်နှင့်အတူတိုင်း ရင်းသားငြိမ်းချမ်းရေးကို ဦးစားပေးကိစ္စရပ်အဖြစ် သတ် မှတ်ခဲ့သည်။ နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည် သည် ဤရည်မှန်းချက် အရှိန်မပျက်စေရန် အာဏာလက် လွှဲယူပြီးနောက် '၂၁ ရာစုပင်လုံညီလာခံ' အသစ်တစ်ခုကို ခေါ်ယူကျင်းပသွားမည်ဟု ထုတ်ပြန်ကြေညာခဲ့ပုံရသည်။ ကွယ်လွန်သွားခဲ့ပြီဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်၏ ဖခင်သည် ပြည်ထောင်စုသစ်ကို တန်းတူညီမျှရေး၊ စည်း လုံးညီညွတ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရရှိရေး ဟူသည့် အခြေခံမူများဖြင့် ဖွဲ့စည်းတည်ထောင်သွားကြရန် ကချင်၊ ချင်းနှင့် ရှမ်းအမျိုးသားခေါင်းဆောင်များနှင့် ပင်လုံ မြို့၌ ကတိကဝတ်ပြုခဲ့ခြင်းဖြစ်သည်။ အမျိုးသားနိုင်ငံရေး ဇာတ်ခုံပေါ်၌ 'ပင်လုံ' ဟူသည့်စကားလုံးထက်ပို၍ အထင် ကရရှိသည့် အမည်မျိုးနောက်ထပ် မရှိနိုင်တော့ပေ။

ထို့နောက် ၁၉၄၈ ခုနှစ် နိုင်ငံလွတ်လပ်ရေးရခဲ့ပြီး နောက်ပိုင်း ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေးကို ဆွေး နွေးအဖြေရှာရန် လွှမ်းခြုံပါဝင်မှုအကျယ်ပြန့်ဆုံးနှင့်အကြီး ကျယ်ဆုံးသော ညီလာခံတစ်ရပ်ဖြစ်သည့် ပထမအကြိမ် မြောက် '၂၁ ရာစုပင်လုံ' အစည်းအဝေးကြီးကို ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း နိုင်ငံ၏မြို့တော်ဖြစ်သည့် နေပြည်တော် ၌စတင်ကျင်းပခဲ့ပြီးနောက်ပိုင်း အကောင်းမြင်သည့် သဘော ထားများမကြုံစဖူး မြင့်တက်လာခဲ့ပြန်သည်။ ၎င်း၏ အဖွင့် အမှာစကား ပြောကြားမှုအတွင်း ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက 'လျှောက်ရမယ့်ခရီးရှည် ဦးမယ်ဆိုပေမယ့် ဦးတည်နေတဲ့ လမ်းကြောင်းကတော့ အရမ်းကို အလားအလာကောင်းနေပြီ' ဟု အားပေးစကား ပြောဆိုသွားခဲ့သည်။[၇] မကြုံစဖူးထူးကဲလှသည့် အရွေ့တစ်ခု အဖြစ် အင်အားစုပေါင်းစုံမှ တက်ရောက်စကားပြောခဲ့သူများ အားလုံးက ဘုံရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် 'ဖက်ဒရယ် ပြည်ထောင်စုစနစ်' ကို လက်ခံကြဆိုသည်ဟု တစ်သံ တည်းထွက်ဆိုခဲ့ကြသည်။ ဆယ်စုနှစ်ပေါင်းများစွာ ကြာ မြင့်လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခနှင့် ပြုပြင်ပြောင်းလဲ ရေးအကျပ်အတည်းများကို ကျော်လွှန်အပြီး မြန်မာနိုင်ငံ သည်သမိုင်းတွင်မည့် အပြောင်းအလဲကြီး၏ လက်တစ်ကမ်း အကွာသို့ ရောက်ရှိလာခဲ့ပြီဟု သုံးသပ်ယူဆခဲ့ကြသည်။

အထွဋ်အထိပ်သို့ရောက်ရှိပြီးကာမှ လက်နက်ကိုင် ပဋိပက္ခများ တစ်ကျော့ပြန် ဖြစ်ပွားလာခဲ့ပြန်သည်။ နောက် ပိုင်းလများအတွင်း နိုင်ငံအနောက်ပိုင်းနှင့် အရှေ့မြောက် ပိုင်းဒေသများ၌ ပြန်လည်ပြင်းထန်လာခဲ့သည့် တိုက်ပွဲများ နှင့် အတူ အကျပ်အတည်းသစ်များ ဆက်တိုက်ပေါ်ထွက် လာခဲ့သည်။ ၂၁ ရာစု ပင်လုံညီလာခံအပြီး ကိုးကန့်၊ ရှမ်းနှင့်

တအောင်းအင်အားစုများအကြား လက်နက်ကိုင်တော်လှန်ရေး ပြန်လည်ဦးမော့လာခဲ့ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတစ်လွှား KIO အပေါ် တပ်မတော်ဖက်မှ ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြန်လည်ပြုလုပ်လာခဲ့ခြင်းကြောင့် လက်နက်ကိုင်ပဋိပက္ခ တစ်ကျော့ပြန် ပြင်းထန်လာခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း လက်မှတ်ရေးထိုးပွဲအပြီး ('EAO အချို့ကို ဖယ်ကြဉ်ချန်လှပ်ခဲ့သည့် ပဋိပက္ခအကျိုးဆက်များ' ကိုကြည့်ပါ) နောက်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ NCA သဘောတူလက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် EAOs များ အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိစေရန် တပ်မတော်ဖက်က ဖယ်ကြဉ်ချန်လှပ်မှုများပြုလုပ်လာခဲ့သည်။

အလားတူပင် ထိုကာလပတ်ဝန်းကျင်၌ ရခိုင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခနှင့် နေရပ်စွန့်ခွာစေခံ ဘေးတိမ်းရှောင်ရမှုများ အကြီးအကျယ်ဖြစ်ပွားလာခဲ့သည်။ ၂၀၁၆ နှစ်ကုန်ပိုင်း၌ ရခိုင်ရိုဟင်ဂျာကယ်တင်ရေးတပ်မတော် (ARSA) စတင်ခဲ့သည့် အကြမ်းဖက်မှု၏ အကျိုးဆက်အနေဖြင့် တပ်မတော်သည် အရပ်သားရိုဟင်ဂျာလူထုများကို ဦးတည်ပစ်မှတ်ထား၍ လုံခြုံရေးအရ ဝင်ရောက်စီးနင်းရှာဖွေမှုများ ပြုလုပ်လာခဲ့သည်။ ARSA ၏ တိုက်ခိုက်မှုများ ဆက်တိုက်ဆိုသလို ပေါ်ပေါက်လာခဲ့ပြီး တစ်နှစ်အကြာ၌ အဆိုပါစီးနင်း ရှာဖွေရေးလုပ်ငန်းများသည် 'နယ်မြေရှင်းလင်းသည့်' စစ်ဆင်ရေးလုပ်ငန်းများအဖြစ် အသွင်ကူးပြောင်းသွားတော့သည်။ အရပ်သားများအပေါ် မတရားသတ်ဖြတ်မှုများနှင့် အခြားဆိုးဝါးရက်စက်လှသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွားလျက်ရှိသည်ဟူသည့် သတင်းများကျယ်ကျယ်ပြန့်ပြန့် ပေါ်ထွက်လာပြီးနောက်ပိုင်း လူဦးရေပေါင်း ၇၂၅၀၀၀ ကျော်သည့် စစ်ဘေးဒုက္ခသည်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခိုလှုံသွားခဲ့သည် ('ရခိုင်ပြည်နယ်၏ တစ်ကျော့ပြန်ပဋိပက္ခ' စာကွက်ကိုကြည့်ပါ)။

အဆိုပါစစ်ဆင်ရေး လုပ်ငန်းများသည် မည်သည့်နည်းနှင့်မျှ အကြမ်းဖက်မှုကို အဆုံးသတ်နိုင်သည့် အလားအလာမရှိခဲ့ပေ။ နိုင်ငံတကာ၏ ဝေဖန်ကန့်ကွက်မှုများပြင်းထန်လာသည်နှင့်အမျှ ရခိုင်ပြည်နယ်သည်လည်း ယခုတစ်ကြိမ်၌ ရခိုင်တိုင်းရင်းသား အများစုနေထိုင်ရာ နယ်မြေဒေသများအထိ ကူးစက်လာနိုင်ခြေရှိသည့် အတွင်းကျိတ်ပဋိပက္ခမီး ပေါက်ကွဲလောင်မြိုက် ခံရမည့်အရေးနှင့် လက်တစ်ကမ်းအကွာသို့ ရောက်ရှိလာခဲ့သည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်းထုတ် ပြန်ခဲ့သည့် တပ်မတော်၏ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေး ကြေညာချက်၌ ရခိုင်ပြည်နယ်ကို ချန်လှပ်ထားခဲ့ခြင်းက ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/အာရက္ခတပ်တော်ကို မီးကုန်ယမ်းကုန် ထိုးစစ်ဆင်တိုက်ခိုက်တော့မည့် ရှေ့ပြေးနိမိတ်ဖြစ်လာခဲ့သည်။ ထိုအချိန်မှစ၍ ရခိုင်ပြည်နယ်သည် ၂ နှစ်တာမျှ နေ့စဉ်ရက်ဆက် ထိခိုက်သေဆုံးမှုများနှင့် အရပ်သားများ၏ အိုးအိမ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်ရမှုများဖြင့် အာရုဒေသ၏ စိုးရိမ်ဖွယ်ရာ အကောင်းဆုံး လက်နက်ကိုင်ပဋိပက္ခနယ်မြေတစ်ခု ဖြစ်လာခဲ့တော့သည်။[၅]

ဤကဲ့သို့သော နောက်ခံအခြေအနေမျိုး၌ ဖော်ဆောင်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည်လည်း ဆိုးဆိုးရွားရွား တုံ့နှေးတစ်ဆို့သွားခဲ့သည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၌ နောက်ထပ် EAOs နှစ်ဖွဲ့ဖြစ်သည့် လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) နှင့် မွန်ပြည်သစ်ပါတီ (NMSP) တို့ NCA ကိုထပ်မံလက်မှတ်ရေးထိုး ခဲ့ကြပြီး ၂၁ ရာစုပင်လုံအစည်းအဝေးကိုလည်း ၂၀၁၇ခုနှစ်မေလ၊ ၂၀၁၈ ခုနှစ် ဇူလိုင်လနှင့် ၂၀၂၀ ခုနှစ် သြဂုတ်လအထိ သုံးကြိမ်

တပ်မတော်သံတန်းဆာတို့ဖြင့် ဦးဆောင်သော ကချင်ပြည်နယ်ရှိ ဒေသခံများ၏ ကုန်းတောင်ယာခြေရှိ ကျေးရွာများကို ဖျက်ဆီးခဲ့ကြောင်း ကချင်လူမှုရေးအဖွဲ့ (TNI) ၏ ဓာတ်ပုံများတွင် ပေါ်လွင်စွာ တွေ့ရသည်။

တိုင်တိုင် ခေါ်ယူကျင်းပသွားခဲ့သည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များသည် နိုင်ငံ၏အချို့သော နယ်မြေဒေသများ၌ အထူးသဖြင့် ထိုင်းနယ်စပ် NCA အဖွဲ့ဝင်များ အခြေစိုက်ရာ အရပ်ဒေသများ၌ ယေဘုယျအားဖြင့် ဆက်လက်တည်တံ့နေခဲ့သည်ဟု ဆိုနိုင်ပါသည်။ သဘောတူစာချုပ် အဖွဲ့ဝင်များက တစ်နိုင်ငံလုံးအတိုင်းအတာ ငြိမ်းချမ်းရေးအတွက် လိုအပ်လျက်ရှိသည့် အခြေခံအုတ်မြစ်ကို NCA မှတစ်ဆင့် ပန္နက်ချနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်နေကြဆဲဖြစ်သည်။ တစ်ချိန်တည်းလိုလို၌ မိမိတို့၏ နိုင်ငံရေးတောင်းဆိုမှုများကို တင်ပြဆွေးနွေးသွားရန် နိုင်ငံမြောက်ပိုင်းဒေသများရှိ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့် EAOs များစုဖွဲ့ထားကြသည့် မဟာမိတ်အဖွဲ့သစ်တစ်ခုဖြစ်သော ဖက်ဒရယ်နိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှုအတိုင်ပင်ခံကော်မတီ (FPNCC)နှင့် ကြိုကြားကြိုကြား တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည် ('မြောက်ပိုင်း EAO များနှင့် အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှုများ' ကိုကြည့်ပါ)။

အချိန်နှောင်းခါမှ ဤကျရှုံးမှုကို ပြန်လည်အဖတ်ဆယ်ရန် ညှိနှိုင်းဆွေးနွေးပွဲများ၌ ပါဝင်ခဲ့ကြသည့် အဖွဲ့ဝင်များအားလုံးဟု မဆိုလိုသော်လည်း အများအပြားအကြား မျှော်လင့်ချက်ကြီးစွာဖြင့် ရင်းနှီးမြှုပ်နှံခဲ့ကြသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တစ်ရပ်က အဘယ်ကြောင့် ကတိထားသည့်အတိုင်း တစ်နိုင်ငံလုံးအတိုင်းအတာ ပဋိပက္ခဖျန်ဖြေရေးကို အကောင်အထည်မဖော်နိုင်ခဲ့သနည်းဟု စတင်သုံးသပ်အဖြေရှာရန် ပြန်လည်ကြိုးပမ်းလာခဲ့သည်။ သုံးသပ်တွေ့ရှိချက်များ အမျိုးမျိုးထွက်ပေါ်လာခဲ့သည်။ သို့သော်လည်း ယေဘုယျအားဖြင့် ပြုလုပ်ပြောင်းလဲရေးဆိုင်ရာ ဖွဲ့စည်း တည်ဆောက်ပုံနှင့် အကောင်အထည်ဖော်မှု၏ တိုးတက်ဖြစ်ထွန်းမှုနှင့် နောက်ဆက်တွဲ အကျိုးရလဒ်များ နှောင့်နှေးကြန့်ကြာနေစေရန် အဓိကဆီးတားထားသည့် လွှမ်းခြုံပြဿနာကြီးလေးရပ်သည် အောက်ခြေမြေပြင်၌ အပြန်အလှန် ဆက်နွယ်ပတ်သက်နေကြသည်။ ဤပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းမှုမပြုမခြင်း လူထုတစ်ရပ်လုံးကို အနှစ်သာရရှိရှိ အလုပ်အကျွေးပြုမည့် ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ပေါ်ပေါက်လာနိုင်လိမ့် မည်မဟုတ်ပေ။

ပထမအချက်အနေဖြင့် အစိုးရဦးစီး ကမကထပြုသည့်ငြိမ်းချမ်းရေး အစီအစဉ်များ၌ ရှင်းလင်းပြတ်သားမှုနှင့်အားလုံးလွှမ်းခြုံပါဝင်မှုဆက်လက်ကင်းမဲ့နေဆဲဖြစ်သည်။ NLD ခေါင်းဆောင်များဖြစ်စေ တပ်မတော်တည်ထောင်

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့ NCA လက်မှတ်ရေးထိုးပွဲ၊ နေပြည်တော် (AFP)

ခဲ့သည့် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) ခေါင်းဆောင်များဖြစ်စေ ဤအတိတ်၏ဆိုးမွေများကို ကိုင်တွယ်ဖြေရှင်းမှုပြုရန် အစဉ်အဆက်ပျက်ကွက်ခဲ့ကြသည်။ အစိုးရနှစ်ရပ်စလုံးက 'ငြိမ်းချမ်းရေးလုပ်ငန်းစဉ်' ဟူသည့် စကားရပ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ကြသည်။ သို့သော်လည်း မတူကွဲပြားသည့် ဇာတ်ကောင်အလိုက် အဆိုပါ စကားရပ်၏အနက်အဓိပ္ပာယ်အမျိုးမျိုး ကွဲလွဲနေနိုင်ပါသည်။ EAOs ရှစ်ဖွဲ့ပါဝင်ခဲ့သည့် ၂၀၁၅ ခုနှစ် NCA သဘော တူလက်မှတ်ရေးထိုးပွဲ၌ အဆိုပါသဘောတူစာချုပ်ကို လိုလားထောက်ခံသူများက အခြား EAOs များသည်လည်း အလျင်အမြန်လိုက်ပါလာလိမ့်မည် သို့မဟုတ် လိုက်ပါလာနိုင်သည်ဟု စည်းရုံးအရေးဆိုခဲ့ကြသည်။ နောက်ပိုင်းဆက်လက်ကျင်းပခဲ့သည့် ၂၁ ရာစု ပင်လုံညီလာခံသည်လည်း လက်နက်ကိုင် ပဋိပက္ခအတွင်း ပါဝင်ပတ်သက်လျက်ရှိသည့်အင်အားစုပေါင်းစုံ ပါဝင်လာနိုင်မည့် အခင်းအကျင်းတစ်ခုကို ဖော်ဆောင်ပေးနိုင်ခဲ့သည်ဟု သုံးသပ်ယူဆရသည်။ မည်သို့ဆိုစေ အကောင်းမြင်လွန်းခဲ့သည့် ဤအရွေ့သည် ပဋိပက္ခအခင်းအကျင်း၏ အကွဲအပြဲများကို မည်သည့်အခါကမှ ပေါင်းကူးတံတား ထိုးပေးနိုင်ခြင်းမရှိခဲ့ပေ။

အနှစ်သာရအားဖြင့် NCA လက်မှတ်ရေးထိုးခဲ့ကြသည့် EAOs များကို ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးပွဲများ၌ တင်းပြည့်ကျပ်ပြည့် ပါဝင်ဆောင်ရွက်ခွင့်ပြုခဲ့သည်။ နိုင်ငံအတွင်း အင်အားအကြီးဆုံးနှင့် စနစ်တကျအရှိဆုံး EAOs များအပါအဝင် ကျန်လက်မှတ်ရေးထိုးထားခြင်း မရှိသည့် အဖွဲ့အစည်းများအားလုံးကို ပြောင်ပြောင်တင်းတင်းပင် ဘေးဖယ်ချန်လှပ်ထားခဲ့သည်။ တပ်မတော်ဖက်က NCA အတွင်းအရေးပါသည့် EAOs အများအပြားကို ပါဝင်ခွင့်ပြုရန်ငြင်းဆန်ခဲ့ရုံမျှမက EAOs များအကြား ပေါင်းစည်းဆောင်ရွက်မှုနှင့် စည်းလုံးညီညွတ်မှုကိုပါ ချိန့်အားနည်းသွားစေခဲ့သည်။ နောက်ပိုင်းနှစ်များအတွင်း NCA အဖွဲ့ဝင်နှင့် အဖွဲ့ဝင်မဟုတ်သည့် အင်အားစုများအကြား အကွဲအပြဲပို၍ ကြီးမားလာခဲ့သည်။ထိုကာလများ၏နိုင်ငံရေးပြုပြင်ပြောင်းလဲရေးတွေ့ဆုံဆွေးနွေးမှုများသည် 'အပစ်အခတ်ရပ်စဲရေး' လမ်းကြောင်းနှင့် 'လွတ်တော်အခြေပြု' လမ်းကြောင်းဟူ၍ နှစ်ပိုင်းကွဲနေခဲ့ပြီး ထိုကဲ့သို့ကွဲပြားလျက်ရှိသည့် လုပ်ငန်းစဉ်နှစ်ရပ်ကို လမ်းကြောင်းတစ်ခုတည်းအဖြစ် မည်သည့်အချိန် မည်ကဲ့သို့ပြန်လည်ပေါင်းစည်းမည်ဖြစ်ကြောင်းကြိုတင်ဆွေးနွေးညှိနှိုင်းထားခြင်း မရှိခဲ့ပေ။ ဤအကွဲအပြဲများအားလုံးသည် ခေတ်အဆက်ဆက် ပြေလည် ခဲ့ဖူးခြင်းမရှိသည့်နိုင်ငံရေးပြဿနာများကို အနှစ်သာရရှိရှိ ကိုင်တွယ်ဖြေရှင်းသွားမည့် ကြိုးပမ်းမှုမှန်သမျှကို တစ်ဆို့လမ်းဆုံးသွားစေခဲ့သည် ('မအောင်မြင်ခဲ့သည့် ငြိမ်းချမ်းရေးနှင့် ရှေ့နောက်ညီညွတ်မှု မရှိသည့် လုပ်ငန်းစဉ်' ကိုကြည့်ပါ)။

နောက်ပိုင်းအကျိုးဆက်များ ပြတ်ပြတ်ထင်ထင်ရုပ်လုံးပေါ်လာခဲ့တော့သည်။ ၂၀၂၀ ခုနှစ် အောက်တိုဘာလ NCA လက်မှတ်ရေးထိုးခြင်း ငါးနှစ်ပြည့်အခမ်းအနားတိုင်ခဲ့သော်လည်း မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖွဲ့စည်းတည်ဆောက်မှုပုံစံများသည် ခေတ်သစ်ကမ္ဘာ၌ အရှုပ်ထွေးဆုံးဖြစ်နေဆဲပင်ဖြစ်သည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှီ တစ်ရက်အလိုထိ အပစ်အခတ်ရပ်စဲရေးအင်အားစုများအကြား NCA အဖွဲ့ဝင်နှင့် အဖွဲ့ဝင်မဟုတ်ကြသူများ၊ အပစ်ရပ်ထားခြင်းမရှိသည့် EAOs များအကြား 'ပါဝင်ခွင့်ရရှိသူများ' နှင့် 'ပါဝင်ခွင့်မရရှိကြသူများ'၊ တပ်မတော်၏ အာဏာစက်အောက်ရှိ တိုင်းရင်းသားပြည်သူ့စစ်တပ်ဖွဲ့များနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ၊ NCA အပစ်အခတ်ရပ်စဲရေးသဘောတူ လက်မှတ်ရေးထိုးထားကြသူများနှင့် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် တစ်ဖက်သတ်အပစ်ရပ်ထားကြသူများနှင့်နှစ်ဖက်အပစ်ရပ်ရန် သဘောတူထားကြသူများ (EAOs နှင့် တပ်မတော် နှစ်ဖက်စလုံး) ဟူ၍ ကွဲချင်တိုင်းကွဲနေခဲ့ကြသည်။ မည်သို့ဆိုစေ တပ်မတော်သည် အဆိုပါအကျိုးပတ်သက်ပါဝင်လျက်ရှိသည့် အင်အားစုပေါင်းစုံနှင့် အပြန်အလှန် ထိတွေ့ဆက်ဆံလျက်ရှိသည့် တစ်ခုတည်းသော ဘုံအဖွဲ့အစည်းတစ်ရပ်အဖြစ် ဆက်ရှိနေခဲ့သည် ('တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ' စာကွက်ကို ကြည့်ပါ)။

အားလုံးလွှမ်းခြုံပါဝင်မှုနှင့် ညီညွတ်သဟဇာတရှိမှုကင်းမဲ့နေခြင်းတို့ကလည်း လက်နက်ကိုင်ပဋိပက္ခကို အဆုံးသတ်နိုင်ခြင်း မရှိခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုကျရှုံးသွားစေခဲ့သည့် ဒုတိယမြောက်အားနည်းချက်၏ အဓိကကျသည့် အင်္ဂါရပ်များဖြစ်နေခဲ့သည်။ အမည်နာမမှလွဲ၍ တိုက်ပွဲများကို အဆုံးမသတ်နိုင်ခဲ့သလို အားလုံးလွှမ်းခြုံပါဝင်မှုရှိသည့် သဘောတူစာချုပ်လည်း မဟုတ်ခဲ့သည့် NCA သည် မည်သည့်အခါကမှ တစ်နိုင်ငံလုံးအတိုင်းအတာလွှမ်းခြုံနိုင်ခြင်း မရှိခဲ့ပေ။ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးနောက်ပိုင်းနှစ်များ၏ကာလအပိုင်းအခြားအလိုက်ချင်း၊ ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်ကဲ့သို့သော နယ်မြေဒေသအများအပြား၌ ကုန်လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း မကြုံဖူးခဲ့သည့် အပြင်းထန်ဆုံး လက်နက်ကိုင်တိုက်ပွဲများ၊

ပြည်တွင်းနေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ရမှုများနှင့် သေကျေပျက်စီးမှုများကို နဖူးတွေ့ဒူးတွေ့ ထိခိုက်ခံစားခဲ့ကြရသည်။

တိုင်းရင်းသားပြည်သူများ၏နာကျည်းနစ်နာချက်များတဖြည်းဖြည်း ကြီးထွားလာခဲ့သော်လည်း ၎င်းတို့၏ ပူဆွေးသောကများ သက်သာရာရစေရန် တစ်ကြိမ်တစ်ခါမျှကူညီဖြေရှင်းပေးခြင်း မရှိခဲ့ပေ။ ပဋိပက္ခဒဏ်သင့်နယ်မြေဒေသများ အားလုံးလိုလိုသည် နဝတ-နအဖ အစိုးရအဆက်ဆက် 'စံပြ' အပစ်အခတ်ရပ်စဲရေး နယ်မြေဒေသများအဖြစ် ဦးစားပေးခဲ့သည့် သယံဇာတအရင်းအမြစ်ပေါကြွယ်ဝ၍ ပထဝီနိုင်ငံရေးအရ အရေးပါသည့် ဗမာမဟုတ်သော တိုင်းရင်းသားနယ်မြေဒေသများသာ ဖြစ်နေခဲ့သည်။[၉] ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် အကြီးအကျယ် အယုံအကြည်တန်သွားစေလွှဲရှိသည့် ဤကဲ့သို့သော အစိုးရအပြောင်းအလဲနှင့် ဆက်ခံသည့်အစိုးရအလိုက် သေနင်္ဂဗျူဟာပြောင်းလဲမှုများ ပပျောက်သွားစေရန် NCA အတွင်း လောက်လောက်လားလား ကြိုးပမ်းအားထုတ်မှုမရှိခဲ့ပေ။ တိုင်းရင်းသားမဟုတ်သည့် ကျန်နယ်မြေဒေသများ အေးချမ်းနေသလောက် စစ်ပွဲဇုန်များအဖြစ် တပ်မတော်၏ တပ်ရင်းမှူးများသတ်မှတ်ထားသည့်နယ်မြေဒေသများနှင့်ပတ်သက်သည့် အစိုးရ၏ မူဝါဒများ အခြေခံကျကျ အပြောင်းအလဲပြုလုပ်ရန် လိုအပ်သည်ဟူသည့် အမြင်သဘောထားမျိုးအားနည်းနေခဲ့သဖြင့် နည်းဗျူဟာကျကျ စစ်အင်အားဖြည့်တင်းမှုများသာ ပိုမိုတိုးပွားလာခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနအတွက် နိုင်ငံရေးပြဿနာများကို စစ်ရေးဖိနှိပ်မှုဖြင့် ဖြေရှင်းရမည်ဟူသည့် အယူအဆသည် အမြဲတမ်းလိုလိုဆွေးနွေးပွဲခေါင်းစဉ်တစ်ရပ်ဖြစ်နေခဲ့သည် ('ယုံကြည်မှုတည်ဆောက်ရေးနှင့် ယုံကြည်မှုအလွဲသုံးစားမှု – ဖယ်ကြဉ်ချန်လှပ်ထားသည့် နိုင်ငံရေးကစားကွက်များ' ကိုကြည့်ပါ)။

အဆုံးသတ်ရလဒ်မှာ ပဋိပက္ခဝိရောဓိသာဖြစ်နေတော့သည်။ ငြိမ်းချမ်းရေးတည်ဆောက်မည်ဟု ကြွေးကြော်ခဲ့သည့် ကာလအတွင်း နိုင်ငံ၏ နယ်မြေဒေသအများအပြား၌လူသားချင်း စာနာထောက်ထားရေး အရေးပေါ်အကူအညီလိုအပ်ချက်များ ပို၍သာ တိုးပွားလာခဲ့သည်။ ၂၀၂၀ နှစ်ကုန်၌ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများ၌ ပြည်တွင်းနေရပ်စွန့်ခွာစစ်ဘေး တိမ်းရှောင်ရသူဦးရေ (IDPs) ၁၁၀၀၀၀ ကျော်ရှိလာခဲ့ပြီး ရခိုင်နှင့် ချင်းပြည်နယ်၌ IDPs ဦးရေ ၃၂၀၀၀၀ ကျော်အထိရှိနေခဲ့သလို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ခိုလှုံသွားခဲ့သည့် စစ်ဘေးဒုက္ခသည်ဦးရေပေါင်း တစ်သန်းကျော်သွားခဲ့သည်။[၁၀] တစ်ချိန်တည်းလိုလို၌ ထိုင်းနယ်စပ်တစ်လျှောက်နှင့် အပစ်အခတ်ရပ်စဲထားသည့် နယ်မြေဒေသများ၌ (NCA အဖွဲ့ဝင်နှင့် အဖွဲ့ဝင်မဟုတ်သည့် အဖွဲ့အစည်းများ ထိန်းချုပ်ရာဒေသနှစ်ခုစလုံး၌) နှစ်ရှည်လများနေထိုင်ခဲ့ကြရသည့် ကရင်၊ ကရင်နီ၊ မွန်နှင့် ရှမ်း IDPs နှင့် စစ်ဘေးဒုက္ခသည်များ ပြန်လည်နေရာချ ထားရေးနှင့် ပတ်သက်၍လည်း စစ်မှန်သည့် တိုးတက်ဖြစ်ထွန်းမှုများ ဆိတ်သုဉ်းနေခဲ့သည်။ အပစ်အခတ်ရပ်စဲခဲ့ပြီး ရှစ်နှစ်အကြာ စစ်တပ်အာဏာစက်ဆက်လက်တည်မြဲနေဆဲဤအခြေအနေ၌မိသားစုပေါင်းများစွာသည် 'စစ်ပွဲမက ငြိမ်းချမ်းရေးမကျသည့်' အနေအထားမျိုးဖြင့် ဆက်လက်နှစ်ပါးသွား ကနေကြရပြီဖြစ်သည် ('အရပ်သားထိခိုက် သေဆုံးမှုများ' ကိုကြည့်ပါ)။[၁၁]

နိုင်ငံတကာ စင်မြင့်ထက်၌လည်း အလားတူဝိရောဓိမျိုး အသက်ဝင်လာခဲ့သည်။ ကြံ့ခိုင်ရေးနှင့် ဒီချုပ်အစိုးရလက်ထက်အတွင်း မြန်မာနိုင်ငံ၌ ရုပ်လုံးပေါ်လာခဲ့သည့် နိုင်ငံတကာငြိမ်းချမ်းရေးအရွေ့သည် မြေပြင်ပဋိပက္ခရေခဲမြေခံ အခင်းအကျင်းကို ရောင်ပြန်ဟပ်နေခဲ့သည်။ အနောက်အစိုးရများသည် ယေဘုယျအားဖြင့် NCA ကို လိုလား ထောက်ခံကြသလို လူမျိုးတုံးသတ်ဖြတ်သည်ဟူသည့်စွပ်စွဲချက်ဖြင့် နိုင်ငံတကာတရားရုံး၌ မြန်မာနိုင်ငံကို တရားစွဲဆိုနိုင်စေမည့် လူသားချင်းစာနာထောက်ထားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကိုလည်း ဝိုင်းဝန်းထောက်ပံ့ပေးခဲ့ကြသည်။ ဆန့်ကျင်ဖက်အနေဖြင့် အာဆီယံအိမ်နီးချင်းနိုင်ငံများက စီးပွားရေးအရထိတွေ့ဆောင်ရွက်ခြင်းသည်သာလျှင် တစ်နိုင်ငံလုံးအတိုင်းအတာငြိမ်းချမ်းရေးကို ဆောင်ကျဉ်းပေးနိုင်သည့် အထိရောက်ဆုံးလမ်းကြောင်းဖြစ်သည်ဟု ရောင်းတန်းတင်လာခဲ့သည်။ အထူးသဖြင့် တရုတ်အစိုးရသည် တွေ့ဆုံညှိနှိုင်းမှုများကို စောင့်ကြည့်လေ့လာ၍ ပဋိပက္ခအင်အားစုများအတူတကွ ဆွေးနွေးအဖြေရှာနိုင်စေမည့် အစည်းအဝေးများဖြစ်ပေါ်လာစေရန် ကြားဝင်ဆောင်ရွက်ခဲ့သည့် နိုင်ငံတကာဇာတ်ကောင်တစ်ဦး ဖြစ်လာခဲ့သည်။ မည်သို့ဆိုစေကာမူ အမြဲလိုလို တိုးပွားလာလျက်ရှိသည့် အသုံးစရိတ်များနှင့် ရင်းနှီးမြှုပ်နှံမှုများ မည်မျှပြုလုပ်ခဲ့ကြသည် ဖြစ်စေ ပဋိပက္ခ ဇာတ်ကောင်များအားလုံး လမ်းကြောင်းတစ်ခုတည်းအပေါ် ရောက်ရှိလာစေရန် မည်သည့်နိုင်ငံတကာဇာတ်ကောင်မျှ စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပေ ('ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ပါဝင်လျက်ရှိသည့် နိုင်ငံတကာဇာတ်ကောင်များ' စာကွက်ကို ကြည့်ပါ)။

ဤအရွေ့က အနှစ်သာရပြည့်ဝသည့် ပြုပြင်ပြောင်းလဲရေးကို ဆောင်ကျဉ်းပေးနိုင်ခဲ့ခြင်း မရှိသည့် NCA ခေါ် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အဓိကကျသည့် တတိယမြောက် အားနည်းချက်ဆီသို့ ဦးတည်သွားစေခဲ့သည်။ နဝတ-နအဖ အစိုးရခေတ် အပစ်အခတ်ရပ်စဲရေး ကာလများကဲ့သို့ပင် လက်နက်ကိုင်ပဋိပက္ခများ 'ယာယီငြိမ်သက်' သွားရုံသာ စွမ်းဆောင်နိုင်ခဲ့ပြီး စစ်မှန်သည့် နိုင်ငံရေး အပြောင်းအလဲဆီသို့ ဦးတည်လျှောက်လှမ်းနိုင်ခြင်းမရှိခဲ့ပေ။[၁၂] ဇာတ်ကောင်ပေါင်းစုံ၊ မူဘောင်မျိုးစုံနှင့် သောင်းပြောင်းသဘောတူညီချက် အမျိုးမျိုး လုံးထွေးရောပြွမ်းနေခဲ့သဖြင့် လူထုအများအပြားအတွက် NCA ၏ နိုင်ငံရေး ဦးတည်ချက်သည် ရှင်းလင်းသဲကွဲမှုမရှိဘဲ ဝေဝါးရှုပ်ထွေးနေခဲ့သည်။ လကို နှစ်စားလာခဲ့သော်လည်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ အကောင်အထည်ဖော်ရာ၌ လစ်ဟာမှုများ တိုးရှိသာ များပြားလာခဲ့ခြင်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ဝေဖန်ထောက်ပြချင်စရာအကောင်းဆုံးအားနည်းချက်တစ်ခု ဖြစ်လာစေခဲ့သည်။ ပါဝင်ဆောင်ရွက်ခွင့်မရဘဲဘေးထွက်ထိုင်နေခဲ့ကြရသည့် လူထုလူတန်းစားများက ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ ချမှတ်ဖော်ဆောင်သွားလိုသည့် နိုင်ငံရေးဆန္ဒနှင့် နိုင်ငံအဆင့်ခေါင်းဆောင်မှု လုံးဝကင်းမဲ့နေသည်ဟု ရှုမြင်သုံးသပ်ခဲ့ကြသည်။ ဤကဲ့သို့သော အမြင်သဘောထားက အစိုးရနှင့် ပဋိပက္ခဒဏ်သင့် လူထုလူတန်းစားများအကြား ယုံကြည်မှုပြန်လည်တည်ဆောက်ရာ၌ နောက်ဆက်တွဲဆိုးကျိုးသက်ရောက်မှုများကို ဆောင်ကျဉ်းလာခဲ့သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏နောက်ဆုံးနှင့် စတုတ္ထမြောက်အဖြစ် အမြဲနေရာတကာပါနေသည့် အတားအဆီးတစ်ခုမှာ တပ်မတော်ကိုယ်တိုင်ပင် ဖြစ်နေခဲ့သည်။ အပေါ်ယံကြည့်ပါက ၂၀၁၀-၂၀ ခုနှစ်များ အတောအတွင်း စီစဉ်ကျင်းပခဲ့ကြသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် လွတ်တော်ရွေးကောက်ပွဲများသည် နိုင်ငံတကာမျက်နှာစာ၌ နေးကွေးသည်မှန်သော်လည်း တိုးတက်ပွင့်လင်းသည့် ဒီမိုကရေစီအပြောင်းအလဲများ ဖြစ်ခဲ့သည်ဟူသည့်အမြင်မျိုး အားကောင်းလာစေရန် ပုံဖော်ပေးသလိုဖြစ်နေခဲ့သည်။ သို့သော်လည်းလက်တွေ့မြေပြင်၌ တစ်ဆစ်ချိုးနိုင်ငံရေး အလှည့်အပြောင်း ပေါ်ပေါက်ခဲ့သည်ဟု အခိုင်အမာပြောဆိုနိုင်သည့် အထောက်အထားများ မရှိသလောက်ရှားပါးနေဆဲဖြစ်သည်။ ဤအချက်သည် အထူးသဖြင့် လူမှုဘဝနှင့် စီးပွားရေးကို အဖက်ဖက်မှ ကသောင်းကနင်းဖြစ်စေခဲ့သည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ရိုက်ခတ်ခံခဲ့ရသည့် ၂၀၂၀ ခုနှစ်၌ ပို၍သိသာထင်ရှားလာခဲ့သည်။

၂၀၂၀ ခုနှစ် နိုဝင်ဘာလ၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် အထွေထွေရွေးကောက်ပွဲ အောင်နိုင်မှုနှင့်အတူ နောက်သက်တမ်းတစ်ခုအတွက် NLD စတင်ပြင်ဆင်လာသည်နှင့်အမျှ ဤအရေးကိစ္စများ နှင့်ပတ်သက်သည့်စိုးရိမ်ပူပန်မှုများလည်း ဆတူမြင့်တက်လာခဲ့သည်။ ယခုတစ်ကြိမ်၌လည်း စစ်တပ်ကျောထောက်နောက်ခံပြုထားသည့် USDP ပါတီ အရှုံးကြီးရှုံးသွားခဲ့ပြန်သည်။ သို့သော်လည်း တိုင်းရင်းသားပါတီများအဖို့ မဲပုံးအားဖြင့်သော်လည်းကောင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အားဖြင့် သော်လည်းကောင်း အမျိုးသားနိုင်ငံရေးဇာတ်ခုံပေါ်၌ တရားမျှတ၍သာတူညီမျှရှိသည့် ကိုယ်စားပြုမှုမျိုးကို အဘယ်သို့ရရှိနိုင်ပါမည်နည်းဟု မေးခွန်းထုတ်စရာ ရှိနေဆဲဖြစ်သည်။ နိုင်ငံရေး အသွင်ကူးပြောင်းမှုစတင်ခဲ့ပြီး ဆယ်စုနှစ်တစ်ခုကြာလာသည့်တိုင်အောင် ရှေ့တန်းပဋိပက္ခနယ်မြေများ၌ စစ်ဘောင်ချဲ့ထွင်မှု လျော့မသွားခဲ့ဘဲ တိုးရှိသာလာနေဆဲဖြစ်သလို အားလုံးလွှမ်းခြုံပါဝင်မှုရှိသည့် နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးမှုကို အစပြုနိုင်ခြင်းမရှိသေးသဖြင့် တိုင်းရင်းသားခေါင်းဆောင်အများအပြားက အစိုးရနှင့် တပ်မတော်တို့သည် အနှစ်သာရပြည့်ဝသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန်နှင့် သဘောတူညီချက်မရမီ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ပြဋ္ဌာန်းရန် အပစ်အခတ်ရပ်စဲရေး အပြည့်အဝမရသေးသည့် အခြေအနေကိုအသုံးချ၍ ရှောင်လွှဲလျက်ရှိသည်ဟု လက်ခံယုံကြည်လာခဲ့ကြသည်။

စကတည်းက လျော့တွက်ထားကြသည့် မြန်မာနိုင်ငံရေးဇာတ်ခုံ၏ အန္တရာယ်ကြီးသည့်အချိုးအကွေ့တစ်ခု တစ်ရွေ့ရွေ့ နီးကပ်လာခဲ့ပြီဖြစ်သည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုနှင့်အတူ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုပြုလုပ်သွားမည့် NCA နှင့် လွတ်တော်လုပ်ငန်းစဉ်နှစ်ရပ်စလုံး တရားဝင်ရပ်ဆိုင်းသွားခဲ့ပြီးနောက်တစ်နိုင်ငံလုံးသည်လည်း နောက်တစ်ကြိမ် စစ်တပ်၏ဖိနှိပ်မှုနှင့် ပြည်တွင်းစစ်၏ အနိဋ္ဌာရုံများဖြင့် ပြည်ဖုံးကားချခံခဲ့ရပြန်သည်။ ထိုအချိန်မှစ၍ အစိုးရအပေါ် တပ်မတော်၏ နောက်ကွယ်မှ မဟုတ်သည့် ပြောင်ပြောင်တင်းတင်း ကြိုးကိုင်ချယ်လှယ်မှုပြန်လည်အသက်ဝင်လာခဲ့ပြီးနောက် လက်နက်ကိုင်ပဋိပက္ခနှင့်ကျရှုံးနိုင်ငံဟူသည့် သမိုင်းသံသရာတစ် ပတ်ပြန်လည်လာခဲ့တော့သည်။

ဤရေခဲမြေခဲအခင်းအကျင်းက စစ်အာဏာသိမ်းမှုကို ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေလက်ခံရမည့်

နဝတ-နအစအစ်ဗဟိုလက်ထက် ဖြစ်ပြီးနောင်အချို့ KIO ရုံးခန်းဖွင့်ပွဲသို့ တတ်မြောက်ကြည်ဦး ဧရာပြင်ရှေ့ မှန်မှန်ဦး ဝင်ပေတော်ခေါင်းဆောင် များ(TNI)

လက်လွန်ထားပြီးကိစ္စရပ်တစ်ခု သို့မဟုတ် အမြဲတမ်းလိုလို မျက်စိအောက်၌ပင် အတိအလင်းရှိနေခဲ့သည့် အကျိုးရလဒ် တစ်ခုအဖြစ် နောက်ကြောင်းပြန်ရှုမြင်စေသည့် အမြင် သဘောထားမျိုးဆီသို့ ရောက်ရှိသွားစေရန် အဖက်ဖက်မှ ကျိုးသွင်းလျက်ရှိသည်။သို့သော်လည်းဤကဲ့သို့သာသမိုင်း ကိုဆန်းစစ်ရမည်ဆိုပါက ရိုးစင်းလွန်းအားကြီးရာကျသွား ပါလိမ့်မည်။ စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုသည် ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်ကို ကသောင်းကနင်းဖြစ်သွားစေရန် ဖျက် ဆီးပစ်ခဲ့ကြောင်း သံသယရှိစရာ မလိုခဲ့သော်လည်း မေ့ မထားရန် အရေးကြီးသည့်အချက်တစ်ခုမှာ ဤသို့အရာရာ ပြိုလဲပျက်စီးမသွားမီ အချိန်ကတည်းက နိုင်ငံ၏ လမ်းပြ မြေပုံနှင့် နိုင်ငံရေးဦးတည်ချက်ကို ပြင်ဆင်ပြောင်းလဲရန် အရေးတကြီးလိုအပ်နေပြီဟု ဝေဖန်ပြောဆိုမှုများ ကျယ် ကျယ်လောင်လောင် ရှိနေခဲ့သည့် အချက်ပင်ဖြစ်သည်။ ရွေးကောက်ပွဲရလဒ်၌ တွေ့မြင်ခဲ့ကြသည့်အတိုင်းပင် NLD အပေါ် လူထုအများထောက်ခံအားပေးမှုကို သံသယရှိစရာ မလိုခဲ့ပေ။ သို့သော်လည်း လူထုလူတန်းစားအများအပြား အကြား အားမလိုအားမရ ဝေဖန်ပြောဆိုမှုများ တဖြည်း ဖြည်းကျယ်လောင်လာခဲ့သည်။ NCA ကိုယ်၌သည်လည်း နိုင်ငံတစ်ခုလုံးကို စစ်ဖိနပ်အောက်မှ လွတ်မြောက်သွားစေ မည့်ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီခေတ်သစ်တစ်ခုကို မွေးဖွား ပေးနိုင်ခြင်းမရှိခဲ့ပေ။ အခြားတစ်ဖက်၌ ဗဟိုအစိုးရ၏ ထိန်း ချုပ်လွှမ်းမိုးမှု အားကောင်းလာစေရန် တိုင်းရင်းသားများ အပါအဝင် အခြားနိုင်ငံရေး တောင်းဆိုမှုများနှင့် အကျိုး စီးပွားများကို ချနင်းထားသည့် တပ်မတော်၏ သေနင်္ဂဗျူ ဟာအစိတ်အပိုင်းတစ်ခုအဖြစ်လည်း ရှုမြင်နိုင်ပါသည်။

ဤမူဝါဒရေးရာသုံးသပ်ချက်သည် လက်နက်ကိုင် ပဋိပက္ခသမိုင်း၏ အရေးပါသည့် အချိုးအကွေ့တစ်ခုအတွင်း ဖော်ဆောင်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လေ့လာ ဆန်းစစ်ရန် ရည်ရွယ်ခြင်းဖြစ်သည်။အစောပိုင်းသဘောတူ ညီချက်များနှင့် အပြန်အလှန်နားလည်မှုများကို ရည်ညွှန်း ကိုးကားသွားမည်ဖြစ်သော်လည်း အဓိကအားဖြင့် ၂၀၁၅ ခုနှစ်မှသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)

အာဏာသိမ်းရန် စတင်ကြိမ်းပမ်းခဲ့သည့် ၂၀၂၁ ခုနှစ် အထိဖော်ဆောင်သွားခဲ့သည့် အခမ်းအနားများနှင့် ညှိနှိုင်းဆွေးနွေးပွဲများကို အထူးတလည် ဦးတည်သုံးသပ်သွားမည် ဖြစ်သည်။ စစ်အာဏာသိမ်းရန် ကြိုးပမ်းခဲ့ချိန်မှစ၍ နိုင်ငံတစ်ခုလုံး ပဋိပက္ခမျက်နှာစာသစ်တစ်ခုအောက် ရောက်ရှိသွားခဲ့ပြီးနောက်ပိုင်း NCA နှင့် ၎င်းအောက်ရှိ အစီအစဉ်များအပါအဝင် ၎င်း၏ ဦးတည်ချက်များနှင့် ရည်မှန်းချက်များအားလုံးလိုလို နိဂုံးချုပ်အဆုံးသတ်သွားခဲ့ပြီဖြစ်သည်။ သို့သော်လည်း ရှေ့ပိုင်းဆယ်စုနှစ်တစ်ခုလုံး၏ အတွေ့အကြုံများ သဲထဲရေသွန်ဖြစ်သွားခဲ့ပြီဟု မဆိုသာနိုင်ပေ။ အကယ်၍သာ အတိတ်၏ကျရှုံးမှုများမှ သင်ခန်းစာသာယူတတ်ခဲ့မည်ဆိုလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်အကဲဖြတ်ရန် ဤမျှအချိန်လင့်သွား ခဲ့လိမ့်မည် မဟုတ်ပေ။

အနုလုံပဋိလုံ ကျယ်ပြန့်ပြည့်စုံမှု ရှိနိုင်မည်မဟုတ်သော်လည်း ဤရည်မှန်းချက်ကို အထောက်အကူဖြစ်စေရန်အတွက်နိုင်ဆုံး အသေးစိတ် သုံးသပ်တင်ပြသွားမည် ဖြစ်သည်။ အထူးတလည် ဆွေးနွေးတင်ပြရမည့် အဂိါရပ်တစ်ခုအဖြစ် NCA ကို ဦးတည်ဗဟိုပြု၍ ၂၀၁၁–၂၀ ခုနှစ်အတွင်းဖော်ဆောင်သွားခဲ့သည့် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးပွဲများကို အဓိကထားကာ လေ့လာသုတေသနပြုခဲ့ခြင်းဖြစ်သည်။ နောင်လာမည့် အနာဂတ်မျိုးဆက်သစ်များကိုအကျိုးပြုရန် ရည်မှန်းထားသည့် ဤကဲ့သို့သော ကြိုးပမ်းအားထုတ်မှုများကိုဆက်လက်ထိန်းသိမ်းရန်နှင့်အများပြည်သူသိရှိအောင်ချပြသွားရန် အလွန်အရေးကြီးပါသည်။ ယခုအချိန်၌ ရင်ဆိုင်ကျော်လွှားနေရသည့် အတွေ့အကြုံများကို နားလည်သဘောပေါက်ခြင်းသည် တစ်နေ့နေ့ တစ်ချိန်ချိန်၌အနှစ်သာရပြည့်ဝသည့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် အဓွန့်ရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးအခြေခံအုတ်မြစ်များချမှတ်ရာ၌ အထောက်အကူဖြစ်စေလိမ့်မည်ဟုယုံကြည်မျှော်လင့်ပါသည်။ ၂၀၁၀ ခုနှစ်နှောင်းပိုင်း ဆယ်စုနှစ်သည် လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ် နောက်ပိုင်း အထင်ကရအရှိဆုံး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အဖြစ်အရောင်အသွေးစုံလင်သည့် အကျိုးပတ်သက်ပါဝင်သူများနှင့် ပဋိပက္ခဇာတ်ကောင်များ စုရုံးပါဝင်လာစေရန် စုစည်းခေါ်ဆောင်ပေးခဲ့သည်။

ပထမပိုင်း၌ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှုနှင့် အကောင်အထည်ဖော်ရာ၌ ကြုံတွေ့ခဲ့ရသည့် အဓိကအတားအဆီးနှင့် စိန်ခေါ်မှုများကို သုံးသပ်အကဲဖြတ်ထားပါသည်။ ဒုတိယပိုင်းသည် ချိုးဖောက်မှုများနှင့် နိုင်ငံရေးတိုးတက်ပြောင်းလဲမှု မရှိခဲ့သည့် ကိစ္စရပ်များအပါအဝင် မအောင်မြင်ခဲ့သည့် NCA အကောင်အထည်ဖော်ဆောင်မှုကို လေ့လာဆန်းစစ်ထားခြင်းဖြစ်သည်။ တတိယပိုင်းသည် NLD အစိုးရလက်ထက် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရန် အဟန့်အတားဖြစ်စေခဲ့သည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်စေရန် အင်အားစုအသီးသီး ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အားထုတ်မှုများကို သုံးသပ်အကဲဖြတ်ထားခြင်းဖြစ်သည်။ စတုတ္ထပိုင်း၌ ၂၀၂၁ ခုနှစ် အလွန် အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်း ပြောင်းလဲသွားခဲ့သည့် ပဋိပက္ခချိန်ခွင်လျှာနှင့် မူဘောင်အကန့်အသတ်များရုပ်လုံးပေါ်လာစေရန် သုံးသပ်တင်ပြထားပါသည်။ အစီရင်ခံစာအဆုံး၌ အဓိကကောက်နုတ်ချက်များနှင့် နိဂုံးချုပ်သုံးသပ်ချက်များကို အနှစ်ချုပ် ပြန်လည်ဖော်ပြထားပါသည်။

ကျယ်ပြန့်လှသည့် ဤရေရှည်ခြေခံအခင်းအကျင်းကိုလွှမ်းခြုံမိစေရန် ယခုသုံးသပ်ချက်အတွင်း ကာလအပိုင်းအခြားအလိုက် အပိုင်းပိုင်း ပြတ်တောက်နေသော်လည်း တစ်ခုနှင့်တစ်ခု အပြန်အလှန်အမှီသဟဲပြုမှုနှင့် အပြန်အလှန်သက်ရောက်လွှမ်းမိုးမှုမြင့်မားသည့် ညှိနှိုင်းဆွေးနွေးပွဲများဖြစ်နေခဲ့ကြသည့် အဆိုပါကာလအတွင်း ဖြစ်ပျက်သွားခဲ့သည့် ညှိနှိုင်းဆွေးနွေးပွဲများအားလုံးကို တစ်ခုမကျန်လေ့လာဆန်းစစ်ခဲ့ရသည်။[၃] သို့ဖြစ်၍အမြင်သဘောထားအမျိုးမျိုးနှင့် စိန်ခေါ်မှုပုံစံမျိုးစုံရှိနေသည့် အခင်းအကျင်းတစ်ခုလုံးကို အပြည့်အဝလွှမ်းခြုံမှုရှိစေမည့် ဇတ်ကြောင်း တစ်ခုတည်းဆွဲထုတ်ပြသရန် အလွန်ခက်ခဲနိုင်ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်လျှောက်ဖော်ဆောင်သွားခဲ့သည့်အစည်းအဝေး အသေးစိတ်အချက်အလက်များနှင့် ဆွေးနွေးမှုရလဒ်အများအပြားကို အများပြည်သူအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်ခဲယဉ်းခဲ့သည်။ ပဋိပက္ခသံသရာကို အမှန်တကယ်အဆုံးသတ်ရန် ကြိုးပမ်းသည့်အခါ မတူကွဲပြားသည့် အတားအဆီးအမျိုးမျိုး၏သဘောသဘာဝကို နားလည်သဘောပေါက်ရန် အလွန်အရေးကြီးသည်။

ထိုသို့နားလည်သဘောပေါက်မှသာ NCA မူဘောင်၏ပြင်ပ၌ ဖြစ်ပွားလျက်ရှိသည့် အဖြစ်အပျက်များကို ဝေဖန်ဆန်းစစ်နိုင်မည်ဖြစ်သည်။ NCA ကို သီးခြားနိုင်ငံရေးရပ်ဝန်းတစ်ခုအနေဖြင့် ဝေဖန်အကဲဖြတ်၍ ရနိုင်လိမ့်မည်မဟုတ်ပါ။ အထူးသဖြင့် တပ်မတော်၊ NLD နှင့် NCA အဖွဲ့ဝင် EAOs တို့အကြား ဆက်ဆံရေးသည် အဖုအထစ်များလွန်းသည့် လမ်းကြောင်းမျိုးဆီသို့ ဦးတည်လျက်ရှိသဖြင့်

သဘောတူစာချုပ် အဖွဲ့ဝင်မဟုတ်သည့် အခြားပဋိပက္ခ ဇာတ်ကောင်များကို အလေးပေးအာရုံစိုက်ရန် မဖြစ်မနေ လိုအပ်လျက်ရှိသည်။ ၎င်းတို့ကို ဖယ်ထုတ်ချန်လှပ်ထားသည့် သို့မဟုတ် ၎င်းတို့ပါဝင်ဆောင်ရွက်မှု မရှိရသည့် အကြောင်းရင်းများသည် ငြိမ်းချမ်းရေးလိုအပ်ချက်များ နှင့် ပဋိပက္ခအရွေ့များကို နားလည်သဘောပေါက်အောင် လေ့လာဆန်းစစ်ရာ၌ အလွန်အရေးပါသည့် မျက်နှာစာများဖြစ်နေကြသည်။

ကာလကြာလာသည်နှင့်အမျှ NCA နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ခုလုံးအပေါ် သိသိသာသာရိုက်ခတ်မှု ရှိလာခဲ့ပြီး မြန်မာ့ပြည်တွင်းစစ် သက်ဆိုးရှည်စေရန် လှုံ့ဆော်ပေးလျက်ရှိသည့် မောင်းနှင်အားပေါင်း သောင်းခြောက်ထောင်ရှိနေခြင်းကလည်း အလားတူအရေးကြီးသည့် ကိစ္စရပ်တစ်ခုဖြစ်နေသည်။ ဤအလှည့်အပြောင်းများ ထင်သာမြင်သာရှိလာစေရန် အစီရင်ခံစာအတွင်းပြည်သူ့စစ်တပ်ဖွဲ့များနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ၊ ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးနေစဉ် ကြုံတွေ့ခဲ့ရသည့် စီးပွားရေးဖိအားများ၊ နိုင်ငံတကာဇာတ်ကောင်များအပါအဝင် ၎င်းတို့၏ အရေးယူဆောင်ရွက်ချက်များနှင့် ရခိုင်ပြည်နယ်အတွင်း တစ်ကျော့ပြန်ဖြစ်ပွားလာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခကဲ့သို့ သောကိစ္စရပ်များကို နှိုက်နှိုက်ချွတ်ချွတ် ရှင်းလင်းဖော်ပြထားသည့် စာကွက်အများအပြား ပါရှိနေပါသည်။ ဤကဲ့သို့သော အကျပ်အတည်းများနှင့် စိန်ခေါ်မှုများအားလုံးသည်မကြာခဏ ဆိုသလို NCA ၏ ဦးတည်ချက်နှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းများ မှေးမှိန်သွားသည်အထိ လွှမ်းမိုးမှု အားကြီးနေခဲ့ကြသည်။

နောက်ဆုံးအနေဖြင့် အတိတ်ကို သုံးသပ်သင်ခန်းစာယူရင်း အနာဂတ်ကို မှန်းမျှော်ကြည့်ရှုတတ်ရန် အလွန်အရေးကြီးပါသည်။ မအောင်မြင်ခဲ့သည့် မြန်မာ့ငြိမ်းချမ်းရေး၏ ခါးသီးသည့် အတွေ့အကြုံများက မဖြစ်မနေ အခြေခံကျကျ ပြုပြင်ပြောင်းလဲ၍ တိုးတက်ကောင်းမွန်လာအောင် အမှန်တကယ် စွမ်းဆောင်နိုင်စေမည့် အလားအလာကောင်းများကိုပါ ဖန်တီးပေးထားသည်။ တစ်ချိန်ချိန်၌ လက်နက်ကိုင်ပဋိပက္ခနှင့် အစိုးရ၏ပျက်ကွက်မှုများကို ငြိမ်းချမ်းရေးစားပွဲပေါ်တင်၍ အပြီးအပြတ်ဖြေရှင်းသွားရန် စဉ်းစားထားပါက နိုင်ငံ့ခေါင်းဆောင်များအနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ကဗျက်ကယက်ပြုလျက်ရှိသည့် ရှုရှင်းစွပြဿနာများကို အလေးအနက်ထား၍ ကိုင်တွယ်ဖြေရှင်းသွားရန် မဖြစ်မနေလိုအပ်ပါသည်။ ထိုသို့ပြုလုပ်ရာ၌လူထုတစ်ရပ်လုံးအတွက်အကျိုးဖြစ်ထွန်းစေမည့်အပြောင်းအလဲမျိုးကို ဖော်ဆောင်ပေးနိုင်သည့် နိုင်ငံရေးရည်မှန်းချက်နှင့် စွမ်းဆောင်ရည်ရှိကြောင်း သက်သေပြရန် လိုအပ်ပါလိမ့်မည်။ ရှင်းလင်းပြတ်သားမှုမရှိသည့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ အစီအစဉ်များဖြင့် 'အပစ်အခတ် ရပ်စဲရေးကြေညာခြင်းများ' နှင့် 'အရေးမရအဖတ်မရ' အစည်းအဝေးများပြုလုပ်ခြင်းသည် ထင်သာမြင်သာရှိသည့် ငြိမ်းချမ်းရေးနှင့်ပြုပြင်ပြောင်းလဲရေး ကင်းမဲ့နေသည့် အခြေအနေမျိုး၌ အသုံးဝင်လိမ့်မည်မဟုတ်ပါ။ ယခုထက်ပို ညှင်သာပျော့ပြောင်း၍ ဆန်းသစ်ဖောက်ထွက်သည့် ချဉ်းကပ်မှုပုံစံမျိုးလို အပ်နေသည်မှာ ကာလအတန်ပင်ကြာနေ ခဲ့ပြီးဖြစ်သည်။

ဝမ်းနည်းစရာကောင်းသည့် အချက်အနေဖြင့် ယနေ့ခေတ်၌ စစ်အုပ်ချုပ်ရေးအောက် ပြန်လည်ရောက်ရှိသွားခဲ့ရခြင်းက ငြိမ်းချမ်းရေးတည်ဆောက်သည့် လမ်းကြောင်း၌ နောက်ထပ်အတားအဆီး လှိုင်းသစ်တစ်ခု ပေါ်ပေါက်လာစေမည့် ခြိမ်းခြောက်မှုတစ်ရပ်ကို ထပ်မံဆောင်ကျဉ်းလာခဲ့ခြင်းဖြစ်သည်။ နိုင်ငံတစ်နံတစ်လျားရှိ လူထုလူတန်းစားများအကြား အပြည့်အဝကိုယ်စားပြု မခံရသည့် သို့မဟုတ် တိုင်ပင်ဆွေးနွေးမခံခဲ့ရသည့် ခံစားချက်များ၏ ရိုက်ခတ်မှုဒဏ်ကို မည်သည့်အခါကမှ ယခုလောက်အပြင်းအထန် ခံစားရခြင်း မရှိခဲ့ဖူးပေ။ ကိုဗစ်-၁၉၊ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုနှင့် လက်နက်ကိုင်ပဋိပက္ခ လှိုင်းသစ်တွင် ကျယ်ပျံ့နှံ့လာခြင်းစသည့် အကျပ်အတည်း တစ်ခုချင်းစီတိုင်းသည် NCA အားဖြင့် ချဉ်းကပ်အဖြေရှာနိုင်ခြင်း မရှိခဲ့သည့် နိုင်ငံရေးအရဖယ်ကြဉ်ခံရသည့် ခံစားချက်နှင့် အရှိတရားအပါအဝင် တိုင်းရင်းသားများအပေါ် ခွဲခြားဆက်ဆံမှုနှင့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ဆင်းရဲဒုက္ခများကို ပို၍သာဆိုးရွားလာစေခဲ့သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို မြန်မာပြည်သူများကသာ ရွေးချယ်ဆုံးဖြတ် သွားရမည်ဖြစ်သည်။ ဤရည်မှန်းချက် ပြည့်မှီလာစေရန်အတွက် မအောင်မြင်ခဲ့သည့် ငြိမ်းချမ်းရေးပုံပြင်များက သတိပေးနေသည့် သေရေးရှင်ရေးသမျှအရေးကြီးသည့် ကိစ္စရပ်နှစ်ခုဖြစ်သည့် မြန်မာပြည်သူတစ်ရပ်လုံးအပေါ် ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်မှုများကို စိတ်ရင်းအမှန်ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာ ချက်ခြင်းရပ်တန့်ပစ်ရေးနှင့် ပြည်သူတစ်ရပ်လုံး၏ နိုင်ငံရေးမျှော်မှန်းချက်များနှင့် တိုင်းရင်းသားများ၏ နာကျည်းနစ်နာချက်များကို တရားမျှတစွာ ပြင်ဆင်ကုစားပေးမည့် အားလုံးလွှမ်းခြုံ ပါဝင်မှုရှိသည့် တွေ့ဆုံဆွေးနွေးရေးမူ

ဘောင်တစ်ရပ် ချမှတ်ဖော်ဆောင်ရေးဟူသည့် အခြေခံလိုအပ်ချက်နှစ်ခုကို ဦးစွာဖြည့်ဆည်း ဆောင်ရွက်သွားရမည်ဖြစ်သည်။

၂၀၁၆ ခုနှစ် ဧန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်ခဲ့သည့် လွတ်လပ်ရေးနေ့၌ ပထမဦးဆုံးအကြိမ် အာဏာရယူနိုင်ခဲ့သည့် NLD ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က "ကျမတို့အစိုးရသစ်အနေနဲ့ ပထမဦးဆုံးဆောင်ရွက်သွားမှာက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖြစ်ပါတယ်။ ကျမတို့အနေနဲ့ အားလုံးလွှမ်းခြုံပါဝင်မှုရှိတဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မျိုး ရရှိလာအောင် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ရဲရဲတောက် ပြောဆိုကတိပြုသွားခဲ့သည်။[၁၄] ဖေဖော်ဝါရီနှစ်အကြာ၌ 'နစက' ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း '၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပြီးတော့ တစ်နိုင်ငံလုံးမှာ သေနတ်သံတွေ တိတ်သွားအောင် ကျနော်တို့အစွမ်းကုန် ကြိုးစားသွားမှာဖြစ်ပါတယ်' ဟု အလားတူကတိကဝတ် ပြုသွားခဲ့ပြန်သည်။[၁၅] ထိုသို့ဆိုနေသော်လည်း တပ်မတော်သည် ၎င်းတို့ကိုယ်တိုင် စိတ်ကြိုက်ပြင်ဆင်ရေးသားထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၎င်း၏ခေါင်းဆောင်မှ အောက်၌ ချုပ်ဆိုထားခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အများအပြားကိုပင် အမြဲတမ်းလိုလို ချိုးဖောက်လာခဲ့သဖြင့် အပြောအတိုင်း လက်တွေ့ဖြစ်လာနိုင်သည့် အလားအလာ မရှိသလောက် နည်းပါးသည်ဟု ဆိုနိုင်ပါသည်။ တပ်မတော်ခေါင်းဆောင်များသည် နိုင်ငံအနှံ့အပြား ၌ဆိုးရွားရက်စက်လွန်းသည့် လူ့အခွင့်အရေးချိုးဖောက်မှု အသစ်များကို ပြောင်ပြောင်တင်းတင်း ကျူးလွန်လာကြရုံမျှမက အရေးပါသည့် စစ်ရေးနှင့် နိုင်ငံရေးအတိုက်အခံအင်အားစုများနှင့် တွေ့ဆုံဆွေးနွေးမှုပြုရန်လည်း ငြင်းဆန်နေကြဆဲဖြစ်သည်။

သို့သော်လည်း စိတ်ဓာတ်ကျနေရမည့် အခိုက်အတန့်မျိုး မဟုတ်ကြောင်း ဂရုပြုရန် အလွန်အရေးကြီးပါသည်။ ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဖော်ဆောင်ရန် အလိုအပ်ဆုံးအချိန်အခါ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ယနေ့မြန်မာသည် ကမ္ဘာတစ်လွှား စစ်ပွဲစစ်ဒဏ်ကို အဆိုးရွားဆုံးခံစားနေရသည့် နိုင်ငံများ၌ တစ်ခုအပါအဝင်ဖြစ်နေသည်။ နိုင်ငံသူနိုင်ငံသားများအားလုံး ငြိမ်းချမ်းရေးနှင့် တရားမျှတမှု အခွင့်အရေးကို အမှန်တကယ် ရယူခံစားပိုင် ခွင့်မရခဲ့သည့်ကာလ ကြာလွန်းနေခဲ့ပြီဖြစ်သည်။

၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်

၂၀၁၅ ခုနှစ် အောက်တိုဘာလ၌ 'ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်' ဟုတရားဝင် ခေါ်ဆိုသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို သမ္မတဦးသိန်းစိန်၊ စစ်ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့အပါအဝင် အစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်နှင့် တပ်မတော်တို့မှ အခြားကိုယ် စားလှယ် ၇ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၈ ဖွဲ့မှ ကိုယ်စားလှယ်များနှင့် ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် ထိုင်းတို့မှ နိုင်ငံတကာမျက်မြင်သက်သေ ၆ ဦးတို့ နေပြည်တော်၌ တရားဝင်လက်မှတ် ရေးထိုးခဲ့ကြသည်။ ထို့အပြင် NCA ၌ နှစ်ဖက်ပဋိပက္ခ အင်အားစုများသည် ၎င်းတို့ရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်ဟု ထပ်လောင်းအတည်ပြုသည့်အနေဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာမျက်မြင်သက်သေ ၆၀ ကျော်သည်လည်း အသိသက်သေအဖြစ် သဘောတူစာချုပ်၌ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။[၁၆] ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့အရောက်တွင် နောက်ထပ် EAOs နှစ်ခုဖြစ်သည့် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့က အခမ်းအနားတစ်ခု၌ နိုင်ငံတကာမျက်မြင်သက်သေ ၆ ဦးရှေ့မှောက်တွင် ထပ်မံလက်မှတ်ရေးထိုး ပါဝင်လာခဲ့သည်။

ကနဦးပါဝင်လာခဲ့ကြသူများအားလုံးသည်လက်မှတ်မထိုးခင်ကတည်းက နှစ်ဦးသဘောတူအပစ်ရပ်လက်မှတ်ရေးထိုးထားကြသူများ ဖြစ်ကြသဖြင့် အနှစ်သာရအားဖြင့် NCA ကို မူဘောင်ပိုင်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်အဖြစ် နေရာချထားကာ သဘောတူစာချုပ်၌ အပစ်အခတ်ရပ်စဲရေး စီမံခန့်ခွဲမှုနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ်တို့ကို မည်သို့ဖွဲ့စည်းနေရာချထားရမည်ဟူသည့် လမ်းညွှန်ချက်များပါဝင်နေခြင်းဖြစ်သည်။ NCA အတွင်း၌ (၁) အခြေခံမူများ၊ (၂) ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ၊ (၃) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များ၊ (၄) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာအောင်လုပ်ဆောင်ခြင်း၊ (၅) နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များ၊ (၆) ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် (၇) အထွေထွေဟူ၍ အခန်း ၇ ခန်းနှင့် အပိုဒ်ခွဲပေါင်း ၃၃ ခု ပါဝင်လျက်ရှိသည်။

ဤခေါင်းစဉ်များအောက်၌ 'ပင်လုံစိတ်ဓာတ်' ကို အခြေခံ၍ ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ်တည်ဆောက်သွားရန် လမ်းညွှန်ပေးထားသည့် အခြေခံမူများနှင့်အညီ ယုံကြည်မှုတည်ဆောက်ရေးနှင့် သဘောတူညီချက်အကောင်အထည်ဖော်ရေးကို အထောက်အကူပြုရန် အသေးစိတ်ဖော်ပြထားသည့် အထူးလုပ်ငန်းစာရင်းတစ်ခုပါရှိနေသည်။ အဓိကကျသည့် ကိစ္စရပ်များ၌ စစ်သည်တော်ကျင့်ဝတ်စည်းကမ်း၊ အရပ်သားကာကွယ်စောင့်ရှောက်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေး၊ နိုင်ငံရေးလမ်းပြမြေပုံတစ်ခုရေးဆွဲပြင်ဆင်ရေး၊ ကြားကာလအစီအစဉ်များ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ကော်မတီများ ဖွဲ့စည်းထူထောင်ရေးနှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တစ်ခု ရေးဆွဲအတည်ပြုရေးဟူသည့် လုပ်ငန်းများပါဝင်လျက်ရှိသည်။ ထို့အပြင် NCA ၏ ပုဒ်မ ၃၈ အဖြစ် သဘောတူညီချက်အတွင်း ထည့်သွင်းပေါင်းစပ်ထားသည့် အနက်ဖွင့်ဆိုခြင်းနှင့် အကောင်အထည်ဖော်ရာတွင် လိုက်နာသွားရမည့် စည်းဝေးဆုံးဖြတ်ချက်များကိုလည်း ထည့်သွင်းဖော်ပြထားသည်။[၁၇]

သဘောတူညီချက် ပြီးဆုံးအောင်မြင်သည်အထိ အကောင်အထည်ဖော်ရန် လိုအပ်သည့် ဖွဲ့စည်းပုံနှင့် လုပ်ငန်းအစီအစဉ်ကို 'နိုင်ငံရေးလမ်းပြမြေပုံ ၇ ဆင့်' ပါရှိသည့် ပုဒ်မ ၂၀ ၌ ပြဋ္ဌာန်းဖော်ပြထားသည်။

၂၀။ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေးလမ်းပြမြေပုံနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည် –

(က) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း။

(ခ) အစိုးရကိုယ်စားလှယ်များနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက "နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်" (The Framework for Political Dialogue) ကို ရေးဆွဲသဘောတူညီမှုရယူခြင်း။

(ဂ) ထိုမူဘောင်ကိုအခြေခံ၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကိစ္စရပ်များ၊ လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခြင်းနှင့် နှစ်ဖက်သဘောတူညီသော ကြိုတင် ဆောင်ရွက်ဖွယ်ရာများကို လုပ်ဆောင်ခြင်း။

(ဃ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပခြင်း။

(င) ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုခြင်း။

(စ) ပြည်ထောင်စုလွှတ်တော်သို့တင်သွင်း၍ အတည်ပြုချက်ရယူခြင်း။

(ဆ) "ပြည်ထောင်စုသဘောတူစာချုပ် (Pyidaungsu Accord)" ပါ သဘောတူညီချက်များကိုအကောင်အထည်ဖော်ခြင်းနှင့်လုံခြုံရေးဆိုင်ရာပြန်လည်ပေါင်းစည်းခြင်းလုပ်ငန်းစဉ်များအကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

အဓိကကျသည့် အခြားကတိကဝတ်များ၌ JCM အတွက် နည်းပညာအကူအညီပေးခြင်းအပါအဝင် နိုင်ငံတကာအကူအညီများ ရယူသွားရန် သဘောတူသည့်အချက် (ပုဒ်မ ၁၂)၊ အစိုးရနှင့် EAO အုပ်ချုပ်ရေးနယ်မြေ

များအကြား ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခြေခံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် အခြားစီမံကိန်းနယ်ပယ်များကို နှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူသည့်အချက် (ပုဒ်မ ၂၅) နှင့် သဘောတူ စာချုပ်၏ ဦးတည်ချက်နှင့် ရည်ရွယ်ချက်နှစ်ခုစလုံးသည် တစ်နိုင်ငံလုံးအတိုင်းအတာ ဖြင့်အားလုံးလွှမ်းခြုံပါဝင်မှု ရှိစေရန် သဘောတူသည့်အချက်များ (ပုဒ်မ ၂) ပါဝင်လျက်ရှိသည်။

လက်မှတ်ရေးထိုးခဲ့သည့် အခမ်းအနားနေ့၌ အဓိကမိန့်ခွန်းကောက်နုတ်ချက် နှစ်ခုရှိခဲ့ရာ၌ သမ္မတ ဦးသိန်းစိန်က –

‘ဒီကနေ့ကစပြီး ကျွန်တော်တို့အားလုံးဟာ ကျွန်တော်တို့ရဲ့ ဘုံအနာဂတ်အတွက် အတူတကွတာဝန်ရှိသူတွေ ဖြစ်သွားပါပြီ။ ကျွန်တော်တို့ရဲ့သမိုင်းကို အတူတကွ ပုံဖော်ရေးသားကြရတော့မှာပါ။ သမိုင်းရဲ့ အောင်မြင်မှု၊ ကျရှုံးမှုတွေကို အတူတကွ တာဝန်ခံကြရတော့မှာပါ။ ဒီကနေ့လက်မှတ်ရေးထိုးတဲ့ NCA စာချုပ်ဟာဆိုရင် ကျွန်တော်တို့ အချင်းချင်းအကြားမှာ တည်ဆောက်ရရှိလာတဲ့ ယုံကြည်မှုကို ပြသနိုင်ခဲ့တာဖြစ်ပါတယ်။ အနာဂတ်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးအမွေအနှစ်တစ်ခု ချန်ထားနိုင်ခဲ့တာလည်းဖြစ်ပါတယ်’ ဟု ပြောဆိုသွားခဲ့သလို[၁၈]

KNU ဥက္ကဋ္ဌစောမူတူးစေးဖိုးကလည်း –

‘NCA ဟာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ခုသက်သက်မဟုတ်ဘဲ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းတည်ထောင်ဖို့ အရေးပါတဲ့လမ်းကြောင်းကိုဦးတည်တဲ့ ပထမခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်။ ကျနော်တို့အနေနဲ့ အားလုံးလွှမ်းခြုံပါဝင်မှုရှိတဲ့ နိုင်ငံရေးဆွေးနွေးပွဲကနေတစ်ဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ကောင်းမွန်တဲ့ရလဒ်တွေကို မျှော်မှန်းပြီး အပြန်အလှန်လေးစားမှုနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးစိတ်ဓာတ်အပေါ် အခြေခံလုပ်ဆောင်ကြရမှာဖြစ် ပါတယ်’ဟု တုံ့ပြန်ပြောဆိုသွားခဲ့သည်။[၁၉]

မအောင်မြင်ခဲ့သည့် ငြိမ်းချမ်းရေးနှင့် ရှေ့နောက်ညီညွတ်မှုမရှိသည့် လုပ်ငန်းစဉ်

၂၀၁၅ ခုနှစ်၌ လက်မှတ်ရေးထိုးခဲ့ပြီးနောက်ပိုင်း တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်သည် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှု လမ်းကြောင်းသစ်တစ်ခုကို ရေးဆွဲပုံဖော်သွားရန် ရည်မှန်း ခဲ့ခြင်းဖြစ်သည်။ သဘောတူစာချုပ်ကို ရေးဆွဲပြင်ဆင်ရာ၌ သမိုင်းတစ်လျှောက်လုံး ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို တစ်ဆို့ဖင့်နှေးနေစေခဲ့သည့် အဓိကရသောက်မြစ်၏နေရာ၌အပြန်အလှန် ချိတ်ဆက်လျက်ရှိသည့် ပြဿနာပေါင်းများစွာနေရာယူထားခဲ့ကြောင်း အသိအမှတ်ပြုခဲ့ကြသည်။ ညှိနှိုင်းဆွေးနွေးသည့် အခါတိုင်းလိုလို၌ ဆွေးနွေးပွဲကို စီစဉ်နေရာချထားမှုပုံစံနှင့် လုပ်ထုံးလုပ်နည်းများကို အပြန်အလှန်ညှိနှိုင်းသဘောတူညီချက် ရယူခြင်း ကဲ့သို့သော နည်းပညာပိုင်းဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်ရန်သာ အာရုံစိုက်လုံးပန်းနေခဲ့ကြသည်။ တိုးတက်ဖြစ်ထွန်းမှု ကင်းမဲ့သွားသည် အထိဖြစ်သွားစေနိုင်သည့် နည်းပညာပိုင်းဆိုင်ရာ စိန်ခေါ်မှုအများအပြား ရှိနေနိုင်သည် မှန်သော်လည်း အမြစ်တွယ်နေသည့်နိုင်ငံရေးပြဿနာများကို ဖြေရှင်းမှုမပြုဘဲ နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်တိုင်း ချောမွေ့ပြည့်စုံနေစေရန်သာ အလေးပေးအာရုံစိုက်နေခြင်းသည် အဓိပ္ပာယ်မရှိဟု ဆိုရမည်ဖြစ်သည်။ တစ်ဆစ်ချိုး အချိုးအကွေ့မျိုး ရရှိလာစေရန်အတွက် နည်းပညာဆန်သည့် နိုင်ငံရေးခလုတ်တံသင်းများကို ဂရုပြုကာငြိမ်းချမ်းရေး လုပ်ငန်းစဉ်တိုင်းကို သင့်လျော်သလို ပြုပြင်ပြောင်းလဲ၍ နိုင်ငံရေးဖြစ်ထွန်းအောင်မြင်ရေးကိုသာ အပြည့်အဝအာရုံစိုက် ဆွေးနွေးသွားရန် မဖြစ်မနေလိုအပ်လျက်ရှိသည်။

ဤအချက်များမှလွဲ၍ ၂၀၁၅ ခုနှစ် NCA လက်မှတ်ရေးထိုးပွဲသည် တကယ့်အခွင့်အလမ်းကောင်း တစ်ရပ်ကို ဆောင်ကျဉ်းပေးခဲ့သည်ဟု ယုံကြည်ခဲ့ကြသည်။ မည်သို့ဆိုစေ

ပျားရည်ဆမ်း ကာလတိုင်းသည် တိုတောင်းလေ့ရှိကြောင်း သက်သေပြနေသည့် အရိပ်အကဲများ ပေါ်ထွက်လာခဲ့တော့သည်။ ၂၀၁၆ ခုနှစ်မှစ၍ ပြေလည်အောင်ဖြေရှင်းမှုမပြုခဲ့သည့်ပြဿနာများ ပြန်လည်ခေါင်းထောင် လာခဲ့ပြီးနောက် ပဋိပက္ခများ ပိုမိုပြင်းထန်လာခဲ့ပြီး အနှစ်သာရပြည့်ဝသည့် တိုးတက်ဖြစ်ထွန်းမှုကို အဟန့်အတားဖြစ်စေခဲ့သည်။ အထင်ကရအရှိဆုံး အရေးကိစ္စများ၌ ပါဝင်ဆွေးနွေးနေကြသည့် အင်အားစုများအကြား ယုံကြည်မှုကင်းမဲ့နေခြင်း၊ အဓိကကျသည့် အကျိုးပတ်သက်ပါဝင်သူများကို ဖယ်ကြဉ်ချန်လှပ်ထားခြင်း၊ နိုင်ငံရေးတိုးတက်ဖြစ်ထွန်းမှု မရှိခြင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အားဖြင့် ရရှိလာမည်ဟု မျှော်မှန်းထားသည့် အကျိုးရလဒ်များနှင့်ပတ်သက်၍ အမြင်သဘောထား အမျိုးမျိုး ကွဲပြားလာခြင်းတို့ ပါဝင်နေခဲ့သည်။ ရလဒ်အနေဖြင့် အကျိုးပတ်သက်ပါဝင်နေသူများနှင့် စောင့်ကြည့်လေ့လာသူများက ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် အများအပြားအပါအဝင် ညှိနှိုင်းဆွေးနွေးရေးနှင့် အကောင်အထည်ဖော်ရေး အဖွဲ့အစည်းများ (ဥပမာ 'နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု' နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ကော်မတီ [JMC]) ၏ နည်းပညာပိုင်းဆိုင်ရာ အားနည်းချက်များကို ဝေဖန်ထောက်ပြလာခဲ့သည်။ အနှစ်သာရအားဖြင့်ဆိုရသော် သဘောတူစာချုပ်ကိုအနည်းအကျဉ်းမွမ်းမံပြင်ဆင်လိုက်ပါက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အလုပ်ဖြစ်လာနိုင်သည်ဟု မျှော်လင့်ခဲ့ကြခြင်းဖြစ်သည်။

ဤကဲ့သို့သော ဝေဖန်ထောက်ပြချက်များသည် ထိုအချိန်က များစွာလိုအပ်နေခဲ့သည့် အရာတစ်ခုဖြစ်ခဲ့သည်။ နိုင်ငံရေးစိန်ခေါ်မှုများကို ထည့်သွင်းစဉ်းစားထားသည့် နည်းပညာပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် ဖယ်ကြဉ်ချန်လှပ်ထားမှုနှင့် ယုံကြည်မှုပိုင်းဆိုင်ရာ ရှိရင်းစွဲပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာ၌ များစွာအထောက်အကူ ဖြစ်လာစေနိုင်ပါသည်။ သို့သော်လည်း ကျယ်ပြန့်သည့် ပြုပြင်ပြောင်းလဲရေးအရွေ့ကို စတင်လိုသည့် နိုင်ငံရေးစိတ်ဆန္ဒ အပါအဝင် ဦးစီးကမကထပြုလိုသည့် ခေါင်းဆောင်မှုမျိုး ကင်းမဲ့နေသည့် အခြေအနေကို နည်းပညာရှုထောင့်မှ အဖြေရှာရန်ကြိုးပမ်းခြင်းသည် ထင်သာမြင်ရှိသည့် အကျိုးရလဒ်များကို ဆောင်ကျဉ်းပေးနိုင်ခြင်းမရှိခဲ့သည့် အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးပွဲများနှင့် ထုတ်ပြန်ချက်များအပေါ် စိတ်ပျက်နေကြသည့် ပြည်သူများ၏ "ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမောဆို့မှု ဒဏ်" ကိုသာလျှင် ပို၍ဆိုးရွားသွားစေပါလိမ့်မည်။

ထို့အပြင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ စီစဉ်နေရာချထားမှုပုံစံများ၌လည်း မဖြစ်မနေ ပြုပြင်ပြောင်းလဲသွားရန် လိုအပ်နေသည့် အားနည်းချက်များရှိနေခဲ့သည်။ မြန်မာနိုင်ငံ၏ပြီးခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ဦးသိန်းစိန် အစိုးရလက်ထက် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့၌ ကနဦးသဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည့် NCA အပေါ် သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။[၂၀] အတိတ်၏ ကျရှုံးမှုများကို သင်ခန်းစာယူ၍ ရေးဆွဲပြင်ဆင်ထားသည့် စာတမ်းသစ်သည် စစ်ရေးအရ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး အကောင်အထည်ဖော်သွားမည့် အင်အားစုများနှင့် ဖွဲ့စည်း ပုံအခြေခံဥပဒေပြင်ဆင်ရေးဆီသို့ ဦးတည်သွားမည့် နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုများဆက်လက်ပြုလုပ်သွားရန်အတွက် မူဘောင်သဘောတူညီချက်တစ်ခုအဖြစ် အလုပ်အကျွေးပြုခဲ့သည်။ အောင်မြင်ပြီးမြောက်သည်အထိလမ်းညွှန်ထိန်းကျောင်းရာ၌အလွန်အရေးပါသည့် နိုင်ငံရေးလမ်းပြမြေပုံတစ်ခု ရေးဆွဲချမှတ်သွားရန်၊ JMC ဖွဲ့စည်းတည်ထောင်သွားရန်၊ 'နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုမူဘောင်' တစ်ရပ် ရေးဆွဲကျင့်သုံးရန်၊ စစ်သည်တော်ကျင့်ဝတ်စည်းကမ်း ရေးဆွဲအတည်ပြုရန်၊ 'ကြားကာလအစီအစဉ်များ' နှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီ ပေးအပ်ထောက်ပံ့သွားရန် ('၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်' စာကွက်ကို ကြည့်ပါ) ဟူသည့် ခေါင်းစဉ်များပါဝင်နေခဲ့သည်။

မည်သို့ဆိုစေကာမူ NCA ကိုယ်၌လည်း အားနည်းချက်အများအပြား ရှိနေခဲ့သည်။ အဓိကကျသည့် အားနည်းချက်များ၌ 'အပစ်အခတ်ရပ်စဲရေး ဒေသများ' ကဲ့သို့သော အလွန်အရေးပါသည့်အသုံးအနှုန်းများနှင့်ပတ်သက်၍အဓိပ္ပါယ်တိတိကျကျ ဖွင့်ဆိုထားမှုမရှိခြင်း၊ JMC အပါအဝင် အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကဲ့သို့သော အဖွဲ့အစည်းများနှင့် လုပ်ငန်းစဉ်များကို လျော်ကန်သင့်မြတ်စွာ ရေးဆွဲပြင်ဆင်၍အကောင်အထည်ဖော်ရန် သတင်းအချက်အလက်များ အလုံအလောက် မရှိခြင်းဟူသည့် ကိစ္စရပ်များ ပါဝင်လျက်ရှိသည်။ ငြိမ်းချမ်းရေးအတိုင်ပင်ခံနှင့် မြန်မာ့သမိုင်းပညာရှင် တစ်ဦးဖြစ်သည့် ဒေါက်တာသန့်မြင့်ဦးက 'လျင်မြန်တဲ့ တိုးတက်ပြောင်းလဲမှုတွေ အရှိန်ရလာအောင် ဓာတ်ကူပေးရမယ့် အရာကပဲ ခြေထောက်ပြန်ဆွဲသလို ဖြစ်နေပြီ' ဟု သတိပေးပြောဆိုသွားခဲ့သည်။[၂၁]

အလားတူပင် တစ်နိုင်ငံလုံးကိုလွှမ်းခြုံမှုရှိသည့် ငြိမ်းချမ်းရေးတည်ဆောက်ရန် တာဝန်ရှိသည့် စကြံန်တစ်ရပ်ဖြစ်သည့် NCA ၌ အားလုံးလွှမ်းခြုံပါဝင်မှု အလျဉ်းမရှိပဲ ပျက်

ကွက်နေခဲ့သည်။ ထို့အပြင် တပ်မတော်နှင့် ဦးသိန်းစိန်အစိုးရ တို့သည် မည်သည့်အကြောင်းပြချက်မျှ ပေးအပ်ခြင်းမရှိခဲ့ဘဲ NCA ညှိနှိုင်းဆွေးနွေးပွဲတစ်လျှောက် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် EAOs ခြောက်ဖွဲ့ကို ၂၀၁၅ ခုနှစ် ကနဦးလက်မှတ်ရေးထိုးပွဲ၌ ပါဝင်ခွင့်မရရှိစေရန် ပိတ်ပင်တားဖြစ်ခဲ့ကြသည်။ ယင်းတို့အနက် ရခိုင်ပြည်အမျိုးသားကောင်စီ (ANC)၊ လားဟူ ဒီမိုကရက်တစ်အစည်းအရုံး (LDU) နှင့် ဝ အမျိုးသားအဖွဲ့အစည်း (WNO) ဟူသည့် အဖွဲ့အစည်းများသည် နှစ်ပေါင်းများစွာ လှုပ်ရှားသက်ဝင်မှု ကင်းမဲ့နေခဲ့သည့် အဖွဲ့များဖြစ်ကြသည်။ သို့သော်လည်း အခြား ၃ ဖွဲ့ဖြစ်သည့် မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်အဖွဲ့ (MNDAA)၊ တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့ (TNLA) နှင့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/အာရက္ခတပ်တော် (ULA/AA) တို့သည် လက်ရှိလှုပ်ရှားသက်ဝင်လျက်ရှိပြီး NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း အစိုးရနှင့် တိုက်ပွဲပိုမို ပြင်းထန်လာခဲ့ကြသည့် အဖွဲ့အစည်းများဖြစ်ကြသည်။[၂၂]

ဤကဲ့သို့သော EAOs များကို တမင်ဖယ်ချန်ထားခဲ့ခြင်းဖြစ်ကြောင်း သိသာထင်ရှားလွန်းနေခဲ့သည်။ ကနဦးလက်မှတ်ရေးထိုးခဲ့ကြသည့် ရှစ်ဖွဲ့အနက် ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့သည်သာလျှင် ထိုအချိန်က စစ်ရေးနှင့် နိုင်ငံရေးအရလောက်လောက်လားလားအရေးပါသည့်အနေအထားတွင် ရှိနေခဲ့ကြခြင်းဖြစ်သည်။[၂၃] အခြားအဖွဲ့အစည်းများအနက် အထူးသဖြင့် ချင်းအမျိုးသားတပ်ဦး (CNF) သာလျှင် ၎င်းတို့အဖွဲ့အစည်း၏ ရှိရင်းစွဲအင်အားထက် ပိုမိုကျယ်ပြန့်သည့် ဩဇာလွှမ်းမိုးမှုကို ပိုင်ဆိုင်ထားသည်ဟု ဆိုနိုင်ပါသည်။ မည်သို့ဆိုစေကာမူ ပါဝင်ခဲ့ကြသည့် EAO လက်မှတ်ထိုးအဖွဲ့ဝင်များကိုကြည့်ပါက တိုင်းရင်းသားရေးရာနှင့် နိုင်ငံရေးဇာတ်ခုံ၏ တစ်စိတ်တစ်ပိုင်းမျှသာရှိနေခဲ့ပြီး ချိန်ခွင်လျှာမျှခြေ မညီမမျှဖြစ်နေဆဲပင်ဖြစ်သည်။ ဆန့်ကျင်ဖက်အနေဖြင့်အပစ်အခတ်ရပ်စဲထားကြသည့်ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်/ပါတီ (UWSA/P)၊ အမျိုးသားဒီမိုကရေတစ်တပ်ပေါင်းစုတပ်မတော် (NDAA)[၂၄] နှင့် အပစ်အခတ်ရပ်စဲထားခြင်းမရှိသည့် ကချင်လွတ်လပ်ရေး အဖွဲ့အစည်းကဲ့သို့သောအင်အားကြီး EAOs အများစု ပါဝင်လက်မှတ်ရေးထိုးခြင်းမရှိခဲ့ကြပေ။ ထိုအချိန်မှစ၍ ပဋိပက္ခရေခဲမြေခဲကို အနှောက်အယှက်ပိုလာစေမည့် အကွဲအပြဲများ စတင်ရုပ်လုံးပေါ်လာခဲ့တော့သည် (‘တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ’ စာကွက်ကိုကြည့်ပါ)။

ဤအကွဲအပြဲများ၏ လားရာလမ်းကြောင်းများကို မည်သည့်အခါကမျှ အပြည့်အဝလေ့လာဆန်းစစ်ခဲ့ခြင်း သို့မဟုတ် ကိုင်တွယ်ဖြေရှင်းခြင်း မရှိခဲ့ပေ။ နားလည်မှုလွဲသွားစေနိုင်သည့် ကိစ္စရပ်အများအပြား ဆက်ရှိနေခဲ့သည်။ NCA လုပ်ငန်းစဉ်၏ ပထမခြေလှမ်းတစ်ရပ်အဖြစ် ဦးသိန်းစိန်အစိုးရသည် NLD ကို အာဏာမလွှဲအပ်မီ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ‘မည်ကာမတ္တအမည်ခံ’ မျှသာဖြစ်သည်ဟု ဒေါ်အောင်ဆန်းစုကြည် ခိုင်းနှိုင်းပြောဆိုသွားခဲ့သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (UPC) ကို ခေါ်ယူကျင်းပသွားခဲ့သည်။[၂၅] ပထမအကြိမ်မြောက် UPC အစည်းအဝေးသို့ NCA လက်မှတ်ရေးထိုးခဲ့ကြသည့် EAO အဖွဲ့ဝင်ရှစ်ဖွဲ့သာ တရားဝင်တက်ရောက်ခဲ့ကြသည်။ ဤမှတ်ချက်ကို အခြေခံ၍ ၎င်းလက်ထက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ အလှည့်အပြောင်းတစ်ခု ဖန်တီးပြလိမ့်မည်ဟု မျှော်လင့်ချက် ကြီးမားခဲ့ကြသည်။

၎င်းတို့အာဏာရလာခဲ့ပြီး နောက်ပိုင်း UPC ကိုပို၍ ပင်ချောင်ထိုးပစ်ခဲ့ပုံရသည့် NLD သည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ပြုပြင်ပြောင်းလဲရေးအတွက်ပါတီ၏လမ်းပြမြေပုံအဖြစ် ၂၁ ရာစု ပင်လုံညီလာခံကို ရှေ့တန်းတင်လာခဲ့သည်။ ၎င်း၏ စံသတ်မှတ်ချက်များကို ရှင်းလင်းဖော်ပြခဲ့ခြင်းမရှိသော်လည်း NLD အရာရှိများက ဒီမိုကရေစီလို လားထောက်ခံသည့် အစိုးရလက်ထက်၌ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ၂၁ ရာစုပင်လုံညီလာခံသည် ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် ညှိနှိုင်းဆွေးနွေးရေးအတွက် အားလုံးလွှမ်းခြုံပါဝင်မှုရှိသည့် စကြံ့နိုတစ်ရပ်ကို ဆောင်ကျဉ်းပေးလိမ့်မည်ဟူသည့် အမြင်သဘောထားမျိုးကို ကျယ်ကျယ်လောင်လောင် ထုတ်ဖော်ပြောဆိုခဲ့ကြသည် (‘၂၁ ရာစုပင်လုံညီလာခံ’ ကိုကြည့်ပါ)။

သို့သော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ဤကဲ့သို့သော အလှည့်အပြောင်းမျိုး လုံးဝပေါ်ထွက်လာခြင်းမရှိခဲ့ပေ။ နောက်ပိုင်းဆက်လက်ခေါ်ယူခဲ့သည့်အခမ်းအနားများအပေါ်တွင်လည်း အမြင်သဘောထားအမျိုးမျိုး ဆက်လက်ကွဲပြားနေကြဆဲဖြစ်သည်။ NCA ညှိနှိုင်းဆွေးနွေးပွဲများ၌ ပေါ်ထွက်လာခဲ့သည့် အချို့သောသုံးသပ်ချက်များက ပထမအကြိမ်မြောက် ၂၁ ရာစု ပင်လုံအစည်းအဝေး၌ အားထုတ်ပြခဲ့သလို ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံပါဝင်မှုရှိစေပြီး NCA တိုးတက်ဖြစ်ထွန်းမှုပေါ် အခြေခံတည်ဆောက်ထားသည့် အစည်းအဝေးအဖြစ် အသုံးချနိုင်ပါက အပြည့်အဝ ရုပ်လုံးပေါ်လာနိုင်သည်ဟု ထောက်ပြပြောဆိုခဲ့သည်။ NCA ၌ ‘အားလုံးလွှမ်းခြုံပါဝင်မှုရှိသည့် နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးမှု’ ကို ‘အားလုံးလွှမ်း

ခြုံပါဝင်ရေးအခြေခံမူအပေါ် အခြေခံ၍' ပါဝင်ဆောင်ရွက်သွားကြရန်တိုက်တွန်းဖော်ပြထားသည်။အနှစ်သာရအားဖြင့် UPC နှင့် ၂၁ ရာစုပင် လုံညီလာခံတို့သည် အကျိုးပတ်သက်ပါဝင်လျက်ရှိသည့် အင်အားစုများအားလုံး သဘောတူဆုံးဖြတ်ပါက NCA လုပ်ငန်းစဉ်အောက်၌ အားလုံးကို လွှမ်းခြုံပါဝင်စေနိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

အချက်အလက်များကိုကြည့်ပါက ဤအရွေ့မျိုး ပေါ်ပေါက်လာခြင်းမရှိခဲ့ကြောင်းထင်ရှားနေခဲ့သည်။ဖယ်ကြဉ်ချန်လှပ်ခံထားရသည်ဟု လက်ခံယုံကြည်ထားသည့် သို့မဟုတ် NCA သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်း မရှိခဲ့သည့် EAOs များအဖို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပြုပြင်ပြောင်းလဲ၍ စစ်မှန်သည့်အပြောင်းအလဲတစ်ခု ဆောင်ကျဉ်းပေးရမည့် ၂၁ ရာစုပင်လုံဟု ကိုးကားသုံးနှုန်းထားသည့် နိုင်ငံရေးစုစည်းမှုပြယုဂ်၏ ပျက်ကွက်မှုကို တွေ့မြင်ခဲ့ပြီးနောက်ပိုင်း အကြီးအကျယ်စိတ်ပျက်သွားကြတော့သည်။ ညီလာခံကို အားလုံးလွှမ်းခြုံပါဝင်မှုနှင့် ပတ်သက်၍ မကြုံစဖူးပါဝင်မှု အမြင့်ဆုံးပုံစံဖြင့် စီစဉ်နေရာချထားလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့သော်လည်း ဝေဖန်ထောက်ပြခဲ့ကြသူများက NLD ၏ ၂၁ ရာစုပင်လုံ၌ လုံးဝအထောက်အကူမဖြစ်ခဲ့သည့် NCA ၏ UPC တွင်ကျင့်သုံးသွားခဲ့သည့် ရာထူးအမည်သုံးနှုန်းမှုစနစ်နှင့် လုပ်ငန်းစဉ်နှစ်ရပ်ကို ရောသမမွှေကာ အသုံးပြုခဲ့ခြင်းသည် အခြေခံကျကျ ပြုပြင်ပြောင်းလဲရေး ပြုလုပ်လိမ့်မည်ဟု ယုံကြည်ထားကြသည့် မျှော်လင့်ချက်ကို ဝေဝါးသွားစေရုံမျှမက NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့်အင်အားစုများနှင့်အစိုးရအကြား ဆက်ဆံရေး တိုးတက်ကောင်းမွန်လာနေသည့် ပဋိပက္ခရေခံ မြေခံကိုပင် ဆိုးဆိုးရွားရွားအကွဲအပြဲဖြစ်စေခဲ့သည်ဟု သုံးသပ်ပြောဆိုခဲ့ကြသည်။

ဦးသိန်းစိန်အစိုးရနှင့် ဒေါ်အောင်ဆန်းစုကြည်အစိုးရနှစ်ရပ်စလုံး၏ လက်ရာပါဝင်လျက်ရှိသည့် လုပ်ငန်းစဉ်နှစ်ရပ်၏ပုံရိပ်ကို ထင်ဟပ်လျက်ရှိသည့် 'UPC–21CP' ဟု ပြောင်းလဲခေါ်ဆိုခဲ့သည့် အစိုးရ၏ ဆုံးဖြတ်ချက်သည် အထိမ်းအမှတ်သဘောဆန်နေခဲ့သည်။ အနှစ်သာရအားဖြင့် ပထမ UPC ကိုဇန်နဝါရီလအတွင်း ခေါ်ယူကျင်းပခဲ့ပြီးဖြစ်သဖြင့် 'ပထမအကြိမ်မြောက်' UPC–21CP ကို 'ဒုတိယအကြိမ်မြောက်' UPC အဖြစ်သဘောထားခဲ့ကြသည်။ သို့သော်လည်း မဟာဗျူဟာကျသည်ဖြစ်စေ မကျသည်ဖြစ်စေ ၂၁ ရာစုပင်လုံ၏ ပျက်ကွက်မှုကြောင့် ပေါ်ပေါက်လာသည့် နောက်ဆက်တွဲအကျိုးဆက်များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ မည်သည့်အခါကမှ မျှော်မှန်းထားခြင်းမရှိသည့် အရွေ့သစ်တစ်ခုကို မွေးဖွားပေးခဲ့သည်။ နောက်ပိုင်းအခမ်းအနားများ ထပ်လာသည်နှင့်အမျှ ပါဝင်နေကြသည့် အင်အားစုများနှင့် အစုအဖွဲ့များအားလုံးကိုကျေနပ်နှစ်ခြိုက်စေမည့် ရှင်းလင်းပြတ်သားသည့် ဇာတ်ကြောင်းမျိုးကို ကျိုးသွင်းပုံဖော်ရန် ပိုမိုခဲယဉ်းလာခဲ့သည်။[၄၆] တဖြည်းဖြည်း ပိုမိုနက်ရှိုင်းလာခဲ့သည့် အကွဲအပြဲများသည် NLD ၏ အစိုးရ သက်တမ်းတစ်လျှောက်လုံး အရိပ်ထိုးလိုက်ပါလာခဲ့တော့သည်။

လက်ငင်းအကျိုးဆက်အဖြစ် အပစ်ရပ်လက်မှတ်ရေးထိုးထားခြင်းမရှိခဲ့သည့် EAOs များဖြစ်ကြသည့် MND–AA၊ TNLA နှင့် ULA/AA သုံးဖွဲ့ကို ပထမအကြိမ်မြောက် ၂၁ ရာစုပင်လုံညီလာခံမှ ဖယ်ကြဉ်ချန်လှပ်ထားခြင်းက ဤကဲ့သို့သော ဂိုဏ်းဂဏအကွဲအပြဲများ၏ အမှတ်သညာကဲ့သို့ဖြစ်လာခဲ့သည်။ ဤကဲ့သို့သော တစ်ဖက်သတ်အရေးယူ ဆောင်ရွက်မှုသည် ညီလာခံမတိုင်ခင်က စစ်ဦးစီးချုပ်ဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလိုကျ သဘောထားကြေညာချက်ထုတ်ပြန်ပေးရန် ငြင်းဆိုခဲ့ပြီးနောက်ပိုင်း ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ အနှစ်သာရအရဆိုပါက မည်သည့်ညှိနှိုင်းဆွေးနွေးမှုကိုမျှ မစတင်မီ ၎င်းတို့အနေဖြင့် မိမိတို့၏လက်နက်ကိုင်တော်လှန်ရေးကိုဦးစွာစွန့်လွှတ်ရမည်ဟုတောင်းဆိုနေခြင်းဖြစ်သည်ဟု ယုံကြည်ခဲ့ကြသည်။ နောက်ဆက်တွဲရလဒ်အဖြစ် NLD အစိုးရလက်ထက် သဘောတူလက်မှတ်ရေးထိုးပွဲသို့ အဆိုပါ EAOs များအနက်မှ မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုက ရက်တစ်အစည်းအရုံး (LDU) တို့သာလျှင် စာချုပ်အဖွဲ့ဝင်များအဖြစ် ထပ်မံပါဝင်လာခဲ့သည်။ ထိုအချိန်က NCA အဖွဲ့ဝင်မဟုတ်ခဲ့သည့် အင်အားစုများအားလုံးလိုလို တရားဝင်ဆွေးနွေးပွဲများ၌ ပါဝင်ခွင့်မရဘဲ ဘေးထွက်ထိုင်နေခဲ့ကြရသဖြင့် အကွဲကွဲအပြဲပြဲ ဖြစ်နေကြသည့် ပဋိပက္ခဇာတ်ကောင်များကို အတူတကွစည်းရုံးစုစည်းရေး ခက်ခဲနေသည့်စိန်ခေါ်မှုကို ကိုင်တွယ်ဖြေရှင်းရမည့်အစား အစုအဖွဲ့များအကြား အင်မတန်ရှုပ်ထွေးသည့် ဟိုတစ်စဒီတစ်စ ဆက်ဆံရေးမျိုးဖြင့် အစိတ်စိတ်အမွှာမွှာ ဖြစ်သွားသည့် အကျိုးရလဒ်မျိုးသာ ထွက်ပေါ်လာခဲ့သည် ('အပစ်အခတ်ရပ်စဲ ရေးနှင့် ငြိမ်းချမ်းရေးစကားဝိုင်းများ၌ အမြဲပြောင်းလဲနေသည့် အားလုံးလွှမ်းခြုံပါဝင်ရေး အဓိပ္ပာယ်ဖွင့်ဆိုချက်များ' စာကွက်ကိုကြည့်ပါ)။

အပြုသဘော အနည်းငယ်ပိုဆန်သည့်မှတ်ချက်တစ်ခုအဖြစ် NCA အဖွဲ့ဝင်များက အဆုံးတစ်နေ့၌ အစိုးရနှင့် EAOs များအကြား ခိုင်မာသည့်သဘောတူညီချက်တစ်ခု ရရှိလာကာ ထိုသဘောတူညီချက် အသစ်အပေါ် သံဓိဋ္ဌာန်ချဖော်ဆောင်

သွားပါက အနှစ်သာရပြည့်ဝသည့် တိုးတက်ဖြစ်ထွန်းမှုများ ပေါ်ပေါက်လာလိမ့်မည်ဟု ယုံကြည်နေကြဆဲဖြစ်သည်။ အထူးသဖြင့် KNU သည် မည်သည့်အခါကမှ နှစ်ရှည်အပစ်အခတ် ရပ်ခဲ့ဖူးခြင်းမရှိဘဲ ၁၉၄၉ ခုနှစ်ကတည်းက လက်နက်စွဲကိုင်တော်လှန်လာခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်၍ ငြိမ်းချမ်းရေးအတွက် အခြေခံအုတ်မြစ်ချပေးမည့် NCA အတွင်း လက်မှတ်ထိုးအဖွဲ့ဝင်များအတွက် အရေးပါသည့် ကတိကဝတ်များအဖြစ် အရပ်သားပြည်သူများကို ကာကွယ်စောင့်ရှောက်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ၁၉၀၈ ခုနှစ် မတရားအသင်းအက်ဥပဒေဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းမှ အကာအကွယ်ရရှိရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို ဥပဒေအရ နောက်ကြောင်းပြန် အရေးယူမှုမပြုရေး အာမခံချက် ပါရှိသည့်အခန်းနှင့် EAOs များ၏ ဒေသန္တရအုပ်ချုပ်ရေးကို အသိအမှတ်ပြုသည့် 'ကြားကာလအစီအမံများ' ပါရှိသည့် အပိုင်းများကို ထည့်သွင်းထားရှိခြင်းဖြစ်သည်။[၂၇] EAOs များ လက်မှတ်ရေးထိုးခဲ့ကြသည့် အဓိကရည်မှန်းချက်ဖြစ်သည့် ဤကတိကဝတ်များကပေးသည့် စိတ်ဓာတ်ခွန်အားပေါ်အခြေခံ၍ NCA လက်မှတ်ထိုးအဖွဲ့ဝင်များသည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးမူဘောင်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး တည်ငြိမ်ရေးအတွက် အရေးပါသည့် ကတိကဝတ်တစ်ခုအဖြစ်ဖွဲ့စည်းထူထောင်ခဲ့သည့် JMC ကဲ့သို့သော သင်းပင်းစုဖွဲ့မှုများအတွက် လုပ်ငန်းလမ်းညွှန်ချက်များကို စတင်ရေးဆွဲပြင်ဆင်ခဲ့ကြသည်။

မည်သို့ဆိုစေကာမူ အများသတိထားမိခဲ့ကြခြင်းမရှိသော်လည်း ရှေ့တန်းပဋိပက္ခမျက်နှာစာ၌ ပါဝင်လျက်ရှိပြီး ဩဇာလွှမ်းမိုးမှုကြီးမားသည့် ဇာတ်ကောင်များသည် လက်ရှိ NCA ဦးတည်လျက်ရှိသည့်အရွေ့၏ ဖွဲ့စည်းတည်ဆောက်ပုံများနှင့် လုပ်ငန်းအစီအစဉ်များ၏ ရှုပ်ထွေးလွန်းလှသည့်သဘောသဘာဝအပေါ် အလျင်အမြန်ပင် စောဒကတက်ဝေဖန်ထောက်ပြမှုများ ပြုလုပ်ခဲ့ကြသည်။ EAOs ခေါင်းဆောင်အများအပြားက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီ သဘောတူစာချုပ်ကို အလျင်စလို လက်မှတ်ရေးထိုးရန် ကြိုးပမ်းခြင်းသည် သမ္မတဦးသိန်းစိန်၏ မဟာဗျူဟာအရွေ့တစ်ခုဖြစ်သည်ဟု ရည်ညွှန်းပြောဆိုခဲ့ကြသည်။[၂၈] အလားတူပင် အရင်းအမြစ်နည်းပါးသည့် EAOs အဖွဲ့ငယ်များက ရှုပ်ထွေးခက်ခဲလွန်းလှသည့် လုပ်ထုံးလုပ်နည်းများသည် အထောက်အကူထက်စာလျှင် ၎င်းတို့ကို အဓိပ္ပာယ်ရှိရှိ ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိစေရန် ကန့်သတ်ထားသည့် အတားအဆီးတစ်ခုလို ဖြစ်လာခဲ့သည်ဟု ရည်ညွှန်းပြောဆိုခဲ့ကြသည်။ ၎င်းတို့အနေဖြင့်အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်ရာ၌ အခက်အခဲများသလောက်ဆန့်ကျင်ဖက်ဖြစ်သည့်တပ်မတော်အရာရှိများသည် ကြိုတင်ပြင်ဆင်မှုအရဖြစ်စေ သုံးသပ်ပြောဆိုရာ၌ဖြစ်စေ အမြဲတမ်းလိုလို နှာတစ်ဖျားသာနေခဲ့သည်။ နဝတ-နအဖလက်ထက်က အပစ်အခတ်ရပ်စဲခဲ့ကြသည့် မည်သည့် အစုအဖွဲ့မျှ အသစ်ပေါ်လာသည့် NCA ကို လိုလားထောက်ခံမှု မရှိသည့်အချက်သည် အတိတ်နိမိတ်ကောင်းတစ်ခု မဟုတ်ခဲ့ပေ။ ၎င်းတို့သည် တုံးအလွန်းသည့် သို့မဟုတ် ဥမမယ်စာမခြောက်အဖွဲ့အစည်းများ မဟုတ်ခဲ့ကြပေ။

အစောပိုင်း အပစ်အခတ်ရပ်စဲရေးကာလ (၁၉၈၉-၂၀၁၁ ခုနှစ်) ၁၉၉၃ ခုနှစ်အတွင်း စစ်အစိုးရသည် ၂၀၀၈ ခုနှစ် အထိ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ခုကို ရေးဆွဲပြင်ဆင်သွားမည့် အမျိုးသားညီလာခံတစ်ရပ်ကို ခေါ်ယူကျင်းပခဲ့သည်။ အပစ်အခတ်ရပ်စဲထားသည့် အစုအဖွဲ့များကို တက်ရောက်ပါဝင်၍ သုံးသပ်အကြံပြုကြရန် ဖိတ်ခေါ်ခဲ့သည့်အတိုင်း အများအပြားပါဝင်ခဲ့ကြသည်။ သို့သော်လည်း ၎င်းတို့၏ အကြံပြုတောင်းဆိုချက် အများအပြားငြင်းပယ်ခံခဲ့ရပြီးနောက် ရလဒ်အနေဖြင့် ၎င်းတို့အများစုငြင်းဆန်ကန့်ကွက်ခဲ့ကြသည့်အရပ်သားတစ်ပိုင်း စစ်အစိုးရစနစ်မျိုး ထွက်ပေါ်လာခဲ့သည်။[၂၉] အလားတူပင်အရေးပါသည့်အချက်တစ်ခုအဖြစ် သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP)၊ NMSP၊ NDAA နှင့် UWSP ကဲ့သို့သော EAOs ခေါင်းဆောင်များအကြား အချို့သည် ၁၉၈၉ ခုနှစ်ကတည်းကတည်မြဲလာခဲ့သည့် ၎င်းတို့၏ လက်ရှိအပစ်အခတ်ရပ်စဲရေးထက် NCA ကပို၍အကျိုးများလိမ့်မည်ဟုလက်ခံယုံကြည်ခဲ့ခြင်းမရှိကြပေ။[၃၀] ၂၀၁၁ ခုနှစ်အလွန်ကာလ၌ တိုင်းရင်းသားခေါင်းဆောင်များသည် ၎င်းတို့အနေဖြင့် ရေရာသေချာမှု မရှိသည့် အနာဂတ်တစ်နေ့ထက်စာလျှင် အနှစ်သာရပြည့်ဝသည့် ကနေ့ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေးကို ဦးတည်သွားစေမည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကို အလေးထားဦးစားပေးသည့် အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်မျိုးကိုသာ အလိုရှိသည်ဟု ပြတ်ပြတ်သားသား ပြောဆိုခဲ့ကြသည်။

NCA လက်မှတ်ရေးထိုးပွဲအပြီး အစောပိုင်းကာလများ၌ ဤကဲ့သို့သော အမြင်သဘောထားများကို ယေဘုယျအား ဖြင့် မျက်စိလျှမ်းသွားခဲ့ကြသည်ဟု သုံးသပ်ယူဆရသည်။ ၂၀၁၅ ခုနှစ်အတွင်း NLD၏ အထွေထွေရွေးကောက်ပွဲ အနိုင်ရမှုသည် NCA ကိုပင် မှေးမှိန်သွားစေသည်အထိ ဘက်ပေါင်းစုံမှအရိပ်မိုး ဖုံးအုပ်သွားခဲ့သည်။ ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေး ခေတ်သစ်တစ်ခုကို မွေးဖွားပေးသွားမည်ဟူ

သည့် ဒေါ်အောင်ဆန်းစုကြည်၏ ကတိအသက်ဝင်လာလိမ့်မည်ဟု အကြီးအကျယ် မျှော်လင့်ခဲ့ကြသည်။ သို့ဖြစ်၍ NLD အာဏာရလာခဲ့ပြီးနောက်ပိုင်း အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကိုင်တွယ်သည့်ပုံစံသည် စီမံရေးရာအလေ့အထ အပြောင်းအလဲမျှသာ ဖြစ်နေခဲ့သည့်အပေါ် ပြောဆိုဝေဖန်မှု နည်းပါးခဲ့ကြခြင်းဖြစ်သည်။

သမ္မတဦးသိန်းစိန်လက်ထက်၌ အစိုးရသည် NLD အပါအဝင် ဒီမိုကရေစီလိုလားထောက်ခံသည့် ပါတီများ သပိတ်မှောက်ကန့်ကွက်ခဲ့သလို မဲလိမ်မဲခိုးမှုများ ရှိနေခဲ့သည်ဟု ကျယ်ကျယ်လောင်လောင် ပြောဆိုသံညံနေသည့်ကြားကပင် ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကို လွှမ်းမိုးချယ်လှယ်သွားခဲ့သည့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် စစ်တပ်ပေါင်းစပ်ထားသည့် အုပ်ချုပ်ရေးအဖြစ် အသက်ဝင်လာခဲ့သည်။ ဤကဲ့သို့သော အခင်းအကျင်းမျိုး၌ ဆန်းသစ်သည့်ပုံစံဖြင့် အဖြေရှာရန်နှင့် အင်အားစုအသီးသီးနှင့် ချိတ်ဆက်အလုပ်လုပ်ရန် ဗိုလ်ချုပ်ဟောင်းအောင်မင်းကို ဦးဆောင်ညှိနှိုင်းရေးတာဝန်ခံအဖြစ် အစိုးရမှ လုပ်ပိုင်ခွင့် အပ်နှင်းပေးခဲ့သည်။ သဘောတူညီချက်များ ရရှိအောင်မြင်ရန် မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ၎င်း၏အထက်အရာရှိများကို နားချကာ ၎င်း၏ လုပ်ပိုင်ခွင့်အာဏာထက်ပင် ကျော်လွန်လုပ်ဆောင်ပြနိုင်ခဲ့သည်။[၃၁]

ဤကဲ့သို့သော ပြောင်းလွယ်ပြင်လွယ်ရှိရှိ အလိုက်သင့်စီမံနေရာချထားမှုများသည် NLD အစိုးရအာဏာရလာပြီးနောက်ပိုင်း နိဂုံးချုပ်သွားခဲ့သည်။ ၂၀၁၆ ခုနှစ်လွန် အစိုးရသည် NLD နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမျိုးသားနိုင်ငံရေး၌ ဦးဆောင်အခန်းကဏ္ဍကို ရယူထားခဲ့သည့် တပ်မတော်တို့အကြား အတောမသတ်နိုင်သည့် အိမ်တွင်းရေးကတောက်ကဆများကို ဖန်တီးပေးခဲ့သည်။ ယင်းတို့၌ ဝန်ကြီးဌာနသုံးခု (ပြည်ထဲရေး၊ ကာကွယ်ရေးနှင့် နယ်စပ်ရေးရာ) ကို ထိန်းချုပ်စီမံပိုင်ခွင့်နှင့် ဥပဒေပြုလွှတ်တော် သုံးလွှာစလုံး၌ (အမျိုးသား

ဝေးလံခေါင်သီသော ကရင်ပြည်နယ်ရှိ ကရင်လူမျိုးများ (TNI)

ထိုင်း-မြန်မာနယ်စပ် လွတ်လပ်ရေးလှုပ်ရှားသူ RCSS တပ်ဖွဲ့ဝင်များ စစ်ရေးပြနေစဉ် (TNI)

လွတ်တော်နှင့် ပြည်သူ့လွတ်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး လွတ်တော်များ) ကာကွယ်ရေးအရာရှိများအတွက် ကိုယ်စားလှယ်ခွဲတမ်း ချထားပေးရေးကိစ္စရပ်များ ပါဝင်နေခဲ့သည်။[၃၂] ဤကဲ့သို့သော ဆက်ဆံရေးမျိုးရှိနေသဖြင့် NLD သည် တပ်ဖက်အရာရှိဟောင်းများနှင့် ဝန်ထမ်းများကို ဦးစီးခေါင်းဆောင် ရာထူးနေရာများ၌ ခန့်အပ်ထားရှိသည့် အစိုးရအဖွဲ့အတွင်း ၎င်းတို့၏ နိုင်ငံရေးမျှော်မှန်းချက်နှင့် နိုင်ငံရေးပုံရိပ်ကို ရှေ့တန်းတင်နိုင်ရန် အမြဲတမ်းလိုလို ရုန်းကန်ခဲ့ရသည်။ NLD ၏ငါးနှစ်တာ အစိုးရသက်တမ်းအတွင်း အစိုးရအဖွဲ့ဝင် သုံးပုံပုံလျှင် တစ်ပုံမပြည့်တပြည့်သာ ပါတီ၏ ရွေးကောက်ခံကိုယ်စားလှယ်များဖြစ်နေခဲ့သည်။[၃၃]

ဤပုံမှန်မဟုတ်သည့် မိတ်ဖက်ဆောင်ရွက်မှုကြောင့် နိုင်ငံရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများ အများအပြားပေါ်ပေါက်လာခဲ့သည်။ အစိုးရအဖွဲ့ကို ဦးဆောင်နိုင်စေရန်ဤကဲ့သို့ အပေးအယူဆန်ဆန် ကြိုးပမ်းမှုသည် ဆုံးဖြတ်ချက်ချမှတ်ရာ၌ဖြစ်စေ မူဝါဒအကောင်အထည်ဖော်ရာ၌ဖြစ်စေအမှန်တကယ်အလုပ်ဖြစ်မဖြစ် အမြဲတမ်းလို လိုမေးခွန်းထုတ်စရာဖြစ်လာခဲ့သည်။ ဦးသိန်းစိန်အစိုးရ လက်ထက်၌ တရားဝင်ညှိနှိုင်းဆွေးနွေးပွဲများ ခေါ်ယူကျင်းပလျက်ရှိသည့် ‘ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီ’ အောက်ရှိ ‘ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟို ကော်မတီ’ သည် အမြင့်ဆုံးငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ တစ်ခုဖြစ်ခဲ့သည်။ ကော်မတီနှစ်ရပ်စလုံး၌ အစိုးရအဖွဲ့၊ လွတ်တော်နှင့် တပ်မတော်ကိုယ်စားလှယ်များ ပါဝင်ခဲ့ကြသည်။ ဤယန္တရားနှင့် အတိုင်အဖောက်ညီစေရန် အစိုးရ၏ ညှိနှိုင်းဆွေးနွေးရေး အတွင်းရေးမှူးအဖွဲ့အဖြစ် လုပ်ကိုင်ဆောင်ရွက်သွားမည့် မြန်မာ ငြိမ်းချမ်းရေးစင်တာ (MPC) ကို နိုင်ငံတကာအလှူရှင်များ၏ ရန်ပုံငွေအထောက်အပံ့စုစုပေါင်း အမေရိကန်ဒေါ်လာသန်းတစ်ရာဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ပါးလည်း ဖြစ်နေသည့် ဦးအောင်မင်းနှင့် အတူ MPC အရာရှိများသည် EAOs၊ ငြိမ်းချမ်းရေးကော်မတီများ၊ အစိုးရဌာနပေါင်းစုံနှင့် တပ်မတော်တို့အကြား ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ၌ MPC ၏ ရန်ကုန်ရုံးဖွင့်ပွဲသို့ ဥရောပသမဂ္ဂကော်မရှင်ဥက္ကဋ္ဌ ဂျိုဆေးမန်ဧယူရယ်ဘာရိုဆို (José Manuel Barroso) တက်ရောက်ပါဝင်ခဲ့ပြီးနောက်ပိုင်း MPC ၏ အထွတ်အထိပ် ကာလရောက်ရှိလာခဲ့သည်။

ဤကဲ့သို့သော ပုဂ္ဂိုလ်ရေးအခြေခံ ဆက်ဆံရေးတည် ဆောက်မှုစနစ်သည် NLD အာဏာရလာသည့်နောက်ပိုင်း အဆုံးသတ်သွားခဲ့သည်။ ပါတီခေါင်းဆောင်များသည် နှစ်ရှည် လများ နိုင်ငံရေးအရ ဖိနှိပ်ချုပ်ချယ်၍ ဖယ်ကြဉ်ခံခဲ့ရသည့် ကာလအလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပေါ် မိမိတို့၏ ကိုယ် ပိုင်တံဆိပ်ခတ်နိုပ်ရန် အာသီတရှိခဲ့ကြသည်။ မဟာဗျူဟာ အပြောင်းအလဲတစ်ရပ်အနေဖြင့် အစိုးရသစ်သည် အစိုးရ အတွင်းရှိ အရပ်ဖက်နှင့် စစ်ဖက်ကဏ္ဍများအကြား စည်းလုံး ညီညွတ်မှုရှိရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး 'အပိုင်းသုံးပိုင်း ကွဲနေသည့်' စေ့စပ်ညှိနှိုင်းရေးအဖွဲ့များအဖြစ် အမြင်မခံလိုခဲ့ ပေ။ ထို့အပြင် NLD နှင့် တိုင်းရင်းသားအင်အားစုများ ယုံကြည် စိတ်ချမှုမရှိသည့် ဝန်ထမ်းများကို ခန့်အပ်ထားရှိပြီး အကျင့် ပျက်ခြစားမှုရှိသည်ဟု ရှုမြင်သုံးသပ်ရသည့် MPC ကိုလည်း ဖျက်သိမ်းပစ်ခဲ့သည်။[၃၄] NLD သည် ၎င်းတို့၏ လုပ်ပိုင်ခွင့် အာဏာကိုအသုံးပြု၍ EAOs များနှင့် စတင်တွေ့ဆုံဆွေး နွေးရန် ဥက္ကဋ္ဌအဖြစ် ဒေါ် အောင်ဆန်းစုကြည် ဦးဆောင်သည့် ကိုယ်ပိုင်အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး စင်တာ (NRPC) ကို ကော်မတီခွဲပေါင်းများစွာဖြင့် ဖွဲ့စည်း တည်ထောင်ခဲ့သည်။[၃၅] ထို့အပြင် တွေ့ဆုံဆွေးနွေးမှုများကို အထောက်အကူပြု ပံ့ပိုးကူညီသွားမည့် ရည်မှန်းချက်ဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ မိသားစုဆရာဝန်တစ်ဦးဖြစ်ပြီး နောက်ပိုင်း NRPC ၏ ဒုတိယဥက္ကဋ္ဌဖြစ်လာခဲ့သည့် ဒေါက် တာတင်မျိုးဝင်းကို ခေါင်းဆောင်အဖြစ် တာဝန်ပေးခဲ့သည့် ငြိမ်းချမ်းရေးကော်မရှင်ကိုပါ ဆက်လက်ဖွဲ့စည်းခဲ့သည်။

သို့သော်လည်း အလျင်အမြန်ပင် NLD ၏ ငြိမ်းချမ်း ရေးဗိသုကာဒီဇိုင်းသည် ၎င်း၏ရည်ရွယ်ချက်အတွက် ကိုက်ညီ သင့်လျော်မှုမရှိဟူသည့် အမြင်မျိုး အားကောင်းလာခဲ့သည်။ အထင်ကရအရှိဆုံး အတားအဆီးလေးခု အထင်အရှားပေါ် ထွက်လာခဲ့သည်။

- ဒေါ်အောင်ဆန်းစုကြည်၏ ၂၁ ရာစု ပင်လုံညီလာခံ ကတိကဝတ်များမှလွဲ၍ NLD အနေဖြင့် ငြိမ်းချမ်း ရေးအတွက် အားလုံးလွှမ်းခြုံပါဝင်မှုရှိသည့် လမ်းပြ မြေပုံတစ်ရပ် ရေးဆွဲပြင်ဆင်သွားရန် စွမ်းဆောင်နိုင် ခြင်းမရှိခဲ့ပေ သို့မဟုတ် စိတ်ဆန္ဒရှိခဲ့ပုံ မရပေ။
- မကြာခဏဆိုသလို အစိုးရ၏ အထက်အောက်အာ ဏာရှင်ဆန်သည့် ခေါင်းဆောင်မှုပုံစံနှင့် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုအတွက် တင်းပြည့်ကျပ်ပြည့် လုပ် ပိုင်ခွင့်အာဏာ လွှဲအပ်ပေးထားခြင်း မရှိခဲ့ခြင်းက အနှစ်သာရပြည့်ဝသည့် ညှိနှိုင်းဆွေးနွေးပွဲများ ပေါ် ပေါက်လာခြင်း မရှိစေရန် အဟန့်အတားဖြစ်စေခဲ့ သည်။ ထို့အပြင် တရားဝင်တွေ့ဆုံဆွေးနွေးပွဲများ အတွက် အကြိုပြင်ဆင်သည့် အလွတ်သဘောတွေ့ ဆုံဆွေးနွေးမှုများ စီစဉ်ဖော်ဆောင်ရာ၌ အနောက် အယှက်ဖြစ်စေခဲ့ခြင်းကလည်း ဦးသိန်းစိန်အစိုးရ လက်ထက် ဆွေးနွေးပွဲ အတွေ့အကြုံများနှင့် ဆန့် ကျင်ဖက်လိုဖြစ်နေခဲ့သည်။
- ယခင် အစိုးရအဖွဲ့ဝင်များအပေါ် အလွန်အကျွံမှီခို အားထားခဲ့ပြီး အစိုးရကိုယ်စားပြု အဖွဲ့ဝင်အသီးသီး ၏သက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ရှင်းရှင်းလင်း လင်းခွဲခြားသတ်မှတ်ပေးထားခြင်း မရှိခဲ့သဖြင့် ကိုယ် စားလှယ်ရွေးချယ်မှုအပေါ် များစွာမေးခွန်းထုတ်စရာ ဖြစ်လာခဲ့သည်။
- အစိုးရအတွင်း NLD နှင့် တပ်မတော်အကြား ပြေ လည်မှု မရရှိသေးသည့် အာဏာခွဲဝေရေးဆိုင်ရာ အရေးကိစ္စများလည်း ဆက်ရှိနေခဲ့သည်။ ထို့ကြောင့် စစ်တပ်ကိုယ်စားလှယ်များသည် NLD ဦးဆောင်ခဲ့ သည့် အစိုးရသက်တမ်းတစ်လျှောက် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးခဲ့သည့် အစည်းအဝေးများသို့ ၎င်း တို့ကိုယ်ပိုင် အစီအစဉ်များကို အမြဲတမ်းလိုလို ယူ ဆောင်လာခဲ့သည်။

၎င်းတို့၏ ရပ်တည်ချက်အရ NLD ခေါင်းဆောင်များ သည် အများပြည်သူအမြင်၌ တပ်မတော်နှင့် စည်းစည်းလုံးလုံး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ပြသနိုင်စေရန် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည်။ ဆန့်ကျင်ဖက်အနေဖြင့် ဗိုလ်ချုပ်မှူး ကြီးမင်းအောင်လှိုင်နှင့် စစ်တပ်ခေါင်းဆောင်များက အစိုးရ၏ အောင်မြင်မှုရလဒ်များကို ၎င်းတို့ကိုယ်ပိုင်အဖြစ် သဘောထား ပုံမပေါ်ခဲ့ကြပေ။ ဆန့်ကျင်ဖက်အမြင်သဘောထားမျိုးကိုသာ မကြာခဏဆိုသလို ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ ယင်းတို့၌ နိုင်ငံတော်သမ္မတရာထူးကို ဒေါ်အောင်ဆန်းစုကြည် ရယူနိုင် စေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် ပြုပြင် ပြောင်းလဲရေးလုပ်ငန်းများ ဖော်ဆောင်နိုင်ခြင်း မရှိစေရန် ပိတ် ဆို့ဟန့်တားမှုများလည်း အပါအဝင်ဖြစ်ခဲ့သည်။ သမ္မတ ဦးသိန်းစိန်ကိုယ်တိုင်ပင်လျှင် တပ်မတော်နှင့် မူဝါဒရေးရာ ကိုက်ညီမှုများပြုလုပ်ရာ၌ စိန်ခေါ်မှုအများအပြားကြုံတွေ့ခဲ့ ရသည်။ မည်သို့ပင်ဖြစ်စေ ၎င်းနှင့် ၎င်း၏ ဝန်ကြီးများအနေ ဖြင့်အရေးပါလှသည့် အဖွဲ့အစည်းပိုင်းအရ ချိတ်ဆက်ပေါင်း စည်းမှုများနှင့် အရပ်ဖက်နှင့် စစ်ဖက်ရေးရာ မဏ္ဍိုင်များကို အတူတကွ စုဖွဲ့နေရာချနိုင်စေရန် အစိုးရကိုအထောက်အကူ ပြုခဲ့သည့် ဘုံအကျိုးစီးပွားလိုလားချက်များမှ အကျိုးကျေးဇူး များရရှိခဲ့ကြသည်။ စစ်ဗိုလ်ချုပ်ဟောင်းတစ်ဦးဖြစ်သူ ဦးသိန်း

စိန်သည် ၂၀၁၁ ခုနှစ် မတ်လအတွင်း အာဏာစွန့်သွားခဲ့သည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ နောက်ဆုံးဝန်ကြီးချုပ်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

ဤကဲ့သို့သော နောက်ခံအခင်းအကျင်းကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ဥစ္စာရင်းပိုင်ရှင်အဖြစ် သဘောထားမှုနှင့် အရပ်ဖက်မိတ်ဖက်ဆောင်ရွက်မှုများ တဖြည်းဖြည်းဆုတ်ယုတ်လာခဲ့သည်။ နယ်စပ်ဒေသအများအပြား၌[၃၆] တိုက်ပွဲများ စဉ်ဆက်မပြတ်ဖြစ်ပွားလျက်ရှိသည့် အမှန်တရားသည်လည်း ပို၍မြင်သာထင်ရှားလာခဲ့သည်။ တပ်မတော်ဖက်က ၎င်းတို့၏ ကိုယ်ပိုင်မူဝါဒများကို ရှေ့တန်းတင်လာသည်နှင့်အမျှ အစိုးရအတွင်း၌ NLD နှင့် တပ်မတော်ဟူသည့်ညှိနှိုင်းဆွေးနွေးဖက် နှစ်ဖက်ရှိနေသည်ဟူသည့် ယုံကြည်မှုသည်လည်း ပိုမိုခိုင်မာလာခဲ့သည်။ အမှန်တကယ် တမ်း၌လည်း ၂၀၁၁–၂၁ ကာလ၏ အဓိကအကျဆုံး အမျိုးသားပြန်လည်သင့်မြတ်ရေးအရွေ့သည် အစိုးရနှင့် တိုင်းရင်းသားအင်အားစုများအကြား ဖြစ်ပွားခဲ့ခြင်းမဟုတ်ဘဲ ဗမာတိုင်းရင်းသားများအကြား အဓိကကျသည့် NLD နှင့် တပ်မတော်ဟူသည့် အင်အားစုနှစ်ခုကို ရင်ကြားစေ့ရန် ကြိုးပမ်းခဲ့ခြင်းသာဖြစ်သည်ဟူသည့် အမြင်သဘောထားများ တွင်ကျယ်ပျံ့နှံ့လာခဲ့သည်။ဤပုံသေနည်းအရကြည့်လျှင် 'လူနည်းစု'[၃၇] သို့မဟုတ် တိုင်းရင်းသားအကျိုး စီးပွားများ၏ အရေးပါမှုသည်သိသိသာသာ ဘေးရောက်နေခဲ့သည်။

ဤကဲ့သို့သော အဆီးအတားများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရာ၌ တိုင်းရင်းသားကိုယ်စားလှယ်များသည် NRPC ကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးကော်မရှင်တို့ကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်နိုင်သည့် လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝအပ်နှင်းပေးထားခြင်း မရှိသည့် ကိစ္စရပ်အပေါ် များစွာစိုးရိမ်မကင်း ဖြစ်မိကြောင်း မကြာခဏဆိုသလို ဝေဖန်ထောက်ပြခဲ့ကြသည်။ ပြန်လည်ဖြေဆိုရာ၌ NRPC ကိုယ်စားလှယ်များက ၎င်းတို့၏ ညှိနှိုင်းဆွေးနွေးရေးမိတ်ဖက်အင်အားစုများအား ၎င်းတို့အနေဖြင့် 'အထက်အာဏာပိုင်များထံသို့' ဤသတင်းစကားများကို ပြန်လည်သယ်ဆောင်သွားရမည့် တာဝန်သာရှိသည်ဟု ပြောဆိုသွားခဲ့သည်။ သို့သော်လည်း ဤအဖြေကို မည်သည့်အခါကမျှ ကျေနပ်ဖွယ်ရာကောင်းသည့် ဖြေရှင်းချက်မျိုးအဖြစ် လက်သင့်မခံခဲ့ကြပေ။ တစ်ပူပေါ်နှစ်ပူဆင့်သည့် နောက်ထပ်ကိစ္စရပ်တစ်အဖြစ် တိုင်းရင်းသားကိုယ်စားလှယ်များအတွက် MPC အပါအဝင် ညှိနှိုင်းရေးခေါင်းဆောင်များဖြစ်ကြသည့် ဦးအောင်မင်းနှင့် ဦးစိုးသိန်းတို့ကိုသာမက ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဒေသန္တရ အာဏာပိုင်များကိုပါ တိုက်ရိုက်ချိတ်ဆက်ပြောဆိုနိုင်ခဲ့သည့် ဦးသိန်းစိန်အစိုးရ လက်ထက်နှင့်စာလျှင် NLD အစိုးရလက်အောက်၌ ထိပ်ပိုင်းခေါင်းဆောင်များကို လက်လှမ်းမီခွင့်ဆက်ပြောဆိုနိုင်ရန် ၎င်းတို့အတွက် ပိုမိုခဲယဉ်းလာခဲ့သည်။

ဤရလဒ်သည် လုံးဝမျှော်လင့်ထားခြင်း မရှိသည့် ဝိရောဓိဖြစ်ခဲ့သည်။ ဆယ်စုနှစ်သုံးခုကျော်အတွင်း ပထမဦးဆုံးအကြိမ်မြောက် ဒီမိုကရေစီထုံးနည်းစံကျ ရွေးကောက်ခံဖြစ်လာခဲ့သည့် NLD ဦးဆောင်သည့် အစိုးရလက်ထက် ငြိမ်းချမ်းရေးအရွေ့များ သိသိသာသာ အလှည့်အပြောင်းဖြစ်ခဲ့သည်မှန်သော်လည်း ပိုကောင်းဖို့ဖြစ်လာသည်ဟု ပြောဆိုရန် ခဲယဉ်းနေဆဲဖြစ်သည်။ ဦးသိန်းစိန်အစိုးရထက်စာလျှင် ဆန့်ကျင်ဖက်အဖြစ် အာဏာစက်ကြီးများပေါ် ရပ်နေကြသည့် ဆုံးဖြတ်ချက်ချမှတ်သူများအား တိုင်းရင်းသားများ၏ အမြင်သဘောထားကို နားလည်သဘောပေါက်ပြီးမှ သဘောတူညီချက်ရယူသွားရန် ကြိုးစားပမ်းစား စည်းရုံးနားချသွားရမည့် အစိုးရ၏ ကြားခံကိုယ်စားလှယ်များအပေါ် EAOs များယုံကြည်စိတ်ချမှု နည်းပါးနေကြဆဲဖြစ်သည်။

နိုင်ငံတကာ အစီအစဉ်သစ်များသည်လည်း NCA လက်မှတ်ရေးထိုးမှုနှင့်အတူ ဒွန်တွဲလိုက်ပါလာခဲ့သည့် ရှေ့နောက်ကြောင်းကျိုးညီညွတ်မှု မရှိသည့် ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်ခဲ့ကြသည်။ မီးမောင်းထိုးဆွဲထုတ်ပြနိုင်သည့် ချဉ်းကပ်မှုပုံစံ အများအပြားရှိနေခဲ့သည်။

- အထူးသဖြင့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးအသီးအပွင့်တစ်ခုအဖြစ် သမ္မတရှီကျင့်ဖျင်၏ခါးပတ်နှင့် လမ်းအစီအစဉ် (BRI) ကိုအားပေးမြှင့်တင်သွားမည့် ကန့်လန့်ကာနောက်ကွယ်မှ ပါဝင်လာခဲ့သည်။
- အနောက်တိုင်းအလှူရှင်များက NCA နှင့်လက်မှတ်ထိုးအဖွဲ့ဝင်များကို အထူးတလည် အလေးပေးအာရုံစိုက်သွားမည့် ပူးတွဲငြိမ်းချမ်းရေးရန်ပုံငွေ (JPF) ကို ထူထောင်၍ ပြည်တွင်း၌ သိသိသာသာလူလုံးထွက်ပြလာခဲ့သည်။
- ကိုဖီအာနန်ဦးဆောင်သည့် 'ရခိုင်ပြည်နယ်ဆိုင်ရာအတိုင်ပင်ခံကော်မရှင်' သည် ရခိုင်ပြည်နယ်တစ်လွှားလိုက်လံဆွေးနွေးတိုင်ပင်၍ လေ့လာသုတေသနပြုခဲ့သည်။[၃၉]

တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ[၃၈]

အာရက္ခတပ်တော်/ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် ၁၂၄
ရခိုင်လွတ်မြောက်ရေးပါတီ ၁၅
ရခိုင်ပြည်အမျိုးသားကောင်စီ ၁၇
ချင်းအမျိုးသားတပ်ဦး ၁၅၆
ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော် ၁၅#၆
ကချင်လွတ်လပ်ရေးအဖွဲ့အစည်း ၁၂၈၉
ကရင်အမျိုးသားအစည်းအရုံး ၁၅၆
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ၁၅၇
ကေအန်ယူ/ကေအန်အယ်အေ ငြိမ်းချမ်းရေးကောင်စီ ၁၅#၆
လားဟူဒီမိုကရက်တစ်အစည်းအရုံး ၁၆+၇
မြန်မာအမျိုးသားဒီမိုကရေစီ မဟာမိတ်အဖွဲ့ ၁၂၈
အမျိုးသားဒီမိုကရက်တစ် တပ်ပေါင်းစုတပ်မတော် ၃၅#
နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ-ကပ်ပလန် ၅*
မွန်ပြည်သစ်ပါတီ ၁၅#၆၇
ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ ၁၅၆
သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ၅၆
သျှမ်းပြည်တိုးတက်ရေးပါတီ ၁၃၅#၈
တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် ၁၂၈
ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်/ပါတီ ၃၅#
ဝအမျိုးသားအဖွဲ့အစည်း ၁၈**
မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ၅၆***

၁ နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုကိုယ်စားလှယ်အဖွဲ့
၂ မြောက်ပိုင်းမဟာမိတ်အဖွဲ့ (KIO ပါဝင်မှုမရှိပါက ညီနောင်များမဟာမိတ်အဖွဲ့)
၃ ဖက်ဒရယ်နိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှု အတိုင်ပင်ခံကော်မတီ
၄ နားလည်မှုဖြင့် အပစ်အခတ်ရပ်စဲထားခြင်း၊ ၂၀၂၀ ခုနှစ် နိုဝင်ဘာလ
၅ ၂၀၁၁-၁၂ အတွင်း အစိုးရနှင့် နှစ်ဖက်အပစ်အခတ်ရပ်စဲရန်
(သို့မဟုတ် ပြန်လည်အပစ်ရပ်ရန်) သဘောတူညီခြင်း
၅# ၂၀၁၁-၁၂ ခုနှစ်အတွင်း နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးခဲ့သည့် ရှိရင်းစွဲအပစ်အခတ်ရပ်စဲရေး
၆ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အဖွဲ့ဝင်
၆+ နှစ်ဖက်ကနဦး အပစ်အခတ်ရပ်စဲထားခြင်းမရှိခဲ့ဘဲ ၂၀၁၈ ခုနှစ်၌ NCA လက်မှတ်ရေးထိုးခဲ့ခြင်း
၇ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ
၈ UNFC အဖွဲ့ဝင်ဟောင်း
၉ ၂၀၁၃ ခုနှစ် ရန်လိုတိုက်ခိုက်မှုများ လျှော့ချရေးသဘောတူညီချက်
* အိန္ဒိယအထိ သက်ဝင်လှုပ်ရှားမှုရှိခြင်း
** UWSP နှင့် ပေါင်းစည်းသွားပြီးနောက်ပိုင်း လက်ရှိအဆင့်အတန်းမည်သို့ရှိနေကြောင်း မသေချာ
*** တိုင်းရင်းသားနယ်မြေဒေသများ၌ အခြေစိုက်လှုပ်ရှားလျက်ရှိသည့် တိုင်းရင်းသားမဟုတ်သည့်တပ်ဖွဲ့

- ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးမှူးများကလည်း ပဋိပက္ခဆက်လက် သက်ဆိုးရှည်နေခဲ့သည့် အခြေအနေများကို မီးမောင်းထိုးထောက်ပြခဲ့ကြသည်။[၄၀]
- ထို့အပြင် အစိုးရအရာရှိများ၊ တပ်မတော်ကိုယ်စားလှယ်များနှင့် NCA လက်မှတ်ထိုးအဖွဲ့ဝင်များအား ကိုလံဘီယာ၊ တောင်အာဖရိက၊ နီပေါ၊ ဆွစ်ဇာလန်နှင့်အိုင်ယာလန်မြောက်ပိုင်း ကဲ့သို့သော နယ်မြေဒေသများသို့ "ငြိမ်းချမ်းရေးလေ့လာရေး" ခရီးစဉ်များ ပြုလုပ်နိုင်စေရန်လည်း ထောက်ပံ့ပေးခဲ့ကြသည်။[၄၁]

နိုင်ငံတကာဇာတ်ကောင်များ အနေဖြင့် မတူကွဲပြားသည့်မူဝါဒများနှင့် အစီအစဉ်များ၌ အကြီးအကျယ်ရင်းနှီးမြှုပ်နှံလာခဲ့သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာ ငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီကို ဦးတည်သည့် အားလုံးလွှမ်းခြုံပါဝင်မှုရှိရေး လုပ်ငန်းစဉ်ကို သိသိသာသာ တိုးတက်ကောင်းမွန်လာအောင် စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ကြပေ ('ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၌ ပါဝင်နေကြသည့် နိုင်ငံတကာဇာတ်ကောင်များ' စာကွက်ကို ကြည့်ပါ)။

အလားတူပင် ဤကဲ့သို့သော နိုင်ငံတကာအစီအစဉ်များကို ရှေ့တန်းတင်လာခြင်းသည် အာရုံထွေပြားသွားစေရန်လမ်းလွှဲခြင်းသက်သက်သာဖြစ်ပြီး ပြည်တွင်းအကွဲအပြဲများကို ရင်ကြားစေ့ကုစားပေးမည့် လုပ်ငန်းစဉ်များကို ရေးဆွဲပြင်ဆင်ရမည့်အစား မလိုလားအပ်သည့် အဟန့်အတားများကိုသာ ဆောင်ကျဉ်းလာခဲ့သည်ဟု တိုင်းရင်းသားခေါင်းဆောင်အများအပြား လက်ခံယုံကြည်နေခဲ့ခြင်းကလည်း စိုးရိမ်စရာကောင်းသည့် အချက်တစ်ခုဖြစ်နေခဲ့သည်။ ပြင်ပအကျိုးစီးပွားလိုလားချက်များကို လက်ခံကြိုဆိုခဲ့ကြသည်မှန်သော်လည်း စောဒကတက်ဝေဖန် ထောက်ပြမှုများ ဆက်တိုက်ဆိုသလို ပေါ်ထွက်လာခဲ့သည်။ ပထမအချက်အနေဖြင့် နိုင်ငံတကာဇာတ်ကောင်များသည် ရှိရင်းစွဲ အရေးပေါ်နိုင်ငံရေးပြဿနာများကို ကိုင်တွယ်ဖြေရှင်းရမည့်အစား NCA ကို ထောက်ခံအားပေးကြရန် ပြည်တွင်းအကျိုးပတ်သက်ပါဝင်သူများကို လမ်းလွှဲပစ်ခဲ့သည် ဟူသည့်အသံများ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာခဲ့သည်။ ဒုတိယအချက်အဖြစ် ၎င်းတို့ကိုယ်ကို အစိုးရနှင့် အလွန်နီးကပ်စွာ နေရာချထားခဲ့ကြသည့် နိုင်ငံတကာဇာတ်ကောင်များသည် အာဏာချိန်ခွင်လျှာမညီသည့် ပိုနေမြဲကျားနေမြဲ အနေအထား ဆက်လက်သက်ဆိုးရှည်နိုင်စေရန် ကျားကန်ပေးခဲ့ကြသည်။ တတိယအချက်အဖြစ် NCA ကိုသာ အလေးပေးအာရုံစိုက်လွန်းခဲ့သည့် ၎င်းတို့အနေဖြင့် ပဋိပက္ခမျက်နှာစာ၏ အကြီးမားဆုံးသော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် မစွမ်းသာခဲ့ကြောင်း သက်သေပြနေခဲ့သည်။ စတုတ္ထမြောက်အချက်မှာ ပြည်တွင်းအဖွဲ့အစည်းများနှင့် အစီအစဉ်များကို ၎င်းတို့အနေဖြင့် များစွာလျှော့တွက်ခဲ့ကြခြင်းဖြစ်သည်။

ဤကဲ့သို့သော ဝေဖန်ထောက်ပြချက်များကို တစ်ကြိမ်တစ်ခါမှ အရေးလုပ်ဖြေရှင်းရန် မကြိုးစားခဲ့ကြပေ။ နဝတ-နအဖလက်ထက်၌ အများပြည်သူကို ဦးစီးဦးဆောင်ပြုလျက်ရှိသည့် သိက္ခာတော်ရဆရာဆဘိုင်းဂျမ် (ကချင်)၊ ပါမောက္ခထွန်းအောင်ချိန်း (ကရင်) နှင့် ဘုန်းတော်ကြီးဆိုတေးရိ (ကယား) ကဲ့သို့သော ပုဂ္ဂိုလ်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ အစိုးရနှင့် EAO နှစ်ဖက်စလုံး လက်ခံသဘောတူသည့် ဦးစီးခေါင်းဆောင်နေရာမှ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ သို့သော်လည်း ပြည်တွင်း၌ လက်မှတ်ထိုးအဖွဲ့ဝင်များနှင့် လက်မှတ်ရေးထိုးထားခြင်းမရှိသူများဟူ၍ အကွဲအပြဲဖြစ်စေခဲ့သည့် NCA လက်မှတ်ရေးထိုးခဲ့ပြီးနောက်ပိုင်း ငြိမ်းချမ်းရေးအားနည်းချက်များကိုကူညီဖြေရှင်းပေးနိုင်သည့် နယ်ခံကြားဝင်ဖျန်ဖြေရေးသမားများ၏ လုပ်ရည်ကိုင်ရည်များ တဖြည်းဖြည်းမှေးမှိန်ပျောက်ကွယ်သွားခဲ့သည်။ နိုင်ငံတကာအဖွဲ့အစည်းများကိုသာရန်ပုံငွေအများဆုံး ထောက်ပံ့နေကြသည့် နိုင်ငံတကာအလှူရှင်များကြောင့် NLD နှင့် တပ်မတော် နှစ်ဖက်စလုံးကလည်း နယ်ခံဖျန်ဖြေရေးသမားများကို အလိုရှိပုံ မပေါ်တော့ပေ။ ရလဒ်အနေဖြင့် ငြိမ်းချမ်းရေးဗိသုကာပုံစံသည် နယ်ခံလူထုလူတန်းစားများနှင့် အဖွဲ့အစည်းများအနေဖြင့် ဖယ်ကြဉ်ချန်လှပ်ခံခဲ့ရသည်ဟု ယူဆထားကြသည့် ရှုပ်ထွေး၍ ဗျူရိုကရေစီဆန်လွန်းသည့် ခေါင်းစဉ်အလိုက်ကဏ္ဍများနှင့် ကော်မတီများကိုသာ ရုပ်လုံးပေါ်လာစေခဲ့သည် ('NCA အကောင်အထည်ဖော်ရေးယန္တရား' စာကွက်ကိုကြည့်ပါ)။

၂၀၂၁ ခုနှစ် အာဏာသိမ်းရန် ကြိုးပမ်းခဲ့ချိန်မှစ၍ တပ်မတော်ခေါင်းဆောင်များ အားလုံးလွှမ်းခြုံပါဝင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လက်ခံသဘောတူလိုသည့် စိတ်ဆန္ဒမရှိဟု သုံးသပ်ယူဆခဲ့ကြသည့် သံသယများကို နောက်တစ်ကြိမ် ပိုမိုခိုင်မာသွားစေခဲ့ပြန်သည်။ ဆယ်စုနှစ်ခြောက်ခုကျော်ကြာမြင့်လာခဲ့သည့် ပြည်တွင်းစစ်ကို အဆုံးသတ်ပေးမည့် ခိုင်မာသေချာသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ် ချမှတ်အကောင်အထည်ဖော်ရေး ကိစ္စသည် မည်သည့်အခါကမှ လွယ်ကူရိုးထုံးစံမရှိခဲ့ပေ။ သို့သော်လည်း ပဋိပက္ခအင်အားစုများအကြား နိုင်ငံရေးဆန္ဒသာ ရှိခဲ့မည်ဆိုလျှင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ကျိန်းသေရရှိလာလိမ့်မည်ဟူ

သည့် ယုံကြည်ချက်မျိုး အမြဲလိုလိုရှင်သန်နေကြဆဲဖြစ်သည်။ NLD အစိုးရသက်တမ်းတစ်လျှောက် ညှိနှိုင်းဆွေးနွေးခဲ့ကြသည့် အင်အားစုတိုင်းလိုလို ဤအချက်ကို တစ်ဦးချင်းအခြင်အရလက်ခံအသိအမှတ်ပြု ထားကြပြီးဖြစ်သည်။

မည်သို့ဆိုစေ မြန်မာနိုင်ငံသည် NCA လက်မှတ်ရေးထိုးပြီးနောက် ငြိမ်းချမ်းသွားသည့် နိုင်ငံတစ်ခုဖြစ်လာရမည့် အစား နိုင်ငံ၏နယ်မြေဒေသ အများအပြားဌ ဆိုးရွားပြင်းထန်လွန်းလှပြီး တစ်ခါတစ်ရံ အကြီးအကျယ်ထိခိုက်ပျက်စီးစေတတ်သည့် လက်နက်ကိုင်ပဋိပက္ခနှင့် နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ရမှုများဖြင့် ကျွမ်းထိုးမှောက်ခုံဖြစ်နေခဲ့သည်။ အတောမသတ်နိုင်သည့် ခေတ်နောက်ပြန်ဆွဲလုပ်ရပ်များနှင့် အရွေ့များအလျင်အမြန်ပင် အားကောင်းလာခဲ့သည်။ ငြိမ်းချမ်းရေးကိုဦးတည်ကာအားလုံးကိုလွှမ်းခြုံပါဝင်စေမည့်လမ်းပြမြေပုံတစ်ခု ရေးဆွဲပြင်ဆင်၍ အကောင်အထည်ဖော်ရန် ပျက်ကွက်စေခဲ့သည့် အားနည်းချက်များ၏ ရေသောက်မြစ်သည်လုပ်ငန်းစဉ်အတွင်းရှေ့နောက်ညီညွတ်မှုကင်းမဲ့နေခြင်းပင်ဖြစ်သည်။ မည်မျှပင် ရည်မှန်းချက်ကြီးခဲ့သည်ဖြစ်စေ NCA သည် တစ်နိုင်ငံလုံးအတိုင်းအတာ တစ်ဆစ်ချိုးအလှည့်အပြောင်းမျိုးကို ဆောင်ကျဉ်းပေးနိုင်ခြင်း မရှိခဲ့ပေ။

ယုံကြည်မှုတည်ဆောက်ရေးနှင့် ယုံကြည်မှုဖောက်ဖျက်ခြင်း

– ဖယ်ကြဉ်ချန်လှပ်ထားသည့် နိုင်ငံရေးကစားကွက်

ဆယ်စုနှစ်ပေါင်းများစွာ တိုက်ခိုက်လာကြပြီး အပစ်အခတ်ရပ်စဲရေးကြိုးပမ်းမှုများ အောင်မြင်မှု မရှိခဲ့ခြင်းက အစိုးရနှင့် အတိုက်အခံတိုင်းရင်းသား အင်အားစုများအကြားသော်လည်းကောင်း၊ လူနည်းစုတိုင်းရင်းသား အင်အားစုများအကြား၌သော်လည်းကောင်း နက်နက်ရှိုင်းရှိုင်း အယုံကြည်ကင်းမဲ့သွားစေခဲ့သည်။ အလားတူပင် လူထုလူတန်းစား အများအပြား အတွက်အစိုးရသည် ၂၀၂၁ ခုနှစ် အာဏာမသိမ်းမီ ကာလအတန်ကြာကတည်းက တိုင်းရင်းသားနိုင်ငံရေးကို စစ်ပုံသွင်းလာခဲ့သည့် တပ်မတော်နှင့် ထူးမခြားနားဖြစ်လာခဲ့သည်။ ၁၉၆၂ ခုနှစ်မှ ၂၀၁၁ ခုနှစ်အကြား ဗိုလ်ချုပ်နေဝင်း၏ 'မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်ပါတီ' မှသည် ဗိုလ်ချုပ်သန်းရွှေ၏ နဝတ–နအဖလက်ထက်အထိ စစ်အုပ်ချုပ်ရေးသည် အဆီးအတားမရှိ ဆက်လက်သက်ဆိုးရှည်နေခဲ့သည်။

ဤကဲ့သို့သော ဆိုးမွေများရှိနေလင့်ကစား USDP နှင့် NLD တို့၏ အရပ်သားတစ်ပိုင်း စစ်အစိုးရများအောက်၌ ပဋိပက္ခအင်အားစုများအကြား ခေါ်ယူကျင်းပခဲ့ကြသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် မတူညီသည့် အစွန်းနှစ်ဖက်၌ ရပ်နေကြသူများအကြား ရှေ့ပြေးအပြန်အလှန်နားလည်မှုအချို့ကို ဆောင်ကျဉ်းပေးနိုင်ခဲ့သည်။ အလွန်အရေးပါသည့် အရွေ့တစ်ခုအဖြစ်သမ္မတဦးသိန်းစိန်ကြွေးကြော်ခဲ့သည့်ပြည်တွင်းစစ်ကို အဆုံးသတ်၍ 'ဖက်ဒရယ်ပြည်ထောင်စု' တည်ဆောက်သွားမည်ဟူသည့် ကတိကဝတ်ကို သမိုင်းတွင်မည့် အလှည့်အပြောင်းတစ်ခုအဖြစ် ရည်ညွှန်းပြောဆိုခဲ့ကြသည်။[၄] သို့သော်လည်း ယုံကြည်ချက်များတာရှည်မခံခဲ့ဘဲ ကာလတို အတွင်း မှေးမှိန်ပျောက်ကွယ် သွားခဲ့သည်။

ဆယ်စုနှစ်တစ်ခုအကြာ၌ ယုံကြည်မှု ကင်းမဲ့နေခဲ့သည့်အခြေအနေသည် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် အာဏာသိမ်းရန် မကြိုးပမ်းမီကတည်းက ငြိမ်းချမ်းရေးဆွေးနွေးပွဲတစ်လျှောက် စိန်ခေါ်မှုကြီးတစ်ရပ်အဖြစ် အထင်အရှားရှိနေခဲ့သည်။ ဦးသိန်းစိန်၏ သမ္မတသက်တမ်းအတွင်း နှစ်ဖက်အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှုနှင့် နောက်ပိုင်း NCA လုပ်ငန်းစဉ်အတွင်းယုံကြည်မှုတည်ဆောက်၍အတူတကွအရဲစွန့်ခဲ့ကြသည့် တစ်သီးပုဂ္ဂလများနှင့် အဖွဲ့အစည်းအများအပြား ပါဝင်လာခဲ့ကြသည်။ ဤအရွေ့သည် ပဋိပက္ခဖြစ်နေခဲ့ကြသည့် အင်အားစုများ အားလုံးအတွက် အတွေ့အကြုံသစ်တစ်ခု ဖြစ်နေခဲ့သည်။ ယုံကြည်မှုတည်ဆောက်ရာ၌ ဆက်ဆံရေးတည်ဆောက်ခြင်း၊ အကြိမ်ပေါင်းများစွာ တွေ့ဆုံစည်းဝေးခြင်းနှင့် အလွတ်သဘောထိတွေ့ဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆွေးနွေးရာမှ ထွက်ပေါ်လာခဲ့သည့် ကတိကဝတ်များကို အပြန်အလှန် လိုက်နာဆောင်ရွက်ခြင်းနှင့်နောက်ကြောင်းပြန်လိုသည့်အဟန့်အတားများကိုရင်ဆိုင်ကျော်လွှားနိုင်သည်အထိ ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားလိုသည့် စိတ်ဆန္ဒမျိုး မရှိမဖြစ်လိုအပ်သည်။ အချုပ်ဆိုရသော် စားပွဲပေါ်၌ မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးကြရုံမျှဖြင့် လုံလောက်လိမ့်မည်မဟုတ်ဟု သုံးသပ်ယူဆနိုင်ပါသည်။

အထူးသဖြင့် NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း အယုံအကြည်တန်သွားစေသည့် သံသရာသစ်တစ်ခု စတင်လည်ပတ်လာခဲ့ပြန်သည်။ အစကနဦးကတည်းကပင် အားလုံးလွှမ်းခြုံပါဝင်မှုမရှိသည့် ပြဿနာပေါ် သန္ဓေတည်နေခဲ့ခြင်းဖြစ်သည်။ စစ်အစိုးရအဆက်ဆက်သည် မြန်မာပြည်တွင်း၌ 'ဖယ်ကြဉ်ချန်လှပ်ထားသည့် နိုင်ငံရေးကစားကွက်' ကိုနှစ်ရှည်လများ ကြိုးဆွဲလာခဲ့ကြသူများဖြစ်သည်။ တိုင်းရင်း

သားအင်အားစုများနှင့် ဆွေးနွေးတိုင်ပင်မှု အလွန်နည်းပါးခဲ့ပြီးအာဏာခွဲဝေမှု မရှိသလောက်ဖြစ်နေခဲ့သည်။ ဤကိစ္စရပ်သည်ပဋိပက္ခကို 'ကိုင်တွယ်ဖြေရှင်းခြင်း' ထက်စာလျှင် 'စီမံခန့်ခွဲနိုင်ရန်' သာကြိုးပမ်းနေခြင်းဖြစ်သည်ဟုဆိုနိုင်သည့်ငင်းတို့ခေတ်အဆက်ဆက် ကိုင်စွဲလာခဲ့သည့် မဟာဗျူဟာအစိတ်အပိုင်းတစ်ခုဖြစ်နေခဲ့သည်။ နိုင်ငံလွတ်လပ်ရေး ရရှိခဲ့သည့် ၁၉၄၈ ခုနှစ်ကတည်းက ဒေသန္တရနှင့် ဗဟိုအဆင့်နှစ်ရပ်စလုံး၌အုပ်ချုပ်ရေးအာဏာ လွန်ဆွဲလာခဲ့သည့် ပဋိပက္ခအခင်းအကျင်းသည် တစ်ကမ္ဘာလုံး၌ ပြိုင်ဆိုင်မှု အပြင်းထန်ဆုံးဖြစ်ခဲ့သည်။ ဝိရောဓိဆန်ဆန်ပင် အဆိုပါစိန်ခေါ်မှုများနှင့် တောင်းဆိုမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အစိုးရ သို့မဟုတ် ပြည်တွင်းနိုင်ငံရေး ဇာတ်ခုံအတွင်း အပြောင်းအလဲပြုလုပ်မှု အနည်းအကျဉ်းမျှသာ ရှိခဲ့သည်။

၁၉၅၀ ပြည့်လွန်နှစ်များ၏ ပါလီမန်ခေတ်ကို လည်ပြန်ကြည့်ပါကပြည်တွင်း၌တပ်မတော်သည်သာလျှင်လွှမ်းမိုးချုပ်ကိုင်မှုအများဆုံး အဖွဲ့အစည်းနှင့် အကြီးမားဆုံးသော အမျိုးသားရေး အင်အားစုအဖြစ် ဆက်လက်တည်တံ့နေခဲ့သည်။ အစိုးရအဆက်ဆက်ကို ၁၉၄၇ ခုနှစ်၊ ၁၉၇၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်ဟူသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ သုံးရပ်ဖြင့် ကြပ်မတ်ထိန်းကျောင်းလာခဲ့ခြင်းဖြစ်သည်။ ယခုတစ်ကြိမ်၌ တပ်မတော်ကို ဝေဖန်ထောက်ပြနေကြသူများက ထိပ်ပိုင်းတပ်မှူးများသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ အပစ်အခတ်ရပ်စဲရေးကြေညာချက်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့များကို အားပေးအားမြှောက်ပြုလုပ်ခြင်းကဲ့သို့သော နည်းဗျူဟာများကို ယာယီအရေးယူ ဆောင်ရွက်ချက်များအဖြစ် အသုံးပြု၍ တနည်းနည်းဖြင့် ပဋိပက္ခနယ်မြေများသို့ အစိုးရအာဏာသက်ရောက်လာစေရန် ကြိုးပမ်းလျက်ရှိသည်ဟု ယုံကြည်ခဲ့ကြသည်။[၄၄] အနှစ်သာရအားဖြင့် တပ်မတော်သည် မြန်မာ့လူ့အဖွဲ့အစည်းနှင့် နိုင်ငံရေးမျက်နှာစာအားလုံး၌ အကြွင်းမဲ့လုပ်ပိုင်ခွင့်ရရှိစေမည့် 'အထူးလုပ်ပိုင်ခွင့်' အာဏာရရှိစေရန် 'နိုင်ငံအတွင်း၌သီးခြားအစိုးရ' တစ်ရပ်ကဲ့သို့ ဆက်လက်ပြုမူနေခဲ့သည်။[၄၅] ယနေ့အချိန်ထိတိုင် 'ပြောင်းလဲရေးသဘောတရား' သို့မဟုတ် အဆုံးသတ်ပဋိပက္ခဖျန်ဖြေရေး အရွေ့မျိုး ရုပ်လုံးပေါ်လာခြင်း မရှိသေးပေ။

တပ်မတော်၏ အပစ်အခတ်ရပ်စဲရေး မဟာဗျူဟာများသည် ယခင်ရှေ့ပိုင်းက နဝတ-နအဖလက်ထက်၌ ပထမဦးဆုံးအကြိမ်အဖြစ် တိုးတက်မှုတန့်သွားခဲ့သည့် အရွေ့သစ်တစ်ခုကို ရောက်ရှိသွားခဲ့ဖူးခြင်းဖြစ်သည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်း ၎င်းဗျူဟာအတွင်း အင်အားကြီးလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် တရုတ်နယ်စပ်အခြေစိုက် ကချင်၊ ကိုးကန့်၊ 'ဝ' နှင့် အခြား EAOs များကို အပစ်အခတ်ရပ်စဲထားရန်နှင့် တစ်ချိန်တည်းလိုလိုသို့ ထိုင်းနယ်စပ်အခြေစိုက်အဖွဲ့အစည်းများဖြစ်ကြသည့် ကရင်၊ ကရင်နီ၊ မွန်နှင့် အခြားအပစ်ရပ်ထားခြင်း မရှိသေးသည့် အင်အားစုများကို ထိုးစစ်ဆင်တိုက်ခိုက်ရင်း တစ်ပြိုင်တည်း ဘက်ပြောင်းခိုလှုံမှုများပေါ်ပေါက်လာအောင် စည်းရုံးလှုံ့ဆော်ကာ ခွဲထွက်အဖွဲ့များနှင့်သဘောတူညီမှုများ ရယူသွားမည့် အဓိကအင်္ဂါရုပ်နှစ်ခုပါဝင်နေခဲ့သည်။ ဤအရွေ့သည် နိုင်ငံအတွင်းရှိ ပဋိပက္ခဒဏ်သင့်နယ်မြေဒေသများ၌ အတိုက်အခံ လက်နက်ကိုင်အင်အားစုများ ချိန်ခွဲအားနည်းသွားစေရန်ကြိုးပမ်းဆောင်ရွက်သွားမည့်တပ်မတော်၏ ပြည်သူ့စစ် သို့မဟုတ် 'ရပ်ရွာအခြေပြုတပ်ဖွဲ့' အစီအစဉ်ကို အရှိန်မြှင့်ဖော်ဆောင်သွားမည့် ကနဦးအစဖြစ်လာခဲ့သည် ('ပြည်သူ့စစ်တပ်ဖွဲ့များနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ' စာကွက်ကိုကြည့်ပါ)။

တပ်မတော်ခေါင်းဆောင်များက ဗိုလ်ချုပ်နေဝင်း၏ တစ်ပါတီအာဏာရှင်စနစ်ကို ဖြုတ်ချပစ်ခဲ့သည့် ၁၉၈၈ ခုနှစ် ဒီမိုကရေစီသပိတ်များအပြီး နဝတအစိုးရအပေါ် ရိုက်ခတ်လာနိုင်သည့် အရဲစွန့်ရမှုအန္တရာယ် မြင့်မားလွန်းနေခဲ့သဖြင့် ဤကဲ့သို့သော ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ရခြင်းဖြစ်သည်။ 'မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်' အောက်၌ ရာစုနှစ်လေးပုံတစ်ပုံမျှ အလုံပိတ်ထားခဲ့သည့် တံခါးပိတ်ဝါဒ ဆုံးခန်းတိုင်သွားတော့သည်။ ၎င်းတို့၏ ရှင်သန်ရေးအတွက် အစိုးရသစ်သည် စည်းလုံးညီညွတ်သော တိုင်းရင်းသားများစုဖွဲ့ထားသည့် အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု (၁၉၇၆ ခုနှစ်၌ တည်ထောင်ခဲ့သည့် NDF)၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွှန့်ပေါင်းအစိုးရ (၁၉၉၀ ခုနှစ်၌ ဖွဲ့စည်းခဲ့သည့် NCGUB)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (၁၉၉၂ ခုနှစ်၌ တည်ထောင်ခဲ့သည့် NCUB) တို့အပါအဝင် ဒီမိုကရေစီတော်လှန်ရေးကို လိုလားထောက်ခံခဲ့ကြသည့် အခြားအစိုးရအတိုက်အခံမဟာမိတ်အဖွဲ့များကိုမြေလှန်ဖြိုခွဲရန် ရည်ရွယ်ခဲ့သည်။[၄၆] တပ်မတော်၊ NLD နှင့် တိုင်းရင်းသားအင်အားစုများအကြားသုံးပွင့်ဆိုင်လွန်ဆွဲပွဲ၏ အဆုံးတစ်နေ့၌ မည်သူအနိုင်ရမည်ဖြစ်ကြောင်း ကံသေကံမဟောကိန်းထုတ်ရန် ခဲယဉ်းလှသည်။

ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများနှင့် အပစ်အခတ်ရပ်စဲရေး လုပ်ငန်းများအပေါ် အယုံအကြည်ကင်းမဲ့မှုများ ယနေ့အချိန်ထိ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေဆဲ ဖြစ်သည့် အကြောင်းရင်းကို ရှင်းရှင်းလင်းလင်း သိမြင်နိုင်ရန်အတွက် ဤအဖြစ်အပျက်များကို နားလည်သဘောပေါက်ရန် အလွန်

ကေအိုင်အို၏တပ်ဖွဲ့ဝင်များနှင့် ပြည်ထောင်စုစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းအောင်ရေးဆောင်ရွက်ရေးဌာန (ပကဌ) တို့ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း မြစ်ကြီးနားမြို့ ပကဌ ရုံးတွင် ပြုလုပ်ခဲ့သော ဆွေးနွေးပွဲအစည်းအဝေးမှ တစ်ပိုင်းတစ်စ။ (ဓာတ်ပုံ - ပကဌ)

အရေးကြီးသည်။ အချိန်ကြာလာသည်နှင့်အမျှ တပ်မတော်၏လက်သင့်ရာစားတော်ခေါ်သည့် နည်းဗျူဟာများ ပို၍မြင်သာထင်ရှားလာခဲ့သည်။ ပဋိပက္ခစီမံခန့်ခွဲရေး မဟာဗျူဟာနှင့်အညီ နဝတ-နအဖ အစိုးရအဆက်ဆက် 'စည်းလုံးညီညွတ်သည့်အင်အားစု' အဖွဲ့အစည်းများ သို့မဟုတ် ဗမာလူများစုအစုအဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးခွင့်မပြုခဲ့ပေ။ တစ်ချိန်တည်းလိုလို၌ ၁၉၈၈ ခုနှစ် ဖြိုခွဲနှိမ်နင်းမှုကြောင့်ဒီမိုကရေစီအရေးလှုပ်ရှားတက်ကြွသူအများအပြားလာရောက်ခိုလှုံရန် ကြိုးပမ်းခဲ့ကြသည့် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)နှင့် NDF အမာခံနယ် မြေများရှိ အခြား NCUB အဖွဲ့ဝင်များ သို့မဟုတ် မဟာမိတ်များအပေါ် စစ်ရေးအရထိုးစစ်ဆင်တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာခဲ့သည်။ ထိုအချိန်မှစ၍ ဆယ်စုနှစ်တစ်ခုအတွင်း ကရင်၊ ကရင်နီနှင့် မွန်အရပ်သားပြည်သူပေါင်း ၁၅၀၀၀၀ မျှ ထိုင်းနိုင်ငံ (နှင့် အိန္ဒိယနိုင်ငံသို့ ခိုလှုံသွားကြသည့် ချင်းအများအပြား) ရှိ စစ်ဘေးဒုက္ခသည်စခန်းများသို့ တိမ်းရှောင်ခိုလှုံသွားခဲ့ပြီး ကျန်အများအပြားသည် နေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်သူများအဖြစ် ပြည်တွင်း၌သာ ဆက်လက်နေရစ်ခဲ့ကြသည်။

ဆန့်ကျင်ဖက်အနေဖြင့် တပ်မတော်သည် ၁၉၈၉ ခုနှစ်၌ တိုင်းရင်းသားများ၏ တပ်တွင်းပုန်ကန်မှုများ ဆက်တိုက်ဆိုသလို ပေါ်ပေါက်လာခဲ့သဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီပြိုကွဲသွားပြီးနောက်ပိုင်း EAOs များဆက်သစ်တစ်ခုပေါ်ထွက်လာခဲ့သည့် နိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသကို လုံးဝကွဲပြားခြားနားသည့် နည်းဗျူဟာအမျိုးမျိုးဖြင့် ချွေးသိပ်ထားနိုင်ခဲ့သည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အများအပြားပြုလုပ်နိုင်ခဲ့သည့် ၁၉၈၉-၉၅ ခုနှစ်နောက်ပိုင်းကာလများ၌ စစ်တပ်နှင့် စစ်ပြေငြိမ်းခဲ့ကြသည့် EAOs များကို 'တွေ့ဆုံဆွေးနွေးရေးမိတ်ဖက်များ'အဖြစ်သဘောထားဆက်ဆံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဝိုင်းဝန်းရေးဆွဲ ပြင်ဆင်ကြမည့် အမျိုးသားညီလာခံသို့ တက်ရောက်ပါဝင်ကြရန် ဖိတ်ကြားခဲ့ကြသည်။[၄၇] အထင်ကရရှိသည့် အပစ်ရပ်အင်အားစုများ၌ ကချင်လွတ်လပ်ရေးအဖွဲ့အစည်း၊ ပလောင်ပြည်လွတ်မြောက်ရေးပါတီ (PSLP)၊ ပအိုဝ်းအမျိုးသားအဖွဲ့အစည်း (PNO) နှင့် ရှမ်းပြည်တိုး တက်ရေးပါတီ (SSPP) အပါအဝင် NDF အဖွဲ့ဝင်ဟောင်းများ၊ မြန်မာအမျိုးသားဒီမိုကရေစီ မဟာမိတ်အဖွဲ့ (ကိုးကန့်) နှင့် ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော် (ဤနှစ်ဖွဲ့သည် CPB ဟောင်းများဖြစ်ကြသည်) တို့ ပါဝင်ခဲ့ကြသည်။[၄၈]

အဆိုပါစီမံခန့်ခွဲရေးမဟာဗျူဟာများနှင့်အပြိုင်တပ်မတော်သည် ပဋိပက္ခဒဏ်သင့် နယ်မြေဒေသများရှိ လူထုလူတန်းစားများအကြား 'ပြည်သူ့စစ်တပ်ဖွဲ့' ထူထောင်ရေး မူဝါဒ

တစ်ခုကို အရှိန်မြှင့်ဖော်ဆောင်လာခဲ့သည်။ ကနဦးအစောပိုင်း၌ နိုင်ငံ၏ အရှေ့မြောက်ဒေသတစ်လွှားကို အလေးပေးအာရုံစိုက်၍ ဦးစားပေးဖော်ဆောင်ခဲ့သည်။ သို့သော်လည်း နောက်ပိုင်းနှစ်များအတွင်း ဤကဲ့သို့သော ခါးပိုက်ဆောင်တပ်ဖွဲ့များ လိုက်လံဖွဲ့စည်း ထူထောင်ပေးသည့် နည်းဗျူဟာသည် နိုင်ငံ၏ နယ်စပ်ဒေသအားလုံးလိုလို၌ တွင်ကျယ်နေရာယူလာသည့် အဓိကအရွေ့တစ်ခုဖြစ်လာခဲ့သည်။ ပြည်သူ့စစ်တပ်ဖွဲ့အများအပြားကို ရေခဲမြေခဲနိုင်ငံရေးနှင့် နယ်ခံလူ့အဖွဲ့အစည်းအတွင်း အရေးပါသည့် ရာထူးနေရာများကို ရယူထားကြသည့် EAO ခွဲထွက်ရေးသမားများက ဦးဆောင်ခဲ့ကြသည်။ ၂၁ ရာစုပင် တိုင်လာခဲ့သော်လည်း ယနေ့အချိန်ထိ အလွန်ခက်ခဲရှုပ်ထွေးသည့် ပဋိပက္ခရေခဲမြေခဲတစ်ခုအဖြစ် ရုန်းကန်နေရဆဲရလဒ်မျိုးသာ ထွက်ပေါ်လာခဲ့သည်။[၄၉]

သို့ဖြစ်၍ သမ္မတဦးသိန်းစိန်၏ အစိုးရသစ်အနေဖြင့် နအဖဆင်းသွားခဲ့သည့်နောက် ကျန်ရစ်ခဲ့သည့် ပဋိပက္ခဖျန်ဖြေရေးဆိုင်ရာ စိန်ခေါ်မှုအခက်အခဲများကို မည်ကဲ့သို့ဆက်လက်ဖြေရှင်းသွားမည်နည်းဟု မေးစရာရှိလာခဲ့သည်။ တပ်ဖက်အရာရှိဟောင်းများ ဦးဆောင်ခဲ့ကြသည့် USDP ပါတီသည် အမှန်တကယ်စစ်မှန်သည့် အပြောင်းအလဲများပေါ်ပေါက်လာစေမည့် အလားအလာမျိုးကို ချပြခဲ့ခြင်းမရှိပေ။ မည်သို့ပင်ဖြစ်စေ အစိုးရသစ်၏ ပထမဦးဆုံးသော မူဝါဒရေးရာအရွေ့များ အသက်ဝင်လာပြီးနောက် ပေါ်ပေါက်လာခဲ့သည့်ရလဒ်များက ဝေဖန်ရေးသမား အများအပြားကို အံ့သြသင့်သွားစေခဲ့သည်။ အားလုံးကိုလွှမ်းခြုံပါဝင်စေပြီး ပြုပြင်ပြောင်းလဲရေးအတွက် အဆင်သင့်ဖြစ်နေစေရမည်ဟု ကတိပေးခဲ့သည့် ဦးသိန်းစိန်သည် အနှစ်သာရပြည့်ဝသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ကျဉ်းပေးနိုင်သည့် အလားအလာကောင်းများ ရှိနေသည်ဟူသည့် မျှော်လင့်ချက်ကိုပိုမိုခိုင်မာလာစေခဲ့သည်။ နှစ်ရှည်လများ ဝါးအစည်းပြေသလိုအကွဲကွဲအပြဲပြဲ ဖြစ်နေခဲ့သည့် နိုင်ငံ၌ ငြိမ်းချမ်းရေးကတိကဝတ်များသည် မြန်မာပြည်သူပြည်သားများ အငမ်းမရတောင့်တနေခဲ့ကြသည့် စကားလုံးများဖြစ်နေခဲ့သည်။[၅၀]

ထိုအချိန်မှစ၍ အဖြစ်အပျက်များ တစ်ခုပြီးတစ်ခု အလျင်အမြန်ဖြစ်ပွားလာခဲ့သည်။အစိုးရတစ်ရပ်အခြေတကျဖြစ်လာသည်နှင့်အမျှ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်၌ အားလုံးလွှမ်းခြုံပါဝင်မှုရှိလာပြီး ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည့် ပြည်တွင်းပဋိပက္ခနှင့် အကွဲအပြဲများကို အဆုံးသတ်နိုင်လိမ့်မည်ဟူသည့် ယုံကြည်ချက်မျိုးဖြင့် အပြုသဘောဆန်သည့် အကောင်းမြင်စိတ်များ အားကောင်းလာလိမ့်မည်ဟု ခန့်မှန်းတွက်ချက်ခဲ့ကြသည်။ ဤကဲ့သို့သော မျှော်လင့်ချက်များမြင့်တက်လာစေရန် တိုးတက်ပွင့်လင်းသည့် ပြုပြင်ပြောင်းလဲရေးခေတ်သစ်တစ်ခုကို အစပြုပေးခဲ့သည့် အဓိကအရွေ့များ၏ ရှေ့တော်ပြေးအဖြစ် ဦးသိန်းစိန်၏ ၂၀၁၁ ခုနှစ် အပစ်အခတ်ရပ်စဲရေး မူဝါဒကြေညာချက်နှင့် NLD ၏ ၂၀၁၂ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲဖြင့် လွှတ်တော်အတွင်းသို့ရောက်ရှိလာခဲ့ခြင်းတို့က များစွာအထောက်အကူပြုခဲ့သည်။ စီးပွားရေးနှင့် နိုင်ငံရေးလောက အပြောင်းအလဲဖြစ်စေရန် ဖြေလျှော့ပေးခဲ့သည့် ကိစ္စရပ်များ ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့ကြီးများ၌ အလျင်အမြန်ရှုပ်လုံးပေါ်လာခဲ့ပြီး အဆိုပါအရွေ့များသည် ယေဘုယျအားဖြင့် ၂၀၂၁ ခုနှစ် အာဏာသိမ်းရန်မကြိုးပမ်းမီအချိန်ထိ ဆက်လက်အသက်ဝင်နေခဲ့သည်။

မည်သို့ဆိုစေ အဆိုပါကိစ္စရပ်များသည် အနာဂတ်၌ ကြုံတွေ့လာကြရမည့် ပြဿနာများ၏ ရှေ့တော်ပြေးနိမိတ်လက္ခဏာများ ဖြစ်နေခဲ့သည်။ အမျိုးသားနိုင်ငံရေးဇာတ်ခုံ၌ တပ်မတော်၏ ‘ဦးစီးခေါင်းဆောင်နေရာ’ ကို ဆက်လက်အာမခံပေးမည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်၌ တပ်မတော်ခေါင်းဆောင်များအတွက် ‘လုံခြုံရေး’ သည် ‘နိုင်ငံရေး’ အသွင်ကူးပြောင်းရေးကဲ့သို့ပင် အလွန်အရေးပါနေခဲ့သည်။ သို့ဖြစ်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြဋ္ဌာန်းပြီးနောက်ပိုင်း သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်ရမည့်အစား အများသတိထားမိခြင်း မရှိခဲ့သည့် လုံခြုံရေးနှင့် အုပ်ချုပ်ရေးကဏ္ဍာတွင်းရှိ ရှိရင်းစွဲယန္တရားအများအပြား ဆက်လက်သက်ဆိုးရှည်နေခဲ့သည်။ ဤအလှည့်အပြောင်းများသည် အထူးသဖြင့် ပဋိပက္ခများ ဆက်လက်အမြစ်တွယ်လျက်ရှိသည့် တိုင်းရင်းသားလူနည်းစုများ၏ နယ်မြေဒေသများအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှု အများဆုံးဖြစ်လာခဲ့သည်။ ဤဖြစ်စဉ်များအားလုံး က ၂၀၂၃ ခုနှစ်အရောက်တွင် စစ်ရေးနှင့် နိုင်ငံရေးပဲ့တင်သံ ထပ်တူကျလာစေရန် လှုံ့ဆော်ပေးခဲ့သည်။

အရေးအကြီးဆုံးအချက်အနေဖြင့် အရပ်သားတစ်ပိုင်းစစ်အစိုးရအဖြစ် စနစ်သစ်တစ်ခုဆီသို့ အသွင်ကူးပြောင်းရာ၌ နဝတ–နအဖလက်ထက်က ချုပ်ဆိုထားခဲ့သည့် အဓိကအကျဆုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သုံးခု ပျက်ပြယ်သွားခဲ့သည်။ ထိုအချိန်က သတိမထားခဲ့မိကြသော်လည်း အဆိုပါကိစ္စရပ်များအားလုံးသည် ၂၀၀၅ ခုနှစ် အတွင်း EAO များကို အဓိကတာဝန်ယူ ထိတွေ့ဆက်ဆံ၍ စေ့စပ်ညှိနှိုင်းခဲ့ကြသည့် စစ်ထောက်လှမ်းရေးအဖွဲ့(MIS)ကိုဖျက်သိမ်းခဲ့ပြီးတပ်မတော်၏ အပစ်အခတ်ရပ်စဲရေး ဗိသုကာပိုင်ရှင် ဗိုလ်ချုပ်ခင်ညွန့်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး နောက်ပိုင်းဖြစ်ပွားလာခဲ့ခြင်း ဖြစ်သည်။

ထိုအချိန်မှစ၍ တိုင်းရင်းသားနိုင်ငံရေးနှင့် အပစ်ရပ်ဆက်ဆံရေးအပေါ် ကိုင်တွယ်သည့်ပုံစံများ စတင်ပြောင်းလဲသွားတော့သည်။

အပစ်အခတ်ရပ်စဲထားသည့် EAOs များအားလုံးကို ဗဟိုအာဏာပိုင်အစိုးရအောက် ခိုလှုံလာစေရန် ကြိုးပမ်းသည့် တပ်မတော်၏ ပထမဦးဆုံးသောခြေလှမ်းအဖြစ် ၂၀၀၅ ခုနှစ်၌တအောင်း PSLP ကို အပြီးအပိုင်လက်နက်ချရန် ဖိအားပေးခဲ့သည်။ ၂၀၀၉ ခုနှစ်အရောက်တွင် ဒုတိယခြေလှမ်းအဖြစ် နအဖအစိုးရသည် အပစ်အခတ်ရပ်စဲထားသည့် EAOs များအားလုံးကို တပ်မတော်၏ ထိန်းချုပ်မှုအောက်ရှိ နယ်ခြားစောင့်တပ်အသွင် ပြောင်းလဲဖွဲ့စည်းသွားကြရန် အမိန့်ထုတ်ပြန်ခဲ့သည်။ သို့သော်လည်း အဖွဲ့အများစုက ပြောင်းလဲဖွဲ့စည်းရန်ငြင်းဆန်ခဲ့ကြပြီး နောက်ပိုင်း ယနေ့စကစခေါင်းဆောင်ဖြစ်သူ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဦးဆောင်မှုဖြင့် MNDAA အပေါ်စစ်ရေးအရ ထိုးစစ်ဆင်တိုက်ခိုက်မှုများ စတင်ပြုလုပ်လာခဲ့သည်။ တတိယခြေလှမ်းအနေဖြင့် ဦးသိန်းစိန် သမ္မတဖြစ်လာခဲ့ပြီး သုံးလအကြာ၌ တရုတ်နယ်စပ်အခြေစိုက် KIO အပေါ်တပ်မတော်၏ စစ်ဆင်ရေးလုပ်ငန်းများ ပြန်လည်စတင်ခဲ့သဖြင့် ၂၀၁၁ ခုနှစ် ဇွန်လအရောက်တွင် ၁၇ နှစ်တာကြာမြင့်ခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ပျက်ပြယ်သွားခဲ့သည် ('အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးစကားဝိုင်းများ၌ အမြဲပြောင်းလဲနေသည့် အားလုံးလွှမ်းခြုံပါဝင်ရေး အဓိပ္ပာယ်ဖွင့်ဆိုချက်များ' စာကွက်ကိုကြည့်ပါ)။[၁၁]

ဦးသိန်းစိန်၏ ငြိမ်းချမ်းရေးအဆိုပြုလွှာအပေါ် နိုင်ငံတကာက အကောင်းမြင်လာခဲ့သည့် အစောပိုင်းရက်များ၌ ဤကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းခဲ့ခြင်း မရှိသဖြင့် ဝေဖန်ထောက်ပြစရာဖြစ်ခဲ့သည်။ ပိုမိုဆိုးရွားလာနေသည့် အကျပ်အတည်းနှင့် ပတ်သက်၍ တရုတ်အရာရှိများကသာ အရေးတယူရှိခဲ့ကြသည်ဟု သုံးသပ်ယူဆရသည်။[၁၂] နိုင်ငံ၏အရှေ့မြောက်ပိုင်းဒေသတစ်ခုလုံးသို့ တိုက်ပွဲများပျံ့နှံ့လာသည်နှင့်အမျှ EAOs အများအပြားက ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများ၌ စစ်ရေးသည်သာပထမဟူသည့် နည်းဗျူဟာများပြန်လည် အသက်ဝင်လာခဲ့ခြင်းသည် ၎င်းတို့အဆိုပြုခဲ့သည့် BGFs အဖြစ်ပြောင်းလဲဖွဲ့စည်းရေး ငြင်းဆန်ခံခဲ့ရပြီးနောက်ပိုင်း ထိန်းချုပ်မှုပြန်လည် ရရှိရန် ကြိုးပမ်းသည့် တပ်မတော်၏ 'သွေးခွဲအုပ်ချုပ်ရေး' မဟာဗျူဟာတစ်ရပ်ဖြစ်သည်ဟု ရည်ညွှန်းပြောဆိုခဲ့ကြသည်။ KIO၊ MNDAA၊ UWSP နှင့် တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) ဟူ၍ အသစ်ပြန်လည် ဖွဲ့စည်းခဲ့သည့် ပလောင်တော်လှန်ရေးအင်အားစုများအကြား အပစ်အခတ်ရပ်စဲရေးအပေါ် အယုံအကြည်ကင်းမဲ့သွားခဲ့ပြီး လက်နက်ကိုင်တော်လှန်ရေးအပေါ် ထောက်ခံအားပေးမှုများ ပြန်လည်အားကောင်းလာခဲ့သည် ('EAO အချို့ကို ဖယ်ကြဉ်ချန်လှပ်ခဲ့သည့် ပဋိပက္ခအကျိုးဆက်များ' စာကွက်ကိုကြည့်ပါ)။[၁၃]

အဆိုးကျော့သံသရာသည် ဤမျှနှင့်သာ ပြီးသွားခဲ့သည်မဟုတ်ပေ။ လက်နက်ကိုင်တိုက်ပွဲများအကြားပြည်နယ်ဦးစီးရှေ့ဆောင်ရခိုင် EAO အဖြစ် အသစ်ဖွဲ့စည်းတည်ထောင်

ရေးဖြို့နယ်၏ NMSP အုပ်ချုပ်ရေးနယ်ပယ်အတွင်းရှိ မူဆလင်သားပေါင်းစုံကျောင်းတွင် ဦးညီလင်း (TNI)

လိုက်သည့် ရက္ခိုင်အမျိုးသားအဖွဲ့အချုပ်/အာရက္ခတပ်တော်သည်လည်း ထပ်မံပါဝင်လာခဲ့သည်။[၁၄] ထိုအချိန်ပတ်ဝန်းကျင် ၂၀၁၂ ခုနှစ်အတွင်း ရခိုင်ပြည်နယ်၌ လူပေါင်းနှစ်ရာကျော် (ရိုဟင်ဂျာအများစု) သေကျေပျက်စီးခဲ့ရသည့် မွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုဖြစ်ပွားခဲ့သည်။သို့ဖြစ်၍နိုင်ငံ၏အရှေ့မြောက်ဒေသရှိ ယုံကြည်မှုပျက်စီးသွားစေခဲ့သည့် အကြောင်းရင်းများ၊ တစ်ကျော့ပြန်လက်နက်ကိုင်တိုက်ပွဲများနှင့် ရပ်ရွာများအကြား ဆက်ဆံရေးပြတ်တောက်မှုများအပေါ် လူအများအလေးထားအာရုံစိုက်မှု နည်းပါးသွားခဲ့သည်။[၁၅] ရခိုင်ပြည်နယ်သည် ယခုအချိန်၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရိပ်ထိုးဖုံးကွယ်ပစ်ခဲ့သည့် နိုင်ငံရေး၊ လူမျိုးရေးနှင့် ဘာသာရေးအကြမ်းဖက်မှုများဖြင့် လှိုက်စားခံနေရသည့် အကျလမ်းကြောင်းပေါ် ရပ်မိလျက်သား ဖြစ်နေခဲ့ပြီဖြစ်သည် ('ရခိုင်ပြည်နယ်၏ တစ်ကျော့ပြန်ပဋိပက္ခ' စာကွက်ကိုကြည့်ပါ)။

ဆန့်ကျင်ဖက်အနေဖြင့် ဦးသိန်းစိန်အစိုးရလက်ထက် မြန်မာနိုင်ငံ၏အရှေ့တောင်ပိုင်းဒေသအခြေအနေသည်လုံးဝနီးပါးကွာခြားနေခဲ့သည်။ဤဒေသသည်တပ်မတော်၏အပစ်အခတ်ရပ်စဲရေး ချိန်ခွင်လျှာပေါ်ရှိနေခဲ့ပြီး အနောက်အစိုးရများနှင့် အလှူရှင်များ ပြောင်းလဲအာရုံစိုက်လာခဲ့သည့် နယ်မြေဖြစ်လာခဲ့သည်။ ၂၀၁၁–၁၂ ခုနှစ်အတွင်း KNU၊ KNPP၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီကဲ့သို့သော လက်နက်ကိုင်အဖွဲ့အစည်းများက ပြည်နယ်အဆင့်နှင့်ပြည်ထောင်စုအဆင့်ထိ အစိုးရနှင့် အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့ကြသဖြင့်လွတ်လပ်ရေးရပြီး ချိန်မှစ၍ ပထမဦးဆုံးအကြိမ်အဖြစ် ထိုင်းနယ်စပ်တစ်လျှောက် ရန်လိုတိုက်ခိုက်မှုများ အမှန်တကယ် ချုပ်ငြိမ်းသွားခဲ့သည်။ မည်သို့ဆိုစေ နဝတ–နအဖအစိုးရ၏ နောက်ဆုံးနှစ်များ၌ KIO၊ MNDAA နှင့် အပစ်ရပ်အင်အားစုများအား BGFs အဖြစ် ပြောင်းလဲဖွဲ့စည်းသွားမည်ဟု အစိုးရနှင့် သဘောတူထားသည့် စည်းကမ်းသတ်မှတ်ချက်မျိုးရှိမနေခဲ့ပေ။ သို့ဖြစ်၍ BGFs အဖြစ် ရောင်းတန်းတင်မှုအလုပ်မဖြစ်ခဲ့ကြောင်း ထင်ရှားနေခဲ့သည်။[၁၆]

ဤနေရာမှစ၍ ပဋိပက္ခတွင်း အကွဲအပြဲများ ပိုမိုနက်ရှိုင်းကျယ်ပြန့်လာခဲ့သည်။ ဦးသိန်းစိန်လက်ထက် ငြိမ်းချမ်းရေး စကားဝိုင်းများ၏ အစောပိုင်းကာလများ၌ EAOs များသည် အဓိကအုပ်စုကြီးနှစ်ခုအတွင်း ယေဘုယျအားဖြင့် ပါဝင်ကိုယ်စားပြုခဲ့ကြသည်။ ပထမအုပ်စုသည် အစိုးရနှင့် တရားဝင်အပစ်အခတ် ရပ်စဲထားဆဲဖြစ်သည့် UWSP နှင့် NDAAတို့ဦးစီးခေါင်းဆောင်ခဲ့သည့်တရုတ်နယ်စပ်အခြေစိုက် ဗကပမဟာမိတ်အဖွဲ့ဝင်ဟောင်းများ ဖြစ်ကြသည်။[၁၇] ဒုတိယအုပ်စုသည် အစိုးရစနစ်သစ်တစ်ခုဆီသို့ အသွင်ကူးပြောင်းလိမ့်မည်ဟု ယုံကြည်မျှော်လင့်၍ အပစ်ရပ်နှင့် အပစ်ရပ်ထားခြင်းမရှိခဲ့သည့် အုပ်စုနှစ်ခုပူးပေါင်း၍ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း မဟာမိတ် EAOs အဖွဲ့ဝင် ၁၂ ဖွဲ့ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည့် စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ဖြစ်သည်။[၁၈] ၎င်းတို့လက်ခံအသိအမှတ်ပြုခဲ့ကြသလိုပင် အစိုးရနှင့် အပစ်ရပ်ထားသည်ဖြစ်စေ မရပ်ထားသည်ဖြစ်စေ EAOs များအကြားစည်းလုံးညီညွတ်မှုနှင့် ယုံကြည်မှု တည်ဆောက်ရေးအတွက် မဖြစ်မနေလက်တွဲအလုပ်လုပ်ကြရန် လိုအပ်နေခဲ့သည် ('UNFC ၏ "ရှစ်ချက်" အဆိုပြုလွှာ စာကွက်ကိုကြည့်ပါ')။

၎င်းတို့အကြား မတူကွဲပြားမှုများကို ညှိနှိုင်းတံတားထိုးရန် ကြိုးပမ်းသည့်အနေဖြင့် EAOs ကိုယ်စားလှယ်များသည် ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်း KIO ဌာနချုပ်ရှိရာလိုင်ဇာမြို့၌ တွေ့ဆုံစည်းဝေးခဲ့ကြပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲမှု ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ (NCCT) ကိုဖွဲ့စည်းတည်ထောင်လိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ တစ်စိတ်တစ်ပိုင်း ပါဝင်နေသည်ဟု သုံးသပ်ယူဆရသည့် EAOs ၂၁ ဖွဲ့အနက် ၁၆ ဖွဲ့သည် 'တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်' မူကြမ်းကိုရေးသားပြုစုရာ၌ အစိုးရ၏ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီနှင့် စုပေါင်းညှိနှိုင်းဆွေးနွေးသွားမည့် NCCT ၌ တရားဝင်ပါဝင်လာခဲ့သည်။[၁၉] သမိုင်းတွင်သည့်နိုင်ငံတကာ အသိအမှတ်ပြုမှုအဖြစ် အစိုးရနှင့် EAOs ကိုယ်စားလှယ်များအကြား နောက်ပိုင်း၌ ညှိနှိုင်းဆွေးနွေးခဲ့ကြသည့် အစည်းအဝေးပေါင်းများစွာသို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဗီဂျေနမ်ဘီယားနှင့် တရုတ်နိုင်ငံ၏ အာဆီယံဆိုင်ရာအထူးကိုယ်စားလှယ် ဝမ်ယိမ်းဖန်တို့က လေ့လာသူများအဖြစ်တက်ရောက် ပါဝင်ခဲ့ကြသည်။ အလွန်အရေးပါသည့် စုပေါင်းညှိနှိုင်းအရေးဆိုရေးအခြေခံမူကို ချမှတ်နိုင်ခဲ့ကြသည်ဟုသုံးသပ်ယူဆခဲ့ကြသည် ('တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ' စာကွက်ကိုကြည့်ပါ)။

သို့သော်လည်း တပ်မတော်ခေါင်းဆောင်များသည် နောက်ပိုင်း၌ နိုင်ငံ၏အရှေ့မြောက်ဒေသအခြေစိုက်အပစ်ရပ်ထားခြင်းမရှိသေးသည့် EAOs များနှင့်သော်လည်းကောင်း မဟာမိတ်အင်အားစုများ အနေဖြင့်လည်းကောင်း ယခုအခြေအနေမျိုးဖြင့်တွေ့ဆုံဆွေးနွေးမှုမပြုနိုင်ဟုငြင်းဆန်ခဲ့ကြသည့်

ရပ်တည်ချက်ဆီသို့ နောက်ကြောင်းပြန်သွားခဲ့ကြသည်။ ဤအရွေ့မျိုးသည် အတိုက်အခံအင်အားစုများနှင့် စုပေါင်းဆွေးနွေးမှု သို့မဟုတ် အဖွဲ့ပေါင်းများစွာနှင့် တစ်ပြိုင်တည်း ဆွေးနွေးမှုပြုလုပ်မည့်အစား တစ်ဖွဲ့ချင်းသာ တွေ့ဆုံဆွေးနွေးမှုပြုရန်နှစ်ရှည်လများ တပ်မတော်ဆုပ်ကိုင်လာခဲ့သည့် သေနင်္ဂဗျူဟာအတိုင်း ဆက်လက်ရပ်တည်ခဲ့ခြင်းဖြစ်သည်။ NCCT ဖွဲ့စည်းထူထောင်လိုက်သည့် အစောပိုင်းလများအတွင်း အစိုးရအရာရှိများက ၎င်းတို့အနေဖြင့် MNDAA၊ TNLA၊ ULA/AA နှင့် အခြား NCCT အဖွဲ့ဝင်များဖြစ်ကြသည့် ANC၊ LDU နှင့် WNO ဟူသည့် အဖွဲ့ငယ်သုံးဖွဲ့တို့ကို ညှိနှိုင်းဆွေးနွေးရေးလုပ်ငန်းစဉ်၌ ပါဝင်ဆောင်ရွက်ခဲ့ကြလင့်ကစား NCA ၌ ပါဝင်လက်မှတ်ရေးထိုးခွင့်ပြုလိမ့်မည် မဟုတ်ဟု ပြောဆိုအသိပေးလာခဲ့သည်။

ထိုအချိန်က ဆွေးနွေးဖော်ပြမှု နည်းပါးခဲ့ကြသော်လည်း ဤကဲ့သို့သောလုပ်ရပ်များနှင့် ကြိုးကိုင်ချယ်လှယ်မှုများသည် ရေရှည်အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်လာစေခဲ့သည်။ အချုပ်ဆိုရသော် UNFC အဖွဲ့ဝင်အများအပြားကဤအဖွဲ့ ၆ ဖွဲ့ အပေါ် အစိုးရ၏ ငြင်းဆန်ကန့်ကွက်မှုသည် ၂၀၁၅ ခုနှစ် ကနဦးလက်မှတ်ရေးထိုးပွဲ၌ NCA ကို လက်မှတ်ရေးထိုးရန် သို့မဟုတ် ယုံကြည်စိတ်ချမှုရှိရန် ၎င်းတို့အနေဖြင့်တွန့်ဆုတ်ခဲ့ကြရသည့် အဓိကအကြောင်း ရင်းတစ်ခုဖြစ်ခဲ့သည်ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သည်။[၆၀] ယုံကြည်မှုပို၍ပျက်ယွင်းသွားစေခဲ့သည့် လုပ်ရပ်တစ်ခုအဖြစ် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေသည့်အချိန်၌ပင် တပ်မတော်သည် UNFC–NCCT ၌အခရာကျသည့် မဟာမိတ်အဖွဲ့တစ်ခုဖြစ်သည့် KIO အပေါ် စစ်ရေးအရ ထိုးစစ်ဆင်တိုက်ခိုက်မှုများဆက်လက်ပြုလုပ်နေခဲ့သည် (‘မအောင်မြင်ခဲ့သည့် ငြိမ်းချမ်းရေးနှင့် ရှေ့နောက်ညီညွတ်မှု မရှိသည့် လုပ်ငန်းစဉ်’ ကို ကြည့်ပါ)။[၆၁]

ဤကဲ့သို့ ဖယ်ကြဉ်ချန်လှပ်မှုသည် NCA အရ ပြန်လည်ပြင်ဆင်ကုစားမှု မပြုနိုင်လောက်သည့် အခြေအနေအထိငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် ယုံကြည်စိတ်ချမှုကို ဆိုးဆိုးရွားရွား နောက်ပြန်လှန်သွားစေခဲ့သည့် တိုင်းရင်းသားအခြေပြုနိုင်ငံရေးရေခဲမြေခဲ၌ အကွဲအပြဲတစ်ခုကို မွေးဖွားပေးခဲ့သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ၏ ကနဦး NCA လက်မှတ်ရေးထိုးပွဲမှစ၍ အစိုးရနှင့် EAOs များအကြား အပြန်အလှန်ယုံကြည်မှုသည် အလျင်အမြန်ပင် ယိုယွင်း ပျက်စီးလာခဲ့သည်။ EAOs ရှစ်ဖွဲ့သာ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးနောက် ပိုင်းပဋိပက္ခရေခဲမြေခဲအတွင်း NCA လက်မှတ်ထိုးအဖွဲ့ဝင်များနှင့်အဖွဲ့ဝင် မဟုတ်ကြသူများဟူ၍ နောက်ထပ်အကွဲအပြဲတစ်ခုထပ်မံ ပေါ်ပေါက်လာတော့သည်။ ယခုအချိန်မှစ၍ အောက်ခြေမြေပြင်ရှိ အပစ်အခတ်ရပ်စဲရေး ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်း၍ ပဋိပက္ခအင်အားစုများအားလုံး လက်ရည်တစ်ပြိုင်တည်း ရှိလာစေရန် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများကို အဆင့်ပေါင်းများစွာဖြင့် ညှိနှိုင်းဆွေးနွေးကြရတော့မည်ဖြစ်သည်။

လက်မှတ်ထိုးအဖွဲ့ဝင် မဟုတ်ကြသူများအကြား၌ လက်မှတ်ရေးထိုးပါဝင်ခွင့် ငြင်းဆန်ခံခဲ့ရသူများ၊ မိမိတို့၏ မဟာမိတ်များကို သွေးစည်းညီညွတ်မှု ပြသသည့်အနေဖြင့် လက်မှတ်ရေးထိုးမှု မပြုရန် ရွေးချယ်ဆုံးဖြတ်ခဲ့ကြသူများနှင့် ပါဝင်လက်မှတ်ရေးထိုးလိုစိတ် အလျဉ်းမရှိခဲ့ကြသူများဟူ၍ အဓိကစုဖွဲ့မှုပုံစံသုံးမျိုး ရှိနေခဲ့သည်။ တတိယအုပ်စုအတွင်း၌ NCA သည် အစိုးရနှင့် ၎င်းတို့နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးထားသည့် လက်ရှိအပစ်အခတ်ရပ်စဲရေး ထက်ထူး၍ သာလွန်ကောင်းမွန်လာစရာအကြောင်း မရှိဟု ရှုမြင်ခဲ့ကြသည့် UWSP နှင့် NDAA တို့ပါဝင်လျက်ရှိသည်။[၆၂] သို့သော်လည်းနောက်ပိုင်းနှစ်များအထိ NCA ကို အပြောင်းအလဲပြုလုပ်လိုခြင်းမရှိခဲ့သည့်အစိုးရ၏သဘောထားသည်အပြောင်းအလဲမရှိခဲ့ပေ။ NCCT ၏ ဥက္ကဋ္ဌဖြစ်သူ နိုင်ဟောင်ဆာက ‘မီးဆိုတာမျိုးက ဂရုမစိုက်ဘဲ ပစ်ထားမိရင် တစ်အိမ်လုံးကို ပြာကျသွားစေနိုင်သလို တစ်ရွာလုံးကိုပါ ဆက်ပြီးကူးစက်လောင်ကျွမ်းသွားစေနိုင်ပါတယ်။ ဒါကြောင့် တစ်နိုင်ငံလုံး ပျံ့နှံ့နေတဲ့ လက်နက်ကိုင်အဖွဲ့တွေအားလုံး အပစ်အခတ်ရပ်စဲရေးကို သဘောတူလက်မှတ်ရေးထိုးတဲ့အခါကျမှသာ အခွန့်ရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ပါလိမ့်မယ်’ ဟု ပြောဆိုသတိပေးသွားခဲ့သည်။[၆၃]

ၾင်းတို့ပေါင်းစပ် ပါဝင်လာပြီးနောက်ပိုင်း NCA လက်မှတ်ထိုးအဖွဲ့ဝင် အစုအဖွဲ့များအကြား အမြင်သဘောထားများနှင့် စည်းရုံးစုဖွဲ့မှု ကွဲပြားခြားနားနေသည့် ရေခဲမြေခဲမျိုးကိုလည်း မြင်တွေ့လာရသည်။ အချို့ကလည်း NCA အတွင်း ၎င်းတို့၏ အဖွဲ့အစည်းအမည် ပါဝင်နေခြင်းက အများပြည်သူအပါအဝင် အစိုးရနှင့် တွေ့ဆုံဆွေးနွေးမည့် အစည်းအဝေးများကို စီစဉ်ကျင်းပနိုင်စေသည့် စကြံနှံတစ်ခုနှင့် အများ၏ တရားဝင်လက်ခံအသိအမှတ်ပြုမှု ပိုမိုရရှိလာစေသည်ဟု ရှုမြင်ခဲ့ကြသည်။ ၎င်းတို့အနေဖြင့် ထိုသို့အမှန်တကယ် အကျိုးကျေးဇူးမရရှိခဲ့မှန်း နောက်ပိုင်း၌ ဂရုပြုမိခဲ့ကြသော်လည်း အလားတူမျှော်လင့်ခဲ့ကြသည့် အခြားသူများလည်း ရှိနေခဲ့သည်။ အချို့ကလည်း ၎င်းတို့ထိန်းချုပ် စီမံပိုင်ခွင့်ရှိသည့် နယ်မြေဒေသ

အနည်းငယ် သို့မဟုတ် အခြား NCA လက်မှတ်ထိုးအဖွဲ့ဝင်များ၏ ထိန်းချုပ်နယ်မြေ အတွင်းရှိနေခဲ့သည့် နေရာအနည်းအကျဉ်းအတွက် အာမခံချက်ရရှိခဲ့ကြသည်။ အတိအကျဆိုရသော် နိုင်ငံရေးလမ်းပြမြေပုံတစ်ရပ် ရေးဆွဲပြင်ဆင်သွားကြမည်ဟူသည့် ကတိကဝတ်များမှလွဲ၍ NCA ၌ တိကျသေချာသည့် ပြုပြင်ပြောင်းလဲရေး ကတိကဝတ်များ ရေရေရာရာပါဝင်မှု မရှိခဲ့ပေ။ ဥပမာအားဖြင့် သဘောတူစာချုပ်ကို နိုင်ငံအတွင်း စစ်ရေးအင်အားအတောင့်တင့်ဆုံး EAO အဖွဲ့တစ်ခုဖြစ်သည့် UWSP လက်မှတ်ရေးထိုးဖြစ်စေရန် လှုံ့ဆော်ပေးမည့် ဝပြည်နယ်ကို အခြားပြည်နယ်များနည်းတူ တန်းတူအခွင့်အရေးပေးမည်ဟူသည့် အဆိုပြုချက်မျိုး မပါရှိခဲ့ပေ။ ထိုကဲ့သို့သော ပိုင်နက်နယ်မြေရရှိရေးသည် UWSP ၏ အခရာအကျဆုံး တောင်းဆိုချက်တစ်ခုဖြစ်သည်။

ဆန့်ကျင်ဖက်အနေဖြင့် NCA လက်မှတ်ရေးထိုးခဲ့ကြသည့် ပထမနှစ်အတွင်း အကွဲအပြဲနက်ရှိုင်းလေလေ NCA လက်မှတ်ရေးထိုးရန် အကျိုးများလေလေဟု သုံးသပ်ရှုမြင်ရသည့် မတူကွဲပြားသော်လည်း လက်တွေ့ဆန်၍ ယေဘုယျကျသည့် အခြေခံမူတစ်ရပ် ပေါ်ထွက်လာခဲ့သည်။ ရေရာသေချာမှုမရှိသည့် အသွင်ကူးပြောင်းရေး ကာလတစ်ခု၌ NCA လက်မှတ်ထိုးအဖွဲ့ဝင် ဖြစ်နေခြင်းက နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်၌ ပါဝင်ဆောင်ရွက်နိုင်သည်ဟူသည့် မက်လုံးတစ်ခုနှင့် အစိုးရထိန်းချုပ်ထားသည့် နယ်မြေဒေသတစ်လွှား အများပြည်သူအမြင်တင့်တယ်စေမည့် အဖွဲ့အစည်းပုံရိပ်မျိုးကိုတည်ဆောက်နိုင်စေသည့် အခွင့်အလမ်းမျိုးကို ဖန်တီးပေးခဲ့သည်။ အလားတူပင် KNU နှင့် NMSP ကဲ့သို့သော ဝါရင့်သဘာရင့်အဖွဲ့အစည်းများသည် ယခင်နဝတ–နအဖအစိုးရလက်ထက် ဆယ်စုနှစ်နှစ်ခုအတွင်း အကွဲအပြဲနှင့် ခွဲထွက်မှုဒဏ်များကို အလူးအလဲ ခံစားခဲ့ကြရသူများဖြစ်သည်။ ထို့ကြောင့်ပင် ခေါင်းဆောင်များအနေဖြင့် ၎င်းတို့ခေတ်အဆက်ဆက်ငြင်းပယ်ခံခဲ့ရသည့် နိုင်ငံရေးအခွင့်အရေး ပုံစံသစ်များကို NCA အားဖြင့်တစ်နည်းတစ်ဖုံရရှိလာလိမ့်မည်ဟုယုံကြည်မျှော်လင့်ခဲ့ကြသည်။ မည်သို့ဆိုစေကာမူ အပစ်အခတ်ရပ်စဲရေး ‘အရည်အချင်း သတ်မှတ်ချက်များ’ သည် NCA အတွင်း မျှော်မှန်းခဲ့သည့် ရည်ရွယ်ချက်များ မဟုတ်ခဲ့ကြပေ။ အမှန်တကယ်တမ်း၌လည်း လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်း (၁၇) ဖွဲ့သည် သဘောတူညီချက် အသက်ဝင်လာချိန် အထိစစ်ရေးနှင့် နိုင်ငံရေးညှိနှိုင်းဆွေးနွေးပွဲများ၌ တောက်လျှောက်ပါဝင်လာခဲ့ကြသူများ ဖြစ်သည်။

NCA သည် EAOs များအားလုံးပါဝင်လာအောင် စွမ်းဆောင်နိုင်ခြင်း မရှိခဲ့သည့် ‘တာထွက်’ ကျရှုံးမှုမှ အမှန်တကယ် ပြန်လည်နလံထူနိုင်ခြင်း အလျဉ်းမရှိတော့ပေ။ တစ်ဆက်တည်းလိုလို၌ပင် ပဋိပက္ခနှင့်လူသားချင်းစာနာထောက်ထားရေး ဆင်းရဲဒုက္ခများသည် နိုင်ငံတွင်း နယ်မြေဒေသအမြောက်အများဆီသို့ ကူးစက်ပျံ့နှံ့သွားတော့သည်။ ၎င်းတို့၏ ဆုံးဖြတ်ချက်အမှားကို ကာကွယ်သည့်အနေဖြင့် NCA လက်မှတ်ထိုးအဖွဲ့ဝင်အချို့က ‘ဆန္ဒရှိသူများအကြား၌ အရင်ဦးစွာ’ သဘောတူစာချုပ်ကို စတင်အသက်သွင်းခြင်းကသာလျှင် အကောင်းဆုံးလမ်းကြောင်းဖြစ်ပြီး အခြားအင်အားစုများ အနေဖြင့် ‘နောက်ပိုင်း၌ပါဝင် လက်မှတ်ရေးထိုးနိုင်သည်’ ဟု ပြောဆိုတိုက်တွန်းခဲ့သည့် နိုင်ငံတကာဇာတ်ကောင်များ၏ လွှမ်းမိုးမှုအောက်၌ မလွဲမရှောင်သာ လက်မှတ်ရေးထိုးခဲ့ရခြင်းဖြစ်သည်ဟုနောက်ကွယ်၌ပြောဆို သွားခဲ့သည်။ တံခါးဖွင့်ထားခဲ့သည့် အထောက်အထားအဖြစ် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း အခြား EAOs နှစ်ဖွဲ့ ဖြစ်သည့် LDU (အစောပိုင်း၌ ဖယ်ကြဉ်ခံခဲ့ရသူ) နှင့် NMSP တို့ သဘောတူစာချုပ်၌ ပါဝင်လာခဲ့သည်။ သို့သော်လည်း ကနဦးလက်မှတ်ရေးထိုးပွဲ၌ EAOs အားလုံး၏ပါဝင်မှုကိုအရမယူနိုင်ခဲ့သည့် ကျရှုံးမှုသည် နောက်ပိုင်းဆက်လက် ဖော်ဆောင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဖက်ဖက်မှ ထိခိုက်လာစေခဲ့သည်။

အကြီးမားဆုံးသော အဓိကအတားအဆီးကြီးငါးခုကိုရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီး ယင်းတို့အားလုံးသည် လူထုလူတန်းစားများ၏ သဘောတူစာချုပ်မှ ဖယ်ကြဉ်ဘေးဖယ်ခံထားရသလို ခံစားနေရသည့် အခြေအနေကို ပိုမိုဆိုးရွားသွားစေခဲ့သည်။ ပထမအချက်အနေဖြင့် တရားဝင် NCA အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်၌ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် လက်မှတ်ထိုးအဖွဲ့ဝင်များသည် EAOs များအကြားရှိ တပ်ဖွဲ့ဝင်အင်အားစုစုပေါင်း၏ပမာဏအနည်းအကျဉ်းကိုသာကိုယ်စားပြုလျက်ရှိသည်။ ထို့အပြင် ၎င်းတို့အကြား၌ တရုတ်နယ်စပ်အခြေစိုက်ထားသည့် အဖွဲ့အစည်းတစ်ခုတစ်လေမျှ ပါဝင်နေခြင်းမရှိခဲ့ပေ။ ဒုတိယအချက်အနေဖြင့် NCA ၏ ဖယ်ကြဉ်ချန်လှပ်ထားရေးမူသည်နိုင်ငံအဝှမ်းအကျိုးသက်ရောက်လာမည့် အကျိုးစီးပွားများနှင့် ဖြစ်စဉ်များကို လွှမ်းခြုံနိုင်စွမ်းမရှိစေရန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကန့်သတ်ပစ်ခဲ့သည်။ တတိယအချက်မှာ ကချင်၊ ကရင်နီ၊ ကိုးကန့်၊ နာဂ၊ တအာင်း၊ ‘ဝ’ နှင့် အခြားတိုင်းရင်းသားအင်အားစုများ ပူးပေါင်းပါဝင်မှုမရှိခဲ့ခြင်းကြောင့် ၎င်းတို့ဒေသရှိ လူထုလူတန်းစားများအတွက် UPC–၂၁ ရာစုပင်လုံညီလာခံ အပါအဝင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု လုပ်ငန်းစဉ်၌ ကိုယ်စားပြုပါဝင်ခွင့် မရှိဘဲ ကန့်

သတ်ပိတ်ပင်ခံခဲ့ရခြင်းဖြစ်သည်။ ထို့အပြင် ၎င်းတို့သည် NCA ၌ဖော်ပြပါရှိသည့် တိုင်းရင်းသားအခြေပြု 'အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲများ' ကိုပါ ကျင်းပခွင့်မရခဲ့သလို နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှု အဆင့်များအားလုံး၌လည်း ကိုယ် စားလှယ်နေရာ ရရှိမှု များစွာနည်းပါးခဲ့သည် ('အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ' စာကွက်ကိုကြည့်ပါ)။

ဤကိစ္စရပ်နှင့်စပ်လျဉ်း၍ နိုင်ငံတကာအလှူရှင်များနှင့်နိုင်ငံရေးဇာတ်ကောင်များ၏ EAOs များအပေါ် ထောက်ပံ့ကူညီမှုသည် NCA အဆင့်အတန်းပေါ် အခြေခံ၍ ကွာခြားသွားတော့သည်။ နောက်ပိုင်းနှစ်များအတွင်း အရေးပါသည့် အလှူရှင်အများအပြားသည် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့် နှစ်ဖက်အပြန်အလှန် ဆက်ဆံရေးကို ဦး စားပေးသည့် အနေဖြင့်သော်လည်းကောင်း ဗဟိုအစိုးရ၏ တောင်းဆိုချက်များကို လိုက်လျောရသည့် ပုံစံမျိုးဖြင့်သော်လည်းကောင်း EAOs များ၏ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှုအပါအဝင် ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်ချက်များအတွက် လုံးဝအထောက်အကူ မဖြစ်သည့် ရန်ပုံငွေလျှော့ချဖြတ်တောက်မှုများ သို့မဟုတ် ပိတ်ဆို့ဟန့်တားမှုများကို ပြုလုပ်လာခဲ့ကြသည်။ ဤအရွေ့သည် တိုင်းရင်းသား မျိုးနွယ်စုများအကြား စည်းလုံးညီညွတ်မှုနှင့် သဟဇာတရှိမှုအတွက် ဆိုးကျိုးရိုက်ခတ်မှုများကို ပေါ်ပေါက်လာစေခဲ့ပြီး ယနေ့အချိန်ထိ အကင်းမသေနိုင်သေးသည့် မကျေမချမ်းဖြစ်မှု ပုံစံသစ်ဆီသို့ ဦးတည်သွားစေခဲ့သည်။ နိုင်ငံတကာအဖွဲ့အစည်း အတော်များများသည် ၎င်းတို့ရန်ပုံငွေထောက်ပံ့ပေးသည့် စီမံကိန်းများ၌ အားလုံးလွှမ်းခြုံပါဝင်ရေးနှင့် ခွဲခြားဆက်ဆံမှု မပြုရေးကဲ့သို့သော 'ပဋိပက္ခအရေးနိုးကြားသတိရှိစေမည့်' မြင့်မားသည့် စံချိန်စံနှုန်းများကို တောင်းဆိုလေ့ရှိသော်လည်း နိုင်ငံအတွင်းရှိ NCA ကဲ့သို့သော အဓိကကျသည့် ငြိမ်းချမ်းရေးစင်္ကြန်ပေါ်၌ ၎င်းတို့ကိုယ်တိုင် ကိုယ်ကျ လေးစားလိုက်နာလိုသည့် ဆန္ဒတော့ရှိပုံမရခဲ့ပေ။

သာဓကတစ်ခုပြရမည်ဆိုပါက NCA လက်မှတ်ရေးထိုးပွဲနောက်ပိုင်း ရှမ်းပြည်နယ်မြောက်ပိုင်း၌ စစ်ဘောင်ချဲ့မှုနှင့် EAOs များအကြား အင်အားစုစည်းတည်ဆောက်မှု တိုးပွားလာခဲ့သဖြင့် ရှမ်း၊ တအာင်း၊ ကချင်နှင့် ကိုးကန့်လူထုလူတန်းစားများအကြား တင်းမာမှုများ ဆက်တိုက်မြင့်တက်လာခဲ့ခြင်းသည် NCA အဖွဲ့ဝင်နှင့် NCA အဖွဲ့ဝင်မဟုတ်သည့် အင်အားစုများကို ခွဲခြားဆက်ဆံမှုကြောင့် ပေါ်ပေါက်လာသည့်နောက်ဆက်တွဲ ဆိုးကျိုးများအကြား စိုးရိမ်ဖွယ်ရာအကောင်းဆုံးတစ်ခု ဖြစ်လာခဲ့သည်။ တိုင်းရင်းသားကိုယ်စားလှယ်များအကြား NLD ဦးဆောင်သည့် အစိုးရ ဖြစ်စေ နိုင်ငံတကာအသိုက်အဝန်းမှ ငြိမ်းချမ်းရေးရန်ပုံငွေအလှူရှင်များဖြစ်စေ ဤကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် ဝါယမစိုက်ထုတ်ခဲ့ခြင်းမရှိဟု ခံစားနားလည်ခဲ့ကြသည်။ ကာလတို မူဝါဒရေးရာ ရည်မှန်းချက်များကသာ ဦးစားပေးဖြစ်နေခဲ့ပြီး ပဋိပက္ခသစ်များ၏ ကာလရှည်ဆိုးကျိုး သက်ရောက်မှုများကို မူမျက်ကွယ်ပြုခဲ့ကြသည်။ ထိုအချိန်ပတ်ဝန်းကျင်၌ ရခိုင်ပြည်နယ်သည် အပြင်းထန်ဆုံးစစ်မြေပြင် တစ်ခုဖြစ်လာခဲ့ပြီး လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ဆင်းရဲဒုက္ခလှိုင်းလုံးသစ်များကို ကြုံတွေ့နေခဲ့ရသည်။

ဤအချက်က လူမှုရေးနှင့် နိုင်ငံရေးအရ လွှမ်းခြုံပါဝင်မှုကင်းမဲ့နေခြင်း၏ စတုတ္ထမြောက် ဆိုးကျိုးသက်ရောက်မှုဆီသို့ဦးတည်သွားစေခဲ့သည်။ ထိုကဲ့သို့သော ခွဲခြားဖယ်ကြဉ်မှုများ၏ အကျိုးဆက်အနေဖြင့် NCA အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်အားဖြင့် ပြုလုပ်ခဲ့ကြသည့် သဘောတူညီချက်များသည် နိုင်ငံအတွင်းရှိ လူထုလူတန်းစားများနှင့် EAOs များအကြား တရားဝင်လက်ခံ အသိအမှတ်ပြုမှုနှင့် ကိုယ်ပါဝင်ပိုင်ဆိုင်သည့်အရာ ဖြစ်သည်ဟူသည့် ခံစားချက်မျိုးရရှိလာစေရန် မစွမ်းဆောင်နိုင်ခဲ့ပေ။ အပြန်အလှန်အားဖြင့် ဤအချက်က ဖယ်ထုတ်ခံထားရသည် (အချို့အခြေအနေ၌တမင်ရည်ရွယ်ချန်လှပ်ထားခဲ့) ဟု လက်ခံယုံကြည်ထားကြသည့် လူထုလူတန်းစားများနှင့် လူထုလှုပ်ရှားမှုများကို နိုင်ငံရေးအရအပေးအယူများပြုလုပ်ခြင်း သို့မဟုတ် သဘောတူညီချက်များ ရယူသွားနိုင်စေမည့် အလားအလာရှိသည့်လုပ်ငန်းစဉ်အပေါ် လက်သင့်ခံရန်နှင့် လိုက်လျောပါဝင်လာစေရန် လုပ်ရကိုင်ရပို၍ ခဲယဉ်းသွားစေခဲ့သည်။ လက်မှတ်ထိုးအဖွဲ့ဝင်မဟုတ်သည့် EAOs များပါဝင်လာသည်အထိ စည်းရုံးဆွဲဆောင်ရန် ကြိုးပမ်းသည့်အနေဖြင့် NCA သည် 'ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အစိတ်အပိုင်း' ထက်စာလျှင် 'ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရန် ကြိုးပမ်းသည့် ပထမခြေလှမ်း' တစ်ရပ်ဖြစ်သည်ဟု NLD အစိုးရလက်ထက် အစိုးရညှိနှိုင်းရေးသမားများက ပြောဆိုအကြောင်းပြခဲ့ကြသည်။[၆၄] သို့သော်လည်း မြင်သာထင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများ ရုပ်လုံးပေါ်လာခြင်း မရှိခဲ့သဖြင့် EAOs အများအပြားအတွက် ဆွဲဆောင်မှု ကင်းမဲ့နေခဲ့သည်။

ငါးခုမြောက်အဖြစ် NCA ပေါ်ထွန်းလာမှုသည် နိုင်ငံအဝှမ်းဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင် ပဋိပက္ခများကို လျော့ကျသွားစေနိုင်ခြင်း မရှိခဲ့ပေ။ USDP နှင့် NLD အစိုးရများလက်ထက် ၂၀၁၂ ခုနှစ်ဝန်းကျင်ခန့်မှစ၍ နှစ်ဖက်အပစ်

အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိခဲ့ကြသည့် နယ်မြေဒေသများ၌ ထိတွေ့တိုက်ခိုက်မှုများ သိသိသာသာလျော့ကျသွားစေခဲ့သည်။ သို့သော်လည်း ကနဦး NCA လက်မှတ်ရေးထိုးပွဲနောက်ပိုင်း အပစ်အခတ်ရပ်စဲထားသည့် နယ်မြေဒေသများ၌ စစ်ဘောင်ကျယ်လာစေလျက်ရှိသည့် အခြေအနေများ လျော့နည်းကျဆင်းလာစေရန်ဆက်လက်စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ပေ။ NCA လက်မှတ်ထိုးအဖွဲ့ဝင်များနှင့် အဖွဲ့ဝင်မဟုတ်ကြသူများအပါအဝင် အပစ်အခတ်ရပ်စဲထားသည့် EAOs အများစု၏ အုပ်ချုပ်မှုအောက်ရှိ နယ်မြေဒေသများ၌ လူမှုရေးနှင့် စစ်ရေးတင်းမာမှုများ ယေဘုယျအားဖြင့် ဆက်လက်မြင့်တက်နေခဲ့သည်။

ယုံကြည်မှုကင်းမဲ့နေသည့် အခြေအနေမျိုး၌ ၂၀၁၆ နှစ်လယ်ပိုင်းမှစ၍ တပ်မတော်၏ စစ်ရေးလှုပ်ရှားမှုများ ပြန်လည်ပြင်းထန်လာခဲ့ပြီးနောက်ပိုင်း NCA ၏ ဖယ်ကြဉ်ချန်လှပ်ထားရေးမူသည် အပစ်အခတ်ရပ်စဲထားခြင်း မရှိသေးသည့်နယ်မြေဒေသများ၌ လက်နက်ကိုင်ပဋိပက္ခများ တိုးပွားမြင့်တက်လာစေရန် ဦးတည်သွားစေခဲ့သည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခြားတပ်မတော်ခေါင်းဆောင်များ၏ ဤကဲ့သို့သော စစ်ကူနှင့် စစ်လက်နက်ပစ္စည်း ဖြည့်တင်းရေးကိုတိုးမြှင့်အားထားလာမှုသည် စစ်ရေးအရ ဖြေရှင်းမှုနည်းလမ်းသည်သာလျှင် အဓိကအကျဆုံး ပဋိပက္ခဖြေရှင်းရေး မဟာဗျူဟာအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း သက်သေပြလျက်ရှိသည်။ ဤအရွေ့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ဆိုးကျိုးရိုက်ခတ်မှုများ ကျိန်းသေပေါ်ပေါက်လာစေခဲ့ပြီး နိုင်ငံရေးပုံရိပ်ကို ပြည်တွင်းပြည်ပ မျက်နှာစာနှစ်ခုစလုံး၌ဆိုးဆိုးရွားရွား ထိခိုက်သွားစေခဲ့သည်။

EAOs အချို့ကို ဖယ်ကြဉ်ချန်လှပ်ထားခဲ့သည့် ပဋိပက္ခအကျိုးဆက်များ

NLD အစိုးရဖြစ်လာခဲ့ပြီးနောက်ပိုင်း အပစ်အခတ်ရပ်စဲထားသည့် EAOs များကို NCA လက်မှတ်ရေးထိုးရန် နည်းမျိုးစုံဖြင့် စည်းရုံးနားချမည့် အစီအစဉ်ပေါင်းစုံကို အရှိန်မြှင့်ဖော်ဆောင်လာခဲ့သည်။ ဖက်ဒရယ်နိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှု အတိုင်ပင်ခံကော်မတီ၌ ပါဝင်လျက်ရှိပြီး လက်မှတ်ရေးထိုးရန် 'ငြင်းဆန်ထားကြသူများ' နှင့် 'ဖယ်ကြဉ်ချန်လှပ်ခံထားရသူများ' အားလုံးကို ဦးတည်သည့် အကြိုစည်းဝေးပွဲများနှင့် တွေ့ဆုံဆွေးနွေးမှုပုံစံပေါင်းစုံ ဖော်ဆောင်လာခဲ့သည်။ ထိုအချိန်ပတ်ဝန်းကျင်၌ တပ်မတော်နှင့် NCA လက်မှတ်ရေးထိုးအဖွဲ့ဝင်အချို့အကြား စစ်ရေးအရ ထိတွေ့တိုက်ခိုက်မှုများလည်း ဆက်လက်ဖြစ်ပွားနေခဲ့သည်။ သို့သော်လည်း ယေဘုယျအားဖြင့် NCA အဖွဲ့ဝင်မဟုတ်သည့် EAOs များနှင့် ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများနှင့်ယှဉ်ကြည့်လိုက်ပါက ပြင်းထန်မှုအတိမ်အနက်ချင်း များစွာကွာခြားလျက်ရှိသည်။ လက်နက်ကိုင်တိုက်ပွဲများသည် အနောက်ခြမ်းနှင့် အရှေ့မြောက်နယ်စပ်ဒေသများကို အများဆုံး ဗဟိုပြုဖြစ်ပွားလျက်ရှိသော်လည်း တိုက်ပွဲရှိန်ပြင်းထန်လာခဲ့ပြီး လူ့အသက်သေကျပျက်စီးမှုများ မြင့်တက်လာသည်နှင့်အမျှ NCA အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာကို လွှမ်းခြုံနိုင်မည့် ငြိမ်းချမ်းရေးအလားအလာကောင်းများ မှေးမှိန်ပျောက်ကွယ်သွားတော့သည်။

ယခုလို EAOs များကို ဖက်ကြဉ်ချန်လှပ်ထားခြင်း၏ ပဋိပက္ခနောက်ဆက်တွဲများသည် ဖုံးမနိုင်ဖိမရ ပေါ်လွင်ထင်ရှားလာခဲ့သည်။ NCA အသက်ဝင်လာပြီးနောက်ပိုင်း အစိုးရအာဏာပိုင်များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ချဉ်းကပ်ဖော်ဆောင်မှုပုံစံသည် အားလုံးကိုလွှမ်းခြုံမှု မရှိခဲ့ကြောင်း တိုင်းရင်းသား အင်အားစုများက ဆက်လက်သက်သေပြနေခဲ့သည်။ စောဒကတက်စရာ များပြားလှသည့်အထဲ 'ညှိနှိုင်းဆွေးနွေးဖက်များ' ကို ကြံုသလို ရွေးချယ်ဆုံးဖြတ်သည့်ပုံစံ၊ ငြိမ်းချမ်းရေး ဆွေးနွေးနေစဉ်အတွင်းဖြစ်စေ တစ်ခါတစ်ရံ အပစ်အခတ်ရပ်စဲကြရန် သဘောတူလုလု အခြေအနေမျိုး၌ ဖြစ်စေတပ်မတော်၏ အချို့သောနယ်မြေများကို ပစ်မှတ်ထား၍ စစ်ဆင်ရေးလုပ်ငန်းများပြုလုပ်ခဲ့ခြင်း၊ NCA ကတိကဝတ်များကိုစောင့်ထိန်းလိုက်နာမှုမရှိဘဲအစိုးရမှပြည်တွင်းနှင့်နိုင်ငံတကာ စီးပွားဖက်များနှင့် အကြီးစားစီးပွားရေးသဘောတူညီချက်များနှင့် အခြေခံအဆောက်အအုံဆိုင်ရာ အပေးအယူများ ပြုလုပ်ခဲ့ခြင်းနှင့် လူထုလူတန်းစားများအားလုံးကို လွှမ်းခြုံပါဝင်မှုရှိစေသည့် ပြုပြင်ပြောင်းလဲရေးနှင့် တစ်နိုင်ငံလုံးအတိုင်းအတာ တွေ့ဆုံဆွေးနွေးရေး လမ်းပြမြေပုံတစ်ခုပေါ်ပေါက်လာအောင် ဦးစားပေးဆောင်ရွက်ရန်ပျက်ကွက်ခဲ့ခြင်းတို့လည်း အပါအဝင်ဖြစ်ခဲ့သည်။

ဤကဲ့သို့သော ထောက်ပြဝေဖန်ချက်များသည် NCA ၏အားနည်းချက်ကို အရှိုက်ထိစေခဲ့သည့် စွဲချက်တစ်ခုဖြစ်လာခဲ့သည်။ ဆယ်စုနှစ်ပေါင်းများစွာ ပြည်တွင်းစစ်ဒဏ်သင့်ခဲ့သည့် အပစ်ရပ်ဒေသများ၌ ပဋိပက္ခယာယီငြိမ်သက်သွားခဲ့သည့် အခြေအနေကို များစွာလက်ခံကြိုဆိုခဲ့ကြသည်။ သို့သော်လည်း ဤအချက်သည်လည်း ပဋိပက္ခဖျန်ဖြေရေးပုံပြင်၏ဇာတ်လမ်းတစ်စိတ်တစ်ပိုင်းသာ ဖြစ်နေခဲ့သည်။ နိုင်ငံ၏

အခြားနယ်မြေဒေသများ၌ NCA သည် တိုင်းရင်းသားအခြေပြုနိုင်ငံရေးရေခံမြေခံ၏ အဓိကအင်္ဂါရုပ်လို ဖြစ်လာခဲ့သည့် ဂိုဏ်းဂဏအကွဲအပြဲများကို ထပ်လောင်းအားဖြည့်ပေးသူ သို့မဟုတ် စတင်အက်ကြောင်းဖော်ပေးသူ ဖြစ်လာခဲ့သည်။ ရလဒ်အနေဖြင့် နိုင်ငံတွင်းဒေသအသီးသီးရှိ မြို့နယ်ပေါင်းများစွာ၌ နေထိုင်လျက်ရှိသည့် လူထုလူတန်းစားများအကြား လုံခြုံမှု ပိုမိုကင်းမဲ့လာခြင်းနှင့် အသက်သေကျပျက်စီးမှုများ သာတိုးပွားမြင့်တက်လာခဲ့သည်။ ပဋိပက္ခဇောတ်ကောင်မျိုးစုံသည်တစ်ခါတစ်ရံ နယ်ခံလူထုလူတန်းစားများကိုပါ ပါဝင်ပတ်သက်စေခဲ့သဖြင့် ပြည်နယ်နှင့် တိုင်းဒေသအများအပြား၌နယ်ခံအချင်းချင်းပင် အတိုက်အခံဖြစ်လာခဲ့သည်။

ဤကဲ့သို့သော ကျရှုံးမှုအမျိုးမျိုး ကြုံတွေ့လာရလင့်ကစား အစိုးရသည် အရေးယူဆောင်ရွက်ရန် ဆန္ဒရှိပုံမရခြင်းကမြေပြင် ဆုံးဖြတ်ချက်များကို တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်များ၏ ကွပ်ကဲရေးအောက် ရောက်ရှိသွားစေခဲ့သည်။ မြေပြင်တိုးတက်ဖြစ်ထွန်းမှုများထက်စာလျှင် NCA ၏ တရားဝင်မှုကို ဆက်လက်ထိန်းသိမ်းခြင်းက ပို၍အရေးကြီး နေခဲ့ပုံရသည်။ ၂၁ ရာစုပင်လုံညီလာခံအပေါ် အစောပိုင်းမျှော်လင့်ချက်ကြီးခဲ့ကြသော်လည်း NLD အစိုးရလက်ထက်၌ ဆက်လက်ဖော်ဆောင်ခဲ့သည့် နောက်ပိုင်းအစည်းအဝေး လေးခုသည်နိုင်ငံတွင်း အားလုံးလွှမ်းခြုံပါဝင်မှု မရှိသည့် ကိစ္စရပ်ကို ကိုင်တွယ်ဖြေရှင်းရမည့်အစား ပို၍ပင်ဆိုးရွားသွားစေခဲ့သည်။ ဖယ်ကြဉ်ချန်လှပ်ထားရေးမူသည် အစွန်းနှစ်ဖက် ရောက်ရှိသွားစေရန်နှင့် စစ်ဘောင်ကျယ်ပြန့်လာစေရန်သာ တွန်းအားပေးခဲ့ပြီး စစ်မှန်သည့် နိုင်ငံရေးအပြောင်းအလဲ ဖြစ်ပေါ်လာနိုင်ခြင်းမရှိစေရန် ကန့်သတ်ပစ်ခဲ့သည်။

ပြည်တွင်းနှင့် နိုင်ငံတကာတရားဝင်မှုအတွက် အမှတ်ရစေလိမ့်မည်ဟု ယုံကြည်ခဲ့ကြသဖြင့် အစိုးရ၊ တပ်မတော်၊ နိုင်ငံတကာအလှူရှင်များနှင့် လက်မှတ်ထိုးအဖွဲ့ခေါင်းဆောင်များက NCA ကျိန်းသေအလုပ်ဖြစ်၍ အောင်မြင်ရေးကိုသာ လျှင်စိတ်ဝင်စား အလေးပေးခဲ့ကြခြင်းက ဤကဲ့သို့သော ဥပေက္ခာပြုမှုကို ပို၍မီးလောင်ရာလေပင့် ဖြစ်စေခဲ့သည်။ ဤကဲ့သို့သောအခိုက်အတန့်သည် ပြည်တွင်းနိုင်ငံရေး ဇာတ်ခုံပေါ်၌ ဆယ်စုနှစ်ပေါင်းများစွာ ပျောက်ဆုံးနေခဲ့သည့် အရာတစ်ခု ဖြစ်နေခဲ့သည်။ သို့သော်လည်း NCA တစ်ခုတည်းအပေါ် အလေးပေးအာရုံစိုက်မှုသည် တပ်မတော်၏ လုပ်ကိုင်ဆောင်ရွက်မှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ဖယ်ကြဉ်ချန်လှပ်ထားမှုများနှင့် နိုင်ငံတွင်း နယ်မြေဒေသအမြောက်အများ၌ကြီးထွားလာလျက်ရှိသည့် လူသားချင်းစာနာထောက်ထားရေးအကျပ်အတည်းများအပေါ် အာရုံစိုက်မှု လျော့နည်းသွားစေသည့် ပြဿနာမျိုးကို ဆောင်ကျဉ်းလာခဲ့သည်။ ရေငုံနှုတ်ဆိတ်နေသည့် ယဉ်ကျေးမှုတစ်ခုသာလျှင် အမြဲတမ်းလိုလို အနိုင်ရသွားခဲ့သည်။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးစကားဝိုင်းများ၌ အမြဲပြောင်းလဲနေသည့် အားလုံးလွှမ်းခြုံပါဝင်ရေး အဓိပ္ပာယ်ဖွင့်ဆိုချက်များ

နှစ်ပေါင်းများစွာအတွင်း တပ်မတော်ခေါင်းဆောင်များသည် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့် စေ့စပ်ညှိနှိုင်းရာ၌ စည်းကမ်းသတ်မှတ်ချက်များ ကွဲလွဲကွာခြားနေသည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ အစိုးရခေတ်အဆက်ဆက်၌ မတူကွဲပြားသည့် ဖြေရှင်းချက်ပေါင်းစုံဖြင့် ဆင်ခြေအမျိုးမျိုးပေးခဲ့ကြသည်။ ယေဘုယျအားဖြင့် ခွဲထွက်အဖွဲ့များကို အမြဲတမ်းလိုလို အပစ်အခတ်ရပ်စဲရေး ကမ်းလှမ်းခဲ့ကြပြီး မြေပြင်၌ အင်အားကြီးမားသည့် တိုင်းရင်းသားတပ်ဖွဲ့များကို တန်ပြန်ဆန့်ကျင်တိုက်ခိုက်ရန် ဌာနေပြည်သူ့စစ်တပ်ဖွဲ့များကို အားပေးအားမြှောက် ပြုလုပ်လာခဲ့သည်။ တစ်ချိန်တည်းလိုလို၌ တပ်မတော်သည် ကရင်အမျိုးသားအစည်းအရုံး၊ ကချင်လွတ်လပ်ရေးအဖွဲ့အစည်းနှင့် သျှမ်းပြည်တိုးတက်ရေးပါတီကဲ့သို့သော သဘာရင့်သက်တမ်းရင့် သို့မဟုတ် ဘယ်သောအခါမှ 'လက်နက်ချအညံ့ခံသွားမည်' မဟုတ်ဟု ရှုမြင်ရသည့် အင်အားစုများကို စစ်ရေးပြိုင်ဘက်အဖြစ်အထိုက်အလျောက် လေးစားမှုရှိကြောင်း အမြဲပြသနေခဲ့သည်။

ဤကဲ့သို့ ပြတ်ပြတ်သားသားမရှိသည့် မရေမရာအလေ့အထများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကြောင့် အခက်အခဲများစွာ ပေါ်ထွက်လာခဲ့သည်။ တပ်မတော်အရာရှိများ အဓိကပြောဆိုလေ့ရှိသည့် ဆင်ခြေတစ်ခုမှာ 'အသစ်' တစ်ခု ဖြစ်နေသည်ဟူသည့် ယေဘုယျဆန်သည့် အကြောင်းပြချက်ဖြစ်သည်။ ခွဲထွက်အဖွဲ့မဟုတ်ခဲ့ပါက ခေတ် 'သစ်' အစိုးရလက်ထက်၌ ပေါ်ထွက်လာသည့် မည်သည့်တပ်ဖွဲ့ 'သစ်' ကိုမဆို ၎င်းတို့၏ရန်သူတော်အဖြစ် တပ်မတော်မှ သတ် မှတ်သည်။ ထို့ကြောင့် နဝတ-နအဖအစိုးရအုပ်ချုပ်ခဲ့သည့် အချိန်ပတ်ဝန်းကျင်က 'အသစ်' ပေါ်ထွက်လာသည့် တပ်ဖွဲ့တစ်ခုအဖြစ် သတ်မှတ်ခံခဲ့ရသည့် ချင်းအမျိုးသားတပ်ဦးကဲ့သို့သော EAOs များကို အပစ်အခတ်ရပ်စဲရေး ကမ်းလှမ်းထိုက်သူများမဟုတ်ဟု သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ဤကဲ့သို့ဆုံးဖြတ်ခဲ့ပြီးနောက်ပိုင်းမှစ၍ တပ်မတော်အရာရှိများက အသစ်ပေါ်ထွက်လာသည့် လက်နက်ကိုင်အဖွဲ့တိုင်းသာ နိုင်ငံရေးအရ အသိအမှတ်ပြုမှုနှင့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးရန် တောင်းဆိုနိုင်သည်ဆိုပါကတော်လှန်ရေးအဖွဲ့သစ်များ နေ့တိုင်းဆိုသလို ဆက်လက်ထွက်ပေါ်လာဦးမည်ဖြစ်သည်ဟု ခုခံပြောဆိုသွားခဲ့သည်။ ဥပမာအားဖြင့် ၁၉၉၆ ခုနှစ်၌ အစိုးရထံ 'လက်နက်ချအည့်ခံ' သွားခဲ့သည့် ခွန်ဆာ၏ ဦးဆောင်မှုအောက်ရှိ သျှမ်းပြည်တပ်မတော် (MTA) မှ ခွဲထွက်လာခဲ့သည့် အဖွဲ့တစ်ခုဖြစ်သည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန် နဝတ-နအဖအစိုးရလက်ထက်က ငြင်းဆန်ခဲ့သည်။ ဦးသိန်းစိန်၏ သမ္မတသက်တမ်းအတွင်း ဤကဲ့သို့သော ဖယ်ကြဉ်ချန်လှပ်ထားမှုများကို အလွယ်တကူမွေလျော့သွားကြသည်။ ထို့ကြောင့်ပင် RCSS နှင့် CNF တို့သည် အဓိကကျသည့် NCA လက်မှတ်ထိုးအဖွဲ့ဝင်များ ဖြစ်လာခဲ့ကြသည်။

၂၀၁၁ ခုနှစ်နောက်ပိုင်း 'အဖွဲ့သစ်'အဖြစ် စာရင်းသွင်းသတ်မှတ်မှုကို အထူးသဖြင့် ပို၍တိတိပပဆိုရသော် မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်အဖွဲ့၊ တအာင်းအမျိုးသွားလွတ်မြောက်ရေးတပ်မတော်နှင့် ရက္ခိုင်အမျိုးသားအဖွဲ့ ချုပ်/အာရက္ခတပ်တော်တို့ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ ဖယ်ကြဉ်ချန်လှပ်သွားရန် ပြန်လည်အသုံးချခဲ့သည်။ သို့သော်လည်း 'တပ်ဖွဲ့သစ်' ဟု သုံးနှုန်းပြောဆိုမှုကို ၎င်းတို့ကိုထောက်ခံအားပေးသူများက ဝေဖန်မေးခွန်းထုတ်လာခဲ့သည်။ ၎င်းတို့၏အမြင်၌ MNDAA သည် ၂၀၀၉ ခုနှစ် နယ်ခြားစောင့်တပ်အဖြစ် အသွင်ကူးပြောင်းရန် အဓိန့်ထုတ်ပြန်၍ ၎င်းတို့၏နယ်မြေကို တပ်မတော်မှ ဝင်ရောက်တိုက်ခိုက်မှုမပြုမီအချိန်ထိအပစ်အခတ်ရပ်စဲထားခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ပထမဦးဆုံး အပစ်အခတ်ရပ်စဲခဲ့သည့် EAO (ဗမာပြည်ကွန်မြူနစ်ပါတီပြိုကွဲပျက်စီးမှု၏ အဓိကကျောရိုး ဖြစ်ခဲ့သည့်)[၆၅] တစ်ခုတည်းအဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည်။ TNLA သည်လည်း ၁၉၇၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၉၁ ခုနှစ်မှ တပ်မတော်လက်နက်ဖြုတ်သိမ်းခဲ့သည့် ၂၀၀၅ ခုနှစ်အထိ အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းထားခဲ့သည့် ယခင်ပလောင်ပြည်နယ်လွတ်မြောက်ရေးပါတီကို ပြန်လည်အသက်သွင်း၍ ပြင်ဆင်ဖွဲ့စည်းထားခြင်းဖြစ်သည်။[၆၆] အလားတူပင် ၂၀၀၉ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည့် ULA/AA သည်လည်း လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်မှစ၍ ရခိုင်ပြည်နယ်၌ အစဉ်အဆက်ပေါ်ထွန်းလာခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုဆက်ခံထားသည့်နောက်ဆုံးမျိုးဆက်ဖြစ်နေခဲ့သည်။[၆၇]

၂၀၁၁ ခုနှစ် အလွန်ကာလ၌ ငြိမ်းချမ်းရေးစကားဝိုင်းမှ ဖယ်ကြဉ်ချန်လှပ်ထားခဲ့ရသည့် အခြားအကြောင်းပြချက်များကိုလည်း ပြောဆိုလာခဲ့သည်။ ယင်းတို့၌ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများသည် 'သေးငယ်၍' 'ရာဇဝတ်မှု မျိုးစုံကျူးလွန်နေကြသူများ' နှင့် 'မူးယစ်ဆေးဝါးကုန်ကူးနေကြသူများ' သို့မဟုတ် 'အစွန်းရောက်အကြမ်းဖက်' အဖွဲ့အစည်းများဖြစ်သည်ဟူသည့် ပြောဆိုချက်များလည်း ပါဝင်နေခဲ့သည်။[၆၈] NCA နှင့် စပ်လျဉ်း၍လည်း အချို့ EAOs များအတွက် တိုင်းရင်းသားမျိုးနွယ်စုတစ်ခုကို တော်လှန်ရေးအဖွဲ့အစည်း

တစ်ခုတည်းက ကိုယ်စားပြုရန် သို့မဟုတ် သဘောတူစာချုပ်အဖွဲ့ဝင် မဖြစ်မီ နှစ်ဖက်အပစ်အခတ်ရပ်စဲရေးကို ဦးစွာလက်မှတ်ရေးထိုး၍ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ရမည်ဟု အစိုးရဖက်က စည်းကမ်းသတ်မှတ်ချက်များထုတ်ပြန်လာခဲ့သည်။ ယခုတစ်ကြိမ်တွင်လည်း အဆိုပါအဓိပ္ပာယ်ဖွင့်ဆိုချက် အများအပြားသည် တိုင်းရင်းသားအခြေပြု နိုင်ငံရေးအကွဲအပြဲများကို ဖျန်ဖြေပေးရမည့်အစား ပိုမိုဆိုးရွားသွားစေမည့် မူမမှန်သည့်သဘောထားများဖြင့် ပြည့်နှက်နေခဲ့ပြန်သည်။

သာဓကအားဖြင့် တပ်မတော်အရာရှိများက ရခိုင်အမျိုးသားကောင်စီ၊ ဝအမျိုးသားအဖွဲ့အစည်းနှင့် လားဟူဒီမိုက ရက်တစ် အစည်းအရုံးကဲ့သို့သော အဖွဲ့အစည်းများသည် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရယူရလောက်အောင် အင်အားရှိသည့်အဖွဲ့များမဟုတ်ဟု ဝေဖန်ပြောဆိုခဲ့ကြသည်။[၆၉] မည်သို့ဆိုစေကာမူ ဤအဖွဲ့အစည်းများသည် ၁၉၇၀ ပြည့်လွန်နှစ်များကတည်းက အစဉ်အလာကြီးခဲ့ကြသည့် အဖွဲ့များဖြစ်ကြသည်။ အခြားတစ်ဖက်တွင် လည်း KNU နှင့် RCSS တို့မှလွဲ၍ NCA လက်မှတ်ထိုးအဖွဲ့ဝင်များသည် မည်သည့်နည်းနှင့်မျှနိုင်ငံအတွင်း၌ အင်အားအကြီးဆုံး သို့မဟုတ် ဩဇာတိက္ကမအကြီးဆုံး EAOs စာရင်းဝင်များ မဟုတ်ခဲ့ကြပေ။ ထိုအချိန်မတိုင်မီ ကနဦးအစောပိုင်း၌ ဖယ်ကြဉ်ချန်လှပ်ခံခဲ့ရလင့်ကစား LDU သည် ၂၀၁၈ ခုနှစ် အရောက်တွင် NCA လက်မှတ်ရေးထိုးရန် ဖိတ်ကြားခံခဲ့ရပြန်သည်။ အလားတူပင် သဘောတူစာချုပ်၌ အဖွဲ့ဝင်ကရင်သုံးဖွဲ့ရှိနေသော်လည်း[၇၀] ရခိုင်ပြည်နယ်အတွက် ရခိုင်လွတ်မြောက်ရေးပါတီ (ALP) ဟူသည့် ရခိုင်အဖွဲ့အစည်းတစ်ခုတည်းကိုသာ NCA လက်မှတ်ရေးထိုးခွင့်ပြုခဲ့သည်။ ဤဆုံးဖြတ်ချက်သည် အဓိကတပ်ဖွဲ့ဝင်အင်အား ၅၀-၁၀၀ ခန့်ဖြင့် သမိုင်းအစဉ်အဆက် ထိုင်းနယ်စပ်၌သာ အခြေစိုက်လှုပ်ရှားခဲ့ကြသည့် ALP ကို ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ ပါဝင်ဆောင်ရွက်ခွင့်ပြုရန် လက်ခံအသိအမှတ်ပြုခဲ့ပြီး ထောင်ပေါင်းများစွာသော စစ်သည်အင်အားဖြင့် ရခိုင်ပြည်၌လှုပ်ရှားလျက်ရှိသည့် ULA/AA ကို ငြင်းပယ်ခဲ့သည့် လုံးဝကြောင်းကျိုးဆီလျော်မှုမရှိသည့် အနေအထားမျိုးဆီသို့ ဦးတည်သွားစေခဲ့သည်။

နောက်ထပ်ရှေ့နောက်ညီညွတ်မှုမရှိသည့် ကိစ္စရပ်တစ်ခုမှာ နဝတ-နအဖအစိုးရလက်ထက်၌ အပစ်အခတ်ရပ်စဲခဲ့ကြသည့် ဝပြည်သွေးစည်းညီညွတ်ရေးပါတီနှင့် အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်တို့ကို NCA လက်မှတ် ရေးထိုးကြရန် အစိုးရမှ တိုက်တွန်းအားပေးခဲ့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ရေးဆွဲပြင်ဆင်ရန် ခေါ်ယူကျင်းပခဲ့ကြသည့် အမျိုးသားညီလာခံ (၁၉၉၃-၂၀၀၈) ကိုပင် တက်ရောက်ပါဝင်ခဲ့သည့် ပအိုဝ်းအမျိုးသား အဖွဲ့အစည်းကဲ့သို့သော EAO အင်အားစုများ ပါဝင်လာအောင်ဖိတ်ခေါ်သွားရန် တစ်ဦးတစ်ယောက်မျှ အကြံပြုခဲ့ကြခြင်းမရှိပေ။ ယနေ့အချိန်၌ PNO သည် ပြည်သူ့စစ်အဆင့်အတန်း သတ်မှတ်ခံထားရသော်လည်း ၎င်းတို့၏ စစ်ရေးတောင်ပံကို ဆက်လက်ထိန်းသိမ်းထားဆဲဖြစ်ပြီး ၂၀၂၁ ခုနှစ် အာဏာသိမ်းခင်ကာလအထိ ဥပဒေပြုလွှတ်တော်၌ နိုင်ငံရေးပါတီတစ်ခုအဖြစ် ကိုယ်စားပြုပါဝင်နေခဲ့ခြင်းဖြစ်သည်။ ယင်းအစား NCA အသိအမှတ်ပြုမှုသည် ၂၀၀၉ ခု နှစ်၌ PNO မှခွဲထွက်လာခဲ့သည့် ခေါင်းဆောင်များစုဖွဲ့၍ စင်ပြိုင်တိုင်းရင်းသားတော်လှန်ရေးအင်အားစုအဖြစ် ထူထောင်ခဲ့ကြသည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့အစည်းဆီသို့ ရောက်ရှိသွားခဲ့သည်။[၇၁]

အလားတူ ဝေဝါးရှုပ်ထွေးစရာကောင်းသည့် နိုင်ငံရေးနှင့် လူမှုရေးဖြစ်စဉ်များ ကရင်ပြည်နယ်တွင်လည်း ပေါ်ပေါက်လာခဲ့သည်။ ၁၉၉၄ ခုနှစ်၌ KNU မှ ခွဲထွက်လာခဲ့သည့် ယခင်အခေါ် တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသား တပ်ဖွဲ့ (DKBA[၁]) သည် အပစ်အခတ်ရပ်စဲထားသည့် EAO အဖြစ်မှ တပ်မတော်၏ အာဏာစက်အောက်တွင်နေရမည့် နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် ၂၀၀၉ ခုနှစ်၌ ပြောင်းလဲဖွဲ့စည်းခဲ့ပြီးနောက် နိုင်ငံအတွင်းရှိ အင်အားအကြီးဆုံး လက်နက်ကိုင်တပ်ဖွဲ့များ၌ တစ်ခုအပါအဝင်ဖြစ်လာခဲ့သည်။ ဤနည်းအားဖြင့် နဝတ-နအဖ

လက်ထက်ကအခြား ‘အသွင်ပြောင်း’ EAOs များနည်းတူပင် NCA ညှိနှိုင်းဆွေးနွေးရေးလုပ်ငန်းစဉ်၏ မည်သည့်အခန်းကဏ္ဍတွင်မျှ ပါဝင်လာခြင်း မရှိတော့ပေ။ သို့သော်လည်း နယ်ခံလူထုလူတန်းစားများအတွက် အစိုးရအာဏာပိုင်များ၏ ဤကဲ့သို့သော ပုံစံအမျိုးမျိုးဖြင့် ခွဲခြားသတ်မှတ်မှုများသည် မြေပြင်ရှုပ်ထွေးမှုများနှင့်အကွဲအပြဲများကိုသာ ဖြစ်ပေါ်လာစေလျက်ရှိသည်။

NLD ၏ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအောင်ပွဲသည် သစ်လွင်ဆန်းသစ်သည့် အပြောင်းအလဲလမ်းကြောင်းတစ်ခု၏ ရှေ့တော်ပြေးဖြစ်လာလိမ့်မည်ဟု မျှော်လင့်ချက်ကြီးခဲ့ကြသည်။ သို့သော်လည်း နောက်ပိုင်းနှစ်အရောက်၌ NLD မှ တပ်မတော်နှင့်လက်တွဲ၍ အစိုးရဖြစ်လာခဲ့ပြီးနောက်ပိုင်း ဖယ်ကြဉ်ချန်လှပ်ထားရေးအသံများ ပို၍ကျယ်လောင်လာခဲ့သည်။ ULA/AA နှင့် ရခိုင်ရိုဟင်ဂျာကယ်တင်ရေး တပ်မတော်တို့နှစ်ဖွဲ့စလုံး ‘အစွန်းရောက် အကြမ်းဖက်အဖွဲ့အစည်းများ’ အဖြစ်စာရင်းသွင်းသတ်မှတ်ခံခဲ့ရခြင်းက ရခိုင်တစ်ပြည်နယ်လုံး၌ အင်တာနက်ဖြတ်တောက်ခံရရုန်နှင့် ULA/AA ခေါင်းဆောင်များကို တွေ့ဆုံမေးမြန်းခဲ့သည့် သတင်းထောက်များ ဖမ်းဆီးထိန်းသိမ်းခံရစေရန် ဦးတည်သွားစေခဲ့သည်။[၇၂] သို့သော်လည်း အားလုံးသိထားပြီးဖြစ်သည့်အတိုင်း အဆိုပါသတ်မှတ်ချက်များသည် အလွယ်တကူပြောင်းလဲသွားတတ်သည်။ သာဓကအားဖြင့် RCSS နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးတို့သည်လည်း ၎င်းတို့၏ ၂၀၁၅ ခုနှစ် NCA လက်မှတ်ရေးထိုးပွဲမတိုင်မီ ရက်အနည်းငယ် အလိုကျမှ အစိုးရ၏ ‘အစွန်းရောက်အကြမ်းဖက်’ စာရင်းမှ ပယ်ဖျက်ခံခဲ့ရခြင်းဖြစ်သည်။[၇၃]

တစ်ချိန်တည်းလိုလို၌ ၂၀၁၁ ခုနှစ်လွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်လျှောက် တပ်မတော်နှင့် EAOs နှစ်ဖက်စလုံး ပါဝင်ပတ်သက်နေသည်ဟု အပြန်အလှန်စွပ်စွဲပြောဆိုခဲ့ကြသည့် မူးယစ်ဆေးဝါးကုန်ကူးမှုနှင့်ပတ်သက်သည့် စွပ်စွဲပြောဆိုချက်များ ကျယ်လောင်လာခဲ့သည်။ လက်တွေ့၌ ကမ္ဘာ့အကြီးဆုံးစာရင်းဝင်ဘိန်းနှင့် မက်အမ်ဖီတမင်း တရားမဝင်ကုန်ကူးမှုသည် အပြန်အလှန်စွပ်စွဲနေကြသည့် အင်အားစုများအားလုံးတစ်နည်းတစ်ဖုံကြံရာပါဖြစ်နေကြသည့် မှောင်ခိုစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် သက်ဆိုးရှည်နေခဲ့သည်မှာ ကာလအတန်ကြာလာခဲ့ပြီဖြစ်သည်။[၇၄] တကယ်တမ်း၌ လွန်ခဲ့သည့်ဆယ်စုနှစ် နှစ်ခုအတွင်း တပ်မတော်ကျောထောက်နောက်ခံပြုထားသည့် နယ်ခြားစောင့်တပ်ဖွဲ့များနှင့် ပြည်သူ့စစ်တပ်ဖွဲ့များသာ အများဆုံးပါဝင်ပတ်သက်နေခဲ့သည့် မူးယစ်ဆေးဝါးလုပ်ငန်းသည် ၎င်း၏ အခြေခံအဆောက်အအုံများကို ပုံစံပြောင်း၍ နေရာချထားမှုများ တောက်လျှောက်ပြုလုပ်နေခဲ့ပြီး နိုင်ငံတွင်း ‘အပစ်အခတ်ရပ်စဲရေးစီးပွားရေး’ ၏ အဓိကအကျဆုံးအင်္ဂါရုပ်တစ်ခုဖြစ်လာခဲ့သည်။ ယနေ့အချိန်ထိ ပန်းပန်နေဆဲဖြစ်သည့် မူးယစ်ဆေးဝါးကုန်သွယ်ရေးသည် နည်းဗျူဟာအရ စစ်အုပ်ချုပ်ရေး၏ အထောက်အပံ့ကိုရယူကာ အကျိုးအမြတ်ဖြစ်ထွန်းနေကြသည့် ဒုစရိုက်လုပ်ငန်းများအပါအဝင် အစိုးရအပေါ် လူထုလူတန်းစားအများအပြား မလိုမုန်းထားဆန့်ကျင်မှုကို ဖြစ်ပေါ်လာစေသည့် အကြီးမားဆုံးသော အကြောင်းရင်းတစ်ခုအဖြစ် သက်ဆိုးရှည်နေဆဲဖြစ်သည် (‘လက်နက်ကိုင်ပဋိပက္ခနှင့် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးနေဆဲကာလ စီးပွားရေးပြုပြင်ပြောင်းလဲမှု’ စာကွက်ကိုကြည့်ပါ)။

ဆ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းမှုစတင်ခဲ့ပြီးနောက်ပိုင်း ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုနှင့် အားလုံးလွှမ်းခြုံပါဝင်မှုရှိရေး နိုင်ငံရေးရေခဲမြေခဲသည် မတူကွဲပြားသည့် ပုံစံသစ်များဆီသို့ ပြောင်းလဲသွားခဲ့သည်။ သို့သော်လည်း ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း မအောင်မြင်ခဲ့သည့် ငြိမ်းချမ်းရေးဘာသာစကားနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များမှ ရရှိလာခဲ့သည့် သင်ခန်းစာတစ်ခုသည် အပြောင်းအလဲမရှိ ဆက်လက်တည်တံ့နေခဲ့သည်။ အကွဲအပြဲဖြစ်နေသည့် ရေခဲမြေခဲအခင်းအကျင်း၌ ပဋိပက္ခကြောင့် စည်းခြားသွားခဲ့ကြသည့် လူထုလူတန်းစားများ၏ နေ့စဉ်ရှင်သန်မှုဘဝအတွင်း ရင်ဆိုင်ကြုံတွေ့နေရသည့် များမြောင်လှသည့် လူမှုရေး၊

နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာ၌ ဘက်စုံထောင့်စုံမှ ချဉ်းကပ်အဖြေရှာရန် အရေးတကြီးလိုအပ်နေသည်မှာ ကြာညောင်းလွန်း နေခဲ့ပြီဖြစ်သည်။ အစိုးရ၏ ချဉ်းကပ်ဆောင်ရွက်မှုပုံစံများသည်ဇစ်မြစ်အကြောင်းရင်းထက်စာလျှင် ပဋိပက္ခအကျိုးဆက်များကိုသာ ဦးတည်ဖြေရှင်း၍ ကြောင်းကျိုးဆက်စပ်မှုအရှိဆုံး ပဋိပက္ခဇာတ်ကောင်များကို ဖယ်ကြဉ်ချန်လှပ်ထားခဲ့သည်။ အမှန်တကယ်တမ်း ထိရောက်အကျိုးရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခု၏ ရှုထောင့်မှကြည့်မည် ဆိုပါက နိုင်ငံတကာဇာတ်ကောင်အများအပြားရှင်းရှင်းလင်းလင်း လက်ခံအသိအမှတ်ပြုရန် ပျက်ကွက်ခဲ့ကြသည့် ဤအစုအဖွဲ့များသည် မဖြစ်မနေ ပါဝင်ဆောင်ရွက်မှုရှိရမည့် အင်အားစုများဖြစ်နေလေ့ရှိသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် လူမှုရေးနှင့် နိုင်ငံရေးအကွဲအပြဲများကို ပိုမိုနက်ရှိုင်းသွားစေခြင်းထက် ကုစားမှုပြုနိုင်စေရန် ပို၍အားပေးကူညီပေးသင့်သည်။ အားလုံးလွှမ်းခြုံပါဝင်မှုနှင့် ပြုပြင်ပြောင်းလဲမှုမရှိဘဲ မည်သည့်အဖြေကိုမျှ ရရှိနိုင်လိမ့်မည်မဟုတ်ပေ။ ယင်းအစား ၂၀၂၁ ခုနှစ်မှစ၍ ငြိမ်းချမ်းရေးအဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ပဋိပက္ခ ဦးတည်ချက်ကို ပြောင်းလဲသွားစေမည့် သံသရာသစ်တစ်ခု စတင်လည်ပတ်လာခဲ့သည်။

ထိတွေ့တိုက်ပွဲများနှင့်ပတ်သက်၍ ပြောရမည်ဆိုပါက ရန်လိုတိုက်ခိုက်မှုသည် တပ်မတော်နှင့် EAOs နှစ်ဖက်စလုံး ထံမှ စတင်လာခဲ့ခြင်းဖြစ်သည်။ NCA လက်မှတ်ထိုးအဖွဲ့ဝင်မဟုတ်ကြသူများဖက်ကို ကြည့်မည်ဆိုပါက EAOs များကို ဖယ်ကြဉ်ချန်လှပ်ထားခြင်း သို့မဟုတ် NCA ၌ ပါဝင်မှုမပြုရန်မိမိဘာသာဆုံးဖြတ်ခြင်းသည် အဓိကအကြောင်း ရင်းဖြစ်နေခဲ့သည်။ တပ်မတော်ဖက်ကို ကြည့်ပါက နည်းဗျူဟာပိုင်းအရကစားကွက်ရွေခြင်းများနှင့် စစ်ရေးအရ တိုက်ခိုက်မှုများဟူ၍ အဓိကအင်္ဂါရပ်နှစ်ခုရှိနေခဲ့သည်။ ကနဦး NCA လက်မှတ်ထိုးပွဲနောက်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပနေသည့်အချိန်မျိုးဌပင် တပ်မတော်ဖက်မှ လက်မှတ်ထိုးအဖွဲ့ဝင်မဟုတ်ကြသည့် EAO ထိန်းချုပ်ဒေသများ၌ လုံခြုံရေးသည် သာလျှင်ပထမဟူသည့် မဟာဗျူဟာများကို အရှိန်မြှင့်ဖော်ဆောင်လာခဲ့သည်။ ယင်းတို့၌ အစိုးရနှင့် နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ် ရေးထိုးထားခဲ့သည့် ရှမ်းပြည်တိုးတက်ရေးပါတီနှင့် အခြား EAOs များကိုဦးတည်ပစ်မှတ်ထားသည့် လုံခြုံရေးတပ်ဖွဲ့များ၏ စစ်ဆင်ရေးလုပ်ငန်းများပါဝင်နေခဲ့သည်။

မည်သို့ဆိုစေကာမူ တပ်မတော်သည် အပစ်ရပ်ထားခြင်းမရှိသေးသည့် EAOs များအပေါ် စနစ်တကျအရှိဆုံးဖိအားများကို တစ်ရစ်ပြီးတစ်ရစ် တိုးမြှင့်ပေးအပ်လာခဲ့သည်။ NCA တွင်းဖယ်ကြဉ်ချန်လှပ်ထားမှု၏ နောက်ဆက်တွဲအကျိုးသက်ရောက်မှုများနှင့် ပတ်သက်သည့် ပဋိပက္ခသံချောင်းခေါက်သံသည် NLD အာဏာရလာသည့် ခြောက်လအတွင်း ပထမဦးဆုံးအကြိမ်ကျင်းပခဲ့သည့် UPC-၂၁ရာစု ငြိမ်းချမ်းရေးညီလာခံအပြီး ကချင်နှင့် ရှမ်းပြည်နယ်မြောက် ပိုင်းဒေသများ၌ တပ်မတော် အရှိန်မြှင့်ဖော်ဆောင်လာသည့် စစ်ဆင်ရေးလုပ်ငန်းများနှင့်အတူ ထွက်ပေါ်လာခဲ့သည်။ တရုတ်နယ်စပ်ပေါ်ရှိ KIO ဌာနချုပ်၏ မလှမ်းမကမ်းရှိ စစ်ရေးအရအရေးပါသည့် ဂိဒေါင်တောင်ပေါ်ခံတပ်ကို တပ်မတော်သိမ်းပိုက်လိုက်သည့် ၂၀၁၆ နှစ်ကုန်ပိုင်းမှစ၍ အလွန်တရာပြင်းထန်သည့် ရေကုန်ရေခန်းတိုက်ပွဲကြီးများ ပေါ်ပေါက်လာခဲ့သည်။ ၂၀၁၁ ခုနှစ် KIO အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်သွားချိန်မှစ၍ တစတစ တိုးပွားလာခဲ့သည့် IDPs ဦးရေသည် ၂၀၁၆ နှစ်ကုန်၌ တစ်သိန်းကျော်ထိ ထိုးတက်သွားခဲ့သည်။[၇] တကယ်တမ်း၌ ကေအိုင်အိုသည် ၂၀၁၃ ခုနှစ်၌ အစိုးရနှင့် ညှိနှိုင်းသဘောတူခဲ့သည့်အတိုင်း 'ရန်လိုတိုက်ခိုက်မှုလျော့ချရေး' ကို လက်တွေ့ဖော်ဆောင်နေသူဖြစ်သည်။ သို့သော်လည်း ပထမ UPC-21PC နောက်ပိုင်း အဆိုပါကတိကဝတ်များကို အစိုးရဖက်က မေ့လျော့သွားခဲ့ပုံရသည် ('တစ်ဖက်သတ်နှင့် နှစ်ဖက်အပြန်အလှန်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို လေးစားလိုက်နာမှုမရှိခြင်း' ကိုကြည့်ပါ)။

အစပိုင်း၌ NCA တိုးတက်ဖြစ်ထွန်းရေးအပေါ် မျှော်လင့်ချက်ကြီးခဲ့ကြသည့် ပြင်ပကမ္ဘာ၌ အပစ်အခတ်ရပ်စဲထားခြင်းမရှိသည့် နယ်မြေဒေသတစ်လွှား ပိုမိုပြင်းထန်လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခကို များစွာဂရုမပြုမိခဲ့ကြပေ။ သို့သော်

လည်းရှိဟင်ကျာ လူထုလူတန်းစားများနှင့် အသစ်ထူထောင်လာသည့် ရခိုင်ရှိဟင်ကျာကယ်တင်ရေး တပ်မတော်ကို ဦးတည်ပစ်မှတ်ထား၍ 'နယ်မြေရှင်းလင်းရေး' ပြုလုပ်မည့် တပ်မတော်၏ စစ်ဆင်ရေးလုပ်ငန်းများအတွက် အရှေ့မြောက်ဒေသမှ ချေမှုန်းရေးတပ်ဖွဲ့များကို ရခိုင်ပြည်နယ်သို့ လေကြောင်းဖြင့်ပို့ဆောင်ခဲ့သည့် ၂၀၁၇ နှစ်ကုန်ပိုင်းရောက်သည့် အခါထူးထူးခြားခြား အမြင်သဘောထား ပြောင်းလဲမှုများ သိသိသာသာ ပေါ်ပေါက်လာခဲ့သည်။ ခြုံ၍ပြောရမည်ဆိုလျှင် ဤနည်းဗျူဟာများသည် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ လှုပ်ရှားလျက်ရှိသည်ဟု ယူဆရသည့် အရပ်ဒေသများမှ အရပ်သားပြည်သူများကို ဖယ်ရှားရန် ၁၉၆၀ ပြည့်လွန်နှစ်များမှစ၍ တပ်မတော်အသုံးပြုလာခဲ့သည့် 'ဖြတ်လေးဖြတ်' မဟာဗျူဟာကို ပြန်လည်အသက်သွင်းခြင်းဖြစ်သည်။[၇၆] ယခုတစ်ကြိမ်၌ ဘူးသီးတောင်နှင့် မောင်းတောမြို့နယ်များကို အဓိကဦးတည်ပစ်မှတ် ထားခဲ့ခြင်းဖြစ်သည်။ တရားမဲ့သတ်ဖြတ်မှုများနှင့် ဆိုးရွားပြင်းထန်လွန်းသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ မြင့်တက်လာခြင်းနှင့်အတူ ရှိဟင်ကျာဦးရေ ၇၂၅၀၀၀ ကျော် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စစ်ပြေးဒုက္ခသည်များ အဖြစ်ရောက်ရှိလာခဲ့ခြင်းက လူမျိုးတုံးသတ်ဖြတ်မှု အပါအဝင် နိုင်ငံတကာဥပဒေ ချိုးဖောက်မှုများအတွက် နိုင်ငံတကာစုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲဆိုမှုများဆီသို့ ဦးတည်သွားစေခဲ့သည် ('ရခိုင်ပြည်နယ်၏ တစ်ကျော့ပြန်ပဋိပက္ခ' ကိုကြည့်ပါ)။

နောက်ဆုံးအနေဖြင့် တပ်မတော်၏ ရည်ရွယ်ချက်များအပေါ် ပြင်းပြင်းထန်ထန်စတင်မေးခွန်းထုတ်ရန် လိုအပ်လာခဲ့ပြီဖြစ်သည်။ ဦးသိန်းစိန်အစိုးရလက်ထက် ရှိဟင်ကျာပြည်သူအများစု၏ နိုင်ငံသားအခွင့်အရေး ရုပ်သိမ်းခံရခြင်းနှင့်အတူ ရှိဟင်ကျာကိုယ်စားလှယ်များ (EAO ဖြစ်စေ အရပ်သားဖြစ်စေ) ကို NCAနှင့် နောက်ပိုင်းဆက်လက်ကျင်းပသွားမည့် ၂၁ ရာစုပင်လုံညီလာခံ၌ ပါဝင်ခွင့်မပြုဘဲ ဖယ်ကြဉ်ချန်လှပ်သွားမည့်အစိုးရဖြစ်ကြောင်း သံသယရှိစရာမလိုလောက်အောင်ရှင်းလင်း မြင်သာနေခဲ့သည်။[၇၇] သို့သော်လည်း တိုင်းရင်းသားအခြေပြုနိုင်ငံရေးနှင့် ဘာသာရေးတင်းမာမှုများ မြင့်တက်လာသည်နှင့်အမျှ ရခိုင်ပြည်နယ်တွင်းပဋိပက္ခကို ဖယ်ကြဉ်ချန်လှပ်ထားရေးမူ၏ တစ်ခုတည်းသော သာဓကအဖြစ် ရှုမြင်၍မရနိုင်ကြောင်း အလျင်အမြန်ပင် ပြတ်သားထင်ရှားလာခဲ့သည်။ ကရင်အမျိုးသားအစည်းအရုံး အကြံပေးအဖွဲ့ခေါင်းဆောင်များက အင်မတန်တင်းမာပြတ်သားသည့် ပြစ်တင်ပြောဆိုမှုတစ်ခုအဖြစ် ရှိဟင်ကျာလူထုအပေါ် ဆက်ဆံမှုကိုကြောက်ရွံ့ထိတ်လန့်စေရန်၊ ဖိနှိပ်ချုပ်ချယ်ရန်နှင့် လူမျိုးတုံးသတ်ဖြတ်ရန် တပ်မတော်အသုံးပြုခဲ့သည့် မဟာဗျူဟာကြောင့်ထိခိုက်နစ်နာခဲ့ရသည့် အခြားတိုင်းရင်းသားလူမျိုးများ၏ အလားတူအတွေ့အကြုံများနှင့် နှိုင်းယှဉ်ပြောဆိုသွားခဲ့သည်။[၇၈]

မည်သို့ဆိုစေ မြန်မာနိုင်ငံ၏အနောက်တံခါးဝ၌ အခြေအနေအရပ်ရပ်သည် တဖြည်းဖြည်းပို၍ ဆုတ်ယုတ်ပျက်စီးလာခဲ့သည်။ ၂၀၁၈ နှစ်ကုန်ပိုင်း၌ တပ်မတော်နှင့် အပစ်မရပ်ထားသည့် EAOs များအကြား ၂၀၂၁ ခုနှစ်အထိ အသက်ဝင်နေခဲ့သည့် တစ်ဖက်သတ် 'အပစ်အခတ်ရပ်စဲရေးသံတမန်ရေး' ကစားပွဲတစ်ခုကို စတင်ခဲ့ကြသည်။ လက်တွေ့၌ ရခိုင်ပြည်နယ်သည် ရခိုင်လွတ်မြောက်ရေးပါတီ ဟူသည့် NCA လက်မှတ်ထိုးအဖွဲ့ဝင် အမည်ခံတပ်ဖွဲ့နှင့် ၂၀၁၂ ခုနှစ်ကတည်းကပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ထားခြင်းဖြစ်သည်။ အလားတူပင် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် ချင်းပြည်နယ်၌လည်း NCA အဖွဲ့ဝင်ဖြစ်သည့် ချင်းအမျိုးသားတပ်ဦးနှင့်အပစ်အခတ်ရပ်စဲထားပြီးဖြစ်သည်။သို့သော်လည်း ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ဗိုလ်ချုပ်မျူးကြီးမင်းအောင်လှိုင်၏ တပ်မတော်က ပထမဦးဆုံးအကြိမ်အဖြစ် 'တစ်ဖက်သတ်' အပစ်အခတ်ရပ်စဲရေး ကြေညာခဲ့ရာ၌ နေ့စဉ်ထိတွေ့တိုက်ပွဲဖြစ်ပွားမှုကို သက်သာရာရလာစေနိုင်သည့် အလားအလာမှ ရခိုင်နှင့် ချင်းပြည်နယ်တို့ကို ထုတ်နုတ်ဖယ်ရှား၍ အနောက်တိုင်းစစ်ဌာနချုပ်ကို ခြွင်းချက်အဖြစ် ချန်လှပ်ထားခဲ့သည် ('တစ်ဖက်သတ်နှင့် နှစ်ဖက်အပြန်အလှန် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို လေးစားလိုက်နာမှုမရှိခြင်း' နှင့် 'မြောက်ပိုင်း EAOs များနှင့် အပစ်အခတ် ရပ်စဲရေးညှိနှိုင်းဆွေးနွေးပွဲများ' တို့ကိုကြည့်ပါ)။

ဤမူဝါဒကို ကာကွယ်ပြောဆိုမှုအဖြစ် အစိုးရအရာရှိများက အနောက်တိုင်းစစ်ဌာနချုပ်ကို ချန်လှပ်ထားခဲ့ခြင်းသည်အရေးပေါ် ရှိဟင်ကျာအကျပ်အတည်းကို ဖြေရှင်းရန် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ဒေသဖြစ်သည်ဟု အကြောင်းပြခဲ့ကြသည်။ သို့ရာတွင် ၂၀၁၈ ခုနှစ်ကြေညာချက်သည် NLD အစိုးရဖြစ်လာသည့်နောက်ပိုင်းထိခိုက်ပျက်စီးမှုများကိုလျှော့ချသွားရမည့်အစား မီးလောင်ရာလေပင့်ဖြစ်စေခဲ့သည့် အစိုးရ၏ဆုံးဖြတ်ချက် အများအပြားအပေါ် မြေပြင် လူထုလူတန်းစားများရှုမြင်နေသည့် အမြင်သဘောထားများနှင့် အချိန်ကာလအားဖြင့် ကိုက်ညီအပ်စပ်မှုမရှိဘဲ ဆိုးဆိုးရွားရွားကင်းကွာနေခဲ့သည်။ အထူးသဖြင့် ဒေသအတွင်း အင်အားအကြီးဆုံး EAO အဖြစ်ထွက်ပေါ်လာခဲ့သည့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/အာရက္ခတပ်တော်ကို NCA လုပ်ငန်းစဉ်၌ ပါဝင်ခွင့်

မပြုဘဲ ပိတ်ပင်ခဲ့ခြင်းသည် ကြီးထွားလာနေသည့် ၎င်းတို့၏ သြဇာလွှမ်းမိုးမှုနှင့် လူကြိုက်များထောက်ခံမှု အားနည်းသွားစေရန် မဟာဗျူဟာကျကျ ကြိုးပမ်းခဲ့သည့်ခြေလှမ်းတစ်ရပ် အဖြစ်သိသာထင်ရှားနေခဲ့သည်။ ပြန်လည်တိုးပြန်သည့်အနေဖြင့် AA တပ်မှူးများသည် ၂၀၁၉ ခုနှစ် ဇန်နဝါရလမှစတင်၍ အကြီးအကျယ် လက်ဖျားခါရလောက်သည့် အရှိန်အဟုန်မျိုးဖြင့်စစ်ရှိန်မြှင့် တိုက်ခိုက်မှုများပြုလုပ်ကာ ၎င်းတို့၏ စစ်ဆင်ရေးလုပ်ငန်းများကို အိန္ဒိယ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မှသည် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တောင်ပိုင်းဒေသများအထိ ထဲထဲဝင်ဝင်ဖြန့်ကျက်လာခဲ့သည်။ တပ်မတော်ဖက်ကလည်း လေကြောင်းနှင့် လက်နက်ကြီးပစ်ကူများ၊ အစုလိုက်အပြုံလိုက်ဖမ်းဆီးထိန်းသိမ်းမှုများနှင့် ကျေးလက်ကျေးရွာများကို စီးနင်းတိုက်ခိုက်မှုများဖြင့် တန်ပြန်တိုက်ခိုက် လာခဲ့သဖြင့် နယ်မြေဒေသတစ်လွှား သေကျေပျက်စီးမှုများနှင့် နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ရမှုများ အလျင်အမြန် တိုးပွားလာခဲ့သည်။

ငြိမ်းချမ်းရေးတည်ဆောက်ရေးအလားအလာကောင်းများကို ပိုင်ဆိုင်ထားသည့်အချိန်မျိုး၌ အစိုးရ၊ တပ်မတော်နှင့် NCA တို့၏ နာမည်ဂုဏ်သတင်းကို ထိခိုက်ပျက်စီးစေခဲ့သည့်

စစ်ကွေ့ခြိုနယ် IDP စခန်းတစ်ခုမှ ဒေသခံစေတနာရှင်များထံမှ ရေသန့်ယူဆောင်လာသည့် လာဇရပ်စောင့်ဆိုင်းနေကြသည့် ဧနရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်သူများ (TNI)

အကျိုးဆက်များ ပေါ်ပေါက်လာတော့သည်။ ပဋိပက္ခ မျက်နှာစာတွင်လည်း ပိုမိုကျယ်ပြန့်ပြင်းထန်သည့် လူမှုရေးအကျိုးသက်ရောက်မှုများနှင့် နယ်ခံရပ်ရွာ အသိုက်အဝန်းများအကြား ဆက်ဆံရေးအဖုအထစ်များ ပိုမိုပြင်းထန်လာစေရန် လှုံ့ဆော်ပေးခဲ့သည်။ အပစ်ရပ်ထားသည့် ALP သည် ရိုဟင်ဂျာဆန့်ကျင်ရေးလုပ်ငန်းများ[၇၉] ဆောင်ရွက်နေသည်ဟု စွပ်စွဲပြောဆိုမှုများပေါ်ထွက်လာခဲ့သလို ALP နှင့် ULA/AA အကြား ထိတွေ့တိုက်ခိုက်မှုများ ပေါ်ပေါက်လာခဲ့ပြီး[၈၀] အခြား NCA လက်မှတ်ထိုးအဖွဲ့ဝင် CNF ကလည်း AA တပ်ဖွဲ့များကို ချင်းပြည်နယ်အတွင်းမှ ဆုတ်ခွာသွားရန် တောင်းဆိုလာခဲ့သည်။[၈၁] ၂၀၂၀ နှစ်ကုန်ပိုင်း ရောက်လာသည့်အခါ ချင်းအရပ်သားပြည်သူဦးရေစုစုပေါင်း ၁၀၀၀၀ ကျော်ခန့်သည် ပြည်တွင်းနေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်သူများအဖြစ်သော်လည်းကောင်း၊ အိန္ဒိယနိုင်ငံသို့ နယ်စပ်ဖြတ်ကျော် စစ်ဘေးဒုက္ခသည်များအဖြစ်သော်လည်းကောင်း ရောက်ရှိသွားခဲ့သည်။ အရပ်ဖက်လူ့အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးဆွေးနွေးကြရန် တောင်းဆိုမှုများရှိခဲ့သော်လည်း အစိုးရဖက်က ပိုမိုဆိုးရွားပြင်းထန်လာနေသည့် ပဋိပက္ခအဆုံးသတ်ရေးအတွက် မည်သည့်အရေးယူဆောင်ရွက်မှုကိုမျှ ပြုလုပ်ခဲ့ခြင်းမရှိဘဲ အင်တာနက်လိုင်းဖြတ်တောက်မှုကိုသာ စတင်ပြုလုပ်ခဲ့ပြီး ULA/ AA ကို 'အစွန်းရောက်အကြမ်းဖက်'အဖွဲ့အစည်းတစ်ရပ်အဖြစ်ထုတ်ပြန်ကြေညာလာခဲ့သည်။[၈၂]

NCA ကိုအသုံးချ၍ တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲစေရန် လှုံ့ဆော်လျက်ရှိသည်ဟူသည့် စွပ်စွဲပြောဆိုချက်များသည် မြန်မာနိုင်ငံ၏ အနောက်တံခါးဒေသ၌သာ ကျယ်လောင်လာခဲ့သည် မဟုတ်ပေ။ အပစ်အခတ်ရပ်စဲရေးတန်းတူညီမျှမှု မရှိခြင်းနှင့် ဖယ်ကြဉ်ချန်လှပ်ထားရေးမူတို့ကြောင့်နိုင်ငံ၏ ဒေသအချို့ရှိ EAOs များအကြား ပြိုင်ဆိုင်မှုပြင်းထန်လာခဲ့ပြီး တစ်ခါတစ်ရံ ထိတွေ့တိုက်ခိုက်မှုများပင်ရှိလာခဲ့သည်။ အထူးသဖြင့် NCA လက်မှတ်ထိုးအဖွဲ့ဝင် EAOs အချို့သည်မိမိတို့၏တပ်အင်အားများကိုတိုးချဲ့တည်ဆောက်ခွင့်ရရှိခဲ့ကြသည်။[၈၃] ထင်သာမြင်သာအရှိဆုံး သာဓကတစ်ခုအဖြစ် NCA လက်မှတ်ရေးထိုးခဲ့ပြီး ရက်သတ္တပတ် အနည်းငယ်အတွင်းမှာပင် သျှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီသည် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသသို့ ၎င်းတို့၏တပ်ဖွဲ့များကို စတင်ရွှေ့ပြောင်း၍ တဖြည်းဖြည်းခြေကုပ်ယူလာခဲ့သဖြင့်အပစ်အခတ်ရပ်စဲထားခြင်း မရှိခဲ့သည့် တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်အပါအဝင် ရံဖန်ရံခါ၌ အပစ်ရပ်ထားသည့် SSPP တို့နှင့် စတင်ပဋိပက္ခဖြစ်လာခဲ့ပြီး နောက်ပြန်လည် ပြေငြိမ်းမှုမရှိတော့ပေ။ အတော်မသတ်နိုင်သေးသည့် ပဋိပက္ခအတွင်း ရာပေါင်းများစွာ သေကျေပျက်စီးခဲ့ရပြီး ထောင်ပေါင်းများစွာသော အရပ်သားပြည်သူများ နေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်ခဲ့ကြရသည် ('စစ်ရေးအရချိုးဖောက်မှုများ' နှင့် 'အရပ်သားများ ထိခိုက်သေဆုံးမှု' တို့ကိုကြည့်ပါ)။[၈၄]

NCA လက်မှတ်ထိုးအဖွဲ့ဝင်နှင့် မဟုတ်သူများအကြား တင်းမာမှုများက ပြည်သူ့စစ်တပ်ဖွဲ့များနှင့် ပတ်သက်၍ နောက်ထပ်ရှောင်လွဲမရသည့် ပြဿနာတစ်ခုကို ပေါ်ပေါက်လာစေခဲ့သည်။ ယင်းတို့၌ နဝတ–နအဖလက်ထက်က ဒီမိုကရက်တစ်တိုးတက်သော ဗုဒ္ဓဘာသာ ကရင်တပ်မတော် (DKBA) နှင့် ဒီမိုကရက်တစ်တပ်ဦး–ကချင် (NDA–K)ကဲ့သို့ သောယခင်က အပစ်အခတ်ရပ်စဲထားသည့် လက်နက်ကိုင်တပ်ဖွဲ့အချို့သည် ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း ပြည်သူ့စစ်တပ်ဖွဲ့နှင့် နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကြသည်။ ၎င်းတို့၏လုပ်ငန်းတာဝန်သည် EAOsနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်ဆောင်ရွက်လျက်ရှိသည့် အင်အားစုများဖြစ်နေသော်လည်း အစိုးရကို အတိုက်အခံပြုလျက်ရှိသည်ဟု ယူဆရသည့်အဖွဲ့များ၏ လှုပ်ရှားမှုများကို ပိတ်ဆို့ဟန့်တားရန်ဖြစ်သည်။ တပ်မတော်၏ ကျောထောက်နောက်ခံပြုမှုဖြင့် ၎င်းတို့အများအပြားသည် အတော်အတန်တောင့်တင်းသည့် စစ်အင်အားမျိုးကို ပိုင်ဆိုင်ထားကြသည် ('ပြည်သူ့စစ်တပ်ဖွဲ့များနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ' စာကွက်ကိုကြည့်ပါ)။

နောက်ထပ်ထူးကဲသည့် သာဓကတစ်ခုအဖြစ် ရှမ်းနီအမျိုးသားများတပ်မတော် (SNA) ဟူ၍ အသစ်ပေါ်ထွက်လာခဲ့သည့် EAO တစ်ခုဖြစ်သည့် SNA သည် နိုင်ငံမြောက်ပိုင်းဒေသရှိ ကချင်နှင့် နာဂတော်လှန်ရေးလှုပ်ရှားမှုများကို ဆန့်ကျင်တိုက်ခိုက်သွားမည့် အစိုးရကို လိုလားထောက်ခံသည့်ပြည်သူ့စစ်တပ်ဖွဲ့အနေဖြင့် မြှောက်စားခံခဲ့ရပုံ ပေါ်သည်။ တပ်မတော်၏ ထောက်ခံအတည်ပြုချက် မရပါက မည်သည့်နည်းနှင့်မျှ SNA ကိုစတင်တည်ထောင်နိုင် ခဲ့လိမ့်မည်မဟုတ်ပေ။ သို့သော်လည်း နောက်ပိုင်းအင်အားကြီးလာသည်နှင့်အမျှ SNA သည် NCA ၌ ပါဝင်လက်မှတ်ရေးထိုးခွင့်အပါအဝင် ၎င်းတို့၏ တိုင်းရင်းသားနှင့် နိုင်ငံရေးအခွင့်အရေးများကို တိုးမြှင့်တောင်းဆိုလာတော့သည်။[၈၅]

ဤကဲ့သို့သော နောက်ခံအခြေအနေကို တုံ့ပြန်သည့်အနေဖြင့် ၂၀၂၀ ခုနှစ်အတွင်း၌ တပ်မတော်သည် ၎င်းတို့ယခင်က အားပေးမြှောက်စားခဲ့သည့် NCA လက်မှတ်ထိုး

အဖွဲ့ဝင် EAOs များနှင့် ပြည်သူ့စစ်တပ်ဖွဲ့အများအပြား၏ လှုပ်ရှားမှုများကို ထိန်းချုပ်လျှော့ချရန် ကြိုးပမ်းခဲ့သည့် အထောက်အထားများ ပေါ်ထွက်လာခဲ့သည်။ အထင်ရှားဆုံး သာဓကတစ်ခုအဖြစ် ယခင်က ကချင်ကာကွယ်ရေးတပ်မတော် (KDA) ဟု သိရှိခဲ့ကြသည့် ရှမ်းပြည်နယ်မြောက်ပိုင်း အခြေစိုက် ခွဲထွက်အပစ်ရပ်အဖွဲ့ တစ်ခုဖြစ်သည့် ကောင်းခါးပြည်သူ့စစ်တပ်ဖွဲ့၏ ဌာနချုပ်ကို တပ်မတော်မှ ဝင်ရောက်စီးနင်းသိမ်းပိုက်ခဲ့ပြီး တရားမဝင်မူးယစ်ဆေးဝါး အကြီးအကျယ် ဖမ်းဆီးရမိခဲ့သည့် မတ်လအတွင်း 'သိမ်းဆည်းရမိခဲ့သည့်' လက်နက်အရေအတွက်သည် ၁၀၀၀ ကျော်အထိရှိခဲ့သည်။[၈၆] ခေါင်းဆောင်များ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး တပ်ဖွဲ့တစ်ခုလုံး ဖျက်သိမ်းခံလိုက်ရသည်။ သို့သော်လည်း အဆိုပါလုပ်ဆောင်ချက်များသည် အောက်ခြေမြေပြင်နေ လူထုလူတန်းစားများအတွက်ထူးထူးခြားခြား ကျေနပ်အားရစရာ မရှိခဲ့ပေ။ ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေးကိုသာ လိုလားတောင့်တနေကြသည့် အခြေအနေမျိုးဌ် တပ်မတော်၏ နည်းဗျူဟာများသည် ထိန်းချုပ်ရလွယ်ကူစေမည့် သွေးခွဲအုပ်ချုပ်ရေးနှင့် စစ်ပုံသွင်းမှု ကျယ်ပြန့်လာစေရန်သာ အများဆုံးအထောက်အကူပြုလျက်ရှိသည်ဟု ရှုမြင်သုံးသပ်နိုင်ပါသည်။

အလားတူ ထင်ဟပ်လျက်ရှိသည့် နောက်ထပ်ကိစ္စရပ်တစ်ခုအဖြစ် တပ်မတော်၏ NCA လုပ်ငန်းစဉ်မှ သတ်မှတ် EAOs အချို့ကို ဖယ်ကြဉ်ချန်လှပ်ခဲ့ခြင်းသည် အဆိုပါအစုအဖွဲ့များ၏ စွမ်းဆောင်ရည်များကို အားနည်းသွားစေခဲ့သည်ဟု ညွှန်ပြနိုင်လောက်သည့် အထောက်အထားများ မရှိသလောက်နည်းပါးနေခဲ့သည်။ NLD အစိုးရလက်ထက်မြင့်တက်လာခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှု လှိုင်းလုံးနှင့် အတူ အများပြည်သူထောက်ခံမှုသည် ယေဘုယျအားဖြင့် အတိုက်အခံ တိုင်းရင်းသားအင်အားစုများအတွက် ပိုမိုမြင့်တက်လာခဲ့ပုံပေါ်သည်။[၈၇] ဖယ်ကြဉ်ချန်လှပ်ခံရမှုက NCA လက်မှတ်ထိုးအဖွဲ့ဝင် မဟုတ်ကြသည့် အဖွဲ့များအချင်းချင်း ပိုမိုသွေးစည်းညီညွတ်လာစေရန် တွန်းပို့ပေးခဲ့သဖြင့် MNDAA၊ TNLA နှင့် ULA/AA တို့သည် ၎င်းတို့၏ အဖွဲ့အစည်းအင်အားနှင့်စစ်ရေးလက်တံ ဖြန့်ကျက်နိုင်စွမ်း သိသိသာသာအားကောင်းလာစေရန် တိုးချဲ့တည်ဆောက်နိုင်ခဲ့ကြသည်။ လက်မှတ်ထိုးအဖွဲ့ဝင်မဟုတ်ကြသူများအကြား မြောက်ပိုင်းမဟာမိတ်တပ်ပေါင်းစု (၂၀၁၆)၊ ဖက်ဒရယ်နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုအတိုင်ပင်ခံကော်မတီ (၂၀၁၇) နှင့် ညီနောင်မဟာမိတ်တပ်ပေါင်းစု (၂၀၁၉ – 'တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ' ဧယားကိုကြည့်ပါ) ဟူသည့်တပ်ပေါင်းစုသစ်သုံးခုကို စည်းရုံးဖွဲ့စည်းနိုင်ခဲ့ကြသည်။

ဤကွန်ရက်များ၏ ကျောထောက်နောက်ခံဖြင့် အပစ်ရပ်ထားခြင်းမရှိသည့် အင်အားစုများသည် ၂၀၁၆ ခုနှစ် ၂၁ ရာ စုပင်လုံညီလာခံနောက်ပိုင်း အသစ်ပြန်လည်စတင်လာခဲ့သည့်တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကို ၎င်းတို့ပူးပေါင်းထားသည့် ရှေ့ထွက်စစ်ဆင်ရေး လုပ်ငန်းများဖြင့် အရှိန်အဟုန်မြှင့်၍ တန်ပြန်တိုက်ခိုက်နိုင်ခဲ့ကြသည်။ ယင်းနှစ်ကုန်ပိုင်း နိုဝင်ဘာလအရောက်တွင် မြောက်ပိုင်းမဟာမိတ်တပ်ပေါင်းစုအဖွဲ့ဝင်များသည် တရုတ်နယ်စပ် ပေါ်ရှိ မုန်းကိုးမြို့ကိုပင် စီးနင်းသိမ်းပိုက်ခဲ့ကြသော်လည်း နောက်ပိုင်းလေကြောင်းမှအပြင်းအထန်ဗုံးကျဲတိုက်ခိုက်ခံခဲ့ရသဖြင့်ပြန်လည်ဆုတ်ခွာသွားခဲ့ကြသည်။ နောက်ဆက်တွဲအနေဖြင့် ၂၀၁၇ ခုနှစ် မတ်လအတွင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ခရိုင်မြို့တော်ဖြစ်သည့် လောက်ကိုင်မြို့တွင်းသို့ MNDAA တပ်ဖွဲ့များ ထိုးဖောက်ဝင်ရောက်ခဲ့သဖြင့် တိုက်ပွဲများအကြီးအကျယ်ဖြစ်ပွားလာခဲ့သည်။ ထို့အပြင် ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း ၎င်းလည်း ညီနောင်မဟာမိတ်တပ်ပေါင်းစု တပ်ဖွဲ့ဝင်များသည် တပ်မတော်၏ 'တစ်ဖက်သတ်' အပစ်အခတ်ရပ်စဲရေး နည်းဗျူဟာကို လက်သင့်မခံကြောင်းပြသသည့်အနေဖြင့် ပြင်ဦးလွင်မြို့ပေါ်ရှိ တပ်မတော်ကာကွယ်ရေး နည်းပညာတက္ကသိုလ်ကိုဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ 'သူတို့က အပစ်ရပ်ကြေညာတယ်ပြောပြီး သူတို့တိုက်ချင်တဲ့နေရာ သွားတိုက်နေကျပဲ' ဟု ULA/AA ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က ပြောဆိုသွားခဲ့သည်။[၁၀၂]

ခွဲခြားဖယ်ကြဉ်ခံထားရသည့် အစုအဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများသည် ပြီးပြည့်စုံသည့် အဆုံးသတ်တစ်ခုဖြစ်မလာခဲ့ပေ။ FPNCC အဖွဲ့ဝင်များသည် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ၂၁ ရာစုပင်လုံညီလာခံများသို့ လေ့လာသူများအဖြစ်သာလျှင် တက်ရောက်ပါဝင်ခဲ့ကြပြီး တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေး အခြေခံမူကို ဆက်လက်ထောက်ခံအားပေးနေခဲ့သည်။ သို့သော်လည်း NCA ကို ဆန့်ကျင်နေသည့်အမှန်တရားများ တဖြည်းဖြည်း တိုးပွားလာခဲ့သည်။ နိုင်ငံရေးယုံကြည်မှု ရှိပါက တိုက်ပွဲများကို ရပ်တန့်နိုင်သည့် အလားအလာ ရှိနေဆဲဖြစ်သည်ဟု ယုံကြည်ခဲ့ကြဖူးသည်။ သို့သော်လည်း ၂၀၂၀ ခုနှစ်အတွင်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် နိုဝင်ဘာလအထွေထွေ ရွေးကောက်ပွဲဟူသည့် နောက်ထပ်အတားအဆီးနှစ်ခု ထပ်မံရစ်ပတ်လာခဲ့သည်။ ပဋိပက္ခနယ်မြေအများအပြားကို ရွေးကောက်ပွဲမှ ဖယ်ထုတ်ခဲ့ခြင်းနှင့်အတူ တိုင်းရင်းသားများ ဖယ်ကြဉ်ချန်လှပ်ခံထားရသည်ဟူသည့် ခံစားချက်များပိုမိုနက်ရှိုင်းလာခဲ့သည် ('ကိုဗစ်-၁၉ နှင့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲ' ကိုကြည့်ပါ)။

ပြည်သူ့စစ်တပ်ဖွဲ့များနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ

မြန်မာနိုင်ငံ၏ ပဋိပက္ခဖြုန်ဖြေရေးမျက်နှာစာ၌ မကြာခဏဆိုသလို မျက်စိလျှမ်းသွားလေ့ရှိသည့် အရေးအကြီးဆုံးသောအချက်တစ်ခုမှာ တပ်မတော်၏ ထိန်းချုပ်မှုအောက်တွင်ရှိနေပြီး စစ်တပ်၏ထောက်ပံ့မှု အခိုင်အမာရရှိထားသည့် ပြည်သူ့စစ်တပ်ဖွဲ့များ၏ အခန်းကဏ္ဍပင်ဖြစ်သည်။ ၎င်းတို့၏ စစ်ရေးလှုပ်ရှားမှုများက ပဋိပက္ခ၏ နောက်ထပ်ပဟေဋ္ဌိအဝိုင်းအစတစ်ခုလို ဖြစ်နေသောကြောင့် အများအားဖြင့် လက်နက်ကိုင်အဖွဲ့အစည်းများကို အလွယ်တကူခွဲခြား သိမြင်နိုင်ရန် ခဲယဉ်းလေ့ရှိသည်။ လွတ်လပ်ရေးရခဲ့စဉ်ကတည်းက နိုင်ငံအတွင်းဌာနေစစ်တပ်များ (ပြည်သူ့စစ်သို့မဟုတ် ခါးဝိုက်ဆောင်တပ်)ကို ဖွဲ့စည်းတည်ထောင်လာခဲ့သည့် သမိုင်းကြောင်းရှည်လျားခဲ့ခြင်းကလည်း ဤဖြစ်စဉ်ကို ထောက်မကျားကန်ပေးလျက်ရှိသဖြင့် တပ်မတော်ဖက်မှ အမြဲတမ်းလိုလို ဤကဲ့သို့သော တပ်ဖွဲ့များကို ခေါ်ယူတပ်ဖြန့်လေ့ရှိရာဝယ် အများအားဖြင့် ဝိုမိုအင်အားကြီးမားသည့် လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများမှ ခွဲထွက်လာခဲ့သည့် တပ်ဖွဲ့များကို အသုံးချလေ့ရှိသည်။ ၁၉၆၀ ခုနှစ်နှောင်ဝိုင်းမှ ၁၉၇၀ ပြည့်လွန်နှစ်အစောဝိုင်းကာလအတွင်း ပေါ်ပေါက်လာခဲ့ပြီး နောက်ဝိုင်းတဖြည်းဖြည်းလက်နက်ဖြုတ်သိမ်းခံခဲ့ရသည့် ရှမ်းပြည်နယ်အခြေစိုက် ကာကွယ်ရေးတပ်ဖွဲ့များသည် နာမည်ဆိုးဖြင့် အကျော်ကြားဆုံးဖြစ်ခဲ့သည်။

ဤမဟာဗျူဟာသည် ၁၉၉၀ ပြည့်လွန်နှစ်များ၏ နဝတ–နအဖလက်ထက်၌ ပြန်လည်အားကောင်းလာခဲ့ပြီး ၂၀၀၉ ခုနှစ်အရောက်တွင် ဒီမိုကရက်တစ်ဗဟိုဘာသာကရင်အမျိုးသားတပ်ဖွဲ့၊ ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး၊ ဒီမိုကရက်တစ်တပ်ဦး–ကချင်နှင့် အခြားအပစ်ရပ် EAOs များ သို့မဟုတ် ခွဲထွက်အဖွဲ့အများအပြားကို နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ် ပြောင်းလဲဖွဲ့စည်းစေခဲ့သည်။[၈၈] အခြားအပစ်ရပ်အဖွဲ့များဖြစ်ကြသည့် ဥပမာကချင်ကာကွယ်ရေးတပ်မတော်၊ ကယန်းပြည်သစ်ပါတီ (KNLP) နှင့် ပအိုဝ်းအမျိုးသားအဖွဲ့အစည်းတို့ကို ပြည်သူ့စစ်တပ်ဖွဲ့များအဖြစ် ပြင်ဆင်သတ်မှတ်ခဲ့ကြသော်လည်း ၎င်းတို့၏ နဂို ရာထူးအဆောင်အယောင်များကို ဆက်လက်ဝတ်ဆင်သုံးစွဲခွင့်ပြုထားခဲ့သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၃၄၀) အရ 'ပြည်သူ့စစ်မဟာဗျူဟာ' ကို 'ကာကွယ်ရေးဝန်ကြီးဌာနအောက်၌' ဆက်လက်ဖော်ဆောင်ခဲ့သည်။ PNOနှင့် NDA-K တို့ကို ထောက်ခံအားပေးသူများက နိုင်ငံရေးပါတီများကိုပါ အသီးသီးဖွဲ့စည်းထူထောင်ခဲ့ကြသော်လည်း ၁၉၉၁ ခုနှစ်၌ ကချင်လွတ်လပ်ရေး အဖွဲ့အစည်းအောက်မှ ခွဲထွက်သွားခဲ့သည့် KDA ကို နောက်ပိုင်း၌ ကောင်းခါးပြည်သူ့စစ်တပ်ဖွဲ့ဟူ၍ ခေါ်ဝေါ်သုံးနှုန်းလာကြသည်။[၈၉]

ဤကဲ့သို့သော BGFs နှင့် ပြည်သူ့စစ်တပ်ဖွဲ့များသည် USDP နှင့် NLD အစိုးရများလက်ထက် ပဋိပက္ခရေခဲမြေခဲ၏ ဘုံအင်္ဂါရုပ်တစ်ခုအဖြစ် ဆက်ရှိနေခဲ့သည်။[၉၀] ၂၀၁၉ ခုနှစ်၌ ကောက်ယူခဲ့ကြသည့် တရားဝင်စာရင်းဇယားများအရ နိုင်ငံအနှံ့အပြား၌ တပ်ဖွဲ့ဝင်အင်အား ၂၀ မှ ၆၀ အကြားရှိသည့် ဤကဲ့သို့သော ပြည်သူ့စစ်တပ်ဖွဲ့ပေါင်း ၆၀၅၀ အထိ ရှိနေကြောင်း လေ့လာတွေ့ရှိခဲ့သည်။[၉၁] ဥပမာအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းကွတ်ခိုင်မြို့နယ်အတွင်း KIO၏ ကိုတန်ပြန်တိုက်ခိုက်ရန်အတွက် အမြဲတမ်းတပ်ဖွဲ့ဝင်နှင့် အရန်တပ်ဖွဲ့ဝင်အင်အား ၄၅၀၀ ကျော်ကို လေ့ကျင့်သင်တန်းပေးခဲ့ရာ၌ နမ့်ခမ်းမြို့နယ်အတွင်း တအာင်းအမျိုးသားများလွတ်မြောက်ရေးတပ်ဦးနှင့် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားလျက်ရှိသည့် ပန်းဆေးပြည်သူ့စစ်ကဲ့သို့သောတပ်ဖွဲ့သည် လက်နက်ကြီးနှင့် လေကြောင်းပစ်ကူကိုပါ တောင်းခံနိုင်သည်အထိ လုပ်ပိုင်ခွင့်ရရှိခဲ့သည်။[၉၂] ကချင်ပြည်နယ်၌ ကချင်အမျိုးသားရေးဦးတည်ချက်ကို ထောက်ခံအားပေးမှုများ လျော့နည်းကျဆင်းသွားစေမည့် နည်းလမ်းတစ်ခုအဖြစ် ရဝမ်၊ လီဆူးနှင့် အခြားမျိုးနွယ်စုခွဲများအကြား ပြည်သူ့စစ်တပ်ဖွဲ့ထူထောင်ကြရန် တပ်မတော်မှ အားပေးအားမြှောက်ပြုလျက်ရှိသည်ဟု စွပ်စွဲပြောဆိုနေကြသည်။[၉၃] တစ်ချိန်တည်းလိုလို၌ ရခိုင်ပြည်နယ်အတွင်း

တပ်မတော်လေ့ကျင့်ပေးထားသည့် ဌာနေပြည်သူ့စစ်တပ်ဖွဲ့များသည် ရိုဟင်ဂျာဆန့်ကျင်ရေး အကြမ်းဖက်မှုများပေါ်ပေါက်လာစေရန် လိုက်လံလှုံ့ဆော်လျက်ရှိသည်ဟူသည့် စွပ်စွဲပြောဆိုမှုများလည်း ပေါ်ထွက်လာခဲ့သည်။[၈၁]

နိုင်ငံတစ်နံတစ်လျားရှိ အင်အားအကြီးဆုံး ပြည်သူ့စစ်တပ်ဖွဲ့များသည် စီးပွားရေးလုပ်ငန်းများ၌ အလွန်ဩဇာကြီးမားလာခဲ့ရာ၌ ထိုင်းမြန်မာနယ်စပ်ပေါ်တွင် တရုတ်ကျောထောက်နောက်ခံဖြင့် ရွှေကုက္ကိုလ်မြို့သစ်တစ်ခုကို တည်ဆောက်လျက်ရှိသည့် ကရင် BGF တပ်ဖွဲ့သည် အထင်ရှားဆုံးသာဓကတစ်ခုဖြစ်သည်။ ကရင် EAOs သုံးဖွဲ့ (KNU၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် [DKBA[2]] နှင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီ [KPC]) မှငြိမ်းချမ်းရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားကြသော်လည်း စီးပွားရေးနှင့် လုံခြုံရေးကိစ္စရပ်များအတွင်း ပါဝင်ပတ်သက်လျက်ရှိသည့် ပြည်သူ့စစ်တပ်ဖွဲ့ပေါင်းစုံဖြင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် အခြားအိမ်နီးချင်း နယ်မြေဒေသများသည် NLD အစိုးရလက်ထက်အတွင်း လက်နက်ကိုင်အဖွဲ့အစည်းပေါင်းစုံဖြင့်ရှုပ်ထွေးလျက်ရှိသည့်ရေခဲမြေခဲတစ်ခုအဖြစ်ဆက်ရှိနေခဲ့သည်။[၈၆] ဤပြိုင်ဘက်များအကြား NCAလက်မှတ်ရေးထိုးမှုကြောင့် DKBAJ မှ ခွဲထွက်သွားခဲ့သည့်အဖွဲ့ကို လိုက်လံချေမှုန်းတိုက်ခိုက်ရန် ကရင် BGF ကို တပ်မတော်အာဏာပိုင်များ တာဝန်ပေးအပ်ခြင်းကြောင့် NCA လက်မှတ်ရေးထိုးခဲ့ပြီးနောက်ပိုင်း အပစ်ရပ်ထားသည့် မွန်ပြည်သစ်ပါတီနှင့် ကရင် BGF တို့ထိတွေ့တိုက်ပွဲများ ဖြစ်ပွားလာခဲ့သည်။[၈၇] အနှစ်ချုပ်ဆိုရသော် NCA လက်မှတ်ထိုးအဖွဲ့ဝင် EAO များသည် တပ်မတော်နှင့်သာလျှင် ထိပ်တိုက်ရင်ဆိုင်နေရခြင်းမဟုတ်ဘဲ ၎င်းတို့နယ်မြေအတွင်းရှိအခြားလက်နက်ကိုင်အဖွဲ့အစည်းများကိုပါတစ်ပြိုင်တည်းရင်ဆိုင်နေရသည့်သဘောရှိသည်။

ဤအကြောင်းတရားများကြောင့်ပင် တိုင်းရင်းသားခေါင်းဆောင်များအနေဖြင့် ပြည်သူ့စစ်တပ်ဖွဲ့များ၏ပဋိပက္ခတွင်းအခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားထားခြင်း မရှိသည့် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲရေး ညှိနှိုင်းဆွေးနွေးမှုအပေါ် အယုံအကြည်ကင်းမဲ့လာကြခြင်းဖြစ်သည်။ အထင်ရှားဆုံး ဝေဖန်ထောက်ပြချက်ငါးခုကို အောက်တွင်ကြည့်ရှုပါ။

- ယခင်အပစ်ရပ် EAOs များအပါအဝင် ပြည့်သူ့စစ်တပ်ဖွဲ့များကို တပ်မတော်အသုံးချမှုသည် တိုင်းရင်းသားအခြေပြု နိုင်ငံရေးအကွဲအပြဲများကို ဖြစ်ပေါ်လာစေသဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ၏ တည်ငြိမ်မှုအပေါ် မေးခွန်းထုတ်စရာဖြစ်လာသလို အားလုံးလွှမ်းခြုံပါဝင်မှုရှိသည့် ပြုပြင်ပြောင်းလဲရေးကိုဦး တည်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ရည်မှန်းချက်ကိုပါ အားနည်းသွားစေလျက်ရှိသည်။

- ဤကဲ့သို့ ပြည်သူ့စစ်တပ်ဖွဲ့များကို အသုံးချခြင်းသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲပြင်ဆင်ခဲ့ကြသည့် အမျိုးသားညီလာခံ၌ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အပစ်ရပ် EAOs များအတွက် အဆုံးသတ်နိဂုံးတစ်ခုလိုဖြစ်နေသည့် ကိစ္စရပ်အပါအဝင် NCA လုပ်ငန်းစဉ်သည် လူထုလူတန်းစားတစ်ရပ်လုံးကို လွှမ်းခြုံအကျိုးပြုမည့် အခွန့်ရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို မျှော်ရည်၍ စစ်မှန်သည့်လမ်းတစ်ခုထွင်ရမည့်အစား စစ်တပ်၏ အကျိုးစီးပွားများကိုသာ အလုပ်အကျွေးပြုသည့် ပဋိပက္ခစီမံခန့်ခွဲရေး မဟာဗျူဟာအစိတ်အပိုင်းတစ်ခုအဖြစ် EAOs များကို သွေးခွဲသပ်လျှိုး၍ ကြိုးကိုင်ချယ်လှယ်ရန် ရည်ရွယ်လျက်ရှိသည်ဟူသည့် စိုးရိမ်ပူပန်မှုများကိုပါ မြင့်တက်လာစေခဲ့သည်။

- BGFs နှင့် ပြည်သူ့စစ်တပ်ဖွဲ့များသည် အခွန်ကောက်ခံခြင်း၊ သယံဇာတအရင်းအမြစ်ထုတ်ယူခြင်းနှင့် မူးယစ်ဆေးဝါးကုန်ကူးခြင်းကဲ့သို့သော လုပ်ငန်းများ၌ အများအပြားပါဝင်ပတ်သက်လျက်ရှိသဖြင့် ၎င်း

တို့၏ ထိန်းချုပ်နယ်မြေအတွင်းရှိ စီးပွားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို အမြဲတမ်းလိုလို စိတ်ကြိုက်ချယ်လှယ်ခွင့် ရရှိထားကြပုံပေါ်လျက်ရှိသည်။

- ပြည်သူ့စစ်အများအပြားသည် တပ်မတော်ကျောထောက်နောက်ခံပြုထားသည့် USDP နှင့် အခြားစစ်တပ်အကျိုးစီးပွား လိုလားထောက်ခံကြသူများနှင့် အလွန်နီးစပ်သည့် ဆက်ဆံရေးရှိကြသည်။ ၂၀၁၁ ခုနှစ် အလွန်အသွင်ကူးပြောင်းရေး ကာလအတွင်း ပြည်သူ့စစ်တပ်ဖွဲ့အချို့ကို ရွေးကောက်ခံ MPs များ ဦးဆောင်ခဲ့ကြပြီး အဆိုပါအရွေ့သည် ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲများအထိ ဆက်လက်လိုက်ပါလာခဲ့သည်။[၉၈]

- ပြည်သူ့စစ်တပ်ဖွဲ့များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ မြေယာလုယူမှုများနှင့် စီးပွားရေးအကျင့်ပျက်ခြစားမှုများအပါအဝင် ကမ်းကုန်သည့်ကျူးလွန်မှုများအားလုံးကို အစိုးရ၏ဝတ္တရား သို့မဟုတ် တာဝန်ခံမှုပြင်ပကိစ္စရပ်များအဖြစ် တပ်မတော်အရာရှိများ အကာအကွယ်ပေးခဲ့ကြသည်။ အခြားတစ်ဖက်၌ အစိုးရသို့မဟုတ် ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါလုပ်ငန်းများမှ တစ်နည်းနည်းဖြင့် အကျိုးခံစားခွင့်ရရှိနေလျှင်လည်း ပြန်လည်ပြင်ဆင်ကုစားသွားရန် စဉ်းစားပေးလိမ့်မည်မဟုတ်ပေ။ လက်တွေ့၌ ပြည်သူ့စစ်ဖွဲ့စည်းတည်ထောင်မှုသည် တပ်မတော်၏ မဟာဗျူဟာများနှင့် အကျိုးစီးပွားများအတွက် အကာအကွယ်သဖွယ် ဖုံးအုပ်ပေးထားသည်။

ၚင်းတို့၏လှုပ်ရှားမှုများကို ခုခံကာကွယ်သည့်အနေဖြင့် ယခင်က EAOs ဖြစ်ခဲ့ကြသည့် ပြည်သူ့စစ်အဖွဲ့ဝင်များက ၚင်းတို့၏ အမျိုးသားရေးဦးတည်ချက်များကို စွန့်လွှတ်ခဲ့ခြင်းမရှိဘဲ ဆုပ်ကိုင်ထားကြဆဲဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။ ပြည်တွင်းစစ်အတွင်း ကြားညှပ်နေသည့်အခြေအနေ၌ ပြည်သူ့စစ်တပ်ဖွဲ့အဖြစ် ပြင်ဆင်ဖွဲ့စည်းရန် သဘောတူခြင်းသည် နယ်ခံလူထုလူတန်းစားများအတွက် အတိုင်းအတာတစ်ခုအထိ အကာအကွယ်ဖြစ်စေလိမ့်မည်ဟု သုံးသပ်ယူဆခဲ့ကြသည်။ သို့သော်လည်း ဤတပ်ဖွဲ့များ၏ အရေးပါမှုကိုကြည့်ပါက အများအပြားသည် NCA လက်မှတ်ထိုးအဖွဲ့ဝင် EAOs အများစုထက်ပင် တပ်ဖွဲ့ဝင်အင်အား ပိုမိုတောင့်တင်းလျက်ရှိသဖြင့် ၂၀၁၅–၂၀၂၁ ခုနှစ်ကာလအတွင်း လျှော့မတွက်သင့်ခဲ့သည့် အင်အားစုများဖြစ်နေသည်။ ၚင်းတို့၏လှုပ်ရှားမှုများက တိုင်းရင်းသားပြည်နယ်များ၌ မြို့စောင့်တပ်အရေအတွက်၊ အရပ်သားစစ်မှုထမ်းဟောင်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် လွှတ်တော်များအတွင်း ကာကွယ်ရေးဝန်ကြီးဌာနအရာရှိများအတွက် သီးသန့်ချန်ထားရသည့် ကိုယ်စားလှယ်နေရာများထက်ပို၍ အရေးပါနေသည့် တပ်မတော်၏လှုံ့ဂျက်အင်အားများဖြစ်နေသည်။ စီးပွားရေးနယ်ပယ်၌လည်း တပ်မတော်ကြီးစိုးလွှမ်းမိုးနိုင်စေရန် ကျားကန်ပေးလျက်ရှိသည့် ပြည်သူ့စစ်တပ်ဖွဲ့များနှင့်အတူ ငြိမ်းချမ်းရေးညှိနှိုင်း ဆွေးနွေးမှုနှင့် ပြုပြင်ပြောင်းလဲရေး အကောင်အထည်ဖော်ရေး ကိစ္စရပ်များသည် အမြဲတမ်းလိုလို သာတူညီမျှမရှိဘဲ တစ်ဖက်စောင်းနင်းဖြစ်နေခဲ့သည်။

၂၀၂၁ ခုနှစ် အာဏာသိမ်းမီအချိန်က ဤကဲ့သို့သောတပ်ဖွဲ့အချို့၏ လှုပ်ရှားမှုများကို တပ်မတော်မှကြိုးကိုင်ချယ်လှယ်ရန် ကြိုးပမ်းခဲ့သည့် ညွှန်းကိန်းများရှိနေခဲ့သည်။ သို့သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာငြိမ်းချမ်းရေးနှင့် ပတ်သက်၍ တိုင်းရင်းသားခေါင်းဆောင်များက လက်နက်ဖြုတ်သိမ်းရေး၊ တပ်ဖွဲ့ဖျက်သိမ်းရေးနှင့် လူမှုဘဝပြန်လည်ပေါင်းစည်းရေး (DDR) နှင့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး (SSR) ကဲ့သို့သော အကဲဆတ်သည့်ကိစ္စရပ်များအပါအဝင် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးပွဲများ၌ပြည်သူ့စစ်တပ်ဖွဲ့များ၏အခန်းကဏ္ဍကို မဖြစ်မနေထည့်သွင်းစဉ်းစားရမည်ဟု စောဒကတက်ပြောဆိုသွားခဲ့သည်။ ထိုသို့မဟုတ်ပါက ရပ်ရွာတွင်းအကွဲ

အပြများ ဆက်လက်သက်ဆိုးရှည်နေဦးမည်ဖြစ်သည်။ ဤကိစ္စရပ်သည် ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဦးဆောင်ဦးရွက်ပြုရမည့် ကိစ္စရပ်တစ်ခုဖြစ်လာရပါလိမ့်မည်။ သို့သော်လည်း NLD အစိုးရလက်ထက်၌မည်သည့် အရေးယူဆောင်ရွက်မှုကိုမျှပြုလုပ်ခဲ့ခြင်းမရှိသဖြင့် တပ်မတော်ကျောထောက်နောက်ခံပြုထားသည့်ပြည်သူ့စစ်တပ်ဖွဲ့များသည် နယ်ခံလူထုလူတန်းစားများကို ကိုယ်စားပြုမှုမရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးအစုအဖွဲ့များနှင့် အစိုးရတို့၏ ကျယ်ပြောလှသည့် အကျိုးစီးပွားများကို ကာကွယ်ပေးရင်း တိုင်းရင်းသားပြည်သူများနှင့် အခြားနိုင်ငံရေး လှုပ်ရှားမှုများကို ဖိနှိပ်ချုပ်ချယ်သွားရန်ရည်ရွယ်သည့် ဝှက်ဖဲများဖြစ်နေသည်ဟူသည့် ယုံကြည်ချက်များ ပိုမိုခိုင်မာလာစေခဲ့သည်။

၂၀၂၁ ခုနှစ် အာဏာသိမ်းရန် ကြိုးပမ်းမှုအပြီး BGFs၊ ပြည်သူ့စစ်နှင့် အခြားတပ်မတော်ကို လိုလားထောက်ခံသည့် ခါးပိုက်ဆောင်တပ်ဖွဲ့များ၏ လှုပ်ရှားမှုများ အကြီးအကျယ်အားကောင်းလာသည့် အခြေအနေသစ်တစ်ခု ဆိုက်ရောက်လာခဲ့သည်။ ပဋိပက္ခရေခဲမြေခဲမှ ပေါက်ဖွားလာခဲ့သည့် ၎င်းတို့သည် NLD ကို တိုက်ခိုက်လာခဲ့သည့် လျှို့ဝှက်သွေးသောက်အဖွဲ့များအပါအဝင် တပ်မတော်ထောက်ခံသူများ စည်းရုံးစုဖွဲ့ထားသည့် ပျူစောထီးဗဟ ဟူသည့် အင်အားစုများနှင့်အတူ တပ်ဖွဲ့ဝင်အင်အားများ တစ်ရှိန်ထိုးတိုးပွားလာခဲ့ပြီး နိုင်ငံအတွင်းရှိ နယ်မြေဒေသအများအပြားကို ဖြန့်ကျက်လာခဲ့သည်။[၁၀၀] နည်းဗျူဟာများကို တိုးချဲ့ဖော်ဆောင်သည့်အနေဖြင့် ၎င်းတို့သည် မကွေးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးများအပါအဝင် တစ်ဆက်တည်းဖြစ်နေသည့် နယ်မြေဒေသပတ်ဝန်းကျင်ရှိ အထူးသဖြင့်လူများစု ဗမာအသိုက်အဝန်းများအကြား တပ်သားသစ်များစုဆောင်းလာခဲ့သည်။

အလားတူပင် တိုင်းရင်းသားပြည်နယ်နှင့် တိုင်းဒေသကြီးအများအပြား၌ စစ်ကောင်စီကို ဆန့်ကျင်တော်လှန်လျက်ရှိသည့် အင်အားစုများကလည်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDFs) ဟု သိလာကြသည့်အစုအဖွဲ့သစ်များကို ဖွဲ့စည်းထူထောင်လာခဲ့သည်။ အချို့တပ်ဖွဲ့များသည် အတိုက်အခံအမျိုးသားစည်းလုံးညီညွတ်ရေးအစိုးရ၏ အာဏာစက်အောက်သို့ ခိုလှုံသွားကြပြီး အချို့ကို EAOs များက လေ့ကျင့်သင်တန်းပေး၍ လက်နက်တပ်ဆင်ပေးသည့် အချိန်၌ အချို့တပ်ဖွဲ့များသည် လွတ်လပ်၍အနှောင်အဖွဲ့ကင်းသည့် အင်အားစုများအဖြစ် ဆက်လက်ရပ်တည်ခဲ့ကြသည်။[၁၀၁] ရလဒ်တစ်ခုအဖြစ် နိုင်ငံတစ်ခုလုံးသည် ရောင်စုံလက်နက်ကိုင် အင်အားစုများပေါ်ထွက်လာခဲ့သည့် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးစကာလအတွင်း လူထုလူတန်းစားများကို ဝါးမြိုသွားခဲ့သည့် လူမှုရေးနှင့် နိုင်ငံရေး ပြိုလဲသွားခဲ့သည့် အခြေအနေမျိုးဆီသို့ တဖြည်းဖြည်းဦးတည်လာခဲ့သည်။

အရောင်အသွေးစုံလင်လှသည့် အင်အားစုများကို ဤကဲ့သို့တည်ငြိမ်မှုပျက်ပြားလျက်ရှိသည့် အခင်းအကျင်း၌ လေ့လာဆန်းစစ်ရခဲယဉ်းလှသည်။ ယင်းအစား ယခုလိုပြိုလဲမှုသည် ငြိမ်းချမ်းရေးအတွက် လုပ်ငန်းစဉ်များကို ညှိနှိုင်းအဖြေရှာသွားမည့် အနာဂတ်ဆွေးနွေးပွဲတိုင်း၌ နိုင်ငံအတွင်း ခေတ်အဆက်ဆက် စစ်ပုံသွင်းခံခဲ့ရသည့် ရှိရင်းစွဲအခြေခံအဆောက်အအုံများနှင့် ပြည်သူ့စစ်တပ်ဖွဲ့များ အထူးသဖြင့် တပ်မတော်မှ လေ့ကျင့်သင်တန်းပေး၍ဖြန့်ကျက်နေရာချထားသည့် တပ်ဖွဲ့များ၏ အခန်းကဏ္ဍနှင့်ပတ်သက်သည့် အကြောင်းအရာများကို နားလည်သဘောပေါက်ရန် အလွန်အရေးကြီးကြောင်း ထပ်လောင်းသတိပေးလျက်ရှိသည်။ ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း ၎င်းတို့သည် NCA ယန္တရား၏ အစိတ်အပိုင်းတစ်ခုကဲ့သို့ လုံးဝဖြစ်မလာခဲ့ဘဲ လုပ်ငန်းဖော်ဆောင်ရေးအင်အားစုအဖြစ်သာ ဆက်လက်လည်ပတ်နေခဲ့သဖြင့် လူထုလူတန်းစားအများအပြားအတွက် ပုံစံမျိုးစုံဖြင့်ရှိနေခဲ့သည့် လက်နက်ကိုင်ပြည်သူ့စစ်အဖွဲ့များသည် လက်ရှိပဋိပက္ခရေခဲမြေခဲ၏ အခရာအကျဆုံးဇာတ်ကောင်များအဖြစ် ဆက်ရှိနေဆဲပင်ဖြစ်သည်။

NLD အစိုးရ၏ ဒုတိယသက်တမ်းအတွင်း ငြိမ်းချမ်းရေးအရွေ့များ အလှည့်အပြောင်းဖြစ်သွားလေမလားဟူသည့် မေးခွန်းအတွက် အဖြေမရှိခဲ့ပေ။ သို့သော်လည်း လူထုလူတန်းစားအများအပြားသည် NCA လက်မှတ်ရေးထိုးပြီးခဲ့သော်လည်းပဋိပက္ခကို အဆုံးမသတ်နိုင်ခဲ့သည့် ကျရှုံးမှုအတွက် တန်ဖိုးကြီးကြီး ပေးဆပ်ခဲ့ကြရသည်။ ဖယ်ကြဉ်ချန်လှပ်ထားသည့် နိုင်ငံရေးကစားကွက်သည် အဖွဲ့ဝင်ဖြစ်မလာသေးသည့် EAO များ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးဖြစ်စေရန် တိုက်တွန်းနိုင်ခြင်း အလျဉ်းမရှိခဲ့ပေ။ အနာဂတ်သဘောတူညီချက်များမပြုလုပ်မီ တစ်မျိုးသားလုံး လွှမ်းခြုံပါဝင်ရေးနှင့် ပြုပြင်ပြောင်းလဲရေး အာမခံချက်အတွက် စစ်မှန်သည့်သက်သေအထောက်အထားများ ဦးစွာလက်ခံရရှိရန် လိုအပ်သည်ဟူသည့် ဆုံးဖြတ်ချက်ကိုသာ ပိုမိုခိုင်မာသွားစေခဲ့သည်။

တစ်ဖက်သတ်နှင့် နှစ်ဖက်အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်များကို လေးစားလိုက်နာမှု မရှိခြင်း

NLD အစိုးရလက်ထက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများတစ်ဆို့နေသည့်အကြား မကြာခဏဆိုသလို မျက်စိလျှမ်းသွားလေ့ရှိသည့် 'နှစ်ဖက်' အပစ်အခတ်ရပ်စဲရေးနှင့် နောက်ပိုင်းပေါ်လာသည့် 'တစ်ဖက်သတ်' အပစ်အခတ်ရပ်စဲရေးတို့၏ ကံတူအကျိုးပေးတူကွန်ရက်က NCA လုပ်ငန်းစဉ်အားဖြင့် ငြိမ်းချမ်းရေးရရှိအောင် စွမ်းဆောင်ရာ၌ နောက်ထပ်ရှုပ်ထွေးမှုကို ဆောင်ကျဉ်းလာခဲ့သည်။ NCA အကောင်အထည်ဖော်ရာ၌ စိန်ခေါ်မှုများ ကြုံတွေ့နေရလင့်ကစား အစိုးရ၊ တပ်မတော်နှင့် EAOs များအကြား ရှေ့ပိုင်းနှစ်များအတွင်း တိုးတက်ဖြစ်ထွန်းလာခဲ့သည့် နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအပေါ် အခြေခံ၍ ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားရန် မူအားဖြင့် သဘောတူညီမှု ရရှိခဲ့ကြသည်။ သုည်မှ အသစ်ပြန်လည် စတင်ရမည့်အစား သမ္မတဦးသိန်းစိန် အစပျိုးခဲ့သည့် ငြိမ်းချမ်းရေးအစီအစဉ်သည် ရှိရင်းစွဲအပစ်အခတ်ရပ်စဲရေး ကွန်ရက်နှင့် ပဋိပက္ခတွင်း ပါဝင်ပတ်သက်လျက်ရှိသည့် အင်အားစုများအကြားရှိ အပြန်အလှန်ဆက်နွယ်ပတ်သက်မှုပေါ် အခြေခံတည်ဆောက်ထားခြင်းဖြစ်သည်။

အချို့သော ယနေ့ခေတ် သဘောတူညီချက်များသည် နဝတ-နအဖလက်ထက်၌ အစပျိုးခဲ့ပြီး ၁၉၈၉ ခုနှစ် အစောပိုင်းကာလများ၌ နှုတ်ကတိဖြင့် အပြီးသတ်သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။ NMSP၊ NDAA၊ SSPPနှင့် UWSP ကဲ့သို့သော အဖွဲ့အစည်းများနှင့် ပြုလုပ်ခဲ့သည့် ဤသဘောတူညီချက်အများစုသည် ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း ပြည်နယ်နှင့် ပြည်ထောင်စုအဆင့် နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအဖြစ် ပြန်လည်အတည်ပြုခဲ့ပြီးမှ စာထက်အက္ခရာတင်ခဲ့ကြခြင်းဖြစ်သည်။[၁၀၃] 'ပြန်လည်အတည်ပြုခဲ့သည့်' သဘောတူစာချုပ်များအားလုံးသည် တပ်မတော်၏ ၂၀၀၉ ခုနှစ် အမိန့်အောက်၌ BGFs များအဖြစ် ပြင်ဆင်ဖွဲ့စည်းသွားရန် ငြင်းဆန်ခဲ့ကြသည့်တိုင်းရင်းသား အပစ်ရပ်အဖွဲ့အစည်းများဖြစ်ကြသည်။ သို့သော်လည်း ငြင်းဆန်ခဲ့သူများအကြား၌ အစိုးရသည် နိုင်ငံ၏အရှေ့မြောက်ဒေသရှိ MNDAA (၂၀၀၉ ခုနှစ်၌) နှင့် KIO (၂၀၁၁ ခုနှစ်၌) တို့ကိုသာလျှင် စစ်ရေးအရ ထိုးစစ်ဆင်တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။[၁၀၄]

နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များသည် ယနေ့အချိန်ထိ အရေးပါအရာရောက်နေကြဆဲဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နှစ်ရှည်လများသက်ဆိုးရှည်နေခဲ့သည့် ကျရှုံးမှုများနှင့် သံသယများက အဆိုပါအပစ်ရပ် သဘောတူညီချက်များကို တပ်မတော်ဖက်က လေးစားလိုက်နာမှု မရှိဟု ရှုမြင်လာကြစေရန် တွန်းပို့ပေးလျက်ရှိသည်။ အလားတူပင် ထင်သာမြင်သာရှိနေသည့် ရှေ့နောက်မညီညွတ်မှုကို ဆန်းသစ်ပြောင်းလဲမှု သို့မဟုတ် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေးကြေညာချက်များအတွင်း ထပ်မံတွေ့မြင်လာရပြန်သည်။ ထို့အပြင် အစောပိုင်းကာလ၌ ဦးသိန်းစိန်အစိုးရ၏ နှစ်ဖက်သဘောတူစာချုပ်များ တိုးပွားဖြစ်ထွန်းလာစေမည့် အပစ်အခတ်ရပ်စဲရေး မူဝါဒသစ်သည် ဤကဲ့သို့သော ရှုပ်ထွေးမှုများကို ရှောင်ကြည်၍ ပဋိပက္ခအင်အားစုများအားလုံး လမ်းကြောင်းတစ်ခုတည်းပေါ် ရောက်ရှိလာစေရန် ရေးဆွဲပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

အချိန်ဇယားသည် ရှုပ်ထွေးလျက်ရှိပြီး အောက်ခြေမြေပြင်ရှိ အင်အားစုအသီးသီးအပေါ် ရိုက်ခတ်မှုရှိနေသည့် အဖြစ်အပျက်များနှင့် မူဝါဒများ အမျိုးမျိုးကွဲပြားနေခဲ့သည်။ မည်သို့ပင်ဖြစ်စေ အနှစ်သာရအားဖြင့် သမ္မတဦးသိန်းစိန် အာဏာရလာပြီးနောက် အစိုးရဖော်ဆောင်ခဲ့သည့် အပစ်အခတ်ရပ်စဲရေး ရေခဲမြေခဲ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအတွင်း နဝတ-နအဖ လက်ထက်က ချုပ်ဆိုခဲ့ကြသည့် သဘောတူညီချက်များကို ပြန်လည်ပြင်ဆင်သက်တမ်းတိုးရန်၊ ALP၊ CNF၊ KNU၊ KNPP နှင့် RCSS ကဲ့သို့သော အပစ်အခတ်ရပ်စဲထားခြင်း မရှိသေးသည့် EAOs များနှင့် နှစ်ဖက်အပစ်အခတ်ရပ်စဲရေး စတင်ရန်နှင့် နောက်ပိုင်းဆုံး

ဖြတ်ရန် သတ်မှတ်ထားသော်လည်း ၂၀၁၅ ခုနှစ် NCA ဟူ၍ ဖြစ်လာမည့်အဖွဲ့ပေါင်းစုံပါဝင်သည့်တတိယအဆင့်၏အခြေ ခံအုတ်မြစ်ဖြစ်လာမည့် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စု အဆင့်ဟူ၍ ရောပြွမ်းပါဝင်လျက်ရှိသည့် အပစ်အခတ်ရပ်စဲ ရေးသဘောတူစာချုပ်များ ရေးဆွဲပြင်ဆင်ရေးဟူသည့် အဓိက ကျသည့် အဂၤါရပ်သုံးခုပါဝင်နေခဲ့သည်။[၁၀၅]

အခြားတစ်ဖက်ရှိ EAOs အများစုကလည်း ဤယေ ဘုယျဆန်သည့် နေရာချထားမှုပုံစံကို လက်ခံသဘောတူခဲ့ ကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အသစ်တစ်ခုသာရှိလာ ခဲ့မည်ဆိုလျှင် ၎င်းတို့အနေဖြင့် အဓိကကျသည့် ဗဟိုချက် နေရာမှ ပါဝင်ဆောက်ရွက်သွားရန် ဆန္ဒပြင်းပြခဲ့ကြသည်။ အရေးအကြီးဆုံး အချက်တစ်ခုမှာ ဦးသိန်းစိန်အာဏာလွှဲ မယူမီ ၂၀၁၁ ခုနှစ်ဖေဖော်ဝါရီလအတွင်း ဖွဲ့စည်းတည်ထောင် ခဲ့ပြီး အပစ်ရပ်နှင့် အပစ်ရပ်ထားခြင်း မရှိသေးသည့် နှစ်ဖက် စလုံးမှ EAOs ၁၁ ဖွဲ့ (နောက်ပိုင်း ၁၂ ဖွဲ့ဖြစ်လာ) ပါဝင်သည့် မဟာမိတ်အဖွဲ့တစ်ခုဖြစ်သည့် စည်းလုံးညီညွတ်သော တိုင်း ရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီကိုယ်တိုင် ဤရည် မှန်းချက်ပန်းတိုင်ကို လက်ခံအသိအမှတ်ပြုခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ၎င်းတို့သည် ပြည်လုံးကျွတ်အပစ်အခတ်ရပ်စဲရေး ကြေညာချက်တစ်ခု ထုတ်ပြန်ရန်လည်း အဆိုပြုခဲ့ကြသည်။ အစောပိုင်း၌ UNFC အဖွဲ့ဝင်များသည် အဆိုးဆုံးကိုမျှော်လင့် ၍လက်နက်ကိုင်တော်လှန်ရေး လှုံ့ဆော်သစ်ဖွင့်လှစ်ရန် ပြင် ဆင်နေခဲ့ကြခြင်းဖြစ်သည်။ တစ်နှစ်အတွင်းမှာပင် KNU နှင့် KNPP ကဲ့သို့သော အပစ်အခတ်ရပ်စဲထားခြင်း မရှိသေးသည့် ဝါရင့်သဘာရင့် EAOs များအပါအဝင် အများစုသည် အစိုးရ

နှစ်ပြည်နယ်ခြောက်ဝိုင်း တပ်ဖိုဒိုင်းဖြန့်ကြဲနယ်အစောင့်ဖွဲ့ ကောင်းမွန်ပြည့်လုံစွာဖွဲ့စည်းပုံ (TNI)

နှင့်ငြိမ်းချမ်းရေးဆွေးနွေးမှုများ စတင်ပြုလုပ်ခဲ့ကြသည် ('တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ' စာကွက်ကိုကြည့်ပါ)။

ပဋိပက္ခဖျန်ဖြေရေး သဘောသဘာဝအရဆိုလျှင် အပစ်အခတ်ရပ်စဲရေး သမိုင်းကြောင်း နောက်ခံများနှင့် သဘောတူညီမှုရယူခဲ့သည့် လုပ်ငန်းစဉ်များ ကွာခြားနေခြင်းသည် များစွာအရေးပါသည့် ကိစ္စရပ်တစ်ခုမဟုတ်ဟု ယူဆခဲ့ကြပုံပေါ်သည်။သို့သော်လည်းနှစ်ဖက်အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဆက်ဆံရေးနှင့် ပေါင်းစည်းရေးလုပ်ငန်းများအတွင်း အပျက်ပျက်နှင့် နာခေါင်းသွေးထွက်ရမည့် အကွဲအပြဲများ စတင်အားယူနေသည့် ကိစ္စရပ်ကို ထိုအချိန်ကကောင်းစွာ သတိမထားမိခဲ့ကြပေ။ အပစ်အခတ်ရပ်စဲခဲ့ကြသည့် အင်အားစု 'အသစ်' များထဲမှ အများစုသည် ၂၀၁၅ ခုနှစ် NCA လက်မှတ်ရေးထိုးပွဲ၏ ကျောရိုးထောက်တိုင်များဖြစ်လာခဲ့ကြသည်။ ဆန့်ကျင်ဖက်အနေဖြင့် KIO၊ SSPP နှင့် UWSP တို့ပါဝင်လျက်ရှိသည့် နဝတ–နအဖ လက်ထက်ကတည်းကအပစ်အခတ်ရပ်စဲခဲ့ကြသည့် 'ရှိရင်းစွဲ' အစုအဖွဲ့အများစုသည် လက်မှတ်ရေးထိုးရန် တွန့်ဆုတ်နေခဲ့ကြပြီး အစိုးရ၏ အမူအကျင့်များကို ပို၍သတိထားစောင့်ကြည့်ခဲ့ကြသည်။ နဝတ–နအဖလက်ထက် အတွေ့အကြုံများကြောင့် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်သစ်တစ်ရပ် ထူထောင်ရုံသက်သက်ထက် ပို၍ခြေခြေမြစ်မြစ်ရှိသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ပြုလုပ်သွားမည့် ကတိကဝတ်မျိုးကို ၎င်းတို့လိုလားခဲ့ကြခြင်း ဖြစ်သည်။ ၎င်းတို့အားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ကို ရေးဆွဲပြင်ဆင်ခဲ့ကြသည့် အမျိုးသားညီလာခံ (၁၉၉၃–၂၀၀၈) ၌တောက်လျှောက် ပါဝင်ဆောင်ရွက်ခဲ့ကြသူများ ဖြစ်သည် (ပါဝင်မှုအတိုင်းအတာ အမျိုးမျိုးဖြင့်)။[၁၀၆] ထို့ကြောင့် BGFs သို့မဟုတ် ပြည်သူ့စစ်တပ်ဖွဲ့များအဖြစ် ပြောင်းလဲဖွဲ့စည်းသွားရန် ငြင်းဆန်ခဲ့ပြီး ဦးသိန်းစိန်အစိုးရပေးအပ်ထားသည့် ကတိကဝတ်များကို အပစ်အခတ်ရပ်စဲခဲ့ကြသည့် အင်အားစုအသစ်များထက်ပို၍ ရေရှည်အနာဂတ်အရေးအဖြစ် ရှုမြင်ခဲ့ကြခြင်းဖြစ်သည်။

အစပိုင်း၌ ဤကဲ့သို့ပုံစံမျိုးစုံ ကွဲပြားလျက်ရှိသည့် အင်အားစုများနှင့် ကွန်ရက်များသည် သမ္မတဦးသိန်းစိန် တာလွတ်ခဲ့သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သစ်အားဖြင့် တစ်လှေတည်းစီး ခရီးသွားဖော်များ ဖြစ်လာကြလိမ့်မည်ဟုမျှော်လင့်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ်အတွင်း SSPP ခေါင်းဆောင်ဦးဆေထင်၊ နိုင်ငံရေးသမားဦးခွန်ထွန်းဦးနှင့် အခြားရှမ်းခေါင်းဆောင်များကို နိုင်ငံတော်ပုန်ကန်မှုဖြင့် စွဲချက်တင်၍ ထောင်ဒဏ် ၁၀၆ နှစ်အထိချမှတ်ခဲ့သဖြင့် စိုးရိမ်ပူပန်မှုများ မြင့်တက်နေခဲ့ပြီးဖြစ်သည်။ ၂၀၁၉ ခုနှစ်၌ KIO၊ SSPP နှင့် အခြားအပစ်ရပ် EAOs များကို BGFs တပ်ဖွဲ့များအဖြစ် ပြောင်းလဲဖွဲ့စည်းသွားရန် အမိန့်ပေးခဲ့သော်လည်းလိုက်နာဆောင်ရွက်ရန် ငြင်းဆန်ခဲ့သည့် MNDAA ၏လောက်ကိုင်ဌာနချုပ်ကို တပ်မတော်မှ စီးနင်းသိမ်းပိုက်လိုက်ခြင်းက အဆိုပါစိုးရိမ်မှုများကို ပို၍ကြီးထွားလာစေခဲ့သည်။ ၂၀၁၁ ခုနှစ် ဇွန်လအတွင်း KIO ကိုဦးတည်၍ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြန်လည်စတင်လာခြင်းကြောင့် ယခုတစ်ကြိမ်တွင်လည်း တိုင်းရင်းသားတော်လှန်ရေးအင်အားစုများအကြား 'သွေးခွဲအုပ်ချုပ်ရေး' မဟာဗျူဟာကို တပ်မတော်တပ်မှူးများ ထပ်မံအသက်သွင်းလာခဲ့ပြန်ပြီဟုနိုင်ငံ၏အရှေ့မြောက်ပိုင်းဒေသအခြေစိုက် EAOsအများအပြားယုံကြည်လာခဲ့သည်။ အခွင့်ကောင်းယူ၍ ဖြိုခွဲနှိမ်

ရခိုင်ပြည်နယ်၏ လေးဖြူမြစ်ကမ်းပါးပေါ် ထိုင်နေသည့် ခွင်းအမျိုးသမီးတစ်ဦး (TNI)

နှင်းရန် တပ်မတော်ဖက်က ကြိုးပမ်းအားထုတ်လာခြင်းကြောင့် တိုက်ပွဲများပျံ့နှံ့လာခဲ့သဖြင့် KIO ၏ ၁၇ နှစ်တာမျှ တည်တံ့လာခဲ့သည့် နှစ်ဖက်အပစ်အခတ် ရပ်စဲရေးသည် လည်းစက္ကူစုတ်သာသာ ဖြစ်သွားတော့သည် ('EAO အချို့ ကိုဖယ်ကြဉ်ချန်လှပ်ခဲ့သည့် ပဋိပက္ခအကျိုးဆက်များ' ကို ကြည့်ပါ)။

နောက်ပိုင်းနှစ်များအတွင်း အစိုးရအာဏာပိုင်များသည်အုပ်စုသုံးမျိုးရှိသည့် နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအပေါ် လေးစားလိုက်နာမှု မရှိဘဲ အမြဲတမ်းလိုလိုချောင်ထိုးထားမှုများမြင့်တက်လာခဲ့သည်။ ဦးသိန်းစိန်ခေတ် စတင်လာပြီးနောက်ပိုင်း နဝတ-နအဖ ခေတ်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအပေါ် လေးစားလိုက်နာမှု မရှိတော့သည့် အလေ့အထသည် နောက်ပိုင်းကာလများအထိ ဒုန်တွဲလိုက်ပါလာခဲ့သည်။ လက်ရှိအသက်ဝင်နေဆဲဖြစ်ပြီး ငြိမ်းချမ်းရေးသဘောတူစာချုပ်အားဖြင့် ထပ်လောင်းအတည်ပြုထားသည့် NCA လက်မှတ်ထိုးအဖွဲ့ဝင်များ၏ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များနှင့် NCA လက်မှတ်ထိုးအဖွဲ့ဝင်များမဟုတ်ကြသည့် EAOs များ လက်မှတ်ရေးထိုးခဲ့ကြသည့် ၂၀၁၁-၂၀၁၂ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအားလုံးကို လေးစားလိုက်နာမှု မရှိတော့ဘဲ ပြောင်ပြောင်တင်းတင်းပင် မျက်ကွယ်ပြုလာခဲ့သည်။

ဤအုပ်စုသုံးခုအတွင်း ၂၀၁၅ ခုနှစ်အတွင်း NCA လက်မှတ်ရေးထိုးရန် ငြင်းဆန်ခဲ့ကြသည့် အပစ်ရပ် EAOs များသည် အဆုံးစွန်သော ထိပါးနှောက်ယှက်မှုများနှင့် ရံဖန်ရံခါ ထိုးစစ်ဆင်တိုက်ခိုက်မှုများကို အများဆုံးတွေ့ကြုံခံစားခဲ့ကြရသူများဖြစ်သည်။ ယင်းတို့၌ ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည့် သို့မဟုတ် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များကို ပြန်လည်သက်တမ်းတိုး ခဲ့ကြသည့် EAOs များလည်းပါဝင်နေခဲ့သည်။ ယင်းတို့အနက် စနစ်တကျစုဖွဲ့ပြင်ဆင်ထားသည့် စစ်ရေးအင်အားကြီးမားပြီး တရုတ်နှင့်အလွန်နီးစပ်သည့် ဆက်ဆံရေးရှိထားသည့် UWSP နှင့် NDAA ကဲ့သို့သော အပစ်ရပ်အဖွဲ့များကို များသောအားဖြင့် တပ်မတော်ဖက်မှ မသိကျိုးကျွန်ပြုထားလေ့ရှိပြီး NCA လုပ်ငန်းစဉ်အတွင်း ၎င်းတို့ပါဝင်ဆောင်ရွက်လာအောင် ကြိုးပမ်းရာတွင်လည်း ခြိမ်းခြောက်ဖိအားပေးမှု နည်းပါးသည့်မဟာဗျူဟာများကိုသာ အသုံးပြုသွားခဲ့သည်။

ဤကဲ့သို့သော စစ်ရေးဖိအားနှင့် နိုင်ငံရေးနည်းဗျူဟာများကို တွဲဖက်အသုံးချသည့် နည်းလမ်းဖြင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဆောင်ကျဉ်းပေးမည့် အစိုးရ၏ရည်မှန်းချက်သည် ခုတ်ရာတစ်ခြား ရှရာတစ်ခြား ရလဒ်မျိုးကိုသာ ပေါ်ပေါက်လာစေခဲ့သည်။ NCA အပေါ် ပဋိပက္ခဇာတ်ကောင်များနှင့် နယ်ခံလူထုလူတန်းစားများ၏ယုံကြည်စိတ်ချမှုသည် ဤကဲ့သို့ ဆိုးဆိုးရွားရွား ပြဒါးတစ်လမ်းသံတစ်လမ်းဖြစ်နေသည့် မူဝါဒများကြောင့် ယိုယွင်းပျက်စီးသွားခဲ့ပြီး ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် သို့မဟုတ် NCA ကဲ့သို့သော အပစ်အခတ်ရပ်စဲရေးပုံစံတစ်မျိုးမျိုးအပေါ် ထားရှိသည့် အစိုးရ၏ စိတ်ရင်းစေတနာအပေါ်တဖြည်းဖြည်း သံသယဝင်လာခဲ့ကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အလွန်အရေးပါသည့် အချိုးအကွေ့တစ်ခု၌ ပေါ်ထွက်လာခဲ့ခြင်းကြောင့် နောက်ဆက်တွဲအကျိုးဆက်များသည် အလွန်အလျော်အစား ကြီးမားလာစေခဲ့သည်။အနှစ်သာရအားဖြင့် တိုင်းရင်းသားခေါင်းဆောင်များအကြား နှစ်ဖက်သဘောတူ အပစ်အခတ်ရပ်စဲရေးကိုပင် ယုံကြည်စိတ်ချ၍ မရခဲ့သဖြင့် NCA အပေါ်တွင်လည်းယုံကြည်စရာ အကြောင်းမရှိဟူသည့် အယူအဆမျိုး အားကောင်းလာခဲ့သည်။

ဤကဲ့သို့သော မသေချာမရေရာမှုများကို ဝန်ခံအသိအမှတ်ပြုသည့်အနေဖြင့် ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်နှစ်ခုစလုံး၌ ချုပ်ဆိုခဲ့ကြသည့် နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ၏ အရေးပါအရာရောက်မှုကို NCA သဘောတူစာချုပ်အတွင်း ထင်ဟပ်ဖော်ပြထားခြင်းဖြစ်သည်။ အစိုးရနှင့် EAOs များအကြား၌ 'ယခင် သဘောတူညီချက်များအားလုံးကို အသိအမှတ်ပြု ကျားကန်အားဖြည့်ကာ ထပ်လောင်းအတည်ပြုသည်' ဟူ၍ ပထမစာကြောင်း၌ ပါရှိနေပြီး အဆိုပါအခြေခံမူများအားလုံးကို နောက်ပိုင်းစာကြောင်းများ၌လည်း ထပ်မံအတည်ပြုဖော်ပြထားသည်။ နောက်ပိုင်း၌ NCA လက်မှတ်ထိုးအဖွဲ့ဝင်များကလည်း ၎င်းတို့၏ အပြန်အလှန်အပစ်အခတ်ရပ်စဲရေးကို ဂရုစိုက်ခြင်းမရှိဘဲ ချိုးဖောက်ခံနေရသည်ဟု စောဒကတက်ပြောဆိုလာခဲ့သည်။ သို့သော်လည်း ယေဘုယျအားဖြင့်ကြည့်ပါက NCA ကနဦးလက်မှတ်ရေးထိုးပွဲနောက်ပိုင်းတဖြည်းဖြည်း မြင့်တက်လာနေသည့် အရွေ့တစ်ခုအဖြစ်လက်မှတ်ထိုးအဖွဲ့ဝင် မဟုတ်ကြသူများနှင့် ချုပ်ဆိုထားခဲ့သည့် နှစ်ဖက်သဘောတူညီချက်များသည် စဉ်ဆက်မပြတ်ဆက်တိုက်ဆိုသလို ချိုးဖောက်ခံရမှု အများဆုံးဖြစ်နေသည် ('စစ်ရေးအရ ချိုးဖောက်မှုများ' ကိုကြည့်ပါ)။

NCA လက်မှတ်ထိုး အဖွဲ့ဝင်မဟုတ်ကြသူများ အကြားဌ ၁၉၈၉ ခုနှစ်အတွင်း နဝတအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလအတွင်းပြည်နယ်နှင့်ပြည်ထောင်စုအဆင့်သဘောတူညီချက်များအဖြစ် ပြောင်းလဲလက်မှတ်ရေးထိုးခဲ့သည့် SSPP သည်တပ်မတော်၏ အဓိကဦးတည်ပစ်မှတ် ဖြစ်နေခဲ့ပုံရသည်။ အချို့သောတိုက်ပွဲများ အထူးသဖြင့် ၂၀၁၅ ခုနှစ် ဝမ်ဟိုင်းတိုက်ပွဲနှင့် ၂၀၁၉ ခုနှစ် စစ်ဆင်ရေးကာလများသည်အရပ်သားပြည်သူများ အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင် ရသည်အထိ ရက်ပေါင်းများစွာကြာအောင် လေကြောင်းတိုက်ခိုက်မှုများနှင့်အတူ အလွန်ပြင်းထန်သည့် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ဖြစ်ခဲ့သည်။ နောက်ပိုင်းထိုးစစ်သည် ရှမ်းပြည်နယ်တစ်ခုလုံး၌ တစ်ဖက်သတ်အပစ်အခတ် ရပ်စဲလိုက်ကြောင်း တပ်မတော်ထုတ်ပြန်ကြေညာခဲ့သည့် ကာလအတွင်းဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေး ပြုလုပ်ထားသည်ဖြစ်စေ စစ်ဖက်ဆိုင်ရာစစ်ဆင်ရေး ဖော်ဆောင်နေသည်ဖြစ်စေ ပေါ်ပေါက်လာမည့် နောက်ဆက်တွဲ လူသားချင်းစာနာထောက်ထားမှုအကျပ်အတည်းများကို အလျဉ်းဂရုစိုက်ခြင်း မရှိခဲ့သည့် တပ်မတော်သည် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးနေသည့် ကာလများအတွင်း နယ်မြေထိန်းချုပ်မှု ကျယ်ပြန့်လာစေရန်နှင့် လုံခြုံရေးဖြန့်ကျက်နိုင်စေရန်သာ အလေးထားဆောင်ရွက်လေ့ရှိသည် (‘အရပ်သားများ ထိခိုက်သေဆုံးမှု’ ကိုကြည့်ပါ)။

အခြား EAOs များကလည်း တပ်မတော်၏ နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအပေါ် အလားတူချိုးဖောက်မှုများကို ပြောဆိုစောဒကတက်ခဲ့ကြသည်။ NMSP သည် ၎င်း၏ ၂၀၁၈ ခုနှစ် NCA လက်မှတ်ရေးထိုးပွဲမတိုင်မီနှင့် နောက်ပိုင်းကာလများ၌ ၎င်းတို့၏ အုပ်ချုပ်ရေးနယ်မြေများကို စစ်ရေးအရ ကျူးကျော်ဝင်ရောက်ခဲ့သည့် ဖြစ်စဉ်များကို ဆက်တိုက်ဆိုသလို ထုတ်ပြန်အစီရင်ခံခဲ့သည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း တပ်မတော်တပ်ဖွဲ့ဝင်များသည် KNPP စစ်ဆေးရေးဂိတ်၌ အရပ်သားတစ်ဦးအပါအဝင် လက်နက်ကိုင်ဆောင်ထားခြင်း မရှိခဲ့သည့် တပ်ဖွဲ့ဝင်သုံးဦးကို သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်သည် မည်သည့်အခါကမှ ပြန်လည်ဖြေရှင်းပေးခြင်း မရှိခဲ့သည့် တရားမဲ့သတ်ဖြတ်မှုများဖြစ်ခဲ့သည် (‘KNPP ၏ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းဆွေးနွေးပွဲများ’ ကိုကြည့်ပါ)။[၁၀၇] အလားတူပင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း တပ်မတော်သည် အိန္ဒိယနယ်စပ်ပေါ်ရှိ အပစ်အခတ်ရပ်စဲထားသည့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ-ကပွလန် (NSCN-K) ဌာနချုပ်ကို ဝင်ရောက်စီးနင်းသိမ်းပိုက်ခဲ့သည်။[၁၀၈] ဤကဲ့သို့သော စစ်ဆင်ရေးလုပ်ငန်းများက နယ်ခံလူထုလူတန်းစားများအတွက် တပ်မတော်တပ်မှူးများသည် ‘အပစ်အခတ်ရပ်စဲရေး’ ၏ အဓိပ္ပာယ်ကို လေးစားလိုက်နာလိမ့်မည်ဟု ယုံကြည်စိတ်ချ၍မရကြောင်း ဖော်ပြနေသည့် ညွှန်းကိန်းများပင်ဖြစ်တော့သည်။

တပ်မတော်၏ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအပေါ် လေးစားလိုက်နာမှုနှင့် ပြောင်းပြန်အချိုးကျသည့် နောက်ထပ်ဖြစ်စဉ်တစ်ခု ကချင်ပြည်နယ်အတွင်း ဖြစ်ပွားလာခဲ့သည်။ ၂၀၁၁ ခုနှစ်အတွင်း ၁၉၉၄ ခုနှစ်၌ လက်မှတ်ရေးထိုးခဲ့ကြသည့် အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်သွားခဲ့ပြီးနောက်ပိုင်း KIO ကို ‘အပစ်အခတ်ရပ်စဲထားသည့်အဖွဲ့အစည်း’ တစ်ခုအဖြစ် မသတ်မှတ်တော့ပေ။ သို့သော်လည်း တရုတ်ပါဝင်သည့် ကြားဝင်ဖျန်ဖြေမှုအပြီး ၂၀၁၃ ခုနှစ် မေလအရောက်တွင် KIO နှင့် အစိုးရအကြား ကုလသမဂ္ဂနှင့် တရုတ်ကိုယ်စားလှယ်များအပါအဝင် အခြား EAOs များကို သက်သေထား၍ ‘ရန်လိုတိုက်ခိုက်မှု လျှော့ချရေး’ သဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြသည်။[၁၀၉]

ဤကဲ့သို့သော ဆန်းသစ်သည့်ချဉ်းကပ်မှုက ငြိမ်းချမ်းရေးရရှိစေနိုင်မည့် လမ်းကြောင်းသစ်များကို ရှာဖွေနေကြပြီဟူသည့် မျှော်လင့်ချက်များကိုရှင်သန်လာစေခဲ့သည်။ အမှန်တကယ်တမ်း၌လည်း KIO ၏ ‘လျှော့ချရေး’ သဘောတူညီချက်သည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု ပြုလုပ်သွားမည့်ကတိကဝတ်နှင့် ပူးတွဲပဋိပက္ခ စီမံခန့်ခွဲရေးအဖွဲ့များဖွဲ့စည်းတည်ထောင်မှု တို့အပါအဝင်အချို့သော နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များ ထက်ပင်ပို၍ အသေးစိတ်ကျနေခဲ့သည်။ သို့သော်လည်း ၂၀၁၆ ခုနှစ်၌ USDP မှသည် NLD အုပ်ချုပ်ရေးအဖြစ် အစိုးရအကူးအပြောင်းပြုလုပ်နေသည့် ကာလအတွင်း အစိုးရဖက်မှ ၎င်းတို့၏ ကော်မတီထက်ဝက်ခန့်ကို ဖျက်သိမ်းခဲ့သလို အစိုးရအရာရှိများကလည်း တွေ့ဆုံဆွေးနွေးမှုများ ပြန်လည်စတင်ရန် လုံးဝသဘောမတူကြတော့ပေ။ ထိုအချိန်မှစ၍ ပဋိပက္ခမီး ဆက်လက်ပြန့်ပွားလာတော့သည်။

အပစ်အခတ်ရပ်စဲရေး ယန္တရားအတွင်း နောက်ထပ်မူမမှန်သည့် အရွေ့တစ်ခုသည် ၂၀၁၈ နှစ်ကုန်ပိုင်း၌ စတင်ရုပ်လုံးပေါ်လာခဲ့သည်။ တရုတ်၏ နောက်ကွယ်မှ

ဝကွယ်ပိုင်ဇုန်အုပ်ချုပ်ခွင့်ရသော နမ်မဖန်းမြို့နယ်အတွင်းရှိ နယ်မြေခံဗဟာနချုပ်ရုံးဖွင့် တွေ့ခြင်ရသည် UWSA တပ်ဖွဲ့ဝင်များ

ဩဇာလွှမ်းမိုးမှုနှင့်အတူ MNDAA၊ TNLA နှင့် ULA/AA ဟူသည့် အပစ်အခတ်ရပ်စဲထားခြင်း မရှိသည့် ညီနောင် မဟာမိတ်အဖွဲ့မှ၎င်းတို့အနေဖြင့် 'အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး' အတွက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ၌ ပါဝင်ဆောင်ရွက်သွားရန် ဆန္ဒရှိနေကြကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။[၁၁၀] ရက်အနည်းငယ်ကြာပြီးနောက်ပိုင်း တပ်မတော်ဖက်မှ ကနဦးအနေဖြင့် ကချင်နှင့် ရှမ်းပြည်နယ်ရှိ တိုင်းစစ်ဌာနချုပ် ငါးခုအတွင်း လေးလတာကာလကို 'တစ်ဖက်သတ်' အပစ်အခတ်ရပ်စဲလိုက်ကြောင်း ပြန်လည်တုံ့ပြန်ခဲ့သည်။ ကာလတစ်ခုအထိ ရှေ့မတိုးသာ နောက်မဆုတ်သာ တစ်ဆို့နေသည့် ပဋိပက္ခကိုချိုဖောက်နိုင်စေမည့် 'အပစ်အခတ်ရပ်စဲရေး' လမ်းကြောင်းသစ်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ပြီဟု ထင်မှတ်မှားခဲ့ကြသည်။ မည်သို့ဆိုစေကာမူ တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကို အဆုံးသတ်သွားမည့် အစီအစဉ်မှ ရခိုင်နှင့် ချင်းပြည်နယ်တို့ပါဝင်နေသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုသာလျှင် ကွက်၍ချန်လှပ်ထားခဲ့သည် ('မြောက်ပိုင်း EAOs များနှင့် အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှုများ' စာကွက်ကိုကြည့်ပါ။

ဤကဲ့သို့သော တစ်ဖက်သတ်ကြေညာချက်များကိုထုတ်ပြန်ခဲ့သည့် တပ်မတော်နှင့် ညီနောင်မဟာမိတ်အဖွဲ့ဝင်များသည် နောက်ပိုင်းနှစ်များ၏ ပဋိပက္ခဇာတ်ခုံပေါ်၌ အမြဲတမ်းလိုလို အဓိကဇာတ်ဝင်ခန်းနေရာမှ ပါဝင်လာခဲ့တော့သည်။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ကြေညာချက်အတွင်းမှ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကို ထုတ်နုတ်ချန်လှပ်ခဲ့သော်လည်း တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးဖက် ရွေးချယ်သည့်ပုံစံသည် NLD ၏ ရွေးကောက်ပွဲအောင်နိုင်ရေးကို ဂုဏ်ပြုကြိုဆို၍ ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲများ၌ ပါဝင်ဆောင်ရွက်ရန် ဆန္ဒရှိနေကြောင်းထုတ်ဖော်ပြသရသည့်အနေအထားကိုသာရောက်ရှိသွားစေခဲ့သည်။[၁၁၄] သို့သော်လည်း အားလုံးလွှမ်းခြုံပါဝင်မှုရှိသည့် စကားဝိုင်းများကို ဖော်ဆောင်သွားမည်ဆိုပါက အပစ်အခတ်ရပ်စဲထားခြင်း မရှိသေးသည့် FPNCC အဖွဲ့ဝင်

များနှင့် အစိုးရအကြား နှစ်ဖက်အပစ်အခတ်ရပ်စဲကြရန် ဦးစွာသဘောတူညီချက် ရယူသွားရမည့် လိုအပ်ချက်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း အမြဲလိုလိုဝိရောဓိဖြစ်နေသည့် ပြဿနာတစ်ခုအဖြစ် ဆက်ရှိနေဆဲဖြစ်သည်။

တစ်ဖက်သတ်နှင့် အပြန်အလှန်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကိုလိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှု၏ နောက်ဆက်တွဲအကျိုးဆက်များသည် ဆိုးရွားပြင်းထန်လှကြောင်း သက်သေပြလျက်ရှိသည်။ အပစ်အခတ်ရပ်စဲရေးကို လိုက်နာဆောင်ရွက်မှု မရှိသည့်အခါ စေ့စပ်ညှိနှိုင်းခဲ့ကြသည့် ဆွေးနွေးဖက်များအကြား၌ သာမက လူထုများအကြား၌လည်း ဆိုးဆိုးရွားရွားယုံကြည်မှုကျဆင်းလာခဲ့သည်။ ထို့အပြင် အစိုးရနှင့် တပ်မတော်သည် သဘောတူညီချက်များနှင့် ကြေညာချက်များကို လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များအဖြစ် လက်ခံထားခြင်းမရှိကြောင်းတိုင်းရင်းသားအင်အားစုများဖက်မှ ဆုံးဖြတ်ချက်ချမှတ်သူများကို သင်ခန်းစာရရှိစေခဲ့သည်။ အပစ်အခတ်ရပ်စဲရေးအပေါ် တပ်မတော်၏ ဤကဲ့သို့လက်သင့်ရာစားတော်ခေါ်၍ အာဏာရှင်ဆန်ဆန် ပြုမူဆောင်ရွက်မှုသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းရန် ကြိုးပမ်းမှုဖြစ်စဉ်နောက်ပိုင်းပို၍ပင်မြင်သာ ထင်ရှားလာခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ် ထိထိရောက်ရောက် အသက်ဝင်လာစေရန်အတွက် ပါဝင်ပတ်သက်လျက်ရှိသည့် အင်အားစုများအားလုံးအပစ်အခတ်ရပ်စဲရေး ကတိကဝတ်များကို မဖြစ်မနေလေးစားလိုက်နာမှုရှိရန် လိုအပ်ပါသည်။ သို့သော်လည်း ဤကဲ့သို့သောအရွေ့မျိုးဖြစ်ပေါ်လာခြင်းမရှိခဲ့သည့် မြန်မာနိုင်ငံ၌ လူထုလူတန်းစားများ၏ ဆင်းရဲဒုက္ခသည်သာလျှင် ပိုမိုနက်ရှိုင်းပြင်းထန်လာခဲ့သည်။

ဝတ်လုံဝိုင်အောင်ချယ်ရီမြစ်ကြောင်းနှစ်ခု ဝတ်လုံးဒေသခံဒီးယား (TNI)

၂။ NCA အကောင်အထည်ဖော်ရေးကဏ္ဍ ပျက်ကွက်မှုများ

စစ်ရေးအရ ချိုးဖောက်မှုများ

NCA ကာလတစ်လျှောက် စစ်ရေးအရ ရန်လိုတိုက်ခိုက်မှုများအတွင်း သဘောတူလက်မှတ်ရေးထိုးထားခြင်း မရှိသည့် EAOs များသာ ပါဝင်နေခဲ့သည်မဟုတ်ပေ။ ကနဦး NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း လက်မှတ်ထိုးအဖွဲ့ဝင်များသည်လည်း တပ်မတော်၁၏ စဉ်ဆက်မပြတ် ခြိမ်းခြောက်ဖိအားပေးမှုများနှင့် အချို့အခြေအနေ၌ တိုက်ခိုက်ခံရမှုများကိုပင် ကြုံတွေ့ခဲ့ကြရသည်။ ထိတွေ့တိုက်ခိုက်ခဲ့သည့်အကြိမ်ရေနှင့် ပြင်းထန်မှုအတိုင်းအတာသည် အချိန်နှင့်အမျှ ပိုမိုမြင့်တက်လာခဲ့သည်။ ဖြစ်စဉ်တစ်လျှောက်လုံး NCA အပေါ်ယုံကြည်စိတ်ချမှုနှင့် သဘောတူညီချက်အပေါ် စစ်ရေးအရချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းသွားမည့် အပစ်အခတ်ရပ်စဲမှု ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏ စွမ်းဆောင်ရည် ချိနဲ့အားနည်းသွားစေရန် လုပ်ဆောင်ခဲ့ကြသည်။ အလားတူပင် ၎င်းတို့သည် နယ်ခံလူထုလူတန်းစားများကို ဆိုးဆိုးရွားရွား ထိခိုက်နစ်နာစေခဲ့ရုံမျှမက ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည့် ပြည်တွင်းစစ်အလွန်၌ နယ်ခံလူထုလတန်းစားများငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည့် NCA လက်မှတ်ထိုးအဖွဲ့ဝင်များ အုပ်ချုပ်လျက်ရှိသည့် နယ်မြေဒေသများ၏ ငြိမ်းချမ်းရေးအလားအလာများကိုပါ ဆိတ်သုဉ်းသွားစေခဲ့သည်။

၂၀၁၁-၁၃ ခုနှစ်အတွင်း အစိုးရနှင့် EAOs ၁၄ ဖွဲ့အကြား အပြန်အလှန်သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည့် အစောပိုင်းကာလများ၌ အပစ်ရပ်နယ်မြေဒေသတစ်လျှောက်စစ်ရေးအရ ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများသည် အကောင်းဖက်သို့ ဦးတည်ပြောင်းလဲလာခဲ့သည်။ NCA လက်မှတ်ရေးထိုးရန် သဘောတူလက်ခံခြင်းအားဖြင့် သဘောတူစာချုပ်၏ပထမဦးဆုံးစာကြောင်း၌ အခိုင်အမာ ရေးသားဖော်ပြထားသည့်အတိုင်း ရှေ့ပိုင်းကာလများ၌ ချုပ်ဆိုခဲ့ကြသည့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်များသည် လည်းဆက်လက် အသက်ဝင်နေဦးမည်ဟု လက်မှတ်ထိုးအဖွဲ့ဝင် EAOs များလက်ခံယုံကြည်ခဲ့ကြသည်။ အပြန်အလှန် သဘောတူညီချက်များအပေါ် အခြေခံတည်ဆောက်ထားသည့် NCA ၌ စစ်ဖက်ဆိုင်ရာ စည်းကမ်းသတ်မှတ်

ချက်များနှင့် ကန့်သတ်ချက်များအပါအဝင် အရပ်သားများအပေါ် အခွင့်အရေးချိုးဖောက်မှုများကို တားမြစ်ပိတ်ပင်ထားသည့် စည်းကမ်းချက်များကိုပါထည့်သွင်းပြဋ္ဌာန်းထားသည်။ သို့သော်လည်း ဦးသိန်းစိန်အစိုးရ ဆင်းသွားသည့်နောက်ပိုင်း NCA လက်မှတ်ထိုးအဖွဲ့ဝင်များ၏ ထိန်းချုပ်နယ်မြေများအပါအဝင် အပစ်အခတ်ရပ်စဲထားသည့် နယ်မြေဒေသအများအပြားဌ လက်နက်ကိုင်ပဋိပက္ခများ သိသိသာသာမြင့်တက်လာတော့သည်။

ဤအရွေ့ကို သက်သေပြနေသည့် သာဓကအမြောက်အများပေါ်ထွက်လာခဲ့သည်။ ကရင်ပြည်နယ်မြောက်ပိုင်းဒေသသည် အထင်ရှားဆုံး သာဓကတစ်ခု ဖြစ်လာခဲ့သည်။ ၂၀၁၈ ခုနှစ်အစောပိုင်းဌ ကရင်အမျိုးသားအစည်းအရုံး၏ ထိန်းချုပ်မှုအောက်ရှိတပ်မဟာသုံးနယ်မြေအတွင်းရှိအရပ်သားများကို ဦးတည်တိုက်ခိုက်မှုများနှင့် တပ်အင်အားဖြည့်တင်းမှုများပါဝင်သည့် လမ်းဖောက်လုပ်ရေးစီမံကိန်းတစ်ခုကိုတပ်မတော်ဖက်မှ စတင်လာခဲ့ပြီးနောက်ပိုင်း ထိတွေ့တိုက်ပွဲများဖြစ်ပွားလာခဲ့ခြင်းဖြစ်သည်။KNUခေါင်းဆောင်များကတစ်ဖက် NCA လက်မှတ်ထိုးအဖွဲ့ဝင်များ၏ ထိန်းချုပ်နယ်မြေများသို့ လက်နက်ကိုင်တပ်ဖွဲ့များ ဝင်ရောက်လိုပါက ခွင့်ပြုချက်တောင်းခံရမည်ဟု သတ်မှတ်ထားသည့် NCA စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခြင်းဖြစ်သည်ဟုအကြိမ်ကြိမ်စောဒကတက် ကန့်ကွက်ခဲ့ကြသည်။[၂] ထို့အပြင်တပ်မတော်တပ်ခွဲများ၏ ယခုကဲ့သို့ ကျူးကျော်ဝင်ရောက်မှုသည် အရပ်သား ကာကွယ်စောင့်ရှောက်ရေးနှင့် တပ်ရွှေ့လျားမှုဆိုင်ရာ NCA သဘောတူညီချက်များကိုပါ ချိုးဖောက်ရာရောက်နေခဲ့သည်။ နှစ်ဖက်တပ်များအကြားရင်ဆိုင်တိုက်ပွဲများ ဖြစ်ပွားလာရုံမျှမက တပ်မတော်သည် လမ်းမသစ်၏ အချို့အစိတ်အပိုင်းများကို အရပ်သားပြည်သူများ သွားလာမှုမပြုရန် တားဆီးပိတ်ပင်ခြင်း၊ လူနေရပ်ရွာများအတွင်းသို့ လက်နက်ကြီး လက်နက်ငယ်များ ရမ်းသမ်းပစ်ခတ်ခြင်း၊အရပ်သားအိုးအိမ်များထိခိုက်ပျက်စီးစေခြင်း၊ ထောင်နှင့်ချီသည့် အရပ်သားများကို နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ရစေခြင်းနှင့် အရပ်သားပြည်သူအချို့ကိုသတ်ဖြတ်ခြင်းများကိုပါ ကျူးလွန်လာခဲ့သည် (‘အရပ်သားများ ထိခိုက်သေဆုံးမှု’ ကိုကြည့်ပါ)။

၂၀၁၈ ခုနှစ် နိုဝင်ဘာလမှစ၍ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီနှင့်အတူ တရားဝင် NCA အစည်းအဝေးများသို့ တက်ရောက်မှုမပြုဘဲ ဆိုင်းငံ့သွားရန် KNU ခေါင်းဆောင်များ ဆုံးဖြတ်ခဲ့ရသည့် အဓိကအကြောင်းရင်းသည် ဤကဲ့သို့သော ချိုးဖောက်မှုများကြောင့်ပင်ဖြစ်သည်။ ထိုအချိန်က သဘောတူညီချက် အကောင်အထည်ဖော်မှုအားကောင်းလာစေရန် အဖွဲ့ဝင်များအကြား စည်းရုံးကြိုးပမ်းမှုများသည် စမ်းတဝါးဝါးဖြင့် အလွဲလွဲအချော်ချော်ဖြစ်နေခဲ့သည်။ EAOs နှစ်ဖွဲ့စလုံး နောက်ပိုင်းအစည်းအဝေးများ၌ပြန်လည်ပါဝင်လာခဲ့သည်။သို့သော်လည်းNCAလက်မှတ်ထိုးအဖွဲ့ဝင်များအကြား အရေးအပါဆုံး EAOs နှစ်ဖွဲ့၏ ဆုတ်ခွာမှုသည် NCA ၏ တရားဝင်မှုအပေါ် အကြီးအကျယ်မေးခွန်းထုတ်စရာ ဖြစ်လာစေခဲ့သည် (‘NCA ကို ပြန်လည်သုံးသပ်အကဲဖြတ်ခြင်း – KNU နှင့် RCSS’ ကိုကြည့်ပါ)။

ချိုးဖောက်မှုများနှင့် ရုတ်တရက်ကျူးကျော်တိုက်ခိုက်မှုများသည် အကြောင်းရင်းမရှိဘဲ သူ့အလိုလိုဖြစ်ပွားလာခဲ့ခြင်းမဟုတ်ပေ။ တပ်မတော်၏ စစ်ရေးလှုပ်ရှားမှုအများစုသည်ဖာပွန်ခရိုင် (မူတြော်) ၏ အတွင်းပိုင်းဗဟိုကျသည့် KNU အမာခံနယ်မြေအတွင်း ဖြစ်ပွားနေခြင်းဖြစ်သည်။ ဤအခြေစိုက်နယ်မြေမှစ၍ KNU ၏ ဩဇာလွှမ်းမိုးမှုသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လုံခြုံရေးအကျိုးစီးပွားများအပြိုင်အဆိုင် ဖြစ်နေကြသည့် ပတ်ဝန်းကျင်မြို့နယ်များအထိ လွှမ်းမိုးဖြန့်ကျက်ထားသည်။ ယင်းအကျိုးစီးပွားများ၌ အဆိုပြုဟတ်ကြီးရေကာတာအပါအဝင် သဘာဝသယံဇာတ အရင်းအမြစ်နှင့် အခြေခံအဆောက်အအုံ စီမံကိန်းအမျိုးမျိုးလည်း ပါဝင်လျက်ရှိသည်။[၃] ထို့အပြင်နယ်မြေတာဝန်ခံ KNUတပ်မှူးများသည် NCAလက်မှတ်ရေးထိုးမည့်သဘောတူညီချက်နှင့် ပတ်သက်၍ ဗဟိုခေါင်းဆောင်များထက်ပို၍ သတိကြီးခဲ့သည်ဟု နာမည်ကျော်သူများဖြစ်ကြသည်။ အကျိုးဆက်အဖြစ် KNU လိုလားထောက်ခံသူများသည် NCA ကို အရင်းတည်ထားသည့် တပ်မတော်၏ ရည်မှန်းချက်၌ ကရင်တပ်ဖွဲ့အတွင်း သဘောထားကွဲလွဲမှုများပေါ်ပေါက်လာအောင် သွေးထိုးလှုံ့ဆော်၍ တစ်ချိန်တည်းလိုလိုဌ လွတ်လပ်ရေးရပြီးကတည်းက တစ်ကြိမ်တစ်ခါမျှ ဗဟိုအစိုးရ၏ ထိန်းချုပ်မှုအောက် မရောက်ရှိခဲ့ဖူးသည့် နယ်မြေဒေသ၏ ဗဟိုချက်ကို ပိုမိုလက်လှမ်းမီလာခြင်းဖြင့် KNU ၏ ဩဇာအာဏာနှင့် ကရင်တို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ချိနဲ့အားနည်းသွားစေမည့် အကြံအစည်ဖြင့် လမ်းဖောက်လုပ်ရေး စီမံကိန်းများကို နှစ်ပေါက်တစ်ပေါက် ရိုက်အကောင်အထည်ဖော်သွားရန် ကြိုးပမ်းခြင်းဖြစ်သည်ဟုလက်ခံယုံကြည် လာကြသည်။

စစ်ရေးအရချိုးဖောက်မှုများ ရှိလာသည့်အချိန်နှင့် တစ်ပြိုင်တည်း ပိုမိုရှုပ်ထွေးလာသည့် ကိစ္စရပ်တစ်ခုမှာယခင်

ကတိုးတက်သော ဗုဒ္ဓဘာသာအကျိုးပြု ကရင့်တပ်မတော်ဟုသိကြသည့် စစ်တပ်ကျောထောက်နောက်ခံပြု နယ်ခြားစောင့်တပ်ဖွဲ့သည်လည်း အခြားပြည်သူ့စစ် တပ်ဖွဲ့ငယ်အများအပြားနှင့် အစောပိုင်း KNU မှ ခွဲထွက်၍ ၂၀၁၅ ခုနှစ်၌ NCA လက်မှတ်ရေးထိုးသွားခဲ့သည့် တိုးတက်သောဒီမိုကရေစီကရင်အမျိုးသားတပ်မတော်နှင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီဟူသည့် ခွဲထွက် EAOs နှစ်ဖွဲ့နှင့်အတူ ကရင်ပြည်နယ်အတွင်း လှုပ်ရှားနေခြင်းဖြစ်သည်။[၄] ဤအချက်သည်လည်း သဘောတူညီချက်ကို အကောင်အထည်ဖော်ရန် ကြိုးပမ်းအားထုတ်မှုများအတွက် နောက်ဆက်တွဲပြဿနာများကို ဆောင်ကျဉ်းလာခဲ့သည်။ ကရင် BGF တပ်ရင်းများသည် အမြဲတမ်းမဟုတ်သော်လည်း မကြာခဏဆိုသလို အခြား EAOs များနှင့်ပတ်သက်၍ ကင်းလှည့်ခြင်း၊ မြေမြှုပ်မိုင်းထောင်ခြင်း၊ လမ်းမများကို ထိန်းချုပ်ခြင်းနှင့် လုံခြုံရေးပိုင်းဆိုင်ရာ စစ်ဆင်ရေးလုပ်ငန်းများကို ဦးဆောင်ခြင်းကဲ့သို့သော ကိစ္စရပ်များကို တစ်ဖက်သတ် လုပ်ဆောင်နေခြင်းသည် များစွာစိုးရိမ်ဖွယ်ရာကောင်းသည့် အချက်တစ်ခုဖြစ်လာခဲ့သည်။အချုပ်အားဖြင့်ဆိုသော်ငင်းတို့သည် ရဲလုပ်ငန်းတာဝန် ထမ်းဆောင်ခြင်းထက် တိုက်ခိုက်ရေးစစ်သည်ကဲ့သို့ ပြုမူဆောင်ရွက်နေကြခြင်းဖြစ်သည် (‘ပြည်သူ့စစ်တပ်ဖွဲ့များနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ’စာကွက်ကိုကြည့်ပါ)။

NCAအစည်းအဝေးတက်ရောက်ရန် ဆိုင်းငံ့ခဲ့သည့် KNU ၏ဆုံးဖြတ်ချက်သည် တပ်မတော်၏ စစ်ဆင်ရေးလုပ်ငန်းများကို ခေတ္တခဏမျှ ရပ်တန့်သွားစေခဲ့သည်။ သို့သော်လည်းနောက်ပိုင်း၌ ကျူးကျော်ဝင်ရောက် တပ်စွဲမှုများဆက်လက်ဖြစ်ပွားလာခဲ့ပြီး ၂၀၂၀ ခုနှစ်အစောပိုင်း၌ စတင်ရိုက်ခတ်ခဲ့သည့်ကိုဗစ်-၁၉အရေးပေါ်ကာလအတွင်းပိုမိုတိုးပွားလာခဲ့သည်။ထို့ကြောင့် KNU၏အမြင့်ဆုံးဌာနချုပ်အဆင့်မှ နောက်တစ်ကြိမ်သတိပေးစာထုတ်ပြန်ခဲ့ရပြန်သည်။ကမ္ဘာ့ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကို ကိုင်တွယ်ဖြေရှင်းရာ၌ အစိုးရနှင့်ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိခဲ့သော်လည်း NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း မြေပြင်တပ်ဖွဲ့များအကြား ‘ရင်ဆိုင်တိုက်ပွဲများ ဖြစ်ပွားနေသည့်’ ကရင်ပြည်နယ်မြောက်ပိုင်းဒေသသို့ တပ်အင်အားနှစ်ဆ တိုးမြှင့်သွားရန် တပ်မတော်ဖက်မှ အပစ်အခတ်ရပ်စဲရေးကိုအသုံးချခဲ့သည်ဟု KNU ဖက်က စွပ်စွဲပြောဆိုခဲ့သည်။[၅] ကရင်ခေါင်းဆောင်များအနေဖြင့် နိုင်ငံရေးလမ်းကြောင်းဖြင့် ဖက်ဒရယ်နှင့် ဒီမိုကရေစီရရှိနိုင်သည့် အလားအလာ ရှိနေဆဲဖြစ်သည်ဟု မျှော်လင့်နေကြဆဲဖြစ်သော်လည်း လက်တွေ့သက်ဝင်လာစေရန်အတွက် NCAအခြေခံမူများနှင့်အညီအကောင်အထည်ဖော်ရေးကို ဦးတည်ရည်မှန်းသည့် တစ်နိုင်ငံလုံးအတိုင်းအတာအပစ်အခတ်ရပ်စဲရေး ပြုလုပ်သွားရန် မဖြစ်မနေလိုအပ်သည်ဟု ရှုမြင်ခဲ့ကြသည်။[၆] နယ်ခံလူထုလူတန်းစားများအကြား ‘ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်’ ယုံကြည်စိတ်ချမှု တဖြည်းဖြည်းလျော့ပါးလာနေသည့် အချက်က KNU အတွက် သတိပေးသံချောင်းခေါက်သံဖြစ်လာခဲ့သည်။[၇]

ထို့အပြင် NCA လုပ်ငန်းစဉ်တစ်လျှောက် စစ်ရေးအရချိုးဖောက်မှုများသည် သဘောတူစာချုပ်၏ အစောပိုင်းလက် မှတ်ရေးထိုးပွဲနောက်ပိုင်း မွန်ပြည်သစ်ပါတီကို ဦးတည်ပစ်မှတ်ထားသည့် တပ်မတော်၏ စစ်ဆင်ရေးလုပ်ငန်းများ၌လည်း ဖြစ်ပွားသွားခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် စတင်ခဲ့သည့် တော်လှန်ရေးလှုပ်ရှားမှု၏ သမိုင်းကြောင်းသည်ရှည်လျားလွန်းလှသည်။ NMSPv သည် ၁၉၉၅ ခုနှစ်တွင်ပြုလုပ်ခဲ့သည့် အပြန်အလှန် အပစ်အခတ်ရပ်စဲရေးကိုဆက်လက်ထိန်းသိမ်း ထားခဲ့သော်လည်း ပါတီအနေဖြင့် နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းရန် ငြင်းဆန်ခဲ့ပြီးနောက် ၂၀၁၂ ခုနှစ်အရောက်တွင် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအဖြစ် ပြင်ဆင်လက်မှတ်ရေးထိုးခဲ့ရသည်။ ဆယ်စုနှစ်နှစ်ခုစာမျှ အတော်အသင့် ငြိမ်းချမ်းနေခဲ့ပြီးဖြစ်သောကြောင့် မွန်ခေါင်းဆောင်များက ငင်းတို့အနေဖြင့် အဘယ်ကြောင့် NCA ကိုထပ်မံလက်မှတ်ရေးထိုးရန် လိုအပ်လာခဲ့သနည်းဟု မေးခွန်းထုတ်ခဲ့ကြသည်။ ငင်းတို့၏ရပ်တည်ချက်မှာတစ်နိုင်ငံလုံးအတိုင်းအတာရည်မှန်းချက်များပြည့်မှီစေလိုပါက NCA အတွင်း အားလုံးလွှမ်းခြုံပါဝင်ရန်နှင့် သဘောတူညီချက်များကို ပါဝင်လျက်ရှိသည့် အင်အားစုများအားလုံး လက်ခံသဘောတူရန် လိုအပ်သည်ဟူသည့် အမြင်သဘောထားအပေါ် ဗဟိုပြုလျက်ရှိသည်။

ဤသဘောထားပေါ် အခြေခံ၍ မူလ NCA ပိုမိုခိုင်မာအားကောင်းလာစေရန် လူတိုင်းသဘောတူသင့်သည်ဟု ငင်းတို့ လက်ခံယူဆထားသည့်အတိုင်း NMSP သည်ညီညွတ်သောတိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ၌ ‘အခြေခံမူရုစ်ချက်’ ရေးဆွဲပြင်ဆင်ရာ၌ ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည်။ဖြည့်စွက်ပြင်ဆင်ချက်များအပေါ် အားလုံးလက်ခံသဘောတူ ပြီးမှသာလျှင် ပါတီအနေဖြင့် အခြား UNFC အဖွဲ့ဝင်များနှင့်အတူ NCA ကို သဘောတူလက်မှတ်ရေးထိုး သွားနိုင်မည်ဟု ပြောဆိုသွားခဲ့သည် (‘UNFC ၏ “အခြေခံမူရုစ်ချက်” အဆိုပြုလွှာ’ ကိုကြည့်ပါ)။

ဤအကြောင်းပြချက်နှင့်အညီ NMSP ခေါင်းဆောင်များသည် ၂၀၁၅ ခုနှစ်အစောပိုင်း လက်မှတ်ရေးထိုးပွဲနောက်ပိုင်းကာလများအထိ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးမှုမပြုရန် ဆက်လက်တင်းခံနေခဲ့သည်။ သို့ရာတွင် ၂၀၁၇ ခုနှစ်အတွင်း တပ်မတော်ဖက်မှ NMSP ၏ စစ်ဆေးရေးဂိတ်အမြောက်အများကို စီးနင်းတိုက်ခိုက်၍ သိမ်းပိုက်မှုများဖြစ်ပွားလာခဲ့သည်။[၈] အကျိုးဆက်အနေဖြင့် NMSP သည် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုအတွက် ပိုမိုကောင်းမွန်သည့် လမ်းပြမြေပုံတစ်ရပ် ဖြစ်လာလိမ့်မည်ဟူသည့် မျှော်လင့်ချက်ဖြင့် ၂၀၁၈ ခုနှစ်အစောပိုင်း၌ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန် ဆုံးဖြတ်ခဲ့ရတော့သည်။ သို့သော် လည်းအရာရှိများက နောက်ကွယ်၌ ၎င်းတို့၏သဘောထားကို ပြောင်းလဲခဲ့ရသည့် အဓိကအကြောင်းရင်းသည် အပြန်အလှန် အပစ်အခတ်ရပ်စဲရေးကို စစ်ရေးအရချိုးဖောက်မှုများ မြင့်တက်လာခြင်းကြောင့်ဖြစ်သည်ဟု ပြောဆိုသွားခဲ့သည်။

ဝါရင်သဘာရင့် EAO အဖွဲ့တစ်ခု၏သမိုင်းတွင်မည့်တစ်ဆစ်ချိုးဆုံးဖြတ်ချက်တစ်ခု ဖြစ်နေသဖြင့် လက်မှတ်ရေးထိုးရသည့် ရေခဲမြေခဲအခင်းအကျင်းကို ပို၍အသေးစိတ်ကျကျ ရှုမြင်သုံးသပ်ရန် လိုအပ်ပါသည်။ NCA ၏ ၂၀၁၅ ခုနှစ် အစောပိုင်း လက်မှတ်ရေးထိုးပွဲ ပြုလုပ်ခဲ့ချိန်မှစ၍ NMSP ခေါင်းဆောင်များအပေါ် နည်းလမ်းပေါင်းစုံဖြင့် အဖက်ဖက်မှ ဖိအားမျိုးစုံ သက်ရောက်လာခဲ့သည်။ ယင်းတို့၌ NMSP ထိန်းချုပ်နယ်မြေများအတွင်းသို့ တပ်မတော်ဖက်မှ ကျူးကျော်ဝင်ရောက်မှုများနှင့် NCA ကို လက်မှတ်ရေးထိုးမှသာလျှင် ပြန်လည်လွတ်မြောက်လာနိုင်ခြေရှိသည့် NMSP အရာရှိများနှင့် ထောက်ခံသူများကို ဖမ်းဆီးထိန်းသိမ်းမှုများ မြင့်တက်လာခြင်း၊ NCA လက်မှတ်ရေးထိုးခြင်းမရှိပါက ၎င်းတို့နှင့် နယ်မြေအငြင်းပွားမှု မြင့်တက်လာနေသည့် KNU နှင့် နယ်ခြားစောင့်တပ်ဖွဲ့များကို အစိုးရနှင့်တပ်မတော်ဖက်မှ ပံ့ပိုးကူညီလာမည်ကို NMSP ခေါင်းဆောင်များ စိုးရိမ်ပူပန်ခြင်း၊ UNFC ကိုဖယ်ကြဉ်ချန်လှပ်ထားခြင်း၊ NCA လက်မှတ်ရေးထိုးမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်ရေး အကူအညီများပေးအပ်သွားမည့် ကတိကဝတ်များ၊ မွန်ဗုဒ္ဓဘာသာသံဃာတော်များ၊ နိုင်ငံရေးပါတီများနှင့်အရပ်ဖက်လူ့အဖွဲ့အစည်းများ (CSOs) က ၎င်းတို့အနေဖြင့်နိုင်ငံရေး စကားဝိုင်းများ၌ ပါဝင်ဆောင်ရွက်နိုင်စေရန် NCA ကိုလက်မှတ်ရေးထိုးပေးရန် စည်းရုံးလှုံ့ဆော်မှုများနှင့် NCA သည် နိုင်ငံတကာအထောက်အပံ့များကို စုစည်းရယူနိုင်မည့် တစ်ခုတည်းသော ငြိမ်းချမ်းရေးလမ်းပြမြေပုံကဲ့သို့ဖြစ်နေသဖြင့် နောက်ကျကျန်ရစ်ခဲ့မည်ကို စိုးရိမ်ပူပန်မှုကဲ့သို့သော ကိစ္စရပ်များပါဝင်နေခဲ့သည်။ ဤကဲ့သို့သော နောက်ခံအကြောင်းတရားများကြောင့် NMSP သည် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအရောက်တွင် လားဟူဒီမိုကရက်တစ်အစည်းအရုံးနှင့်အတူ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏အရှေ့တောင်ပိုင်းဒေသ EAOs များအကြား၌ UNFC အမာခံမဟာမိတ်အဖွဲ့တစ်ခုဖြစ်သည့် KNPP မှလွဲ၍ NMSP သည်တဖြည်းဖြည်းသင်းကွဲအဖွဲ့တစ်ခုလို ဖြစ်လာခဲ့သည် ('KNPP ၏ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးပွဲများ' ကိုကြည့်ပါ)။ တစ်ချိန်တည်းလိုလို၌ စစ်ရေးအင်အားနည်းပါးလှသည့် EAO တစ်ခုဖြစ်နေသည့် NMSP အနေဖြင့် လက်နက်ကိုင်တိုက်ပွဲဆင်နွှဲသွားရန် ကောင်းစွာပြင်ဆင်ထားခြင်း မရှိခဲ့သလို ပါတီဝင်များအနေဖြင့်လည်း အရပ်သားပြည်သူများ အစုလိုက်အပြုံလိုက်နေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်ရမည့် ကိစ္စရပ်အတွက် အရဲစွန့်လိုခြင်းမရှိခဲ့ကြပေ။ တစ်စတစ်စ စုပြုံကျလာလျက်ရှိသည့်ဖိအားများကို ဆက်လက်ရင်ဆိုင်ရန် အံတုခြင်းထက် လက်မှတ်ရေးထိုး လိုက်ခြင်းက အလွယ်ကူဆုံး ရွေးချယ်စရာဖြစ်လာခဲ့သည်။

သို့သော်လည်း နောက်ပိုင်း ၂ နှစ်တာကာလအတွင်း တပ်မတော်၏ ပြုမူလုပ်ကိုင်ပုံများ အပြောင်းအလဲမရှိသလောက်နည်းပါးခဲ့သည်ဟု မွန်ခေါင်းဆောင်များက စောဒကတက်ခဲ့ကြသည်။ ၂၀၁၉ ခုနှစ် နိဝင်ဘာလအတွင်း နယ်စပ်ဒေသ ဘုရားသုံးဆူအနီး အထိုင်ချထားသည့် NMSP တပ်စခန်းတစ်ခုကို ကရင်နယ်ခြားစောင့်တပ်၏ အကူအညီဖြင့် တပ်မတော်မှ ဝင်ရောက်စီးနင်းသိမ်းပိုက်ခဲ့ရာ၌ အရပ်သားအများအပြား ထိခိုက်ဒဏ်ရာရခဲ့ကြပြီး ၇၀၀ ကျော်သည် စစ်ဘေးဒုက္ခသည်များအဖြစ် ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။[၉] အထူးတလည် ထောက်ပြဝေဖန်နေကြသည့်ကိစ္စရပ်တစ်ခုမှာ အစိုးရနှင့် NMSP ထိန်းချုပ်နယ်မြေအကြားရှိ 'ရောယှက်အုပ်ချုပ်ရေးနယ်မြေ' ဖြစ်နေသည့် နယ်မြေဒေသများအတွင်းသို့ 'အစိုးရ၏ စစ်ပုံသွင်းထားသည့်ထိန်းချုပ်ရေး ဖြန့်ကျက်သွားရန်' တပ်မတော်တပ်မှူးများသည် NCA ကိုအသုံးချလျက်ရှိသည်ဟု ပြောဆိုသံများကျယ်လောင်လာခဲ့ခြင်းဖြစ်သည်။[၁၀]

နောက်ပိုင်း၌ ပဋိပက္ခများ တဖြည်းဖြည်းပြန်လည်ချုပ်ငြိမ်းသွားခဲ့သည်။ သို့သော်လည်း NCA နှင့် အပစ်အခတ်ရပ်စဲမှု ပူးတွဲစောင့်ကြည့်ရေး ကော်မတီတို့၏ တရားဝင်ယန္တရားများမှတစ်ဆင့် ဖြေရှင်းခဲ့ခြင်း မဟုတ်ဘဲ အလွတ်

သဘော စေ့စပ်ညှိနှိုင်းခြင်းအားဖြင့် ပြေလည်သွားခဲ့ခြင်း ဖြစ်သည်။ NCA အတွင်းရှိ မူမမှန်သည့်အချက်များအနက် တပ်ရင်းတပ်ဖွဲ့များဖြန့်ကျက်ထားလင့်ကစား NMSP သည် မွန်ပြည်နယ်မှလွဲ၍ ကရင်ပြည်နယ် သို့မဟုတ် တနင်္သာရီတိုင်းဒေသကြီးများ၌ ခေါ်ယူကျင်းပခဲ့သည့် JMC အစည်းအဝေးများသို့ တက်ရောက်ခွင့်မရသည့်အချက်သည်လည်း တစ်ခုအပါအဝင် ဖြစ်ခဲ့သည်။ သတိပေးသံချောင်းခေါက်သံရှင်းလင်းပြတ်သားနေခဲ့ပြီးဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းပေးရမည့် အဓိကအဖွဲ့အစည်းတစ်ခုဖြစ်သည့် JMC ၏ ပျက်ကွက်မှုများသည် NMSP လက်မှတ်ရေးထိုးပြီးနောက်ပိုင်း NCA အကောင်အထည်ဖော်ရာ၌ အကြီးမားဆုံးသော အတားအဆီးကြီးတစ်ခုဖြစ်လာခဲ့သည် ('NCA အကောင်အထည်ဖော်ရေး ယန္တရား' စာကွက်ကို ကြည့်ပါ)။

နောက်ထပ်ချိုးဖောက်မှုများသည် ထိုင်းနယ်စပ်ရှိ ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်ကို အတင်းအကျပ်ပိတ်သိမ်းရန် NMSP ဖိအားပေးခံခဲ့ရသည့် ၂၀၂၀ ခုနှစ် မေလအတွင်း ထပ်မံဖြစ်ပွားလာခဲ့သည်။[၁၁] ဤကဲ့သို့သောကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများက NCA စည်းမျဉ်းစည်းကမ်းများနှင့် မည်ကဲ့သို့သွေဖယ်နေကြောင်း အစိုးရအာဏာပိုင်များအနေဖြင့်ရှင်းလင်းဖြေရှင်းပေးရန် ပျက်ကွက်ခဲ့ကြသည်။သို့သော်လည်းနှစ်ပေါင်းများစွာ အပစ်အခတ်ရပ်စဲခဲ့သည့် အတွေ့အကြုံရှိထားသည့် NMSP ခေါင်းဆောင်များက ဤကဲ့သို့သောချိုးဖောက်မှုများသည် အတိုက်အခံအင်အားစုများ၏ အုပ်ချုပ်ရေးနှင့် ထိန်းချုပ်မှုချိနဲ့အားနည်းသွားစေရန် အပစ်အခတ်ရပ်စဲရေးကိုအသုံးချလေ့ရှိသည့်တပ်မတော်တပ်မှူးများ၏ နှစ်ရှည်လများအပြောင်းအလဲမရှိ ကျင့်သုံးလာခဲ့သည့်နည်းဗျူဟာ၏ တစ်စိတ်တစ်ဒေသဖြစ်သည်ဟု ယုံကြည်ခဲ့ကြသည်။[၁၂] NMSP ဥက္ကဋ္ဌနိုင်ဟောင်ဆာက 'စစ်မှန်သည့်တစ်နိုင်ငံလုံး အတိုင်းအတာ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်တစ်ခုသည် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခကို အဆုံးသတ်စေမည့်နိုင်ငံရေး ဖြေရှင်းချက်များကို ရှာဖွေသွားရန် အမှန်တကယ်ရည်မှန်းထားကြောင်း သက်သေပြနိုင်ရ မည်' ဟု ပြောဆိုသတိပေးခဲ့ဖူးသည်။[၁၃]

နိုင်ငံတစ်လွှားရှိ ကျန်နယ်မြေဒေသများ၌လည်း ဤကဲ့သို့သောစစ်ရေးအရ ချိုးဖောက်မှုများနှင့် ပတ်သက်၍ ပြောဆိုဝေဖန်သံများ အလားတူကျယ်လောင်လာခဲ့သည်။ အမှန်တကယ်တမ်း၌လည်း NLD ၏ အစိုးရသက်တမ်းအတွင်းအရပ်ရှစ်မျက်နှာကို ရိုက်ခတ်မှုရှိစေခဲ့သည့် အဖြစ်

ရေးမြို့နယ်တစ်နေရာ၌ NMSP စစ်ဆေးရေးဂိတ်မှ မွန်တပ်ဖွဲ့ဝင်များ (TNI)

အပျက်များ ရှုံးပြည်နယ်အတွင်း ဖြစ်ပွားသွားခဲ့သည်။ မြန်မာနိုင်ငံ၏ အကြီးဆုံးနယ်မြေဒေသ သို့မဟုတ် ပြည်နယ်တစ်ခုဖြစ်သလို အားလုံးလွှမ်းခြုံပါဝင်သည့် တစ်နိုင်ငံလုံးအတိုင်းအတာ ငြိမ်းချမ်းရေးသဘောတူညီချက် မရရှိမီအကောင်အထည်ဖော်ခဲ့သည့် NCA အတွင်း ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကိုမီးမောင်းထိုးပြလျက်ရှိသည့် EAOs နှင့်ပြည်သူ့စစ်တပ်ဖွဲ့မျိုးစုံအခြေစိုက်လှုပ်ရှားလျက်ရှိသည့် နယ်မြေဒေသတစ်ခုလည်းဖြစ်နေခဲ့သည်။ ထင်သာမြင်သာ အရှိဆုံး လစ်ဟာမှုတစ်ခုအဖြစ် နှစ်ဖွဲ့စလုံး အစိုးရနှင့် အပြန်အလှန်အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးထားကြသော်လည်း သျှမ်းပြည်ပြန်လည် ထူထောင်ရေး ကောင်စီသာလျှင် ၂၀၁၅ ခုနှစ် NCA ကို လက်မှတ်ရေးထိုးခဲ့ပြီး သျှမ်းပြည်တိုးတက်ရေးပါတီမှ လက်မှတ်ရေးထိုးခဲ့ခြင်း မရှိသဖြင့် NCA လက်မှတ်ရေးထိုးခဲ့ပြီးနောက်ပိုင်း ဦးစီးရှေ့ဆောင်ရှမ်း EAOs နှစ်ဖွဲ့အကြား ကြိုကြားကြို ကြားထိတွေ့တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။

မြေပြင်အခြေအနေသည် သိမ်မွေ့ရှုပ်ထွေးလွန်းလှသည်။ RCSS သည် ရှမ်းပြည်နယ်တောင်ပိုင်းဒေသ၌ အခြေစိုက် လှုပ်ရှားလျက်ရှိပြီး SSPP မှ မြောက်ပိုင်းကိုသာ အများဆုံး ထိန်းချုပ်ထားသောကြောင့် ယေဘုယျအားဖြင့် ၎င်းတို့နှစ်ဖွဲ့အကြား ပိုင်နက်နယ်မြေပိုင်းခြားသတ်မှတ်မှု ရှင်းရှင်းလင်းလင်း ရှိခဲ့သည်ဟု သုံးသပ်ယူဆခဲ့ကြသည်။ ဤနှစ်များအတွင်း နှစ်ဖွဲ့စလုံးက မတူကွဲပြားသည့် ရည်မှန်းချက်များနှင့် အစဉ်အလာများကို ဆက်လက်ကိုင်စွဲထားသည့်နည်းတူတော်လှန်ရေးကာလတစ်လျှောက်ရံဖန်ရံခါဆိုသလို အပြောင်းအလဲဖြစ်တတ်သည့် နယ်နိမိတ်စည်းအပေါ်တွင်လည်း ဆက်လက်အငြင်းပွားနေကြဆဲဖြစ်သည်။[၁၄] အထူးသဖြင့် နဝတ–နအဖအစိုးရသည် SSPP နှင့် လွန်လေပြီးသော ၁၉၈၉ ခုနှစ်ကတည်းက အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့သော်လည်း ၁၉၉၆ ခုနှစ်၌ စောဝဲခွန်ဆာ၏ သျှမ်းပြည်တပ်မတော်မှခွဲထွက်၍ သီးခြားတပ်ဖွဲ့သစ်ထူထောင်ခဲ့သည့် RCSS ကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် တပ်မတော်ခေါင်းဆောင်များ အမြဲလိုလိုငြင်းဆန်ခဲ့ကြသည် ('အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးစကားဝိုင်းများ၌ အမြဲပြောင်းလဲနေသည့် အားလုံးလွှမ်းခြုံပါဝင်ရေး အဓိပ္ပာယ်ဖွင့်ဆိုချက်များ'ကို ကြည့်ပါ)။

RCSS နှင့် SSPP တို့ နှစ်ဖွဲ့စလုံးပါဝင်ခဲ့ကြသည့် ဦးသိန်းစိန်၏ ၂၀၁၁–၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်သစ် အသက်ဝင်လာခဲ့ပြီးနောက်ပိုင်း ပဋိပက္ခချိန်ခွင်လျှာ ပြောင်းလဲသွားခဲ့ပြန်သည်။ ကချင်၊ ကိုးကန့်နှင့် တအာင်း EAOs များအပစ်အခတ်ရပ်စဲထားခြင်း မရှိခဲ့သည့်ရှမ်းပြည်နယ်မြောက်ပိုင်း၌ ထိတွေ့ရင်ဆိုင်တိုက်ပွဲများဆက်၍ ဖြစ်ပွားနေခဲ့သည်။ သို့သော်လည်း ၂၀၁၂–၂၀၁၄ ခုနှစ်များအတွင်း ပြည်နယ်၏ ကျန်နယ်မြေဒေသများ၌ တိုက်ပွဲရှိန် တဖြည်းဖြည်း စတင်ကျဆင်းလာခဲ့ပြီးနောက် SSPP နှင့် RCSS တို့၏ ထိန်းချုပ်နယ်မြေများ အတိုင်းအတာတစ်ခုအထိ ငြိမ်းချမ်းလာခဲ့သည်။

ကနဦး NCA လက်မှတ်ရေးထိုးပွဲနှင့်အတူ RCSS၊ SSPP နှင့် တပ်မတော်ဟူသည့် သုံးဖက်စလုံး တစ်နည်းမဟုတ်တစ်နည်း ပါဝင်ပတ်သက်နေခဲ့သည့် စစ်ရေးချိုးဖောက်မှုများ နောက်တစ်ကြိမ် ပြန်လည်အရှိန်ရလာခဲ့ပြီးနောက်ပိုင်း ဤအရွေ့ချုပ်ငြိမ်းသွားတော့သည်။ SSPP အနေဖြင့် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့်နှစ်ခုစလုံး၌ အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးထားလင့်ကစား NCA ကို လက်မှတ်ရေးထိုးရန် ငြင်းဆန်ခဲ့သည့် ဆုံးဖြတ်ချက် ချမှတ်ပြီးနောက်ပိုင်း ၂၀၁၅ နှစ်ကုန်ပိုင်း၌ တပ်မတော်၏ထိုးစစ်ဆင်တိုက်ခိုက်မှုကို ရင်ဆိုင်ခဲ့ရသည်။ ဆန့်ကျင်ဖက်အနေဖြင့် RCSS သည် အပစ်ရပ်ထားခြင်းမရှိခဲ့သည့်တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် အပါအဝင် တစ်ခါတစ်ရံ အပစ်ရပ်ထားသည့် SSPP နှင့်ပါ 'အိမ်ကြက်ချင်းခွပ်သည့်' စစ်ပွဲမျိုးကို ဆင်နွှဲလျက်ရှိသည့် ပြည်နယ်၏ မြောက်ပိုင်းဒေသများသို့ တပ်ရင်းတပ်ဖွဲ့များပို့ဆောင်ရန် တပ်မတော်၏ခွင့်ပြုချက်ရရှိခဲ့သည်။ ထိုအချိန်မှစ၍ အရပ်သားထိခိုက်သေဆုံးမှုများနှင့် ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်ရမှုများ စတင်မြင့် တက်လာတော့သည် ('EAO အချို့ကို ဖယ်ကြဉ်ချန်လှပ်ခဲ့သည့် ပဋိပက္ခအကျိုးဆက်များ' ကိုကြည့်ပါ')။[၁၅]

ဤကဲ့သို့ ထိတွေ့တိုက်ပွဲများ ဖြစ်ပွားလာခြင်းနှင့်အတူ SSPP နှင့် RCSS တို့သဘောတူလက်မှတ်ရေးထိုးထားခဲ့သည့် အပြန်အလှန်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအပါအဝင် RCSS လက်မှတ်ရေးထိုးထားခဲ့သည့် NCA ပါစည်းကမ်းချက်များကိုပါ စစ်ရေးအရချိုးဖောက်မှုများ ဆက်လက်ဖြစ်ပွားလာခဲ့သည်။ NCA သဘောတူစာချုပ်အောက်၌ ဤကဲ့သို့သော ပဋိပက္ခများကို အဆုံးသတ်ရန်သော်လည်းကောင်း မတူကွဲပြားသည့် အင်အားစုများကို အတူတကွဆောင်ကျဉ်းပေးနိုင်မည့် စေ့စပ်ညှိနှိုင်းရေးယန္တရားတစ်ခု ရရှိရေးကိုသော်လည်းကောင်း ဦးတည်သည့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာလမ်းပြမြေပုံမျိုးကင်းမဲ့

နေခဲ့ပုံပေါ်သည်။ လက်တွေ့အရကြည့်မည်ဆိုပါက လည်း NCA သို့မဟုတ် နိုင်ငံတကာဥပဒေအရ အပ်နှင်းပေးထား သည့်တာဝန်ဝတ္တရားများကို မျက်ကွယ်ပြု၍ အင်အားစု တစ်ဖက်ဖက်မှတိုက်ပွဲဖော်၍ချိုးဖောက်မှုများကိုကျူးလွန် ရန်ရွေးချယ်ခဲ့ပါက ပြန်လည်ထိန်းကျောင်းရန် လုပ်ဆောင် နိုင်သည့်အရာ မရှိသလောက် ဖြစ်နေခဲ့သည်။

သို့တည်းမဟုတ် RCSS ကိုယ်၌က NCA လက်မှတ် ထိုးအဖွဲ့ဝင်ခြင်းဖြင့် ရရှိလာခဲ့သည့် အထိန်းအကွပ်မဲ့ အခွင့် အရေးများအပေါ် သာယာနေခဲ့လေသလော။ နိုင်ငံ၏ ကျန် ဒေသများနည်းတူ NCA ကို တစ်ဝက်တစ်ပျက်မျှသာ အ ကောင်အထည်ဖော်နိုင်ခဲ့သဖြင့် RCSS တပ်ဖွဲ့ဝင်များသည် အောက်ခြေမြေပြင်၌ တပ်မတော်တပ်ရင်းတပ်ဖွဲ့များကိုပါ တိုက်ခိုက်ခဲ့သော်လည်း အဆိုပါတိုက်ပွဲများသည် သတင်း စာမျက်နှာများထက် ပျောက်ကွယ်နေလေ့ရှိသည်။ ထို့အ ပြင် RCSS သည် ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ထိုင်းနယ်စပ် မောက်မိုင်ဒေသရှိ နယ်မြေအနည်းအကျဉ်းကို ထိန်းချုပ်ခွင့် ရရှိထားသည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့အစည်းကဲ့သို့သော အခြား NCA လက်မှတ်ထိုးအဖွဲ့ဝင်များနှင့်လည်း အကြိမ် ပေါင်းများစွာ ရင်ဆိုင်တိုက်ပွဲများ ဖြစ်ပွားခဲ့ဖူးသည်။[၁၆] စစ် ရေးတင်းမာမှုများ မြင့်တက်လာသည်နှင့်အမျှ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပသွားခဲ့သည့် NCA လက် မှတ်ထိုးအဖွဲ့ဝင်များ၏ တတိယနှစ်ပတ်လည်နေ့၌ NCA အဖွဲ့ဝင်များအနေဖြင့် မိမိသဘောတစ်ခုတည်းဖြင့် 'တစ် ဖက်သတ်' စစ်ရေးလှုပ်ရှားမှုများ မပြုလုပ်ကြရန်သတိပေး ခဲ့သည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ပြောဆိုချက် သည် RCSS ကိုအထူးတလည် ဦးတည်ရည်ရွယ်ခဲ့ခြင်းဖြစ် သည်။[၁၇]တစ်ချိန်တည်းလိုလို၌ NCAလမ်းပြမြေပုံ၏အဓိက ကျောရိုးတစ်ခုဖြစ်သည့် ပြဌာန်းချက်နှင့်အညီ ရှမ်းအမျိုး သားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ခေါ်ယူကျင်းပနိုင်ရန် ကြိုးပမ်းအားထုတ်မှုများသည် ဆက်တိုက်ဆိုသလို အခက် အခဲတစ်ခုပြီးတစ်ခု ကြုံတွေ့လာရတော့သည် ('အမျိုးသား အဆင့် နိုင်ငံရေးဆွေးနွေးပွဲများ' စာကွက်ကို ကြည့်ပါ)။

နောက်ပိုင်းဖြစ်ပျက်လာမည့် ကိစ္စရပ်များ၏ ရှေ့ ပြေးလက္ခဏာများ ထင်ရှားလာခဲ့ပုံရသည်။ စစ်ရေးအရ ချိုးဖောက်မှုများအပေါ် စိုးရိမ်ပူပန်မှုသည် ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း တရားဝင် NCA အစည်းအဝေးများကို တက်ရောက်မှုမပြုရန် ဆုံးဖြတ်ခဲ့သည့် KNU ၏ ယာယီ ဆိုင်းငံ့မှုနှင့် အတူတကွရပ်တည်သွားမည့် RCSS ၏ ဆုံး ဖြတ်ချက်ကို ပိုမိုခိုင်မာသွားစေသည့် အဓိကအကြောင်း ရင်းတစ်ခုဖြစ်ခဲ့သည်။ အများပြည်သူအမြင်၌ RCSS ခေါင်း ဆောင်များသည် NCA လမ်းကြောင်းကို ဆက်လက်ထိန်း သိမ်းထားရန် အာသီတရှိနေသကဲ့သို့ ရှုမြင်ခဲ့ကြသည်။ သို့ သော်လည်း စစ်ရေးအရ ချိုးဖောက်မှုများသည်သာလျှင် ဆက်လက်သက်ဆိုးရှည်နေခဲ့သည်။ ကိုဗစ်-၁၉ အရေးပေါ် အခြေအနေနှင့် ၂၀၂၀ ခုနှစ်အထွေထွေရွေးကောက်ပွဲအကြို ကာလဖြစ်သည့် ၂၀၂၀ ခုနှစ် ရောက်လာသည့်အချိန်ထိ RCSS တပ်ဖွဲ့များသည် တပ်မတော် (နှင့် ရံဖန်ရံခါ TNLA) နှင့် အကြိမ်ပေါင်းများစွာ တိုက်ပွဲများဆက်လက်ဖြစ်ပွားနေ ခဲ့သည်။[၁၈] လူထုလူတန်းစားများ၏ နေရပ်စွန့်ခွာစစ်ဘေး တိမ်းရှောင်ရမှုများ မြင့်တက်လာသည်နှင့်အမျှ ယုံကြည်မှု များဆိုးဆိုးရွားရွား ပျက်ယွင်းသွားခဲ့ပြီး မတရားသတ်ဖြတ် မှုများနှင့် အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆန့် ကျင်ဆန္ဒပြသည့် လူထုသပိတ်များ ပေါ်ထွက်လာခဲ့သည်။

နိုင်ငံတွင်း ကျန်ဒေသများနည်းတူပင် စစ်ရေးချိုး ဖောက်မှုများ၌ မဟာဗျူဟာမြောက် ရည်မှန်းချက်များ ပူးတွဲပါဝင်နေခဲ့ပုံရသည်။ရှမ်းနိုင်ငံရေးလောက၏လူ့အခွင့် အရေးအခြေပြုအဖွဲ့အစည်းများက NCA လက်မှတ်ရေးထိုး မှုအပြီး ပေါ်ပေါက်လာခဲ့သည့် တပ်မတော်၏ စစ်ရေးလှုပ် ရှားမှုများ၌ အခြေခံအဆောက်အအုံ စီမံကိန်းများ အထူး သဖြင့် သမ္မတရှိကျင်းပင်၏ ခါးပတ်နှင့် လမ်းအစီအစဉ်၌ အဓိကကျသည့် အဂ်ီရပ်တစ်ခုဖြစ်သည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့်ကို လုံခြုံရေးယူပေးရန်နှင့် ၂၀၂၀ ခုနှစ် မဲရုံများတစ်လွှား ရွေးကောက်ပွဲဝင် ရှမ်းအမျိုးသားများဒီမို ကရေစီအဖွဲ့ချုပ် (SNLD) အပေါ် နယ်ခံလူထုလူတန်းစား များ၏ ထောက်ခံအားပေးမှုကို ကဖျက်ကယက်ပြုလုပ် သည့်အနေဖြင့် RCSS နှင့် SSPP အကြားခလောက်ဆန် ရန်ဟူသည့် ရည်မှန်းချက်နှစ်ခုပါဝင်နေသည်ဟု လက်ခံ ယုံကြည်ခဲ့ကြသည် ('ကိုဗစ်-၁၉နှင့် ၂၀၂၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ' ကိုကြည့်ပါ)။[၁၉]

မည်သို့ဆိုစေ တပ်ပိုင်းဆိုင်ရာ ထိတွေ့ပွတ်တိုက်မှု များသည် ပြည်တွင်းငြိမ်းချမ်းရေးကို ဆောင်ကျဉ်းပေးရန် ပျက်ကွက်ခဲ့သည့် NCA ၏ ကျရှုံးမှုများအကြား အထင်ကရ အရှိဆုံး အထောက်အထားများဖြစ်လာခဲ့သည်။ ပဋိပက္ခ၏ ရှေ့တန်းနယ်မြေများ၌ စစ်ရေးသဘောတူညီချက်များနှင့် ပတ်သက်၍ အများပြည်သူအာရုံစိုက်မှု အလွန်နည်းပါးခဲ့ သည့်အခြားသော ချိုးဖောက်မှုပုံစံများလည်း အများအပြား ရှိနေခဲ့သည်။ ယင်းတို့၌ အရပ်သားများကို ကာကွယ်စောင့်

ရှောက်ပေးရမည့် တာဝန်ဝတ္တရားများအပါအဝင် တပ်နေရာရွှေ့ပြောင်းမှုများနှင့် စစ်ရေးသတင်းထောက်လှမ်းမှုကဲ့သို့သော လုံခြုံရေးကိစ္စရပ်များကို နေ့စဉ်နှင့်အမျှချိုးဖောက်မှုများပါဝင်နေခဲ့သည်။ အထူးသဖြင့် လူသတ်မိုင်းထောင်သည့်ကိစ္စရပ်များသည် စစ်ရေးလှုပ်ရှားမှုများအတွင်း ပြောဆိုတင်ပြမှုအနည်းဆုံး အဂိါရပ်များဖြစ်ခဲ့ကြသည်။ ၎င်းတို့၏ ၂၀၁၈-၁၉ ခုနှစ် စစ်တမ်းအတွင်း နိုင်ငံတကာမြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့၏ လေ့လာဆန်းစစ်ချက်၌ မြန်မာနိုင်ငံသည် လူသတ်မိုင်းကွင်းသစ်များ ဆက်လက်ခင်းကျင်းနေခဲ့သည့် အစိုးရစစ်တပ်ရှိနေသည့် တစ်ခုတည်းသော နိုင်ငံဖြစ်နေခဲ့သည်။[၂၀] EAOs အများအပြားသည်လည်း လူသတ်မိုင်းများကို အသုံးပြုနေကြဆဲဖြစ်ပြီး ယင်းတို့အနက် NCA လက်မှတ်ထိုးအဖွဲ့ဝင်များ ဖြစ်ကြသည့် DKBA၊ KNU နှင့် RCSS တို့သည်လည်း တပ်မတော်ကဲ့သို့ပင် မြေမြှုပ်မိုင်းများကိုဆက်လက်ခင်းကျင်းနေကြဆဲဖြစ်ကြောင်းလေ့လာသိရှိခဲ့ရသည်။[၂၁]

ထိုကဲ့သို့သော စစ်ဖက်ဆိုင်ရာ ချိုးဖောက်မှုများကို စောင့်ကြည့်ထိန်းကျောင်းသွားရန် ရည်ရွယ်ဖွဲ့စည်းထားခဲ့သည့်အဖွဲ့အစည်းသည် အပစ်အခတ်ရပ်စဲမှု ပူးတွဲစောင့်ကြည့်ရေးကော်မတီဖြစ်သည်။ သို့ရာတွင် ယနေ့အချိန်ထိ ကော်မတီအနေဖြင့် ဤရည်မှန်းချက်နှင့်အညီ တစ်ကြိမ်တစ်ခါမျှ အလုပ်အကျွေးပြုဖူးခြင်း မရှိခဲ့ပေ။ ကနဦး NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း JMC သည် တိုင်ကြားမှုများကို ထိထိရောက်ရောက် စီစစ်အတည်ပြုရန် ပျက်ကွက်နေခဲ့သလို NCA အရပြဋ္ဌာန်းထားရှိသည့် ပွင့်လင်းမြင်သာမှုစံကင်းမဲ့နေခဲ့ပြီး အပစ်အခတ်ရပ်စဲထားသည့် အစုအဖွဲ့များအကြား၌လည်း ယုံကြည်မှုတည်ဆောက်ပေးရန် ပျက်ကွက်နေခဲ့သည်။ အလားတူ အမြီးအမောက်မတည့်သည့် ကိစ္စရပ်တစ်ခုအဖြစ် အချို့သော EAOs များ JMC ၌အပြည့်အဝပူးပေါင်းပါဝင်နိုင်ခြင်း မရှိစေရန် တပ်မတော်ဖက်က ပိတ်ပင်တားဆီးနေခဲ့သည်။ ၂၀၁၈ ခုနှစ်၌ NCA လက်မှတ်ရေးထိုးခဲ့လင့်ကစား LDU နှင့် NMSP တို့အား သက်ဆိုင်ရာပြည်နယ်အဆင့် စောင့်ကြည့်ရေး ယန္တရားများအတွင်း ပါဝင်ဆောင်ရွက်မှုမပြုရန် တားဆီးပိတ်ပင်ခဲ့သည်။[၂၂]

တစ်ချိန်တည်းမှာပင် ရခိုင်လွတ်မြောက်ရေးပါတီနှင့်ချင်းအမျိုးသားတပ်ဦးတို့ နှစ်ဖွဲ့စလုံးသည် NCA လက်မှတ်ထိုး အဖွဲ့ဝင်များဖြစ်နေကြသော်လည်း ရခိုင်ပြည်နယ်သို့မဟုတ် ချင်းပြည်နယ်အဆင့် ယန္တရားများ ကင်းမဲ့နေခဲ့ခြင်းကလည်း အကောင်အထည်ဖော်ရေး၏ နောက်ထပ်အားနည်းချက်တစ်ခု ဖြစ်နေခဲ့သည်။ ၂၀၁၅ ခုနှစ်နောက်ပိုင်းအဖြစ်အပျက်များက ရခိုင်နှင့် ချင်း နှစ်ပြည်နယ်စလုံး၌အနည်းဆုံး အခြားဒေသများကဲ့သို့ပင် ပဋိပက္ခစောင့်ကြည့်ရေးယန္တရားများလိုအပ်လျက်ရှိကြောင်းအထင်အရှားတွေ့မြင်ခဲ့ရသည်။ တစ်ချိန်တည်းလိုလိုပင် NCA ၌ ဖယ်ကြဉ်ချန်လှပ်ခံခဲ့ရသည့် သို့မဟုတ် ပါဝင်ရန် ငြင်းဆန်ထားသည့် EAOs များရှိနေသည့် ကချင်နှင့် ကယားပြည်နယ်ကဲ့သို့သောနယ်မြေဒေသများတွင်လည်း ဤကဲ့သို့သော ယန္တရားများကင်းမဲ့နေခဲ့သည်။ မည်သို့ဆိုစေ တပ်မတော်ဖက်က အဆိုပါနယ်မြေဒေသများ၌ တရားဝင်ယန္တရားများ ဖွဲ့စည်းထူထောင်ခွင့်ပြုရန် ငြင်းဆန်ထားခဲ့သော်လည်း နိုင်ငံတကာအလှူရှင်များနှင့် အကြံပေးများက အဆိုပါအရေး ကိစ္စများကို ဦးစားပေးအနေဖြင့်သတ်မှတ်ခဲ့ခြင်းမရှိဘဲပေါ့ပေါ့တန်တန် သာသဘောထားခဲ့ကြသည်။

နိုင်ငံရေး ပဋိပက္ခတိုင်း၌ တွေ့မြင်နေကျအတိုင်း ပင်ဖြစ်ရိုးဖြစ်စဉ်မဟုတ်သည့် ဤကဲ့သို့သော ကိစ္စရပ်များနှင့်ကျရှုံးမှုများ၌ ရှုပ်ထွေးသိမ်မွေ့သည့် နယ်မြေအခင်းအကျင်းများ ဒွန်တွဲပါဝင်နေခဲ့သည်။ ခြိမ်းခြောက်မှုများနှင့် ဖမ်းဆီးမှုများ ပျောက်ကွယ်သွားခြင်း မရှိသေးကြောင်း NCA လက်မှတ်ထိုး အဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၏ အဖွဲ့ဝင်သုံးဦးကိုအပစ်အခတ်ရပ်စဲထားခြင်း မရှိသည့် KIO ထိန်းချုပ်နယ်မြေသို့သွားရောက်ခဲ့သဖြင့် မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇/၁ ဖြင့် ဖမ်းဆီးထောင်ချခံခဲ့ရသည့် ဖြစ်စဉ်ကသက်သေပြနေခဲ့သည်။[၂၃] သို့သော်လည်း NCA ညှိနှိုင်းဆွေးနွေးရေးလုပ်ငန်းစဉ်၏ ဖွဲ့စည်းတည်ဆောက်ပုံ အသေးစိတ်ရေးဆွဲပြင်ဆင်ရသည့် အဓိကအကြောင်းရင်းတစ်ခုမှာ ဤကဲ့သို့သော လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ အခက်အခဲများကိုကြိုတင်တွက်ဆ၍ ကိုင်တွယ်ဖြေရှင်းသွားရန်ဖြစ်သည်။ နောက်ပိုင်းကာလများ၌ NCA ၏ အခရာကျသည့် ရည်မှန်းချက်ပန်းတိုင်များအပေါ် အလေးပေးအာရုံစိုက်မှုနှင့် အရှိန်အဟုန်ကျဆင်းလာခြင်းကြောင့် ပေါ်ပေါက်လာခဲ့သည့်အကျိုးဆက်များကို ပဋိပက္ခဒဏ်သင့် လူထုလူတန်းစားများကသာပို၍ထဲထဲဝင်ဝင် ခါးစည်းခံခဲ့ကြရသည်။ ယုံကြည်မှုတည်ဆောက်ရမည့်အစား အမြဲတမ်းလိုလို ပိုမိုချိန့်အားနည်းသွားစေသည့် အကျိုးဆက်ကိုသာ ဆောင်ကျဉ်းလာလေ့ရှိသည်။ NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း ကျူးလွန်ခဲ့ကြသည့် စစ်ရေးချိုးဖောက်မှုများ၏ နောက် ဆက်တွဲအကျိုးသက်ရောက်မှုများကို အခက်အခဲများတင်းကျပ်ပြည့်နှက်နေသည့် ပြည်တွင်းငြိမ်းချမ်းရေးခရီးစဉ်၌ မည်

သည့်အခါကမှ လက်ခံအသိအမှတ်ပြုမှုမရှိခဲ့သလို ကိုင်တွယ်ဖြေရှင်းမှုလည်း မရှိခဲ့ဖူးပေ။

၂၀၂၁ ခုနှစ် အာဏာသိမ်းမီ ကာလအနည်းခန့်အလိုဌ KNU ခေါင်းဆောင်များသည် ဤကိစ္စရပ်နှင့်ပတ်သက်၍ ပြောဆိုဆွေးနွေးနိုင်စေရန် နောက်တစ်ကြိမ်ကြိုးပမ်းခဲ့ကြသည်။ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလအတွင်း KNU ၏ စစ်ရေး တောင်ပံဖြစ်သည့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) သည် စစ်ရေးအရချိုးဖောက်မှုများကိုအဆုံးသတ်ရန် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့သည့် JMC ကို

NCA အကောင်အထည်ဖော်ရေးယန္တရား



ဤပုံပြဇယား၌ သဘောတရားအားဖြင့် အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့် အဓိကအင်္ဂါရပ်နှစ်ခုဖြစ်ကြသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီ-ပြည်ထောင်စုအဆင့်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီအောက်၌ရှိနေရမည့် ယန္တရားများကို ရှင်းလင်းဖော်ပြထားသည်။ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများအားလုံး၌လည်း JMC တစ်ခုစီအသီးသီး ရှိနေရမည်ဖြစ်သည်။ သို့သော်လည်း လက်တွေ့၌ တပ်မတော်မှ ကရင်၊ မွန်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပဲခူးနှင့် တနင်္သာရီဟူသည့် နယ်မြေဒေသငါးခုတွင်သာ ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့သည်။ JMC-U အောက်တွင်ရှိနေရမည့် တိုးချဲ့ကော်မတီခွဲများရှိနေရမည့် နေရာများကို ကွက်လပ်ချန်ထားသည်။



ကချင်ပြည်နယ်ရှိ IDP စခန်းတစ်ခုရှိ စာသင်ခန်းဖြစ်နေသည့် ကျောင်းသားများ (ခွန်းလမ်)

ဝေဖန်ထောက်ပြထားသည့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ အောက်ခြေမြေပြင်၌ အမှန်တကယ်ကြုံတွေ့နေရသည့် အတွေ့အကြုံများပေါ်မူတည်၍ စစ်ရေးနှင့် နိုင်ငံရေးတောင်ပံ နှစ်ဖက်စလုံး၏ ခေါင်းဆောင်များက ၎င်းတို့၏စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ဆွေးနွေးရန် ဆန္ဒရှိခဲ့ကြသည်။

KNLA ၏ နေရာမှကြည့်ပါက 'အပစ်အခတ်ရပ်စဲရေး'၊ 'တပ်ရင်းတပ်ဖွဲ့များ ဖြန့်ကျက်မှု'၊ 'စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာ ဘုံအဓိပ္ပာယ်ဖွင့်ဆိုချက်များ' နှင့် အရပ်သားလူနေဇရိယာများအတွင်း 'စစ်စခန်းများ'နှင့် 'တပ်လှုပ်ရှားလမ်းကြောင်းများ' ထူထောင်မှု အဆုံးသတ်ရေးစသည့် ကိစ္စရပ်များနှင့် ပတ်သက်သည့် NCA ပါ အခန်း ၃၊ ၄ နှင့် ၆ (ပုဒ်မ ၂၅) ကဲ့သို့သော အခရာကျသည့် နယ်ပယ်များကို 'ဆွေးနွေးအဖြေရှာခြင်း' သို့မဟုတ် 'အကောင်အထည်ဖော်ခြင်း' လုံးဝမရှိသလို ဖြစ်နေခဲ့သည်။[၂၄] တပ်မတော်ဖက်မှ စိုးမိုးနယ်မြေကျယ်ပြန့်လာစေရန် 'အကြီးအကျယ် အခွင့်အရေးယူနေသည်' ဟု စွပ်စွဲပြောဆိုထားသည့် KNLA က လည်းအစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ၎င်းတို့၏နိုင်ငံရေးအကျိုးအမြတ် တစ်ခုတည်းကိုသာ ရှေ့တန်းတင်နေသည်ဟု ပြောဆိုသွားခဲ့သည်။ ထိုအချိန်ဝန်းကျင် သည်အစိုးရအပါအဝင် NCA လက်မှတ်ထိုးအဖွဲ့ဝင်များ အတွက်စောင့်ကြည့်ထိန်းကျောင်းပေးသည့် ကော်မတီဖြစ်လာရမည့် JMC ကို ကာကွယ်ရေးဝန်ကြီးဌာန၏ ထိန်းချုပ်မှုအောက်ရှိ စစ်ဖက်ဆိုင်ရာ အစုအဖွဲ့တစ်ခုအဖြစ် တပ်မတော်ဖက်မှ စိတ်ကြိုက်ဖွဲ့စည်းနေရာချနိုင်စေရန် NLD ခေါင်းဆောင်များက ခွင့်ပြုပေးခဲ့သည်ဟု စွပ်စွဲပြောဆိုနေကြချိန်ဖြစ်သည်။

KNLA ဖက်က အဓိပ္ပာယ်ရှိသည့် အချိန်ဇယားများနှင့် အကောင်အထည်ဖော်ရေးအတွက် သဘောတူညီချက်ရရှိရန်၊ အရပ်သားလူနေဇရိယာများရှိ တပ်ရင်းတပ်ဖွဲ့များကိုရုပ်သိမ်းရန်နှင့် အစိုးရတစ်ရပ်အနေဖြင့် 'ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ်လုံး' နှင့်သက်ဆိုင်သည့် မိမိတို့၏ တာဝန်ဝတ္တရားများကို ပီပီပြင်ပြင်ထမ်းဆောင်နိုင်စေရန် JMC ကိုပြင်ဆင်ဖွဲ့စည်းခြင်းသည်သာလျှင် အဖြေဖြစ်သည်ဟု ထောက်ပြပြောဆိုခဲ့သည်။[၂၅] ဤလုပ်ငန်းစဉ်အဆင့်ဆင့်ကို အကောင်အထည်ဖော်သွားမှသာလျှင် အပစ်အခတ်ရပ်စဲရေးခိုင်မာအားကောင်းလာပြီး လူထုယုံကြည်မှု ပိုမိုရရှိလာမည်ဖြစ်သည်။[၂၆] သို့သော်လည်း ထိုလအတွင်းမှာပင် တပ်မတော်ကိုအထောက်အကူပြုကာလည်ပတ်လှုပ်ရှားလျက်ရှိသည့် ကရင် BGF သည် ဖာပွန်ခရိုင်နှင့် သထုံခရိုင်များ၌

စစ်ရေးအရ ကျူးကျော်ဝင်ရောက်မှုများ ပြုလုပ်လာခဲ့သဖြင့် KNU နှင့် ထိတွေ့တိုက်ခိုက်မှုများ ဖြစ်ပွားလာခဲ့ပြီး အရပ်သားပြည်သူ ၃၀၀၀ ကျော် နေရပ်စွန့်ခွာ၍ စစ်ဘေးတိမ်းရှောင်ခဲ့ကြရသည်။[၂၇]

NLD ဖက်က ဒုတိယသက်တမ်းအတွက် ပြင်ဆင်နေခဲ့သော်လည်း တပ်မတော်၏အတွေးဌ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးထက်စာလျှင် စစ်ဖက်ဆိုင်ရာလုံခြုံရေးသည် သာလျှင် အဓိကစိုးမိုးထားခဲ့ပုံရသည်။

အရပ်သားများထိခိုက်သေဆုံးမှု

သဘောတရားအားဖြင့် အရပ်သားများအပေါ် ပြုမူဆက်ဆံမှုနှင့်စပ်လျဉ်း၍ NCA လက်မှတ်ထိုးအဖွဲ့ဝင်များနှင့်အဖွဲ့ဝင်မဟုတ်ကြသူများ၏ ထိန်းချုပ်နယ်မြေများကို ခွဲခြားပိုင်းဖြတ်ထားပေးသည့် NCA စည်းမျဉ်းစည်းကမ်းတစ်ခုမျှ ရှိမနေခဲ့ပေ။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုအတွင်း အားလုံးလွှမ်းခြုံပါဝင်မှုရှိရန် လိုအပ်သဖြင့် ငြိမ်းချမ်းရေးဆွေးနွေးရာ၌ လက်မှတ်ထိုးအဖွဲ့ဝင် မဟုတ်ကြသူများသည်လည်း ပါဝင်ဆောင်ရွက်ခွင့်ရှိသင့်သလို အရပ်သားကာကွယ်စောင့်ရှောက်ရေး နှင့်ပတ်သက်သည့် အခန်းသည် ယေဘုယျအားဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာကို ရည်ညွှန်းပြောဆိုထားခြင်းဖြစ်သည်။ ထို့အကြောင့် တပ်မတော်နှင့် EAO များ၏ အရပ်သားပြည်သူများအပေါ် ကျူးလွန်ဖောက်ဖျက်မှုများသည် မည်သည့်အရပ်ဒေသ၌ ဖြစ်ပွားသည်ဖြစ်စေ NCA ကို ချိုးဖောက်နေခြင်းဖြစ်သည်ဟု ဆိုလိုရာ ရောက်သည်။[၂၈]

သို့ရာတွင် အရပ်သားပြည်သူအားလုံးကို လုံခြုံမှုပေးရမည့် NCA ၏ ဤအခြေခံမူသည် ယနေ့အချိန်ထိ အသက်ဝင်လာခြင်း မရှိခဲ့ပေ။ 'အပစ်အခတ်ရပ်စဲရေးနယ်မြေများ' ဟူသည့် စကားရပ်သည် NCA အတွင်း ရှင်းရှင်းလင်းလင်းအဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိသည့် ဝေဝါးရှုပ်ထွေးနေဆဲ အသုံးအနှုန်းတစ်ခုဖြစ်နေပြီး NCA သည် တစ်နိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံမှုမရှိသလို EAOs များအားလုံးလည်း ပါဝင်နေခြင်း မရှိသဖြင့် NCA အောက် အကျုံးဝင်သည့် နယ်မြေများနှင့် အကျုံးမဝင်သည့် နယ်မြေများအဖြစ် သီးခြားစီရှိနေကြသကဲ့သို့ သွယ်ဝိုက်ညွှန်းဆိုနေခြင်းသည် အဓိပ္ပာယ် ကင်းမဲ့လျက်ရှိသည်။ အများမေးခွန်းထုတ်ခဲ့ကြသလိုပင် တစ်နိုင်ငံလုံးကို လွှမ်းခြုံကိုယ်စားပြုမှုမရှိဘဲ အဘယ်ကြောင့် 'NCA' ဟု ခေါ်ဆိုရသနည်းဟု မေးရပေတော့မည်။ တာထွက်မကောင်းခဲ့သည့် ဤပျက်ကွက်မှုများက မတူကွဲပြားသည့် ပြည်နယ်များနှင့် တိုင်းဒေသကြီးများအလိုက် အလွန်ကွာခြားလှသည့် NCA အတွေ့အကြုံမျိုးရရှိစေသည့် အခင်းအကျင်းမျိုးနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းမှုမပြုသည့် အရွေ့မျိုးဆီသို့ ဦးတည်သွားစေခဲ့သည်။

လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်ကတည်းက ပင်ဆိုးရွားရက်စက်လွန်းလှသည့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် နိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသည့် ပြည်တွင်းစစ်နှင့် အမြဲဒွန်တွဲလိုက်ပါလာသည့် အင်္ဂါရုပ်တစ်ခုလိုဖြစ်လာခဲ့သည်။ ဤအချက်က အပစ်အခတ်ရပ်စဲရန် ညှိနှိုင်းဆွေးနွေးကြသည့်အခါတိုင်း အများပြည်သူနှင့် တိုင်းရင်းသားဆုံးဖြတ်ချက် ချမှတ်သူများအကြား ယုံကြည်မှုပျက်ယွင်းသွားစေသည့်အဓိကမောင်းနှင်အားတစ်ခုအဖြစ် အမြဲတမ်းလိုလို ခလောက်ဆန်နေခဲ့သည်။ ထို့အပြင် ခြုံငုံ၍ ကြည့်မည်ဆိုပါက အစိုးရနှင့် တပ်မတော်တို့၏ စိတ်ရင်းစေတနာမှန်ကန်မှုအပေါ် အများယုံကြည်စိတ်ချမှုကိုလည်း များစွာချိနဲ့အားနည်း သွားစေလျက်ရှိသည်။ အထူးသဖြင့် ၂၀၁၁–၁၅ ခုနှစ်အတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများ၌ တစ်ကျော့ပြန်စစ်မီး အကြီးအကျယ် တောက်လောင်လာခဲ့ခြင်းက NCA လုပ်ငန်းစဉ်နှင့်ပတ်သက်၍ တစ်နိုင်ငံလုံးအတိုင်းအတာ ယုံကြည်မှုပျက်ယွင်းသွားသည်အထိ ကျယ်ကျယ်ပြန့်ပြန့်ရိုက်ခတ်မှုရှိလာစေခဲ့သည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း ခေါ်ယူကျင်းပသွားခဲ့သည့် ၂၁ ရာစု ပင်လုံညီလာခံအပြီး ကချင်နှင့် ရခိုင်ပြည်နယ်တစ်လွှား၌ တပ်မတော်၏ စစ်ဆင်ရေးလုပ်ငန်းများ ပိုမိုအရှိန်ရလာပြီး ရိုဟင်ဂျာအသိုက်အဝန်းများအပေါ် ဦးတည်တိုက်ခိုက်မှုများ ဆက်တိုက်မြင့်တက်လာခဲ့သလို ၂၀၁၈–၂၀ ခုနှစ်အတောအတွင်း ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/အာရကၠတပ်တော်နှင့် ရင်ဆိုင်တိုက်ပွဲများ ဆက်လက် ဖြစ်ပွားလာခဲ့ပြီးနောက်ပိုင်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် NCA လုပ်ငန်းစဉ်အပေါ် သံသယလွန်ကဲမှုများ ပိုမိုနက်ရှိုင်းလာခဲ့သည်။

နဝတ–နအဖလက်ထက် ချုပ်ဆိုခဲ့ကြသည့် ယခင်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကြောင့် မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းဒေသသည် အတိုင်းအတာတစ်ခုအထိတည်ငြိမ်အေးချမ်းမှု ရရှိခဲ့ကြသည်။ သို့သော်လည်း ၂၀၁၁ ခုနှစ် တစ်ကျော့ပြန်ပဋိပက္ခ ဖြစ်ပွားလာခဲ့ပြီးနောက်

ပိုင်း USDP နှင့် NLD အစိုးရများလက်ထက် ဖော်ဆောင်ခဲ့ကြသည့် 'ငြိမ်းချမ်းရေးလုပ်ငန်းစဉ်' သစ်အပေါ် နိုင်ငံရေးအရယုံကြည်စိတ်ချမှု ပို၍မရေမရာဖြစ်လာခဲ့သည်။ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း၌ ကချင်လွတ်လပ်ရေးအဖွဲ့အစည်း အပစ်အခတ်ရပ်စဲခဲ့သည့် ၁၇ နှစ်တာကာလအတွင်း ပြန်လည်အခြေချ နေထိုင်ခဲ့ကြသူ အများစုဖြစ်သည့် ရွာသူရွာသားများအပါအဝင် အရပ်သားပြည်သူပေါင်း ၁၀၀၀၀၀ ကျော် နေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်ခဲ့ကြရသည်။ ၂၀၁၃ ခုနှစ်အတွင်း KIO နှင့် အစိုးရအကြား 'ရန်လိုတိုက်ခိုက်မှု လျှော့ချရေး' သဘောတူညီမှု ရရှိခဲ့လင့်ကစား NCA လက်မှတ်ရေးထိုးပွဲအပြီး NLD အာဏာရလာသည့်နောက်ပိုင်း တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများပိုမိုပြင်းထန်လာခဲ့သည်။ အရပ်သားထိခိုက်သေဆုံးမှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် အစီရင်ခံတိုင်ကြားမှုများ မြင့်တက်လာခဲ့သဖြင့် Amnesty International မှ 'အရပ်သားပြည်သူများ အားလုံးကို ထိခိုက်စေလိမ့်မည်' ဟု ပြောဆိုသတိပေးခဲ့သည်။[၂၉]

NLD အစိုးရသက်တမ်း၏ နောက်ဆုံးနှစ်အတွင်း ကချင်ပြည်နယ်တစ်လွှား နေ့စဉ်စစ်ရေးတင်းမာမှုများနှင့် ထိတွေ့တိုက်ခိုက်မှုများ တဖြည်းဖြည်း လျော့ကျသွားခဲ့သည်။ သို့သော်လည်း ငြိမ်းချမ်းရေးရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ရုံမျှမက NLD ဦးဆောင်သည့်အစိုးရသည် IDPs များအားအစိုးရ ထိန်းချုပ်နယ်မြေများသို့ ရွှေ့ပြောင်းနေထိုင်ကြရန် ဆက်တိုက်ဖိအားပေးလာခဲ့သဖြင့် နယ်ခံလူထုများအကြား စိုးရိမ်ပူပန်မှုများနှင့် လူ့အခွင့်အရေးရှုထောင့်မှ ဝေဖန်ကန့်ကွက်မှုများ ပြန်လည်မြင့်တက်လာခဲ့သည်။ မိသားစုအများအပြားက 'ဘေးကင်းလုံခြုံ၍ လူ့ဂုဏ်သိက္ခာပြည့်ဝသည့်' ပြန်လည်နေရာချထားရေးနှင့် ငြိမ်းချမ်းရေးအာမခံချက် မရှိသမျှကာလပတ်လုံး ၎င်းတို့လက်ရှိခိုလှုံရာ အရပ်မှ သက်ဆိုင်ရာရပ်ရွာများဆီသို့ နေရပ်ပြန်ရန်တွန့်ဆုတ်နေကြဦးမည် ဖြစ်သည်ဟု ပြောဆိုသွားခဲ့သည်။[၃၀] ကချင် IDP မြေယာကာကွယ်စောင့်ရှောက်ရေး ကော်မတီက 'မူလရပိုင်ခွင့်များကို ပြန်လည်ဖြည့်ဆည်းပေးခြင်း မရှိဘဲစခန်းပိတ်သိမ်းမှု မပြုရန်' တောင်းဆိုခဲ့ကြသည်။[၃၁]

တစ်ချိန်တည်းမှာပင် ရှမ်းပြည်နယ် အထူးသဖြင့် မြောက်ပိုင်းဒေသတစ်လွှားရှိ အပစ်အခတ်ရပ်စဲထားသည့် နယ်မြေများနှင့်အပစ်ရပ်ထားခြင်းမရှိသေးသည့်ဒေသများ၌ (NCA နှင့် အပြန်အလှန် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နှစ်ခုစလုံး) NCA လက်မှတ်ရေးထိုးပြီးနောက် ပိုင်းအရပ်သား ထိခိုက်သေဆုံးမှုများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။ ရှမ်း၊ တအာင်းနှင့် အခြားမီဒီယာများအပါအဝင် အရပ်ဖက်လူ့အဖွဲ့အစည်းများမှ ခိုင်မာအားကောင်းသည့် သက်သေအထောက်အထား အမြောက်အများကို မှတ်တမ်းတင်နိုင်ခဲ့ကြသည်။[၃၂] Amnesty International သည် တပ်မတော်ဖက်က အများဆုံးကျူးလွန်လျက်ရှိသည့် မတရားဖမ်းဆီးမှုများ၊ ညှင်းပန်းနှိပ်စက်မှုများနှင့် 'မည်းမည်းမြင်ရာ မဆင်မခြင်' ပစ်ခတ်မှုများကြောင့် ထိခိုက်သေဆုံးမှုများကိုအစီရင်ခံတင်ပြထားသည့်၎င်းတို့၏ ၂၀၁၉ ခုနှစ် လေ့လာဆန်းစစ်မှုတစ်ခုအတွင်း အရပ်သားပြည်သူများ 'တိုက်ပွဲကြားညပ်သွားမည့် အရေးကို' ကြိုတင်ပြောဆိုသတိပေးထားခဲ့သည်။[၃၃]

အပစ်အခတ်ရပ်စဲထားသည့် သျှမ်းပြည်တိုးတက်ရေးပါတီ၏ အုပ်ချုပ်မှုအောက်ရှိ နယ်မြေဒေသများကို နှစ်ကြိမ်ထိုးစစ်ဆင်တိုက်ခိုက်မှုသည်လူ့အခွင့်အရေးရှုထောင့် မှဝေဖန်ပြစ်တင်သံများ ဆူညံလာစေရန် ဖိတ်ခေါ်ပေးခဲ့သည်။ NCA သဘောတူလက်မှတ်ရေးထိုးရန် ပျက်ကွက်ခဲ့ပြီးနောက် SSPP ၏ ဝမ်ဟိုင်းဌာနချုပ်ကို တပ်မတော်တိုက်ခိုက်ခဲ့သည့် ၂၀၁၅ ခုနှစ်ထိုးစစ်အတွင်း အရပ်သားပြည်သူပေါင်း ၆၀၀၀ ကျော် နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ခဲ့ရပြီး SSPP ၏ လွှင့်ပန်ခါးတောင်ပေါ်စခန်းတစ်ခုကို ၂၀၁၉ ခုနှစ်၌ ထိုးစစ်ဆင်တိုက်ခိုက်ရာတွင်လည်း အရပ်သားတစ်ဦး သေဆုံးခဲ့ပြီး နယ်ခံပြည်သူပေါင်း ၇၀၀ ကျော် နေရပ်စွန့်ခွာ၍ စစ်ဘေးတိမ်းရှောင်ခဲ့ရသည်။[၃၄] ၂၀၁၉ ခုနှစ်အကုန်၌ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) ၏ ခန့်မှန်းထုတ်ပြန်ချက်အတွင်း ရှမ်းပြည်နယ်မြောက်ပိုင်းအခြေစိုက် SSPP နှင့် အခြား EAOs များကို ဦးတည်ပစ်မှတ်ထားသည့် တပ်မတော်၏ စစ်ဆင်ရေးလုပ်ငန်းများကြောင့် အရပ်သားပြည်သူပေါင်း ၂၆၀၀၀ ကျော်ခန့် မိမိတို့၏ အိုးအိမ်များကို စွန့်ခွာတိမ်းရှောင်ခဲ့ရသည်ဟု ဖော်ပြထားသည်။[၃၅]

တစ်ချိန်တည်းလိုလို၌ NCA လက်မှတ်ထိုးအဖွဲ့ဝင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီနှင့် အပစ်အခတ်ရပ်စဲထားခြင်းမရှိသည့်တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့၏ ထိန်းချုပ်နယ်မြေများ၌ ဖော်ဆောင်သွားခဲ့သည့် တပ်မတော်၏ စစ်ဆင်ရေးလုပ်ငန်းများအတွင်း အရပ်သားပြည်သူများကို မတရားသတ်ဖြတ်မှုများနှင့် အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် အစီရင်ခံတင်ပြမှုများလည်း ပေါ်ထွက်လာခဲ့သည်။[၃၆] ဤကဲ့သို့သော ကျူး

လွန်မှုများက ၂၀၂၀ ခုနှစ် ဇူလိုင်လ၌ ဆန္ဒပြသူဦးရေ ၁၀၀၀၀ ကျော်ပါဝင်သည့် ကျောက်မဲသပိတ်ဆီသို့ ဦးတည်သွားစေခဲ့သည်။[၃၇] တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့က သပိတ်ကို ဦးစီးကမကထပြုခဲ့သူများကို ဖမ်းဆီးအရေးယူသွားမည်ဟူသည့် ထုတ်ပြန်ချက်ဖြင့် ပြန်လည်တုံ့ပြန်လာခဲ့သည်။[၃၈] ခေတ္တခဏမျှ ငြိမ်သက်သွားခဲ့ပြီးနောက် နိုဝင်ဘာ အထွေထွေရွေးကောက်ပွဲ မတိုင်မီ အောက်တိုဘာလဝန်းကျင်၌ တပ်မတော်၏ စစ်ဆင်ရေးလုပ်ငန်းများ ပြန်လည်အသက်ဝင်လာခဲ့သဖြင့် ရွာသူရွာသားပေါင်း ၄၅၀၀၀ ကျော် အိုးပစ်အိမ်ပစ်ထွက်ပြေးခဲ့ရပြီး ၂၀၂၀ ခုနှစ် မဲဆန္ဒကောက်ယူသည့် လုပ်ငန်းများ အနှောက်အယှက်ဖြစ်ခဲ့ရသည် (‘ကို ဗစ်–၁၉ နှင့် ၂၀၂၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ’ ကိုကြည့်ပါ)။

၂၀၁၅ ခုနှစ်ကတည်းက အရပ်သားပြည်သူများ၏ အခွင့်အရေးများကို ဘေးဆီးရန်ကာပေးရန် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များက ပျက်ကွက်ခဲ့သည့် အလားတူအရွေ့တစ်ခုသည် မူအားဖြင့် NCA အစီအစဉ်များလည်ပတ်အသက်ဝင်လျက်ရှိသည့် အခြားဒေသများအထိ ပျံ့နှံ့ရောက်ရှိလာခဲ့သည်။ NLD အာဏာရလာခဲ့ပြီးနောက် ပိုင်းတပ်မတော်၏ စစ်ရေးလှုပ်ရှားမှုများ ရှိနေသည့် ကရင်ပြည်နယ်တစ်လွှား၌ အရပ်သားသေဆုံးမှုများ၊ ထိခိုက်ဒဏ်ရာရမှုများနှင့် နေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်ရမှုများကို အစီရင်ခံတင်ပြမှုများလည်း မြင့်တက်လာခဲ့သည်။ ဤနယ်မြေ၌ ကရင်အမျိုးသားအစည်းအရုံးနှင့် နောက်ပိုင်း ၂၀၁၈ ခုနှစ်၌ လက်မှတ်ထိုးအဖွဲ့ဝင်ဖြစ်လာခဲ့သည့် မွန်ပြည်သစ်ပါတီတို့အပါအဝင် NCA လက်မှတ်ထိုးအဖွဲ့ဝင် EAOs လေးဖွဲ့ရှိနေခဲ့သည်။ သို့သော်လည်း ၂၀၁၇–၁၈ ငြိမ်းချမ်း ရေးစစ်တမ်းတစ်ခုခု၌ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း အကြမ်းဖက်မှုများ လျော့နည်းကျဆင်း သွားခဲ့သော်လည်း အရပ်သားပြည်သူ အများအပြားသည် စိတ်ဓာတ်လုံခြုံမှုကင်းမဲ့၍ အနိုင်ကျင့် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများဖြင့် ပြည့်နှက်နေသည့် အခြေအနေမျိုး၌ ဆက်လက်နေထိုင်နေကြရဆဲဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့သည်။[၃၉] အထူးသဖြင့် ၂၀၁၈ ခုနှစ်အတွင်း ဖာပွန်ခရိုင်၌ လူပေါင်း ၂၅၀၀ ကျော်ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်ခဲ့ရသည့် အခြေခံအဆောက်အအုံ စီမံကိန်းများကို အထောက်အကူပြုရန် ‘တပ်ရင်းအမြောက်အများ ပါဝင်သည့်’ တပ်မတော်၏စစ်ဆင်ရေးလုပ်ငန်းများ စတင်လာခဲ့ပြီးနောက်ပိုင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုဆိုးရွားပြင်းထန်လာခဲ့ပြန်သည် (‘စစ်ရေးအရ ချိုးဖောက်မှုများ’ ကိုကြည့်ပါ)။[၄၀]

လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပြည်တွင်းနေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ရမှုများ မြင့်တက်လာခဲ့သော်လည်း အစိုးရအနေဖြင့် အရေးယူဆောင်ရွက်ရန် ပျက်ကွက်နေခဲ့သည်။ ‘ကရင်တို့၏ အသည်းနှလုံးနယ်မြေများ အတိုက်ခံရတော့မည်’ ဟုကရင်ငြိမ်းချမ်းရေး ထောက်ကူပြုကွန်ရက်မှ ၂၀၂၀ ခုနှစ် ဧပြီလအတွင်း ပြောဆိုသတိပေးခဲ့သည်။[၄၁] နှစ်လအကြာ၌ ကရင်အရပ်ဖက်လူ့အဖွဲ့အစည်းများက ‘ဗိုင်းရပ်စ် စစ်မျက်နှာဖွင့်၍’ တပ်မတော်ဖက်မှ ၎င်းတို့၏ စစ်ရေးအရထိန်းချုပ်မှုကျယ်ပြန့်လာစေရန်ကြိုးပမ်းလျက်ရှိကြောင်း စွပ်စွဲပြောဆိုခဲ့ရာ၌ နိုင်ငံတကာအသိုက်အဝန်းသည်အစိုးရ၏ ‘ဗဟိုဦးစီး ထိန်းချုပ်ရေးယန္တရားများ’ ကိုပါ ကျားကန်ပေးနေသည်ဟု ဝေဖန်ပြောဆိုသွားခဲ့သည်။[၄၂] တစ်လအကြာ၌နောက်ထပ်အရပ်သားတစ်ဦး သတ်ဖြတ်ခံခဲ့ရသဖြင့် ကန့်ကွက်ဆန္ဒပြနေစဉ်အတွင်း လူဦးရေအားဖြင့် ၅၀၀၀ ကျော်သည့်ရွာသူရွာသားများက ဒွယ်လိုးမြို့နယ်အတွင်း တပ်စွဲထားသည့် တပ်မတော်တပ်ရင်းများကို ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုလာခဲ့ကြသည်။[၄၃]

ကရင်လူ့အခွင့်အရေးအဖွဲ့ ထောက်ပြခဲ့သကဲ့သို့ပင် လုံခြုံရေးအတွက်ဖြစ်စေအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက်ဖြစ်စေ မည်ကဲ့သို့ပင် အကြောင်းပြစေကာမူ ဤကဲ့သို့သော စစ်ဆင်ရေးလုပ်ငန်းများသည် လက်မှတ်ထိုးအဖွဲ့ဝင်များအနေဖြင့်အပစ်အခတ်ရပ်စဲထားသည့်နယ်မြေများအတွင်း တိုက်ပွဲဖော်ဆောင်ခြင်းသော်လည်းကောင်း အရပ်သားပြည်သူများကိုသတ်ဖြတ်ခြင်းသော်လည်းကောင်း မပြုလုပ်ဘဲ ရှောင်ကြည်ရမည်ဟုဖော်ပြထားသည့် NCA ကို တိုက်ရိုက်ချိုးဖောက်ရာ ရောက်နေခဲ့သည်။[၄၄] အကြီးစား စစ်ရေးလှုပ်ရှားမှုများ ရပ်နားထားခဲ့သည့် မြို့နယ်များ၏ လုံခြုံရေးအခြေအနေသည် ယေဘုယျအားဖြင့် ပိုမိုတည်ငြိမ်လေ့ရှိသည်။ သို့သော်လည်း NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း လူထုလူတန်းစားအများအပြားသည် အပစ်အခတ်ရပ်စဲရေး၏ ကောင်းကျိုးချမ်းသာကို တွေ့ကြုံမြင်သိစမ်းခွင့် မရရှိခဲ့ကြပေ။ တပ်မတော်၏ နယ်မြေကျူးကျော်မှုပြုရန် လမ်းခင်းပေးလေ့ရှိသည့် သယံဇာတအရင်းအမြစ်အမြောက်အမြားနှင့် မြေယာသိမ်းဆည်းမှုများ မြင့်တက်လာစေခဲ့သည့် NCA လက်မှတ်ရေးထိုးပွဲသည် တင်းမာမှုများကိုသာ ပို၍ပြင်းထန်လာစေခဲ့သည်။ NCA အတွင်း ဤကဲ့သို့သော အရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းနိုင်စေမည့် ယန္တရားများ ပါဝင်နေခြင်း မရှိခဲ့ပေ။ ဘားအံအခြေစိုက်ရှေ့နေတစ်ဦးက ‘တောင်သူတွေကပဲ ရာဇဝတ်သားတွေလိုလိုဖြစ်လာတယ်’ ဟု ပြောဆိုသတိပေးသွားခဲ့သည်။[၄၅]

NLD ၏ ပထမအစိုးရသက်တမ်း ကုန်ဆုံးချိန်နီး ကပ်လာသည့်နည်းတူ မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်း နယ်မြေဒေသအများအပြား၌ လူမှုရေးနှင့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ဒုက္ခဆင်းရဲများကို ခါးစည်းခံနေကြရသည့် အထောက်အထားများက စိတ်ညစ်ညူးဖွယ်ရာကိစ္စရပ်များအဖြစ် ဆက်လက်ကျန်ရှိနေကြဆဲ ဖြစ်သည်။ ၂၀၂၀ ခုနှစ်အတွင်း ကျေးလက်ပဋိပက္ခနယ်မြေများ၌ IDPs ဖြစ်လာခဲ့သူဦးရေ ၁၅၀၀၀၀ ကျော်ရှိနေပြီး၊ နေရင်းရပ်ရွာများ၌ ကျန်ရစ်ခဲ့ကြသည့် မိသားစုဝင်များကို ၎င်းတို့၏ လုပ်ခလစာဖြင့် အသက်ဆက်ပေးလျက်ရှိသည့် တိုင်းရင်းသားလူနည်းစု နောက်ခံမှလာသည့် ရွှေပြောင်းအလုပ်သမား ပေါင်းသုံးသန်းကျော်နေထိုင်လျက်ရှိသည့် ထိုင်းနိုင်ငံဖက်ခြမ်း၌ နယ်စပ်ဖြတ်ကျော်၍ သွားရောက်ခိုလှုံခဲ့ကြသည့် ကရင်နှင့် ကရင်နီစစ်ဘေးဒုက္ခသည်ဦးရေ ၁၀၀၀၀၀ ကျော်ခန့်ရှိလိမ့်မည်ဟု ခန့်မှန်းတွက်ချက်ခဲ့ကြသည်။[၄၇] တပ်မတော်၏ စစ်ရေးကျူးကျော်မှုများ အရှိန်မြှင့်လာသည်နှင့် အမျှငြိမ်းချမ်းရေး သေဆုံးတော့မည့် သတိပေးသံချောင်းခေါက်သံများ ကျယ်လောင်လာခဲ့သည့် နှစ်ကုန်ပိုင်း၌ အရပ်သားပြည်သူ ၁၀၀၀၀ ကျော်ပါဝင်၍ ကရင်ပြည်နယ်မြောက်ပိုင်း၌ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ကျရှုံးတော့မည့် နိမိတ်လက္ခဏာများ တရိပ်ရိပ်မြင့်တက်လာချိန်၌ ဘုရားသုံးဆူဒေသရှိ NMSP အုပ်ချုပ်နေသည့် နယ်မြေအတွင်း နေထိုင်လျက်ရှိသည့် မွန်ရွာသူရွာသားများကို တပ်မတော်၏ ရွှေပြောင်းနေရာချထားမှုပေါ်ပေါက်လာခဲ့သည်။ တစ်ချိန်တည်းလိုလို၌ ကယားပြည်နယ်တစ်လွှား စစ်ရေးတင်းမာမှုများနှင့် အရပ်သားပြည်သူများ၏ မကျေမချမ်းဖြစ်မှုများ ပိုမိုနက်ရှိုင်းလာခဲ့သည်။ အစိုးရ၏ ဖိအားပေးတိုက်တွန်းမှုများ မြင့်တက်လာနေလင့်ကစား ကရင်နီအမျိုးသား တိုးတက်ရေးပါတီအနေဖြင့် NCA လက်မှတ်ရေးထိုးရန်လိုအပ်သည့် အကြောင်းပြချက်မျိုး ရှာမတွေ့ခဲ့ကြပေ (‘KNPP ၏ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းဆွေးနွေးပွဲများ’ ကိုကြည့်ပါ)။

နှောင်းနောင်တနှင့် အတိတ်ကိုလည်ပြန်ကြည့်မိသည့် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းဒေသနေ တိုင်းရင်းသားခေါင်းဆောင်များက ယခုတစ်ကြိမ်၌ တပ်မတော်၏ တပ်အရွေ့အပြောင်းများသည် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုဆီသို့ ဦးတည်သွားစေမည့် အကြီးစားစစ်ဆင်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်နေခြင်း ဖြစ်သည်ဟု လက်ခံယုံကြည်ခဲ့ကြသည်။[၄၈] NCAအားဖြင့် အကာအကွယ်ရရှိရမည် ဖြစ်သော်လည်း ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွင်း ကရင်ပြည်နယ်အပါအဝင် နယ်မြေချင်းထိစပ်လျက်ရှိသည့် ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တစ်လွှားရှိ မဲဆန္ဒနယ်အများအပြား ပယ်ဖျက်ခံခဲ့ရသည်။ လူမှုအသိုက်အဝန်းများစွာသည် အဓိပ္ပာယ်ပြည့်ဝသည့် ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ရယူခံစားနိုင်ရန် အလှမ်းဝေးနေကြဆဲဖြစ်သည်။ မည်သို့ဆိုစေကာမူ ထိုအချိန်ပတ်ဝန်းကျင်၌ စစ်ပွဲဖက်သို့ ပြန်လည်ဦးလှည့်ရလောက်သည်အထိ ပြင်းပြသည့်စိတ်သဘောထားမျိုး ပေါ်ထွက်လာခြင်း မရှိခဲ့ပေ။ ရွှေကောက်ပွဲအလွန်၌ အာဏာရလာမည့်အစိုးရအနေဖြင့် တိုင်းရင်းသားငြိမ်းချမ်းရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကိုအထူးဦးစားပေး ဖော်ဆောင်သွားရန် အရပ်ဖက်လူ့အဖွဲ့အစည်းများဖြင့် စုဖွဲ့ထားကြသည့် အင်အားစုများ ဝိုင်းဝန်းတောင်းဆိုခဲ့ကြသည်။ ‘ကျနော်တို့ဘဝတွေကို ပြန်လိုချင်ပါတယ်’ ဟုထိုင်းနိုင်ငံနေ ကရင်စစ်ပြေးဒုက္ခသည်တစ်ဦးကပြောဆိုသွားခဲ့သည်။[၄၉]

နိဂုံးချုပ်အနေဖြင့် ပဋိပက္ခမီး တောက်လောင်လျက်ရှိသည့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တောင်ပိုင်းရှိ ပလက်ဝမြို့နယ်အတွင်း တစ်ရှိန်ထိုးမြင့်တက်လာခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မီးမောင်းထိုးပြခြင်းမရှိဘဲ အရပ်သားပြည်သူများ ကြုံတွေ့ခံစားနေရသည့် ဆင်းရဲဒုက္ခများကို အပြည့်အဝ လေ့လာဆန်းစစ်နိုင်လိမ့်မည်မဟုတ်ပါ။[၅၀] NCA လက်မှတ်ရေးထိုးပြီး နောက်ပိုင်း ရခိုင်ပြည်နယ်သည် မတရားသတ်ဖြတ်မှုများ၊ မတရားဖမ်းဆီးမှုများနှင့် အတင်းအကျပ်နေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်စေခြင်းများအပါအဝင် အရပ်သားပြည်သူများအပေါ် ကမ်းကုန်အောင်ရက်စက်သည့် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်များ၏ ပြယုဂ်တစ်ခုဖြစ်လာခဲ့သည်။ ဤကဲ့သို့ သောကျူးလွန်မှုများက လက်ရှိနိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) ၏ စုံစမ်းစစ်ဆေးမှုနှင့် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၌ လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်အရ စွဲဆိုခံထားရသည့် အမှုများဆီသို့ ဦးတည်သွားစေခဲ့သည်။ အစောပိုင်းကာလများ၌ ဤကျူးလွန်မှုများအတွက် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာလူထုလူတန်းစားများသာ အများဆုံးမြေစာပင်ဖြစ်ခဲ့ရသည်။ သို့သော်လည်း ပဋိပက္ခကျယ်ပြန့်လာသည်နှင့်အမျှ ဒေသတွင်းမှီတင်း နေထိုင်လျက်ရှိသူများအားလုံးကို ရိုက်ခတ်လာခဲ့သည် (‘တစ်ကျော့ပြန်ရခိုင်ပဋိပက္ခ’ စာကွက်ကိုကြည့်ပါ)။

သမ္မတဦးသိန်းစိန်၏ ၂၀၁၁ ခုနှစ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သစ် စတင်အသက်ဝင်လာခဲ့ပြီး နောက်ပိုင်း တစ်လုံးပေါ်တစ်လုံးဆင့်၍ရိုက်ခတ်လာခဲ့သည့် ၂၀၁၂ ခုနှစ် မွတ်စလင်ဆန့်ကျင်ရေးအရေးအခင်း၊ ရခိုင်ရိုဟင်ဂျာ ကယ်တင်ရေးတပ်မတော် (ARSA) ပေါ်ပေါက်လာခဲ့သည့် ၂၀၁၆ ခုနှစ်အပြီး တပ်မတော်၏ 'နယ်မြေရှင်းလင်းရေး' စစ်ဆင်ရေးလုပ်ငန်းများနှင့် တပ်မတော်၏ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေး ကြေညာချက်အတွင်း ၎င်းတို့၏ အနောက်ပိုင်းတိုင်းစစ်ဒေသကို ချန်လှပ်ထားခဲ့သည့် ၂၀၁၈ ခုနှစ် နောက်ပိုင်း ရက္ခိုင်အမျိုးသား အဖွဲ့ချုပ်/အာရကၠတပ်တော်နှင့်အတူပေါ်ပေါက်လာခဲ့သည့် လက်နက်ကိုင်တော်လှန်ရေးဟူသည့် ပဋိပက္ခလှိုင်းလုံးကြီးသုံးခုအတွင်း အရပ်သားထိခိုက်သေဆုံးမှုများ တဖြည်းဖြည်း ပို၍ပြင်းထန်လာခဲ့သည်။ ဤအကြမ်းဖက်မှုများ ပေါ်ပေါက်သည့်အချိန်၌ ၎င်းတို့၏ တပ်ရင်းတပ်ဖွဲ့များကို ထိုင်းနယ်စပ်၌သာ အများဆုံးအခြေစိုက်ထားသည့် EAO အသေးစားလေးတစ်ခုဖြစ်သည့် ရခိုင်လွတ်မြောက်ရေးပါတီ၏ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေးသည် နယ်ခံအရပ်သား လူထုလူတန်းစားများကို သော်လည်းကောင်း၊ ၎င်းတို့၏ ၂၀၁၅ ခုနှစ် NCA သဘောတူလက်မှတ်ရေးထိုးမှုကိုသော်လည်းကောင်း လုံးဝအကာအကွယ်ပေးနိုင်ခြင်း မရှိကြောင်း ပိုမိုထင်ရှားလာခဲ့သည်။[၁၁] ယင်းအစား ရခိုင်ပြည်နယ်သည် ပဋိပက္ခရေစီးကြောင်းနှင့် ကင်းကွာနေရာမှ နိုင်ငံအတွင်း သက်ဝင်လှုပ်ရှားမှုအပြင်းထန်ဆုံး စစ်ပွဲဇုံတစ်ခုအဖြစ် ပြောင်းလဲသွားခဲ့သည်။ ဆယ်စုနှစ်တစ်ခုနီးပါး ဝရုန်းသုံးကားဖြစ်နေခဲ့သည့် အရေးအခင်းအတွင်းရခိုင်နှင့် အခြားတိုင်းရင်းသားပြည်သူဦးရေ ၂၃၀၀၀၀ ကျော်ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်သူများဖြစ်လာခဲ့ရာ၌ ရိုဟင်ဂျာဦးရေ တစ်သန်းနီးပါးသည် မိမိတို့၏အိုးအိမ်များကို စွန့်ခွာ၍ ပြည်တွင်းစစ်ဘေးရှောင်များအဖြစ်သော်လည်းကောင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံအတွင်းသို့ စစ်ပြေးဒုက္ခသည်များ အဖြစ်သော်လည်းကောင်း တိမ်းရှောင်ခိုလှုံခဲ့ကြရသည်။

မည်သို့ဆိုစေကာမူ နိုင်ငံတကာအသိုက်အဝန်း တစ်ခုလုံးသည် ဤအကြမ်းဖက်မှုပြင်းထန်သည့် အရေးအခင်း၏တိုင်းရင်းသားရေးရာနှင့် နိုင်ငံရေးဆိုင်ရာ မောင်းနှင်အားများကို နားလည်သဘောပေါက်ရန် များစွာအချိန်ယူခဲ့ကြရပုံပေါ်သည်။ NCA အလျှူရှင်များနှင့် သံတမန်အသိုက်အဝန်းများအကြား ရခိုင်ပြည်နယ်အတွင်း ကသောင်းကနင်းဖြစ်မှုကို အမြဲတမ်းနီးပါး တစ်နိုင်ငံလုံးအတိုင်းအတာ ကြုံတွေ့နေကြရသည့် ပဋိပက္ခစိန်ခေါ်မှုများနှင့်ယှဉ်ပါက အပယိကသို့မဟုတ် ဘေးပန်းကိစ္စရပ်တစ်ခုမျှသာဖြစ်သည်ဟု သဘောထားခဲ့ကြသည်။ ရခိုင်နှင့် မြန်မာ့သမိုင်းအတွင်း ၎င်း၏ ပထဝီနိုင်ငံရေး အဆင့်အတန်းနှင့် နယ်ခံလူထုလူတန်းစားများ၏ ပစ်ပယ်ခံဘဝများအပေါ် နားလည်သိမြင်မှုအားနည်းခဲ့ကြသည်။ အထူးသဖြင့် အယူအမြင်ရှုထောင့်များသည် အများအားဖြင့် ARSA နှင့် ULA/AA ဟူသည့် ထွန်းသစ်စအင်အားစုများကို နှိပ်ကွပ်ရန် ကြိုးပမ်းလျက်ရှိသည့် တပ်မတော်နှင့် အစိုးရတို့အလိုကျ ပုံဖော်ထားသည့် ရေခဲမြေခဲအတွင်းဘောင်ခတ်ခံထားရသည့်အမြင်မျိုးသာဖြစ်နေလေ့ရှိသည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုအပြီး ယနေ့ခေတ်၌ လေ့လာဆန်းစစ်ရမည်ဆိုပါက ဤကဲ့သို့ သောရိုးစင်းလွန်းသည့် ဆန်းစစ်ချက်မျိုးကို အကြံပြုသူ အနည်းအကျဉ်းသာ ရှိပါလိမ့်မည်။

NCA ကို မဟာဗျူဟာကျကျ လက်တစ်လုံးခြားအသုံးချလျက်ရှိကြောင်း လယ်ပြင်မှာဆင်သွားသလို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါသည်။ တစ်နိုင်ငံလုံးကိုလွှမ်းခြုံသွားရန် ရည်မှန်းထားလင့်ကစား အဆိုပါပြည်ထောင်စု

ရွှေ့ပြောင်းနေထိုင်ရသည့် ဆန္ဒရှိသူများအတွက် ပဒေသရာဇ်ခေတ်ကျောက်ဆည်ဒေသရှိ ကျောင်းတစ်ခုတွင် ယာယီနေထိုင်ခွင့်ပေးထားသည်။ (TNI)

သဘောတူညီချက်သည် ရခိုင်ပြည်နယ်သူပြည်နယ်သားများအတွက် မည်သည့်ကောင်းကျိုး အလားအလာ သို့မဟုတ် သက်ရောက်မှုကိုမျှ ဆောင်ကျဉ်းလာခဲ့ခြင်းမရှိပေ။ ယင်းအစား မကြုံစဖူးထူးကဲသည့် သင်ခန်းစာအမျိုးမျိုးကို သာရရှိစေခဲ့သည်။ မြန်မာနိုင်ငံတွင်း ပဋိပက္ခတစ်ခုလုံးကို လွှမ်းခြုံသုံးသပ်ကြည့်ပါက လူ့အခွင့်အရေး ချိုးဖောက်မှုများသာ ဆထက်ထမ်းပိုးတိုး၍ များပြားလာနေခြင်းကြောင့် NCA ကဲ့သို့သော သဘောတူညီချက်မျိုးကို တစ်နိုင်ငံလုံး အတိုင်းအတာ အသက်ဝင်လာစေလိုပါက ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး ငြိမ်းချမ်းနေရန်နှင့် လွှမ်းခြုံပါဝင်မှုရှိနေရန် မဖြစ်မနေလိုအပ်ကြောင်း ရှင်းရှင်းလင်းလင်း တွေ့မြင်နေရပြီးဖြစ်သည်။ ရခိုင်ပြည်နယ်၏ အတွေ့အကြုံကို ကြည့်ပါက အစိုးရနှင့် တပ်မတော်တို့ နှစ်ဖက်စလုံးသည် နိုင်ငံ၏ မတူကွဲပြားသည့် နယ်မြေဒေသအလိုက် ပေါ်ထွက်လာခဲ့သည့် လူမျိုးစုတော်လှန်ရေး အင်အားစုများနှင့် ထိတွေ့ဆက်ဆံရန် ရွေးချယ်ရာ၌ အလွန်ချေးများနေကြဆဲဖြစ်သည်။

ဤကဲ့သို့သော နောက်ခံအနေအထားနှင့် ဆန့်ကျင်၍ ၂၀၁၁ ခုနှစ်၌ သမ္မတဦးသိန်းစိန်မှ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သစ်တစ်ခုကို ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ပိုင်းနိုင်ငံအဝှမ်းရှိ အရပ်သားလူထုလူတန်းစား အသီးသီး ကြုံတွေ့ခံစားခဲ့ရသည့် အတွေ့အကြုံများကို ယေဘုယျဆန်ဆန် ခြုံငုံကောက်ချက်ချရန် ပိုမိုခက်ခဲလာခဲ့သည်။ ပဋိပက္ခဇုံအများအပြား၌ နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ အသက်ဝင်လာခဲ့သည့် ၂၀၁၂ ခုနှစ်နောက်ပိုင်းယင်းဒေသအတော်များများ၌တိုက်ပွဲသံများယေဘုယျအားဖြင့် သိသိသာသာ တိတ်ဆိတ်သွားခဲ့ကြောင်း သံသယရှိစရာ မလိုခဲ့ပေ။ မည်သို့ဆိုစေကာမူ ၂၀၁၅ ခုနှစ် ကနဦး NCA လက်မှတ်ရေးထိုးပွဲသာ ပြီးဆုံးသွားခဲ့သော်လည်း နောက်ပိုင်းနှစ်များ၌ NCA လက်မှတ်ထိုးအဖွဲ့ဝင် ချင်း၊ ကရင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များအတွင်း ဆိုးရွားပြင်းထန်လွန်းလှသည့် လက်နက်ကိုင်ပဋိပက္ခကို နဖူးတွေ့ဒူးတွေ့ကြုံလာရခြင်းနှင့်အတူ အခြေအနေအရပ်ရပ်သည် ထူး၍တိုးတက်ကောင်းမွန်လာခြင်း မရှိခဲ့ပေ။

အလားတူပင် အရပ်သားများအပေါ် ကျူးလွန်လျက်ရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အဆုံးသတ်သွားရန် တောင်းဆိုသည့် လူထုလူတန်းစားများ၏ ဆန္ဒဖော်ထုတ်မှုသာမက နိုင်ငံတကာ၏ ရှုံ့ချကန့်ကွက်မှုများသည်လည်း သိသိသာသာအကျိုးသက်ရောက်မှု ရှိစေခဲ့ပုံမပေါ်ပေ။ တစ်ချိန်တည်းလိုလို၌ နိုင်ငံတကာ၏ ကြားဝင်ဆောင်ရွက်မှု၊ စီးပွားရေးအဆက်အသွယ်ရရှိရန် ကြိုးပမ်းမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအပါအဝင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ဖောက်ဖျက်မှုများအပေါ် ရေငုံနှုတ်ဆိတ်နေခြင်းတို့သည်လည်း အဓိပ္ပာယ်ပြည့်ဝသည့် အပြောင်းအလဲဖော်ဆောင်မှုကို ကျရှုံးသွားစေခဲ့သည်။ ဤကဲ့သို့သော အမူအကျင့်များသည် NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း ပို၍အရှိန်အဟုန်ရလာခဲ့သည် ('လက်နက်ကိုင်ပဋိပက္ခနှင့် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုကာလ စီးပွားရေးပြု ပြင်ပြောင်းလဲမှု' စာကွက်ကိုကြည့်ပါ)။

NCA ပါ အရပ်သား ကာကွယ်စောင့်ရှောက်ရေး ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်ရုံမျှမက ဤကဲ့သို့သောမတရားပြုကျင့်မှုများသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားရေးဥပဒေတို့ကိုပါ ချိုးဖောက်ရာရောက်လျက်ရှိသည်။ ပြည်တွင်းနှင့် နိုင်ငံတကာမျက်နှာစာ၌ လိုက်နာပါမည်ဟု ကြေညာမောင်းခတ်ထားသည့် ကတိကဝတ်များကိုလေးစားလိုက်နာမှု မရှိခြင်းသည် တပ်မတော်၏ အမူအကျင့်ကို ထင်ဟပ်နေသည့် အမှတ်သညာများဖြစ်နေပြီး ပဋိပက္ခဒဏ်သင့် အရပ်သားပြည်သူများအတွက် ခါးသီးလှသည့် သင်ခန်းစာများ ဖြစ်နေခဲ့သည်။ ၂၀၁၆ ခုနှစ်နောက်ပိုင်း မကြုံဖူးလောက်အောင် ပြင်းထန်သည့်အတိုင်းအတာဖြင့် အရပ်သားများ ထိခိုက်သေဆုံးခဲ့ရသည့် ကိစ္စရပ်သည် NCA မအောင်မြင်ရသည့်အခြေခံအကျဆုံးအကြောင်းရင်းတစ်ခုဖြစ်နေကြောင်း သက်သေပြလျက်ရှိသည်။ နိုင်ငံတကာဥပဒေကို လေးစားလိုက်နာမှုရှိစေရန်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အဆုံးသတ်ရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပထမဦးစားပေးနေရာထား၍ မဖြစ်မနေတိုးတက်ဖြစ်ထွန်းလာအောင် ဆောင်ရွက်သွားရန် လိုအပ်သည်။

ကနဦး NCA လက်မှတ်ရေးထိုးပြီး နောက်ပိုင်း နိုင်ငံအတွင်းရှိ ပဋိပက္ခသံသရာကို ချိုးဖျက်ဖောက်ထွက်ရမည့်အစား အတောမသတ်နိုင်သည့် နောက်ဆက်တွဲဆိုးကျိုးရိုက်ခတ်မှုများသာ ဇယ်ဆက်သလို စုပြုံရောက်ရှိလာခဲ့သည်။ စစ်အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည့် ၂၀၂၁ ခုနှစ် မတိုင်မီကတည်းကပင် အရပ်သားပြည်သူများကို ကာကွယ်စောင့်ရှောက်ပေးရမည့် ငြိမ်းချမ်းရေး ကတိကဝတ်များကို အစိုးရနှင့်စစ်ဖက်အာဏာပိုင်များလိုက်နာစောင့်ထိန်းလိမ့်မည်ဟု ကံသေကံမ ယုံကြည်စိတ်ချထား၍ မရနိုင်ခဲ့သဖြင့်

နိုင်ငံတကာလူသားချင်း စာနာထောက်ထားရေး ဥပဒေအရ အပ်နှင်းပေးထားသည့် ၎င်း၏တာဝန်ဝတ္တရားများကို အမြဲလိုလို မျက်ကွယ်ပြုထားလေ့ရှိသည့် တပ်မတော်အပေါ် နယ်ခံလူထုလူတန်းစားများအနေဖြင့် များစွာမျှော်လင့်ထားခြင်းမရှိခဲ့ကြပေ။ အလားတူပင် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာလူမျိုးများအပါအဝင် လူနည်းစုအသိုက်အဝန်းများအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှုများသည် မြန်မာ့လူ့အဖွဲ့အစည်းကိုအစွန်းနှစ်ဖက်ကွဲသွားစေရန်တွန်းပို့ပေးခဲ့သည်။ ထို့အပြင် ဗမာမဟုတ်ကြသည့် အခြားလူမျိုးစုများကိုပါ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ထဲ၌ ဖိစီးနှိပ်စက်ခံခဲ့ရသည့် ၎င်းတို့အသီးသီး၏ နာကျင်ခံစားရမှုများကိုပါ ပြန်လည်အမှတ်ရလာစေခဲ့သည်။ လူမျိုးရေးခွဲခြားမှုဝါဒနှင့် လူမျိုးစုများအပေါ် ခွဲခြားဆက်ဆံမှု ပြုခြင်းကြောင့် ပြည်တွင်းနေရာဒေသအများအပြား၌ မကျေမချမ်းဖြစ်မှုများ ပိုမိုပြင်းထန်လာခဲ့သည်။[၁၂]

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် မယုံသင်္ကာရှိနေသည့် အမြင်သဘောထားများက အမျိုးသားနိုင်ငံရေးဇာတ်ခုံ၌ လာရောက်အရိပ်ထိုးနေခဲ့သည်။ NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း ရှေ့တန်းနယ်မြေများ၌ ဖော်ဆောင်လာခဲ့သည့် တပ်မတော်၏ စစ်ဆင်ရေးလုပ်ငန်းများကြောင့် နောက်ပိုင်း ညှိနှိုင်းဆွေးနွေးမှုများအပေါ် လူထုအမြင်စောင်းလာခဲ့ပြီး တိုင်းရင်းသားအခြေပြု အမျိုးသားရေးဝါဒအားကောင်းလာစေရန် တွန်းပို့ပေးခဲ့သည်။ အပြန်အလှန်အားဖြင့် ဤအရွေ့သည် အစိုးရနှင့် သဘောတူလက်မှတ်ရေးထိုးမှုပြုရေး မပြုရေးကိစ္စရပ်နှင့်ပတ်သက်၍ အများပြည်သူ၏ အမြင်သဘောထားကို မှီခိုအားထားကြသည့် EAOs ခေါင်းဆောင်များအတွက်လည်း စိန်ခေါ်မှုကြီးများလာစေခဲ့သည်။ အတောမသတ်နိုင်သည့် တိုက်ပွဲများကြောင့် အလားတူဆုံးရှုံးနစ်နာရသည့် ကိစ္စရပ်တစ်ခုမှာ ပဋိပက္ခရေခံမြေခံ၌ နေထိုင်ကြီးပြင်းခဲ့ကြသည့် လူမျိုးစုအသီးသီး ရှိလူငယ်မျိုးဆက်သစ်များအကြား စိတ်နေသဘောထားများတင်းမာ လာကြခြင်းဖြစ်သည်။

NLD ၏အစိုးရသက်တမ်းတစ်လျှောက် ပြည်တွင်းနယ်မြေဒေသအများအပြားမှ အများပြည်သူ၏ နာကျည်းနစ်နာချက်များနှင့် ပတ်သက်၍ သတိပေးပြောဆိုမှုများ ဆက်တိုက်ပေါ်ထွက်လာခဲ့သည်။ ၂၀၁၈–၂၀ ခုနှစ်အတွင်း အရပ်သားပြည်သူများကို ဦးတည်ပစ်မှတ်ထားသည့် တပ်မတော်၏ တိုက်ခိုက်မှုများကို ပြန်လည်ခုခံတွန်းလှန်ခဲ့သည့် ULA/AA ၏ စစ်ရေးလှုပ်ရှားမှုကို ထောက်ခံအားပေးသည့် ရခိုင်အမျိုးသားရေးဝါဒ သိသိသာသာအားကောင်းလာခဲ့သည်။[၁၃] အလားတူပင် KIO ကိုဦးတည်ခဲ့သည့် တပ်မတော်၏ ၂၀၁၁ ခုနှစ် တစ်ကျော့ပြန်ထိုးစစ်များ ဖြစ်ပွားလာခဲ့ပြီးနောက်ပိုင်း ကချင်လူထုလူတန်းစားများ၏ ခံယူချက်သဘောထားသည် အမျိုးသားရေးဝါဒီများအဖြစ် ပွင့်ပွင့်လင်းလင်း ပြောင်းလဲသွားခဲ့သည်။ ထိုနည်းငင်းပင် ညီနောင်မဟာမိတ်အဖွဲ့ဝင်များကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ အပြည့်အဝပါဝင်ခွင့်မပြုဘဲဖယ်ကြဉ်ချန်လှပ်ခဲ့သည့် ၂၀၁၅ ခုနှစ်နောက်ပိုင်း ရှမ်းပြည်နယ်အတွင်းရှိကိုးကန့်နှင့်တအောင်းလူထုလူတန်းစားများအကြား လူမျိုးစုအခြေပြုအမျိုးသားရေးဝါဒနှင့် သံသယစိတ်များ ပိုမိုနက်ရှိုင်းလာခဲ့သည်။[၁၄] ထို့ကြောင့် NCA လက်မှတ်ရေးထိုးပြီးနောက် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်များအတွင်းသို့ RCSS ထိုးဖောက်ဝင်ရောက်လာခြင်းက နယ်မြေတည်ငြိမ်အေးချမ်းမှုပျက်ပြား၍ မလိုလားအပ်သည့် နောက်ဆက်တွဲအကွဲ အပြဲများကိုသာဆောင်ကျဉ်းလာခဲ့သည်။ ‘ရှမ်းပြည်နယ်မြောက်ပိုင်းမှာဒေသခံပြည်သူတွေ မကြာခဏာသတ်ဖြတ်ခံရတာ ပိုပိုများလာနေတယ်’ ဟု တအာင်းရပ်ရွာခေါင်းဆောင်တစ်ဦးပြောဆိုသတိပေးခဲ့သည်။ ‘ဘယ်တုန်းကမှ အမှုမှန် မပေါ်ခဲ့ဖူးဘူး။’[၁၅]

ထို့အပြင် အရပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ပြုလုပ်နေရင်း ပေးပို့လာခဲ့သည့် နိုင်ငံရေးသတင်းစကား နှင့်ပတ်သက်၍လည်း မေးခွန်းထုတ်စရာဖြစ်ခဲ့သည်။ ဆယ်စုနှစ်ခြောက်ခုစာမျှ တပ်မတော်အစိုးရအုပ်ချုပ်မှုအလွန်၌ ၂၀၂၁ အာဏာသိမ်းရန် ကြိုးပမ်းမှုနှင့်အတူ အရေးပေါ်စိန်ခေါ်မှုတစ်ရပ် ပေါ်ထွက်လာခဲ့ပြန်သည်။ EAOs လက်မှတ်ထိုးအဖွဲ့ဝင်များနှင့် ယေဘုယျအားဖြင့် အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းထားသော်လည်း စစ်ရေးအရထိုးစစ်ဆင် တိုက်ခိုက်မှုများသည် NCA လက်မှတ်ရေးထိုးမှုနှင့်အတူ ချုပ်ငြိမ်းမသွားခဲ့ပေ။ မည်သည့်အစိုးရ တက်လာသည်ဖြစ်စေ အာဏာပိုင်များသည် နိုင်ငံရေးကို စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်းသွားမည့် နည်းလမ်းများကို စားပွဲပေါ်မှဖယ်ရှားမှု မပြုရသေးဟု သတိပေးနေသလိုဖြစ်နေခဲ့သည်။ သို့သော်လည်း အဓိပ္ပာယ်ပြည့်ဝသည့် ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေး ပြီးမြောက်အောင်မြင်လိုပါက စစ်တပ်၏ ဖိနှိပ်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှု သမိုင်းကြောင်းကို ကိုင်တွယ်ဖြေရှင်းနိုင်စေမည့်တစ်ခုတည်းသော နည်းလမ်းမှာ တစ်နိုင်ငံလုံးအ တိုင်းအတာကြိုးပမ်းအားထုတ်မှု တစ်စိတ်တစ်ပိုင်းအဖြစ် မြေပြင်ရှိပဋိပက္ခကြောင့် အကွဲကွဲအပြဲပြဲဖြစ်နေခဲ့သည့် ရပ်ရွာ

အမျိုးသားနိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ

လူမျိုးစုအခြေပြု အမျိုးသားအဆင့်ဆွေးနွေးပွဲများ

၁။ ကရင်၌ KNU မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၈–၂၀ ရက်နေ့၊ ကရင်ပြည်နယ် ဘားအံမြို့နယ်။
၂။ ပအိုဝ်း၌ PNLO မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၈–၂၀ ရက်နေ့၊ ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်။
၃။ ချင်း၌ CNF မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၇ မှ မတ်လ ၁ ရက်နေ့အထိ၊ ချင်းပြည်နယ် ထန်တလန်မြို့နယ်။
၄။ မွန်၌ NMSP မှ ၂၀၁၈ ခုနှစ် မေလ ၅–၇ ရက်နေ့၊ မွန်ပြည်နယ် ရေးမြို့နယ်။

ပြည်နယ်/တိုင်းဒေသကြီးအခြေပြု အမျိုးသားအဆင့်ဆွေးနွေးပွဲများ

၁။ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၃–၂၅ ရက်နေ့။
၂။ ပဲခူးတိုင်းဒေသကြီး တောင်ငူ၌ ဇန်နဝါရီလ ၁၇–၁၉ ရက်နေ့။
၃။ ရှမ်းပြည်နယ် တောင်ကြီး၌ ၂၀၁၇ ဧပြီလ ၂၃–၂၅ ရက်နေ့။

ခေါင်းစဉ်အလိုက် အမျိုးသားအဆင့် ဆွေးနွေးပွဲများ

၁။ နေပြည်တော်၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၄–၂၅ ရက်နေ့။
၂။ နေပြည်တော်၌ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂–၃ ရက်နေ့။

အသိုက်အဝန်းများကို ထင်သာမြင်သာရှိသည့် ငြိမ်းချမ်းရေးတိုးတက်ဖြစ်ထွန်းမှု အထောက်အထားများဖြင့်သက်သေပြရန် လိုအပ်နေဆဲဖြစ်သည်။

အလားတူအရေးကြီးသည့် မေးခွန်းတစ်ခုမှာ ပြစ်ဒဏ်မခံရဘဲ ကင်းလွတ်ခွင့်ရရှိနေသည့် ကိစ္စရပ်ဖြစ်သည်။ နိုင်ငံအဝှမ်းရှိ ရပ်ရွာလူထုလူတန်းစားများအကြား ဦးစီးခေါင်းဆောင်နေကြသူများက သမိုင်းအစဉ်အဆက် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ပြစ်ဒဏ်မခံရဘဲ ကင်းလွတ်ခွင့်ရနေသည့် ကိစ္စရပ်သည် ၂၀၂၁ ခုနှစ် အာဏာသိမ်းရန်ကြိုးပမ်းမှုနှင့် ယနေ့ကြုံတွေ့နေကြရသည့် ရက်စက်ကြမ်းကြုတ်လှသည့် ရာဇဝတ်မှုများကို ဖြစ်ပွားလာစေသည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်ဟု ရှုမြင်လျက်ရှိသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက်မည်သည့်နောက်ဆက်တွဲအကျိုးဆက်ကိုမျှ တာဝန်ခံစရာမလိုပါကထိုကဲ့သို့သော ဆိုးရွားပြင်းထန်လွန်းလှသည့် ဖိနှိပ်မှုများအောက်၌ မိမိတို့၏ အသက်အိုးအိမ်လုံခြုံမှု ရှိလိမ့်မည်ဟု လူထုအနေဖြင့် မည်ကဲ့သို့မျှော်လင့်၍ ရနိုင်ပါမည်နည်း။ လုံးဝလက်သင့်မခံနိုင်လောက်သည့် ရက်စက်ကြမ်းကြုတ်မှုများကို ဆက်လက်ကျူးလွန်လျက်ရှိသည့် အခြေအနေမျိုး၌ 'ငြိမ်းချမ်းရေး' သည် မျှော်လင့်၍ရနိုင်ကောင်းသည့် အရာတစ်ခု ဖြစ်နေအုံးမည်လော။

NCA ၌ ဤအခြေခံကျလွန်းသည့် မေးခွန်းများအတွက်ပင် အဖြေမရှိခဲ့ပေ။ ဤဆိုးမွေသည် နိုင်ငံအတွင်းရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဖိနှိပ်မှုသံသရာ၏ ဗဟိုချက်အဖြစ် သက်ဆိုးရှည်နေသည်မှာ ကြာလွန်းနေခဲ့ပြီဖြစ်သည်။ ကချင်ငြိမ်းချမ်းရေး အကျိုးဆောင် သိက္ခာတော်ရဆရာတော်ဆဘိုင်းဂျမ် မကြာခဏပြောခဲ့သလိုပင် 'ကျနော်တို့ဆီမှာ အပစ်အခတ်တွေ ရပ်စဲသွားတယ်ဆိုပေမယ့် ငြိမ်းချမ်းရေးတော့ မရသေးပါဘူး။'[၅၆]

အလုပ်မဖြစ်ခဲ့သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုမူဘောင်

လူ့အခွင့်အရေးချိုးဖောက်မှုများ အရှိန်အဟုန် မြင့်တက်လာသည်နှင့်အမျှ လက်မှတ်ထိုးအဖွဲ့ဝင်များသည် လက်

မှတ်ရေးထိုးခဲ့ပြီးနောက်ပိုင်း NCA နှင့်ပတ်သက်သည့် နိုင်ငံရေးတိုးတက်ဖြစ်ထွန်းမှုများကို သက်သေပြနိုင်ရန် ပိုမို ရုန်းကန်လာရတော့သည်။ အဖွဲ့အစည်းလိုက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်စေရန် အားကြိုးမာန်တက်ကြိုးပမ်းခဲ့ကြလင့်ကစား NCA အဖွဲ့ဝင်များသည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုမူဘောင်နှင့် NCA အတွင်း ဖော်ပြထားသည့်အတိုင်း နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု ပြုလုပ်သွားရမည့် ၎င်းတို့၏ ကတိကဝတ်များကို မည်သည့်အခါကမှ အပြည့်အဝ လိုက်နာစောင့်ထိန်းနိုင်ခြင်း မရှိခဲ့ကြပေ။ လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် ကိစ္စရပ်များအပေါ် အငြင်းပွားနေသည့် အချိန်များဖြင့်သာ သိသိသာသာ အချိန်ကုန်နေခဲ့ကြသဖြင့် ပဋိပက္ခကိုမောင်းနှင်လျက်ရှိသည့် တိုင်းရင်းသားများ၏ နာကျည်းနစ်နာချက်များကို ကိုင်တွယ်ဖြေရှင်းပေးမည့် နိုင်ငံရေးအပြောင်းအလဲများဖော်ဆောင်သွားရန်နှင့်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ သဘောတူညီချက် ရယူသွားရန် ရည်မှန်းထားကြသည့် အကျိုးပတ်သက်ပါဝင်သူအစုအဖွဲ့များကို ကျေနပ်မှုရရှိစေမည့် အနှစ်သာရပြည့်ဝသည့် အကျိုးရလဒ်များ ထွက်ပေါ်လာခြင်း မရှိတော့ပေ။ ဤကဲ့သို့သော မအောင်မြင်မှုများက ယခင် နဝတ–နအဖလက်ထက် အပစ်အခတ်ရပ်စဲရေး ကာလများအတွင်း နိုင်ငံရေးသဘောတူညီချက်မရရှိခဲ့သည့် အခြေအနေမျိုးကို ပဲ့တင်ထပ်လျက်ရှိပြီး ယခုတစ်ကြိမ်၌လည်း EAOs များအကြား အကွဲအပြဲများကိုသာ ဖြစ်ပေါ်လာစေခဲ့ပြီး အောက်ခြေလူထုလူတန်းစားများ၏ ထောက်ခံမှုကို လက်လွတ်ဆုံးရှုံးခဲ့ရပြန်သည်။

အစောပိုင်း၌ NCA ယန္တရားအတွင်း ထည့်သွင်းစဉ်းစားထားသည့် ဖွဲ့စည်းတည်ဆောက်ပုံ အစီအစဉ်ရေးဆွဲမှုသည်အတိတ်ကာလ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၏ မအောင်မြင်ခဲ့သည့် ပြယုဂ်ကို ချေဖျက်နိုင်သည့် လမ်းကြောင်းများကို ရှာဖွေတွေ့ရှိလိမ့်မည်ဟု မျှော်လင့်ချက်ကြီးခဲ့ကြသည်။ သဘောတူညီချက်သည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုနှင့် ပြုပြင်ပြောင်းလဲရေးအတွက် အဆင့်ခုနှစ်ဆင့်ပါလုပ်ငန်းစဉ်ကို ပြင်ဆင်ပေးခဲ့သည်။ ဤလမ်းပြမြေပုံ၏ဒုတိယအဆင့်အဖြစ် NCA လက်မှတ်ရေးထိုးပြီးနောက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအလွန်၌ စေ့စပ်ညှိနှိုင်းခဲ့ကြသည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုမူဘောင်၌ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏အလုပ်အဖွဲ့၊ UPDJC အတွင်းရေးမှူးအဖွဲ့နှင့်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ ပြန်လည်အစီရင်ခံရမည့် 'အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးမှု' ပုံစံသုံးမျိုးပါရှိသည့် အလွှာရှုပ်ထွေးသည့် ယန္တရားတစ်ခုကို ရေးဆွဲပြင်ဆင်ပေးထားသည်။ အမျိုးသားအဆင့် တွေ့ဆုံဆွေးနွေးရေး ပုံစံသုံးမျိုး

နေပြည်တော်ရှိ ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံပြင်ဆင်ရေးဆိုင်ရာ တတိယအကြိမ်မြောက် UPC-21CP အစည်းအဝေး (ဆွေးနွေးပွဲ)

ကိုတိုင်းရင်းသားမျိုးနွယ်စုအဆင့်၊ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်နှင့်အရပ်ဖက်အဖွဲ့အစည်းများစီစဉ်ဖော်ဆောင်ရမည့် ခေါင်းစဉ်အလိုက်ဆွေးနွေးမှုဟူ၍ အသီးသီး ခေါင်းစည်းတည်ထားခဲ့သည်။ ဤအဆင့်လိုက် လုပ်ငန်းစဉ်ကို ခြောက်လတစ်ကြိမ် ထပ်ခါတလဲလဲဖော်ဆောင်သွားရန် ရေးဆွဲပြင်ဆင်ခဲ့သည် ('NCA အကောင်အထည်ဖော်ရေး ယန္တရား' စာကွက်ကိုကြည့်ပါ)။

ဤလုပ်ငန်းစဉ်အောက်၌ ဘုံသဘောတူညီချက်ရေးဆွဲဖော်ထုတ်ရာတွင် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးမှုသည် NCA နိုင်ငံရေးလမ်းပြမြေပုံပါ အဆင့်ခုနစ်ဆင့်၏ တတိယမြောက်အဆင့်၌ ဖော်ဆောင်သွားရန် ပြင်ဆင်ထားခြင်းဖြစ်သည်။ အမျိုးသားအဆင့်ဆွေးနွေးမှုပုံစံအမျိုးမျိုးသည် ထိပ်သီးအဆင့်မြင့်လုပ်ငန်းစဉ်နှင့် ကျယ်ပြန့်သည့် လူထုပူးပေါင်းပါဝင်မှုကို အဓိကချိတ်ဆက်ပေးရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ ဤကွာဟချက်ကို ဖြေရှင်းရန်ကြိုးပမ်းမှုအဖြစ် အကြိမ်ကြိမ်ဖော်ဆောင်သွားရန် ပြင်ဆင်ထားသည့်ပုံစံသည် အောက်ခြေလူထုလူတန်းစားများ၏ အကြံပြုချက်များရယူရန်နှင့် လုပ်ငန်းစဉ်၏ ရှင်းလင်းသဲကွဲမှုမရှိသည့် အဆင့်များအတွင်း ဖြစ်ပျက်လျက်ရှိသည့် ကိစ္စရပ်များကို လူထုအားပြန်လည် ချပြနိုင်စေမည့် ကနဦးဝင်ပေါက်များအဖြစ် ဖန်တီးပေးသွားရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုမူဘောင်အရ လက်မှတ်ထိုးအဖွဲ့ဝင် EAOs များကို ကိုယ်စားပြုလျက်ရှိသည့် တိုင်းရင်းသား အင်အားစုအသီးသီးသည် အဆိုပါဆွေးနွေးပွဲများကို ခြောက်လတစ်ကြိမ်ကျ ပုံမှန်ဖော်ဆောင်သွားရမည်ဖြစ်သည်။

မည်သို့ဆိုစေကာမူ ကနဦးတာလွတ်ချိန်မှစ၍ သတ်မှတ်ထားသည့် အစည်းအဝေးများနှင့် အချိန်ဇယားများအတိုင်း လိုက်လံဖော်ဆောင်ရာ၌ အခက်အခဲပေါင်းစုံ ကြုံတွေ့လာရတော့သည်။ အာဏာလွှဲပေးရမည့် USDP အစိုးရနှင့် အာဏာရလာသည့် NLD အစိုးရနှစ်ရပ်စလုံးသည် နိုင်ငံရေးလုပ်ငန်းစဉ်ကို အဆင့်လိုက်နေရာချထားမှုကို ပြောင်းလွယ်ပြင်လွယ်ရှိသည်ဟု သဘောထားခဲ့ကြသည်။ ပထမအချက်အနေဖြင့် သမ္မတဦးသိန်းစိန်သည် ၎င်းမဆင်းမီနှင့် အမျိုးသားအဆင့်ဆွေးနွေးပွဲများ စီစဉ်နေရာချထားမှုမတိုင်မီ ၂၀၁၆ ဇန်နဝါရီလအတွင်း ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးညီလာခံ ဖော်ဆောင်သွားနိုင်ရန် ဦးစားပေးဆောင်ရွက်ခဲ့သည်။ ဒုတိယအချက်အနေဖြင့် အာဏာရလာသည်နှင့် တစ်ပြိုင်နက် NLD အစိုးရသည် တိုင်းရင်းသားငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးကို ကျားကန်ပေးသွားမည့် ပါတီ၏ ယန္တရားတစ်ခုဖြစ်လာမည့် ၂၁ ရာစု ပင်လုံညီလာခံသစ် ခေါ်ယူကျင်းပသွားမည်ဟု ထုတ်ပြန်ကြေညာသွားခဲ့သည်။

အလွန်အရေးပါသည့် အချိုးအကွေ့တစ်ခု ဖြစ်လာခဲ့သည်။ နောက်ဆက်တွဲအဖြစ် ၂၀၁၆ ခုနှစ် ဩဂုတ်လ အတွင်းခေါ်ယူကျင်းပသွားခဲ့သည့် ပထမအကြိမ်မြောက် 'UPC–21CP' ('21 UPC' ဟုလည်းခေါ်ဆိုကြသည့်) အစည်းအဝေး၌ NLD ၏ ၂၁ ရာစုပင်လုံနှင့် NCA ၏ UPC တို့ကို ပေါင်းစည်းဖော်ဆောင်သွားခဲ့သည်။ ဤပထမအကြိမ်မြောက် အစည်းအဝေးသို့ EAOs အများစုသည်လည်း အမှန်တကယ် ပင်တက်ရောက် ပါဝင်ခဲ့ကြသည်။ သို့သော်လည်း TNLA၊ MNDAA နှင့် ULA/AA တို့ကို ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ ပေါ်တင်ချန်လှပ်ထားခဲ့သည်။ ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း၌ တိုက်ပွဲများဖြစ်ပွားလာခဲ့ပြီးနောက်ပိုင်း NCA လက်မှတ်ရေးထိုးခဲ့ကြခြင်းမရှိသည့် EAOs များသာမက ပဋိပက္ခဒဏ်သင့်ရပ်ရွာဒေသများ၌ နေထိုင်လျက်ရှိသည့် လူထုလူတန်းစား အများအပြားသည်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ ကန့်ထုတ်ခံလိုက်ရသည့် ခံစားချက်မျိုးစတင်ရရှိလာခဲ့သည်။ ဆန်းသစ်ဖောက်ထွက်မှုကို အကြီးအကျယ် လိုအပ်နေဆဲဖြစ်သော်လည်း လှေထိုးကြီးရိုးရိုးရှေးရိုးစွဲ အမြင်များသည်သာလျှင် အစားထိုးသွားခဲ့သည်။ NCA ကို မိတ်ဆက်ဖော်ဆောင်ခဲ့သည် မှန်သော်လည်း တစ်ဆစ်ချိုးငြိမ်းချမ်းရေး အလှည့်အပြောင်းမျိုး ပေါ်ထွက်လာခြင်းမရှိခဲ့သဖြင့် မည်သည့်လုပ်ငန်းစဉ်က တစ်နိုင်ငံလုံးကို လွှမ်းခြုံမှုရှိစေမည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမျိုးကို ဆောင်ကြဉ်းပေးမည်မှန်း ရေရာသေချာမှုမရှိဘဲ အလွန်ဝေဝါးနေဆဲဖြစ်သည် ('မအောင်မြင်ခဲ့သည့် ငြိမ်းချမ်းရေးနှင့် ရှေ့နောက်ညီညွတ်မှု မရှိသည့် လုပ်ငန်းစဉ်' ကိုကြည့်ပါ)။

အလားတူအရေးကြီးသည့်အကြောင်းအရာတစ်ခုမှာနိုင်ငံရေး တွေ့ဆုံဆွေးနွေးမှု မူဘောင်အောက်ရှိ 'အမျိုးသားအဆင့်' ဆွေးနွေးပွဲများ စီစဉ်ကျင်းပရာ၌ လိုက်နာရမည့်စည်းကမ်းချက်များကို သေချာစဉ်းစားပြင်ဆင်ထားခြင်းမရှိခဲ့ကြောင်း အလျင်အမြန် မြင်သာလာသည့်အချက်ဖြစ်သည်။ ၎င်းတို့သည် နိုင်ငံရေးကိစ္စ တွေ့ဆုံဆွေးနွေးကြမည့်ဆုံမှတ်တစ်ခုထက်စာလျှင် သရုပ်ပြပွဲတစ်ခုနှင့် ပို၍အလားသဏ္ဌာန်တူသည့် အထောက်အထားများကိုသာ ပိုမိုတွေ့ရှိ လာရသည်။ အားနည်းချက်ပေါင်းများစွာအနက် EAOs နှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများကို ဖယ်ကြဉ်ချန်

လုပ်ထားမှုသည် NCA ၌ပါရှိနေသည့် မူဝါဒတစ်ခုမဟုတ်ခဲ့ဘဲ အစိုးရဇာတ်ကောင်များ၏ ဆုံးဖြတ်ချက်များသာဖြစ်နေခဲ့ပြီး အရပ်ဖက်လူ့အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ ဒေသကိုယ်စားပြု EAO များ NCA လက်မှတ်ထိုးအဖွဲ့ဝင်ဖြစ်နေမှသာလျှင် ပူးပေါင်းပါဝင်ခွင့် ရှိသည်ဟူသည့်အချက်သည်လည်း လုံးဝအဓိပ္ပာယ်ကင်းမဲ့လျက်ရှိသည်။ အဘယ်ကြောင့် ဤဆွေးနွေးမှုလမ်းကြောင်းကို NCA လက်မှတ်ရေးထိုး၍ အပစ်အခတ်မရပ်စဲခင် ဖော်ဆောင်ပိုင်ခွင့်မရှိရသနည်း။[၅၇]

ဤကဲ့သို့သော နောက်ခံအခြေအနေမျိုး ရှိနေခဲ့ကြသော်လည်း ကနဦး 'UPC–21CP' အစည်းအဝေးခေါ်ယူကျင်းပခဲ့ပြီးသည့် နောက်ပိုင်းလများအတွင်း ပထမဦးဆုံးသောတိုင်းရင်းသားအခြေပြု 'အမျိုးသားအဆင့်' ဆွေးနွေးပွဲများကို ကရင်စတင်ခဲ့ပြီးနောက် ပအိုဝ်းနှင့် ချင်းလူထုများကလည်း စတင်ခေါ်ယူကျင်းပခဲ့ကြသည်။ 'သေချာပြင်ဆင်ထားခြင်းမရှိ' ဟု တက်ရောက်ခဲ့ကြသူများ ဝေဖန်ခဲ့ကြသော်လည်း အစိုးရ၏ဦးဆောင်မှုဖြင့် နောက်ထပ်ပြည်နယ်/တိုင်းဒေသကြီးအလိုက် 'အမျိုးသားအဆင့်' တွေ့ဆုံဆွေးနွေးပွဲ သုံးခုအပါအဝင် နောက်ထပ်ခေါင်းစဉ်အလိုက် ဆွေးနွေးပွဲ နှစ်ခုကိုပါ နေပြည်တော်၌ ခေါ်ယူကျင်းပသွားခဲ့သည်။[၅၈] သို့ရာတွင် ၎င်းတို့၏ သက်ဆိုင်ရာ EAOs များအနေဖြင့် NCA လက်မှတ်ထိုးအဖွဲ့ဝင် ဖြစ်နေခဲ့သော်လည်း အစိုးရသည် ရခိုင်၊ ဗမာ[၅၉] သို့မဟုတ် ရှမ်းလူထုများအကြား အမျိုးသားအဆင့် ဆွေးနွေးပွဲများ ခေါ်ယူကျင်းပခွင့်မပြုဘဲ ငြင်းဆန်သွားခဲ့သည် ('အမျိုးသားနိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများ' စာကွက်ကိုကြည့်ပါ)။

ထိုအချိန်မှစ၍ အရေးပါသည့် အတားအဆီးကြီးများပေါ်ထွက်လာခဲ့တော့သည်။ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ၏ ခိုင်စိုးနိုင်အောင်က 'ကျနော်တို့မှာ အမျိုးသားနိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲ မလုပ်ခဲ့ရတဲ့အတွက်' ၎င်းတို့၏ပါတီအနေဖြင့် 'UPC–21CP' သို့ ဘာမှတင်သွင်းစရာရှိလိမ့်မည်မဟုတ်ဟု ပြောဆိုသွားခဲ့သည်။[၆၀] မူအားဖြင့် UPDJC အဖွဲ့ဝင် ၄၈ ဦးသည် မည်သည့်အဖွဲ့များကို အမျိုးသားနိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခွင့်ပြုသင့်သည်ဟု တိုက်တွန်းအကြံပြုနိုင်ကြသည်။ သို့သော်လည်း လုပ်ငန်းစဉ်တွင်း ရှေ့နောက်မညီညွတ်မှုများကို ကြည့်ခြင်းအားဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးစင်တာမှအစိုးရအရာရှိတစ်ဦးက 'နောက်ဆုံးအတည်ပြုဆုံးဖြတ်ချက်' ကို နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသွားခဲ့သည်။[၆၁] ၎င်းက 'ကျနော်တို့အနေနဲ့ ALP ကို နည်းနည်းလောက်ထပ်ပြီးစိတ်ရှည်သည်းခံပေးပါလို့ပဲ ပြောခဲ့ရတယ်' ဟုဆက်လက်ပြောဆိုသွားခဲ့သည်။[၆၂]

ပိုမိုဆိုးရွားသည့် ကိစ္စရပ်များ ထပ်မံလိုက်ပါလာတော့မည့်ပုံပေါ်ခဲ့သည်။ ရခိုင်ပြည်နယ်နှင့် ပတ်သက်၍ ရိုဟင်ဂျာ အကျပ်အတည်းနှင့် တပ်မတော်နှင့် ULA/AA ကြားပဋိပက္ခများက အောက်ခြေမြေပြင်ရှိ NCA တိုးတက်ဖြစ်ထွန်းမှုပေါ် အရိပ်ဖုံးသွားစေခဲ့သည်။ သို့သော်လည်း နောက်ပိုင်းနှစ်များ၏ အမျိုးသားနိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲခေါ်ယူကျင်းပပိုင်ခွင့်အပေါ် အငြင်းပွားမှုများက အလွန်အရေးပါသည့်ညှိနှိုင်းဆွေးနွေးမှုအဆင့် ရောက်နေချိန်၌တိုးတက်ဖြစ်ထွန်းမှုမရရှိစေရန် တားဆီးခံလိုက်ရသည့် ရှမ်းပြည်နယ်ကဲ့သို့သော ပြည်တွင်းအခြားဒေသရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို သိသိသာသာနှေးကွေးသွားစေခဲ့သည်။

ဤနေရာ၌ ပူးတွဲအကောင်အထည်ဖော်ရေး ညှိနှိုင်းဆွေးနွေးမှု အစည်းအဝေး (JICM) စတင်ခေါ်ယူကျင်းပခဲ့သည့် နောက်ပိုင်းအပြန်အလှန်ညှိနှိုင်း သဘောတူထားသည့်နယ်မြေဒေသများ၌ အမျိုးသားနိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများအတွက် အကြိုပြင်ဆင်သည့်အနေဖြင့် လူထုဆွေးနွေးတိုင်ပင်ပွဲ ၁၄ ခုဖော်ဆောင်သွားရန် ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီကို အစိုးရဖက်က ကနဦး၌ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။ သို့သော်လည်း တောင်ကြီးမြို့၌ပထမဦးဆုံး အစည်းအဝေးကျင်းပသွားမည့် RCSS ရွေးချယ်မှုကို အာဏာပိုင်များက ခွင့်ပြုပေးရန်ငြင်းဆန်ခဲ့ကြသည်။ နောက်ပိုင်း ပင်လုံမြို့နှင့် အခြားနေရာဒေသများ၌ ဆွေးနွေးပွဲများ ခေါ်ယူကျင်းပနိုင်ရန် ရှမ်းအင်အားစုများကြိုးပမ်းသည့်အခါတိုင်း တပ်မတော်မှ လက်နက်ကိုင်တပ်ဖွဲ့များဖြင့် ရောက်ရှိလာခဲ့ပြီး တက်ရောက်လာကြသူများကို ခြိမ်းခြောက်ပြောဆိုကာ လူထုဆွေးနွေးတိုင်ပင်ပွဲပျက်စေရန် ဝင်ရောက်နှောက်ယှက်လာခဲ့သည်။[၆၃]

ဤကဲ့သို့သော ဖျက်လိုဖျက်ဆီးလုပ်ရပ်သည် အာဏာရခါစ NLD အစိုးရသစ်လက်ထက်၌ NCA အပေါ် ယုံကြည်စိတ်ချမှုကို ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးစေခဲ့သည်။ NLD ၏ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးမှုအစီအစဉ်များကိုဝိုင်းဝန်းကူညီပေးရန် ၎င်းညွှန်ကြားထားသည့်ထုတ်ပြန်စာကို ပြန်လည်ပယ်ဖျက်ခဲ့ပြီးနောက် ရှမ်းဆွေးနွေးပွဲများပြုလုပ်ပျက်စီးသွားခဲ့ခြင်းက NCA လုပ်ငန်းစဉ်ကို ပို၍

ကမောက်ကမ ဖြစ်သွားစေခဲ့သည်။[၆၄] အစိုးရ၏ 'NLD–တပ်မတော်' နှစ်ဖက်လှယ်ကွန်ရားအောက်၌ တပ်မတော်ခေါင်းဆောင်များသည် ရှမ်းလူထုများ၏ NCA အရဆွေးနွေးပွဲများခေါ်ယူကျင်းပသွားမည့် ကြိုးပမ်းအားထုတ်မှုများကို အောင်အောင်မြင်မြင် တားဆီးပိတ်ပင်နိုင်ခဲ့သဖြင့် အများပြည်သူအမြင်၌ NLD သည် လက်နက်ကိုင်စစ်တပ်ကို လိုက်လျောနာခံနေရပြီဟု အထင်ရောက်သွားစေခဲ့သည်။ NCA လက်မှတ်ထိုးအဖွဲ့ဝင်ဟူသည့် အခြေခံမှကြည့်ပါက ပြည်နယ်နေတိုင်းရင်းသားမျိုးနွယ်စုများကို ကိုယ်စားပြုသည့် EAOs နှစ်ဖွဲ့သာရှိရာ၌ RCSS သည်လည်း တစ်ဖွဲ့အပါအဝင်ဖြစ်လာမည့်အပေါ် စိတ်အလိုမကျမှုများ ရှိနှင့်ပြီးဖြစ်နေခဲ့သည်။ အခြားအင်အားနည်းပါးသည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ်ကဲ့သို့သော တော်လှန်ရေးအဖွဲ့သည် ဟိုပုန်းမြို့၌ တိုင်းရင်းသားအခြေပြု ဆွေးနွေးပွဲခေါ်ယူကျင်းပရန် ခွင့်ပြုချက်ရရှိခဲ့သည်။

နောက်ပိုင်း၌ ရှမ်းပြည်နယ်စည်းလုံးညီညွတ်ရေးကော်မတီ (RCSS အဖွဲ့ဝင်ဖြစ်နေသည့်) ၏ ဦးဆောင်မှုဖြင့် ပြည်နယ်တစ်လွှားရှိ မြို့နယ်များ၌ NCA ရည်မှန်းချက်များနှင့်အညီ အစည်းအဝေးများကို သိုသိုသိပ်သိပ်ခေါ်ယူကျင်းပသွားခဲ့သည်။[၆၅] သို့သော်လည်း အမျိုးသားအဆင့် ဆွေးနွေးပွဲ လုပ်ငန်းစဉ်အပေါ် ထိခိုက်ပျက်စီးစေခဲ့သည့် ရလဒ်ကို ဘယ်သောအခါမှ ပြန်လည်ကုစားနိုင်ခြင်း မရှိတော့သလို RCSS ခေါင်းဆောင်များကလည်း ၎င်းတို့၏ ယုံကြည်မှု ထိခိုက်ပျက်စီးသွားပြီဟု ဝန်ခံပြောဆိုသွားခဲ့သည်။ ဤကဲ့သို့သော ဆွေးနွေးပွဲကျရှုံးမှုများကြောင့် NCA လုပ်ငန်းစဉ်အပေါ် အများပြည်သူ၏ တရားဝင်လက်ခံမှု ထပ်မံဆုံးရှုံးခဲ့ရခြင်းက နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးမှုများအတွက်ကြီးမားသည့် အတားအဆီးကြီးတစ်ခု ဖြစ်လာခဲ့သည်။ တည်နေရာနှင့် နယ်မြေအကျယ်အဝန်းအရ ကြည့်မည်ဆိုပါက ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနှင့်အမျိုးသားနိုင်ငံရေးဇာတ်ခုံပေါ်၌အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း တွေ့မြင်နေရသည်။[၆၆] EAO ခေါင်းဆောင်များသည်လည်း အားလုံးလွှမ်းခြုံပါဝင်မှုနှင့် တိုင်ပင်ဆွေးနွေးမှု ကင်းမဲ့လျက်ရှိသည့် ဤဖြစ်စဉ်မှ အလေးထားဖွယ်ရာကောင်းသည့် သင်ခန်းစာတစ်ခုကိုလေ့လာသင်ယူခဲ့ကြသည်။ ၎င်းတို့အတွက် အများပြည်သူ၏ တရားဝင်လက်ခံမှုနှင့် အကျိုးပတ်သက်ပါဝင်သူအားလုံးပါဝင်မှုရှိစေသည့် လုပ်ငန်းစဉ်တစ်ခုမရှိဘဲ နိုင်ငံရေးအရ အရင်းအနှီးကြီးမားသွားနိုင်သည့် အပေးအယူမျိုးကိုလက်ခံသဘောတူနိုင်ရန် အလွန်ခဲယဉ်းသွားခဲ့ပြီဖြစ်သည် ('NCA ကို ပြန်လည်သုံးသပ်အကဲဖြတ်ခြင်း – KNU နှင့် RCSS' ကို ကြည့်ပါ)။

အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို ကဖျက်ကယက်လုပ်၍ တားဆီးပိတ်ပင်မှုများသည် နောက်ထပ် EAOs နှစ်ဖွဲ့ဖြစ်သည့် လားဟူဒီမိုကရက်တစ်အစည်းအရုံးနှင့် မွန်ပြည်သစ်ပါတီတို့ကို NCA သဘောတူလက်မှတ်ရေးထိုးကြရန် စည်းရုံးနားချနိုင်ခဲ့သည့် ၂၀၁၈ ခုနှစ်နောက်ပိုင်းကာလများအထိ ဆက်လက်ဖြစ်ပွားနေခဲ့သည်။[၆၇] LDU နှင့် ပတ်သက်၍ လူထုဆွေးနွေးတိုင်ပင်ပွဲများပြုလုပ်ခွင့်ပေးခဲ့သော်လည်း အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲများ လိုက်ပါလာခြင်း မရှိခဲ့ပေ။ အမှန်တကယ်တမ်း၌ NCA အဖွဲ့ဝင် EAOs များအကြား ၂၀၁၈ ခုနှစ် မေလအတွင်း ခေါ်ယူကျင်းပနိုင်ခဲ့သည့် NMSP မှလွဲ၍ ၂၀၁၈ ခုနှစ် ဒုတိယနှစ်ဝက်နောက်ပိုင်း မည်သည့်အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကိုမျှတရားဝင်ကျင်းပခြင်းမရှိခဲ့ကြတော့ပေ။ ဆွေးနွေးပွဲအခမ်းအနား တည်နေရာနှင့် အရွယ်အစားအပေါ် တပ်မတော်အရာရှိများနှင့် အချေအတင် စေ့စပ်ညှိနှိုင်းခဲ့ပြီးနောက်ပိုင်းမှသာ ဤရလဒ်မျိုး ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ စိတ်ပျက်ရမှုများနှင့် ပတ်သက်၍ NMSP အရာရှိများကလည်း ဤလုပ်ရပ်သည် လူထုတွေ့ဆုံစည်းဝေးပွဲကျင်းပပိုင်ခွင့်ကို တားဆီးပိတ်ပင်ရန် တမင်ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းတို့လက်ခံယုံကြည်ထားကြောင်း ပွင့်ပွင့်လင်းလင်းပင် ထုတ်ဖော်ပြောဆိုသွားခဲ့ကြသည် ('NMSP ခေါင်းဆောင် နိုင်ဟောင်ဆာနှင့် NCA လူထုတွေ့ဆုံဆွေးနွေးပွဲများ' စာကွက်ကိုကြည့်ပါ)။

ဤကဲ့သို့သော ဝေဖန်ထောက်ပြချက်များကို မည်သည့်အခါကမှ လက်ခံစဉ်းစားပေးခဲ့ဖူးခြင်း မရှိပေ။ ၂၀၂၀ နှစ်ကုန်ပိုင်းတစ်လျှောက် NCA လက်မှတ်ထိုးအဖွဲ့ဝင် EAOs ဆယ်ဖွဲ့အကြား (၂၀၁၅ ခုနှစ် အောက်တိုဘာလမှစတင်၍ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ၌ နောက်တိုးအဖွဲ့နှစ်ခုဖြင့် တိုင်းရင်းသားမျိုးနွယ်စုငါးခုကို ကိုယ်စားပြုထားသည့်) ဆယ်ကြိမ်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို အထောက်အကူပြုရန် တိုင်းရင်းသားအခြေပြု အမျိုးသားအဆင့်တွေ့ဆုံဆွေးနွေးပွဲ စုစုပေါင်း ၃၈ ပွဲဖော်ဆောင်ပြီးသား ဖြစ်နေရမည်ဖြစ်သည်။ ယင်းအစား တိုင်းရင်းသားအခြေပြု အမျိုးသားအဆင့်ဆွေးနွေးပွဲ ၄ ခု[၆၈] နှင့် UPCs ငါးကြိမ်သာ ခေါ်ယူကျင်းပခဲ့ရာ၌ အနက်လေးကြိမ်ကို UPC–21CPs များအဖြစ် ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈နှင့် ၂၀၂၀ ခုနှစ်များအတွင်းမှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။ ဆွေးနွေးမှုလုပ်ငန်း

စဉ်အပေါ် ကျေနပ်သဘောကျမှု မရှိခဲ့ကြသည့်အပေါ် အာဏာပိုင်များ၏ အဓိကတုံ့ပြန်သည့်ပုံစံမှာ နိုင်ငံရေး အရံအတားများကို ဖြိုချဖျက်ဆီး၍ NCA ၏ ရှုပ်ထွေးလွန်းလှသည့်ယန္တရားကို ပြောင်းလဲပြင်ဆင်ရမည့်အစား လူထုပူးပေါင်းပါဝင်မှုကို ချန်လှပ်ထားမည့် ပကတိအထက်အောက် အာဏာရှင်ဆန်လွန်းသည့် လုပ်ငန်းစဉ်ကိုသာ ပွဲထုတ်လာခဲ့ခြင်းဖြစ်သည်။ အပေါ်ယံကြည့်ပါက ကျရှုံးမှုများသည် နည်းစနစ်အမှားအယွင်း ဖြစ်နေသကဲ့သို့ သုံးသပ်ယူဆရသော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ပါဝင်ခဲ့ကြသည့် အင်အားစုအများအပြားက တမင်ဖန်တီးထားသည့် အတားအဆီးများဖြစ်နေသည်ဟု လက်ခံယုံကြည်ခဲ့ကြသလို EAOs များအကြား တွေ့ဆုံစည်းဝေးမှု ပြုလုပ်သည့်အခါတိုင်း စိတ်ပျက်စိတ်ကုန်ရကြောင်း အမြဲလိုလိုထုတ်ဖော်ပြောဆိုရသည့် ကိစ္စရပ်တစ်ခုဖြစ်လာခဲ့သည် (‘တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ တွေ့ဆုံစည်းဝေးပွဲများကို ဟန့်တားနှောက်ယှက်မှုများ’ စာကွက်ကို ကြည့်ပါ)။

ဤအကန့်အသတ်များကို ကျော်လွှားနိုင်စေရန် ကြိုးပမ်းသည့်အနေဖြင့် NCA အဖွဲ့ဝင် EAO များ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) မှ ၂၀၂၀ ခုနှစ် ဇန်နဝါရီလအတွင်း ထိုင်းနိုင်ငံမြောက်ပိုင်းဒေသရှိ ချင်းမိုင်မြို့၌လာမည့် UPC–21CP ညီလာခံအတွက် အကြုံပြုင်ဆင်သည့်အနေဖြင့် တွေ့ဆုံစည်းဝေးခဲ့ကြသည်။ လက်မှတ်ထိုးအဖွဲ့ဝင် EAO ဆယ်ဖွဲ့စလုံး၏ ကိုယ်စားလှယ်များသည် အနာဂတ်ငြိမ်းချမ်းရေးညီလာခံများ၏ အစီအစဉ်နှင့် ခေါ်ယူကျင်းပသွားမည့် ပုံစံအပေါ် အားလုံးလက်ခံနိုင်မည့် ဘုံရပ်တည်ချက်ဖော်ထုတ်ရန် တက်ရောက်ပါဝင်ခဲ့ကြသည်။ နောက်ပိုင်းအစိုးရနှင့် အလုပ်အဖွဲ့အကြား တွေ့ဆုံစကားပြောသည့်အခါ ထိုရပ်တည်ချက်ကို ဆွေးနွေးတင်ပြသွားရန်ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ ယခုတစ်ကြိမ်၌လည်း အမျိုးသားနိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများ အပူတပြင်းဖော်ဆောင်သွားရန် လိုအပ်ကြောင်း ထပ်မံပြောဆိုသွားခဲ့ကြသည်။ ABSDF ဥက္ကဋ္ဌကိုသံခဲက ၂၁ ရာစုပင်လုံ ရည်မှန်းချက်များပြည့်ဝလိုပါက ဤကိစ္စရပ်ကို ‘ရှောင်လွှဲနေလို့မရတော့ဘူး’ ဟု ပြောဆိုသွားခဲ့သည်။[၆၉] ထို့အပြင် RCSS ကလည်း ၎င်းတို့အနေဖြင့် အဆိုပါဆွေးနွေးပွဲကို လက်ခံကျင်းပသွားရန် ၂၀၂၀ ခုနှစ် ကတည်းက အစိုးရ၏ ခွင့်ပြုချက်ရရှိထားပြီးဖြစ်သည်ဟု ဆွေးနွေးတင်ပြသွားခဲ့သည်။ NCA အကောင်အထည်ဖော်ရေးအတွက် အရွေ့သစ်တစ်ခုကို စတင်အသက်သွင်းနေကြပြီဟု သုံးသပ်ယူဆခဲ့ကြသည်။

သို့သော်လည်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပျံ့နှံ့လာခဲ့ပြီးနောက်ပိုင်း အခမ်းအနားအစီအစဉ်များနှင့်ငြိမ်းချမ်းရေးအစည်းအဝေးများအားလုံးကမောက်ကမဖြစ်ကုန်တော့သည်။ စီစဉ်ထားခဲ့သည့် ရုမ်းပြည်နယ်ဆွေးနွေးပွဲသည်လည်း ကပ်ရောဂါကြောင့် ချက်ခြင်းဆိုသလို ပျက်ပြယ်သွားခဲ့သည်။ သို့ဖြစ်၍ ယခုတစ်ကြိမ်ဖော်ဆောင်မှုကို တပ်မတော်အနေဖြင့် ဆက်လက်ဆွေးနွေးရန် ခွင့်ပြုပေးနိုင်ခြေရှိမရှိ မသိရှိနိုင်တော့ပေ။ နောက်ပိုင်း ၂၀၂၀ ခုနှစ်သြဂုတ်လအတွင်းတင်းကျပ်သည့်ထိန်းချုပ်ရေးစည်းကမ်းချက်များဖြင့် ဖော်ဆောင်သွားခဲ့သည့် UPC–21CP သည်လည်း ဤကန့်သတ်ချက်များကို ဖြေရှင်းပေးရန်ပျက်ကွက်ခဲ့သည်။ မည်သို့ဆိုစေကာမူ နစ်နာဆုံးရှုံးမှုများ ဖြစ်ပျက်ပြီးနေခဲ့ပြီဖြစ်သည်။အမျိုးသားနိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲနှင့် NCA ၌ ဖော်ပြပါရှိသည့် အခြားတွေ့ဆုံဆွေးနွေးပွဲများကို ဖျက်လိုဖျက်ဆီးပြုလုပ်ခြင်းက အစိုးရနှင့် တပ်မတော်တို့နှစ်ဖက်စလုံးသည် NCA စည်းမျဉ်းစည်းကမ်းများအောက်၌ ကတိထားခဲ့သည့်အတိုင်း နိုင်ငံရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်သွားရမည့် ကတိကဝတ်များနှင့် အညီလိုက်နာဆောင်ရွက်ရန်ဆိုးဆိုးရွားရွားပျက်ကွက်ခဲ့ခြင်းပင် ဖြစ်တော့သည်။

အလားတူပင် တပ်မတော်ဖက်မှ ဆွေးနွေးပွဲလုပ်ငန်းစဉ် အဆင့်တိုင်းကို ၎င်းတို့၏ အကျိုးစီးပွားအတွက် သာအသုံးချခဲ့ပြီး လက်မှတ်ထိုး EAO အဖွဲ့ဝင်များ လိုလားတောင့်တနေသည့် နိုင်ငံရေးအပြောင်းအလဲမျိုး ပေါ်ပေါက်လာခြင်းမရှိစေရန် နည်းလမ်းပေါင်းစုံသုံး၍ လိုက်လံပိတ်ပင်နေခြင်းကလည်း အရုပ်ဆိုးလွန်းလှပါသည်။ စစ်ဖက်ရပ်ဝန်း၌သာမက တပ်မတော်သည် NCA ကို အဓိကကြိုးကိုင်ချယ်လှယ်လျက်ရှိသည့် ဇာတ်ကောင်အဖြစ်လည်း ဆက်ရှိနေခဲ့သည်။ NLD အရာရှိများကလည်း ၎င်းတို့ကိုယ်တိုင် အခက်အခဲပေါင်းများစွာ ရင်ဆိုင်ကြုံတွေ့ နေရကြောင်း နောက်ကွယ်၌ ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ သို့သော်လည်း ပါတီခေါင်းဆောင်များအကြား ဦးတည်ချက်ပျောက်ဆုံးနေကြဆဲဖြစ်သလို တပ်မတော်၏ လုပ်ရပ်အများအပြားသည် NCA နှင့် ရှိရင်းစွဲအပစ်အခတ်ရပ်စဲရေး ကတိကဝတ်များကိုပင် ထောက်ထားခြင်းမရှိဘဲ တပ်မတော်၏ တောင်းဆိုချက်များကိုသာ မျက်စိစုံမှိတ်ခေါင်းညိတ်နေခဲ့သည့် NLD ဦးဆောင်သည့်အစိုးရကြောင့် ဆက်လက်သက်ဆိုးရှည်နေခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က တိုင်းရင်းသားအင်အားစုများသည်လည်း ၎င်းတို့၏ ဘုံအကျိုးစီးပွားလိုလားချက်များကို တစ်သံတည်းဖြစ်အောင် မစုစည်းနိုင်ခဲ့ကြပေ။

NMSP ခေါင်းဆောင်နိုင်ဟောင်ဆာနှင့် NCA လူထုတွေ့ဆုံဆွေးနွေးပွဲများ

၂၀၁၈ ခုနှစ် မေလအတွင်း NMSP ဥက္ကဋ္ဌနိုင်ဟောင်ဆာသည် လူထုဆွေးနွေးတိုင်ပင်ပွဲများ ခေါ်ယူကျင်းပရာ၌ NCA လက်မှတ်ထိုးအဖွဲ့ဝင်များ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ဤသို့ရှင်းလင်းပြောဆိုသွားခဲ့သည်။

"ကျနော်တို့ စစ်ရေးအရ ထိန်းချုပ်ထားတဲ့ နယ်မြေဒေသတွေမှာ လူထုတွေ့ဆုံပွဲတွေ ခေါ်ယူကျင်းပသွားဖို့ ပြင်ဆင်နေခဲ့တဲ့အချိန်မှာ တပ်မတော်ဖက်က အစည်းအဝေးတစ်ခုမှာ လူအယောက် ၂၀-၃၀ ထက် မပိုရဘူးလို့ ပြောလာခဲ့တယ်။ လူအယောက် ၂၀-၃၀ ဆိုတာက ကြက်ဝိုင်းလေးတစ်ခုစာလောက်ပဲ ရှိတာပါ။ ကျနော်တို့တွေ့ဖို့လိုတဲ့ လူတွေက အများကြီးဖြစ်နေတယ်။ ဒီလောက်အရေအတွက်က ဘယ်လိုမှကို မလုံလောက်တာပါ။ ဒီကန့်သတ်ချက်ကို UPDJC အစည်းအဝေးတုန်းကလည်း ပြောဆိုခဲ့တာမျိုးမရှိပါဘူး။ လူထုဆွေးနွေးပွဲတွေကို ခေါ်ယူကျင်းပသွားဖို့အတွက် မြေပြင်မှာ ကျနော်တို့အကြိုပြင်ဆင်မှုတွေ အမှန်တကယ်စလုပ်လာတဲ့အခါကျမှ ဒီကန့်သတ်ချက်ကြီး ပေါ်လာခဲ့တာပါ။ ကျနော်တို့အနေနဲ့ ဒီကန့်သတ်ချက်အပေါ် ကျေနပ်လက်ခံနိုင်စရာအကြောင်း မရှိပါဘူး။ ဒါမျိုးကို ကျနော်တို့ မွန်တွေချည်းပဲ ကြုံတွေ့ခဲ့ရတာမဟုတ်ပါဘူး။ RCSS တုန်းကလည်း ရှမ်းပြည်နယ်ထဲမှာ အလားတူကြုံတွေ့ ခဲ့ရပြီးဖြစ်တယ်။ အစိုးရကိုယ်တိုင် ခွင့်ပြုပေးခဲ့ပြီးဖြစ်တဲ့ နယ်မြေတွေမှာ ခေါ်ယူကျင်းပသွားမယ့်ကိစ္စကို တပ်မတော်ကချည်း လိုက်ပြီးကန့်သတ်ချုပ်ချယ်နေတာပါ။ တစ်ချို့နေရာတွေမှာဆိုရင် လုံးဝကို အပိတ်ခံလိုက်ရတာပါ။ ဒါဟာ သူတို့ဖက်ကရိုးသားမှု မရှိတာပဲလို့ ကျနော်တို့ရှုမြင်တယ်။ ဒီကိစ္စရပ်တွေ အကုန်လုံးက မြန်မာ့တပ်မတော် ကြောင့် ဖြစ်လာခဲ့တာပါ။"[၇၀]

NCA သည် သဘောတရားအားဖြင့် ဤကဲ့သို့သော ခလုတ်တံသင်းများကို ရှောင်လွှဲနိုင်စေရန် ရေးဆွဲပြင်ဆင်ထားခြင်းဖြစ်သည်။ အကျိုးစီးပွားချင်း ပွတ်တိုက်မှုများကို ကိုင်တွယ်ဖြေရှင်းသွားရန် သဘောတူညီချက်အတွင်းယင်း၏အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ အငြင်းပွားမှုများ ပေါ်ပေါက်လာပါက EAOs၊ အစိုးရနှင့် တပ်မတော်တို့ အသီးသီး၏ ဆုံးဖြတ်ချက်ချနိုင်သည့် ခေါင်းဆောင်များပါဝင်နေသည့် ပူးတွဲအကောင်အထည်ဖော်ရေး ညှိနှိုင်းဆွေးနွေးမှုအစည်းအဝေးအားဖြင့် ဆုံးဖြတ်သွားကြရန် လမ်းညွှန်ပေးထားသည်။[၇၁] NCA အရ ဤညှိနှိုင်းအစည်းအဝေးများကို 'ပုံမှန်ခေါ်ယူကျင်းပမှု' ပြုလုပ်သွားရမည်ဖြစ်သည်။ သို့သော်လည်း JICM သည် ၎င်းတို့ရည်မှန်းထားသည်ထက် ပို၍များစွာ ဗျူရိုကရက်တစ် ဆန်လွန်းသည့် အကြောင်းပြချက်များစွာကြောင့် လုပ်ရည်ကိုင်ရည်နှင့် ပတ်သက်၍ အလွန်ဝိရောဓိဆန်သည့် သမိုင်းကြောင်းမျိုးကို ပိုင်ဆိုင်ထားခဲ့သည်။

အထူးသဖြင့် အစိုးရသည် JICM အစည်းအဝေးများခေါ်ယူကျင်းပရာ၌ တစ်ခေါက်နှင့်တစ်ခေါက် ပုံစံချင်းကွာခြားနေခဲ့သဖြင့် JICM သို့ ရောက်ရှိလာခဲ့သည့် အငြင်းပွားမှုအများအပြားသည် ပြေလည်သွားခြင်းမရှိဘဲ မကြာခဏဆိုသလို ချောင်ထိုးခံခဲ့ရသည်။ ကိုယ်လွတ်ရုန်းသည့် ပုံစံတစ်ခုအဖြစ် မကြာခဏဆိုသလို အဆိုပါအငြင်းပွားမှုများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို လက်အောက်ငယ်သားများ သို့မဟုတ် စဉ်ဆက်မပြတ်လေ့လာဆန်းစစ်၍ဆွေးနွေးအဖြေရှာရေးအတွက် အသစ်ဖွဲ့စည်းလိုက်သည့် ကော်မတီများထံသို့ လွှဲချခဲ့ကြသည်။ နိုင်ငံတော်အတိုင်ပင်ခံကိုယ်တိုင် JICM ၏ ဥက္ကဋ္ဌနေရာတွင် ထိုင်နေခဲ့သည်မှန်သော်လည်း အစိုးရအနေဖြင့် NCA လက်မှတ်ထိုးအဖွဲ့ဝင်များအကြား သဘောထားကွဲလွဲမှုများကို ကိုင်တွယ်ဖြေရှင်းရာ၌ တိုက်ရိုက်ပါဝင်ပတ်သက်မှုမပြုဘဲ လက်ရှောင်နေရန် သာပို၍အာသီသ ရှိနေခဲ့ပုံရသည်။ ခေါင်းဆောင်တစ်ဦး၏ တာဝန်ဝတ္တရားနှင့်အညီ နှစ်ဖက်အပြန်အလှန် သဘောတူလက်ခံနိုင်သည့် ဖြေရှင်းရေးနည်းလမ်းများကို ရှာဖွေပေးရမည့်အစား အစိုးရသည် နေ့ရွှေညရွှေသာလုပ်နေခဲ့သည်။ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေကို ရင်ဆိုင်ကျော်လွှားမည့် ထိရောက်သည့်ယန္တရားမရှိခဲ့သဖြင့် သဘောထားကွဲလွဲမှုများသာ စုပုံလာခဲ့သောကြောင့် ထိုကာလညှိ

နှိုင်းဆွေးနွေးရေးလုပ်ငန်းစဉ်တစ်ဆို့သွားခဲ့ပြီးတပ်မတော်ကိုပို၍ထင်ရာစိုင်းခွင့် ရရှိသွားစေခဲ့သည်။

NLD အစိုးရသက်တမ်း၏ လက်ကျန်နောက်ဆုံးနှစ်၌ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုအတွက် အထစ်ထစ်အငေါ့ငေါ့ဖြစ်နေသည့် တစ်ဖက်စောင်းနင်း လုပ်ငန်းစဉ်သာ ပေါ်ထွက်လာခဲ့သည်။ NCA လုပ်ငန်းစဉ်အောက်၌ ပြည်ထောင်စုသဘောတူညီချက် အသစ်တစ်ခု ရေးဆွဲပြင်ဆင်မည့်ကနဦးအဆင့်နှင့် ငါးကြိမ်မြောက် UPCs ပြီးဆုံးချိန်အထိ ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်း အနှစ်သာရရှိသည့် အပြောင်းအလဲများပြုလုပ်ရန် မဖြစ်မနေလိုအပ်လာစေမည့် စည်းနှောင်အားရှိသည့် အသုံးအနှုန်းတစ်ခုတစ်လေကိုမျှ သဘောတူညီချက်ရအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပေ။ လွတ်တော်အတွင်းဖြစ်စေ UPC အတွင်းဖြစ်စေ တပ်မတော်ကိုယ်စားလှယ်များသည် ရှိရင်းစွဲနာကျည်းနစ်နာချက်များနှင့် ပြည်တွင်းစစ်ဖြစ်စေခဲ့သည့် အကြောင်းတရားများကို အလေးပေးအာရုံစိုက်ထားသည့် အဆိုပြုချက်မှန်သမျှကို ဗီတိုအာဏာသုံး၍ ဆက်လက်ပယ်ချနေခြင်းက နိုင်ငံအဝှမ်းရှိ တိုင်းရင်းသားပြည်သူများ၏ အပြောင်းအလဲမျှော်လင့်ချက်များနှင့် စိတ်ကူးအိပ်မက်များကို ချိုနှဲ့အားနည်းသွားစေခဲ့သည်။ ဤကဲ့သို့သော စိန်ခေါ်မှုများကို ရင်ဆိုင်နေရချိန်၌ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု မူဘောင်သည် ၎င်း၏ရည်ရွယ်ချက်အတွက် ကိုက်ညီသင့်မြတ်မှုရှိကြောင်း သက်သေပြနိုင်ခြင်း မရှိခဲ့သဖြင့် NCA အဆင့် ခုနှစ်ဆင့်ပါ လမ်းပြမြေပုံအောက်ရှိ ပြုပြင်ပြောင်းလဲရေးအရွေ့ အရှိန်သေသွားတော့သည်။

နိုင်ငံရေးသဘောတူညီချက်များ ကင်းမဲ့နေခြင်း

အမျိုးသားနိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများကို ပိတ်ပင်တားဆီးမှုများက NCA လုပ်ငန်းစဉ်သို့ ကျယ်ပြန့်သည့် လူထု သို့မဟုတ် နိုင်ငံရေးသဘောထားများ ဆက်လက်စီးဝင်လာခြင်း မရှိတော့ဘဲ ရပ်တန့်သွားစေခဲ့သည်။ NDL အစိုးရပထမသက်တမ်းအတွင်း တစ်ကြိမ်တစ်ခါဖူးမျှအပြီး သတ်နိုင်ခြင်းမရှိခဲ့သည့် လုပ်ငန်းစဉ်၏ ပြည်ထောင်စုငြိမ်းချမ်းရေး – ၂၁ ရာစု ပင်လုံအစည်းအဝေးများအတွင်း အစိုးရ၊ တပ်မတော်နှင့် NCA လက်မှတ်ထိုးအဖွဲ့ဝင် EAOs များအကြား၌ အကန့်အသတ်ဖြင့်ကျင်းပသည့် ဆွေးနွေးပွဲများကိုသာ အနည်းအကျဉ်း ဆက်လက်ဖော်ဆောင်သွားခဲ့သည်။ ဒုတိယအကြိမ်နှင့် တတိယအကြိမ်မြောက် UPC–21CP အစည်းအဝေးများအတွင်း အနာဂတ်ငြိမ်းချမ်းရေးသဘောတူညီချက်အတွက် အချက် ၅၁ ချက်ကို ကနဦးဆွေးနွေးသွားခဲ့သည်။[၇] ထို့နောက် စတုတ္ထအကြိမ်မြောက် UPC–21CP ၌ NCA နှင့်ပတ်သက်၍ လွဲမှားလျက်ရှိသည့် နားလည်မှုများကို ကိုင်တွယ်ဖြေရှင်းရန်၊ ၂၀၂၀ ခုနှစ်အလွန်

ရွေးကောက်ပွဲ အနာဂတ်အတွက် လမ်းညွှန်ချက်များကို ပြဋ္ဌာန်းပေးရန်နှင့် 'ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု' တစ်ရပ်တည်ထောင်သွားမည့် လုပ်ငန်းစဉ်တစ်ရပ်ကို ချမှတ်ပေးရန် နောက်ထပ်အခြေခံမူ ၂၁ ချက်ကို ထပ်မံဖြည့်စွက်ခဲ့ကြသည် ('၂၁ ရာစု ပင်လုံညီလာခံ'ကိုကြည့်ပါ)။[၇၃]

သို့သော်လည်း အဆိုပါ ကြေညာချက်များသည် ထင်ယောင်ထင်မှား စိတ်ကူးယဉ် အပြောင်းအလဲမျိုးကို သာဆောင်ကျဉ်းပေးခဲ့သည်။ ငြိမ်းချမ်းရေးကို တစ်ဆစ်ချိုး အပြောင်းအလဲဖြစ်စေမည့် စာတမ်းတစ်ခုထက်စာလျှင် စာသားအကြောင်းအရာအများစုသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်သည့် ရှိပြီးသားအခြေခံမူများကိုသာ ပြန်၍သံယောင်လိုက်ထားသလို သို့မဟုတ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် ရှင်းလင်းပြတ်သားသည့် ဥပဒေပိုင်းဆိုင်ရာအပြောင်းအလဲများဆီသို့ ဦးတည်သွားစေနိုင်ခြင်းမရှိဘဲ ဝေဝါးလွန်းသလို ဖြစ်နေခဲ့သည်။ ရလဒ်အနေဖြင့် တက်ရောက်လာကြသူ အများအပြားသည် ပြုပြင်ပြောင်းလဲရေး အငွေ့အသက်ကင်းမဲ့နေသည့်အပေါ် စိတ်ပျက်မိကြောင်း ဖော်ပြသည့်အနေဖြင့် ပြည်ထောင်စုသဘောတူညီချက် အစည်းအဝေးများမှ ထွက်ခွာသွားခဲ့ကြသည်။[၇၄]

ဤအားနည်းချက်များက NCA လုပ်ငန်းစဉ်နှင့် ၎င်းအပေါ် ကျယ်ပြန့်သည့်လူထု၏ ရှုမြင်လက်ခံမှုကို ဘက်ပေါင်းစုံမှ ထိခိုက်နစ်နာသွားစေခဲ့သည်။ ဥပမာအားဖြင့် မြေယာနှင့်သယံဇာတအရင်းအမြစ်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဆွေးနွေးပွဲများအတွင်း ၉၀ ရာခိုင်နှုန်းသော ၎င်းတို့၏အကြံပြုတင်ပြချက်များကို တပ်မတော်အရာရှိများက ငြင်းဆန်ကန့်ကွက်သွားခဲ့သည်ဟု EAOs ကိုယ်စားလှယ်များ ထုတ်ဖော်ပြောဆိုသွားခဲ့သည်။[၇၅] တပ်မတော်၏ ပြန်လည်ချေပချက်များအတွင်း အဓိကအားဖြင့် ပြုပြင်ပြောင်းလဲရေး အဆိုပြုချက်များသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိကြောင်း၊ ရှိရင်းစွဲပြဋ္ဌာန်းဥပဒေများနှင့် ဆန့်ကျင်လျက်ရှိကြောင်း သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ကိုယ်တိုင်ရေးဆွဲပြင်ဆင်ထားခဲ့သည့် 'ငြိမ်းချမ်းရေးအခြေခံမူ ခြောက်ချက်' နှင့် ကိုက်ညီမှု မရှိကြောင်း အသေးစိတ်ထောက်ပြသွားခဲ့သည်။[၇၆] အရပ်ဖက်လူ့အဖွဲ့အစည်းများကလည်းအပြောင်းအလဲဆီသို့ဦးတည်သွားစေနိုင်သည့် သဘောတူညီချက်များ ရရှိလာခြင်းမရှိစေရန် တားဆီးပိတ်ဆို့သည့်အနေဖြင့် တပ်မတော်အရာရှိများ၏ အဆိုပါအခြေခံမူများကို အသုံးချသွားသည့်ပုံစံကို လေ့လာဆန်းစစ်ခဲ့ကြသည်။[၇၇] အကျိုးဆက်အဖြစ် မြေယာနှင့် သယံဇာတအရင်းအမြစ် ပြုပြင်ပြောင်းလဲရေး နောက်ပြန်ဆွဲသွားသည့်အပေါ် မကျေမချမ်းဖြစ်မှုသည် NCA နှင့် ပတ်သက်၍ ရပ်ရွာလူထုလူတန်းစား အများအပြားအကြား၌ ယနေ့အချိန်ထိ ဝေဖန်ထောက်ပြမှု အပြင်းထန်ဆုံး အကြောင်းအရာတစ်ခုဖြစ်သွားခဲ့သည် ('ကြားကာလအစီအမံများနှင့် ဥပဒေပြုရေး အတားအဆီးများ' ကို ကြည့်ပါ)။

NLD အာဏာရယူထားသည့် ထိုအချိန်က အလွတ်သဘောနှင့်တရားဝင်ကဏ္ဍနှစ်ခုစလုံး၌ကြုံတွေ့နေရသည့် ညှိနှိုင်းဆွေးနွေးရေးဆိုင်ရာ တစ်ဆို့မှုအတွင်း အများဆုံးလွှမ်းမိုးထားခဲ့သည့် အရေးကိစ္စကြီးသုံးခုကို အလေးပေးအာရုံစိုက်၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးအဖြေရှာခြင်းမရှိခဲ့ကြပေ။ ဤအချက်က ခွဲမထွက်ရေးပြဋ္ဌာန်းချက်၊ တစ်ခုတည်းသော ပြည်ထောင်စုတပ်မတော်နှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အဆိုပြုချက်များနှင့်စပ်လျဉ်း၍နောက် ပိုင်းလုပ်ငန်းစဉ်၏ မတူကွဲပြားသည့် အဆင့်များ၌အတားအဆီးပေါင်းများစွာကို ပေါ်ပေါက်လာစေခဲ့သည်။ ယင်းတို့အနက် ပထမဦးဆုံးဖြစ်သည့် ဤတောင်းဆိုချက်ကို ဒုတိယအကြိမ်မြောက် UPC–21CP အစည်းအဝေး၌ တပ်မတော်သား ကိုယ်စားလှယ်များက မရမကရှေ့တန်းတင်လာခဲ့ပြီးနောက်ပိုင်း ၂၀၁၇ ခုနှစ် မေလအစောပိုင်း၌ စတင်ခဲ့သည့် 'ခွဲမထွက်ရေး' စေ့စပ်ညှိနှိုင်းမှုသည် အငြင်းပွားဖွယ်ရာအရှိဆုံး ကိစ္စရပ်တစ်ခုဖြစ်လာခဲ့သည်။ ၎င်း၏အဖွင့်မိန့်ခွန်းအတွင်း ဒေါ်အောင်ဆန်းစုကြည်က NCA အတွင်း အကန့်အသတ်များ ရှိနေဆဲဖြစ်ကြောင်း ပြောဆိုအသိအမှတ်ပြုသွားခဲ့သည်။ 'အပစ်အခတ်ရပ်စဲရေးညှိနှိုင်းဆွေးနွေးမှုတွေက အပေါ်ယံပြဿနာတွေကို ပြေလည်သွားစေနိုင်တာကို ကျမတို့လက်ခံအသိအမှတ်ပြုပေမယ့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုတွေကသာလျှင် ရှိရင်းစွဲနာကျည်းနစ်နာချက်တွေကို ကုစားပေးနိုင်ပါလိမ့်မယ်' ဟု အားလုံးရှေ့၌ ပြောဆိုသွားခဲ့သည်။ 'ဒါကြောင့် NCA ဆိုတာက အန္တိမပန်းတိုင် မဟုတ်ပါဘူး။'[၇၈] လက်တွေ့၌ UPDJC သည် 'ခွဲမထွက်ရေး' ပြဋ္ဌာန်းချက်နှင့်အတူ 'ပြည်ထောင်စု တပ်မတော်'နှင့် 'ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ'ဆိုင်ရာအဆိုပြုချက်များအပါအဝင် 'အစုံလိုက်အပေးအယူ' တစ်ခုကို UPC–21CP အစည်းအဝေးမတိုင်မီ ကြိုတင်ဆွေးနွေးညှိနှိုင်း၍ သဘောတူညီချက် ရယူထားခဲ့ပြီးဖြစ်သည်။

ရှုပ်ထွေးမှုများ ထပ်မံပေါ်ပေါက်လာမည့် အကြောင်းဖန်လာခဲ့သည်။ စုံညီအစည်းအဝေး၌ ခွဲမထွက်ရေးပြဋ္ဌာန်းချက်ကို စတင်ချပြခဲ့စဉ်က တိုင်းရင်းသားကိုယ်စားလှယ်

အများအပြားက ဤအချက်သည် တိုင်းရင်းသားများ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို အာမခံပေးထားပြီး ရှမ်းနှင့် ကရင်နီ ပြည်နယ်များကို ခွဲထွက်ပိုင်ခွင့်ပေးထားသည့် လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်သည့် ၁၉၄၇ ခုနှစ် ပင်လုံအခြေခံမူများ၏ အနှစ်သာရနှင့်ဆန့်ကျင်လျက်ရှိသည်ဟု သတ်မှတ်ယူဆခဲ့ကြသည်။ ထို့အပြင် ၎င်းတို့က တစ်နိုင်ငံလုံးအတိုင်းအတာ တွေ့ဆုံဆွေးနွေးမှုကို မဖော်ဆောင်ရသေးသည့် အချိန်မျိုး၌ ဤကဲ့သို့သော အကဲဆတ်လွန်းသည့် စည်းကမ်းသတ်မှတ်ချက်ကို ပြဋ္ဌာန်းရန် ကြိုးပမ်းမှုသည် ဆန္ဒစောလွန်းရာကျသည်ဟုလည်း ရည်ညွှန်းပြောဆိုခဲ့ကြသည်။ တိုင်းရင်းသားများ၏ ရပိုင်ခွင့်အခွင့်အရေးများကို အပြည့်အဝကာကွယ်ပေးထားပါက ဤကဲ့သို့သော ပြဋ္ဌာန်းချက်မျိုးကိုပင် လိုအပ်လိမ့်မည်မဟုတ်ဟု စောဒကတက် ပြောဆိုသွားခဲ့သည်။[၇၉] ပြောင်းလဲအသုံးပြုသင့်သည်ဟု ယူဆခဲ့ကြသည့် အခြားအသုံးအနှုန်းအများအပြားကိုပါ အဆိုပြုခဲ့ကြသည်။

အချေအတင်ပြောဆိုမှုအပြီး၌ ခွဲမထွက်ရေးဆိုင်ရာကိစ္စရပ်များကို နောက်ပိုင်းမှသာ ဆက်လက်ဆွေးနွေးသွားရန် သဘောတူညီမှုရရှိခဲ့ကြသည်။ သို့သော်လည်း အခြေအနေများက ပို၍သာဆိုးရွားလာခဲ့သည်။ ဤပြဋ္ဌာန်းချက်ကိုလက်သင့်မခံနိုင်ကြောင်း ငြင်းဆိုခဲ့ကြသည့် EAOs များကိုပြန်လည် လက်စားချေသည့်အနေဖြင့် တပ်မတော်ကိုယ်စားလှယ်များနှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် တန်းတူညီမျှရေး၊ ဖက်ဒရယ်စနစ်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကိစ္စရပ်များနှင့်ပတ်သက်၍ သဘောတူညီချက်မူကြမ်းပါ အခြေခံမူများကိုပါ ဆက်လက်လက်ခံသဘောတူခြင်း မရှိကြတော့ပေ။ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေမျိုးဆိုက်သွားခဲ့သည်။ တိုင်းရင်းသားကိုယ်စားလှယ်များကလည်း NLD နှင့် တပ်မတော်ခေါင်းဆောင်များအကြားရှိ ဤကဲ့သို့သော ပေါ်တင်ပူးပေါင်းဆောင်ရွက်မှုကြောင့် နောက်တွန့်သွားကြတော့သည်။ အလျှော့အတင်း ကစားသည့်အနေဖြင့်ကနဦးသဘောတူထားခဲ့သည့် ၃၇ ချက်ကို သာ ပြည်ထောင်စုသဘောတူစာချုပ် ပထမပိုင်းအဖြစ် ထားရှိရန် သဘောတူခဲ့ကြသော်လည်း အစိုးရ၏ အစည်းအဝေးကို ကိုင်တွယ်စီမံသွားသည့်ပုံစံက တက်ရောက်လာကြသူအများအပြားကို စိတ်မချမ်းမသာဖြစ်စေခဲ့သည်။ NLD ၏ ဤကဲ့သို့သော အငြင်းပွားဖွယ်ရာ ပြဋ္ဌာန်းချက်ကို ထောက်ခံအားပေး၍ အခြားရွေးချယ်စရာ အသုံးအနှုန်းများ ပြောင်းလဲသုံးစွဲရန် အဆိုပြုချက်အပေါ် ယခုလိုငြင်းဆန်သွားလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ကြပေ။[၈၀]

ဤကိစ္စရပ်အပေါ် အချေအတင် ဖြစ်ခဲ့ပြီးနောက် ပိုင်း NCA အင်အားစုများအကြားပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတပ်မတော်ဆိုင်ရာ မေးခွန်းအပါအဝင်အရေးပါသည့်ခေါင်းစဉ်များ၏ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ သဘောတူညီချက် ရယူနိုင်ခြင်းမရှိကြတော့ပေ။ ကျယ်ပြန့်လွန်းသည့် အခြေခံမူများကိုသာ ဆက်လက်ဆွေးနွေးခဲ့ကြသည်။ တစ်ချိန်တည်းမှာပင်တပ်မတော်၏ လုံခြုံရေးအသားပေး ကိစ္စရပ်များကိုသာ အလွန်အကျွံအာရုံစိုက်မှုကြောင့် ဆွေးနွေးမှုများ တိုးတက်ဖြစ်ထွန်းမှုမရှိဘဲ ဆက်လက်တစ်ဆို့နေခဲ့သည်။ လက်နက်ဖြုတ်သိမ်းရေး၊ တပ်ဖွဲ့ဝင်စာရင်းပယ်ဖျက်ရေးနှင့် လူမှုဘဝပြန်လည်ပေါင်းစည်းရေးဆိုင်ရာ ကိစ္စရပ်သည် အထူးတလည် အကဲဆတ်သည့် အကြောင်းအရာဖြစ်ရုံမျှမက အနှစ်သာရပြည့်ဝသည့် ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အသက်မဝင်လာမီ EAOs များ အဆုံးစွန်အလေးထားသည့် ကိစ္စရပ်တစ်ခုလည်း ဖြစ်နေခဲ့သည် ('လက်နက်ဖြုတ်သိမ်းရေး၊ တပ်ဖွဲ့ဝင်စာရင်းပယ်ဖျက်ရေး၊ လူမှုဘဝပြန်လည်ပေါင်းစည်းရေးနှင့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး' စာကွက်ကိုကြည့်ပါ)။

သို့ဖြစ်၍ ဖြစ်ရိုးဖြစ်စဉ်အရွေ့တစ်ခု ပေါ်ထွက်လာခဲ့ပြန်သည်။ NCA လုပ်ငန်းစဉ်အတွင်း ထည့်သွင်းပြင်ဆင်ထားသည့် အရေးကြီးအဆိုများအားလုံးကို တပ်မတော်ကသာတင်သွင်း၍ EAOs များ၏ သဘောတူညီမှု သို့မဟုတ် ဘုံသဘောတူညီချက် ရရှိရန် ကြိုးပမ်းသည့်ပုံစံဖြစ်လာခဲ့သည်။ အခြားတစ်ဖက်၌လည်း တပ်မတော်သားကိုယ်စားလှယ်များသည် EAOs များတင်သွင်းလာပါက အသေးအဖွဲအဆိုပြုလွှာပင်ဖြစ်ပါစေ ချက်ခြင်းထ၍ ကန့်ကွက်ခဲ့ကြသည်။ ကရင်အမျိုးသားအစည်းအရုံး၏ ညှိနှိုင်းရေးမှူးတစ်ဦးက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် ၎င်း၏အတွေ့အကြုံများကို 'ကွင်းထဲမှာ ဘောလုံးမရှိဘဲ ဘောလုံးကန်နေကြရပြီး တပ်မတော်ဆီမှာပဲ အချက်ပေးခရာရှိနေတဲ့ပုံစံ မျိုးဖြစ်နေတယ်' ဟု အလွတ်သဘော ခိုင်းနှိုင်းပြောဆိုသွားခဲ့သည်။[၈၁]

ပိုမိုတိုးတက်ပွင့်လင်းသည့် အချိုးအကွေ့အဆင့်တစ်ခုခု နိုင်ငံရေးအပြောင်းအလဲ ဖြစ်လာစေနိုင်သည့် အလားအလာရှိကြောင်း နိမိတ်ပြနေပြီး အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် အခြားအရေးပါသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၌ အသုံးချနိုင်စေမည့် အချက်ပေါင်းများစွာကို ပြည်ထောင်စုသဘောတူစာချုပ်အတွင်း ထည့်သွင်း

သွားရန် သဘောတူညီမှု ရရှိခဲ့ကြသည်။ တိတိပပဆိုရသော် NCAလက်မှတ်ထိုးအဖွဲ့ဝင်များသည်အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပပျောက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ ဓလေ့ထုံးတမ်းစဉ်လာ အသုံးပြုမှုပုံစံများကို လေးစားအသိအမှတ်ပြုသည့် မြေယာအုပ်ချုပ်မှုကဏ္ဍ ဗဟိုချုပ်ကိုင်မှုဖြေလျှော့ရေးကဲ့သို့သော ကဏ္ဍအလိုက်ကိစ္စရပ်များအတွင်း ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် အရေးတကြီးလိုအပ်လျက်ရှိသည်ဟု မှတ်ယူခဲ့ကြသည်။ ထို့အပြင် ဤကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သွားရန်လိုအပ်ကြောင်း တိုင်းရင်းသားနိုင်ငံရေးပါတီများကလည်း လွှတ်တော်၌ အဆိုတင်သွင်းခဲ့ကြသည်။[၈၂] မူအားဖြင့် မည်သို့ပင် လက်ခံသဘောတူထားစေကာမူ NLD အနေဖြင့် ဤခေါင်းစဉ်များနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအဆိုများအဖြစ် အသက်သွင်းရန် ပျက်ကွက်ခဲ့သည့်အပြင် ပြည်ထောင်စုသဘောတူညီချက်နှင့် မည်မျှပင်ကိုက်ညီနေစေကာမူ ဥပဒေပြုလွှတ်တော်၌ တိုင်းရင်းသားပါတီများ တင်သွင်းလာခဲ့သည့် အဆိုပြုလွှာများကိုပါ ကန့်ကွက်မဲပေးခဲ့ကြသည်။[၈၃]

အဆိုပြုခဲ့ကြသည့် ပြင်ဆင်ရေးအချက်များအား ဖြင့်ဖက်ဒရယ်စနစ်၏ ပင်မကျောရိုး အရေးအရာများကို ပြေလည်သွားစေနိုင်လိမ့်မည် မဟုတ်ပေ။ သို့သော်လည်း ပြည်ထောင်စုသဘောတူညီချက်နှင့်အညီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာ၌ NLD နှင့် တပ်မတော်တို့၏ ယခုလိုကဖျက်ကယက် ပြုလုပ်မှုများက အနှစ်သာရပြည့်ဝသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအား ဖြင့် NCA လုပ်ငန်းစဉ်ကို ဦးဆောင်သွားရမည့် အစိုးရ၏ ပျက်ကွက်မှုများနှင့်ပတ်သက်၍ တိုင်းရင်းသားအင်အားစုများ၏ စိုးရိမ်ပူပန်မှုရေချိန်ကို မြင့်တက်လာစေခဲ့သည်။ NCA ကို တင်းပြည့်ကျပ်ပြည့် အကောင်အထည်မဖော်ဆောင်နိုင်မီ လွှတ်တော်အတွင်း၌ NLD အနေဖြင့် ဥပဒေသစ်များရေးဆွဲအတည်ပြုခြင်းနှင့် ဥပဒေအဟောင်းများကို ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်နေခြင်းက တိုင်းရင်းသားအကျိုးစီးပွားများကို ခြိမ်းခြောက်နေခြင်းဖြစ်သည်ဟု ရှုမြင်ခဲ့ကြသည်။ ဥပဒေပြုလွှတ်တော်များမှတစ်ဆင့် အဆိုပြုခဲ့ကြသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့် NCA တို့သည် အချိတ်အဆက်မရှိသည့် သီးခြားလုပ်ငန်းစဉ်များကဲ့သို့ဖြစ်နေခဲ့သည်။

အစိုးရတစ်ရပ်အဖြစ် မေးခွန်းထုတ်စရာဖြစ်လာခဲ့သည့် NLD ၏ စွမ်းဆောင်ရည်ကို ခုခံကာကွယ်သည့်အနေဖြင့်ပါတီထောက်ခံအားပေးသူများက ပါတီ၏ အစိုးရသက်

ကယားပြည်နယ်၏ မြို့တော်ဝိုင်ကော်ရှိ KNPP ဆက်ဆံရေးရုံး (TNI)

တမ်းအတွင်း ဥပဒေပြုလွှတ်တော်၌ နိုင်ငံတကာလူ့အခွင့်အရေး ကွန်ဗင်းရှင်းများကို ပြည်တွင်းဥပဒေများအဖြစ် သွတ်သွင်းခဲ့သည့် ဥပဒေအများအပြားရှိခဲ့သလို ဆိုးရွားလွန်းလှသည့် ဥပဒေဟောင်းအချို့ကိုလည်း ဖျက်သိမ်းပစ်ခဲ့သည်ဟု ထောက်ပြပြောဆိုခဲ့ကြသည်။ သို့သော်လည်း အဆိုပါခြေလှမ်းများသည် ပြုပြင်ပြောင်းလဲရေး အရွေ့တစ်ခုကိုပီပီပြင်ပြင် ကိုယ်စားပြုနိုင်စွမ်း မရှိခဲ့ကြပေ။

ထင်သာမြင်သာအရှိဆုံး သာဓကတစ်ခုအဖြစ် မြန်မာနိုင်ငံသည် ၂၀၁၇ ခုနှစ်အတွင်း ပဋိညာဉ်မူပါ ပုဒ်မ ၁ ပါ 'ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် အခွင့်အရေး' ကို နိုင်ငံအတွင်းကျင့်သုံးမည်မဟုတ်ကြောင်းနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ခွဲမထွက်ရေးပြဋ္ဌာန်းချက်ကို ဖြေလျှော့ပေးလိမ့်မည်မဟုတ်ကြောင်း ဖော်ပြထားသည့် သဘောထားထုတ်ပြန်ချက်နှင့်အတူ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာပဋိညာဉ်မူကို သဘောတူလက်မှတ်ရေးထိုးခဲ့သည်။[၈၄] ဤသဘောထားထုတ်ပြန်ချက်ဖြင့် ခြွင်းချက်ထားရှိခြင်းသည် နိုင်ငံတကာဥပဒေနှင့် ပဋိညာဉ်မူ၏ အနှစ်သာရနှင့် ကွဲလွဲဆန့်ကျင်နေသည်ဟူသည့် ထောက်ပြချက်အပါအဝင် စိုးရိမ်ဖွယ်ရာကိစ္စရပ် အများအပြားပေါ်ထွက်လာစေခဲ့သဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ အများအပြား၏ ဆန့်ကျင်ကန့်ကွက်မှုကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။[၈၅] အစိုးရအနေဖြင့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများနှင့် စပ်လျဉ်း၍ အရေးပါသည့် ခြေလှမ်းတစ်ခုပြုလုပ်ခဲ့သယောင် ထင်မှတ်ခဲ့ရသော်လည်း အခြားတစ်ဖက်၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ဗဟိုချက်မဖြစ်နေသည့် တိုင်းရင်းသား မျိုးနွယ်စုများနှင့် ဌာနေလူထုလူတန်းစားများ၏ ရပိုင်ခွင့်အခွင့်အရေးကို မျက်ကွယ်ပြုရာရောက်နေခဲ့သည်။

ဤကိစ္စရပ်နှင့်ပတ်သက်၍ တိုင်းရင်းသားအင်အားစုများ၏ စိုးရိမ်ပူပန်မှု မြင့်တက်လာနေသည့်ကြားထဲမှာပင် NLD သည် တိုင်းရင်းသားများ၏ ပူပန်သောကများကို ပိုမိုဆိုးရွားသွားစေပြီး ၎င်းတို့၏ စိတ်ကူးအိပ်မက်များကို နှစ်မွန်းသွားစေမည့် ဥပဒေများကို ဆက်လက်ပြဋ္ဌာန်းခဲ့သည်။ လက်တွေ့အားဖြင့် လုပ်ပိုင်ခွင့်အာဏာများကို ဗဟို၌စုပုံထားရှိ၍ တိုင်းရင်းသားအခွင့်အရေးကို ချိုနဲ့အားနည်းသွားစေသည့် အခြေအနေမျိုး၌ ဥပဒေအချို့ကို အပြောင်းအလဲအနည်းအကျဉ်း ပြုလုပ်ပြခြင်းသည် ဆိုးရွားနေသည့် အနေအထားတစ်ခုကိုအဆုံးစွန်ပျက်သုဉ်းမှုဆီသို့သာတွန်းပို့ပေးခဲ့သည်။ ယင်းတို့အနက် အထင်ရှားဆုံးသာဓကတစ်ခုမှာ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲရေးဥပဒေ၏ ၂၀၁၈ ခုနှစ် ပြင်ဆင်ချက်ပင်ဖြစ်သည်။ တိုင်းရင်းသားခေါင်းဆောင်တစ်ဦးက 'ဒီဥပဒေက ကျနော်တို့ကို စစ်ကြေညာလိုက်သလိုပါပဲ' ဟုပြောဆိုသွားခဲ့သည် ('ကြားကာလအစီအမံများနှင့် ဥပဒေပြုရေးအတားအဆီးများ' ကို ကြည့်ပါ)။[၈၆]

ထို့အပြင် ဤကဲ့သို့သော ဥပဒေပြဋ္ဌာန်းချက်များသည်နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး၍ အဖြေရှာနေစဉ် အတွင်းလက်မှတ်ထိုးအဖွဲ့ဝင်များအကြားငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဆက်လက်ထိန်းသိမ်းထားရန် ရည်မှန်းထားသည့် NCA နှင့် ယင်း၏ 'ကြားကာလအစီအမံများ' ကိုပါ ချိုးဖောက်ရာရောက်နေခဲ့သည်။[၈၇] NLD အာဏာရလာခဲ့ပြီးနောက်ပိုင်းနယ်ခံလူထုလူတန်းစားများနှင့်ဆွေးနွေးတိုင်ပင်ခြင်းမရှိဘဲ ပဋိပက္ခဒဏ်သင့်နယ်မြေဒေသအများအပြား၌ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်ဖြင့် ဝင်ရောက်လာခြင်းကလည်း တိုင်းရင်းသားများ၏ စိုးရိမ်ပူပန်မှုများကို ပိုမိုကြီးထွားလာစေခဲ့သည်။ မြေယာလက်လွတ်ဆုံးရှုံးရမှုများ မကြုံစဖူးမြင့်တက်လာခြင်းကို ဖြေရှင်းပေးမည့် ပြဋ္ဌာန်းချက်များ NCA အတွင်း ပါဝင်နေခြင်းမရှိခဲ့ပေ ('လက်နက်ကိုင်ပဋိပက္ခနှင့်ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုကာလ စီးပွားရေးပြုပြင်ပြောင်းလဲမှု' စာကွက်ကို ကြည့်ပါ)။

တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ တွေ့ဆုံစည်းဝေးပွဲများကို ဟန့်တားနှောက်ယှက်မှုများ

NCA လက်မှတ်ထိုးအဖွဲ့ဝင် EAOs များအကြား အထူးတလည်စောဒကတက်နေရသည့် ကိစ္စရပ်တစ်ခုမှာ EAOs အချင်းချင်းအပါအဝင် အခြားငြိမ်းချမ်းရေးဇာတ်ကောင်များနှင့် အကျိုးစီးပွားသက်ဆိုင်သူ အင်အားစုများအကြား အစည်းအဝေးများ ခေါ်ယူကျင်းပမှုကို ကန့်သတ်ချုပ်ချယ်ရန် အစိုးရအာဏာပိုင်များ ပေါ်တင်ကြိုးစား

လာခြင်းဖြစ်သည်။ ယင်းအခြေအနေသည် ယေဘုယျအားဖြင့် NLD အစိုးရအာဏာရလာသည့်နောက်ပိုင်း၌ ယခင်ကထက်ပင် ပို၍ဆိုးရွားလာခဲ့သည်ဟု ရှုမြင်သုံးသပ်ခဲ့ကြသည်။ အစိုးရမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း လက်မှတ်ထိုးအဖွဲ့ဝင် EAOs များအား နိုင်ငံတကာသံတမန်များနှင့် လူသားချင်းစာနာထောက်ထားရေး အဖွဲ့အစည်းများကို ဆက်သွယ်ပြောဆိုမှု မပြုကြရန် တရားဝင်ထုတ်ပြန်ခဲ့ပြီးနောက် ပိုမိုရှင်းလင်းမြင်သာလာခဲ့သည်။[၈၈] ဤလုပ်ရပ်သည် NCA ၏အနှစ်သာရနှင့် ပြဋ္ဌာန်းချက်များကို အတိအလင်းချိုးဖောက်ခြင်းပင် ဖြစ်တော့သည်။

အကောင်အထည်ဖော်ရေး အလွဲလွဲအချော်ချော် ဖြစ်လာသည့်နည်းတူ တိုင်းရင်းသားအကျိုးပတ်သက်ပါဝင်သူ အင်အားစုများအကြား အစည်းအဝေးများကို လွတ်လွတ်လပ်လပ် ခေါ်ယူကျင်းပနိုင်ခြင်း မရှိစေရန် ဟန့်တားပိတ်ပင်သည့် ကန့်သတ်ချုပ်ချယ်မှုများလည်း ဆတူမြင့်တက်လာခဲ့သည်။ ဤကန့်သတ်ချက်များသည် 'အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ' ၏ လူထုတွေ့ဆုံဆွေးနွေးပွဲများ ခေါ်ယူကျင်းပမှုကို ထိန်းချုပ်ထားသည့် နောက်တိုးကန့်သတ်ချက် ဖြစ်လာခဲ့သည်။ ရလဒ်အနေဖြင့် EAOs အများအပြားသည် အစိုးရအုပ်ချုပ်ရေးနယ်မြေများ၌ အစည်းအဝေးများ ခေါ်ယူကျင်းပရန် ဆက်လက်ကြိုးပမ်းမှု မရှိကြတော့ပေ။ လွတ်လပ်သည့် အစည်းအဝေးများ ခေါ်ယူကျင်းပမှုကို ကန့်သတ်ပိတ်ပင်မည့် အစိုးရအရာရှိများ၏ ကြိုးပမ်းအားထုတ်မှုများသည် EAOs များ အပြည့်အဝထိန်းချုပ်ထားသည့် နယ်မြေဒေသများဖြစ်သည့် အပစ်အခတ်ရပ်စဲရေးနယ်မြေများအထိ အလားတူအကျိုးသက်ရောက်မှု ရှိခဲ့သည်။ သာဓကအဖြစ် ဘန်ကောက်မြို့ပေါ်ရှိ မြန်မာနိုင်ငံဆိုင်ရာသံရုံးရှိ စစ်သံမှူးသည် EAOs အချင်းချင်းနှင့် အခြားအကျိုးပတ်သက်ပါဝင်သူများအပါအဝင် EAOs များအကြား နယ်စပ်ဖြတ်ကျော်အစည်းအဝေးများ ထိုင်းနိုင်ငံအတွင်း စီစဉ်ကျင်းပခွင့်မပြုဘဲ ပိတ်ပင်တားဆီးပေးရန် ထိုင်းအာဏာပိုင်များကို တောင်းဆိုခဲ့သည်။[၈၉]

ဤကဲ့သို့သော လုပ်ရပ်များက အစိုးရနှင့် EAOs များအကြားရှိ ဆက်ဆံရေးအတွင်း ယုံကြည်မှုများကို ပျက်ပြားသွားစေခဲ့သည်။ NLD နှင့် တပ်မတော်အရာရှိများသည် မတူကွဲပြားသည့် တိုင်းရင်းသားအဖွဲ့အစည်းများအကြား တွေ့ဆုံစည်းဝေးမှုများ ပြုလုပ်လာမည်ကို ကြောက်ရွံ့မှုရှိမရှိ တိတိပပဝေခွဲရခက်လှသည်။ ငြိမ်းချမ်းရေးတည်ဆောက် ရေးအတွက် NCA ကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရန် အလွန်အရေးကြီးနေသည့် အချိန်မျိုး၌ နောက်ဆက်တွဲ အကျိုးဆက်များ အလွန်ကျယ်ပြန့်သွားခဲ့သည်။ အဖက်ဖက်မှ စဉ်းစားကြည့်ပါက အစိုးရ၏ကန့်သတ်ချက်များသည် ခုတ်ရာတစ်ခြား ရှရာတစ်ခြား အကျိုးဆက်မျိုးကိုသာ ပေါ်ထွက်လာစေခဲ့ပြီး ယနေ့အချိန်၌ သမိုင်းအချိုးအကွေ့တစ်ခု၏ အမှားတစ်ခုအဖြစ် ရည်ညွှန်းနေကြရပြီဖြစ်သည်။

အကြီးမားဆုံး အတားအဆီးကြီးလေးခု ပေါ်ထွက်လာခဲ့သည်။

- NCA လက်မှတ်ထိုးအဖွဲ့ဝင် EAOs များကို ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ခြင်း မရှိစေရန် တားဆီးပိတ်ပင်ခြင်းက နိုင်ငံ့ကောင်းကျိုးအတွက် သက်ဆိုင်ရာအင်အားစုများအကြား သဘောတူညီမှုများရရှိရန် ပိုမိုခဲယဉ်းသွားစေခဲ့သည်။

- EAOs များ၏ ဆက်သွယ်ပြောဆိုမှုများကို ကြားဝင်နှောင့်ယှက်ခဲ့သည့် အစိုးရအရာရှိများ၏ ကြိုးပမ်းအားထုတ်မှုသည် အာဏာပိုင်များအနေဖြင့် ပဋိပက္ခနယ်မြေဒေသများအပေါ် ဗဟိုထိန်းချုပ်ရေး ပိုမိုခိုင်မာအားကောင်းလာစေမည့် မဟာဗျူဟာတစ်ရပ်အဖြစ် NCA ကို အသုံးချနေခြင်းဖြစ်သည်ဟူသည့် အမြင်သဘောထားမျိုးကို ပိုမိုခိုင်မာသွားစေခဲ့သည်။

- **နိုင်ငံရေးအပြောင်းအလဲ၌ မသေချာမရေရာမှုများ ပြည့်နှက်နေသည့်အချိန်မျိုး၌ EAO များ၏ လွတ်လပ်ပိုင်ခွင့်များကို လိုက်လံထိန်းချုပ်ကန့်သတ်ခြင်းသည် NCA ၌ လက်မှတ်ရေးထိုးရခြင်းမရှိသေးသည့် EAOs များကို ပူးပေါင်းပါဝင်လိုစိတ် ကင်းမဲ့သွားစေခဲ့သည်။**

- **EAOs များအကြား ဆက်သွယ်ပြောဆိုမှုများ မပြုလုပ်ရန်ဖိအားပေးခြင်းသည် အထူးသဖြင့် မြောက်ပိုင်းမဟာမိတ်အဖွဲ့နှင့် ဖက်ဒရယ်နိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှု အတိုင်ပင်ခံကောင်စီကဲ့သို့သော NCA သဘောတူ လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် အင်အားစုများအကြား ကျောခြင်းကပ်စည်းလုံးညီညွတ်မှုရှိကြရန် တိုက်တွန်းအားပေးသကဲ့သို့ ဖြစ်နေခဲ့သည်။ ကနဦး NCA လက်မှတ်ရေးထိုးပွဲ နောက်ပိုင်း ၎င်းတို့အနေဖြင့် NCA ၏ ထိန်းချုပ်ကန့်သတ်ခံစရာမလိုဘဲ မဟာဗျူဟာများ အတူတကွ ရေးဆွဲပြင်ဆင်ကြရန် လွတ်လွတ်လပ်လပ် ဆက်လက်တွေ့ဆုံစည်းဝေးနိုင်ခဲ့ကြသည်။**

NLD အပေါ် စိတ်ပျက်နေကြကြောင်းကို တိုင်းရင်းသားပြည်နယ်များရှိ ကိုယ်စားလှယ်နေရာ ၁၇ ခုအနက် သုံးနေရာကိုသာ ပါတီအနိုင်ရခဲ့သည့် ၂၀၁၇ ခုနှစ် ၂၀၁၈ ခုနှစ် လွတ်တော်ကြားဖြတ် ရွေးကောက်ပွဲများ၌ အထင်အရှားတွေ့မြင်ခဲ့ရသည်။ ဤကဲ့သို့သော သတိပေးသံချောင်းခေါက်သံများ ကျယ်လောင်လာခဲ့သော်လည်း မည်သည့်ပြုပြင်ပြောင်းလဲမှုကိုမျှ ဖော်ဆောင်သွားခြင်း မရှိခဲ့ပေ။ လူများစုဗမာတိုင်းရင်းသားများ၏တစ်ခဲနက်ထောက်ခံအားပေးမှုနှင့်အတူ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ NLD ထပ်မံအနိုင်ရသွားခဲ့သည်။ သို့သော်လည်း ၎င်းတို့၏ အစိုးရသက်တမ်းအတွင်း NLD ကို အဓိကထိန်းချုပ် ပဲ့ကိုင်ထားသည့် ခေါင်းဆောင်များသည် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပါအဝင် တပ်မတော်ခေါင်းဆောင်များနှင့် ပါတီအကြားရှိ သိမ်မွေ့သည့် ဆက်ဆံရေးကိုသာ ဆက်လက်ထိန်းသိမ်းထားလိုသည့် သဘောထားရှိခဲ့ကြပုံရသည်။ ထို့အပြင် NLD သည် ၎င်း၏ကိုယ်ပိုင် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကိုလည်း ကြုံတွေ့နေခဲ့သည်။ ပါတီ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအတိုင်ပင်ခံရှေ့နေနှင့် အထင်ကရမွတ်စလင်ခေါင်းဆောင် တစ်ဦးဖြစ်သည့် ဦးကိုနီလုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် ၂၀၁၇ ခုနှစ် အဖြစ်အပျက်သည် နိုင်ငံအပေါ် အရိပ်မည်းဖုံးလွှမ်းသွားစေခဲ့သည်။[၉၀] ထို့အပြင် နိုင်ငံအတွင်း၌ NLD ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲရေး ကြိုးပမ်းအားထုတ်မှု အလွန်နှေးကွေးနေသည်ဟူသည့် အမြင်သဘောထားမျိုးကိုသာ အားကောင်းလာစေခဲ့သည်။

နောက်ပိုင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစ၍ ပါတီအနေဖြင့် ၂၀၁၅ ခုနှစ် အထွေအထွေရွေးကောက်ပွဲ မဲဆွယ်စည်းရုံးစဉ်က ကတိပြုခဲ့သည့် ဖွဲ့အစည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို အသက်သွင်းနိုင်စေရန် NLD မှ စတင်စိုင်းပြင်းလာခဲ့သည်။ သို့သော်လည်း လွှတ်တော်ရေးရာ ကော်မတီများဖွဲ့၍ တစ်နှစ်ကျော် လုပ်ကိုင်ဆောင်ရွက်လာခဲ့ပြီး နောက်ပိုင်း တပ်မတော်နှင့် USDP ကိုယ်စားလှယ်များ၏ မဲခွဲပယ်ချခံလိုက်ရတော့သည်။[၉၁] အချုပ်အားဖြင့်ဆိုရသော် NLD အနေဖြင့် အစိုးရအတွင်း စစ်ဖက်ခေါင်းဆောင်များနှင့် အလုပ်တွဲလုပ်နိုင်စေရန် ကြိုးပမ်းခဲ့သည် မှန်သော်လည်း NLD၊ တပ်မတော်နှင့် တိုင်းရင်းသားပါတီများအကြားရှိ နိုင်ငံရေးဇာတ်ခုံအတွင်း သုံးပွင့်ဆိုင်အကွဲအပြဲ ဆက်လက်ဖြစ်ပွားနေခဲ့သည်။ လွှတ်တော်လမ်းကြောင်းဖြင့် ဖြစ်စေ NCA လမ်းကြောင်းအားဖြင့်ဖြစ်စေ ဘက်စုံတိုင်းရင်းသားအပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးရေး ယန္တရားမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံမှုရှိစေမည့် ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် အားလုံးလွှမ်းခြုံပါဝင်မှုရှိသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ဖော်ဆောင်သွားမည့် စိတ်ကူးအိပ်မက်များ လွင့်ပါးပျောက်ကွယ်သွားခဲ့ပြန်သည်။

၁၉၄၇ ခုနှစ် ပင်လုံစာချုပ်အတိုင်းပင် ပြည်ထောင်စုသဘောတူစာချုပ်သည် အနာဂတ်မျိုးဆက်များအတွက် တန်းတူညီမျှရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုအာမခံပေးသွားမည့် အခြေခံမူများကို ပြင်ဆင်နေရာချ

ချင်းပြည်နယ်-စီဒီဇင်ဘာလ ၂၀၁၈ ခုနှစ် ဖော်ဝါရီလအတွင်းကျရောက်သည့် ၁၀ နှစ်ပြည့် ချင်းအမျိုးသားတော်လှန် ရေး နှစ်တင်လည်နေစဉ် စစ်ရေးပြခရိုတင်လာကြသည့် CNF တပ်ဖွဲ့ဝင်များ (CNF – Facebook)

သွားရန် ရည်မှန်းခဲ့ခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးတိုးတက်ဖြစ်ထွန်းမှု အမြစ်တွယ်နိုင်စေရန်အတွက် တိုင်းရင်းသားခေါင်းဆောင်များက NLD ဦးဆောင်သည့် အစိုးရ၏ နောက်တစ်ကြိမ်သက်တမ်းအတွင်း ဤသမိုင်းပေးတာဝန်ကြီးကို အဓိကဦးစားပေးအဖြစ် ဖော်ဆောင်သွားရန် တိုက်တွန်းပြောဆိုခဲ့ကြသည်။ ပထမဦးဆုံးအကြိမ် NCA လက်မှတ်ရေးထိုးခဲ့ပြီးနောက် ငါးနှစ်တာ ကြာမြင့်လာခဲ့သော်လည်း ပြုပြင်ပြောင်းလဲရေးအတွက် အနှစ်သာရပြည့်ဝသည့် လမ်းပြမြေပုံကို လက်စသတ်နိုင်ရန် အလှမ်းဝေးနေဆဲ ဖြစ်နေခဲ့ပုံရသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် NCA တို့အောက်၌ ကန့်သတ်ခံထားရသည့် ဒုတိယအကြိမ်မြောက် အစိုးရ သက်တမ်းအတွင်း NLD ၏ ဖြစ်နိုင်ခြေရှိသည့် စွမ်းဆောင်ရည်အလားအလာကို ထင်ကြေးအနေဖြင့်သာလျှင် ဆဝါးနိုင်ပါသည်။ သို့သော်လည်း ပထမအစိုးရသက်တမ်းအတွင်းလိုအပ်နေခဲ့သည့် နိုင်ငံရေးစိတ်ဆန္ဒရှိမရှိသို့မဟုတ် ရှိရင်းစွဲ ဖွဲ့စည်းပုံယန္တရားများအောက်၌ ပြန်လည်ပေါင်းစပ်အားဖြည့်ထားခြင်းရှိမရှိ မည်သည့်နည်းနှင့်မျှ ကွဲကွဲပြားပြားမသိရှိနိုင်ခဲ့ကြပေ။ သို့ရာတွင် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းရန်ကြိုးပမ်းမှုနှင့်ပတ်သက်၍ ကွက်ကွက်ကွင်းကွင်း မြင်သာထင်ရှားလွန်းနေသည့် အရာတစ်ခုမှာ တပ်မတော်ခေါင်းဆောင်များအကြား စစ်ဖက်လွှမ်းမိုးမှု၊ ပြည်တွင်းအကွဲအပြဲနှင့်ပြည်တွင်းစစ်တို့ ကင်းဝေးနေမည့် နိုင်ငံရေးအပြောင်းအလဲမျိုးကို မျှော်ရည်ကာ နိုင်ငံကို ပူးတွဲဦးဆောင် သွားမည့် အစီအစဉ်မျိုး ရှိမနေခဲ့ခြင်းပင်ဖြစ်သည်။

ကြားကာလအစီအမံများနှင့် ဥပဒေပြုရေးအတားအဆီးများ

NCAအကောင်အထည်ဖော်ရေးနှင့် ဆက်နွယ်ပတ်သက်နေသည့် နောက်ထပ်အတားအဆီးကြီး တစ်ခုမှာ 'ကြားကာလအစီအမံများ' ၏ စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ချက်များကို အစိုးရအာဏာပိုင်များ အနေဖြင့် လေးစားလိုက်နာရန် ပျက်ကွက်ခဲ့ခြင်းဖြစ်သည်။ NCA၏ယခုအပိုင်းသည်နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေကြစဉ် အတွင်းလက်မှတ်ထိုးအဖွဲ့ဝင်များအကြား ယုံကြည်မှုတည်ဆောက်၍ ချောမွေ့သည့်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းနိုင်စေမည့် စာချုပ်၏ မရှိမဖြစ် အင်္ဂါရပ်တစ်ခုအဖြစ် ရေးဆွဲပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးတည် ဆောက်ရာ၌ အထူးတလည်အရေးကြီးသည့် ကြားကာလအစီအမံများအခန်း၌ EAOs များ၏ 'သက်ဆိုင်ရာထိန်းချုပ်နယ်မြေများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေး' ဆိုင်ရာ တာဝန်ဝတ္တရားများကို အသိအမှတ်ပြု၍ကြားကာလအတွင်းအစိုးရနှင့် EAOs များအကြား ညှိနှိုင်းဆောင်ရွက်သွားရမည့် နယ်ပယ်အလိုက် လုပ်ငန်းကဏ္ဍများကို စာရင်းပြုစုပေးထားသည်။[၉၂] ယင်းကဏ္ဍများ၌ ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မြေယာ၊ တရားဥပဒေစိုးမိုးရေးနှင့် ယဉ်ကျေးမှုမြှင့်တင်ရေးလုပ်ငန်းများ ပါဝင်လျက် ရှိသည်။[၉၃] သို့သော်လည်း အများအားဖြင့် ကြားကာလအစီအမံများသည် တိတိကျကျသတ်မှတ်ဖော်ပြမှုအားနည်းနေခဲ့သည် သို့မဟုတ် နေရာချထားပုံ ညံ့ဖျင်းလွန်းနေခဲ့သည်။ ရလဒ်အနေဖြင့် ထိထိရောက်ရောက်ဖြစ်စေရန် ထည့်သွင်းစဉ်းစားရမည့် ကိစ္စရပ်များအပေါ် ဆွေးနွေးငြင်းခုန်ရင်းဖြင့် သာအများဆုံး အချိန်ကုန်သွားခဲ့ကြတော့သည်။

တစ်ချိန်တည်းလိုလို၌ ကြားကာလအစီအမံများ၏အားနည်းချက်သည် သာမန်အများပြည်သူနှင့် လက်မှတ်ထိုးအဖွဲ့ဝင် EAOs နှစ်ဖက်စလုံးအကြား နောက်ထပ်စိတ်ပျက်စရာ ထပ်ဖြစ်လာစေခဲ့သည်။ ဤအကြောင်းရင်းကြောင့်ပင် ကြားကာလအစီအမံများကို မည်သို့နားလည်လက်ခံထားကြောင်းကို NCA မူဘောင်အတွင်းမှသာ ပြောဆိုဆွေးနွေးရမည့်အစား အမြဲတမ်းလိုလို အလွန်ကျယ်ပြန့်သည့်အသုံးအနှုန်းများကိုသာသုံးစွဲခဲ့ကြခြင်းဖြစ်သည်။'စစ်ပွဲမက ငြိမ်းချမ်းရေးမကျ' အခြေအနေမျိုး၌ ကြားကာလအစီအမံများ၏ အာမခံချက်ဖြင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို စဉ်ဆက်မပြတ် ဖော်ဆောင်သွားပါက စီးပွားရေးနှင့် ဥပဒေပြုရေးအရွေ့များ နောက်ကြောင်းပြန်သွားလိမ့်မည်မဟုတ်ဟူသည့် မျှော်လင့်ချက်များ လူထုအကြားပျံ့နှံ့နေခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်၍ အထင်နှင့်အမြင် ပါစင်အောင်လွဲသွားခဲ့ကြပြန်သည်။

ဝေဖန်ထောက်ပြမှုအများအပြား ဆက်ရှိနေခဲ့သည်။ လူမှုစီးပွားရေးကဏ္ဍမှစ၍ လုံခြုံရေးနှင့် စီမံအုပ်ချုပ်ရေးနယ်ပယ်အထိ ကျယ်ပြန့်လျက်ရှိသည့် အားနည်းချက်များ စုပုံလာပြီးနောက်ပိုင်း အခက်အခဲအမျိုးမျိုး ကြုံတွေ့လာရတော့သည်။ အများဆုံးပြောဆို စောဒကတက်နေကြသည့် ကိစ္စရပ်မှာ EAO အုပ်ချုပ်ရေးနယ်မြေများ၌ လိုအပ်နေသည့် ကူညီထောက်ပံ့မှုများ ရရှိစေရန် နိုင်ငံတကာအလှူရှင်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများကို တိုက်ရိုက်ပြောဆို ဆက်သွယ်မှုမပြုကြရန် အစိုးရအရာရှိများက လက်မှတ်ထိုးအဖွဲ့ဝင် EAOs များအပေါ် ကန့်သတ်ချုပ်ချယ်ရန် ကြိုးပမ်းလာခဲ့ခြင်းဖြစ်သည် ('တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ တွေ့ဆုံစည်းဝေးပွဲများကို ဟန့်တားနှောက်ယှက်မှုများ' စာကွက်ကိုကြည့်ပါ)။

ဤကဲ့သို့သော ဆက်သွယ်ရေးဆိုင်ရာ ကန့်သတ်ချက်ထုတ်ပြန်ပြီးချိန်မှစ၍ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် အသက်သွေးကြောသဖွယ် ဖြစ်နေသည့် NCA လောက အတွင်းပြဿနာများ တစ်ခုပြီးတစ်ခု ပေါ်ထွက်လာတော့သည်။ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခအလွန်ငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီအသွင်ကူးပြောင်းရေးခရီးစဉ်သည် မည်သည့်အခါကမှ ဖြောင့်ဖြူးရိုးထုံးစံမရှိခဲ့ကြောင်း မျှော်လင့်ထားပြီးဖြစ်သည်။ သို့ဖြစ်၍ ကြားကာလအစီအမံများသည် ထိုအချိန်က ယုံကြည်မှုတည်ဆောက်ရေးကို ကျားကန်ပေးရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း CSOs နှင့် EAOs နှစ်ဖက်စလုံးသည် ပြည်ထောင်စုသဘောတူစာချုပ်အပြည့်အစုံကို ညှိနှိုင်းသဘောတူ၍အကောင်အထည်ဖော်နိုင်မည့်အချိန်မတိုင်မီရှေ့နောက်ကြောင်းကျိုးညီညွတ်သည့် မူဝါဒများ ရေးဆွဲပြင်ဆင်ထားရန် မစွမ်းသာခဲ့သည့်အပေါ် များစွာစိတ်ပျက်ရကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။[၉၄] နောင့်နှေးကြန့်ကြာမှုတိုင်းသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် အရေးပါသည့် အခွင့်အလမ်းကောင်းများ လက်လွတ်ဆုံးရှုံးနေရသည့် အဓိပ္ပာယ်ပင်ဖြစ်တော့သည်။ မြန်မာနိုင်ငံ၏ ကြားကာလအစီအမံဆိုင်ရာသုတေသနစီမံကိန်း၌ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ ဖော်

ဆောင်နေစဉ်အတွင်း ကြားကာလအစီအမံများသည် ဘာသာစကားဆိုင်ရာ မူဝါဒ၊ မြေယာလုပ်ပိုင်ခွင့် ပြန်လည်အပ်နှင်းပေးရေးနှင့် အတင်းအဓမ္မ နေရပ်စွန့်ခွာရစေခြင်းကဲ့သို့သော တိုင်းရင်းသားအင်အားစုများ အထူးတလည်စိုးရိမ်ပူပန်လျက်ရှိသည့် အရေးကိစ္စများနှင့်ပတ်သက်၍ ယုံကြည်မှုတည်ဆောက်သွားရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်ဟု ရှင်းလင်းဖော်ပြထားသည်။[၉၅]

ယေဘုယျအားဖြင့် ကြားကာလအစီအမံ၏ ရပ်ရွာအသိုက်အဝန်းများအကြား ဆက်ဆံရေးတည်ဆောက်မှုလုပ်ငန်း ၌ အထင်ကရအရှိဆုံး တိုးတက်ဖြစ်ထွန်းမှုသည် NCA ၏ ၂၀၁၅ ခုနှစ် လက်မှတ်ရေးထိုးပွဲအပြီး ကျန်းမာရေးနယ်ပယ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု သတ်မှတ်ယူဆခဲ့ကြသည်။ အဆိုပါတိုးတက်မှု အများအပြားသည် ဦးသိန်းစိန်အစိုးရလက်ထက်၌ ပြုလုပ်သွားခဲ့သည့် ပထမဦးဆုံး သောအပြန်အလှန် အပစ်အခတ်ရပ်စဲရေး နှစ်ဖက်သဘောတူစာချုပ်နှင့်အတူ စတင်အသက်ဝင် လာခဲ့ကြခြင်းဖြစ်သည်။ ရင်ဆိုင်တိုက်ခိုက်မှုများ အဆုံးသတ်သွားခဲ့ခြင်းက မတူကွဲပြားသည့် အင်အားစုများအား ဆယ်စုနှစ်ပေါင်းများစွာအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ပဋိပက္ခဒဏ်သင့် လူထုလူတန်းစားများကို လက်လှမ်းမီလာစေခဲ့ပြီး ငြိမ်းချမ်းရေးတည်ဆောက်မှုအစီအစဉ်သစ်များအတွက် စကြံ်နတစ်ရပ်ကို မွေးဖွားပေးခဲ့သည်။ ၄င်းဖျားရောဂါနှင့် HIV ကုသရေးကဲ့သို့သော ကဏ္ဍများ၌ ခရီးရောက်လာခဲ့ခြင်းက မတူကွဲပြားသည့် အစိုးရ၊ EAO နှင့် ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများအကြား ပထမဦးဆုံးအကြိမ် အတူတကွ လက်တွဲအလုပ်လုပ်နိုင်စေမည့် ခြေလှမ်းသစ်များကို စတင်ပျိုးထောင်ပေးခဲ့သည်။[၉၆]

NLD အာဏာရလာခဲ့ပြီးနောက် ဒေသအများစု၌ ပေါ်ထွက်လာခဲ့သည့် စီမံကိန်းသစ်များနှင့် အစီအစဉ်သစ်များသည် ဒေသအလိုက် ရေခံမြေခံအခင်းအကျင်းပေါ် အခြေပြုလာခဲ့သည်။ သဘောတူလက်မှတ် ရေးထိုးထားကြသည့် အဖွဲ့ဝင်များအကြား ညှိနှိုင်းဆောင်ရွက်မှုသည် NCA အခြေခံမူများ သို့မဟုတ် ကြားကာလအစီအမံများ ထက်စာလျှင် လူပုဂ္ဂိုလ်အခြေပြု တစ်ဦးချင်းဆက်ဆံရေးပေါ်အခြေခံထားခြင်းဖြစ်သည်။ ကရင်အမျိုးသားအစည်းအရုံး၊ မွန်ပြည် သစ်ပါတီနှင့် ဿမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီကဲ့သို့သော အဖွဲ့အစည်းများသည် ၎င်းတို့ကိုယ်ပိုင် 'အသေးစားအစိုးရ' စနစ်များဖြင့် စီမံအုပ်ချုပ်လျက်ရှိသည့် နယ်မြေဒေသများ၌ ပို၍သိသိသာသာ တာဝန်ယူလာကြရသည်။ သို့သော်လည်း သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားလင့်ကစား အစိုးရအရာရှိများသည် EAO တို့၏ အုပ်ချုပ်ရေးစနစ်များကို NCA အရ အသိအမှတ်ပြုမှုနှင့် လက်မှတ်ထိုးအဖွဲ့ဝင်များအကြား လူမှုရေးနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ အရေးကိစ္စများအပေါ် ညှိနှိုင်းဆောင်ရွက်မှုပြုရမည့် သတ်မှတ်ချက်တို့ကို ထောက်ခံအားပေးသွားမည့်လက်တွေ့ကျသည့် ယန္တရားများကို ရေးဆွဲပြင်ဆင်သွားရန် တွန့်ဆုတ်နေခဲ့ကြသည်။ မမျှမတတစ်ဖက်စောင်းနင်းဖြစ်နေသည့် အခင်းအကျင်း၌ အခြား NCA လက်မှတ်ထိုးအဖွဲ့ဝင်အများစု၏အုပ်ချုပ်ရေးအာဏာစက်ဖြန့်ကျက်ထားရှိမှုသည် အနိမ့်ဆုံးအတိုင်းအထွာသာရှိသည် သို့မဟုတ် နယ်မြေကန့်သတ်ချက်ဘောင် ကျဉ်းမြောင်းလှသည်ဟု သတ်မှတ်ယူဆနိုင်ပြီး ဖက်ဒရယ်နိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှုအတိုင်ပင်ခံကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် အင်အားကြီးအဖွဲ့များနှင့် မည်သည့်နည်းနှင့်မျှ နှိုင်းယှဉ်၍ရနိုင်လိမ့်မည်မဟုတ်ပါ ('မြောက်ပိုင်း EAO များ၏ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးပွဲများ' ကိုကြည့်ပါ)။

နောက်ဆက်တွဲအနေဖြင့် ကျောင်းများ၊ ဆေးရုံဆေးခန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့်အတူ နိုင်ငံတစ်နံတစ်လျား ဟိုတစ်ကွက်ဒီတစ်ကွက် ဖော်ဆောင်လျက်ရှိသည့် အစီအစဉ်များသည် ပဋိပက္ခရေခံမြေခံအတွင်း ရှိသဘောထားကွဲလွဲမှုများကို ဆက်လက်ထင်ဟပ်နေသည့် အကျိုးရလဒ် ဖြစ်လာခဲ့သည်။[၉၇] နဝတ-နအဖလက်ထက် အပစ်အခတ်ရပ်စဲရေး လုပ်ငန်းများနည်းတူပင် 'ဖွံ့ဖြိုးရေးအားဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်သည့်' အယူအဆများသည် NCA ကိုစတင်သန္ဓေတည်ပြီးနောက်ပိုင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ သို့မဟုတ် တစ်နိုင်ငံလုံးလွှမ်းခြုံပါဝင်မှုရှိလာစေသည့် အထောက်အထားများ မရှိသလောက်နည်းပါးနေခဲ့သည်။[၉၈] ထို့ကြောင့်ပင် NCA လက်မှတ်ထိုးအဖွဲ့ဝင် EAOs များသည် သဘောတူစာချုပ်အသစ်ကို လက်မှတ်ရေးထိုးခဲ့ကြသော်လည်း လက်ငင်းလူမှုရေး သို့မဟုတ် နိုင်ငံရေးအကျိုးဖြစ်ထွန်းမှုများကို မမြင်တွေ့ခဲ့ကြခြင်းဖြစ်သည်။

ဤလစ်ဟာနယ်အတွင်းရှိ ဒေသန္တရအုပ်ချုပ်ရေးသည်အပိုင်းပိုင်းအပြတ်ပြတ်ဖြင့် အမြဲလိုလိုအငြင်းပွားဖွယ်ရာဖြစ်နေခဲ့သောကြောင့် မကျေမချမ်းဖြစ်မှုများ ဆက်လက်ကြီးထွားလာခဲ့သည်။ နယ်မြေဒေသအများအပြားရှိ လူမှုရေး နှင့် စီးပွားရေးအခြေအနေများသည် နဝတ-နအဖ

လက်ထက် အပစ်အခတ်ရပ်စဲရေး၏ အစောပိုင်းနှစ်ကာလများအတွင်း 'နိုင်ငံရေးမျက်လှည့်ပြခံခဲ့ရသည့်' အခြေအနေမျိုးကို ပြန်ပြောင်းသတိရလာစေခဲ့သည်။[၉၉] NCA ကနဦးလက်မှတ်ရေးထိုးပြီးနောက်ပိုင်း နိုင်ငံခြားကုမ္ပဏီများနှင့် အခြားပြင်ပအကျိုးစီးပွားများ ဒလဟောဝင်ရောက်လာခြင်းက ပဋိပက္ခဇာတ်ကောင်ပေါင်းစုံအကြားရှိ ပြည်တွင်းစုဖွဲ့မှုပုံစံအမျိုးမျိုးနှင့် အပြန်အလှန်ဆက်ဆံရေးတို့ကို ပိုမိုရှုပ်ထွေးသွားစေခဲ့သည်။ နိုင်ငံ၏ နယ်မြေဒေသကွာခြားမှုအလိုက် ဦးစားပေးလိုလားချက်များ အမျိုးမျိုးကွဲပြားနေခဲ့သည်။ သို့သော်လည်း ရပ်ရွာခေါင်းဆောင်များ ပူပန်နေရသည့်ကိစ္စရပ်မှာ NCA၊ ကြားကာလအစီအမံများနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး လုပ်ငန်းစဉ်များကို ရည်ညွှန်းကိုးကားခြင်းမရှိဘဲ ကာလရှည်အကျိုးသက်ရောက်မှု ရှိလာစေမည့်ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြခြင်းဖြစ်သည်။

ဤကဲ့သို့သော ခွဲခြားဆက်ဆံမှုနှင့် ဖယ်ကြဉ်ချန်လှပ်ခံခဲ့ရသည့် ခံစားချက်များက မြန်မာနိုင်ငံ၏ တိုင်းရင်းသားပဋိပက္ခကို ဆယ်စုနှစ်ပေါင်းများစွာ မီးထိုးပေးနေခဲ့သည့်အရှိတရားကို နှစ်ရှည်လများ မျက်ကွယ်ပြုခဲ့ကြသည်။ သို့သော်လည်း ဖယ်ကြဉ်ချန်လှပ်ထားမှု နှင့်ပတ်သက်သည့် စိုးရိမ်ပူပန်မှုများသည် NLD အစိုးရသက်တမ်းအတွင်း ပို၍ပင်ကျယ်လောင်လာခဲ့သည်။ ကြားကာလအစီအမံများ၏ အကာအကွယ်နှင့် NCA ၏ ပြုပြင်ပြောင်းလဲရေး ကတိကဝတ်များ ရှိနေလင့်ကစား နယ်ခံလူထုလူတန်းစားများသည် ၎င်းတို့၏ အနီးပတ်ဝန်းကျင်၌ အလျင်အမြန်ပေါ်ပေါက်လာခဲ့သည့်အပြောင်းအလဲများနှင့်ပတ်သက်၍ပြောရေးဆိုခွင့်ကင်းမဲ့နေသလို ခံစားခဲ့ကြရသည်။ နိုင်ငံရေးသဘောသက်ဝင်မှု မရှိသည့် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များသည် နိုင်ငံ၏ လူမှု-နိုင်ငံရေးဦးတည်ချက်အပေါ် အကြီးအကျယ်အကျိုးသက်ရောက်မှုရှိလာစေခဲ့သည်('လက်နက်ကိုင်ပဋိပက္ခနှင့် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုကာလ စီးပွားရေးပြုပြင်ပြောင်းလဲမှု' စာကွက်ကိုကြည့်ပါ)။

ဒေသန္တရနှင့်နိုင်ငံအဆင့်သာဓကနှစ်ခုကဤအချက်ကိုပေါ်လွင်ထင်ရှား စေလျက်ရှိသည်။ ပထမအချက်ဖြစ်သည့် ဒေသန္တရအဆင့်၌ NLD သည် တရုတ်နိုင်ငံပိုင် CITIC လုပ်ငန်းစုနှင့် အမေရိကန်ဒေါ်လာ ၁.၃ ဘီလီယံတန်ကြေးရှိသည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုံအတွက် သဘောတူလက်မှတ်ရေးထိုးရန် ၂၀၁၈ ခုနှစ်အတွင်းဆုံးဖြတ်ချက်ချခဲ့ရာ၌ ရခိုင်ပြည်နယ်ဥပဒေပြုလွှတ်တော်၌ အင်အားအကြီးဆုံးပါတီဖြစ်သည့် ရခိုင်အမျိုးသားပါတီနှင့်သော်လည်းကောင်း NCA လက်မှတ်ထိုးအဖွဲ့ဝင်ဖြစ်သည့် ရခိုင်လွတ်မြောက်ရေးပါတီ နှင့်သော်လည်းကောင်း အနှစ်သာရရှိရှိ ဆွေးနွေးတိုင်ပင်မှု မပြုခဲ့ပေ။ ရိုဟင်ဂျာအကျပ်အတည်းနှင့် ကျယ်ပြန့်လာနေသည့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/အာရကန်တပ်တော်နှင့် ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်ပဋိပက္ခတို့ကိုလည်း အလားတူပင် မျက်ကွယ်ပြုခဲ့ကြသည်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ အမြင်သဘောထားချင်း ကွဲပြားလျက်ရှိသည့် မည်သည့်နယ်ခံလူထုလူတန်းစားများ၊ နိုင်ငံရေးပါတီများနှင့် EAOs တို့ကိုမျှ လောက်လောက်လားလား ဆွေးနွေးတိုင်ပင်မှုမပြုခဲ့ပေ။ သို့သော်လည်း ပိုမိုနက်ရှိုင်းလာနေသည့် သဘောထားကွဲလွဲမှုများက တိုင်းရင်းသားတို့၏ နာကျည်းနစ်နာချက်များကို မျက်ကွယ်ပြု၍ နိုင်ငံရေးအရ ဖယ်ကြဉ်ချန်လှပ်ထားမှုသည် နိုင်ငံတစ်ခုလုံးပိုမိုနက်ရှိုင်းသည့်ပြဿနာတွင်းစစ်နွံတွင်း သက်ဆင်းလာနေသည့်အချိန်မျိုး၌ NCA အပေါ် ယုံကြည်မှုပျက်ယွင်းသွားစေရန် တွန်းပို့လျက်ရှိကြောင်း သတိပေးနေခဲ့သည်။

မည်သို့ဆိုစေကာမူ အတိတ်၏ကျရှုံးမှုများကို တစ်ပတ်ပြန်လည်လာစေနိုင်သည့် အရဲစွန့်ရမှု အန္တရာယ်ရှိနေသည့်စီးပွားရေးအသားပေး ပြဋ္ဌာန်းချက်များထက်စာလျှင် ယုံကြည်မှုတည်ဆောက်ရေးကို အထောက်အမဖြစ်စေနိုင်သည့်အခြားရွေးချယ်စရာ လမ်းပြမြေပုံများလည်း အမြဲတမ်းလိုလို ရှိနေခဲ့ပြီးသားဖြစ်သည်။ ဆွေးနွေးတိုင်ပင်ရေးနှင့် အားလုံးလွှမ်းခြုံ ပါဝင်ရေးသည်သာလျှင် သော့ချက်အခရာဖြစ်နေခဲ့သည်။ ဤကဲ့သို့သော အလွန်အရေးပါသည့် အချက်များကို ရခိုင်ပြည်နယ်ဆိုင်ရာ အတိုင်ပင်ခံကော်မရှင်၏ ၂၀၁၇ ခုနှစ် အစီရင်ခံစာအတွင်း အတိအလင်းရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။ ပြင်ပအကျိုးစီးပွားများနှင့် ရင်းနှီးမြှုပ်နှံမှုများက လာရောက်ခေါင်းပုံဖြတ် အမြတ်ထုတ်နေသည်ဟု ရှုမြင်လက်ခံထားကြသည့် နယ်ခံလူထုလူတန်းစားများ၏ 'ခါးသီးသည့်မကျေနပ်ချက်' နှင့် ပတ်သက်၍ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်းဖြစ်သူ ကိုဖီအာနန်၏ သတိပေးပြောဆိုချက်များသည် ထပ်မံရှင်းလင်းပြောဆိုစရာ မလိုလောက်အောင် ရှင်းလင်းပြည့်စုံနေပြီးသားဖြစ်သည်။ 'အလွန်စည်ပင်ဝပြောခဲ့တဲ့ ကုန်စည်ကူးသန်းရောင်းဝယ်ရေး ဗဟိုချက်နဲ့ အာရှဒေသရဲ့ အကြီးဆုံးစပါးကျည်ဖြစ်ခဲ့ဖူးတဲ့ရခိုင်ပြည်နယ်ဟာလူမျိုးရေးတင်းမာမှုတွေနဲ့ ပဋိပက္ခတွေရဲ့ဒဏ်ကြောင့် ဒီနေ့အချိန်မှာ မြန်မာနိုင်ငံရဲ့ အဆင်းရဲဆုံးပြည်နယ်တစ်ခု ဖြစ်သွားခဲ့ရပြီ။'[၁၀၀]

ကချင်ပြည်နယ်အတွင်းရှိ ဧရာဝတီဖြစ်မျှားပိုင်းဒွန် ရွာတွေးဖော်နေကြစဉ် (TNI)

ဤအချက်က ကနဦး NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း အတည်ပြုခဲ့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲရေးဥပဒေပြင်ဆင်ချက်များနှင့် ဆက်စပ်လျက်ရှိပြီး နိုင်ငံအဆင့်ဖြစ်သည့် 'ကြားကာလအစီအမံများ' ကို မျက်ကွယ်ပြုခြင်းဟူသည့် ဒုတိယမြောက် သာဓကဆီသို့ ဦးတည်သွားစေခဲ့သည်။ NLD ၏ အစိုးရသက်တမ်းအတွင်း ၂၀၁၂ ခုနှစ် VFV ဥပဒေ၏ ၂၀၁၈ ခုနှစ် ပြင်ဆင်ချက်ထက်ပို၍ နိုင်ငံရေးပါတီများ၊ CSOs များနှင့် EAOs အကြား စိုးရိမ်တကြီးလှုပ်ခတ်သွားစေခဲ့သည့် အရေးကိစ္စမျိုး နောက်ထပ်ရှိလာတော့မည်မဟုတ်ပါ။[၁၀၁]

အခြားဥပဒေများ၌လည်း အလားတူကိစ္စရပ်များ ရှိခဲ့ဖူးကြသည်။ သို့သော်လည်း လူသန်းပေါင်းများစွာ မြေယာလက် လွတ်ဆုံးရှုံးရလောက်သည့် ခြိမ်းခြောက်မှုမျိုးကိုဆောင်ကျဉ်းလာခဲ့သည့် VFV ဥပဒေသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ညှိနှိုင်းဆောင်ရွက်မှုမရှိဘဲ အငြင်းပွားဖွယ်ရာဖြစ်စေခဲ့သည့် ဥပဒေပြုရေးကြောင့် ပေါ်ပေါက်လာခဲ့သည့်ပြဿနာများအနက်ထင်သာမြင်သာအရှိဆုံးသာဓကတစ်ခုဖြစ်ခဲ့သည်။ ၂၀၁၈ ခုနှစ် ပြင်ဆင်ချက်ကို ရေးဆွဲပြဋ္ဌာန်းထားသည့် လေယူလေသိမ်းနှင့် အချိန်အခါနှစ်ခုစလုံးမှာယွင်းနေခဲ့ပြီး လူထုတစ်ရပ်လုံးနှင့် နယ်ခံလူထုလူတန်းစားများအကြား မြေယာအကြီးအကျယ် လက်လွှတ်ဆုံးရှုံးကြရတော့မည့် ရှေ့ပြေးနိမိတ်လက္ခဏာ ဖြစ်လာခဲ့သည်။ နောက်ထပ်ပို၍ စိုးရိမ်ဖွယ်ရာကောင်းသည့် အချက်မှာ NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်လာခဲ့သည့် ပြည်တွင်းစစ်အတွင်း နေရပ်စွန့်ခွာ၍ စစ်ဘေးတိမ်းရှောင်ခဲ့ကြရသည့် အရပ်သားပြည်သူများ၏ မြေယာရပိုင်ခွင့်များကို ပြန်လည်အပ်နှင်းပေးခြင်း သို့မဟုတ် တည်ငြိမ်ခိုင်မာသည့် ပြန်လည်နေရာချထားရေး အစီအစဉ်များ ကင်းမဲ့နေခဲ့ခြင်းဖြစ်သည်။

လုပ်ငန်းစဉ် နှစ်ခုစလုံး၏ ဆုံးဖြတ်ချက်ချမှတ်မှုအခန်းကဏ္ဍများ၌ အစိုးရနှင့် လွှတ်တော်ကိုယ်စားလှယ်များပါဝင် ခဲ့ကြသည်မှန်သော်လည်း ဥပဒေပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှု လုပ်ငန်းစဉ်တို့သည် ဆန့်ကျင်ဖက်မူဝါဒရေးရာ ဦးတည်ချက်များဖြင့် ခရီးဆက်နေကြသဖြင့် NCA ရှုထောင့်မှကြည့်ပါက VFV ဥပဒေသည်စိုးရိမ်ပူပန်မှုများကိုသာ ပိုမိုကြီးထွားလာစေခဲ့သည်။[၁၀၂] သာဓကအားဖြင့် ပြင်ဆင်ချက်ဥပဒေသည် 'ငြိမ်းချမ်းရေးတည်ဆောက်မှု၊ယုံကြည်မှုတည်ဆောက်ရေးနှင့်အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းတည်ထောင်ရေး တို့ကို အားပေးအားမြှောက် မပြုရုံမျှမက' KNU နှင့် အစိုးရကြား

ချုပ်ဆိုထားသည့် 'စာချုပ်များနှင့် သဘောတူညီချက်များကိုပါ ချိုးဖောက်လျက်ရှိသည်' ဟု KNU မှ ပြောဆိုသွားခဲ့သည်။[၁၀၃] အလားတူပင် NMSP သည်လည်း VFV ဥပဒေသည် 'အများပြည်သူဆိုင်ရာ မြေယာအမှုအခင်းများကို ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အဖြေရှာသွားရမည်' ဟူသည့် သဘောတူညီချက်တစ်ရပ် ပါဝင်လျက်ရှိသည့် NCA နှင့် ပါတီ၏ ၂၀၁၂ ခုနှစ် နှစ်ဖက်သဘောတူစာချုပ် နှစ်ရပ်စလုံးကို ချိုးဖောက်ရာရောက်နေသည်ဟု စောဒကတက်ပြောဆိုသွားခဲ့သည်။[၁၀၄]

နိုင်ငံတကာပညာရှင်များကလည်း ၎င်းတို့စိုးရိမ်ပူပန်လျက်ရှိသည့် အရေးကိစ္စများကို သုံးသပ်တင်ပြခဲ့ကြသည်။ ထိုအသံများအနက် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေး အထူးကိုယ်စားလှယ်တစ်ဦး ဖြစ်ခဲ့သည့် ရန်ဟီးလီ၏ သုံးသပ်ပြောဆိုချက်သည် အထင်ကရအရှိဆုံးဖြစ်ခဲ့သည်။

'တိုင်းရင်းသားပြည်နယ်များ၏ မြေယာအသုံးပြုမှုအပေါ် ဗဟိုအစိုးရ၏ ထိန်းချုပ်မှုအားကောင်းလာစေရန် ကြိုးပမ်းလျက်ရှိသည့် VFV ဥပဒေသည် အစိုးရအနေဖြင့် မြေယာစီမံခန့်ခွဲရေးနှင့် ပတ်သက်၍ လက်မှတ်ထိုးအဖွဲ့ဝင် EAOs များနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် တာဝန်ရှိသည့် တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်နှင့် ဆန့်ကျင်ကွဲလွဲလျက်ရှိသည်။'[၁၀၅]

ဆန့်ကျင်ကန့်ကွက်မှုများ အားကောင်းလာသည်နှင့်အမျှ CSOs များက VFV ဥပဒေပြဋ္ဌာန်းချက်ကို ပယ်ဖျက်၍ ပိုမိုတိုးတက်ပွင့်လင်းသည့် အမျိုးသားမြေအသုံးချမူဝါဒကဲ့သို့သော ရှိပြီးသားပြဋ္ဌာန်းချက်အပေါ် တစ်စိတ်တစ်ဒေသ အခြေခံ၍ ပူးပေါင်းပါဝင်မှုရှိသည့် ဥပဒေပြုရေးလုပ်ငန်းစဉ်တစ်ရပ်ဖြင့် ဖက်ဒရယ်မြေယာဥပဒေကို အစားထိုးပြဋ္ဌာန်းသွားရန် စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။[၁၀၆] ဤကဲ့သို့သော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတစ်ရပ်သည် ဦးသိန်းစိန်အစိုးရနှင့် ယခင်အာဏာမရခင် NLD အနေဖြင့် ပြုလုပ်သွားခဲ့သည့် ကတိကဝတ်များနှင့် ပို၍ရှေ့နောက်ညီညွတ်မှု ရှိစေပါလိမ့်မည်။ သို့သော်လည်း လပေါင်းများစွာသာ ကြာမြင့်လာခဲ့သော်လည်း NCA အစည်းအဝေးများအားဖြင့် သော်လည်းကောင်း ဥပဒေပြုလွှတ်တော်အားဖြင့် သော်လည်းကောင်း UPC–21CP လုပ်ငန်းစဉ်အားဖြင့်သော်လည်းကောင်း လူထု၏ အမြင်သဘောထားများကို လွှတ်လွှတ်လပ်လပ် ထုတ်ဖော်ပြောဆိုနိုင်စေမည့် တွေ့ဆုံဆွေးနွေးပွဲများ ဖြစ်မြောက်လာခြင်း မရှိခဲ့ပေ။ ယင်းအစား အမျိုးသားလွှတ်တော်၌ အလွန်အငြင်းပွားဖွယ်ရာကောင်းသည့် မြေယာသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ရေးအက်ဥပဒေ (၂၀၁၉) နှင့် လယ်ယာမြေအက်ဥပဒေပြင်ဆင်ချက် (၂၀၂၀) တို့အပါအဝင် ပိုမိုဖိနှိပ်ချုပ်ချယ်မှု ပြင်းထန်သည့် မြေယာဥပဒေများနှင့် ပြင်ဆင်ချက်များကို အတည်ပြုပြဋ္ဌာန်းနိုင်ရန်သာ စိုင်းပြင်းနေခဲ့သည်။ တစ်နိုင်ငံလုံးအတိုင်းအတာ ဆန့်ကျင်ဆန္ဒပြမှုများနှင့် အရပ်ဖက်အဖွဲ့အစည်းများ ဦးဆောင်၍ ဖိအားပေးသည့်လူထုလှုပ်ရှားမှုများက အစိုးရအပေါ် သြဇာသက်ရောက်မှုရှိခဲ့ပုံ မရပေ။

လက်နက်ကိုင်ပဋိပက္ခနှင့် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုကာလ စီးပွားရေးပြုပြင်ပြောင်းလဲမှု

ဤနှစ်များအတွင်း မကြာခဏဆိုသလို မျက်စိလျှမ်းသွားလေ့ရှိသည့် မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ မျက်နှာစာတစ်ခုမှာ အလွတ်သဘောဖြစ်စေ၊ တရားဝင်ဖြစ်စေ ချုပ်ဆိုခဲ့ကြသည့် သဘောတူညီချက်များ၏ နယ်ခံလူထုလူတန်းစားများအပေါ် သက်ရောက်လာခဲ့သည့် စီးပွားရေးအကျိုးဆက်များဖြစ်သည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးနည်းတူ စီးပွားရေးပြုပြင်ပြောင်းလဲရေးသည်လည်း တိုင်းရင်းသားများ၏ နာကျည်းနစ်နာချက်များနှင့် တောင်းဆိုချက်များကို မောင်းနှင်လျက်ရှိသည့် စိုးရိမ်ပူပန်မှုဗဟိုချက်တစ်ခုဖြစ်နေခဲ့သည်။ NCA လုပ်ငန်းစဉ်၏ တရားဝင်အင်္ဂါရုပ်တစ်ခု မဟုတ်ခဲ့သော်လည်း လူထုလူတန်းစားများအကြား အကျိုးရလဒ်ကင်းမဲ့သည့် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲများနှင့် ပတ်သက်၍ စိတ်ပျက်စိတ်ကုန်မှုနှင့် အယုံအကြည်ကင်းမဲ့မှုများ မည်ကဲ့သို့ ကြီးထွားလာခဲ့ကြောင်းကို နားလည်သဘောပေါက်ရန် မဖြစ်မနေတီးမိခေါက်မိရှိနေရမည့် အရေးကိစ္စတစ်ခုဖြစ်လာခဲ့သည်။

NCA အတွင်းရှိ 'ကြားကာလအစီအမံများ' အခန်း၌ မိမိတို့အုပ်ချုပ်မှုအောက်ရှိ သက်ဆိုင်ရာနယ်မြေဒေသများ၏ 'ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေး' ကို အစဉ်အဆက်တာဝန်ယူလာခဲ့သည့် လက်မှတ်ထိုးအဖွဲ့ဝင် EAOs များအနေဖြင့် ယင်းတာဝန်ကို ဆက်လက်ထမ်းဆောင်သွားရမည်ဟု ဖော်ပြထားသည်။ သို့သော်လည်း ဤအခွင့်အရေးများကို ပိုမိုကြီးမားကျယ်ပြန့်သည့် နိုင်ငံရေးအပြောင်းအလဲနှင့် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုယန္တရားများနှင့် မည်ကဲ့သို့ချိတ်ဆက်သွားရမည် သို့မဟုတ် ပေါင်းစပ်သွားရမည်ဟု အတိအလင်းဖော်ပြထားသည့် လမ်းညွှန်ချက်များ ရှိမနေခဲ့ပေ။ ၂၀၂၁ ခုနှစ် အာဏာသိမ်းရန် ကြိုးပမ်းမှုကြောင့် NCA ရပ်တန့်မသွားခင်ကပင် မတူကွဲပြားသည့် ပြည်နယ်များနှင့် တိုင်းဒေသကြီးများအကြားရှိ တန်းတူမညီမျှမှုများနှင့် ကွာဟချက်များကို ရှင်းရှင်းလင်းလင်း တွေ့မြင်ခဲ့ကြပြီးဖြစ်သည်။

လွတ်လပ်ရေးရခဲ့သည့် ၁၉၄၈ ခုနှစ်မှစ၍ မိမိတို့ကိုယ်ပိုင် အုပ်ချုပ်ရေးနှင့် စီးပွားရေးစနစ်များကို ထူထောင်လာခဲ့ကြသည့် လက်နက်ကိုင်အတိုက်အခံ အင်အားစုများသည် မြန်မာနိုင်ငံ၏ နယ်မြေဒေသအများပြားကို အစဉ်အဆက် ထိန်းချုပ်လာခဲ့ကြသည်။ ဗိုလ်ချုပ်နေဝင်း (၁၉၆၂–၈၈) ၏ ရွှေဉာဏ်တော်စူးရောက်မှုကြောင့် တမူထူးခဲ့ရသည့် 'ဗမာ့နည်းဗမာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်' ခေတ်၌ မြန်မာတစ်နိုင်ငံလုံးသည် ကမ္ဘာ့အဆင်းရဲဆုံး ဆယ်နိုင်ငံစာရင်း အသွင်းခံရလောက်သည်အထိ ကုလသမဂ္ဂ၌ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံအဖြစ်သို့ ဆုတ်ယုတ်ပျက်စီးသွားခဲ့သည်။ နောက်ပိုင်းတက်လာသည့် နဝတ–နအဖ (၁၉၈၈–၂၀၁၁) စစ်အစိုးရ၏ အုပ်ချုပ်မှုအောက်၌ စစ်အစိုးရနှင့် အပြန်အလှန်ငြိမ်းချမ်းရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့သည့် EAOs များအား နည်းလမ်းပေါင်းစုံသုံး၍ ကုန်စည်ကူးသန်းရောင်းဝယ်မှုပြုလုပ်ရန်နှင့် စီးပွားရေးခဲ့ထွင်မှုပြုရန် ခွင့်ပြုပေးခဲ့ပြီးနောက်ပိုင်း 'အပစ်အခတ်ရပ်စဲရေးအခြေပြု အရင်းရှင်စနစ်' အဖြစ် ဆင့်ကဲတိုးတက်ပြောင်းလဲသွားသည့် အရွေ့သစ်တစ်ခုပေါ်ထွက်လာခဲ့သည်။[၁၀၆]

နဝတ–နအဖခေတ်၌ တိုင်းရင်းသားပြည်နယ်များနှင့် ပဋိပက္ခဇုံများအတွင်းသို့ အစိုးရ၊ တပ်မတော်၊ တရုတ်နှင့် ထိုင်းစီးပွားရေး အကျိုးစီးပွားများကြောင့် အရှိန်အဟုန်မြင့်တက်လာခဲ့သည့် သယံဇာတအရင်းအမြစ် ခေါင်းပုံဖြတ်အမြတ်ထုတ်မှု သိသိသာသာထိုးတက်သွားခဲ့သည်။[၁၀၇] ဤတိုးတက်ပြောင်းလဲမှုအရွေ့များအတွင်း တပ်မတော်၏ အခန်းကဏ္ဍကို အဓိကမောင်းနှင်ပေးခဲ့သည့် ဗဟိုချက်သည် ကာကွယ်ရေးဝန်ကြီးဌာနအောက်တွင် လည်ပတ်လျက်ရှိသည့် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လိမိတက်နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းဟူသည့် အလွန်ဩကြီးမားသည့် လုပ်ငန်းစုနှစ်ခုဖြစ်နေခဲ့သည်။ ယနေ့အချိန်ထိလည်းနိုင်ငံအတွင်း အဓိကရှေ့ဆောင်ကုမ္ပဏီများအဖြစ် ဆက်လက်လည်ပတ်နေကြဆဲဖြစ်သည်။ ဤကဲ့သို့နောက်ခံမျိုးရှိနေခဲ့သဖြင့် စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များ၊ ငြိမ်းချမ်းရေးသဘောတူညီချက် စေ့စပ်ညှိနှိုင်းမှုများနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို နိုင်ငံအတွင်း အကောင်အထည်ဖော်ရာ၌ ဟန်ချက်ညီမျှတမှုမရှိတော့ဘဲ တဖြည်းဖြည်းပို၍ တစ်ဖက်စောင်းနင်းဆန်လာခဲ့သည်။

၂၀၁၁ ခုနှစ်အတွင်း နိုင်ငံရေးအသွင်ကူးပြောင်းမှု ခေတ်သစ်တစ်ခု မွေးဖွားလာခဲ့ပြီးနောက်ပိုင်း စီးပွားရေးအပြောင်းအလဲများ ပိုမိုမြန်ဆန်အရှိန်ရလာခဲ့ပြီး ပြည်တွင်းဒေသအများအပြားရှိ တိုင်းရင်းသားများ ပိုမိုဆူပူအုံကြွလာစေရန် မီးထိုးပေးခဲ့သည်။ မတူညီသည့် နယ်မြေဒေသများအကြား ကြုံတွေ့ခံစားခဲ့ရသည့် အတွေ့အကြုံများ ကွာခြားမှုရှိကြောင်း လေ့လာတွေ့ရှိခဲ့သည်။ ဥပမာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း၌ အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်သွားခြင်းနှင့်စပ်လျဉ်း၍ နယ်ခံလူထုလူတန်းစားများက အစိုးရနှင့် တပ်မတော်၏ ပထဝီနိုင်ငံရေးနှင့် သယံဇာတအကျိုးစီးပွားကြောင့်ဖြစ်သည်ဟု မှတ်ယူခဲ့ကြသည်။[၁၀၈] ဆန့်ကျင်ဖက်အနေဖြင့် နိုင်ငံ၏အရှေ့တောင်ပိုင်းဒေသတစ်လျှောက် အတိုင်းအတာတစ်ခုအထိ ငြိမ်းချမ်းနေခဲ့ပြီး ကုန်စည်

ရောင်းဝယ်ဖောက်ကားမှုနှင့် ဆောက်လုပ်ရေးလုပ်ငန်းများဖြင့် စည်စည်ကားကားရှိနေသည့် လွတ်လပ်ရေးနောက်ပိုင်း အကောင်းဆုံးအခါသမယတစ်ခုကို ပိုင်ဆိုင်ခွင့်ရရှိခဲ့ကြသည်။ တစ်ချိန်တည်းလိုလို၌ ထိုအရာများနှင့်အတူ နယ်ခံလူထုလူတန်းစားများအကြား ခွဲခြားပစ်ပယ်၍ ဖယ်ကြဉ်ချန်လှပ်ခံထားရသည့် ခံစားချက်မျိုး ပိုမိုကြီးထွားလာခဲ့သည်။[၁၀၉] အပစ်အခတ်ရပ်စဲထားသည့် နယ်မြေအတွင်းဖြစ်စေ ပြင်ပ၌ဖြစ်စေ ယခင်ဆယ်စုနှစ်များအတွင်း လက်လှမ်းမီနိုင်ခြင်းမရှိအောင် တံခါးပိတ်ခံထားရသည့် နယ်မြေဒေသအတွင်းသို့ ပြင်ပစီးပွားရေးဇာတ်ကောင်များ အလုံးအရင်းဝင်ရောက်လာခြင်းက လူမှုရေးနှင့် စီးပွားရေး မတည်ငြိမ်မှုများကို ပိုမိုမြင့်တက်သွားစေခဲ့သည်။

နိုင်ငံခြားအစိုးရများအပါအဝင် စီးပွားရေးကုမ္ပဏီများနှင့် သဘောတူထားခဲ့သည့် အဓိကစီမံကိန်းအများအပြားသည် ဦးသိန်းစိန်အစိုးရလက်ထက်၌ စီစဉ်နေရာချထားခဲ့ပြီးသား ဖြစ်နေခဲ့သည်။ သို့သော်လည်း အရေးကြီးသည့် အလှည့်အပြောင်းအဖြစ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ပထမငါးနှစ်အတွင်း နယ်ခံလူထုလူတန်းစားများ၏ ဆန့်ကျင်ကန့်ကွက်မှုများ ပေါ်ထွက်လာခဲ့ပြီးနောက် ၎င်းတို့အတော်များများ ရပ်ဆိုင်းသွားခဲ့သည်။ အထင်ရှားဆုံးသာဓကအဖြစ် ကချင်ပြည်နယ်၏ မလိခနှင့် အင်မိုင်ခမြစ်နှစ်စင်း ဆုံတွေ့သည့်နေရာ၌ တည်ဆောက်သွားမည့် တရုတ်ကျောထောက်နောက်ခံပြုထားသည့် မြစ်ဆုံရေကာတာစီမံကိန်းကြီးကို ဆိုင်းငံ့လိုက်သည့် အစိုးရ၏ ၂၀၁၁ ခုနှစ် ထုတ်ပြန်ကြေညာချက်သည် ဟိုးလေးတစ်ကျော့်ဖြစ်သွားခဲ့သည်။ ထိုစီမံကိန်းများသည် NCA လက်မှတ်ရေးထိုးမှုအပြီး အာဏာလွှဲယူခဲ့သည့် NLD အစိုးရတက်လာပြီးနောက်ပိုင်း အရှိန်အဟုန်သစ်ဖြင့် ပြန်လည်လှုပ်ခတ်လာခဲ့သည်။ မီးရထားလမ်းများ၊ လမ်းတံတားများ၊ ရေအားလျှပ်စစ်ထုတ်ရေကာတာများ၊ သတ္တုတူးဖော်ရေးစီမံကိန်းများ၊ အထူးစီးပွားရေးဇုံများနှင့် ရေနက်ဆိပ်ကမ်းများပါဝင်နေသည့် ၎င်းအရွေ့သည် မယုံကြည်နိုင်လောက်အောင် ကြီးမားကျယ်ပြန့်နေခဲ့သည်။ အတိတ်ကာလမှ အရေးကြီးသည့် အပြောင်းအလဲတစ်ခုအဖြစ် ၎င်းတို့သည် တိုက်ဒေသကြီးတစ်လွှား ချိတ်ဆက်မှုအားကောင်းလာရေးကိုလည်း အားပေးအားမြှောက်ပြုခဲ့ပြီး ၎င်းတို့အတော်များများကို နိုင်ငံတကာ အကျိုးစီးပွားများနှင့် အမြင်သဘောထားများက မောင်းနှင်ခဲ့ကြခြင်းဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်ရှိ တရုတ်၏ ခါးပတ်နှင့် လမ်းအစီအစဉ်နှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ ရခိုင်ပြည်နယ်နှင့် ချင်းနယ်စပ်ဒေသရှိ အိန္ဒိယ၏ ဘက်စုံသုံး ကုလားတန်သယ်ယူပို့ဆောင်ရေးနှင့် ဆိပ်ကမ်းစီမံကိန်းနှင့် မြန်မာနိုင်ငံ၏ တောင်ဘက်အကျဆုံး တနင်္သာရီတိုင်း၌ ဂျပန်နှင့် ထိုင်းနိုင်ငံတို့ စတင်ဖော်ဆောင်ခဲ့သည့် ထားဝယ်ဖွံ့ဖြိုးရေးစီမံကိန်းဟူသည့် စီမံကိန်းသုံးခုသည် အထင်ရှားဆုံးဖြစ်ခဲ့သည်။ ဤစီမံကိန်းများသည် အမေရိကန်ဒေါ်လာဘီလီယံနှင့်ချီ၍ တန်ကြေးရှိသည့် အစီအစဉ်များအဖြစ် ဆက်ရှိနေခဲ့ပြီး နိုင်ငံ၏ မတူညီသည့် နယ်မြေအစိတ်အပိုင်းများ၌ ဖော်ဆောင်သွားမည့် ၎င်းတို့၏လမ်းကြောင်းပေါ်ရှိ အပစ်အခတ်ရပ်စဲထားသည့် နယ်မြေများနှင့် အပစ်ရပ်ထားခြင်း မရှိသေးသည့် နယ်မြေများအားလုံးကို လွှမ်းခြုံနေရာချထားခြင်းဖြစ်သည်။[၁၁၀] ၎င်းတို့အနေဖြင့် အခက်အခဲအများအပြား ကြုံတွေ့ခဲ့ရလင့်ကစား ရှေ့လာမည့်နှစ်များအတွင်း တဖြည်းဖြည်း စတင်အကောင်အထည်ဖော်သွားလိမ့်မည်ဟု ခန့်မှန်းရသည်။

ဤကဲ့သို့သော ဧရာမရင်းနှီးမြှုပ်နှံရေးလုပ်ငန်းများ အသက်ဝင်လာသည့်နည်းတူ နယ်စပ်တိုင်းရင်းသားဒေသများ၌ အစိုးရ၊ တပ်မတော်၊ စီးပွားရေးသမားများ၊ EAO၊ နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်အကျိုးစီးပွားများ အလျဉ်းသင့်သလို လက်ဝါးချင်းရိုက်ဖော်ဆောင်ကြသည့် တရားမဝင်စီးပွားရေးလုပ်ငန်းများလည်း သိသိသာသာ ပျံ့နှံ့ကြီးထွားလာခဲ့သည်။[၁၁၁] အမှန်တကယ် ၎င်းတို့ဖော်ဆောင်လျက်ရှိသည့် အတိုင်းအတာကိုကြည့်ပါက ၂၀၁၁ ခု နှစ်ဇွန်လအတွင်း ကချင်လွတ်လပ်ရေးအဖွဲ့အစည်းကို တစ်ကျော့ပြန်ထိုးစစ်ဆင်

တိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီးနောက်ပိုင်း တပ်မတော်သည် NCA ကို အားပေးအားမြှောက်ပြုရန် သို့မဟုတ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အသစ်များ ပြုလုပ်ရန် မည်သည့်အခါကမှ စိတ်ဝင်စားမှုမရှိခဲ့ဟူသည့် အမြင်သဘောထားသည် မြန်မာနိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသတစ်လွှား၌ ဆက်လက်တွင်ကျယ်ပျံ့နှံ့စေခဲ့သည်။ သယံဇာတအရင်းအမြစ် ပေါကြွယ်ဝသည့် ကချင်ပြည်နယ်၏ ဖားကန့်ဒေသကျောက်စိမ်းတွင်းများသည် ကမ္ဘာပေါ်၌ အဖိုးအတန်ဆုံးဖြစ်သလို မြေရှားသတ္တုများ၊ ရွှေနှင့် သစ်တို့သည်လည်း အဓိကထုတ်ယူသုံးစွဲခံနေရသည့် အရင်းအမြစ်များအဖြစ် ဆက်ရှိနေခဲ့ပြီး ၂၀၁၅-၂၀၂၀ အတွင်း တရုတ်တို့၏ ၄င်္ကျောစိုက်ခင်းစီမံကိန်းများသည် ခုနှစ်ဆမက ကြီးထွားလာခဲ့သည်။[၁၁၂]

ယနေ့အချိန်ထိ တရားဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ နိုင်ငံတွင်း နေရာဒေသအသီးသီး၌ ဖော်ဆောင်လျက်ရှိသည့် အဆိုပါစီမံကိန်းအများအပြားသည် နယ်ခံလူထုလူတန်းစားများအပေါ် အကျိုးပြုမှုမရှိသလောက် နည်းပါးနေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ လူ့အခွင့်အရေးနှင့် ရပ်ရွာလုံခြုံရေးကို ကာကွယ်စောင့်ရှောက်သွားမည်ဟု ကတိကဝတ်ပြုခဲ့ကြသည့် ကနဦး NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း စစ်ဘေးဒုက္ခသည်များနှင့်ပြည်တွင်းနေရပ်စွန့်, ခွာစစ်ဘေးတိမ်းရှောင်ခဲ့ကြရသူများကို လောက်လောက်လားလား ပြန်လည်နေရာချထားပေးခြင်း သို့မဟုတ် ပြန်လည်ထူထောင်ပေးခြင်း မရှိခဲ့သည့် ၂၀၁၁-၂၀၁၂ အပစ်အခတ်ရပ်စဲရေးကာလအလွန်၌ ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်သူများ၊ နယ်စပ်ဖြတ်ကျော် စစ်ဘေးဒုက္ခသည်များနှင့် ရွှေပြောင်းအလုပ်သမားများ (ပြည်တွင်းနှင့် ပြည်ပနှစ်ခုစလုံး) သာ သိသိသာသာ ဆက်လက်တိုးပွားလာခဲ့သည်။[၁၁၃] အကျိုးရလဒ်အနေဖြင့် ၂၀၁၁ ခုနှစ် နှောင်းပိုင်းခေတ်သည် ဖယ်ကြဉ်ချန်လှပ်ထားမှုနှင့် မသေချာမရေရာမှု ပုံစံသစ်များကို ပုံဆောင်ထားသည့် ရေအားလျှပ်စစ် စီမံကိန်းများနှင့်အတူ တိုင်းရင်းသားပြည်သူအများအပြားအတွက် မကြုံစဖူးလောက်အောင် အခြေပျက်ခဲ့ရသည့် အချိန်ကာလတစ်ခုဖြစ်လာခဲ့သည်။ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားအများစုကို နိုင်ငံခြားသို့ ပေါပေါလောလော တင်ပို့ရောင်းချသွားရန် စီစဉ်ထားသည့် မြစ်ဆုံ၊ ဟတ်ကြီး၊ မိုင်းတုံ (တ္ဘဆန်း)၊ ရွာသစ်နှင့် အထက်ရဲရွာဟူသည့် ဆောက်လက်စနှင့် ဆောက်လုပ်ရန်ပြင်ဆင်နေဆဲ ရေကာတာအမည်များက ယနေ့ခေတ်တိုင်းရင်းသား နိုင်ငံရေး ဇာတ်ခုံပေါ်၌ အလွန်အကဲဆတ်သည့် ကိစ္စရပ်များအဖြစ် ဆက်ရှိနေကြဆဲဖြစ်သည်။[၁၁၄]

ထိုကာလများအတွင်း ဝပြည်သွေးစည်းညီညွတ်ရေးပါတီနှင့် အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်ဖွဲ့တို့သည် NCA လမ်းပြမြေပုံပြင်ပနှင့် 'အပစ်အခတ်ရပ်စဲရေးအခြေပြု အရင်းရှင်စနစ်' အောက်၌ အခြားတိုင်းရင်းသားများနှင့် လုံးဝကွဲထွက်နေခဲ့သည့် တိုင်းရင်းသားအခြေပြု အမျိုးသားရေးဝါဒသစ်ကို မျှော်ရည်ကာ တရုတ်နယ်စပ်ဒေသတစ်လွှား ၎င်းတို့အခိုင်အမာ ရပ်တည်လာနိုင်စေရန်သာ ကြိုးပမ်းနေခဲ့သည်။ ဤနေရာ၌ ခေတ်အဆက်ဆက် နိုင်ငံအတွင်းရှိ အဆင်းရဲဆုံးဒေသများ၌ တစ်ခုအပါအဝင်ဖြစ်ခဲ့ဖူးသည့် ဒေသတစ်ခုသည် ၁၉၈၉ ခုနှစ်အတွင်း နဝတအစိုးရနှင့် နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးခဲ့သည့် နောက်ပိုင်း ပန်ဆန်းနှင့် မိုင်းလားရှိ အလွန်စည်ကားတိုးတက်သည့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ဒေသတွင်းစီးပွားရေးကို စဉ်ဆက်မပြတ်တိုးချဲ့အကောင်အထည်ဖော်နေခဲ့ခြင်းဖြစ်သည်။ အကျိုးဆက်အနေဖြင့် UWSP တည်ထောင်ခဲ့ပြီးနောက် လက်တွေ့အသက်ဝင်လာခဲ့သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်၌ 'ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း' အဖြစ် အတည်ပြုပြဋ္ဌာန်းပေးခဲ့သည်။

ဤသမိုင်းကြောင်းက UWSP နှင့် NDAA တို့အနေဖြင့် NCA ကို သဘောတူလက်မှတ်ရေးထိုးရန် အဘယ်ကြောင့်တွန့်ဆုတ်နေရကြောင်း တစ်စိတ်တစ်ဒေသ ရှင်းလင်းသွားစေခဲ့သည်။ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းက ၎င်းတို့အတွက် မည်သည့်အကျိုးရလဒ်မျိုး ရရှိလာစေမည်နည်း။ အလားတူပင် စစ်ရေးနှင့် စီးပွား

ရေးအင်အား တောင့်တင်းခိုင်မာလာစေခဲ့သည့် ၎င်းတို့အဖွဲ့အစည်း၏ အောင်မြင်မှုများက အမျိုးသား လက္ခဏာရပ်ကို ကာကွယ်စောင့်ရှောက်၍ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကို ခိုင်မာသေချာစေခဲ့သည့် လမ်းစဉ်တစ်ခုအဖြစ် အခြားတိုင်းရင်းသား တော်လှန်ရေးအင်အားစုများအတွက် လေးစားအတုယူစရာဖြစ်လာခြင်းသည်လည်း အလွန်အရေးပါသည့် ကိစ္စရပ်တစ်ခုဖြစ်နေခဲ့သည်။ ၎င်းတို့၏ အင်အားတောင့်တင်းမှုကို လေးစားအသိအမှတ်ပြုသည့်အနေဖြင့် တပ်မတော်၏ တပ်မှူများကလည်း ဝဒေဿအတွင်း ကျူးကျော်ဝင်ရောက်သလို အထင်မခံရစေရန် အမြဲဂရုစိုက်ခဲ့ကြသည်။ လက်တွေ့အားဖြင့်လည်း UWSP သည် ၁၉၈၉ ခုနှစ်၌ အပစ်အခတ်ရပ်စဲခဲ့ပြီးနောက်ပိုင်း ထိုင်းနိုင်ငံနှင့် နယ်စပ်ချင်းထိစပ်လျက်ရှိသည့် ရှမ်းပြည်နယ်တောင်ပိုင်း ဒေသအထိ 'တောင်ပိုင်း UWSP' ဟူ၍ စီမံအုပ်ချုပ်လျက်ရှိသည့် ဒုတိယနယ်မြေတစ်ခုကိုပါ ထပ်မံထိန်းချုပ်၍ အင်အားတိုးချဲ့နိုင်ခဲ့ကြသည်။

၂၀၁၅ ခုနှစ် နောက်ပိုင်းအသက်ဝင်လာခဲ့သည့် အရွေ့များအကြား၌ 'စစ်ပွဲမကျ ငြိမ်းချမ်းရေးလည်း မမည်' သည့် စီးပွားရေးမျိုးကို အကောင်းဆုံးထင်ဟပ်လျက်ရှိသည့် သာဓကတစ်ခုမှာ ယခင်က အပစ်အခတ်ရပ်စဲထားသည့် ဒီမိုကရက်တစ် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်တပ်မတော် (DKBA) ဟု သိခဲ့ကြသည့် ကရင်နယ်ခြားစောင့်တပ်ဖွဲ့ ထိန်းချုပ်ထားသည့် ထိုင်းနယ်စပ်တစ်နေရာရှိ အမေရိကန်ဒေါ်လာ ဘီလီယံနှင့်ချီတန်ကြေးရှိသည့် ရွှေကုက္ကိုလ်မြို့သစ်ဖြစ်လာခဲ့သည်။ တရုတ်စီးပွားရေးလုပ်ငန်းများက ကျောထောက်နောက်ခံပြုထားသည့် မြို့သစ်ကို တရုတ်နိုင်ငံ၏ BRI အောက် ထည့်သွင်းပေါင်းစပ်သွားမည့် အထူးစီးပွားရေးဇုံအတွက် လူထုဆက်ဆံရေး တည်ဆောက်သည့် ကြိုးပမ်းအားထုတ်မှုကဲ့သို့ ရောင်းတန်းတင်ခဲ့ကြသည်။ သို့သော်လည်း ကက်စီနိုနှင့် လောင်းကစားကိုသာလျှင် အဓိကစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ကြမည့် ထောင်ပေါင်းများစွာသော တရုတ်အလုပ်သမားများနှင့် ရင်းနှီးမြှုပ်နှံသူများ မြို့ထဲသို့ရောက်ရှိလာပြီးနောက်ပိုင်း စိုးရိမ်ပူပန်မှုများ တစ်ရှိန်ထိုးမြင့်တက်သွားခဲ့သည်။ လူထုဆွေးနွေးတိုင်ပင်မှု သို့မဟုတ် သဘောတူခွင့်ပြုချက် မရရှိဘဲ ဤကဲ့သို့သော အငြင်းပွားဖွယ်ရာကောင်းသည့် စီမံကိန်းအတွက် အစိုးရထံ၏ခွင့်ပြုချက်ကို မည်သည့်နည်းလမ်းဖြင့် ရယူခဲ့သနည်းဟူသည့် ဝေဖန်ပြောဆိုသံများ ကျယ်လောင်လာခဲ့သည်။[၁၁၅] ပြည်ထောင်စုသဘောတူစာချုပ်ကို အပြည့်အဝအကောင်အထည် မဖော်ဆောင်နိုင်မခြင်း ကရင်ပြည်နယ်သို့ ရောက်ရှိလာမည့် အကြီးစားရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်မှု သို့မဟုတ် စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရာ၌ NCA ၏ အခန်းကဏ္ဍ ဆက်လက်ပျောက်ဆုံးနေဦးမည့်ပုံ ပေါ်နေခဲ့သည်။

၂၀၂၀ နှစ်ကုန်ပိုင်း၌ ရွှေကုက္ကိုလ်စီမံကိန်းသည် မြန်မာ၊ တရုတ်နှင့် ထိုင်းအစိုးရများအတွက် အရှက်တကွဲအကျိုးနည်းစရာ ဖြစ်လာခဲ့ကြောင်းညွှန်ပြနေသည့် အထောက်အထားများ ပေါ်ထွက်လာခဲ့သည်။ ဤအခြေအနေသည် အကြီးတန်းခေါင်းဆောင်သုံးဦးကို ရာထူးမှနှုတ်ထွက်ကြရန် တပ်မတော်အမိန့်ပေးလာခဲ့သဖြင့် ၎င်းတို့စိတ်ကို ပြောင်းလဲကြရန် လာရောက်ဖျောင်းဖျမှု မပြုခင်အချိန်ထိ ကရင် BGF ခေါင်းဆောင်ပိုင်းအားလုံး ၎င်းတို့အသီးသီး၏ နှုတ်ထွက်စာများကို အပြိုင်အဆိုင်တင်သွင်းခဲ့ကြသည့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ၏ အထင်ကရအဖြစ်အပျက်ဆီသို့ ဦးတည်သွားစေခဲ့သည်။ ထိုဖြစ်စဉ်များက ဤကဲ့သို့သော စီမံကိန်းများကို စတင်အသက်သွင်းသည့် သို့မဟုတ် စိတ်ကူးပုံဖော်ထားသည့် နည်းလမ်းများအပေါ် လူထုအမြင်ရှင်းသွားစေရန် မစွမ်းသာခဲ့ကြပေ။[၁၁၆] အထူးသဖြင့် ရွှေကုက္ကိုလ်နှင့် အခြားအလားတူလုပ်ငန်းများသည် အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်း ရှင်သန်မှုပုံစံသစ်ဖြင့် ပြန်လည်အရှိန် ရလာခဲ့သည်။[၁၁၇] အားလုံးသိထားကြသကဲ့သို့ပင် ကရင် BGF ကဲ့သို့သော တပ်ဖွဲ့များသည် စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ အကာအကွယ်နှင့် မျက်နှာသာပေးမှုများရရှိရန်အတွက် တပ်မတော်၏ ချီးမြှင့်မြောက်စားမှုအပေါ် မှီခိုအားထားနေကြရသည်။

အလားတူပင် ဦးသိန်းစိန်နှင့် NLD အစိုးရတို့လက်ထက်၌ နိုင်ငံအတွင်းရှိ အခြားနယ်မြေဒေသများတွင်လည်း BGFs နှင့် ပြည်သူ့စစ်တပ်ဖွဲ့များနှင့်ပတ်သက်၍ စိုးရိမ်ပူပန်နေရကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ အထူးသဖြင့် မူးယစ်ဆေးဝါးကုန်ကူးလျက်ရှိသည့် ၎င်းတို့၏အခန်းကဏ္ဍအပေါ် ဝေဖန်ထောက်ပြမှုများ ကျယ်လောင်လာခဲ့သည်။[၁၁၈] ဆယ်စုနှစ်ပေါင်းများစွာ နိုင်ငံတကာအစီအစဉ်များ ဖော်ဆောင်ခဲ့ကြသော်လည်း မြန်မာနိုင်ငံသည် ကမ္ဘာ့မက်အမ်ဖီတမင်း ထုတ်လုပ်မှုအများဆုံးနှင့် တရားမဝင် ဘိန်းထုတ်လုပ်မှု ဒုတိယမြောက် (အာဖဂန်နစ္စတန်ပြီးလျှင်) အများဆုံးဟူသည့် ထူးကဲဝိသေသကို နှစ်ရှည်လများ ဆက်လက်ထိန်းသိမ်းထားဆဲပင်ဖြစ်သည်။ ကာလအပိုင်းအခြားအလိုက် မူးယစ်ဆေးဝါး ဖမ်းဆီးနှိမ်နှင်းမှုများ သတင်းခေါင်းစဉ်းအဖြစ်ပေါ်ထွက်လာလေ့ရှိသည်။ သို့သော်လည်း ၎င်းတို့၏ ပါဝင်ပတ်သက်နေမှု အတိုင်းအတာကြောင့် အဆိုပါတားဆီးနှိမ်နှင်းရေး လုပ်ငန်းများသည် နယ်ခံလူထုလူတန်းစားများအတွက် ယုံကြည်လောက်စရာမဖြစ်ခဲ့ကြပေ။ အခြားတစ်ဖက်တွင်လည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးသည် ဦးသိန်းစိန်အစိုးရလက်ထက် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်၏ တစ်ကျော့ပြန်တော်လှန်ရေးကို ပေါ်ပေါက်လာစေသည့် နိုင်ငံရေးအပါအဝင် အဓိကအကြောင်းရင်းနှစ်ခုအနက် တစ်ခုဖြစ်နေခဲ့သည်။[၁၁၉]

၂၀၁၁ ခုနှစ်၌ စတင်အသက်သွင်းခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သစ် ပေါ်ပေါက်လာခဲ့ပြီးနောက်ပိုင်း ပြုလုပ်ခဲ့သည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုသည် နယ်ခံလူထုလူတန်းစားများ၏ လက်တွေ့ဘဝများအပေါ် အကြီးအကျယ် အကျိုးသက်ရောက်မှုရှိစေခဲ့ကြောင်း ရှင်းရှင်းလင်းလင်းမြင်တွေ့ခဲ့ရသည်။ အာရဒေသကြီး၏ အဆင်းရဲဆုံးနှင့် ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနယ်မြေအတွင်း အတိုင်းအတာတစ်ခုအထိ တည်ငြိမ်သွားခဲ့သည့် ဒေသများ၌ အပစ်အခတ်ရပ်စဲရေးကို ယေဘုယျအားဖြင့် လက်ခံကြိုဆိုခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်အတူ ပြည်တွင်းနယ်မြေဒေသ အများအပြား၌ ပိုမိုဆင်းရဲကျပ်တည်းလာခြင်း၊ လုံခြုံမှုကင်းမဲ့ခြင်းနှင့် ဖယ်ကြဉ်ချန်လှပ်ခံရမှုများ ဒွန်တွဲလိုက်ပါလာခဲ့သည်။[၁၂၀] အမြဲတမ်းလိုလိုပင် ဤမြေပြင်အရှိတရားများသည် ၁၉၄၈ ခုနှစ်ကတည်းက တောက်လျှောက်ပြည်တွင်းစစ်ဒဏ် ခံလာခဲ့ရသည့် နိုင်ငံ၏ပဋိပက္ခအဆောက်အအုံနှင့် အလှည့်အပြောင်းများကို နားလည်သဘောပေါက်အောင် ကြိုးပမ်းရန်ပျက်ကွက်ခဲ့ကြသည့် နိုင်ငံတကာအကျိုးစီးပွားများအောက်၌ မှေးမှိန်ပျောက်ကွယ်သွားခဲ့ကြသည်။

ဤကိစ္စရပ်ကြောင့် ပဋိပက္ခထောင်ချောက်အတွင်း သက်ဆင်းသွားခဲ့ရသည့် နိုင်ငံသည် မြန်မာတစ်နိုင်ငံတည်းမဟုတ်ခဲ့ပေ။ ခေတ်သစ်ပဋိပက္ခများကို လေ့လာလိုက်စားနေသည့် နိုင်ငံရေးဘောဂဗေဒပညာရှင် ဒေးဗစ်ကင်းက 'စစ်ပွဲနှင့် ငြိမ်းချမ်းရေး – ဘာများကွာခြားနေလို့လဲ' ဟု မေးခွန်းထုတ်သွားခဲ့သည်။[၁၂၁] ၎င်းက စစ်ပွဲဆိုသည်မှာ 'သက်ဆိုင်ရာစနစ်တစ်ခု ပြိုလဲပျက်စီးသွားရုံ သက်သက်မဟုတ်ခဲ့ဘဲ အခြားရွေးချယ်စရာ အကျိုးအမြတ်၊ လုပ်ပိုင်ခွင့်အာဏာနှင့် ကာကွယ်စောင့်ရှောက်ရေးစတဲ့ စနစ်သစ်တစ်ရပ်ကို ပြန်လည်ဖန်တီးရတဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်' ဟု ထောက်ပြပြောဆိုသွားခဲ့သည်။[၁၂၂] ဤအယူအဆသည် မိမိရှင်သန်ရေးအတွက် ရေရှည်မျှော်မှန်းချက်များနှင့် မဟာဗျူဟာများကို ချမှတ်ဖော်ဆောင်လျက်ရှိသည့် အရောင်အသွေးစုံလင်သည့် ပဋိပက္ခဇာတ်ကောင် အမျိုးမျိုးရှိနေခဲ့သည့် မြန်မာနိုင်ငံအတွင်း ရင်ဆိုင်နေရသည့် အတွေ့အကြုံမျိုးကို များစွာထင်ဟပ်လျက်ရှိသည်။[၁၂၃] ဤအချက်ကို ကုန်လွန်သွားခဲ့သည့် ဆယ်စုနှစ်သုံးခုအတွင်း ဖော်ဆောင်သွားခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ တွေ့မြင်ခဲ့ရသော်လည်း NCA သည် အားလုံးလွှမ်းခြုံပါဝင်မှု၊ တန်းတူညီမျှမှုနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ခိုင်မာအားကောင်းလာစေရန်အတွက် ဤကဲ့သို့သောစနစ်များနှင့် ဖွဲ့စည်းတည်ဆောက်ပုံများကို တစ်ကြိမ်တစ်ခါမျှ မေးခွန်းထုတ်ခြင်း မရှိခဲ့ပေ။ အဆုံးသတ် နိုင်ငံရေးကစားကွက်မျိုး မည်သည့်အခါကမှ ပေါ်ထွက်လာခဲ့ဖူးခြင်းမရှိပေ။

အလားတူ ကဖျက်ကယက်ပြုနေသည့် ကိစ္စရပ်တစ်ခုမှာ NCA ပေါ်ထွက်လာခဲ့ပြီးနောက်ပိုင်း စီးပွားရေးအရ ကိုယ်ကျိုးရှာအမြတ်ထုတ်မှုများ ပိုမိုအရှိန်အဟုန်မြင့်တက်လာခဲ့သည်ဟူသည့် အမြင်သဘောထားမျိုးတွင်ကျယ်ပျံ့နှံ့လာခြင်းကြောင့် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် လူထုယုံကြည်အားကိုးမှု ချိနဲ့အားနည်းလာခြင်းဖြစ်သည်။ မြေယာ၊ သယံဇာတအရင်းအမြစ်များနှင့် စီးပွားရေးလုပ်ပိုင်ခွင့်များသည် မြန်မာနိုင်ငံ၏ ပဋိပက္ခရေခဲမြေခဲ၌ အမြဲတမ်းလိုလို အခရာကျနေခဲ့သည်။ ရန်ကုန်ကက်သလစ်သာသနာပိုင်ဘုန်းတော်ကြီး ကာဒီနယ်ချာစ်မောင်ဘိုကလည်း ဤသို့သတိပေးပြောဆိုသွားခဲ့သည်။

"ကျနော်တို့ လက်မှတ်ရေးထိုးလိုက်တဲ့ ငြိမ်းချမ်းရေးသဘောတူစာချုပ်တွေက ကျိုးပဲ့ကြေမွလွယ်ပါတယ်။ ဒီသဘောတူချက်တွေက စစ်ပွဲတွေကို ခဏတန့်သွားစေနိုင်ပေမယ့် သစ်တောတွေကတော့ ဆက်ပြီးလုယူဖျက်ဆီးခံနေရနိုင်ပါတယ်။ ကျနော်တို့ရဲ့မြေနဲ့ အနာဂတ်မျိုးဆက်တွေဆီက အဖိုးတန်ကြွယ်ဝမှုတွေကို ဆက်ပြီးခိုးယူခံရနိုင်ပါတယ်။ နက်နက်ရှိုင်းရှိုင်း ညှိနှိုင်းဆွေးနွေးကြစေလိုပါတယ်။"[၁၂၄]

နောက်ဆက်တွဲ အကျိုးဆက်များကား ဆိုးရွားပြင်းထန်လွန်းလှသည်။ ကြားကာလ အစီအမံများသည် NCA နှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲရေး အောင်မြင်မှုတို့အကြား ပေါင်းကူးတံတားထိုးပေးမည့် ယုံကြည်မှုကို တည်ဆောက်ပေးရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုများ တစ်ဆို့နေသည့်အချိန်၌ NLD နှင့် တပ်မတော်တို့ နှစ်ဖက်စလုံးသည် NCA သို့မဟုတ် ပိုမိုကျယ်ပြန့်သည့် ငြိမ်းချမ်းရေးတည်ဆောက်ရေး ရည်မှန်းချက်ပန်းတိုင်များကို လေးစားလိုက်နာခြင်းမရှိဘဲ ၎င်းတို့၏ ဦးစားပေးနိုင်ငံရေးနှင့် စီးပွားရေးလုပ်ငန်းများကိုသာအကောင်အထည်ဖော် နေခဲ့ကြသည်။ တိုင်းရင်းသားများကို ပို၍နာကျည်းနစ်နာရစေသည့် ဥပဒေများပြဋ္ဌာန်းခြင်း သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အတည်ပြုခွင့်ပြုခြင်းတို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ဦးတည်ချက်နှင့် အစိုးရ၏ စိတ်ကူးလိုလားချက်များအပေါ် စိုးရိမ်ပူပန်မှုများကိုသာ ပိုမိုကြီးထွားလာစေခဲ့သည်။

ထိုအချိန်ပတ်ဝန်းကျင်၌ NCA ချိုးဖောက်မှုများသည် ပဋိပက္ခရှေ့တန်းနယ်မြေ အများအပြား၌ ဆက်လက်ဖြစ်ပွားနေခဲ့ပြီး မြေယာလက်လွတ်ဆုံးရှုံးရမှုများနှင့် နယ်ခံလူထုလူတန်းစားများကို ထိခိုက်နစ်နာစေသည်ဟု ယူဆရသည့် စီးပွားရေးစီမံကိန်းများကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည့် အရပ်ဖက်လူ့အဖွဲ့အစည်းများသည် အာဏာပိုင်များ၏ဖမ်းဆီးထိန်းသိမ်းမှုနှင့် နိုင်ငံရေးအရ ထိပါးနှောက်ယှက်ခံရသည့် အရဲစွန့်ရမှုအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။[၁၂၆] ကြားကာလအစီအမံများ၏ မူလရည်ရွယ်ချက်ပြည့်မှီလာအောင် စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ခြင်းက NCA ကို ထိခိုက်နစ်နာစေခဲ့သည်။ ရပ်ရွာအများအပြား၌ သဘောတူစာချုပ်သည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုနှင့် ပြုပြင်ပြောင်းလဲရေး အပြောင်းအလဲခေတ်သစ်တစ်ခု၏ ရှေ့တော်ပြေးဖြစ်ခဲ့ပုံမရသကဲ့သို့ နေပြည်တော်ရှိ ဥပဒေပြုလွှတ်တော်အတွင်း ပြုပြင်ပြောင်းလဲမှုများသည်လည်း အကျိုးသက်ရောက်မှု ရှိလာခဲ့ပုံမပေါ်ပေ။

အရာရာကိုလွှမ်းမိုးနေသည့် နိုင်ငံရေးပြဿနာများ

ငြိမ်းချမ်းရေး အကျပ်အတည်း ပိုမိုနက်ရှိုင်းလာသည့်အချိန်၌ NLD အစိုးရသည် ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ်ဒီဇိုင်းနှင့် ပတ်သက်သည့် နည်းပညာပိုင်းဆိုင်ရာ ပြဿနာများကို အဖြေရှာရန်သာ အများဆုံးအချိန်ဖြုန်းနေခဲ့ကြသလို တာဝန်ရှိသည့် ဌာနအဖွဲ့အစည်းများကလည်း အောင်မြင်သည့်အကျိုးရလဒ်များကို ဆောင်ကျဉ်းပေးနိုင်ခြင်းမရှိခဲ့ကြပေ။ မည်သို့ဆိုစေကာမူ ဤကဲ့သို့သော အရေးကိစ္စများကိုသာ အာရုံစိုက်လုံးပန်းနေခဲ့ခြင်းက မြန်မာနိုင်ငံ၌ရင်ဆိုင်နေရသည့် ပဋိပက္ခစိန်ခေါ်မှုများအတွင်း အမြစ်တွယ်နေသည့် ဇစ်မြစ်ရေသောက်မြစ်ဖြစ်သည့် နိုင်ငံရေးကို နည်းပညာပိုင်းဆိုင်ရာ ဖြေရှင်းချက်သက်သက်ဖြင့် ပြေလည်သွားစေနိုင်ခြင်း မရှိသည့်အချက်ကို မျက်ကွယ်ပြုရာရောက်သွားစေလျက်ရှိသည်။ အပစ်အခတ်ရပ်စဲရေးဆိုင်

ထိုင်းနယ်စပ်တစ်နေရာရှိ ကရင် BGF ထိန်းချုပ်နယ်မြေ၌ ရွှေကုန်လဲမြို့သစ် တည်ဆောက်နေပုံ (TNI)

ရာ နေရာချထားမှုများက ရေတို၌ နေ့တမှုဝရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာများကို ပြေလည်သွားစေနိုင်သော်လည်းခေတ်အဆက်ဆက် အတွေ့အကြုံများက အမျိုးသားပြန်လည်သင့်မြတ်ရေးသည် နိုင်ငံရေးသဘောတူညီချက်များအပေါ် အခြေပြုရန်လိုအပ်ကြောင်း အကြိမ်ကြိမ် သက်သေပြလာခဲ့ပြီးဖြစ်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ကြုံတွေ့ခဲ့ရသည့် ပြဿနာဗဟိုချက်သည် အဓိကအင်အားစုများနှင့် ၎င်းတို့၏ခေါင်းဆောင်များအကြား ၎င်းတို့၏ရည်မှန်းချက်ပန်းတိုင်များအပေါ် မျှော်ရည်ချက်များ ကွဲလွဲနေခဲ့ခြင်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်နိုင်ခြင်းမရှိခဲ့သည့်အခြေခံအကျဆုံး ပြဿနာရှိနေခဲ့ခြင်းက ဆန့်ကျင်ဖက် လမ်းကြောင်းဖြင့် ကန့်လန့်တိုက်သည့် လုပ်ရပ်မျိုးဆီသို့ ဦးတည်သွားစေခဲ့သည်။ ယခုအချိန်ထိ သက်ဝမကင်း ရှိနေဦးမည်ဆိုလျှင်ပင် အမျိုးသားနိုင်ငံရေး ဇာတ်ခုံပေါ်ရှိ ၎င်းတို့၏ရပိုင်ခွင့်နှင့် အခန်းကဏ္ဍတို့အပြင် ပြည်တွင်းနိုင်ငံရေး အဆောက်အအုံနှင့်ပတ်သက်၍ ၎င်းတို့မျှော်မှန်းထားသည့် အဆုံးသတ်အပေါ် တပ်မတော်ခေါင်းဆောင်များ၏ ရှုမြင်သဘောထားမူပုံစံနှင့် အခြေခံအားဖြင့်ကို ကွဲပြားခြားနားလျက်ရှိကြောင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းရန်ကြိုးပမ်းမှုက သက်သေပြနေခဲ့ပြီးဖြစ်သည်။

EAOs များအကြားခ်ဉ်လည်း အမြင်သဘောထားကွဲလွဲမှုများရှိခဲ့ဖူးကြသော်လည်း ယေဘုယျအားဖြင့် ၎င်းတို့အားလုံးလိုလိုသည် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသွားမည့် ဒီမိုကရေစီထုံးနည်းစံကျရှိပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အမျိုးသားတန်းတူရေး အခွင့်အရေးကို လေးစားလိုက်နာသည့် နိုင်ငံသစ်တစ်ခု ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန် ညှိနှိုင်းဆွေးနွေးခြင်းဖြင့်သာလျှင် ပြည်တွင်းစစ်ကို အဆုံးသတ်လိုကြသူများဖြစ်ကြသည်။ ထိုသို့ပြုလုပ်ရာ၌ အခြေခံအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြောင်းအလဲ ပြုလုပ်ရန်နှင့် တိုင်းရင်းသားမျိုးနွယ်စုများကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်လာမည်ဖြစ်သည်။ အရောင်အသွေး စုံလင်သည့် တိုင်းရင်းသားတော်လှန်ရေး လှုပ်ရှားမှုများ၏ အနာဂတ်နှင့်ပတ်သက်၍ အမြင်သဘောထားအမျိုးမျိုး ကွဲပြားနေနိုင်သည်မှန်သော်လည်း ၎င်းတို့အနေဖြင့် အစိုးရဖက်က

သာစိတ်ရင်းစေတနာမှန်ကန်စွာ ပြောင်းလဲခဲ့မည်ဆိုလျှင် ပြုပြင်ပြောင်းလဲရေးသည်လည်း မုချအောင်မြင်နိုင်သည် ဟုလက်ခံယုံကြည်ထားကြသူများဖြစ်သည်။ မြန်မာနိုင်ငံသည် ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် နိုင်ငံအတွက် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဟူသည့်အထွေထွေရည်မှန်းချက်များကို အသေးစိတ်ပြဋ္ဌာန်းထားသည့် ၁၉၄၇ ပင်လုံသဘောတူစာချုပ်၊ ၁၉၆၁ ခုနှစ် ဖက်ဒရယ်ညီလာခံနှင့် အခြားသမိုင်းတွင်သည့် အစည်းအဝေးများအပေါ် အခြေခံတည်ဆောက်ထားခြင်းဖြစ်သော်လည်း ဤကဲ့သို့သော လုပ်ငန်းစဉ်အတွက် သမိုင်းတစ်လျှောက် သာဓကကြည့်စရာ ရှေးဦးဖြစ်စဉ်မျိုး မရှိခဲ့ဖူးပေ။[၁၂၇]

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် တပ်မတော်၏ရည်မှန်းချက်ပန်းတိုင်သည် လုံးဝကွဲပြားခြားနားနေခဲ့သည်။၁၂၈ ၂၀၁၁ ခုနှစ် အလွန်ကာလအတွင်း ၎င်းတို့၏ရုပ်တည်ချက်သည် ကျန် EAOs များနှင့် တိုက်ရိုက်ဆန့်ကျင်ဖက်ဖြစ်ခဲ့သည်။ နိုင်ငံတော်အဆင့် ဗိုလ်ချုပ်ကြီးများ၏ရည်မှန်းချက်သည် စစ်တပ်အလိုကျ ရေးဆွဲပြင်ဆင်ခဲ့သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြီးကြီးမားမားပြင်ဆင်မှု မပြုလုပ်နိုင်အောင် ကာကွယ်စောင့်ရှောက်သွားရန်ဖြစ်သည်။ ထိုကာလများအတွင်း စစ်တပ်သည် လုံခြုံရေးနည်းလမ်းမျိုးစုံဖြင့် ပြည်တွင်းစစ်ပွဲကို စီမံခန့်ခွဲနိုင်စေရန် ကြိုးပမ်းအားထုတ်နေခဲ့သည်။ ယင်းနည်းလမ်းများ၌လက်သင့်ရာ အပစ်ရပ်ချုပ်ဆိုမှုများ၊ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်မှုနှင့် EAOs များကို လက်နက်ဖြုတ်သိမ်းခြင်း သို့မဟုတ် ၎င်းတို့ခါးပိုက်ဆောင်တပ်ဖွဲ့များအဖြစ် အသွင်ကူးပြောင်းစေခြင်းဖြင့် ပဋိပက္ခကို အကန့်အသတ်ဖြင့် ဆက်လက်ထိန်းသိမ်းထားရှိရေးသည်လည်း အပါအဝင်ဖြစ်ခဲ့သည်။ အပေါ်ယံကြည့်ပါက ၁၉၉၀ ပြည့်လွန်နှစ်များဆီက အပစ်အခတ်ရပ်စဲရေး မဟာဗျူဟာနှင့် တစ်စိတ်တစ်ပိုင်း တူညီနေသယောင်ထင်ရသော်လည်း နဝတ-နအဖအုပ်ချုပ်မှုအောက်၌ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို မွေးဖွားပေးခဲ့သည့် အမျိုးသားညီလာခံကဲ့သို့သော နိုင်ငံရေးအရ အနှစ်သာရရှိစေမည့် အင်္ဂါရုပ်မျိုး ပါဝင်မှုမရှိခဲ့ပေ။ အဆိုပါ ရည်မှန်းချက်များကို ၂၀၁၀ ပြည့်လွန်နှစ်များတစ်လျှောက် မြင်တွေ့ခဲ့ကြရပြီး ၂၀၂၁ ခုနှစ် အာဏာသိမ်းရန် ကြိုးပမ်းမှုက ထပ်လောင်းခိုင်မာစေခဲ့သည်။

ဆန့်ကျင်ဖက်အနေဖြင့် အစိုးရအတွင်းရှိ NLD ၏ရည်မှန်းချက်သည် များစွာရှင်းလင်းသဲကွဲမှုမရှိဘဲ အသေးစိတ်နိုင်ငံရေးလမ်းပြမြေပုံ ကင်းမဲ့နေခဲ့သည်။ သမ္မတဦးသိန်းစိန်ဦးဆောင်သည့် ယခင်အစိုးရလက်ထက်၌ USDP နှင့် တပ်မတော်အကြား ဆက်ဆံရေးသည် ပုလင်းတူဗူးဆို့ဖြစ်နေခဲ့သည်။ သို့သော်လည်း NLD အစိုးရလက်ထက်တွင် အစိုးရအတွင်း လုပ်ကိုင်ဆောင်ရွက်မှု ပုံစံများသည် ယခင်ကထက်များစွာ ပို၍ရှုပ်ထွေးလာခဲ့သည်။ ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့်အာဏာကို တပ်မတော်က သိသိသာသာဆက်လက်ချုပ်ကိုင်ထားခဲ့သဖြင့် ၎င်းတို့နှစ်ဖွဲ့အကြား ဂွတီးဂွကျနိုင်လှသည့် ပိုနေမြဲကျားနေမြဲအနေအထားမျိုးရုပ်လုံးပေါ်လာခဲ့သည်။

နောက်ပိုင်းအကျိုးဆက်အနေဖြင့် NLD ခေါင်းဆောင်များနှင့် EAOs တို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရာ၌ တိုးတက်ဖြစ်ထွန်းမှုများကိုဟန့်တားပိတ်ပင်ရန် ဖိအားပေးခြင်း သို့မဟုတ် လက်သင့်ရာ ဆွေးနွေးဖက် ရွေးချယ်ခြင်းအားဖြင့် သော်လည်းကောင်း၊ စစ်ဆင်ရေးလုပ်ငန်းများ ဖော်ဆောင်ခြင်းဖြင့်သော်လည်းကောင်း ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာကို နေရာတကာအသုံးချလိုစိတ်ရှိနေကြောင်း စဉ်ဆက်မပြတ် ပြသလာခဲ့သည့် တပ်မတော်ကြောင့် မကြာခဏဆိုသလို စိတ်အနှောက်အယှက်ဖြစ်ခဲ့ကြရပုံပေါ်သည်။ ဤကဲ့သို့သော အခြေအနေမျိုးရှိနေလင့်ကစား NLD ခေါင်းဆောင်ပိုင်းသည် အစိုးရတစ်ရပ်အနေဖြင့် ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာ လက်လွှတ်ဆုံးရှုံးရခြင်း သို့မဟုတ် တပ်မတော်နှင့် ထိပ်တိုက်ရင်ဆိုင်ရခြင်းမရှိဘဲ ပဋိပက္ခကို အဆုံးသတ်သွားမည်ဟု အသံကောင်းဟစ်ရင်း ၎င်းတို့ကိုယ်ကျိုးကိုသာလျှင် ရှေ့တန်းတင်နေခဲ့ကြပုံရသည်။

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ အလွန်ကာလ၌သောင်ပြိုကမ်းပြို အနိုင်ရခဲ့သည့် NLD ၏ အောင်မြင်မှုကိုကြည့်၍ မယုတ်မလွန်ဆက်ဆံရေးမျိုး ပြောင်းလဲသွားလိမ့်မည်ဟူသည့် ထင်မြင်ယူဆချက်များနှင့် ၎င်းတို့၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ရေးအပေါ်သက်ရောက်လာနိုင်သည့် အကျိုးဆက်များနှင့် ပတ်သက်၍ လိုရာဆွဲတွေးသည့် တစ်ဖက်သတ်ယူဆချက်များ အလျှင်အမြန်ပျံနှံ့လာခဲ့သည်။ နိုင်ငံတစ်လွှားရှိ လူထုလူတန်းစား အများအပြားအကြား ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး တံခါးပွင့်လာပြီး NLD အနေဖြင့် ပိုမိုခိုင်မာအားကောင်းသည့် နိုင်ငံရေးဦးတည်ချက်များကို ချပြလာလိမ့်မည်ဟူသည့် မျှော်လင့်ချက်များ ပိုမိုကြီးထွားလာခဲ့သည်။ ယင်းအစား အာဏာသိမ်းလိုက်ခြင်းအားဖြင့် တပ်မတော်

ရခိုင်ပြည်နယ်တောင်ပိုင်းမှ ကျွဲနွားလယ်ယာဖွံ့ဖြိုးရေးဌာန (INL) ကျောင်းသားများ

ခေါင်းဆောင်များက ၎င်းတို့အနေဖြင့် လွတ်တော်တွင်း ရွေးကောက်ပွဲရလဒ်များကို ဂရုမစိုက်ကြောင်းပြသကာ NLD ခေါင်းဆောင်အများအပြားကို ဖမ်းဆီးထိန်းသိမ်းပစ်ခဲ့သည်။ ပြောင်းလဲလာခဲ့သည့် စနစ်သစ်၏ ခေါင်းဆောင်ပိုင်းကနည်းပညာပိုင်းဆိုင်ရာ ရှုထောင့်မှကြည့်လျှင် NCA ဆက်လက်တိုးတက်ဖြစ်ထွန်းနေဆဲဖြစ်သည်ဟု ပြောဆိုထားခဲ့သော်လည်း ပရမ်းပတာအခြေအနေက တစ်နိုင်ငံလုံးကို ဝါးမြိုသွားပြီးနောက်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ရည်ရွယ်ထားသည့်အရာများကို ထုတ်ဖော်ပြောဆိုရ အလွန်ခဲယဉ်းလာခဲ့သည်။ မည်သို့ပင် ပြောဆိုနေစေကာမူ ပကတိအခြေအနေက အပြောနှင့်အလုပ်ညီသည် ဟု မည်သည့်နည်းနှင့်မျှ လက်ခံနိုင်စရာအကြောင်းမရှိကြောင်း ပြဆိုနေခဲ့သည်။

မျက်မှောက်ခေတ် မြန်မာနိုင်ငံ၌ နိုင်ငံရေးပြုပြင်ပြောင်းလဲရေး သဘောတူညီချက်ရရှိရန် မစွမ်းဆောင်နိုင်ခဲ့သည့် အားနည်းချက်က ၁၉၄၈ ခုနှစ် လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာခဲ့သည့် တိုင်းရင်းသားပဋိပက္ခ၏ ဗဟိုချက်မနေရာ၌ ဆက်လက်နေရာ ယူထားဆဲဖြစ်သည်။ နိုင်ငံတကာအထောက်အပံ့နှင့် ယုံကြည်မှော်လင့်ချက်များခိုင်မာမှုရှိခဲ့လင့်ကစား ဤအခြေခံအကျဆုံး လိုအပ်ချက်ကို ပြည့်မှီစေသည့်ပုံစံမျိုးဖြင့် NCA ကို အကောင်အထည်ဖော်ရန်ပျက်ကွက်ခဲ့ကြသည်။ လက်နက်ကိုင်ပဋိပက္ခသာ ဆယ်စုနှစ်ခုနှစ်ခုကျော် ဖြစ်ပွားလာခဲ့သော်လည်း အတူတကွ အလုပ်လုပ်လိုသည့် နိုင်ငံရေးစိတ်ဆန္ဒနှင့် အင်အားစုအချင်းချင်းအပြန်အလှန်နားလည်မှု သိသိသာသာကင်းမဲ့နေကြဆဲဖြစ်သည်။

ရခိုင်ပြည်နယ်တောင်ပိုင်းဒေသ ဝတ်ဆင်ထားသည့် အလှဆင်ပစ္စည်းများနှင့် ကိုယ်ဝန်ဆောင်ပုံ

၃။ စေ့စပ်ညှိနှိုင်းရေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားမည့် ကြိုးပမ်းအားထုတ်မှုများ

ရပ်တည်ချက်ခြင်း ကွာခြားမှုများ – NLD၊ တပ်မတော်နှင့် EAOs

ပဋိပက္ခအကွဲအပြဲများ မည်မျှနက်ရှိုင်းနေစေကာမူ ၂၀၁၁ ခုနှစ်မှ ၂၀၂၁ ခုနှစ် အာဏာသိမ်းရန် ကြိုးပမ်းခဲ့ချိန်အထိ အစိုးရအသွင်ကူးပြောင်းမှု ပြုလုပ်ခဲ့ပြီးနောက်ပိုင်း အောင်မြင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ် ဖြစ်ထွန်းလာစေရန် ဆက်လက်ကြိုးပမ်း အားထုတ်နေကြဆဲဖြစ်သည့် အချက်ကို မျက်ခြေမပြတ် စောင့်ကြည့်နေရန် အလွန်အရေးကြီးသည်။ ကြိုးပမ်းအားထုတ်လာခဲ့သည့် ဆယ်စုနှစ်အတွင်း လက်နက်ကိုင်ပဋိပက္ခ စတင်လာခဲ့သည့် ၁၉၄၈ ခုနှစ်မှစ၍ နိုင်ငံ၏ နိုင်ငံရေးဦးတည်ချက်သစ်ကိုလမ်းခင်းပုံဖော်ပေးမည့်ငြိမ်းချမ်းရေး ကြိုးပမ်းအားထုတ်မှု အပြင်းထန်ဆုံး ကာလတစ်ခုကို မြင်တွေ့ခဲ့ရသည်။ တစ်နိုင်ငံလုံးအတိုင်းအတာ ငြိမ်းချမ်းရေးကို ဆောင်ကျဉ်းပေးနိုင်ခြင်း မရှိခဲ့သော်လည်း ၂၀၁၂-၂၀ ခုနှစ် အတွင်းဖော်ဆောင်သွားခဲ့သည့် အပစ်အခတ်ရပ်စဲရေးဖြစ်စဉ်သည်အားလုံးလွှမ်း ခြုံပါဝင်မှုမရှိသည့် ကိစ္စရပ်မှလွဲ၍ ဆယ်စုနှစ်များစွာအကြာ၌ ပထမဦးဆုံးအကြိမ်အဖြစ် ပဋိပက္ခဇုံအများအပြား အထူးသဖြင့် အရှေ့တောင်ပိုင်းဒေသ၌ သေနတ်သံတိတ်သွားစေခဲ့သဖြင့် နှစ်ရှည်လများ ပဋိပက္ခဒဏ်သင့်နေခဲ့သည့်ရပ်ရွာအသိုက်အဝန်းများကို ခေတ္တခဏမျှ အသက်ရှူချောင်သွားစေခဲ့သည်။ နောက်ထပ်ပြောင်းလဲမှု လက္ခဏာရပ်တစ်ခုအနေဖြင့် အဆိုပါအစီအစဉ်သစ် အများစုသည် နိုင်ငံတကာအသိုက်အဝန်းရှိ အဖွဲ့အစည်းများနှင့် အစိုးရများ၏ ထောက်ခံအားပေးမှုကိုပါ ရရှိခဲ့ကြသည်။

NCA သဘောတူလက်မှတ် ရေးထိုးခဲ့ပြီးနောက်ပိုင်း ရှေ့မတိုးသာနောက်မဆုတ်သာညှိနှိုင်းဆွေးနွေးရေးတစ်ဆို့မှုကိုကိုင်တွယ်ဖြေရှင်းရသည့် ဗဟိုချက်မနေရာ၌ ထိုကာလ မြန်မာ့နိုင်ငံရေးဇာတ်ခုံ၏ NLD ဦးဆောင်သည့်အစိုးရ (ပါတီဝင်မဟုတ်သူများ အပါအဝင်)၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများဟူသည့် အဓိကဇာတ်ကောင်သုံးဖွဲ့ ဆက်လက်နေရာယူထားခဲ့သည်။ ၎င်းတို့အားလုံးကလည်း ကိုယ်ပိုင်အစီအစဉ်သစ်များကို ဆက်လက်အသက်သွင်းနေခဲ့ကြသည်။ သုံးဖွဲ့စလုံး စေ့စပ်ညှိနှိုင်းရေးနှင့်ပတ်သက်၍ မတူကွဲပြားသည့် သီးခြားအရေးကိစ္စများကို ကြုံတွေ့ခဲ့ကြရသော်လည်း ၎င်းတို့အသီးသီး၏ ချဉ်းကပ်မှု

KNU ဥက္ကဋ္ဌတူးစဖို၊ နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်နှင့် စိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင်ကျင်းပခဲ့သည့် NCA တတိယနှစ်ပတ်လည်နေ့တွင် အတူတွေ့ရစဉ် (AFP)

ပုံစံများနှင့် အရေးယူဆောင်ရွက်ချက်များအကြား ရှင်းလင်းပြတ်သားသည့် ပုံစံတူအရွေ့များ ရှိနေခဲ့သည်။ သို့ရာတွင် အသေမဟုတ်သည့် နိုင်ငံရေး ရေခဲမြေခဲနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့သည် စဉ်ဆက်မပြတ်ဆက်လက်၍ ဆင့်ကဲတိုးတက်ပြောင်းလဲနေခဲ့သည်။

NCA ရေခဲမြေခဲအခင်းအကျင်း 'မပေါ်ပေါက်လာမီ' နှင့် 'အလွန်' ကာလသည် အလျင်အမြန်ပင် ကွဲပြားခြားနားလာခဲ့သည်။ အထူးသဖြင့် သဘောတရားအရ သဘောတူစာချုပ် နေရာတကျဖြစ်လာခြင်းနှင့်အတူ ညှိနှိုင်းဆွေးနွေးမှုအတွင်း နောက်ထပ်ရှုပ်ထွေးမှုပုံစံသစ်များ ထပ်မံပေါ်ထွက်လာခဲ့သည်။ ထင်သာမြင်သာအရှိဆုံး သာဓကတစ်ခုအဖြစ် စုဖွဲ့ထားကြသည့် EAO အင်အားစုအသီးသီးသည် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များ၌ ပြဋ္ဌာန်းထားသည့် အကြောင်းအရာများအပေါ် အလွန်အမင်း စိုးရိမ်ပူပန်လာရသည့် အခိုက်အတန့်မျိုး ကြုံခဲ့ဖူးကြသည်။ ထိုအခြေအနေမျိုးကို ပြန်လည်တုံ့ပြန်သည့်အနေဖြင့် သဘောတူညီချက်ပေါင်း များစွာနှင့် အကောင်အထည်ဖော်ရေးယန္တရား အများအပြားကို အကြီးအကျယ်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားရန် အဆိုပြုခဲ့ကြသည်။ ဆန့်ကျင်ဖက်အနေဖြင့် NLD ဦးဆောင်သည့်အစိုးရသည် ကတိကဝတ်အသစ်များကို ဆွေးနွေးတိုင်ပင်ရန် သို့မဟုတ် ရှိရင်းစွဲ ကတိကဝတ်များကို လေးစားလိုက်နာမှုရှိကြောင်း သေချာစေရန် တပ်မတော်နှင့် မဖြစ်မနေတိုက်ရိုက်ထိတွေ့ရမည့် ညှိနှိုင်းဆွေးနွေးရေးကိစ္စများကို ရှောင်လွှဲနိုင်ရန်သာ ကြိုးပမ်းသွားခဲ့သည်။

ဤကဲ့သို့သော ရပ်တည်ချက်ခြင်းကွာခြားမှုများက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ ဦးတည်ချက်လမ်းကြောင်းအပေါ်သို့ နောက်ထပ်ဆိုးကျိုးသက်ရောက်မှုများကို ဆောင်ကျဉ်းလာခဲ့သည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း ခေါ်ယူကျင်းပသွားခဲ့သည့် ပထမအကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – ၂ ရာစုပင်လုံအစည်းအဝေး စတင်ခဲ့ချိန်မှ စ၍ NLD ခေါင်းဆောင်များသည် ယေဘုယျအားဖြင့် ပါတီ၏ ကနဦးမူလနိုင်ငံရေးရည်မှန်းချက်များကို အကူအညီ မဖြစ်စေသည့် စစ်ဖက်အရာရှိများနှင့် ထိပ်တိုက်ရင်ဆိုင်ရမှုများကို တတ်နိုင်သမျှရှောင်ကြည်ခဲ့ကြသည်။ ထို့အပြင် ၎င်းတို့အကြား၌ သဘောတူညီချက်များနှင့် အကောင်အထည်ဖော်ရေးဆိုင်ရာ အရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးသွားမည့် ရှေ့ထွက်စေ့စပ်ညှိနှိုင်းရေးသမားများကိုလုပ်သာကိုင်သာရှိစေမည့်မဟာဗျူဟာများကိုလည်း ပြင်ဆင်ထားခြင်း မရှိခဲ့ကြပေ။

ဤကဲ့သို့သော လစ်ဟာနယ်အတွင်း ပါတီ၏ အဓိကအကျိုးစီးပွား လိုလားချက်သည် လွှတ်တော်ရေးရာနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို အလေးပေးအာရုံစိုက်ရေး

သာဖြစ်နေခဲ့ပုံရသည်။ ဤအပြောင်းအလဲနှင့် တစ်ပြိုင်တည်း လိုလိုသို့ သမ္မတဦးသိန်းစိန်လက်ထက် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ၏ ပွင့်လင်း၍ အလွတ်သဘောဆန်သည့် ချဉ်းကပ်မှုပုံစံကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးစင်တာ၏ ပိုမိုသတိကြီးတင်းကျပ်သည့်ပုံစံဖြင့် အစားထိုးခဲ့ကြသည်။ ထိုအချိန်က နိုင်ငံတကာ၏ အပြင်းအထန် ပြစ်တင်ဝေဖန်ခံနေရသည့် အချိန်မျိုးသို့ပင်လျှင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တပ်မတော်ခေါင်းဆောင်များသည် NLD ၏ အနုနည်းဖြင့်ချဉ်းကပ်မှုကို အသုံးချ၍ အတားအဆီးသစ်များကို တဖြည်းဖြည်းချင်း မွေးမြူနေခဲ့ကြသည်။ ဤနည်းအားဖြင့် အောင်မြင်ဖြစ်ထွန်းသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ဆောင်နိုင်စေမည့် အစိုးရ၏စွမ်းဆောင်ရည်ကို ချိန့်အားနည်းသွားစေခဲ့သည်။

သို့ဖြစ်၍ ရှေ့မတိုးသာ နောက်မဆုတ်နိုင်ဖြစ်နေသည့် စေ့စပ်ညှိနှိုင်းရေးဆိုင်ရာ တစ်ဆို့မှုသံသရာကြီး အခိုင်အမာ အမြစ်တွယ်လာခဲ့တော့သည်။ မတူညီသည့် အကျိုးပတ်သက်ပါဝင်နေသူအမျိုးမျိုး၏ ချဉ်းကပ်မှုပုံစံ ကွာခြားမှုကြောင့် အမြဲတမ်းလိုလို တစ်ဆို့မှုများ ပေါ်ပေါက်လာခဲ့ရသည်။ EAOs များက အထိမ်းအမှတ်သဘော လိုက်လျောအလျှော့ပေးမှု မပြုမီ (ဥပမာ NCA ကို လက်မှတ်ရေးထိုးခြင်း) သိသာထင်ရှားသည့် ညှိနှိုင်းဆွေးနွေးမှု အကျိုးရလဒ်များကို ဦးစွာမြင်တွေ့လိုကြသည်။ သို့သော်လည်း ဤအကြောင်းအရာကို ဆွေးနွေးညှိနှိုင်းရမည့်အစား အစိုးရသည် ၎င်းတို့၏ တောင်းဆိုချက်များကို အပြည့်အဝလိုက်လျောနာခံမှု မပြုမီ သိသာထင်ရှားသည့်အပြောင်းအလဲများပြုလုပ်ပေးရန် EAOs များ၏တောင်းဆိုမှုကို ဦးစွာသဘောတူရန် ငြင်းဆန်သွားခဲ့သည်။ ယုံကြည်မှုလျော့နည်းလာခဲ့သည့် အဓိကအကျိုးရလဒ်နှင့်အတူ တစ်ချို့အခြေအနေ၌ အလျင်အမြန်နှင့် တစ်ချို့အချိန်၌ နှစ်နှင့်ချီကြာသည့် တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်လာခဲ့သော်လည်း အကြိမ်ကြိမ်တိုင်းလိုလို၌ ညှိနှိုင်းဆွေးနွေးမှု အဆုံးသတ်သည် တစ်ဆို့မှုများဖြင့်သာလျှင် အမြဲလိုလိုနိဂုံးချုပ်သွားခဲ့သည်။ ဤပုံစံအရွေ့မျိုးနှင့်ပတ်သက်၍ ကချင်လွတ်လပ်ရေး အဖွဲ့အစည်း၏ဒုတိယဥက္ကဋ္ဌနှင့် ဖက်ဒရယ်နိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှု အတိုင်ပင်ခံကော်မတီ၏ အထင်ကရခေါင်းဆောင်တစ်ဦးဖြစ်သည့် ဗိုလ်ချုပ်ဂွမ်မော်ကဤသို့ရည်ညွှန်းပြောဆိုသွားခဲ့သည်။

> ‘တကယ်လို့ NCA ကသာ ကျနော်တို့အတွက် လက်ခံနိုင်စရာကောင်းလောက်အောင် ကျယ်ပြန့်ပြည့်စုံနေခဲ့ရင် လက်မှတ်ထိုးဖြစ်ခဲ့မှာပါ။ အစိုးရဖက်က ငြိမ်းချမ်းရေးလမ်းစဉ်တစ်ခုအဖြစ် NCA ကို အသက်သွင်းခဲ့တာပါ။ ကျနော်တို့အမြင်အရတော့ NCA လမ်းကြောင်းနဲ့ အတူ FPNCC ဖက်ကအဆိုပြုသွားခဲ့တဲ့ အခြေခံမူတွေကိုပါ ဆက်ပြီးဆွေးနွေးသွားဖို့ လိုအပ်နေဆဲဖြစ်ပါတယ်။ သူတို့အနေနဲ့ ဆွေးတောင်မဆွေးနွေးကြည့်ဘဲနဲ့ FPNCC အခြေခံမူတွေကိုလက်ခံနိုင်စရာအကြောင်းမရှိဘူးလို့တော့ မပြောခဲ့သင့်ပါဘူး။’[၁၁]

မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော်၊ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်နှင့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/အာရက္ခတပ်တော်တို့ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တန်းတူပါဝင်ခွင့်မပြုခဲ့သည့် တပ်မတော်၏ ဖယ်ကြဉ်ချန်လှပ်ထားမှုကို NLD အနေဖြင့် ပြောင်းလဲနိုင်စွမ်း (သို့မဟုတ် ပြောင်းလဲလိုစိတ်) မရှိခဲ့သဖြင့် အခြေအနေများ ပိုမိုရှုပ်ထွေးလာခဲ့သည်။ NLD အစိုးရသက်တမ်းတစ်လျှောက်လုံး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သာလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အရေးပါသည့်ကိစ္စရပ်မှန်သမျှကို တစ်ဦးတည်းသဘောဖြင့် စိတ်ကြိုက် ဆက်လက်ဆုံးဖြတ်သွားခဲ့သည်။ ဤကဲ့သို့သော အကွဲအပြဲများကြောင့် EAOs များအနေဖြင့် အစိုးရဖက်ခြမ်း၌ NLD နှင့် တပ်မတော်ဟူသည့် သီးခြားအင်အားစုနှစ်ရပ်နှင့် ညှိနှိုင်းဆွေးနွေး နေရသည်ဟူသည့် အမြင်သဘောထား ပိုမိုခိုင်မာလာခဲ့သည်။

ပြန်လည်ချေပသည့်အနေဖြင့် အစိုးရအရာရှိများက EAOs များကသာလျှင် ၎င်းတို့ကို ရှေ့မတိုးနိုင်အောင် ခြေထောက်ဆွဲထားခြင်းဖြစ်သည်ဟု သတင်းဖြန့်ခဲ့ကြသည်။ ဤကဲ့သို့သော အပြောအဆိုများက အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အောင်အောင်မြင်မြင် ဖော်ဆောင်သွားမည့် သို့မဟုတ် ၎င်းတို့၏ ကတိကဝတ်များကို ဖြည့်ဆည်းဆောင်ရွက်သွားလိုသည့် ရည်ရွယ်ချက် သို့မဟုတ် အလေးအနက်ထားသည့် အစီအစဉ်မရှိသည့်အပေါ် EAO ခေါင်းဆောင်များ၏စိတ်အလိုမကျမှုကိုသာ ပိုမိုဆိုးရွားသွားစေခဲ့သည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလမှစ၍ ကြုံတွေ့လာရသည့် စိန်ခေါ်မှုတစ်ခုစီတိုင်းက ဤအမြင်သဘောထားများကို ထပ်လောင်းအားဖြည့်လျက်ရှိရာ၌ အထူးသဖြင့် NLD ဦးဆောင်သည့် အစိုးရတစ်ရပ်အဖြစ် အာဏာရလာခဲ့သည့် ကနဦးလများက အောက်ခြေမြေပြင်၏ ပဋိပက္ခအရှိတရားများအပေါ် စိုးစဉ်းမျှ နားလည်သဘောပေါက်ခြင်း မရှိကြောင်း အထင်အရှားပြသနေသလို ဖြစ်လာခဲ့သည်။ ဥပမာအားဖြင့် ကွယ်လွန်သွားခဲ့ပြီဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်၏ ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်တုများကို လိုက်လံစိုက်ထူခြင်းသည် တိုင်းရင်းသားနယ်မြေဒေသ အများအပြား၌ အလွန်အငြင်းပွား

စရာဖြစ်သွားစေခဲ့သည် ('KNPPအပစ်အခတ်ရပ်စဲရေးညှိနှိုင်းဆွေးနွေးပွဲများ' ကိုကြည့်ပါ)။

တစ်ဆစ်ချိုးအလှည့်အပြောင်းနှင့် ပြုပြင်ပြောင်းလဲရေးအတွက် ညှိနှိုင်းဆွေးနွေးသွားမည့် ချဉ်းကပ်မှုပုံစံအပေါ် သဘောထားအမျိုးမျိုး ကွဲလွဲနေခဲ့ကြပြီး အင်အားစုအသီးသီး မှင်းတို့ကိုယ်ပိုင် အဆိုပြုချက်များကိုသာ အလုအယက် ရှေ့တန်းတင်ခဲ့ကြသဖြင့် ဆိုးရွားပြင်းထန်သည့် အကျိုးဆက်များ သာပေါ်ထွက်လာခဲ့သည်။ NCA နှင့် အစိုးရကြွေးကြော်ထားသည့် ငြိမ်းချမ်းသည့် ခေတ်သစ်တစ်ခုအစား နောက်ပိုင်းနှစ်များအတွင်း နိုင်ငံတစ်နံတစ်လျား၌ လက်နက်ကိုင်ပဋိပက္ခများသာ တစ်ရှိန်ထိုးမြင့်တက်လာခဲ့သည်။ တစ်ချိန်တည်း၌ နိုင်ငံရေးအပြောင်းအလဲများ သို့မဟုတ် စီစဉ်ထားပြီးသား ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဆွေးနွေးပွဲများကိုပါ ပိတ်ပင်ဟန့်တားလိုက်ခြင်းအားဖြင့် တပ်မတော်သည် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ရည်တည်ချက် ပိုမိုခိုင်မာလာစေရန် စွမ်းဆောင်နိုင်ခဲ့သည်။ နယ်မြေအလိုက် တိုင်းစစ်ဌာနချုပ်များက NCA ကိုသော်လည်းကောင်း၊ ရှိပြီးသားအပစ်အခတ်ရပ်စဲရေးကတိကဝတ်များကို သော်လည်းကောင်း ဂရုစိုက်ခြင်းမရှိဘဲ၎င်းတို့တိုက်ချင်သည့် EAOs များကိုရွေးချယ်၍ စစ်ဆင်ရေးလုပ်ငန်းများကိုပင် အရှိန်မြှင့်ခဲ့သည် ('စစ်ရေးအရ ချိုးဖောက်မှုများ' ကိုကြည့်ပါ)။

ရာစုနှစ်ထက်ဝက်မကသည့် စစ်အုပ်ချုပ်ရေးကာလ၏ ခေတ်အဆက်ဆက် အစိုးရများလက်ထက်၌ ဤကဲ့သို့ သောတစ်ဖက်သတ် ဆုံးဖြတ်ချက်များကို တပ်မတော်ခေါင်းဆောင်များအနေဖြင့် အထူးလျှို့ဝှက်သည့် ပုံစံဖြင့်သာလျှင် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ သို့သော်လည်း ယခုတစ်ကြိမ်လို စစ်သားတစ်ပိုင်း ဒီမိုကရေစီအစိုးရလက်ထက်၌ မြန်မာနိုင်ငံ၏ပဋိပက္ခကို တစ်ဆို့စေလျက်ရှိသည့် ကိစ္စရပ်များကို ပြည်တွင်းနှင့် နိုင်ငံတကာကပါ အနီးကပ်ထဲထဲဝင်ဝင် စုံစမ်းစစ်ဆေးမှု ပြုလာကြတော့သည်။ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေခဲ့သော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းရှိ ဖွဲ့စည်းတည်ဆောက်ပုံအရ တန်းတူမညီမျှမှုများနှင့် နိုင်ငံရေးအရ ပျက်ကွက်မှုများကို လောက်လောက်လားလား ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိခဲ့ကြပေ။ သတိပေးသံချောင်းခေါက်သံများကို မသိကျိုးကျွန်ပြုခဲ့ကြသည်။ အကျိုးဆက်အဖြစ် တပ်မတော်၏ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းရန်ကြိုးပမ်းမှုနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် မြောက်များလှစွာသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို ပြောင်းပြောင်းတင်းတင်း ချိုးဖောက်မှုများက NLD ၏ ဒုတိယသက်တမ်းအတွင်း ကတိကဝတ်သစ်များနှင့် အပြန်အလှန်နားလည်မှုများကို တည်ဆောက်နိုင်လိမ့်မည်ဟူသည့် NCA လိုလား ထောက်ခံကြသူများ၏ မျှော်လင့်ချက်အိပ်မက်များကို ပျက်စီးသွားစေခဲ့သည်။ တပ်မတော်၊ NLD၊ EAOs အကြားဆက်ဆံရေးနှင့် ပိုမိုကျယ်ပြန့်သည့် နိုင်ငံရေးလှုပ်ရှားမှုများအားလုံး အခြေခံမှစ၍ ပြောင်းလဲသွားတော့သည်။

၂၁ ရာစု ပင်လုံညီလာခံ

၂၀၁၆ ခုနှစ် မတ်လ၌ NLD ဦးဆောင်သည့်အစိုးရအဖြစ် ကူးပြောင်းသွားပြီးနောက်ပိုင်း EAOs များနှင့် အာဏာရလာသည့် အစိုးရအရာရှိများအားလုံး NCA အသက်ဝင်လာခြင်းနှင့်အတူ အပြန်အလှန်ယုံကြည်မှု တည်ဆောက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အားသစ်လောင်းနိုင်စေရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ NLD အနေဖြင့် ၂၁ ရာစုပင်လုံညီလာခံကိုအဓိကယန္တရားအဖြစ် ပွဲထုတ်လာခဲ့သည်။ ဤခေတ်သစ်စာမျက်နှာ၌ 'ပင်လုံ' အသစ်သည် ငြိမ်းချမ်းရေးကို အရှိန်မြှင့်တင်ပေးပြီး တစ်နိုင်ငံလုံးကို လွှမ်းခြုံထားသည့် ပြုပြင်ပြောင်းလဲရေး စကားဝိုင်းများနှင့် ချိတ်ဆက်သွားမည့် စင်္ကြံန်တစ်ရပ်ဖြစ်လာရန် ရည်မှန်းခဲ့ခြင်းဖြစ်သည်။

လက်တွေ့ဆန်သည့် အကြောင်းပြချက်များဖြင့် ၂၁ ရာစု၌ ပြန်လည်အသက်ဝင်လာခဲ့သည့် ပင်လုံသည် NCA အား ဖြင့်မွေးဖွားလာခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို အမည်ပြောင်းလဲမှည့်ခေါ်ထားခြင်းဖြစ်သည်ဟုသုံးသပ်ယူဆခဲ့ကြသည်။ သို့သော်လည်း အစိုးရသည် ပြန်လည်အားသစ်လောင်းထားသည့် UPC–21CP အတွင်း NCA ကို ချိန်ဆအားနည်းသွားစေခဲ့သည့် ဖယ်ကြဉ်ချန်လှပ်ထားမှုပြဿနာများကို ပါရင်ဆိုင်ကျော်လွှားနိုင်စေရန် ကြိုးပမ်းအားထုတ်လာခဲ့သည်။ မြန်မာနိုင်ငံအတွင်း သက်ဝင်လှုပ်ရှားလျက်ရှိသည့် EAOs များ၏ ထက်ဝက်မျှပင်မရှိခဲ့သည့် အဖွဲ့များသာလျှင် အခြေခံအုတ်မြစ်ဖြစ်သည့် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ ဤနည်းအားဖြင့် NLD သည် ၂၀၁၆ ခုနှစ် သြဂုတ်လအတွင်း ပထမဦးဆုံးအကြိမ် ခေါ်ယူကျင်းပသွားမည့် UPC–21CP ကိုတက်ရောက်ပါဝင်ရန် ဖိတ်ခေါ်ထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းများအဖြစ် သတ်မှတ်ယူဆထားသည့် EAOs ၂၁ ဖွဲ့စလုံးကို လက်ခံသဘောတူလာအောင်တပ်မတော်ကိုတိုက်တွန်းနိုင်လိမ့်မည်ဟုယုံကြည်မျှော်လင့်ခဲ့ပုံရသည် ('တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၊ ၂၀၂၁ခုနှစ်ဖေဖော်ဝါရီ'ဇယားကိုကြည့်ပါ)။

နောက်ပိုင်းကြုံတွေ့လာခဲ့ရသည့် UPC-21CP အခက်အခဲများကို အပိုင်းတစ်အတွင်း ဆွေးနွေးခဲ့ကြပြီးဖြစ်သည်။ သို့သော်လည်း ဤပထမအကြိမ်အစည်းအဝေး၏ အထူးတလည်အရေးပါမှုကြောင့် အဖြစ်အပျက်များကို ပိုမိုအသေးစိတ်ကျကျ ဆန်းစစ်သုံးသပ်ရန် လိုအပ်လာခဲ့သည်။ သမိုင်းတွင်ခဲ့သည့် ပင်လုံဟူသည့် အမည်နာမကို မှီငြမ်းသုံးနှုန်းလိုက်သဖြင့် နိုင်ငံတစ်နံတစ်လျား၌ တစ်နိုင်ငံလုံးအတိုင်းအတာ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးအလှည့်အပြောင်း သစ်တစ်ခု ပေါ်ထွက်လာတော့မည်ဟူသည့်မျှော်လင့်ချက်များအလျင်အမြန် ပျံ့နှံ့သွားခဲ့သည်။ NLD အစိုးရတက်လာသောကြောင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအတွင်း ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ခိုင်မာအားကောင်းသည့် ခေတ်သစ်တစ်ခုမွေးဖွားလာတော့မည်ဟု မျှော်လင့်ခဲ့ကြသည်။

NCA အဖွဲ့ဝင်များနှင့် NCA အဖွဲ့ဝင်မဟုတ်ကြသူများအကြား အကွဲအပြဲများကို ရှောင်ကွင်းကျော်လွှား၍ ညီလာခံဖိတ်စာများ ဖြန့်ဝေခြင်းသည် သဘောတရားအားဖြင့် လွယ်ကူရိုးရှင်းသကဲ့သို့ ယူဆရပါသည်။ အစည်းအဝေး၌ မည်သည့်ဆုံးဖြတ်ချက်ကိုမျှ ချမှတ်ကြမည် မဟုတ်ကြသဖြင့် NLD ဦးဆောင်သည့်အစိုးရနှင့် တပ်မတော်တို့အနေဖြင့် နိုင်ငံရေးပါတီများနှင့် NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် အဖွဲ့အစည်းများအပါအဝင် တက်ရောက်ကြမည့်သူများအား လုံးကိုတန်းတူညီမျှပါဝင်ခွင့်နှင့်ရုပ်မြင်သံကြားပေါ်၌သဘောထားမှတ်ချက်များ ဖတ်ရှုတင်သွင်းခွင့်ပြုသွားမည့် ကိစ္စရပ်အပေါ် သဘောမတူနိုင်စရာ အကြောင်းမရှိခဲ့ကြပေ။ ယခုတစ်ကြိမ်၌ တပ်မတော်ခေါင်းဆောင်များသည် ရခိုင်အမျိုးသားကောင်စီ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး၊ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ရက္ခိုင်အမျိုးသား အဖွဲ့ချုပ်/အာရက္ခတပ်တော်နှင့် ဝအမျိုးသား အဖွဲ့အစည်းကဲ့သို့သော NCA ကနဦးလက်မှတ်ရေးထိုးပွဲ၌ သီးခြားချန်လှပ်ခံခဲ့ရသည့် EAOs ခြောက်ဖွဲ့စလုံး တက်ရောက်ပါဝင်နိုင်သည်ဟု သဘောတူခွင့်ပြုပေးခဲ့သည်။

မည်သို့ဆိုစေကာမူ ကြိုတင် သတ်မှတ်ထားသည့် စည်းကမ်းချက်အချို့ ရှိနေခဲ့သည်။ ဖိတ်ကြားချက်များကို လက်ခံရရှိခါနီး၌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ MND AA၊ TNLA နှင့် ULA/AA လက်နက်ကိုင်တော်လှန်ရေးကို စွန့်လွှတ်ရမည်ဟူသည့် ကတိကဝတ်အပါအဝင် တပ်မတော်၏ ညွှန်ကြားချက်ငါးချက်ပါရှိသည့် သဘောထားကြေညာချက်တစ်စောင်ကိုလူသိရှင်ကြားထုတ်ပြန်လာခဲ့သည်။ ဤအချက်သည် MNDAA နှင့် TNLA အတွက် အထူးတလည် အကဲဆတ်လွန်းသည့် ကိစ္စရပ်တစ်ခုဖြစ်ခဲ့သည်။ နှစ်ဖွဲ့စလုံးသည် နဝတ-နအဖလက်ထက် အပစ်အခတ်ရပ်စဲရေး လုပ်ငန်းများနှင့်ပတ်သက်၍ အတွေ့အကြုံ မရှိခဲ့ဖူးကြပေ။ နောက်ဆက်တွဲအဖြစ် အစည်းအဝေးမတိုင်မီ ထုတ်ပြန်လာခဲ့သည့် ကြေညာချက်၌ အသုံးပြုထားသည့် စကားလုံးအသုံးအနှုန်းအပေါ် ညှိနှိုင်းဆွေးနွေးမှု မအောင်မြင်ခဲ့ခြင်းက MNDAA၊ TNLA နှင့် ULA/AA ဟူသည့် EAOs သုံးဖွဲ့ကို UPC-21CP မှ ဖယ်ထုတ်လိုက်သလိုဖြစ်သွားစေခဲ့သည်။ မည်သို့ဆိုစေ ညီလာခံကျင်းပခါနီး အချိန်ကပ်၍ ၎င်းတို့သည်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်ဆောင်ရွက်သွားရန် စိတ်ဆန္ဒရှိကြောင်းဖော်ပြထားသည့် ပူးတွဲကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ကြသည်။[၂]

NCA လက်မှတ်ရေးထိုးခဲ့ခြင်းမရှိသည့် အခြား EAOs များအကြား၌လည်း ၂၁ ရာစုပင်လုံအစည်းအဝေးနှင့်ပတ်သက်သည့် စိုးရိမ်ပူပန်မှုများ ရှိနေခဲ့ကြသည်။ အထူးသဖြင့် စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီအဖွဲ့ဝင်များအကြား ညီလာခံတက်ရောက်မှုနှင့် ပါဝင်ခွင့်ရုပ်သိမ်းမှုဆိုင်ရာ ကိစ္စရပ်များအပေါ် အလေးအနက်ထား၍ဝေဖန်စောဒကတက်ခဲ့ကြသည်။ သို့သော်လည်း EAOs များအားလုံး တန်းတူညီမျှပါဝင်ခွင့်ရရှိကြမည် ဖြစ်သောကြောင့် NLD ကို ဝိုင်းရံအားပေး၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ၎င်းတို့၏ ဦးဆောင်ဦးရွက်ပြုနိုင်စွမ်းကို အားပေးအားမြှောက်ပြုသည့်အနေဖြင့် တက်ရောက်ပါဝင်ကြရန် သဘောတူခဲ့ကြသည်။[၃] ရလဒ်အနေဖြင့် အခမ်း အနားသို့ စုစုပေါင်း EAOs ၁၇ ဖွဲ့တက်ရောက်လာခဲ့ရာ၌ အများစုသည် NCA ကို လက်မှတ်ရေးထိုးထားခြင်း မရှိခဲ့ကြသော်လည်း ၎င်းတို့၏သဘောထားမှတ်ချက်များကို ရုပ်မြင်သံကြားမှတစ်ဆင့် အများပြည်သူသိရှိနိုင်စေရန် ထုတ်လွှင့်ပေးခဲ့သည်။[၄] အပြန်အလှန်မိန့်ခွန်းပြောဆိုခဲ့ကြရာ၌ ကချင်လွတ်လပ်ရေးအဖွဲ့အစည်း၏ ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ထိုအချိန်က UNFC ၏ ဥက္ကဋ္ဌတာဝန်ယူထားသည့် ဗိုလ်ချုပ်အင်ဘာန်လက ‘ဗမာမဟုတ်ကြတဲ့ကျနော်တို့တိုင်းရင်းသားတွေ လက်နက်ကိုင်တော်လှန်နေရတဲ့ အဓိကအကြောင်းရင်းက ပင်လုံသဘောတူစာချုပ်မှာ သဘောတူခဲ့ကြတဲ့ ဒီမိုကရေစီ၊ အမျိုးသားတန်းတူညီမျှရေးနဲ့ တိုင်းရင်းသားတွေကို ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ပြုဖို့က တိထားခဲ့ကြတဲ့ အာမခံချက်တွေ ပျောက်ဆုံးသွားခဲ့လို့ဖြစ်ပါတယ်’ ထုတ်ဖော်ပြောဆိုသွားခဲ့သည်။[၅]

မည်သို့ဆိုစေကာမူ ပြဿနာပေါင်းများစွာ ဆက်တိုက်ပေါ်ထွက်လာခဲ့သည်။ ညီလာခံအကျိုးရလဒ်နှင့် ပတ်သက်၍ တက်ရောက်လာကြသူအားလုံး တင်းပြည့်ကျပ်ပြည့် ကျေနပ်လက်ခံခြင်း မရှိခဲ့ကြသလို UNFC အဖွဲ့ဝင်များသည်လည်း ၎င်းတို့ကြုံတင်ပြင်ဆင်လာခဲ့သည့် သဘောထားမှတ်ချက်များကို တစ်စုတစ်စည်းတည်း တင်ပြခွင့်မရရှိခဲ့ကြပေ။ ထို့အပြင် ၎င်းတို့၏ ကိုယ်စားပြုအဆင့်အတန်းနှင့်ပတ်သက်၍ အငြင်းပွားစရာတစ်ခု ဖြစ်ပွားလာခဲ့ပြီး နောက်ပိုင်း ဝပြည်သွေးစည်းညီညွတ်ရေးပါတီ၏ ကိုယ်စားလှယ်အဖွဲ့တစ်ခုလုံး ညီလာခံအတွင်းမှ ထွက်ခွာသွားခဲ့သည်။[၆] သို့ရာတွင် ထိုအချိန်ကထွက်ပေါ်လာခဲ့သည့် ကြီးကျယ်သည့် တစ်ဆစ်ချိုးငြိမ်းချမ်းရေး အလှည့်အပြောင်းမျိုးရရှိခဲ့ပြီဟူသည့် ကောလဟာလကြောင့် မိဘပြည်သူအများဝမ်းသာပီတိဖြစ်ခဲ့ရသည်။ နိုင်ငံတကာသံတမန်များ၏အမြင်၌ NLD ၏ ယခုလိုအစည်းအဝေးမျိုးခေါ်ယူကျင်းပ၍ဖက်ဒရယ်စနစ်ဆီသို့ဦးတည်သည့် နိုင်ငံရေးရည်မှန်းချက်များအပေါ် အများနားလည်လက်ခံလာအောင် စည်းရုံးအရေးဆိုသည့် လုပ်ရပ်များအားလုံးက သမိုင်းတွင်လောက်သည့် တစ်ဆစ်ချိုးအလှည့်အပြောင်းတစ်ခုအလား ထင်မှတ်မှားခဲ့ကြပုံရသည်။

တကယ်တမ်း၌အနှစ်သာရပြည့်ဝသည့်မည်သည့် သဘောတူညီချက်မျိုးကိုမျှ လောက်လောက်လားလားမရရှိခဲ့ကြပေ။ မည်သို့ဖြစ်စေ ပထမအကြိမ်မြောက် ၂၁ ရာစုပင်လုံညီလာခံ ပုံရိပ်များသည် အမျိုးသားနိုင်ငံရေးဇာတ်ခုံပေါ်၌ဆက်၍ ရောင်ပြန်ဟပ်နေဦးမည်ဖြစ်သည်။ ထိုသို့ဖြစ်လာရသည့် အကြောင်းပြချက်အမျိုးမျိုးကို ဖော်ထုတ်နိုင်ပါလိမ့်မည်။ သို့သော် အားလုံးလွှမ်းခြုံပါဝင်ရေးသည် ထိုကာလအစည်းအဝေးများ၏ ဆန်းသစ်ဖောက်ထွက်သည့် သဘောသဘာဝအဖြစ် ရှုမြင်လက်ခံထားသည့် အဂၢိရပ်များ၌ အခရာအကျဆုံးဖြစ်နေခဲ့သည်။ စေ့စပ်ညှိနှိုင်းရေးသဘောတရားအရ အောက်ပါအချက်များက အောင်မြင်မှုရရှိစေခဲ့ခြင်းဖြစ်သည်။

၁။ နိုင်ငံရေးဆုံးဖြတ်ချက်ချမှတ်သူများအနေဖြင့်အခြား အကျိုးစီးပွားများထက် အားလုံးလွှမ်းခြုံပါဝင်မှုရှိရန် အထူးဦးစားပေးခဲ့ကြသည်။

၂။ ဆုံးဖြတ်ချက်ချမှတ်သူများအကြားအကျိုးပတ်သက်ပါဝင်သူများအကြား ကွဲပြားခြားနားမှုများကို ဖယ်ရှားသွားရန် သဘောတူခဲ့ကြသည်။ အရောင်အသွေး အမျိုးမျိုးဖြင့် ရောက်ရှိလာကြသူများအားလုံးကို အတတ်နိုင်ဆုံး တန်းတူဆက်ဆံ၍ညီလာခံတစ်လျှောက် တူညီသည့်အခန်းကဏ္ဍများနှင့် လုပ်ပိုင်ခွင့်များကို တစ်ပြေးညီပေးအပ်ခဲ့ကြသည်။ အလားတူအရေးကြီးသည့် ကိစ္စရပ်တစ်ခုအဖြစ် EAOs များကိုလည်း အပစ်အခတ်ရပ်စဲရေး အဆင့်အတန်းအလိုက် ခွဲခြားဆက်ဆံမှု

ပြည်ထောင်စုနှင့် တန်းတူညီမျှမှုကို အာဇံခံပေးထားသည့် ၁၉၄၇ ခုနှစ် သဘောတူညီချက်အထိမ်းအမှတ် ပင်လုံကျောက် တိုင် (TNI)

မပြုခဲ့ကြသလို အပစ်အခတ်ရပ်စဲရေး လုပ်ငန်းဌာ ပါဝင်ခဲ့ခြင်း မရှိသည့် နိုင်ငံရေးပါတီများကိုလည်း တန်းတူပင် ဆက်ဆံခဲ့ကြသည်။

၃။ ဤကိစ္စရပ်များနှင့်စပ်လျဉ်း၍တပ်မတော်ဖက်မှ ၎င်းတို့၏ရပ်တည်ချက်ကို ပြောင်းလဲ၍ လက်ခံသဘောတူလာစေရန် အစိုးရခေါင်းဆောင်များကဌင်းတို့၏ သြဇာလွှမ်းမိုးမှုကို အသုံးပြုခဲ့ကြသည်။

၄။ အစိုးရသစ်သည် အဖက်ဖက်မှ နာမည်ကောင်းရရှိလာသလို နိုင်ငံတစ်နံတစ်လျားရှိ အများပြည်သူ၏ တစ်ခဲနက်ထောက်ခံအားပေးမှုကို လည်းရရှိလာခဲ့သည်။ နှစ်ပေါင်းများစွာ ဒီမိုကရေစီအတွက် မဆုတ်မနစ်တိုက်ပွဲ ဝင်လာခဲ့ပြီးနောက် ပိုင်း NLD အား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးဆောင်ဦးရွက်ပြုရန် လိုအပ်လျက်ရှိသည့် လွတ်လပ်၍ အနှောင်အဖွဲ့ကင်းသည့် ကြားနေပါတီတစ်ခုအဖြစ် သိသိသာသာ ရှုမြင်လာကြတော့သည်။

ဤဖွင့်ပွဲအစည်းအဝေးနောက်ပိုင်း ငြိမ်းချမ်းရေးအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းရန် မစွမ်းဆောင်နိုင်ခဲ့ကြပေ။ ဤကျရှုံးမှု ပေါ်ပေါက်လာစေရန် တွန်းပို့ပေးခဲ့သည့် အကြောင်းရင်းနှစ်ခုရှိသည်။ ပထမအချက်အနေဖြင့် တပ်မတော်သည်ပြည်တွင်းနေရာဒေသအနှံ့အပြားရှိEAOs များကို တစ်ကျော့ပြန် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့သည်။ ဤပထမအကြိမ်မြောက် ပင်လုံအစည်းအဝေးကျင်းပနေသည့်အချိန်၌ ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် စတင်ဖြစ်ပွားလာခဲ့ပြီး အဆိုပါနှစ်ထဲမှာပင် ရိုဟင်ဂျာအကျပ်အတည်း ထိန်းမနိုင်သိမ်းမရ ဖြစ်လာခဲ့သည့် ရခိုင်ပြည်နယ်အထိ စစ်ပွဲများကျယ်ပြန့်လာခဲ့သည်။ ဒုတိယအချက်အနေဖြင့် နောက်ပိုင်းငြိမ်းချမ်းရေး ညီလာခံများအတွင်း ပိုမိုလွှမ်းခြုံပါဝင်မှုရှိစေရန် သို့မဟုတ် တန်းတူညီမျှပါဝင်ခွင့်ရရှိစေမည့် အခြေအနေများ ဖန်တီးပေးရန် အစိုးရခေါင်းဆောင်များ ပျက်ကွက်ခဲ့ကြသည်။ နောက်ပိုင်း UPC–21CP များ၌ NCA အရ လိုအပ်ခြင်းမရှိခဲ့သော်လည်း ၎င်းတို့၏ အပစ်အခတ်ရပ်စဲရေး အဆင့်အတန်းများပေါ် အခြေခံ၍ EAOs များကို ခွဲခြားနေရာချခဲ့ကြသည် ('၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်' စာကွက်ကိုကြည့်ပါ)။

တရုတ်နယ်စပ် KIO ဌာနချုပ်တည်ရှိရာ လိုင်ဇာမြို့တွင်းရှိ ဟိုတယ်တစ်ခုရှေ့၌ကင်မရာလွယ်သည့် လုံခြုံရေးအဖွဲ့ဝင်တစ်ဦး (TNI)

အားလုံးအပြည့်အဝ ပါဝင်လာအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့သည့် ပျက်ကွက်မှုနှင့်အတူ NCA လက်မှတ်ရေးထိုးရခြင်း မရှိသေးသည့် EAOs များသည် နောက်ပိုင်းအစည်းအဝေးများ၌ လေ့လာသူများအဖြစ်သာ တက်ရောက်ပါဝင်ခွင့် ရရှိခဲ့ကြသည်။ ထိုသို့တက်ရောက်နိုင်ရန်အတွက် ပင်တရုတ်နိုင်ငံဖက်မှ အကြီးအကျယ် ကြားဝင်ညှိနှိုင်းပေးခဲ့ရခြင်းဖြစ်သည်။ အကျိုးဆက်အဖြစ် 'UPC ၂၁ ရာစုပင်လုံ'၏ဖွဲ့စည်းတည်ဆောက်ပုံသည် ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေး လမ်းကြောင်းသစ်တစ်ခု ဖောက်လုပ်မှုထက် စာလျှင် ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်၌ ခြေကုပ်ယူထားသည်ဟု ဆောင့်ကြည့်အကဲခတ်ခဲ့သူများအကြားလက်ခံယုံကြည်ခဲ့ကြသည့် NCA ကဲ့သို့ပင် ရှင်းလင်းမြင်သာမှုမရှိဘဲ ရှုပ်ထွေးမှုများရှိလာခဲ့တော့သည်။ ဤအားနည်းချက်များသည် ၂၀၁၇ ခုနှစ် မေလ၊ ၂၀၁၈ ခုနှစ် ဇူလိုင်လနှင့် ၂၀၂၀ ခုနှစ် ဩဂုတ်လများအတွင်း ခေါ်ယူကျင်းပသွားခဲ့သည့် နောက်ပိုင်း UPC–21CP အစည်းအဝေးများတွင်လည်းသိသိသာသာတွေ့မြင်ခဲ့ရသည်။ အဆိုပါအစည်းအဝေးများအတွင်း ပြည်ထောင်စုသဘောတူစာချုပ်သစ်အတွက် 'အခြေခံမူ' ၇၁ ချက်ကို သဘောတူခဲ့ကြသည်။ သို့သော်

လည်းအဆိုပါအစည်းအဝေးများ၌ တိုင်းရင်းသားမျိုးနွယ်စုအများအပြားနှင့် အကျိုးပတ်သက်ပါဝင်သည့် အင်အားစုအများအပြား ကိုယ်စားပြုမှုကင်းမဲ့နေခဲ့ခြင်း သို့မဟုတ် အပြည့်အဝကိုယ်စားပြုမှု မရှိခြင်းနှင့်အတူ ပထမဆုံး ၂၁ ရာစုပင်လုံ အစည်းအဝေးအပေါ် မျှော်လင့်ချက်ကြီးခဲ့ကြသည့်အနေအထားကို ဆက်လက်ထိန်းသိမ်းထားနိုင်ခြင်း မရှိခဲ့ကြပေ။

ဖယ်ကြဉ်ချန်လှပ်ထားမှုနှင့် ကိုယ်စားပြုမှုကင်းမဲ့သည့်ကိစ္စရပ်များသာ ပိုမိုဆိုးရွား ပြင်းထန်လာခဲ့သည်။ ၂၀၂၀ ခုနှစ် သြဂုတ်လ၌ နောက်ဆုံးခေါ်ယူကျင်းပခဲ့သည့် UPC–21CP အစည်းအဝေး၌ နီးကပ်လာခဲ့သည့် အထွေထွေရွေးကောက်ပွဲနှင့် ကိုဗစ်–၁၉ အရိပ်အောက်၌ အကျဉ်းချုံးပုံစံဖြင့် ဖော်ဆောင်သွားခဲ့သည့် ညီလာခံသို့ NCA လက်မှတ်ရေးထိုးထားခြင်း မရှိသည့် EAOs တစ်ဖွဲ့မျှ တက်ရောက်ခဲ့ကြခြင်းမရှိပေ။ NCA လက်မှတ်ထိုးအဖွဲ့ဝင်များ၏ အဓိကရည်မှန်းချက်သည် အစည်းအဝေးတွင်း သဘောတူခဲ့သည့် ကတိကဝတ်နှင့်အညီ နိုဝင်ဘာရွေးကောက်ပွဲအလွန်ထိုင်မြန်းချမ်းရေးလုပ်ငန်းစဉ် ဆက်လက်အသက်ဝင်နေစေရေးပင်ဖြစ်သည်။ သျှမ်းပြည်ပြန်လည်ထူထောင်ရေး အဖွဲ့၏ စိုင်းလင်းက '၂၀၂၀ ခုနှစ်အလွန် ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ်ကိုဘယ်လိုတည်ဆောက်သွားကြမလဲဆိုတဲ့အပေါ် သဘောတူညီမှုရယူတာက အရမ်းကိုအနှစ်သာရပြည့်ဝတဲ့အလုပ်ပါ' ဟု ပြောဆိုသွားခဲ့သည်။[၇] သို့သော်လည်း ယခင်အတွေ့အကြုံများက အနှစ်သာရပြည့်ဝသည့် ဖြေရှင်းချက်မျိုးရရှိလိုပါက နည်းပညာပိုင်းဆိုင်ရာ ပြင်ဆင်ချက်များနှင့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ ပြန်လည်ပြင်ဆင်နေရာချမှုများထက်များစွာ ကျော်လွန်ကျယ်ပြန့်မှုရှိရန် လိုအပ်ကြောင်း ပြသလျက်ရှိသည်။

UNFC ၏ 'ရှစ်ချက်' အဆိုပြုလွှာ

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ တွေ့ဆုံဆွေးနွေးပွဲများအတွင်းမကြာခဏဆိုသလို NCA လမ်းကြောင်း ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန်တိုင်းရင်းသားအတိုက်အခံ အင်အားစုများ၏ ကြိုးပမ်းအားထုတ်မှု အများအပြား ရှိနေသည့်အချက်ကို မျက်စိလျှမ်းသွားလေ့ရှိသည်။ အစိုးရ၏ ဦးစားပေးအဖြစ် အုပ်ချုပ်ရေးအာဏာလွှဲပြောင်းမှု အဆင့်ပြေချောမွေ့စေရေးကို အလေးပေး အာရုံစိုက်ခဲ့သည့် NLD အစိုးရအာဏာရလာခဲ့သည့်အစောပိုင်းရက်များ၌အရေးအကြီးဆုံးအခိုက်အတန့်တစ်ခုရောက်ရှိလာခဲ့သည်။ ၂၀၁၆ ခုနှစ် သြဂုတ်အတွင်း ခေါ်ယူကျင်းပသွားမည့် ပထမအကြိမ်မြောက် ၂၁ ရာစုပင်လုံအစည်းအဝေးမတိုင်မီ EAOs ၁၇ ဖွဲ့သည့်ကချင် လွတ်လပ်ရေးအဖွဲ့အစည်း၏ ပိုင်နက်အတွင်းရှိ မိုင်ဂျာယန်မြို့၌တွေ့ဆုံစည်းဝေးခဲ့ကြသည်။ ၎င်းတို့အားလုံးသည် NCA ညှိနှိုင်းဆွေးနွေးရေး၏အစောပိုင်းအဆင့်အသီးသီး၌ပါဝင်နေကြသူများဖြစ်ကြပြီး အများစုသည် အဖွဲ့ဝင် ၁၆ ဦးရှိသည့် ၂၀၁၃ ခုနှစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးညှိနှိုင်းဆွေးနွေးမှုအဖွဲ့၌ ပါဝင်နေခဲ့ကြသည်။ မည်သို့ဆိုစေကာမူ နိုင်ငံရေးအရ ဖယ်ကြဉ်ချန်လှပ်ထားမှုနှင့် NCA ၏ နောက်ပိုင်းလားရာဦးတည်ချက်က EAOs များကို အကွဲအပြဲဖြစ်သွားစေခဲ့သည် ('၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ' ဧယားကွက်ကိုကြည့်ပါ)။

စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီဖက်ခြမ်း၌ ချင်းအမျိုးသားတပ်ဦး၊ ကရင်အမျိုးသားအစည်းအရုံးနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့အစည်းစသည့် NCA လက်မှတ်ထိုးအဖွဲ့ဝင် အင်အားစုများ မဟာမိတ်အဖွဲ့မှ နှုတ်ထွက်သွားခဲ့သည်။[၈] KNU ဆိုပါက NCA ကိုအချောသတ်၍ အတည်ပင်မပြုရသေးသည့်အချိန်ကတည်းက နှုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်။[၉] အဖွဲ့ရုစ်ဖွဲ့သာလျှင် ၂၀၁၅ ခုနှစ်၌ NCA လက်မှတ်ရေးထိုးခဲ့ခြင်းသည် EAO များကို အတိအလင်းနှစ်ခြမ်းကွဲသွားစေခဲ့ပြီး NCCT ကိုပါ တစ်စခန်းရပ်သွားစေခဲ့သည်။ သို့သော်လည်းနိုင်ငံအနှံ့အပြားရှိ EAOs များသည် UNFC အဖွဲ့ဝင်ဖြစ်စေ၊ အဖွဲ့ဝင်မဟုတ်သည်ဖြစ်စေ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ၎င်းတို့စိုးရိမ်ပူပန်နေရသည့် ကိစ္စရပ်များကိုဆက်လက်ထုတ်ဖော် ပြောဆိုနေခဲ့ကြသည်။

ဤကဲ့သို့သောအခြေအနေအရပ်ရပ်ကြောင့် EAOs ၁၇ ဖွဲ့အနေဖြင့် မိုင်ဂျာယန်၌ တွေ့ဆုံစည်းဝေးခဲ့ကြခြင်းဖြစ်သည်။ အကြောင်းအရာပေါင်းများစွာကို အကျယ်တဝင့်ဆွေးနွေးခဲ့ကြပြီး NCA လက်မှတ်မထိုးထားကြသူများနှင့် လက်မှတ်ထိုးအဖွဲ့ဝင် EAOs များအကြား သဘောတူညီချက် အတော်များများ ရယူနိုင်ခဲ့ကြသည်။ ထို့အပြင် ၎င်းတို့သည် NCA အကောင်အထည်ဖော်ရေးနှင့် လွှမ်းခြုံပါဝင်မှုပိုမိုတိုးတက်ကောင်းမွန်လာအောင် ပြင်ဆင်နေရာချသွားရန် ယခင်လ၌ အစိုးရထံ တင်သွင်းအဆိုပြုခဲ့သည့် UNFC ၏ 'ရှစ်ချက်' အဆိုပြုလွှာကိုလည်း ဝိုင်းဝန်းဆွေးနွေးသုံး

သပ်ခဲ့ကြသည်။ EAO အင်အားစုများသည် NCA ကို လက်မှတ်ထိုးထားသည်ဖြစ်စေ မထိုးထားသည်ဖြစ်စေ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုလမ်းကြောင်းမှန်ပေါ်ပြန်လည်ရောက်ရှိလာစေရန် လိုလားဆန္ဒရှိခဲ့ကြသည်။ အဓိကအကျဆုံး စိုးရိမ်ပူပန်မှု သုံးခုဖြစ်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကို ဖော်ဆောင်သွားရန် နေရာချထားသည့် ဖွဲ့စည်းတည်ဆောက်ပုံများ၊ စောင့်ကြည့်ထိန်းကျောင်းမှု ထိရောက်အကျိုးရှိကြောင်း သေချာအောင်ဆောင်ရွက်သွားရမည့်ကိစ္စရပ်များနှင့် EAOs အားလုံးကိုတင်းပြည့်ကျပ်ပြည့်ပါဝင်ဆောင်ရွက်ခွင့်ပြုရေးဟူသည့် အချက်သုံးချက် ပေါ်ထွက်လာခဲ့သည် (UNFC ၏ 'ရှစ်ချက်' အဆိုပြုလွှာပါရှိသည့် ပူးတွဲဖိုင်ကို ဖတ်ရှုပါ)။

ဤအချိန်မှစ၍ UNFC ၏ အခြေခံမူရှစ်ချက်သည် NCA ၏ နည်းပညာပိုင်းဆိုင်ရာ ချွတ်ယွင်းချက်များနှင့် ပတ်သက်၍ EAO များ ဝေဖန်ထောက်ပြလျက်ရှိသည့် အဓိကအကြောင်းအရာတစ်ခု ဖြစ်လာခဲ့သဖြင့် ၎င်းတို့ကိုထဲထဲဝင်ဝင် ဆန်းစစ်သုံးသပ်စစ်ဆေးရန် မဖြစ်မနေလိုအပ်လာခဲ့သည်။ ဟန့်တားနှောင့်ယှက်နေသည့် ကိစ္စရပ်အချို့ကို စဉ်းစားဖော်ထုတ်နိုင်ခဲ့သည်။ အခြေခံမူ အတော်များများသည် အလွန်စိန်ခေါ်မှု ပြင်းထန်သည့် ကိစ္စရပ်များဖြစ်နေခဲ့သည်။ သို့သော်လည်း ဖျန်ဖြေရေးနှင့်ပတ်သက်၍ တစ်ကြိမ်တစ်ခါမျှပင် အဖြေရရှိရန် မနီးစပ်ခဲ့ဖူးသည့် ကိစ္စရပ်တစ်ခုမှာ အငြင်းပွားမှုဖျန်ဖြေရေး ယန္တရားများနှင့် အပစ်အခတ်ရပ်စဲမှု ပူးတွဲစောင့်ကြည့်ရေး ကော်မတီအတွင်း နိုင်ငံတကာ၏ အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားရန် EAO ဖက်မှ တောင်းဆိုသွားခဲ့သည့် (နံပတ် ၆ နှင့် ၇) အချက်များဖြစ်နေခဲ့သည်။ UNFC ၏ ရပ်တည်ချက်သည် နိုင်ငံတကာ၏ ပါဝင်ဆောင်ရွက်မှုမရှိလျှင် JMC လုပ်ငန်းစဉ်များ ထိရောက်မှုရှိလိမ့်မည်မဟုတ်ဟူသည့်အချက်နှင့်ငြိမ်းချမ်းရေးယန္တရားများ၏ အဆင့်အားလုံးကို လွှမ်းခြုံမှုမရှိပါက JMC ကိုပေးအပ်သွားမည့်နိုင်ငံတကာအကူအညီများအကျိုးရှိလိမ့်မည်မဟုတ်ဟူသည့် ယုံကြည်ချက်နှစ်ခုအပေါ် အခြေခံ၍ တည်ဆောက်ထားခြင်းဖြစ်သည်။

ဤအရေးကိစ္စများကို တစ်ကြိမ်တစ်ခါမျှ အကျိုးသင့်အကြောင်းသင့် ကိုင်တွယ်ဖြေရှင်းရန် မကြိုးစားခဲ့ကြပေ။ NCA လက်မှတ်ရေးထိုးခဲ့ပြီးနောက်ပိုင်း မရည်ရွယ်သည့်နောက်ဆက်တွဲအကျိုးဆက်များ ဆက်တိုက်ဆိုသလို ပေါ်ထွက်လာခဲ့သည်။ လက်မှတ်ရေးထိုးရန် သဘောတူခဲ့ချိန်မှစ၍ တပ်မတော်ခေါင်းဆောင်များသည် JMC အတွင်း ၎င်းတို့ရယူထားသည့် အထူးအဆင့်အတန်းကို လက်လျှော့ပေးရန် အကြောက်အကန်ငြင်းဆန်ခဲ့ကြသလို တပ်မှူးများကလည်း အပစ်အခတ်ရပ်စဲမှု စောင့်ကြည့်ထိန်းကျောင်းရေးနှင့် NCA အတွင်းရှိ အခြားအကဲဆတ်သည့် အရေးကိစ္စများ၌ နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်လာမည့်အရေးကို အကြီးအကျယ် ကန့်ကွက်ခဲ့ကြသည်။ အလားတူပင် နိုင်ငံတကာအသိုက်အဝန်းသည် အကူအညီဖြစ်စေမည့် နည်းလမ်းများဖြင့် ပိုင်းဝန်းကူညီသွားရန် စိတ်ဝင်တစားရှိခဲ့ကြသော်လည်း တပ်မတော်သားကိုယ်စားလှယ်များ ဆန့်ကျင်ကန့်ကွက်လျက်ရှိပြီး ပထဝီနိုင်ငံရေးအရ အလွန်အကဲဆတ်သည့်ကိစ္စရပ်များ ဖြစ်နေခဲ့ခြင်းကြောင့် UNFC ၏ စိုးရိမ်ပူပန်မှုများကို ဆန်းသစ်ဖောက်ထွက်သည့် နည်းလမ်းမျိုးဖြင့် အဖြေရှာသွားမည့်ကိစ္စကို တက်တက်ကြွကြွ ပိုင်းရံအားပေးရန် လက်လျှော့ခဲ့ကြရသည်။ NLD အနေဖြင့်လည်း ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဗီဂျေနမ်ဘီးယားဇ်၏ အခန်းကဏ္ဍကို တစ်စခန်းရပ်ရန် ခွင့်ပြုပေးခဲ့ခြင်းဖြင့် အများမျှော်လင့်သလိုဖြစ်မလာခဲ့ဘဲ ထူးမခြားနားပင်ဖြစ်ကြောင်း သက်သေပြခဲ့သည်။ ဦးသိန်းစိန်အစိုးရလက်ထက် အစည်းအဝေးများ၌ ၎င်း၏ လူလုံးထွက်ပြမှုသည် ညှိနှိုင်းဆွေးနွေးသွားမည့် တစ်ဖက်အင်အားစုများ၏ ယုံကြည်စိတ်ချမှုကို ပိုမိုခိုင်မာသွားစေခဲ့သည်။

ဤအရွေ့နောက်ပိုင်းမှစ၍ ငြိမ်းချမ်းရေး အလားအလာများအပေါ် အကောင်းမြင်စိတ်များ တစတစလွင့်ပါးပျောက်ကွယ်သွားတော့သည်။ နိုင်ငံအနောက်ပိုင်းနှင့် အရှေ့မြောက်ဒေသများ၌ တိုက်ပွဲများ ပိုမိုပြင်းထန်လာခဲ့ပြီးနောက် NLD သည် NCA ကို အပြည့်အဝ ကျောထောက်နောက်ခံပေးခဲ့ပြီးငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းတိုးတက်ပြောင်းလဲမှုများဖြစ်ပေါ်လာစေနိုင်သည့် အခြားရွေးချယ်စရာလမ်းကြောင်းမှန်သမျှကို ပိတ်ဆို့တားဆီးခဲ့သည်။ ထိုအချိန်က နိုင်ငံတကာ အလှူရှင်များသည် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့် အင်အားစုများနှင့် ဆွေးနွေးတိုင်ပင်ခြင်းမရှိဘဲ သို့မဟုတ် UNFC ၏ 'ရှစ်ချက်' အဆိုပြုလွှာ ညှိနှိုင်းဆွေးနွေးမှုအပေါ် အကြီးအကျယ်ရိုက်ခတ်လာမည့် ဆိုးကျိုးသက်ရောက်မှုများကိုထည့်သွင်းစဉ်းစားမှုမပြုဘဲ JMC ၏ရှိရင်းစွဲလုပ်ငန်းများကို ရန်ပုံငွေထောက်ပံ့သွား ရန်သာ ညှိနှိုင်းဆွေးနွေးနေခဲ့ကြသည်။ EAOs များ ထောက်ပြခဲ့ကြသလိုပင် JMC အတွင်းနိုင်ငံတကာအသိုက်အဝန်းကို စောင့်ကြည့်လေ့လာသူများ၊ နည်းပညာအကူအညီပေးသူများနှင့် အကြံပေးများအဖြစ် ပါဝင်ဆောင်ရွက်ခွင့်ပြုသွားရန် NCA ၌ အတိအလင်း ပြဋ္ဌာန်းပေးထားပြီးဖြစ်သည်။[၁၀]

ခဲ့သည် ('စစ်ရေးအရချိုးဖောက်မှုများ' ကိုကြည့်ပါ)။

ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုများ ဖင့်လေးလာသည်နှင့်အမျှ အဓိကကျသည့် ဤ NCA ပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော်ရမည့်ကိစ္စရပ်များအပေါ်သဘောတူညီမှုရယူရန် မဖြစ်နိုင်တော့ကြောင်း ပိုမိုပေါ်လွင်ထင်ရှားလာခဲ့သည်။ အပြန်အလှန်အားဖြင့် ဤကိစ္စရပ်သည် JMC ၏ချွတ်ယွင်းချက်များနှင့် ပတ်သက်သည့် EAO များ၏စိုးရိမ်ပူပန်မှုများကို ပိုမိုတိုးပွားလာစေခဲ့သည်။ ထို့ထက်ပို၍ဆိုရသော် JMC ကို ပေးအပ်ခဲ့ကြသည့် နိုင်ငံတကာအထောက်အပံ့များသည် မကြာခဏဆိုသလိုပင် အလွန်ညံ့ဖျင်းစွာ ရေးဆွဲပြင်ဆင်ထားသည့် ယန္တရားများနှင့် တပ်မတော်၏ ဦးစားပေးလိုလားချက်များအတွက်သာ ရန်ပုံငွေဖြစ်သွားတော့သည်။ NCA သဘောတူလက်မှတ်ရေးထိုးခဲ့သည့်နေ့မှစ၍အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ချိုးဖောက်မှုများ မျက်ကွယ်ပြုခံလာရပြီး တပ်မတော်အကျိုးစီးပွားများသာလျှင် JMC ယန္တရားတစ်ခုလုံးကို လွှမ်းမိုးသွား

ဤကဲ့သို့သော အခြေအနေကြောင့် KIO၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ မွန်ပြည်သစ်ပါတီ၊ သျှမ်းပြည်တိုးတက်ရေးပါတီနှင့် အခြား UNFC အဖွဲ့ဝင်များအနေဖြင့် NCA ပြုပြင်ပြောင်းလဲရေးအတွက် 'အခြေခံမူရှစ်ချက်' ကိုစဉ်ဆက်မပြတ် အားပေးအားမြှောက်ပြုလာခဲ့ခြင်းဖြစ်သည်။ UNFC ခေါင်းဆောင်များသည် ဦးသိန်းစိန်အစိုးရလက်ထက်၌ ပြုလုပ်သွားခဲ့သည့် ယခင်ရန်ကုန်ငြိမ်းချမ်းရေးခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့စဉ် NCA နှင့်ပတ်သက်သည့် စိုးရိမ်ပူပန်မှုများကို ညှိနှိုင်းဆွေးနွေး၍ အဖြေရှာသွားနိုင်မည်ဖြစ်သဖြင့် အကောင်းမြင်စေလိုကြောင်း တိုက်တွန်းပြောဆိုသွားခဲ့ကြသည်။ ဤကဲ့သို့သော လုပ်ငန်းစဉ်မှတစ်ဆင့် ၎င်းတို့သည် ယခင် NCA ညှိနှိုင်းဆွေးနွေးမှုအတွင်း ပါဝင်ခဲ့ကြသော်လည်း ၂၀၁၅ ခုနှစ် အကျိုးရလဒ်အပေါ် ကျေနပ်အားရမှု မရှိခဲ့ကြသည့် EAOs အများအပြား လမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိလာလိမ့်မည်ဟု မျှော်လင့်ခဲ့ကြပုံရသည်။ NCA ပြင်ဆင်ရုံ

၂၀၁၅ ခုနှစ် ကနဦး NCA လက်မှတ်ရေးထိုးပွဲ၌ သမ္မတဦးသိန်းစိန်နှင့် စကားပြောနေကြသည့် နိုင်ငံတကာကိုယ်စားလှယ်များ၊ နေပြည်တော် (AFP)

သက်သက်သာမဟုတ်ဘဲ ထိထိရောက်ရောက် အကောင်အထည်ဖော်သွားရန်လည်း လိုအပ်နေဆဲဖြစ်သည်။

NLDနှင့် တပ်မတော်အရာရှိများ၏ရှုမြင်ပုံသဘောထားချင်းကွာခြားနေခဲ့သည်။ပထမအကြိမ်မြောက် ၂၁ရာစုအစည်းအဝေးပြီးနောက်ပိုင်း အစိုးရသည် ကတိကဝတ်သစ်များ ထပ်မံသဘောတူပေးစရာမလိုဘဲ EAOs များအနေဖြင့် NCAကို လက်မှတ်ရေးထိုးလာအောင် လှုံ့ဆော်သွားရန် ကြိုးပမ်းလာခဲ့သည်။ ၎င်းတို့၏ မဟာဗျူဟာသည် NCA လက်မှတ်ထိုး အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးမှုများကို အရှိန်မြှင့်တင်၍ စာရွက်ပေါ်ရှိ သဘောတူစာချုပ်ကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး ဖြစ်ခဲ့သည်။ အစိုးရ တွေးတောစဉ်းစားသည့်ပုံစံက NCA လက်မှတ်မရေးထိုးရသေးသူများအနေဖြင့် အကောင်အထည်ဖော်မှု စတင်အသက်ဝင်လာကြောင်း တွေ့မြင်လာပါက ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်၌ ၎င်းတို့အနေဖြင့် ကျန်ရစ်ခဲ့လိုစိတ် ရှိကြတော့မည်မဟုတ်ဟု ယူဆခဲ့ခြင်းဖြစ်သည်။ ဤအချက် ပိုမိုခိုင်မာလာစေရန် အစိုးရသည် သဘောတူစာချုပ်၏ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုမူဘောင်ကို ဆွေးနွေးသုံးသပ်သည့် အစည်းအဝေးများသို့ NCA လက်မှတ်မထိုးထားသည့် အဖွဲ့များကို ပါဖိတ်ခေါ်ပါဝင်စေခဲ့သည်။ အဆိုပါကိုယ်နှုတ်အမှုအရာ၌ NCA ဆွေးနွေးသုံးသပ်မှု အစည်းအဝေးများသို့ EAO ကိုယ်စားလှယ်များ တက်ရောက်ပါဝင်ရသက်တောင့်သက်သာရှိစေရန်ပြုလုပ်ပေးသည့်အနေဖြင့် UNFCနှင့် အစိုးရတစ်ပြိုင်တည်း ညှိနှိုင်းဆွေးနွေးသွားမည့် အချိန်ဇယားကိုပါ ရေးဆွဲချမှတ်ခဲ့ကြသည်။

နောက်နှစ်အတွင်း အစိုးရနှင့် UNFC အကြားချဉ်းကပ်မှုလမ်းကြောင်း နှစ်ခုအပေါ် ညှိနှိုင်းဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ခဲ့ကြသော်လည်း အဆုံး၌ ညှိနှိုင်း၍မရနိုင်ကြောင်း သိသာထင်ရှားလာခဲ့သည်။ UNFC ညှိနှိုင်းရေးကိုယ်စားလှယ်များက ၎င်းတို့၏ ရှုစ်ချက်အခြေခံမူနှင့်ပတ်သက်၍ သိသိသာသာအလျှော့ပေး လိုက်လျောခဲ့ကြသည်။ သို့သော်လည်း JMC နှင့် အခြား NCA ပြဋ္ဌာန်းချက်များ၏ ထိရောက်အကျိုးရှိမှုနှင့် ပတ်သက်သည့် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို လျော့ပါးသက်သာသွားစေမည့် အလားတူ ကတိကဝတ်ပြုမှုမျိုး ပြန်လည်မရရှိခဲ့ကြပေ။ ယင်းအစား အဓိကကျသည့် NCAပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်သွားမည့် နည်းလမ်းနှင့်ပတ်သက်၍ သဘောတူညီချက်ရယူသွားရန် အစိုးရနှင့် တပ်မတော်ဖက်ခြမ်းမှ ၎င်းဆန်ကန့်ကွက်မှုကိုသာ ပြန်လည်ရရှိခဲ့ကြခြင်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် NLD အစိုးရ၏ သံန္နိဋ္ဌာန်ခိုင်မာမှုကို EAOsများအကြီးအကျယ်အယုံအကြည်တန်သွားစေခဲ့သည်။

အပစ်အခတ်ရပ်စဲရေးအပေါ် စစ်ရေးချိုးဖောက်မှုများကျူးလွန်ခြင်းနှင့် ကြားကာလအစီအမံများကို အားနည်းသွားစေခြင်းတို့အပါအဝင် မြေပြင်အထောက်အထားများကာလများကြာလာသည်နှင့်အမျှ အကောင်အထည်ဖော်ရေးသည်သာလျှင် ပို၍ခဲယဉ်းလာခဲ့ကြောင်း သက်သေပြလာခဲ့တော့သည် (‘ကြားကာလအစီအမံများနှင့် ဥပဒေပြုရေးအတားအဆီးများ’ ကိုကြည့်ပါ)။

ညှိနှိုင်းဆွေးနွေးနေကြသူများ အကြားရှိ ဆက်ဆံရေးကို ပြန်လည်ပြင်ဆင်ကုစားနိုင်ခြင်း အလျဉ်းမရှိကြတော့ပေ။ အစိုးရ၏ ‘နောက်ကျကျန်ရစ် မနေပါစေနှင့်’ မဟာဗျူဟာအားဖြင့် EAOs များကို ဆွဲဆောင်သိမ်းသွင်းသွားမည့် ကြိုးပမ်းအားထုတ်မှုများသည် နိုင်ငံရေးပါတီများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်း ကိုယ်စားလှယ်များအပါအဝင် တိုင်းရင်းသားခေါင်းဆောင်များကို NCA လုပ်ငန်းစဉ်အပေါ် ပို၍အဆိုးမြင်သွားစေခဲ့သည့် သဘောထားမျိုးကိုသာ ပြန်လည်ရရှိခဲ့ကြသည်။ နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးမှုမူဘောင်ကိုပြန်လည်သုံးသပ်ခဲ့သည့် အစည်းအဝေးတက်ရောက်ခဲ့ပြီးနောက်ပိုင်း NCA လက်မှတ်ရေးထိုးရခြင်း မရှိသေးသည့် အစုအဖွဲ့များအကြား NCA လက်မှတ်ရေးထိုးခဲ့ကြသည့် ကနဦး EAOs ရှစ်ဖွဲ့သာပါဝင်သည့် တစ်ဝက်တစ်ပျက်စုဖွဲ့မှုဖြင့်သာလျှင် တိုင်းပြည်၏ အနာဂတ်နှင့်ချီသည့် ဆုံးဖြတ်ချက်များချမှတ် သွားကြတော့မည်ဖြစ်ကြောင်း နားလည်သဘောပေါက်သွားစေခဲ့သည်။ ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးပွဲတစ်ခုကို ပြန်လည်စတင်ရန် တာလွတ်ပေးခဲ့သည့် NLD ၏ ၂၁ ရာစုပင်လုံညီလာခံ ကတိကဝတ်သည်လည်း မကြာမီပင် ရေပေါ်အရုပ်ရေးသလို လွင့်ပါးပျောက်ကွယ်သွားတော့သည်။

တရုတ်နှင့် အိန္ဒိယ–ဘင်္ဂလားဒေ့ရှ် နယ်စပ်ဒေသတစ်လျှောက် နယ်မြေတည်ငြိမ်အေးချမ်းမှု ပိုမိုပျက်ပြားလာခြင်းနှင့် ပိုမိုဆိုးရွားပြင်းထန်လာသည့် လက်နက်ကိုင်ပဋိပက္ခများ လွှမ်းမိုးလာခြင်းသည်လည်း အစိုးရနှင့် UNFC အကြား ညှိနှိုင်းဆွေးနွေးမှုများအတွက် အလားတူစိုးရိမ်စရာကိစ္စရပ်တစ်ခုဖြစ်လာခဲ့သည်။ရိုဟင်ဂျာအကျပ်အတည်းသည်မျက်မှောက်ခေတ် ကမ္ဘာ့သမိုင်း စာမျက်နှာပေါ်၌ အကြီးကျယ်ဆုံးသော စစ်ဘေးဒုက္ခသည် အကျပ်အတည်းတစ်ခုဖြစ်လာရန် လက်တစ်ကမ်းသာလိုတော့သည်။ နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ရမှုနှင့် အရပ်သားထိခိုက်သေဆုံးမှု

များမြင့်တက်လာသည်နှင့်အမျှ ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုအပေါ် အများပြည်သူ၏ ယုံကြည်မှုသိသိသာသာကျဆင်းလာခဲ့ပြီး လူသားချင်းစာနာထောက်ထားရေးဆိုင်ရာဆင်းရဲဒုက္ခများအပေါ် အစိုးရ၏ ရေငုံနှုတ်ဆိတ်နေမှုကို ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ထောက်ပြလာကြသည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွင်း UNFC ၏ အဖွဲ့ဝင်တစ်ဦးအဖြစ်ရှိနေဆဲဖြစ်သည့် KIOမှ ဤသို့ကြိုတင်သတိပေးပြောဆိုသွားခဲ့သည်။

‘ဒီလိုစစ်ရေး လှုပ်ရှားမှုတွေက အခုမှထွန်းသစ်စဖြစ်တဲ့ စစ်မှန်တဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ချိန်ခွင်အားနည်းသွားအောင် ကဖျက်ကယက်လုပ်နေခြင်းဖြစ်ပါတယ်။ တပ်မတော်ရဲ့ အခုလို ရန်လိုတိုက်ခိုက်မှုတွေနဲ့ သာလွန်အင်အားသုံးပြီး ထိုးစစ်ဆင်တိုက်ခိုက်နေမှုတွေက အစိုးရနဲ့ EAOs တွေနိုင်ငံရေးအရ နောက်တစ်ဆင့်တက်ပြီး တွေ့ဆုံဆွေးနွေးဖို့ပြင်ဆင်နေတဲ့အချိန်မျိုးမှာပြည်တွင်းစစ်ဘောင်ပိုပြီးပြင်းထန်ကျယ်ပြန့်လာစေမယ့် အခြေအနေမျိုးဆီကို ဦးတည် သွားစေနိုင်ပါတယ်။’[၁၁]

နောက်ပိုင်းတွင် UNFC ၏ ဩဇာလွှမ်းမိုးနိုင်စွမ်းတစ်ရှိန်ထိုးကျဆင်းလာခဲ့သည်။ တပ်မတော်၏ ရည်ရွယ်ချက်သည် EAO များအကြား စည်းလုံးညီညွတ်မှု ပြိုကွဲသွားစေရေးဖြစ်ပါက ၎င်းတို့ရည်ရွယ်ချက် အောင်မြင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ဤပြောင်းလဲမှုအရွေ့နှစ်ခုသည် UNFC ကိုနလံမထူနိုင်အောင် အမှောက်သိပ်ပစ်ခဲ့သည့် လက်သီးချက်များပင်ဖြစ်တော့သည်။

ပထမလက်သီးချက်အဖြစ် ၂၀၁၆–၂၀၁၉ ကာလအတွင်း NCA လက်မှတ်ထိုးအဖွဲ့ဝင် မဟုတ်သည့်အင်အားစုများအကြား မြောက်ပိုင်းမဟာမိတ်အဖွဲ့၊ ဖက်ဒရယ်နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှု အတိုင်ပင်ခံကော်မတီနှင့် ညီနောင်မဟာမိတ်အဖွဲ့ဟူသည့် မဟာမိတ်စုဖွဲ့မှု ပုံစံသစ်သုံးခုပေါ်ထွက်လာခဲ့ခြင်းက စည်းလုံးညီညွတ်သည့် နိုင်ငံရေးဇောတ်ခုံ

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ပါဝင်လျက်ရှိသည့် နိုင်ငံတကာဇောတ်ကောင်များ

၂၀၁၁ ခုနှစ်အလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ထူးကဲထင်ရှားသည့် လက္ခဏာရပ်များ၌ နိုင်ငံတကာဇောတ်ကောင်များ၏ ပါဝင်ဆောင်ရွက်မှုသည်လည်း တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ အသိအမှတ်ပြုကြောင်း ပြသသည့်သဘောဖြင့် သမ္မတကြီးများဖြစ်ကြသည့် ဘာရက်အိုဘားမားနှင့် ရှီကျင်းဖျင်၊ ဝန်ကြီးချုပ်နာရန်ဒြာမိုဒီနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်လို ကမ္ဘာ့ခေါင်းဆောင်များ မြန်မာနိုင်ငံသို့ အသီးသီးလာရောက်ခဲ့ကြသည်။ ဤအချက်က မြန်မာနိုင်ငံကို နိုင်ငံရေးအရရော စီးပွားရေးအရပါ ကမ္ဘာ့မျက်နှာစာထက်၌ အဖယ်ကြဉ်ခံရဆုံးနိုင်ငံတစ်ခုအဖြစ် ရောက်ရှိသွားစေခဲ့သည့် ရှေ့ရာစုနှစ်ထက်ဝက်မကသည့် စစ်အစိုးရ၏ အုပ်ချုပ်ရေးမှသည် သမိုင်းတွင်သည့် အပြောင်းအလဲတစ်ခုဆီသို့ ဦးတည်သွားစေခဲ့သည်။

၂၀၁၁ ခုနှစ်နောက်ပိုင်း တရုတ်၊ ဂျပန်၊ မိတ်ဖက်ပေါင်းစုံပူးတွဲငြိမ်းချမ်းရေး ရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်ရုံးစသည့် အစိုးရများ၊ အလှူရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းပေါင်းစုံ၏ ပါဝင်ဆောင်ရွက်မှုများ သိသိသာသာမြင့်တက်လာခဲ့သည်။ အစီအစဉ်သစ်များနှင့်စပ်လျဉ်း၍ နော်ဝေနိုင်ငံ ကျောထောက်နောက်ခံပြုထားသည့် မြန်မာငြိမ်းချမ်းရေးထောက်ကူပြုအစီအစဉ် (၂၀၁၂–၂၀၁၄) ဖြင့် စတင်အစပြုခဲ့ပြီး ကနဦး NCA လက်မှတ်ရေးထိုးခဲ့သည့် ၂၀၁၅ ခုနှစ်နောက်ပိုင်း ယင်းအစီအစဉ်၏ အဂိုရပ်အများအပြားကို JPF ကအစားထိုးနေရာယူသွားခဲ့သည်။[၁၃] သို့သော်လည်း နိုင်ငံအတွင်းသို့ အင်အားစုပေါင်းစုံကို ခေါ်သွင်းလာခဲ့ကြသည့် နိုင်ငံတကာစုဖွဲ့မှုများနှင့် ဇောတ်ကောင်များအကြား၌ ပူးပေါင်းဆောင်ရွက်ရမည့် ကြိုးပမ်းအားထုတ်မှုများ ကင်းမဲ့နေခဲ့သည်။ နိုင်ငံတကာအဖွဲ့အစည်းများသည် အများအားဖြင့် ၎င်းတို့၏ အလေ့အထများနှင့် အကျိုးစီးပွားများကို ထင်ဟပ်လျက်ရှိသည့် ကွန်ရက်များနှင့် မူဝါဒများကို ရေးဆွဲကျင့်သုံးရန် ပိုမိုအားသန်ခဲ့ကြသည်။

ပဋိပက္ခရေခံမြေခံ အခင်းအကျင်းနှင့်ပတ်သက်၍ ထူးကဲထင်ရှားသည့် သရုပ်သကန်အချို့ကို ဖော်ထုတ်ဆန်းစစ်နိုင်ပါသည်။ အနောက်တိုင်း အလှူရှင်အများအပြား မျက်နှာသာပေးခဲ့ကြသည့် JPF သည် အစိုးရနှင့် NCA လက်မှတ်ထိုးအဖွဲ့ဝင်များအကြား အလွန်နီးစပ်သည့် ဆက်ဆံရေးရှိခဲ့သလို တရုတ်နိုင်ငံသည်လည်း အစိုးရ၊ တပ်မတော်၊ စီးပွားရေးအင်အားစုများနှင့် EAOs (အထူးသဖြင့် နယ်စပ်အခြေပြုအဖွဲ့များ) များအပါအဝင် အကျိုးပတ်သက်ပါဝင်သူပေါင်းစုံနှင့် ၎င်းတို့အကြားရှိဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားခဲ့သည်။ ဂျပန်နိုင်ငံသည် ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာပုံစံဖြင့် အလယ်၌ရပ်တည်၍ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအခြေပြု ချဉ်းကပ်မှုပုံစံကို အဓိကအလေးပေး အာရုံစိုက်ခဲ့သော်လည်း နိုင်ငံတကာအသိုက်အဝန်း၏ ငြိမ်းချမ်းရေးအစီအစဉ်သစ်များကိုပိုင်းရံအားပေးခဲ့သည်။[29] သို့ရာတွင် အိန္ဒိယနိုင်ငံသည် ကုလားတန်ပင်လယ်ထွက်ပေါက်စီမံကိန်း၊ လုံခြုံရေးဆိုင်ရာ အကျိုးစီးပွားများ၊ နာဂတိုင်းရင်းသားပြည်သူများ၊ ခေတ်သစ်နယ်စပ်မျဉ်းတစ်လျှောက်ကူးလူးသွားလာလျက်ရှိသည့် ချင်းနှင့် အခြားတော်လှန်ရေး လှုပ်ရှားမှုများကိုသာ အလေးပေးအာရုံစိုက်နေခဲ့သည်။[29] ထို့အတူ ကုလသမဂ္ဂအေဂျင်စီများသည် ကျယ်ပြန့်သည့် လူမှုစီးပွားရေးနှင့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့် အစီအစဉ်များ၌ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ထို့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ကွဲပြားခြားနားလျက်ရှိသည့် မျက်နှာစာများအသီးသီး၌ ပါဝင်ဆောင်ရွက်လျက်ရှိသည့် အစိုးရမဟုတ်သည့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အတိုင်ပင်ခံများသည်လည်း မှိုလိုဖောင်းပွလာခဲ့သည်။

ဤကဲ့သို့သော ရှုပ်ထွေးမှုများက နိုင်ငံတကာအကျိုးစီးပွားများနှင့် စိုးရိမ်ပူပန်မှုများ ပြတ်လပ်သည်ဟူ၍ မရှိခဲ့ဖူးကြောင်း ညွှန်ပြလျက်ရှိသည်။ သို့သော်လည်း မြန်မာနိုင်ငံအတွင်းရှိ ပြည်တွင်းဇာတ်ကောင်အများအပြားက တစ်နိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံမှုရှိစေမည့် ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းကြရာ၌ ပြင်ပအမြင်သဘောထားများအလိုက္ခ ရေးဆွဲပြင်ဆင်ခဲ့ကြသည့် အစီအစဉ်ပေါင်းသောင်းခြောက်ထောင်သည် ဖြေရှင်းချက်များထက်စာလျှင် စိန်ခေါ်မှုအသစ်များကိုသာ ဆောင်ကျဉ်းလာခဲ့သည့်အပေါ် စောဒကတက်မေးခွန်းထုတ်လာခဲ့ကြသည်။ NLD အစိုးရတက်လာပြီးနောက်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အလေးပေးအာရုံစိုက်မှု အားနည်းလာခဲ့ပြီး ပိုမိုဆိုးရွားပြင်းထန်လာခဲ့သည့် ရိုဟင်ဂျာအရေးအခင်းကလည်း နိုင်ငံ၏ပြုပြင်ပြောင်းလဲရေးအရွေ့အပေါ် နိုင်ငံတကာ၏ယုံကြည်စိတ်ချမှုကိုအကဲစမ်းသလိုဖြစ်သွားစေခဲ့သည်။ အထူးသဖြင့် နှစ်ပေါင်း ၆၀ ကျော်မျှ သက်ဆိုးရှည်လာခဲ့သည့် လက်နက်ကိုင်တော်လှန်ပုန်ကန်မှုနှင့် စစ်အုပ်ချုပ်ရေး အသက်ဝင်နေခဲ့သည့် ပဋိပက္ခအခြေပြု သဘောထားကွဲလွဲမှုများ ပြည့်နှက်နေခဲ့သည့် နယ်မြေဒေသများ၌ လက်မှတ်ရေးထိုးရုံမျှဖြင့် အဆုံးသတ်နိုင်ငံရေး ကစားကွက်အတွက် လမ်းပွင့်သွားစေလိမ့်မည်ယူဆကာ NCA အပေါ် အလွန်အကျူး မှီခိုအားထားခဲ့ကြသည်။ အဆုံး၌ မျှော်လင့်ထားသလို ဖြစ်မလာခဲ့ဘဲ ပါစင်အောင်လွဲချော်သွားသည့် ရလဒ်မျိုးသာ ပေါ်ထွက်လာခဲ့သည်။

တိုင်းရင်းသားအခြေပြု နိုင်ငံရေးရေခံမြေခံသည် မသေချာမရေရာမှုများ ပြည့်နှက်နေခဲ့သည့် ဝရုန်းသုန်းကားအခြေအနေမျိုး၌သာ ဆက်လက်ပိတ်မိနေခဲ့သည်။ NLD ၏ အစိုးရသက်တမ်း ကာလတစ်လျှောက် အနောက်နိုင်ငံအစိုးရများသည် လူ့အခွင့်အရေးချိုးဖောက်မှုများ (အထူးသဖြင့် ရိုဟင်ဂျာအရေးကိစ္စနှင့်ပတ်သက်၍) ကို ပြစ်တင်ရှုချခြင်းနှင့် နိုင်ငံတကာဖွံ့ဖြိုးရေး အကူအညီများနှင့် ပတ်သက်၍ အစိုးရနှင့် ဆက်လက်ထိတွေ့ဆောင်ရွက်သွားလိုသည့် စိတ်ဆန္ဒအကြား ဗျာများနေခဲ့ကြပြီး ယတိပြတ်ဆုံးဖြတ်ချက်ချမှတ်ရန် တွေဝေနေခဲ့ကြပုံရသည်။ အလားတူပင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီနှင့် ကုလသမဂ္ဂအထူးကိုယ်စားလှယ်တို့သည် စိန်ခေါ်မှုများ၏ ရှုပ်ထွေးသိမ်မွေ့မှုကို ကျယ်ပြန့်သည့်ရှုထောင့်ပေါင်းစုံမှ ချဉ်းကပ်အဖြေရှာရန် ကြိုးပမ်းခဲ့ကြသော်လည်း ကုလသမဂ္ဂဖွံ့ဖြိုးရေးအေဂျင်စီများသည် NLD ဦးဆောင်သည့်အစိုးရ၏အစီအစဉ်များနှင့် နေရာချထားမှုပုံစံများအတိုင်းသာလျှင် ဆက်လက်လည်ပတ်နေခဲ့ကြသည်။ ကုလသမဂ္ဂအထွေထွေ

အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်ခဲ့သည့် ဗီဂျေနမ်ဘီးယား၏ အခန်းကဏ္ဍသည် NLD အာဏာရလာခဲ့ပြီးနောက်ပိုင်း နိဂုံးချုပ်သွားခဲ့သဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ စိန်ခေါ်မှုများအပေါ် အလေးပေးအာရုံစိုက်မှု အားနည်းသွားခဲ့သည်။[၁၅] ထိုအချိန်ပတ်ဝန်းကျင်၌ ခါးပတ်နှင့် လမ်းဟူ၍ အမှတ်သညာပြုခဲ့ကြသည့် သမ္မတရှီကျင်းဖျင်၏ အစီအစဉ်သစ်အရ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် တိုက်ဒေသကြီး၏ ပထဝီနိုင်ငံရေးအခင်းအကျင်း၌ ဩဇာလွှမ်းမိုးမှု အရှိဆုံးဖြစ်သည့် ၎င်းတို့၏ အာဏာစက်ကို ထပ်လောင်းခိုင်မာစေခဲ့သည်။ နောက်ဆက်တွဲအဖြစ် ဂျပန်နိုင်ငံသည်လည်း နီပွန်ဖောင်ဒေးရှင်းမှတစ်ဆင့်ထိုင်းနယ်စပ်ဒေသကိုကျော်လွန်၍ရခိုင်ပြည်နယ်ဆိုင်ရာအရေးကိစ္စများအထိအထူးအလေးပေးအာရုံစိုက်ထားသည့် ငြိမ်းချမ်းရေးကြိုးပမ်းအားထုတ်မှုများကို ဖြန့်ကျက်လာခဲ့သည်။

အဆိုပါကာလအတွင်း အရပ်ဖက်လူ့အဖွဲ့အစည်းအများအပြားသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ အစိုးရမဟုတ်သည့် ဇာတ်ကောင်များကို ဘေးဖယ်ချန်လှပ်ခဲ့ခြင်းသည် ကြားဝင်ဖျန်ဖြေရေးကို ဒေသန္တရအဆင့်၌ ရပ်ရွာအခြေပြုဇာတ်ကောင်များနှင့် အစိုးရအဆင့်၌ ကုလသမဂ္ဂအထူးကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် နဝတ-နအဖ လက်ထက်နှင့် ကွာခြားသွားစေခဲ့သည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်ဟု လက်ခံယုံကြည်ခဲ့ကြသည်။ အကျိုးဆက်အဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးစင်တာကိုအရေးပေးလွန်းခဲ့သည့် အထက်အောက်အာဏာရှင်ဆန်ဆန် အလှူရှင်များစိတ်တိုင်းကျမောင်းနှင်ခဲ့သည့် နိုင်ငံတကာ ငြိမ်းချမ်းရေးအကူအညီများ အကြီးအကျယ် ဝေဖန်ခံလာရတော့သည်။

ဤကဲ့သို့သော ဖြစ်စဉ်အများအပြားကို ဦးသိန်းစိန်၏ သမ္မတသက်တမ်းကတည်းက မြင်တွေ့လာခဲ့ရခြင်းဖြစ်သော်လည်း NLD ဦးဆောင်သည့် အစိုးရသည်လည်း အပြောင်းအလဲခေတ်သစ်တစ်ခု၏ ရောင်နီဖြစ်မလာခဲ့ပေ။ အနောက်တိုင်းဇာတ်ကောင်များ၏ NCA လက်မှတ်ထိုးအဖွဲ့ဝင်များကိုသာ အလေးပေးအာရုံစိုက်မှု၊ နိုင်ငံအတွင်းရှိ ကြီးမားကျယ်ပြန့်သည့် စိန်ခေါ်မှုများကို နားလည်သဘောပေါက်မှု ကင်းမဲ့နေခြင်း၊ ‘လက်မှတ်အရင်ထိုးပြီး’ နောက်ပိုင်းကျမှ ‘အသေးစိတ်အချက်အလက်တွေကို စိတ်ပူပါ’ ဟူသည့် သဘောတရားမျိုးကို အားပေးအားမြှောက်ပြုခြင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ (၎င်းတို့ထောက်ခံအားပေးခဲ့ပြီးအချို့နေရာ၌ မျက်မြင်သက်သေဖြစ်ခဲ့သည့်) သဘောတူညီချက်များကို လေးစားလိုက်နာမှုနှင့် ထိထိရောက်ရောက်အကောင်အထည်ဖော်မှုရှိမရှိ စောင့်ကြည့်ထိန်းကျောင်းပေးရန် ပျက်ကွက်ခဲ့ခြင်း စသည့်အချက်များသည် အထူးတလည် စိုးရိမ်ပူပန်စရာဖြစ်လာခဲ့သည်။[၁၆]

ဤအချက်က အခြားအာဆီယံအိမ်နီးချင်းများနှင့် နိုင်ငံရေးအရ အပြန်အလှန်ဆက်ဆံရေးနှင့် ပတ်သက်၍လည်း မေးခွန်းထုတ်စရာ ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်ထားသည်မှန်သော်လည်း အာဆီယံအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမှန်တကယ်ပတ်သက်နေသည့် မည်သည့်အခန်းကဏ္ဍတွင်မျှ ပါဝင်စရာအကြောင်း မရှိခဲ့ပေ။ ဤကဲ့သို့သော အခြေအနေမျိုးရှိနေသည့် မြန်မာနိုင်ငံ၏ ‘ကြီးကျယ်သည့် ကစားပွဲ’ အသစ်တစ်ခုအတွင်း အာဆီယံနှင့် အနောက်တိုင်း အထူးသဖြင့် တရုတ်နှင့် အမေရိကန်အကြား လွန်ဆွဲအားပြိုင်ကြမည့် အလားအလာမျိုး ပေါ်ထွက်လာမည့်အရေးကို မြန်မာပြည်သူအများအပြား များစွာစိုးရိမ်မကင်းဖြစ်လာခဲ့ကြသည်။[၁၇] ၂၀၁၁ ခုနှစ်တွင် ကချင်ပြည်နယ်၌ တည်ဆောက်သွားမည့် မြစ်ဆုံရေကာတာကို ဆိုင်းငံ့လိုက်ခြင်းက ဦးသိန်းစိန်အစိုးရအောက်၌ တရုတ်၏ ဩဇာလွှမ်းမိုးမှု ဆက်တိုက်ကျဆင်းလာခဲ့သည့် သာဓကတစ်ခုပင်ဖြစ်သည်။ မယုံကြည်နိုင်စရာ အဖြစ်အပျက်က တရုတ်စီးပွားရေးနှင့် နိုင်ငံရေးအသိုက်အဝန်းများကို အကြီးအကျယ် မင်သက်အံ့ဩသွားစေခဲ့သည်။[၁၈] သို့သော်လည်း NLD အာဏာရလာသည်နှင့် တစ်ပြိုင်နက် တရုတ်အရာရှိများက ၎င်းတို့သာလျှင် မြန်မာနိုင်ငံ၏အကောင်းဆုံးမိတ်ဆွေနှင့် ‘ပေါက်ဖော်’ (ညီအစ်ကို) ဖြစ်သည်ဟု ထပ်မံရောင်းတန်းတင် လာခဲ့ပြန်သည်။

သို့သော်လည်း မသေချာမရေရာမှုများသာ ပြည့်နှက်နေခဲ့သည်။ တရုတ်အရာရှိများသည် နှစ်ပေါင်းများစွာစုဆောင်းလာခဲ့သည့် (တစ်ခါတစ်ရံ ဝရုန်းသုန်းကားဗျာများရသည့်) အတွေ့အကြုံများပေါ် အခြေခံ၍ မြန်မာ့ပြည်တွင်းရေးဇာတ်ခုံကို မျက်ခြေမပြတ်စောင့်ကြည့် အကဲခတ်နေခဲ့ကြသူများဖြစ်သည်။ ဗမာပြည် ကွန်မြူနစ်ပါတီကို ဆယ်စုနှစ်နှစ်ခုနီးပါး (၁၉၆၈–၈၈) ပေးအပ်လာခဲ့သည့် တရုတ်နိုင်ငံ၏ ကူညီထောက်ပံ့မှုများကို နှစ်နိုင်ငံစလုံး မမေ့မလျော့ အမှတ်ရနေကြဆဲဖြစ်သည်။ သင်ခန်းစာများလည်း ရရှိခဲ့ကြပြီးဖြစ်သည်။ ၁၉၈၉ ခုနှစ် ဗကပပြိုလဲမှုနှင့်အတူ တစ်ချိန်တည်းလိုလို၌ ပေကျင်းအနေဖြင့် ယူနန်နယ်စပ်ဒေသ တစ်လျှောက် ကြီးထွားဖွံ့ဖြိုးလာနေသည့် တရုတ်အကျိုးစီးပွားများကို အန္တရာယ်ရှိသည်ဟု သက်ဆိုင်ရာ အင်အားစုများ တွေးထင်သွားစေမည့် လုပ်ရပ်မျိုးကို ထပ်မံမြင်တွေ့လိုခြင်း မရှိတော့ပေ။[၁၉]

ဤအကြောင်းရင်းကြောင့် အရေးပါသည့် အချိုးအကွေ့များကို စောင့်ကြည့်အကဲခတ်ရင်း အနောက်တိုင်းလွှမ်းမိုးမှုအဖြစ် အစိုးရအရာရှိများ လက်ခံယုံကြည်ရသည့် NCA လုပ်ငန်းစဉ်အတွင်း ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်မှုမပြုရန် တရုတ်အရာရှိများ ရွေးချယ်ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။ ထို့အပြင် ၎င်းတို့သည် နိုင်ငံ၏အရှေ့မြောက်ဒေသတစ်လွှားရှိ UWSA နှင့် KIO တို့အပါအဝင် အခြားဖက်ဒရယ် နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုအတိုင်ပင်ခံကော်မတီအဖွဲ့ဝင်များနှင့် နီးစပ်သည့်ဆက်ဆံရေးကိုဆက်လက်ဆုပ်ကိုင်ထားခဲ့သည်။ အထင်ကရရှိသည့် ကိစ္စရပ်တစ်ခုအဖြစ် NLD သောင်ပြိုကမ်းပြိုအနိုင်ရခဲ့သည့် အထွေထွေရွေးကောက်ပွဲနောက်ပိုင်း နေပြည်တော်သို့ ပထမဦးဆုံးရောက်ရှိလာခဲ့သည့် နိုင်ငံခြားသံတမန်ခရီးစဉ်အဖြစ် တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီသည် ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံသို့ ဖုတ်ပူမီးတိုက်ရောက်ရှိလာခဲ့သည်။[၂၀] ပေကျင်းအနေဖြင့် ဘက်ပေါင်းစုံ၌ရှိနေကြသည့် အကျိုးပတ်သက်ပါဝင်သူအားလုံးကို ဆက်လက်သြဇာလွှမ်းမိုးထားရန် စိတ်ဆန္ဒပြင်းပြနေခဲ့ပုံရသည်။

၂၀၂၁ ခုနှစ် အာဏာသိမ်းရန်ကြိုးပမ်းမှုအတွင်း မီးမောင်းထိုးပြခဲ့သလိုပင် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် လက်နက်ကိုင်ပဋိပက္ခအပေါ် နိုင်ငံတကာချဉ်းကပ်မှုပုံစံများသည် လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်မှစ၍ အစိုးရခေတ်အဆက်ဆက် တစ်ကြိမ်တစ်ခါမျှ အောင်မြင်မှု မရရှိခဲ့ဖူးပေ။ အကြီးအကျယ် ပြန်လည်အကဲဖြတ်ရမည့်အချိန် အတော်ပင်လင့်နေခဲ့ပြီဖြစ်သော်လည်း နိုင်ငံတကာအသိုက်အဝန်းသည် ယနေ့အချိန်ထိမိမိတို့ကိုယ်ကို ပြန်လည်ဆန်းစစ်သုံးသပ်မှု မရှိသလောက် နည်းပါးနေဆဲဖြစ်သည်။[၂၁] USDP နှင့် NLD အစိုးရများလက်ထက်၌ ပြည်သူ့ဘဏ္ဍာအသုံးစရိတ်နှင့် စွမ်းအင်ကဏ္ဍများ၌ နိုင်ငံတကာ၏ အကြီးစားရင်းနှီးမြှုပ်နှံမှု တစ်ခုရှိခဲ့ဖူးသည်။ သို့သော်လည်း ယနေ့အချိန်ထိ တစ်ဆစ်ချိုးအလှည့်အပြောင်းဆီသို့ ဦးတည်သွားစေမည့် အရိပ်အယောင်မျိုး မြင်တွေ့ရခြင်း မရှိသေးဘဲ ယင်းအစား ပဋိပက္ခရေခဲမြေခဲနှင့် လိုက်လျောညီထွေ ပြင်ဆင်နေရာချထားမှုများကိုသာလျှင် တွေ့မြင်ခဲ့ရသည်။ လက်တွေ့၌လည်း ၂၀၂၁ ခုနှစ် အာဏာသိမ်းရန် ကြိုးပမ်းခဲ့ချိန်ကတည်းက နိုင်ငံတကာဇာတ်ကောင်သစ်တစ်ဦးဖြစ်သည့် ရုရှားနိုင်ငံသည် မြန်မာစစ်အစိုးရအတွက် ထင်သာမြင်သာအရိုဆုံး ထောက်တိုင်တစ်ခုဖြစ်လာခဲ့သည်။

နိုင်ငံကျရှုံးမှုကာလ ရှည်ကြာလာသည့်နည်းတူ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ပဋိပက္ခစေ့မြစ်အကြောင်းတရားများကို ကိုင်တွယ်ဖြေရှင်းရန်၊ ငြိမ်းချမ်းရေးကို ကူညီဆောင်ကျဉ်းပေး၍ နိုင်ငံအတွင်း ရှည်ကြာလွန်းနေခဲ့ပြီဖြစ်သည့် သဘောထားကွဲလွဲမှုများကို ကူညီအဆုံးသတ်ပေးရန် ပေါင်းစည်းညီညွတ်မှုရှိသည့် လမ်းကြောင်းတစ်ခုကို ရှာဖွေဖော်ထုတ်ပေးရန် လိုအပ်နေကြဆဲဖြစ်သည်။ အာရှတိုက်၏ အခရာကျသည့် ပထဝီနိုင်ငံရေး လမ်းဆုံလမ်းခွပေါ်ရှိ မြန်မာနိုင်ငံ၏ ဘေးကျပ်နံကျပ်အနေအထား ပြီးဆုံးသွားရန် အလှမ်းဝေးနေဆဲပင်ဖြစ်သည်။

KNLA တပ်ဗဟာ ၇ နယ်ခြမ်း KNU ဘဏ္ဍာရေးဌာနမှ ဝန်ထမ်းများ (TNI)

၏ဗဟိုချက်မကို တရုတ်နယ်စပ်သို့ ရွှေ့ပြောင်းသွားစေခဲ့သည်။ ယနေ့အချိန်၌ FPNCC သည် နိုင်ငံအတွင်း အင်အား အကြီးဆုံး EAO စုဖွဲ့မှုအဖြစ် ကိုယ်စားပြုနေပြီဖြစ်သည် ('၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ'ဇယား ကွက်ကို ကြည့်ပါ)။[၁၂]

ဒုတိယအနေဖြင့် UNFC ၏ လက်ကျန်အဖွဲ့ဝင်များ အနက် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်း အရုံးတို့သည် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း NCA ကို လက်မှတ်ရေးထိုးသွားခဲ့သည်။ NMSP ၏ ယခင်ဥက္ကဋ္ဌဟောင်း နိုင်ထောမွန်က UNFC ကို 'သစ္စာဖောက်ခြင်း' မဟုတ်ဟု ငြင်းဆိုသွားခဲ့သည်။ 'NCA လက်မှတ်ရေးထိုးခြင်းသည် အများနှင့်အတူ နိုင်ငံရေး တွေ့ဆုံဆွေးနွေးသွားရန်သာဖြစ်သည်ဟု' ပြောဆိုသွားခဲ့သည်။[၁၃] NMSP ခေါင်းဆောင်များ အကြား ဤဆုံးဖြတ်ချက် ချမှတ်ဖြစ်စေရန် တစ်နေ့တစ်ခြား တိုး၍ဖိအားပေးခံလာရသည့် အခြေအနေမျိုး၌ NCA ကို သဘောတူ လက်မှတ်ရေးထိုးခြင်းသည်သာလျှင် ပါတီ ရည်မှန်းချက်များနှင့်အညီ ဆက်လက်ရှင်သန်နိုင်စေမည့် အကောင်းဆုံးနည်းလမ်း တစ်ခုဖြစ်သည်ဟု ထိုအချိန်ကာလ ၌ လက်ခံသဘောတူခဲ့ကြသည် ('စစ်ရေးအရချိုးဖောက်မှုများ' ကိုကြည့်ပါ)။

ဆန့်ကျင်ဖက်အနေဖြင့် အပစ်အခတ်ရပ်စဲထားခြင်းမရှိခဲ့သည့် ရခိုင်အမျိုးသားကောင်စီနှင့် အပစ်ရပ်ထားခဲ့သည့် KNPP တို့သည် UNFC အဖွဲ့ဝင်များအကြား လက်မှတ်ထိုးအဖွဲ့ဝင်မဟုတ်သည့် EAOs များအဖြစ် ဆက်လက်တောင့်ခံသွားခဲ့ကြသည်။ ANC သည် ၂၀၁၈ ခုနှစ်အတွင်း LDU နှင့် NMSP တို့နည်းတူ လက်မှတ်ရေးထိုးဖြစ်ရန် အတော်နီးစပ်ခဲ့သော်လည်း အဆုံး၌ အားလုံးလွှမ်းခြုံပါဝင်ရေးကိစ္စကို လက်မလျှော့ရန် ရွေးချယ်သွားခဲ့သည်။ ထိုကာလများ၌ KNPP သည်အပြန်အလှန် ညှိနှိုင်းဆွေးနွေးရေးပေါ် အခြေခံထားသည့် ၎င်း၏ ၂၀၁၂ အပစ်အခတ်ရပ်စဲရေးဖြင့် ဆက်လက်စခန်းသွားနေခဲ့ပြီး UNFC အဖွဲ့ဝင်အဖြစ် ဆက်ရှိနေခဲ့သည် ('KNPP အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးပွဲများ' ကိုကြည့်ပါ)။ သို့သော်လည်း စေ့စပ်ညှိနှိုင်းသွားမည့် အစုအဖွဲ့တစ်ခုအဖြစ် UNFC သည် များစွာအားနည်းသွားခဲ့ပြီဖြစ်သောကြောင့် ၂၀၁၉ ခုနှစ် ထက်ဝက်ကျိုးလာသည့်အခါ မဟာမိတ်အဖွဲ့အနေဖြင့် မိမိတို့၏ တစ်ချို့သောလုပ်ငန်းစဉ်များကို ယာယီဆိုင်းငံ့ထားမည်ဖြစ်ကြောင်း

ကြေညာမောင်းခတ်ရန် လက်ကျန် UNFC အဖွဲ့ဝင်များ စတင်စိတ်ကူးလာကြတော့သည်။[၂၃]

UNFC ၏ ပုံရိပ်များသည် ယနေ့အချိန်ထိ ဆက်လက်ရှင်သန်နေကြဆဲဖြစ်သည်။ သို့သော်လည်း 'ရှစ်ချက်အခြေခံမူ' သည် ညှိနှိုင်းရေးစားပွဲပေါ်မှ ပျောက်ကွယ်သွားခဲ့ရပြီဖြစ်သည်။မည်သို့ပင်ဖြစ်စေယနေ့အချိန်ထိငင်းတို့ကို စစ်မှန်သည့်ပြုပြင်ပြောင်းလဲရေးနှင့်ပြည်ထောင်စုသဘောတူစာချုပ်ကို ပြင်ဆင်သွားမည့် သို့မဟုတ် အကောင်အထည်ဖော်ရေး ခိုင်မာအားကောင်းလာစေမည့် ကြိုးပမ်းအားထုတ်မှုများမှ လက်မှတ်ထိုးအဖွဲ့ဝင် မဟုတ်ကြသူများကို ဖယ်ကြဉ်ချန်လှပ်ခဲ့ကြသည့် အထောက်အထားသာဓကများအဖြစ် ရည်ညွှန်းဖော်ပြနေကြဆဲဖြစ်သည်။ ပြုပြင်ပြောင်းလဲရေး ပြုလုပ်ရန် စည်းရုံးအရေးဆိုခဲ့ကြသူများအကြား LDU နှင့် NMSP တို့၏ နောက်တိုး NCA လက်မှတ်ရေးထိုးမှုကို အစိုးရ၏ အောင်ပွဲကဲ့သို့ အထင်မှားစရာဖြစ်လာခဲ့သည်။[၂၄]တရုတ်နယ်စပ်အခြေစိုက်တိုင်းရင်းသားများ၏မဟာမိတ်စုဖွဲ့မှုဗဟိုချက်အပြောင်းအလဲသည်တစ်ဝက်တစ်ပျက် NCA ရေးထိုးကြရန် တွန်းအားပေးခဲ့ကြပြီး လက်မှတ်ထိုးအဖွဲ့ဝင်မဟုတ်ခဲ့ကြသည့် EAOs များ၏ စိုးရိမ်ပူပန်မှုများကို အမြဲလိုလိုမျက်ကွယ်ပြုစေခဲ့သည့် အနောက်တိုင်းဧဝတ်ကောင်များ၏ နိုင်ငံတကာ သြဇာလွှမ်းမိုးမှုချိန်ခွင်လျှာ ပြောင်းလဲသွားသည်အထိ အကျိုးသက်ရောက်မှုရှိလာစေခဲ့သည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းရန် မကြိုးပမ်းမီ အချိန်ကတည်းက နိုင်ငံ၏နယ်မြေဒေသ အများအပြား၌ လက်နက်ကိုင်ပဋိပက္ခနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ တွင်ကျယ်ပျံ့နှံ့နေခဲ့ပြီးဖြစ်သည်။UNFC၏ရှစ်ချက်အဆိုပြုလွှာကို မျက်ကွယ်ပြုခဲ့သည် NCA သည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် တစ်နိုင်ငံလုံးအတိုင်းအတာ ငြိမ်း ချမ်းရေးကိုဆောင်ကျဉ်းပေးနိုင်ခြင်း မရှိခဲ့ပေ။

အကောင်အထည်ဖော်ရေး အခက်အခဲများကို ကိုင်တွယ်ဖြေရှင်းသွားမည့် NCA အင်အားစုများ၏ ကြိုးပမ်းအားထုတ်မှုများ

၂၀၁၅ ခုနှစ် လက်မှတ်ရေးထိုးပြီးနောက်ပိုင်း NCA အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်အတွင်း ရှုပ်ထွေးသိမ်မွေ့သည့်အင်အားစုပေါင်းစုံစေ့စပ်ညှိနှိုင်းရေးလုပ်ငန်းများ ပါဝင်လာခဲ့သည်။ အဖွဲ့အကြီးအသေး မည်သို့ပင်ကွာခြားနေစေကာမူ ၎င်းတို့အားလုံးသည် မိမိတို့အသီးသီး၏ အကျိုးစီးပွားများကို ရှေ့တန်းတင်၍ အခက်အခဲအတားအဆီးများကို ရင်ဆိုင်ကျော်လွှားနိုင်စေမည့် နည်းလမ်းများကို ကြိုးပမ်းရှာဖွေခဲ့ကြသည်။ ထိုကာလများ၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထိထိရောက်ရောက် လည်ပတ်အသက်ဝင်လာစေရန် ပြုပြင်ပြောင်းလဲသွားမည့် ကြိုးပမ်းအားထုတ်မှုများ ပေါ်အခြေခံ၍ ပြန်လည်ဆန်းစစ် သုံးသပ်မှုပြုလုပ်သွားခဲ့သည့် အခိုက်အတန့်အချို့ရှိခဲ့သည်။ သို့သော်လည်း ကန့်သတ်ချက်ရှိနေသည့် NCA စာသားများနှင့်အညီ သဘောတူထားသည့်အခြေခံအဂိါရပ်များကိုအကောင်အထည်ဖော်နိုင်ရန်ပင် လက်မှတ်ထိုးအဖွဲ့ဝင်များ ခက်ခက်ခဲခဲရုန်းကန်ခဲ့ကြရသည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းရန် ကြိုးပမ်းမှုမတိုင်ခင်ရက်အထိ နဂိုမူလ NCA ပုံစံမှ အနည်းအကျဉ်းမျှသာ သွေဖည်မှုရှိခဲ့ကြသည်။

ပထမအကြိမ်မြောက် အပြောင်းအလဲပြုလုပ်ရန် ကြိုးပမ်းခဲ့မှုသည် ၂၀၁၇ ခုနှစ် မေလအတွင်း ခေါ်ယူကျင်းပသွားခဲ့သည့် ဒုတိယအကြိမ်မြောက် ၂၁ ရာစုပင်လုံညီလာခံအပြီး၌ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ယင်းအစည်းအဝေးမှပြည်ထောင်စုသဘောတူညီချက်၏ပထမအပိုင်းကိုထုတ်ပြန်ကြေညာခဲ့သည့် အကျိုးရလဒ် ထွက်ပေါ်လာခဲ့သည်။ ညီလာခံမတိုင်မီ နောက်ဆုံးအချိန်ကပ်၍ တရုတ်အရာရှိများ၏ ကြားဝင်မေတ္တာရပ်ခံမှုကြောင့်သာ ဖက်ဒရယ်နိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှု အတိုင်ပင်ခံကော်မတီ အဖွဲ့ဝင် ၇ ဖွဲ့စလုံးကို 'ဖိတ်ကြားထားသည့် ဧည့်သည်တော်များ' အဖြစ် ဖွင့်ပွဲအခမ်းအနား တက်ရောက်ရန် ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ပထမပြည်ထောင်စုသဘောတူ စာချုပ်နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို ရှင်းလင်းမြင်သာမှုမရှိသည့် လုပ်ထုံးလုပ်နည်းများနှင့် ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်များဖြင့် သဘောတူညီမှု ရယူခဲ့ခြင်းကြောင့်အစည်းအဝေးသည် အငြင်းပွားဖွယ်ရာအတိုင်းဖြင့် အဆုံးသတ်သွားခဲ့သည်။ နိုင်ငံပိုင်မီဒီယာများက 'ဖက်ဒရယ်စနစ်' ကိုအခြေခံ၍ ပထမ 'အခြေခံမူ' ၃၇ ချက်ကို သဘောတူညီချက် ရရှိခဲ့သည့်အပေါ် အောင်ပွဲခံခဲ့ကြသော်လည်း NCA လက်မှတ်ထိုးအဖွဲ့ဝင် EAOs ကိုယ်စားလှယ်များကတပ်မတော်အနေဖြင့် ၎င်းတို့ကိုယ်ပိုင်အစီအစဉ်ကို ကြားညှပ်နေရာချရန် ကြိုးပမ်းသွားခဲ့သည်ဟု လက်ခံယုံကြည်ခဲ့ကြသည်။[၂၅] အနှစ်သာရအားဖြင့် ၎င်းတို့က တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်သည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတစ်ခု ဖွဲ့စည်းထူထောင်သွားရေးထက်စာလျှင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အများတရားဝင် သဘောတူလက်ခံမှုရရှိသွားစေမည့် လမ်းကြောင်းမျိုးဆီသို့ ဦးတည်လျက်ရှိသည်ဟု ဝေဖန်ထောက်ပြခဲ့ကြသည်။[၂၆]

ထိုအချိန်မှစ၍ စေ့စပ်ညှိနှိုင်းရေး လုပ်ငန်းစဉ်အပေါ် ယုံကြည်စိတ်ချမှုများ စတင်အရှိန်သေ လာတော့သည်။ ဒုတိယ အကြိမ်မြောက် ၂၁ ရာစုပင်လုံ အစည်းအဝေးမတိုင်ခင်အချိန်ထိ NCA လက်မှတ်ထိုးအဖွဲ့ဝင် EAO ခေါင်းဆောင်များသည် နောက်ပိုင်းပြည်ထောင်စု သဘောတူညီချက် ရလာမည့်အချိန်ထိ NCA မူဘောင်အတိုင်း ပုံမှန်လျှောက်လှမ်းသွားမည့် ရည်ရွယ်ချက်ဖြင့် လုပ်ငန်းစဉ်တစ်လျှောက် ကြုံတွေ့လာရမည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားသွားရန် ကြိုးပမ်းခဲ့ကြသည်။ သို့သော်လည်း အခက်အခဲများပိုမိုကြီးထွားလာခဲ့ပြီး အကျိုးရလဒ်ဖြစ်ထွန်းမှု ကင်းမဲ့လာသည်နှင့်အမျှ လက်မှတ်ထိုးအဖွဲ့ဝင် EAO များသည် နောက်ပိုင်းလများအတွင်း NCA အကောင်အထည်ဖော်မှု ပုံစံကို ပြန်လည်ဆန်းစစ်သုံးသပ်သွားရန် အစိုးရနှင့် တွေ့ဆုံဆွေးနွေးမည့် အစည်းအဝေးလုပ်ငန်းစဉ်ကို ခေတ္တခဏ ရပ်နားထားရန် ဆုံးဖြတ်ခဲ့ကြသည်။

ဤပြန်လည်ဆန်းစစ်မှုကာလအလွန်၌ လက်မှတ်ထိုးအဖွဲ့ဝင် EAO များသည် ၂၀၁၇ ခုနှစ်အကုန်ပိုင်း၌ ၎င်းတို့အချင်းချင်း ပြန်လည်ဆုံတွေ့ကြရာ၌ NCA အကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ အထူးတလည်ကြုံတွေ့နေရသည့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းသွားမည့် အဆိုပြုချက် ၂၁ ချက်ကို ရေးဆွဲတင်သွင်းခဲ့ကြသည်။[၂၇] အချို့သောအချက်များကိုပူးတွဲအကောင်အထည်ဖော်မှုညှိနှိုင်းဆွေးနွေးရေး အစည်းအဝေးအားဖြင့် သဘောတူညီမှုရရှိခဲ့ကြသော်လည်း EAOs များအနေဖြင့် အစိုးရ၏ NCA အကောင်အထည်ဖော်လိုသည့် ဆန္ဒကင်းမဲ့နေမှုကို ကျော်လွှားနိုင်ခြင်း မရှိခဲ့ပေ။ အလားတူဆိုးရွားသည့် ကိစ္စရပ်တစ်ခုမှာ ရှေ့ဆက်လျှောက်လှမ်းလိုပါက လက်နက်ဖြုတ်သိမ်းရန်၊ တပ်ဖွဲ့ဝင်စာရင်းပယ်ဖျက်ရန်နှင့် လူမှုဘဝပြန်လည်ပေါင်းစည်းရန်ဟူသည့် အကဲဆတ်လွန်းလှသည့်ကိစ္စရပ်များကို ဆွေးနွေးတိုင်ပင်သွားရမည်ဟု တပ်မတော်ဖက်မှတောင်းဆိုလာခဲ့ပြီးနောက်ပိုင်း အကောင်အထည်ဖော်မှုတိုးတက်ရေး အစီအစဉ်များ အေးခဲသွားခဲ့ခြင်းဖြစ်သည်။ ဤကိစ္စသည် အပြန်အလှန်အားဖြင့် NCA အတွင်း အပြန်အလှန် ချည်နှောင်ထားသည့် လုံခြုံရေးနှင့် လက်နက်ဖြုတ်သိမ်းရေးဆိုင်ရာ အရေးကိစ္စများကို ဆွေးနွေးတိုင်ပင်မှုမပြုမီနိုင်ငံရေးအပြောင်းအလဲကို ဦးစွာဖော်ဆောင်သွားလိုသည့် EAOs များအကြား စိုးရိမ်ပူပန်မှုများ ပြန်လည်မြင့်တက်လာစေခဲ့သည် (‘လက်နက်ဖြုတ်သိမ်းရေး၊တပ်ဖွဲ့ဝင်စာရင်းပယ်ဖျက်ရေးနှင့် လူမှုဘဝပြန်လည်ပေါင်းစည်းရေးနှင့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး’ စာကွက်ကိုကြည့်ပါ)။

သဘောတူညီချက်ရရှိရန် ညှိနှိုင်းအဖြေရှာရ ခက်ခဲလာခြင်းနှင့်အတူ NCA အကောင်အထည်ဖော်သွားမည့် တရားဝင် လုပ်ငန်းစဉ်များ ဆက်လက်ချိန့်အားနည်းလာခဲ့သည်။ စီမံအုပ်ချုပ်သွားမည့် စနစ်များ ထူထောင်ထားရှိလင့်ကစား ပူးတွဲအပစ်အခတ်ရပ်စဲမှု စောင့်ကြည့်ရေးကော်မတီသည် အပစ်အခတ်ရပ်စဲ ထားကြသူများအကြား ယုံကြည်မှု တည်ဆောက်ရေး၊ စိစစ်အတည်ပြုရေး ခရီးစဉ်များဖော်ဆောင်ရေးနှင့် အပစ်အခတ်ရပ်စဲရေး ချိုးဖောက်မှုများပေါ်ပေါက်လာသည့်အတိုင်းနှင့် ပေါ်ပေါက်လာသည့် အချိန် ကိုင်တွယ်ဖြေရှင်းရေးဟူသည့် ပင်မလုပ်ငန်းတာဝန်များကို တစ်ကြိမ်တစ်ခါမျှ လက်တွေ့ဖော်ဆောင်ခြင်းမရှိခဲ့ပေ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အများပြည်သူ၏ ယုံကြည်မှုများ ဆုတ်ယုတ်လာခဲ့သည်။ အလွန်အရေးပါပြီး NCA တာဝန်ဝတ္တရား၏ အခရာအကျဆုံး အင်္ဂါရပ်တစ်ခုဖြစ်သည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ခေါ်ယူကျင်းပပိုင်ခွင့်သည် တပ်မတော်နှင့် အချေအတင်အဖြစ်ရဆုံးနှင့် အဖုအထစ်အများဆုံး ကိစ္စရပ်တစ်ခုဖြစ်လာခဲ့သည်။ ဤအချက်သည် အများပြည်သူနှင့် နိုင်ငံရေးလုပ်ငန်းစဉ်အကြား တရားဝင်ချိတ်ဆက်ပတ်သက်နေမှုကို ပိုမိုချိန့်အားနည်းလာစေခဲ့သည် (‘အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ’ စာကွက်ကိုကြည့်ပါ)။

ဤလစ်ဟာနယ်အတွင်း NCA အင်အားစုများသည်လိုအပ်လျက်ရှိသည့်ဆုံးဖြတ်ချက်များအပေါ် သဘောတူညီမှု ရယူသွားမည့် အခြားရွေးချယ်စရာ ယန္တရားများ ထူထောင်နိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြပြန်သည်။ ဤနည်းဗျူဟာအသစ်ကို သက်ဆိုင်ရာအဖွဲ့အစည်းများအကြား အပစ်အခတ်ရပ်စဲရေး ချိုးဖောက်မှုများနှင့်ပတ်သက်သည့် အငြင်းပွားမှုများကို နှစ်ဖက်အပြန်အလှန် ဆွေးနွေးအဖြေရှာမည့် အစည်းအဝေးများသို့ EAOs များတင်သွင်းခဲ့ပြီးနောက်ပိုင်း စတင်ကျင့်သုံးလာခြင်းဖြစ်သည်။ ဤကိစ္စရပ်နှင့်ပတ်သက်၍ ထင်ရှားသည့် သာဓကတစ်ခုသည် ၂၀၁၈ ခုနှစ်အစောပိုင်း၌ ကရင်ပြည်နယ်မြောက်ပိုင်းရှိ KNU အုပ်ချုပ်ရေးနယ်မြေများအတွင်း တပ်မတော်၏ လမ်းသစ်ဖောက်လုပ်ရေးစီမံကိန်းများ စတင်လာပြီးနောက်ပိုင်း ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ JMC အပေါ် လုံးလုံးလျားလျားမှီခိုအားထားခြင်းထက် KNU သည် တပ်မတော်နှင့် အစိုးရထံသို့ အရှေ့တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ NCA ချိုးဖောက်မှုများကိုကန့်ကွက်ထားသည့်တိုင်ကြားစာများကိုတိုက်ရိုက်ပေးပို့ခဲ့သည်။ ဤကန့်ကွက်စာကို ပိုမိုခိုင်မာမှုရှိစေရန် KNU ခေါင်းဆောင်များသည်တပ်မတော်နှင့်တိုက်ရိုက်တွေ့ဆွေး

နွေး၍ ဖြေရှင်းသွားရန် ကြိုးပမ်းသွားခဲ့သည်။ ပဋိပက္ခများကို NCA ၏ 'အခြေခံမှ ဆက်၍ကိုင်တွယ်ဖြေရှင်း' နိုင်တော့မည်မဟုတ်သဖြင့် KNU ၏ စစ်ရေးတောင်ပံမှ ၎င်းတို့အနေဖြင့် 'ဆက်၍ တိတ်တဆိတ်ငြိမ်ခံနေတော့မည် မဟုတ်ကြောင်း' သတိပေးချက်ထုတ်ပြန်ခဲ့သည်။[၂၅] ခုခံကာကွယ်ရေးအတွက် စစ်ရေးပြင်ဆင်ထားရန် KNU တပ်မှူးများကို တပ်လှန့်နှိုးဆော်ထားပြီးဖြစ်သည်ဟု ဆက်လက်ပြောဆိုသွားခဲ့သည် ('စစ်ရေးအရ ချိုးဖောက်မှုများ' ကိုကြည့်ပါ)။

နောက်ဆက်တွဲအဖြစ် KNU ဥက္ကဋ္ဌဗိုလ်ချုပ်စောမူတူးစေးဖိုးကိုယ်တိုင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပြီးနောက် ၎င်းကိုယ်တိုင် ၂၀၁၈ ခုနှစ် မိုးရာသီအတွင်း လမ်းဖောက်လုပ်မှုများကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း သဘောတူညီမှုရရှိခဲ့သည်။[၂၆] သို့ရာတွင် အဆိုပါသဘောတူညီချက်သည် ယာယီမျှသာရွှေ့ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလာခဲ့ပြီးနောက်ပိုင်း တပ်မတော်သည် အငြင်းပွားနယ်မြေအတွင်း စစ်ဆင်ရေးလုပ်ငန်းနှင့် လမ်းဖောက်လုပ်ရေး လုပ်ငန်းများကို ပြန်လည်စတင်လာခဲ့သည်။ ၎င်းတို့၏ တာဝန်ဝတ္တရားများကိုပြောင်ပြောင်တင်းတင်း မျက်ကွယ်ပြုခဲ့သည့် JMC သည် ဤအငြင်းပွားမှုကို ကြားဝင်ဖြေရှင်းပေးခြင်းသော်လည်းကောင်း တက်တက်ကြွကြွ ကြားဝင်ဆောင်ရွက်ပေးခြင်းကိုသော်လည်းကောင်း ပြုလုပ်သွားရန် မည်သည့်အခါကမှ အရေးပါသည့်အဝန်းအဝိုင်းတစ်ခုဖြစ်မလာခဲ့ပေ။ ၂၀၂၁ ခုနှစ်အစောပိုင်းမှစ၍ ကရင်ပြည်နယ်အပါအဝင် ရှမ်းပြည်နယ်အတွင်းရှိ NCA လက်မှတ်ထိုးအဖွဲ့ဝင်နှင့် အဖွဲ့ဝင်မဟုတ်သူများ၏အပစ်အခတ်ရပ်စဲရေးဒေသများ၌ စစ်ရေးတင်းမာမှုများ မြင့်တက်လာခဲ့သလို EAO များ၏ ထိန်းချုပ်မှုအောက်ရှိ မဟာဗျူဟာကျသည့် နယ်မြေဒေသများကိုဖြန့် ကျက်စိုးမိုးနိုင်စေရန် ကြိုးပမ်းလျက်ရှိသည့် တပ်မတော်သည် အရပ်သားပြည်သူများကို ဦးတည်ပစ်မှတ်ထားလျက်ရှိသည်ဟူသည့် စွပ်စွဲပြောဆိုမှုများလည်း ပေါ်ထွက်လာခဲ့သည် ('ကို ဗစ် ၁၉ နှင့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲ' ကိုကြည့်ပါ)။

NCA ၏ ဟာကွက်များကို ကိုင်တွယ်ဖြေရှင်းကြိုးပမ်းခဲ့သည့် လက်မှတ်ထိုးအဖွဲ့ဝင်အင်အားစုများ၏ နောက်ထပ်နည်းလမ်းတစ်ခုမှာ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ အရေးကိစ္စများကို ဆွေးနွေးအဖြေရှာသွားမည့် အခြားရွေးချယ်စရာ အစားထိုးကော်မတီများ ဖွဲ့စည်းထူထောင်ခြင်းဖြစ်သည်။သက်ဝင်လှုပ်ရှားမှုအလျဉ်းမရှိအေးခဲနေခဲ့သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုမူဘောင်အရ ပြဋ္ဌာန်းပေးထားသည့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ လုပ်ငန်းစဉ်အဆင့်များ၌ အံဝင်ခွင်ကျမရှိသောကြောင့် 'အလွတ်သဘော' ကော်မတီများ ဟုသုံးနှုန်းပြောဆိုသွားခဲ့သည့် ချဉ်းကပ်မှုပုံစံသည် တစ်ဖွဲ့ချင်းအလိုက် နေရာချထားရာ၌ ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိစေခဲ့သည်။ ဤကော်မတီများနှင့် ၎င်းတို့၏အစည်းအဝေးများသည် အတိုင်းအတာတစ်ခုအထိ သမားရိုးကျနည်းလမ်းအတိုင်း ဖြစ်နေခဲ့သည်။ သို့သော်လည်း စေ့စပ်ညှိနှိုင်းမှုများအတွက်မတူညီသည့် လမ်းကြောင်းပေါင်းစုံကို ဖန်တီးနေရာချရာ၌ အားသာချက်အများအပြား ရှိနေခဲ့သည်။ အင်အားစုများအနေဖြင့် မူဘောင်၏ ရှုပ်ထွေးခက်ခဲမှုကြောင့် ဖြစ်ပေါ်လာခဲ့သည့် လုပ်ထုံးလုပ်နည်း ပိုင်းဆိုင်ရာ စိန်ခေါ်မှုအချို့ကိုရှောင်လွှဲ၍ပြေလည်မှုမရရှိခဲ့ဖူးသည့်သဘောထားကွဲလွဲမှု အများအပြားကို ကွေ့ရှောင်ကာ ထိထိရောက်ရောက် ဆက်လက်ဆွေးနွေး အဖြေရှာလာနိုင်စေခဲ့သည်။ ဤလိုက်လျောညီထွေရှိမှု၏ အခြားတစ်ဖက်၌ NCA ရည်မှန်းချက်များနှင့် အခြေခံမူများကို မျက်ကွယ်ပြု၍ဖော်ဆောင်ရသည့် 'အလွတ်သဘော' အလေ့အထများ၌ အားနည်းချက်အချို့လည်း ဒွန်တွဲပါဝင်လာခဲ့သည်။ အခြားရွေးချယ်စရာကော်မတီများ အစားထိုးထူထောင်ခြင်းသည် ညှိနှိုင်းဆွေးနွေးသူများအား ၎င်းတို့၏ အဓိကဦးစားပေး ကိစ္စရပ်များကို အလေးပေးအာရုံစိုက်ကာ ပြင်ပဖိအားနည်းနည်းဖြင့် အထက်အောက်အာဏာရှင်ဆန်သည့် ဆုံးဖြတ်ချက်များချမှတ်နိုင်စေရန် အထောက်အကူပြုကောင်းပြုပါလိမ့်မည်။ ဤချဉ်းကပ်မှုသည် ဥပမာအားဖြင့် ငြိမ်းချမ်းရေးအစည်းအဝေးများအတွက် သဘောတူညီမှုရရှိရန် အလားအလာရှိသည့် ကိစ္စရပ်များနှင့် ဆွေးနွေးပွဲအစီအစဉ်များကို ရေးဆွဲပြင်ဆင်မှုကဲ့သို့သော အရေးအရာများနှင့်ပတ်သက်ပါက ထိရောက်မြန်ဆန်မှု ရှိသကဲ့သို့ ရှုမြင်သုံးသပ်ရသည်။ သို့သော်လည်း အခြားရွေးချယ်စရာ ကော်မတီများအတွက် လုပ်ငန်းစဉ်အပေါ် အငြင်းပွားမှုများနှင့် တရားဝင်ငြိမ်းချမ်းရေးအဆောက်အအုံတို့ကို ကိုင်တွယ်ဖြေရှင်းသွားမည့် ပုံစံများနှင့်စပ်လျဉ်း၍ အဖြေမရှိသည့် မေးခွန်းပေါင်းများစွာ ကျန်ရှိနေဆဲဖြစ်သည်။ ထို့အပြင် ၎င်းတို့သည် NCA လုပ်ငန်းစဉ်၏ ပွင့်လင်းမြင်သာမှုကို ကျဆင်းသွားစေခဲ့သလို နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ၌ အများပြည်သူ၏ ပူးပေါင်းပါဝင်မှုကိုလည်း ပျောက်ကွယ်သွားစေခဲ့သည်။ အများပြည်သူ ယုံကြည်မှုကျဆင်းလာခြင်းနှင့်အတူ လက်မှတ်ထိုးအဖွဲ့ဝင်မဟုတ်ကြသည့် EAOs များနှင့် နိုင်ငံရေးပါတီများသည်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကိုဆောင်ကျဉ်းပေးမည့် ယန္တရားတစ်ခုဖြစ်သည့် NCA အပေါ် တဖြည်းဖြည်းပို၍ သံသယကြီးလာခဲ့ကြသည်။

NCA၏ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်အတွင်း ရှိအားနည်းချက်များသည် ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း ခေါ်ယူကျင်းပခဲ့သည့် တတိယအကြိမ်မြောက် ၂၁ ရာစု ပင်လုံညီလာခံအတွင်း ဖုံးမနိုင်ဖိမရ ထပ်မံပေါ်ထွက်လာခဲ့ သည်။ ငြိမ်းချမ်းရေးအရွှေ့၌ ခြေတစ်ဖက်ကျွံထားကြသည့် အစိုးရနှင့် လက်မှတ်ထိုးအဖွဲ့ဝင် EAOs နှစ်ဖက်စလုံးသည် ၎င်းတို့နှင့် အဆင့်အတန်းတူဖြစ်လာခဲ့သည့် မွန်ပြည်သစ် ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး တို့နှင့်အတူ အစည်းအဝေးသစ်တစ်ခု အမြန်ဆုံးစတင်နိုင်ရန် စိတ်ဆန္ဒ ပြင်းပြနေခဲ့ကြသည်။ ယခုတစ်ကြိမ်တွင်လည်း FPNCC ကိုယ်စားလှယ်များကို 'ဧည့်သည်တော်များ' အဖြစ်ဖိတ် ကြားသွားရန် အစိုးရအရာရှိများ စီစဉ်ပြင်ဆင်ရာ၌ တရုတ် ၏သြဇာလွှမ်းမိုးမှုကို အတိုင်းသား တွေ့မြင်ခဲ့ရပြန်သည်။ NCA ၏ အခန်းကဏ္ဍကို တစ်ဆင့်ချင်းစီ မည်မျှအသေးစိတ် အောင်ပြင်ဆင်ထားစေကာမူ NLD၊ တပ်မတော်နှင့် EAOs ကဲ့သို့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်လျက်ရှိ သည့်အစုအဖွဲ့များအားလုံးသည် တရုတ်အစိုးရ၏ တောင်း ဆိုမှုများကို မဖြစ်မနေလိုက်လျောနာခံရန် လိုအပ်သည်ဟု ခံစားခဲ့ကြရပုံပေါ်သည်။[၃၀]

ရှေ့ပိုင်း UPCs များနှင့် မတူသည့်အချက်မှာ ဆွေး နွေးပွဲအစီအစဉ်ကို ပွဲအလွန်နီးကပ်မှသာ သဘောတူညီမှု ရရှိခဲ့ကြသဖြင့် တက်ရောက်ပါဝင်ကြမည့်သူများ ပြင်ဆင် ချိန်မဆိုစလောက်သာ ရရှိခဲ့ကြခြင်းဖြစ်သည်။ ရှေ့ပိုင်းညီ လာခံများ၌ ကြုံတွေ့ခဲ့ရသည့် ပြဿနာများကို ရှောင်လွှဲ နိုင်စေရန်အတွက် အကဲဆတ်သည့် နိုင်ငံရေးကိစ္စများကို တင်သွင်းခွင့်မပြုရန် ဆုံးဖြတ်ခဲ့ကြသည်။ ယင်းအစား ၎င်း တို့သည်ပါဝင်လျက်ရှိသည့်အစုအဖွဲ့အသီးသီး (ဥပမာအစိုး ရ၊ တပ်မတော်နှင့် EAOs) ၏ အဓိကအကျိုးစီးပွားများကို တိုက်ရိုက်ထိပါးမှုနည်းသည့် ခေါင်းစဉ်များကိုသာ အလေး ပေးအာရုံစိုက်ခဲ့ကြသော်လည်း နိုင်ငံရေးအပြောင်းအလဲပြု လုပ်သွားလိုသည့် EAO များ၏အစီအစဉ်၌ ဆက်လက်ပါ ရှိနေခဲ့သည်။ဤကိစ္စရပ်ကိုထည့်သွင်းစဉ်းစားကာညီလာခံ အစီအစဉ်အတွက် အခွင့်အရေးအမျိုးအစားအုပ်စု ငါးခုကို အဆိုပြုခဲ့ကြသည်။ သို့သော်လည်း ကြီးမှူးကျင်းပသူများ အနေဖြင့် မတူကွဲပြားသည့် အကျိုးရလဒ်များရရှိရန် မျှော် လင့်ခဲ့ကြပါက အမှားကြီးမှားသွားခဲ့ပြီဖြစ်သည်။ တပ်မတော် ကိုယ်စားလှယ်များက နိုင်ငံသူနိုင်ငံသားအားလုံး တန်းတူ အခွင့်အရေးရနေပြီဖြစ်သဖြင့် 'လူနည်းစုအခွင့်အရေးများ' ဟူသည့်ခေါင်းစဉ်ကိုပင် ထည့်သွင်းသွားရန် မလိုအပ်ဟု ပြောဆိုသွားခဲ့သည်။[၃၁]

ထို့ကြောင့် စတုတ္ထအကြိမ်မြောက် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (တတိယအကြိမ်မြောက် UPC–21CP) သည်စိတ်ပျက်ဖွယ်ရာအတိုဖြင့် နိဂုံးချုပ်သွားခဲ့ရပြန်သည်။ အစည်းအဝေးသည် အမျိုးသမီး–အမျိုးသား တန်းတူညီမျှ ရေးဟူသည့် ခေါင်းစဉ်ပေါ်အာရုံစိုက်၍ ဆက်လက်ကျင်းပ သွားခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ်အတွက် နောက် တိုးအချက်ပေါင်း ၁၄ ချက် ထပ်မံသဘောတူညီမှုရရှိခဲ့ကြ သည်။[၃၂]သို့သော်လည်း ယခင်ညီလာခံ၌ရရှိခဲ့သည့် ၃၇ ချက် နည်းတူ အချက်သစ်များသည်လည်း ရှင်းလင်းပြတ်သားမှု နှင့် လက်တွေ့အကျိုးသက်ရောက်မှု မရှိသည့် ပုံစံဖြင့်သာ လျှင် အဆုံးသတ်သွားခဲ့သည်။ ပြည်ထောင်စုသဘောတူစာ ချုပ်၏ အခြေခံမူများအပေါ် သဘောတူညီမှု ရရှိခဲ့ကြလျှင် ပင်အစိုးရအနေဖြင့် လာမည့်အနီးဆုံးကာလများ၌ ဤဆုံး ဖြတ်ချက်များကို အသုံးချ၍ အမျိုးသမီး–အမျိုးသား တန်း တူညီမျှရေးမူဝါဒအဖြစ်လက်ခံကျင့်သုံးသွားဦးမည်မဟုတ် ပေ။ NLD၏ဝေဖန်ရေးသမားများစောဒကတက်ခဲ့ကြသလို ပင်နိုင်ငံရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းသည်ပင် လွှတ် တော်အတွင်း၌ တစ်ဆို့နေခဲ့သည်။[၃၃]

ဤကဲ့သို့ နောက်ပြန်ဆွဲမှုများ ဖြစ်ပေါ်လာခဲ့ပြီး နောက်ပိုင်း တိုင်းရင်းသားအခြေပြု အင်အားစုများအကြား အခြေအနေအရပ်ရပ်ကို အဆိုးမြင်သည့် သဘောထားများ ပိုမိုနက်ရှိုင်းလာခဲ့ပြီး မျက်နှာချင်းဆိုင် ညှိနှိုင်းဆွေးနွေးမှု များသည်လည်း နဂိုအရှိန်အဟုန်မျိုး ပြန်လည်မရရှိနိုင် တော့ပေ။ နဝတ–နအဖအစိုးရလက်ထက် ခေါ်ယူကျင်းပ သွားခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အမျိုးသား ညီလာခံသည် ၁၅ နှစ်တာကာလအတွင်း ကာလအပိုင်း အခြားအလိုက် ပြတ်တောင်းပြတ်တောင်း ခေါ်ယူကျင်းပ သွားခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ယခုတစ်ကြိမ်၌ တိုင်း ရင်းသားအင်အားစုများနှင့် ဒီမိုကရေစီလိုလားထောက်ခံ သူအများအပြားသည် အစိုးရနှင့် တပ်မတော်တို့နှစ်ဖက် စလုံးသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ နှင့်ပတ် သက်၍ တစ်ကြိတ်တည်း တစ်ဉာဏ်တည်းပင်ဖြစ်သည်ဟု လက်ခံယုံကြည်ခဲ့ကြသည်။

သို့ရာတွင် ကွာခြားမှုတစ်ခု ရှိနေခဲ့သည်။ ယခုတစ် ကြိမ်၌ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြဋ္ဌာန်းထားပြီးဖြစ်သည်။ အာဏာရလာသည်နှင့် တစ်ပြိုင်နက် NLD သည် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးကို ပွဲထုတ်ရန်တွန့်ဆုတ်ခဲ့ခြင်း မရှိခဲ့သော်လည်း ဖက်ဒရယ်စနစ်ကို အားပေးအားမြှောက် ပြုသည့် ပြင်ဆင်ချက်များကိုမူ လက်ခံသဘောတူခြင်းမရှိ

ဘဲငြင်းပယ်သွားခဲ့သည်။ NLD သည် ပြုပြင်ပြောင်းလဲရေးကိုစတင်အသက်သွင်းပေးမည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်ဟုမျှော်လင့်ယုံကြည်ခဲ့ကြလင့်ကစား အစိုးရနှင့် တပ်မတော်သည်သာလျှင် NCA၊ UPC-21CP နှင့် ဥပဒေပြုလွှတ်တော်ကိုစိုးမိုးချယ်လှယ်ထားခဲ့သဖြင့် တိုင်းရင်းသားများ မျှော်လင့်ခဲ့ကြသည့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအနာဂတ်၌ မည်သို့မည်ပုံ အသက်ဝင်လာမည်ဖြစ်ကြောင်း မျှော်မှန်းကြည့်ရှုရန် များစွာခဲယဉ်းနေခဲ့သည်။

ဆုံးဖြတ်ချက်ချမှတ်မှုကို ထိထိရောက်ရောက်ပုံဖော်ပေးသွားမည့် '၁၀ အပေါင်း ၁၀ အစည်းအဝေး'

တတိယအကြိမ်မြောက် UPC-ပင်လုံအစည်းအဝေး၌တိုးတက်ဖြစ်ထွန်းမှု ကင်းမဲ့လာခဲ့သည့်နောက်ပိုင်း အစိုးရအရာရှိများသည် ဆုံးဖြတ်ချက် ချမှတ်ပိုင်ခွင့်ရှိသည့် အဓိကပုဂ္ဂိုလ်များကို စည်းရုံးစုစည်း၍ တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အငြင်းပွားနေရသည့် ကိစ္စရပ်များကိုကိုင်တွယ်ဖြေရှင်းနိုင်စေမည့် အစီအစဉ်တစ်ခုကို ဖော်ဆောင်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာရောက်သည့်အချိန်၌ NCA သက်တမ်း သုံးနှစ်ပြည့်သွားခဲ့ပြီဖြစ်သည်။ သို့သော်လည်း NCA အတွင်း ဖော်ပြပါရှိပြီးဖြစ်သည့်အလွန်ကျယ်ပြန့်သည့် အခြေခံမူများအပေါ် သဘောတူညီမှုရယူနိုင်ခဲ့သည့်အချက်မှလွဲ၍နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများအတွင်း တိုးတက်ဖြစ်ထွန်းမှုအနည်း အကျဉ်းမျှသာရှိနေခဲ့သည်။ဖက်ဒရယ်စနစ်၏အဓိကအကျဆုံးအရေးကိစ္စများနှင့် ပတ်သက်သည့် တကယ့်အနှစ်သာရအပေါ် မည်သည့်အဆင့်တွင်မျှ အသေးစိတ်သဘောတူညီမှုမရရှိခဲ့ဘဲတပ်မတော်သည်သာလျှင်နိုင်ငံတစ်နံတစ်လျား၌NCA အကောင်အထည်ဖော်နိုင်ခြင်းမရှိစေရန် အောင်အောင်မြင်မြင် ဖျက်လိုဖျက်ဆီး ပြုလုပ်သွားနိုင်ခဲ့ သည်။ထိုကာလများအတွင်း အရပ်သားများအပေါ် စစ်ဖက်ဆိုင်ရာ ချိုးဖောက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် လူထုလူတန်းစားအများအပြား အဓိကစိုးရိမ်ပူပန်နေရသည့် အကြီးမားဆုံးသော ပူပင်သောကတစ်ခု ဖြစ်လာခဲ့သည်။

၎င်းတို့၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ အစိုးရဖက်ခြမ်းမှ အသံများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ရှုပ်ထွေးမှုနှင့် ကျယ်ပြန့်မှုသည် EAOs၊ တပ်မတော်နှင့် အစိုးရတို့အကြား တစ်ခုတည်းသော နိုင်ငံရေးသဘောတူညီချက်တစ်ခုရရှိနိုင်ခြင်းမရှိစေရန်ဟန့်တားနှောက်ယှက်နေသည့် အကြီးမားဆုံးသော အခက်အခဲဖြစ်နေသည်ဟု ရှုမြင်လက်ခံထားကြသည်။ ထို့အပြင် ၎င်းတို့က တစ်ဖွဲ့ချင်းဖြစ်စေ စုပေါင်း၍ဖြစ်စေ EAO များ၏ ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်း

ကချင်ပြည်နယ်အတွင်းရှိ ငပဝ ကျောင်းအုပ်ကိုယ်စား ဆေးတွင်းသားများက ထွက်ပြေးသွားရာတွင် ကလေးများနှုံ (ခွန်းလို)

RCSS ဥက္ကဋ္ဌ ခိုလံခိုမြို့ရှိ ပြည်နယ်စစ်ဆင်ရေးဗဟိုဌာနမှ ဗိုလ်မှူးကြီးတင်ဦးနှင့် ရဲတပ်ဖွဲ့ (TNI)

စဉ်၏ ရှုပ်ထွေးမှုကိုလည်း နောက်ထပ်နှောင့်နှေးကြန့်ကြာစေသည့် မောင်းနှင်အားတစ်ခုအဖြစ် ရှုမြင်နေခဲ့ကြသည်။ ပုံစံအသစ်ပြောင်း၍ ချဉ်းကပ်သွားရမည့် အချိန်ကျရောက်လာပြီဖြစ်ကြောင်း ထင်ရှားနေခဲ့သည်။

ဤကဲ့သို့သော အတားအဆီးများကို ရင်ဆိုင်ကျော်လွှားရန် ကြိုးပမ်းသည့်အနေဖြင့် အစိုးရ၊ တပ်မတော်နှင့် NCA လက်မှတ်ထိုးအဖွဲ့ဝင် ၁၀ ဖွဲ့တို့၏ ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် ထိပ်သီးခေါင်းဆောင်များဖြင့်သာ တွေ့ဆုံစည်းဝေးမှုတစ်ခုပြုလုပ်သွားရန် အစိုးရအနေဖြင့် ကြိုးပမ်းလာခဲ့သည်။ ဆုံးဖြတ်ချက်ချမှတ်နိုင်သူများအားလုံး အခန်းတစ်ခုတည်း၌ အတူဆွေးနွေး အဖြေရှာသွားပါက အရေးအကြီးဆုံးကိစ္စရပ်များနှင့်ပတ်သက်၍ သဘောတူညီမှု မြန်မြန်ဆန်ဆန်ရရှိလာနိုင်ပြီး ယင်းကာလအထိ တိုးတက်ဖြစ်ထွန်းမှုမရှိစေရန် တားဆီးနှောက်ယှက်လျက်ရှိသည့် တစ်ဆို့မှုများကို ရင်ဆိုင်ကျော်လွှားနိုင်လိမ့်မည်ဟု စိတ်ကူးခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ညီလာခံအသစ်ကို '၁၀ အပေါင်း ၁၀ အစည်းအဝေး' ဟုသုံးနှုန်းပြောဆို၍ ၂၀၁၅ခုနှစ်အောက်တိုဘာလ NCA သဘောတူလက်မှတ်ရေးထိုးခဲ့သည့် အထိမ်းအမှတ်အဖြစ် နှစ်ပတ်လည်နေ့တွင် ခေါ်ယူကျင်းပသွားခဲ့သည်။ အချုပ်ဆိုရသော် NCA အဖွဲ့ဝင်များချည်း သက်သက်ဖြင့်အသက်ဝင်မှု ကင်းမဲ့နေသည့် ယန္တရားများကိုရှောင်ကွင်း၍ အခြားရွေးချယ်စရာဖွဲ့စည်းတည်ဆောက်ပုံအသစ်များကို အားပေးအားမြှောက်ပြုခဲ့သည့် အစည်းအဝေးသစ်သည် ရှေ့နှစ်များဆီမှ UPC၊ UPDJC နှင့် JICM ကဲ့သို့သော စုဖွဲ့မှုများအတွင်း မအောင်မြင်ခဲ့သည့် ဆုံးဖြတ်ချက်များကို ပြန်လည်အဖတ်ဆယ်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

ၔင်းတို့ဖက်ခြမ်း၌ NCA ကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည့် EAOs များ အထူးသဖြင့် ဩဇာလွှမ်းမိုးမှုအရှိဆုံး ဖြစ်ကြသည့် ကရင်အမျိုးသားအစည်းအရုံးနှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ တို့သည်လည်း ရှေ့ဆက်လျှောက်လှမ်းနိုင်စေမည့် လမ်းကြောင်းသစ်များကို ရှာဖွေဖော်ထုတ်သွားရန် စိတ်ဆန္ဒပြင်းပြခဲ့ကြသည်။ နှစ်ဖွဲ့စလုံးသည် NCA အပေါ် စစ်ရေးအရ ချိုးဖောက်မှုအကြိမ်ရေတစ်ဖြည်းဖြည်း မြင့်တက်လာနေသဖြင့် စိုးရိမ်မကင်းဖြစ်နေခဲ့ကြသူများဖြစ်သည်။ အစည်းအဝေး မစတင်မီ အဖွဲ့အစည်းနှစ်ခု၏ ဥက္ကဋ္ဌနှစ်ဦးပူးပေါင်း၍ ဒေါ်အောင်ဆန်းစု

ကြည်၊ စစ်ဦးစီးချုပ်နှင့် အခြားအစုအဖွဲ့များကို မိတ္တူခံကာ NCA နှင့်ပတ်သက်၍ နိုင်ငံတကာမျက်မြင်သက်သေများကို အကူအညီတောင်းခံထားသည့် ပူးတွဲစာတစ်စောင်တင်သွင်းခဲ့ကြသည်။

ယင်းစာအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ဆို့နေခြင်း၊ တပ်မတော်မှ အပစ်အခတ်ရပ်စဲရေးနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်နေခြင်းနှင့် ပြည်ထောင်စုသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များ အနှစ်သာရပြည့်ဝမှု မရှိခြင်းဟူသည့် အဓိကအကျဆုံး စိုးရိမ်ပူပန်မှုသုံးခုကို ရေးသားဖော်ပြထားသည်။[၃၄] ပြန်လည်ရှင်းလင်းပြောဆိုသည့်အနေဖြင့် စာအတွင်း၌ NCA လက်မှတ်ထိုးအဖွဲ့ဝင်များအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဘုံလုပ်ငန်းအစီအစဉ် မရှိခြင်း၊ NCA အနက်ဖွင့်ဆိုသွားမည့် ပုံစံနှင့်ပတ်သက်၍ သဘောတူညီမှုရယူရန် လိုအပ်နေခြင်းနှင့် နိုင်ငံတစ်ခုလုံး၏ အနာဂတ်နှင့်ပတ်သက်သည့် ဘုံမျှော်ရည်ချက် ကင်းမဲ့နေခြင်းဟူသည့် တစ်ဆို့မှုကိုဖြစ်ပေါ်လာစေခဲ့သည့် အဓိကအကြောင်းရင်းကြီးသုံးခုကိုရေးသားဖော်ပြထားသည်။

မည်သို့ဆိုစေကာမူ ၁၀ အပေါင်း ၁၀ အစည်းအဝေးသည်အဆိုပါစိုးရိမ်ပူပန်မှု တစ်ခုတစ်လေကိုမျှ ပြေလည်သွားစေခြင်း မရှိခဲ့ပေ။ ၁၀ အပေါင်း ၁၀ အစည်းအဝေးသည် ဆိုးရွားပြင်းထန်သည့် စိန်ခေါ်မှုများကို ဖြေရှင်းသွားရန်ဦးတည်သည့် ဆန်းသစ်ဖောက်ထွက်သည့် စိတ်ကူးကောင်းတစ်ခုဖြစ်ခဲ့သော်လည်း ဦးစီးကမကထ ပြုသူများအနေဖြင့် တပ်မတော်၏ နိုင်ငံရေးစိတ်ဆန္ဒနှင့် ဦးဆောင်မှုကင်းမဲ့နေခြင်းသည်သာလျှင် ပြဿနာအများစု၏ အကြောင်းရင်းခံဖြစ်နေခဲ့ကြောင်း အပြည့်အဝ ကြိုတင်မျှော်မှန်းထားခြင်း မရှိခဲ့ကြပေ။ ဤအချက်က အစည်းအဝေးအစဉ်တမင်တကာ ထိပ်တိုက်ရင်ဆိုင်လာအောင် ရန်စရာရောက်သည့် အဖွင့်မိန့်ခွန်းနှင့်အတူ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ အစီအစဉ်ကို ကဖျက်ကယက် ပြုလုပ်သွားသည့်အချိန်၌ လယ်ပြင်မှာဆင်သွားသလို ပိုမိုထင်ရှားသွားခဲ့သည်။

ယနေ့အချိန်၌ စစ်ဦးစီးချုပ်ကြီး၏ မိန့်ခွန်းကို NCA ကျရှုံးမှု၏ ပြယုဂ်တစ်ခုအဖြစ် ရည်ညွှန်းပြောဆိုနေကြပြီဖြစ်သည်။ ဝေဖန်ထောက်ပြခဲ့ကြသည့် အချက်ပေါင်းများစွာ၌ မင်းအောင်လှိုင်၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတကာစံချိန်စံနှုန်းများနှင့် ကိုက်ညီ၍ ဒီမိုကရေစီနှင့် ဖက်ဒရယ်အနှစ်သာရ အပြည့်အဝရှိပြီးသား ဖြစ်သည်ဟူသည့် ပြောဆိုမှု၊ နိုင်ငံအတွင်း၌ မည်သည့်ခွဲခြားဆက်ဆံမှုမျှမရှိဟူ၍ ငြင်းပယ်မှု၊ ဥပဒေအပြောင်းအလဲပြုလုပ်မည့် ကြိုးပမ်းအားထုတ်မှုများကို အလွန်သတိထားမှု၊ ၂၀၁၄ ခုနှစ် အိမ်နှင့် လူဦးရေသန်းခေါင်စာရင်းမှ တိုက်ဆိုင်အတည်ပြု၍ထုတ်ပြန်ထားခြင်း မရှိသေးသည့် တိုင်းရင်းသားအချက်အလက်များ ပေါက်ကြားမှုနှင့် အငြင်းပွားစရာဖြစ်ခဲ့သည့် လုံခြုံရေးနှင့် လက်နက်ဖြုတ်သိမ်းရေးဆိုင်ရာ အရေးကိစ္စများအတွက် ၎င်းရည်ညွှန်းသုံးနှုန်းသွားခဲ့သည့် 'လုံခြုံရေးပြန်လည်ပေါင်းစည်းမှု' ပြုလုပ်ရန် လိုအပ်ကြောင်း အလွန်အကျွံအလေးပေးအာရုံစိုက်မှုများ ပါဝင်နေခဲ့သည် ('လက်နက်ဖြုတ်သိမ်းရေး၊ တပ်ဖွဲ့ဝင်စာရင်းပယ်ဖျက်ရေးနှင့် လူမှုဘဝပြန်လည်ပေါင်းစည်းရေးနှင့် လုံခြုံရေးကဏ္ဍာ ပြုပြင်ပြောင်းလဲရေး' စာကွက်ကိုကြည့်ပါ)။[၃၅]

အလားတူ ဆိုးရွားသွားစေခဲ့သည့် အရာတစ်ခုမှာ မင်းအောင်လှိုင်သည် RCSS တစ်ဖွဲ့တည်းအပေါ်ကွက်၍ ပြစ်တင်ဝေဖန်ခဲ့ပြီး အဖွဲ့အစည်း၏ သမိုင်းကြောင်းကို ပြန်လည်တူးဆွကာ NCA ကို အခွင့်အရေး ယူနေခြင်းဖြစ်သည်ဟုစွပ်စွဲပြောဆိုသွားခဲ့ခြင်း ဖြစ်သည်။ ၎င်းရွေးချယ်သုံးနှုန်းသွားခဲ့သည့် စကားလုံးများအတိုင်း အတိအကျပြောရမည်ဆိုပါက 'တပ်မတော်ဆိုတာ တိုင်းရင်းသားပြည်သူတွေရဲ့ အသက်အိုးအိမ်နဲ့ စည်းစိမ်ဥစ္စာတွေကို ကာကွယ်စောင့်ရှောက်ပေးရမယ့် တာဝန်ရှိတဲ့အတွက် ဘာမှမလုပ်ဘဲ ဒီတိုင်းထိုင်ကြည့်နေမှာ မဟုတ်ဘူး' ဟု ပြောဆိုကြိမ်းမောင်းသွားခဲ့သည်။[၃၆] ဤစကားလုံးများကို ပြောဆိုသုံးနှုန်းပြီး နောက်အစည်းအဝေးခန်းမမှ ပြန်လည်ထွက်ခွာသွားခဲ့သည်။ စောဒကတက်စရာအဖြစ် အရေးအပါဆုံး ဆုံးဖြတ်ချက်ချမှတ်ရမည့်သူက အခန်းတွင်းမှ ထွက်ခွာသွားခြင်းသည် အစိုးရ ကြိုးပမ်းအားထုတ်လာခဲ့သည့် ကြောင်းကျိုးပြသဘောတရားတစ်ခုလုံးကို အဓိပ္ပာယ်ကင်းမဲ့ သွားစေခဲ့တော့သည်။ ကျန်ရစ်သူများ ဆက်လက်ဆွေးနွေးသွားခဲ့ကြသော်လည်း အစည်းအဝေး၏ ရည်မှန်းထားသည့် အကျိုးရလဒ်မျိုးရရှိ လာနိုင်တော့မည် မဟုတ်ပေ။

ဤအရေးယူဆောင်ရွက်မှုအပြီး '၁၀ အပေါင်း ၁၀' ကျရှုံးမှုနှင့်အတူ ပေါ်ထွက်လာခဲ့သည့် ဆိုးကျိုးရိုက်ခတ်မှုများအကျိုးသက်ရောက်မှု အလွန်ကြီးကျယ်သွားခဲ့ပြီး NCA ကိုငြိမ်းချမ်းသည့် ပြုပြင်ပြောင်းလဲရေး ယန္တရားတစ်ခုအဖြစ် ယုံကြည်စိတ်ချမှုကို ပိုမိုယိမ်းယိုင်သွားစေခဲ့သည်။ အစိုးရအနေဖြင့် ရှုပ်ထွေးလွန်းလှသည့် ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်များကို ကျော်ခွနိုင်စေရန်နှင့် တစ်ဆစ်ချိုးအပြောင်း

အလဲမျိုး ရရှိလာနိုင်စေရန် အောင်မြင်မှုမရှိသည့် ကြိုးပမ်းအားထုတ်မှုအချို့ ပြုလုပ်သွားခဲ့သည်။ သို့သော်လည်း ၁၀ အပေါင်း ၁၀ အစည်းအဝေး မအောင်မြင်မှုနှင့်အတူ မတူကွဲပြားသည့် EAO ကွန်ရက်အသီးသီးသည် NCA ၏ ထင်သာမြင်သာရှိသည့် အားနည်းချက်များနှင့် တပ်မတော်၏ ပြည်ထောင်စုငြိမ်းချမ်းရေး သဘောတူစာချုပ်အပေါ် ညှိနှိုင်းဆွေးနွေးလိုသည့် ဆန္ဒကင်းမဲ့နေမှုတို့ကို တုံ့ပြန်သွားမည့်ၦင်းတို့ကိုယ်ပိုင် ရပ်တည်ချက်များ ပိုမိုခိုင်မာအားကောင်းလာအောင် ကြိုးပမ်းလာကြတော့သည်။

NCA ကို ပြန်လည်သုံးသပ်အကဲဖြတ်ခြင်း – KNU နှင့် RCSS

၂၀၁၈ ခုနှစ် နိုဝင်ဘာလအရောက်တွင် NCA ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် တရားဝင်ပင် ပြိုလဲပျက်စီးသွားတော့သည်။ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပွဲများ၏ ခုတ်ရာတစ်ခြားရှရာတစ်ခြား အကျိုးရလဒ်များအပေါ် စိုးရိမ်ပူပန်မှုများ နိုင်ငံအတွင်း၌ ပိုမိုမြင့်တက်လာခဲ့သည်။ NCA လက်မှတ်ရေးထိုးထားသည့် ကရင်ပြည်နယ်အတွင်း မဟာဗျူဟာကျသည့် အရပ်ဒေသများ၌ လမ်းသစ်ဖောက်လုပ်ရေးကို တပ်မတော်ဖက်မှ ရှေ့တန်းတင်လာခြင်းနှင့် ပူးတွဲအပစ်အခတ်ရပ်စဲမှု စောင့်ကြည့်ရေးကော်မတီနှင့် အခြားယန္တရားများ၏အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှုပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းမရှိခြင်းက NCA ရေရှည်တည်တံ့ခိုင်မြဲမှုအပေါ် ယုံကြည်မှုပိုမို အားနည်းလာစေခဲ့သည်။ ထိုကာလများအတွင်း ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသရှိ ကချင်လွတ်လပ်ရေး အဖွဲ့အစည်းနှင့် အခြားအပစ်အခတ်ရပ်စဲထားခြင်း မရှိသည့် EAOs များကို ဦးတည်ပစ်မှတ်ထားသည့် တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် အသက်သေကျပျက်စီးမှုနှင့် အရပ်သားများနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်ရမှုများ ပိုမိုတိုးပွား လာခဲ့သည်။

ပိုမိုနက်ရှိုင်းလာနေသည့် အကျပ်အတည်းကို နောက်ထပ်မီးထိုးပေးခဲ့သည့် အရေးကိစ္စတစ်ခုအဖြစ် လူမျိုးတုံးသတ်ဖြတ်ရာရောက်သည့် တပ်မတော်၏ 'နယ်မြေရှင်းလင်းသည့်' စစ်ဆင်ရေးလုပ်ငန်းများမှ လွတ်မြောက်နိုင်စေရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရိုဟင်ဂျာစစ်ပြေးဒုက္ခသည်များ အစုလိုက်အပြုံလိုက် အသက်လုထွက်ပြေးခဲ့ရခြင်းက တစ်ကမ္ဘာလုံးကို အကြီးအကျယ် တုန်လှုပ်သွားစေခဲ့သည်။ တစ်ချိန်တည်းလိုလိုဲ့ ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/အာရက္ခတပ်တော်သည်လည်း လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲရန် ရခိုင်ပြည်အတွင်းသို့ ထိုးဖောက်ဝင်ရောက်လာခဲ့သည်။ NCA အစည်းအဝေးများအတွင်း ဤကိစ္စရပ်များကို ဆွေးနွေးအဖြေရှာမှု မပြုခဲ့သဖြင့် အားလုံး၏လွှမ်းခြုံပါဝင်မှုဖြင့် ငြိမ်းငြိမ်းချမ်းချမ်းအဖြေရှာရေးကို အားပေးအားမြှောက်ပြုရန် အစိုးရ၌ စိတ်ဆန္ဒရှိမနေခဲ့သည့်အပေါ် စိုးရိမ်ပူပန်မှုများ ပိုမိုမြင့်တက်လာခဲ့သည်။ NCA ကိုပွဲထုတ်လာခဲ့ပြီးနောက်ပိုင်း သုံးနှစ်အကြာ၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံး ဒယိမ်းဒယိုင်ဖြစ်လာတော့သည်။

အလွန်အရေးကြီးသည့် ဤကဲ့သို့သော အခိုက်အတန့်မျိုး၌ NCA လက်မှတ်ထိုးအဖွဲ့ဝင်များအကြား အင်အားအကြီးဆုံး EAOs နှစ်ဖွဲ့ဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံးနှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီတို့သည် ထူးမခြားနားငြိမ်းချမ်းရေး တွေ့ဆုံစည်းဝေးပွဲများကိုသာထပ်ခါတလဲလဲဆက်လက်တက်ရောက်နေခြင်းသည် စိတ်ကျေနပ်ဖွယ်ရာ မရှိခဲ့ဖူးသည့် ယခင်ရလဒ်မျိုးကိုသာလျှင် ပြန်လည်ရရှိစေလိမ့်မည်ဟု ရှုမြင်သုံးသပ်ခဲ့ကြသည်။ 'အမျိုးသားအဆင့်' တွေ့ဆုံဆွေးနွေးပွဲများ တားဆီးပိတ်ဆို့ခံခဲ့ရသလို ၂၀၁၈ ခုနှစ် အောက်တိုဘာလ၏ '၁၀ အပေါင်း ၁၀ အစည်းအဝေး' မအောင်မြင်ခဲ့ခြင်းများကလမ်းကြောင်းအမှားဆီသို့ ဦးတည်နေသည်ဟု ၎င်းတို့ယုံကြည်ခဲ့ကြသည့် လမ်းကြောင်းနောက်ဆက်လိုက်နေခြင်းထက် NCA လုပ်ငန်းစဉ်ကို လမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိလာအောင် တည့်မတ်ပြုပြင်သွားရန် လက်မှတ်ထိုးအဖွဲ့ဝင်များအနေဖြင့် အပူတပြင်း ကြိုးပမ်းအားထုတ်ကြရတော့မည်ဟူသည့် အသိကိုသာ ပိုမိုခိုင်မာသွားစေခဲ့သည်။[၃၇]

ဤစိုးရိမ်ပူပန်မှုများက ၎င်းတို့အဖွဲ့အစည်းအနေဖြင့်ပြန်လည်သုံးသပ်ရန်အချိန် လိုအပ်သဖြင့် တရားဝင် NCA အစည်းအဝေးများ၌ ဆက်လက်ပါဝင်မှု မပြုတော့ဘဲ ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည့် KNU အမြဲတမ်းဗဟိုကော်မတီ၏ နိုဝင်ဘာလ ၁၀ ရက်နေ့ ကြေညာချက်ဆီသို့ဦးတည်သွားစေခဲ့ခြင်းဖြစ်သည်။[၃၈] KNU၏ထုတ်ပြန်ချက်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နောက်ပြန်ဆွဲနေခဲ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကိုချိုးဖောက်ကာ ဆက်လက်တိုက်ခိုက်နေခြင်း၊ အခြား EAOs များကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းမှ ဖယ်ကြဉ်ချန်လှပ်ထားခြင်း၊ နှင့် NCA တိုးတက်ဖြစ်ထွန်းမှုအတွက် မရှိမဖြစ်လိုအပ်သည့် အရေးကိစ္စများကို ဆက်လက်ညှိနှိုင်း

ဆွေးနွေးရာ၌ ၎င်းတို့လိုလားသည့် အရေးအရာများကိုသာ ကြိုတင်စည်းကမ်းချက်များအဖြစ် အကြီးအကျယ်ရှေ့တန်း တင်လေ့ရှိသည့် တပ်မတော်နှင့် အစိုးရတို့၏ အလေ့အထ တို့ကို ဝေဖန်ထောက်ပြထားသည်။[၃၉]

နှစ်ရက်အကြာ၌ RCSS သည်လည်း အဓိကကျ သည့် ပြဿနာများ ပြေလည်မှုမရမခြင်း JMC ၌ ပါဝင် ဆောင်ရွက်မှုကို ဆိုင်းငံ့သွားမည်ဟု ဖော်ပြထားသည့်အလား တူကြေညာချက်တစ်စောင် ထုတ်ပြန်လာခဲ့သည်။ ထောက် ပြသွားခဲ့သည့် အချက်များအတွင်း RCSS အနေဖြင့် နှစ် ဖက်အပြန်အလှန် အပစ်အခတ်ရပ်စဲရေး သဘောတူညီ ချက်များနှင့် စပ်လျဉ်း၍ ဘုံနားလည်မှုတည်ဆောက်သွား ရန်၊ အပစ်အခတ်ရပ်စဲမှု ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဆင့်ဆင့်ကို ပြုပြင်ပြောင်းလဲသွားရန်နှင့် JMC အတွင်း နိုင်ငံတကာ ကြားဝင်ဖျန်ဖြေသူများကို ပါဝင်ဆောင်ရွက် ခွင့်ပြုရန် လိုအပ်လျက်ရှိကြောင်း အထူးအလေးပေး ပြော ဆိုသွားခဲ့သည်။[၄၀] အရေးပါသည့် ကန့်သတ်ချက်တစ်ခုအ ဖြစ်နှစ်ဖွဲ့စလုံးက ၎င်းတို့အနေဖြင့် NCA မှ နှုတ်ထွက်လိုက် ခြင်းမဟုတ်ကြောင်း ရှင်းလင်းပြောဆိုထားကြသည်။ ၎င်း တို့နှစ်ဖွဲ့စလုံးက အခြား NCA အင်အားစုများနှင့် အလွတ် သဘောသာ ဆက်လက်တွေ့ဆုံ စည်းဝေးသွားမည်ဖြစ် ကြောင်းအတည်ပြု ပြောဆိုသွားခဲ့သည်။ NCA ကို အမှန် တကယ်အကောင်အထည်ဖော်မှု မရှိဘဲ အပေါ်ယံဟန်ပြ သာဖြစ်သည်ဟု အများပြည်သူ ရှုမြင်လျက်ရှိသည့် တရား ဝင်အစည်းအဝေးများသို့ ထပ်မံအချိန်ပေး တက်ရောက် ဖြစ်တော့မည်မဟုတ် ဟုပြောဆိုခဲ့ကြသည်။

KNU နှင့် RCSS တို့၏ ဤအရွေ့များအပေါ် တုံ့ပြန် သည့်ပုံစံသည် အကျိုးပတ်သက်ပါဝင်နေသူများနှင့် အခြား စိတ်ဝင်တစားရှိသည့် အစုအဖွဲ့များအလိုက် များစွာကွာ ခြားသွားခဲ့သည်။ အစောပိုင်း၌ NCA ကျရှုံးမှုအတွက် အစိုး ရဖက် မှ EAOs များကို အပြစ်ပုံချခဲ့ပုံရသော်လည်း နောက် ပိုင်းအလျင်အမြန်ပင် ရှိရင်းစွဲလုပ်ငန်းစဉ်သို့ ၎င်းတို့ပြန် လည် ရောက်ရှိလာစေရန် ကြိုးပမ်းအားထုတ်လာခဲ့သည်။ ဆန့်ကျင်ဖက်အနေဖြင့် အခြား NCA လက်မှတ်ထိုးအဖွဲ့ ဝင် EAOs များသည် ၎င်းတို့၏ စိုးရိမ်ပူပန်မှုအလိုက် ရှုမြင် ပုံသဘောထားများ ရောထွေးနေခဲ့သည်။ KNU နှင့် RCSS တို့သည် အတိုင်းအတာတစ်ခုအထိ အင်အားရှိသည့် တပ် ဖွဲ့ဝင်အင်အားနှင့် လူထုလူတန်းစားများကို တာဝန်ယူထား ကြသဖြင့် အင်အားနည်းပါးသည့် အချို့သောအစုအဖွဲ့များ အဓိကစိုးရိမ်ပူပန်သည့်အချက်မှာ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရာ၌ ဦးစီးပဲ့ကိုင်နေရာကို ဆက်လက်ထိန်းသိမ်း ထားနိုင်ရေးဖြစ်သည်။ NCA လက်မှတ်ထိုးအဖွဲ့ဝင်များအဖြစ် အသိအမှတ်ပြုခံရရေးသည် ၎င်းတို့၏တရားဝင်မှုကို ကျား ကန်ပေးထားသည့် အဓိကသော့ချက်ဖြစ်နေခဲ့သည်။ ထို ကာလများအတွင်း NCA လက်မှတ်ထိုးအဖွဲ့ဝင်မဟုတ်ကြ သူများ အထူးသဖြင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ နှင့် ဖက်ဒရယ်နိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှု အတိုင်ပင်ခံ ကော်မတီအဖွဲ့ဝင် ၇ ဖွဲ့သည် KNU နှင့် RCSS တို့၏တရားဝင် အစည်းအဝေးများကို တက်ရောက်ရန် ဆိုင်းငံ့လိုက်ခြင်းက NCA ၏ အားနည်းချက်များကို ထပ်မံအသိအမှတ်ပြုလိုက် ခြင်းပင်ဖြစ်သည်ဟု ရှုမြင်သုံးသပ်ခဲ့ကြသည်။

ထို့ကြောင့်ပင် ရှေ့မတိုးသာ နောက်မဆုတ်သာ တစ်ဆို့မှုပေါ်ပေါက်လာခဲ့သည်။ နောက်ပိုင်းလများအတွင်း KNU နှင့် RCSS တို့သည် NCA လုပ်ငန်းစဉ်ကို ၎င်းတို့၏အဖွဲ့ အစည်းအတွင်း ပြန်လည်သုံးသပ် အကဲဖြတ်သွားမည်ဟု ပြောဆိုထားသည့် သဘောထားများနှင့်အညီ အခိုင်အမာ ဆက်လက် ရပ်တည်ခဲ့ကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွင်းရှိ မြောက်များလှစွာသော စိန်ခေါ်မှုများကို ကိုင် တွယ်ဖြေရှင်းရန် ဦးတည်ပစ်မှတ်ထားသည့် EAOs အင်အား စုများ၏ ဤပြောဆိုဆွေးနွေးချက်များမှ အဆိုပြုချက်အများ အပြားပေါ်ထွက်လာခဲ့သည်။ အခရာအကျဆုံး အချက်များ ကိုအောက်ပါအတိုင်း ခြုံငုံသုံးသပ်နိုင်ပါသည်။

- ၂၀၂၀ ခုနှစ် အထွေထွေညီလာခံအလွန်၌ ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်ကို ဆက်လက်ဖော်ဆောင်သွား ရန်အပြန်အလှန် အခိုင်အမာကတိကဝတ်ပြုသွား ရန်၊

- လုပ်ငန်းစဉ်အတွက် ရှင်းလင်းမြင်သာသည့် အဆင့် လိုက်အစီအစဉ်တစ်ရပ် ချမှတ်သွားရမည်။ ယင်း တို့၌ ရွေးကောက်ပွဲမတိုင်မီ ညှိနှိုင်းဆွေးနွေးမှုများ ကိုအလေးပေးအာရုံစိုက်ရန်နှင့် ယုံကြည်မှုတည် ဆောက်ရေးအတွက် ခြေခြေမြစ်မြစ်ရှိသည့် အင်္ဂါ ရပ်များကိုအကောင်အထည်ဖော်မှုရှိကြောင်းသေ ချာစေမည့် နိုင်ငံရေးသဘောတူညီချက်များအတွက် အဆင့်လိုက်ခွဲ၍ ချဉ်းကပ်သွားရန် သဘောတူညီ မှုရယူခြင်းသည်လည်း အပါအဝင်ဖြစ်သည်။

- သဘောထားကွဲလွဲမှုများ ဆက်လက်ဆောင်ကျဉ်း လာပြီးအကောင်အထည်ဖော်မှုကိုဟန့်တားနှောက်

ရှမ်း-ကယားနယ်စပ် ဖယ်ခိုခြေနယ်အတွင်းမှ 'အပစ်ရပ်ပြည်သူ့စစ်အဖွဲ့' ဖြစ်သည့် KNLP ၏ ကယန်းတပ်ဖွဲ့ဝင်များ (TNI)

ယှက်လျက်ရှိသည့် NCA ပြဋ္ဌာန်းချက်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် အနက်ပြန်ဆိုမှုများအပေါ် သဘောတူညီမှု ရယူသွားရန်၊

- JMC ကို ထိရောက်အကျိုးရှိသည့် ယန္တရားတစ်ခု ဖြစ်လာအောင် ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် ညှိနှိုင်းဆွေးနွေးသွားမည့် လုပ်ငန်းစဉ်အဆင့်ဆင့် ချမှတ်ဖော်ဆောင်သွားရန်၊

- အဓိကကျသည့် နိုင်ငံရေးအင်အားစုများ ကျန်ရစ်ခဲ့ခြင်းမျိုး အနာဂတ်၌ ထပ်မံပေါ်ပေါက်လာခြင်း မရှိစေရန် လုပ်ငန်းစဉ်၌ လွှမ်းခြုံပါဝင်မှု ပိုမိုကျယ်ပြန့်ပြည့်စုံလာစေမည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်သွားရန်၊

- ကြားကာလအစီအမံများကို အကောင်အထည်ဖော်ဆောင်သွားမည့် ယန္တရားတစ်ခုအပေါ် အပြန်အလှန်သဘောတူညီမှု ရယူသွားရန်၊

- ဥပဒေပြုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများက ငြိမ်းချမ်းရေးညှိနှိုင်း ဆွေးနွေးပွဲများကို အထောက်အကူပြုကြောင်း သေချာစေရန်နှင့် လာမည့်သက်တမ်းအတွင်း ဖိနှိပ်ချုပ်ချယ်သည့် ဥပဒေများကို ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုလုပ်နိုင်စေမည့် လုပ်ငန်းစဉ်တစ်ရပ်ကို သဘောတူညီမှုရယူသွားရန်။[၄၁]

ၔင်းတို့အနေဖြင့် တရားဝင်အစည်းအဝေးများ ပြန်လည်မစတင်နိုင်မီ ဤစိုးရိမ်ပူပန်မှုများကို လက်ခံအသိအမှတ်ပြုရန် လိုအပ်ကြောင်း အစိုးရဖက်က တဖြည်းဖြည်းချင်းနားလည်လာခဲ့ပုံရသည်။ EAO များတင်သွင်းလာခဲ့သည့် အဆိုပြုချက်များ၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ မူဘောင်နှင့် အသေးစိတ်အချက်အလက်များကို နောက်ပိုင်းပြန်လည်စတင်ခဲ့သည့် ညှိနှိုင်းဆွေးနွေးပွဲများ၌ လိုက်လျောညီထွေပေါင်းစပ်ခဲ့ကြပြီး EAOs အဆိုပြုလာခဲ့သည့် အချို့သောစကားလုံး အသုံးအနှုန်းအချို့ကို (အားလုံးမဟုတ်သော်လည်း) ဆွေးနွေးအဖြေရှာရန် အစိုးရဖက်က သဘောတူခဲ့သည်။ လာမည့် UPC–21CP ၌ သဘောတူညီချက်ရယူသွားမည့် ပြည်ထောင်စုသဘောတူစာချုပ် အပိုင်းသုံးအပေါ် ညှိနှိုင်းဆွေးနွေးပွဲများ ပြန်လည်စတင်လာခဲ့သည်။ ယင်း၌

NCA အကောင်အထည်ဖော်ဆောင်ရေး မူဘောင်တစ်ခု၊ နောက်တိုးဖက်ဒရယ်အခြေခံမူများနှင့် ၂၀၂၀ ခုနှစ်အလွန် ညှိနှိုင်းဆွေးနွေးရေး လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အဓိက အစိတ်အပိုင်းသုံးခု ပါဝင်နေခဲ့သည်။[၄၂]

သို့သော် တိုးတက်ဖြစ်ထွန်းမှုများ ဆက်လက်တစ်ဆို့နေကြဆဲပင်ဖြစ်သည်။ NCA သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည့် လေးနှစ်ပြည့်နှစ်ပတ်လည်နေ့ အခမ်းအနားတစ်ခု၌ နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်က ဖက်ဒရယ်စနစ်ဆီသို့ ဦးတည်ချီတက်ရာ၌ ပါဝင်ဆောင်ရွက်ကြရန် လူထုကိုတိုက်တွန်း ပြောဆိုသွားခဲ့သည်။

> ‘အာဏာခွဲဝေမှုကို ဖက်ဒရယ်စနစ်နဲ့အညီ နေရာချသွားရမှာဖြစ်ပါတယ်။ ဖက်ဒရယ်ယူနစ်အားလုံးတန်းတူညီမျှ ရှိရမယ်။ နိုင်ငံတော်အနေနဲ့လည်း ကိုယ့်ကြမ္မာကိုယ် ဖန်တီးပိုင်ခွင့်ကို အာမခံပေးထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲပြင်ဆင်သွားရမှာဖြစ်ပါတယ်။’[၄၃]

တိုင်းရင်းသားဖက်မှ ညှိနှိုင်းဆွေးနွေးသူများသည် ဤကဲ့သို့သော ကောင်းကျိုးလိုလားသည့် ပြောဆိုမှုမျိုးကို အကြိမ်ကြိမ်ကြားရသဖြင့် ကျေနပ်ပီတိဖြစ်ခဲ့ကြပြီး ဆက်ဆံရေးများ ပြန်လည်တည်ဆောက်ရန်အတွက် တာထွက်ကောင်းတစ်ခု ဖြစ်သည်ဟု ရည်ညွှန်းပြောဆိုခဲ့ကြသည်။ မည်သို့ပင်ဆိုနေစေကာမူ အရေးပါသည့် စိန်ခေါ်မှုများကို ပြေလည်သွားစေခြင်း မရှိခဲ့ပေ။ အစိုးရအရာရှိများသည် KNU နှင့် RCSS တို့၏ အဓိကစိုးရိမ်ပူပန်မှုများကို ဆွေးနွေးအဖြေရှာသွားရန် သဘောတူခဲ့ကြသည်။ သို့သော်လည်း အပြန်အလှန်အားဖြင့် တရားဝင်အစည်းအဝေးများမှ တော်လှန်ရေးအင်အားစုနှစ်ခု နှုတ်ထွက်သွားရန် ဦးတည်သွားစေခဲ့သည့် နဂိုမူလ NCA မူဘောင်အောက်သို့ EAOs များပြန်လည် ဝင်ရောက်လာပြီးမှသာလျှင် လုပ်ငန်းစဉ်အပြောင်းအလဲများကို အသေးစိတ်ဆွေးနွေးတိုင်ပင်မှု ပြုလုပ်သွားမည်ဖြစ်သည်။ EAOs များအတွက် အလွန်စိတ်ပျက်ရသည့် အခြေအနေတစ်ခု ဖြစ်လာခဲ့သည်။ မျှော်လင့်ချက်ရောင်ခြည် အနည်းငယ် သန်းလာခဲ့ပုံရသော်လည်း ထင်သာမြင်သာရှိသည့်အကျိုးရလဒ်မျိုး ပေါ်ထွက်လာခြင်း မရှိခဲ့ပေ။

၂၀၂၀ ခုနှစ် အစောပိုင်းကာလ၌ အစိုးရ (တပ်မတော်အပါအဝင်) လုပ်ငန်းကော်မတီများနှင့် EAOs များအကြား အပြန်အလှန်ဆွေးနွေးမှုများ အရှိန်ရလာခဲ့ပြီး NCA ဆက်လက်ဖော်ဆောင်သွားမည့် မူဘောင်တစ်ခုကို သဘောတူညီချက်ရယူရန်နှင့် နောက်လာမည့် UPC–21CP အတွက် အနှစ်သာရပြည့်ဝသည့် အကျိုးရလဒ်တစ်ခု ရရှိလာစေရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ အလွဲလွဲအချော်ချော်ဖြစ်နေသည့်အခိုက်အတန့်၌ ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပျံ့နှံ့လာခဲ့ခြင်းကငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နောက်ထက်ရှုပ်ထွေးမှု အလွှာသစ်တစ်ခု ထပ်မံတိုးပွားလာစေခဲ့သည်။ မတ်လကျရောက်လာသည့်အခါ လူအရေအတွက် နည်းများမဟူ ခရီးသွားလာခြင်းနှင့် လူချင်းတွေ့ဆုံစည်းဝေးမှုများ ဆက်လက်ပြုလုပ်ရန် မဖြစ်နိုင်တော့ပေ။ အကြိမ်ကြိမ်ညှိနှိုင်းခဲ့ကြပြီးနောက် အစိုးရနှင့် RCSS တို့အကြားရှုမ်းအမျိုးသားအဆင့် တွေ့ဆုံဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်မည့် လမ်းကြောင်းတစ်ခုအပေါ် သဘောတူညီမှုရရှိခဲ့ကြသော်လည်း ယခုအချိန်မှစ၍ အကန့်အသတ်မရှိရွှေ့ဆိုင်းခဲ့ရပြန်သည်။[၄၄] စတုတ္ထအကြိမ်မြောက် ၂၁ ရာစုပင်လုံညီလာခံ (ငါးကြိမ်မြောက် UPC) ခေါ်ယူကျင်းပမည့်ရက်ကို အစောပိုင်း၌ ဧပြီလအတွင်းဖော်ဆောင်သွားရန် အချိန်ဇယားဆွဲထားသော်လည်း သြဂုတ်လသို့ ရွှေ့ဆိုင်းခဲ့ရပြန်သည်။[၄၅]

ယင်းကာလအတွင်း အစိုးရတပ်ရင်းတပ်ဖွဲ့များက အကဲဆတ်သည့် ရှေ့တန်းနယ်မြေများအတွင်း တပ်လှုပ်ရှားမှုများ ပြုလုပ်လာခဲ့ပြီးနောက်ပိုင်း ထိတွေ့တိုက်ခိုက်မှုများရှိလာခဲ့သဖြင့် တပ်မတော်သည် RCSS နှင့် KNU နှစ်ဖွဲ့စလုံးနှင့် ဆက်ဆံရေးတင်းမာနေခဲ့သည်။[၄၆] မေလအတွင်း၌ KNU သည် တပ်မတော်ဖက်မှ ဖာပွန် (မူတြော်) နှင့် ပတ်ဝန်းကျင်ခရိုင်များ၌ ကိုဗစ်–၁၉ ကိုအကြောင်းပြ၍ အင်အားတိုးချဲ့နေသည်ဟု စွပ်စွဲပြောဆိုထားသည့် ကြေညာချက်တစ်ခုကို ထုတ်ပြန်လာခဲ့သည်။[၄၇] သို့သော်လည်း နှစ်လယ်ပိုင်းတစ်လျှောက် ကရင်ပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသအသီးသီး၌ တပ်မတော်သည် KNU နှင့်ရော RCSS နှင့်ပါ စစ်ဆိုင်ထားသည့် လိပ်ခဲတည်းလည်းအခြေအနေကြောင့် အရပ်သား သေကျေပျက်စီးမှုများနှင့် နေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်ရမှုများ ထပ်မံမြင့်တက်လာခဲ့သည်။ အပစ်အခတ်ရပ်စဲရေးအစီအစဉ်များ၏ဆိုးဆိုးရွားရွားကျရှုံးမှုများကို ကိုင်တွယ်ဖြေရှင်းမှု မရှိခဲ့ကြပေ။

နိုဝင်ဘာအထွေထွေ ရွေးကောက်ပွဲကြီး နီးကပ်လာသည့်အချိန်၌ NCA အပေါ် ပြန်လည်အာရုံစိုက်လာခဲ့ကြသည်။ NLD ၏ လူထုဆန္ဒမဲ ဆက်လက်ကောက်ယူသွားမည့် စိတ်ပိုင်းဖြတ်မှုနှင့်အတူ NCA နှင့်ပတ်သက်နေသည့်

အင်အားစုများအားလုံးသည် ရွေးကောက်ပွဲအလွန်၌ စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းစဉ် ဆက်လက်ဖော်ဆောင်သွားမည့် ကတိကဝတ်မျိုး ကင်းမဲ့နေသည့်အပေါ် စိုးရိမ်ပူပန်နေခဲ့ကြသည်။ RCSS ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ရွက်ဆစ်က 'အခုချိန် ဟာလက်နက်နဲ့ ဖြေရှင်းရမယ့် အချိန်မဟုတ်တော့ပါဘူး' ဟုပြောဆိုသွားခဲ့သည်။ 'အခုအချိန်က ဒီပဋိပက္ခတွေကို ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပြီး အဖြေရှာသွားရမည့် အချိန်ဖြစ်ပါတယ်'။[၄၈] သို့ရာတွင် အဆုံးသတ်အချိုးအကွေ့မျိုး ထင်သာမြင်သာရှိရှိ ရုပ်လုံးပေါ်လာခြင်းမရှိသေးသည့် ကိစ္စရပ်ကိုလည်း အသိအမှတ်ပြုထားကြပြန်သည်။

ထို့ကြောင့် နိုင်ငံရေးအရ လွန်ဆွဲအားပြိုင်သည့် ကစားပွဲကြီးမပြီးဆုံးနိုင်သေးခြင်းဖြစ်သည်။ လေးနှစ်ကျော်မျှတွေ့ ဆုံစည်းဝေးခဲ့ကြပြီးနောက်ပိုင်း လုပ်ငန်းစဉ်တစ်ခုလုံးအပေါ် အယုံအကြည်ကင်းမဲ့လုနီးပါး အခြေအနေဆိုက်သွားခဲ့တော့သည်။ စတုတ္ထအကြိမ်မြောက် UPC–21CP ခေါ် ယူကျင်းပရမည့်အချိန် များစွာလင့်နေခဲ့ပြီဖြစ်သည်။ ဤကဲ့သို့သော ပုံမှန်မဟုတ်သည့် အခြေအနေအောက်၌ KNU နှင့် RCSS ကိုယ်စားလှယ်များသည် အခြား NCA လက်မှတ်ထိုးအဖွဲ့ဝင်များနှင့်အတူ ဩဂုတ်လအတွင်း နေပြည်တော်၌အကျဉ်းချုံး ခေါ်ယူကျင်းပသွားခဲ့သည့် ၂၁ ရာစု ပင်လုံညီလာခံကို တက်ရောက်ပါဝင်ခဲ့ကြသည်။ ပြည်ထောင်စုသဘောတူစာချုပ်၌ နောက်ထပ်အခြေခံမူ အချက် ၂၀ ကို ထပ်မံထည့်သွင်းခဲ့ကြပြီး 'ဖက်ဒရယ်ပြည်ထောင်စု' တစ်ရပ်ထူထောင်သွားကြမည်ဟူသည့် အခြေခံပေါ်၌ ဆက်လက်ဆွေးနွေးညှိနှိုင်းသွားကြရန် သဘောတူညီချက်ရရှိခဲ့သလို အထွေထွေရွေးကောက်ပွဲအလွန်၌ ဆွေးနွေးပွဲများကို ပိုမိုကောင်းမွန်သည့် ဖွဲ့စည်းတည်ဆောက်မှုပုံစံဖြင့် ချဉ်းကပ်ဖော်ဆောင်သွားရန် ဦးတည်ရည်မှန်းသည့် အထွေထွေကတိကဝတ်အချို့ကိုပါ ရရှိခဲ့သဖြင့် လက်မှတ်ထိုးအဖွဲ့ဝင် EAO များစိတ်သက်သာရာရခဲ့ကြသည်။ သို့သော်လည်း NCA အကောင်အထည်ဖော်ရေးနှင့် အားလုံးလွှမ်းခြုံပါဝင်ရေးဆိုင်ရာ ရှိရင်းစွဲပြဿနာများကို ဆွေးနွေးအဖြေရှာခြင်းမရှိခဲ့ကြပေ။

အခြေအနေ တင်းမာနေခဲ့ကြသော်လည်း KNU နှင့် RCSS ခေါင်းဆောင်များက နောက်တက်လာမည့် NLD ဦးဆောင်သည့် အစိုးရသည် ၎င်းတို့၏ လွတ်တော်သက်တမ်းအတွင်း ပြုပြင်ပြောင်းလဲရေးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းသွားလိမ့်မည်ဟု ယုံကြည်မျှော်လင့်ခဲ့ကြသည်။ အများပြည်သူရှေ့ဖြစ်စေ လူချင်းသီးသန့်ဆုံတွေ့ကြစဉ်၌ဖြစ်စေ အစိုးရအရာရှိများက ငြိမ်းချမ်းရေးတည်ဆောက်မှုကို အထောက်အကူပြုရန်အတွက် NCA ကို ပြုပြင်ပြောင်းလဲသင့်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ လုပ်ငန်းစဉ်အတွက် နိုင်ငံရေးအရင်းအနှီး အလွန်အကျွံ ရင်းနှီးထားကြရသဖြင့် ၎င်းတို့အားလုံးသည် အနှစ်သာရပြည့်ဝသည့် အကောင်အထည်ဖော်ဆောင်မှုနှင့် ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှု မပါရှိဘဲ NCA ကို အလေ့ာတကြီး ဖုတ်ပူမီးတိုက်အပြီးသတ်ခြင်း သို့မဟုတ် ခန့်မှန်းရခက်ခဲသည့် အပြောင်းအလဲလမ်းကြောင်းဆီသို့ ရောက်ရှိသွားခြင်းမရှိအောင်ထိန်းသိမ်းဆောင်ရွက်သွားရန် ဆန္ဒပြင်းပြခဲ့ကြသည်။ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်လာခဲ့သည့် ပဋိပက္ခအလွန်၌ NCA သည် တိုးတက်ပြောင်းလဲနေဆဲ အလုပ်တစ်ခုဖြစ်နေခဲ့သလို ယခင်နိုင်ငံရေးအသွင်ကူးပြောင်းမှု အတွေ့အကြုံများကလည်း ကရင်နှင့် ရှမ်း တို့တိုက်ပွဲဝင်လျက်ရှိသည့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တန်းတူညီမျှရေးနှင့် နိုင်ငံရေးရပိုင်ခွင့် အခွင့်အရေးများကို မျှမျှတတအဖြေရှာခြင်းသည် နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှုအတွက် မရှိမဖြစ်လိုအပ်သည့် အင်္ဂါရုပ်ဖြစ်နေကြောင်း အတည်ပြုပေးလျက်ရှိသည်။

မည်သို့ဆိုစေကာမူ နှစ်ကုန်ပိုင်း အရောက်တွင် ကရင်ပြည်နယ်မြောက်ပိုင်း၌ တပ်မတော်၏ စစ်ဆင်ရေးလုပ်ငန်းများ ပြန်လည်စတင်လာခဲ့သဖြင့် ဦးတည်ပစ်မှတ်ထားသည့် နယ်မြေဒေသများမှ ထောင်ပေါင်းများစွာသော အရပ်သားပြည်သူများက စစ်ဆန့်ကျင်ရေးသပိတ်များကို ဖော်ဆောင်ခဲ့ကြသည်။[၅၁] ရွေးကောက်ပွဲရလဒ်နှင့် NCA အပေါ် တပ်မတော်အနေဖြင့် လေးစားလိုက်နာလိမ့်မည်ဟု ကံသေကံမ မပြောနိုင်ဖြစ်နေခဲ့ပြီးနောက် ဖေဖော်ဝါရီလ ၁ ရက်နေ့အရောက်တွင် မင်းအောင်လှိုင်၏ အာဏာသိမ်းရန် ကြိုးပမ်းမှုကြီး ဖြစ်ပွားလာတော့သည်။ နောက်ပိုင်းလများ၌ NCA ၏ ပဲ့ကိုင်အင်အားစုလေးခုဖြစ်သည့် KNU၊ RCSS၊ NLD နှင့် တပ်မတော်တို့လျှောက်လမ်းနေသည့် လမ်းကြောင်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် လုံးဝသွေဖည်လျက်ရှိသည့် လားရာဦးတည်ချက်များဆီသို့ လမ်းကြောင်းပြောင်းသွားတော့သည်။ NCA ကို ပြုပြင်ပြောင်းလဲသွားမည့် မျှော်လင့်ချက်အိပ်မက်များ တစ်စစီကြေမွ ပျက်စီးသွားခဲ့ပြီဖြစ်သည်။

လက်နက်ဖြုတ်သိမ်းရေး၊ တပ်ဖွဲ့ဝင်စာရင်းပယ်ဖျက်ရေး၊ လူမှုဘဝပြန်လည်ပေါင်းစည်းရေးနှင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး

လုံခြုံရေးဆိုင်ရာ ဝေါဟာရများနှင့်ပတ်သက်သည့် အသုံးအနှုန်းများသည် NCA စေ့စပ်ညှိနှိုင်းရေးကာလနှင့် နောက်ပိုင်းနှစ်များအတွင်း အထူးတလည်အကဲဆတ်၍ သဘောထားကွဲလွဲမှု အပြင်းထန်ဆုံးဖြစ်ခဲ့သည်။ လက်နက်ဖြုတ်သိမ်းရေး၊ တပ်ဖွဲ့ဝင်စာရင်းပယ်ဖျက်ရေး၊ လူမှုဘဝပြန်လည်ပေါင်းစည်းရေးနှင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့သည် ကမ္ဘာတစ်လွှားရှိ ပဋိပက္ခဖျန်ဖြေရေး အစီအစဉ်များကို ဖော်ဆောင်လာခဲ့ကြသည့် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များနှင့် နိုင်ငံတကာဇာတ်ကောင်များ အစဉ်အဆက်အသုံးပြုလာခဲ့ပြီး ခွဲမရအောင်အပြန်အလှန်ဆက်စပ်နေသည့် (ချွတ်စွပ်တူညီမှုမရှိသော်လည်း) ဝေါဟာရများဖြစ်ကြသည်။[၄၉] သို့သော်လည်း တပ်မတော်ခေါင်းဆောင်များက 'လုံခြုံရေးကဏ္ဍပြန်လည်ပေါင်းစည်းရေး' ဟူ၍တစ်မူထူးသည့် (တစ်လုံးတည်းပေါင်း၍) အသုံးအနှုန်းမျိုးကို အသုံးပြုသွားခဲ့ပြီး တပ်မတော်သားကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ဤမူဝါဒနှစ်ခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အခန်းကဏ္ဍကို ပြန်ပြောင်းအနက်ဖွင့်ဆိုနိုင်ရန် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်လာခဲ့ကြသည်။

NCA စေ့စပ်ညှိနှိုင်းနေစဉ်အတွင်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် 'လုံခြုံရေးကဏ္ဍပြန်လည်ပေါင်းစည်းရေး' ဟူသည့် တစ်မူထူးသည့်ဖော်ပြချက်ကို ပထမဦးဆုံးအကြိမ် စတင်အသုံးပြုသွားခဲ့ခြင်းဖြစ်သည်။ ဤဝေါဟာရသည် DDR နှင့် SSR ဟူသည့် နိုင်ငံတကာအလေ့အထများနှင့် တိုက်ရိုက်ဆက်စပ်နေကြောင်း ထင်ရှားနေခဲ့သော်လည်း ရှင်းလင်းပြတ်သားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက် အတိအကျရှိမနေခဲ့ခြင်းကြောင့် ညှိနှိုင်းဆွေးနွေးရာ၌ ရှုပ်ထွေးမှုများ ရှိလာခဲ့သည်။ ဤတစ်ဆို့မှုကို ကျော်လွှားနိုင်စေရန် NCA ညှိနှိုင်းရေးသမားများကငင်းတို့၏ ပြင်ဆင်နေရာချထား ရေးအဓိပ္ပာယ်ဖွင့်ဆိုချက်များအတွင်း 'လုံခြုံရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များ' ကို DDR နှင့် SSR အဖြစ် အနက်ဖွင့်ဆိုခဲ့ကြပြီး ပါဝင်သည့် အစုအဖွဲ့များအနေဖြင့် 'လုံခြုံရေးကဏ္ဍပြန်လည်ပေါင်းစည်းရေးအပေါ် ညှိနှိုင်းဆွေးနွေးမှုများသည် အဆင့်အသီးသီး၌ရှိနေသည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို မည်သည့်အကြောင်းကြောင့်မှ ရွှေ့ဆိုင်းခြင်း၊ နောက်ယှက်ဟန့်တားခြင်း သို့မဟုတ် ချိန်ဆွဲအားနည်းသွားစေခြင်း မရှိစေရ' ဟုသဘောတူကြပါသည်ဟု ဖော်ပြထားသည့် 'အစည်းအဝေး ဆုံးဖြတ်ချက်အမှတ် ၁၄' (NCA ပုဒ်မ ၃၀ ကို ကိုးကား၍) အဖြစ် ထည့်သွင်းမှတ်တမ်းတင်ခဲ့ကြသည်။[၅၀]

ဤကဲ့သို့ သုံးနှုန်းပြောဆိုမှုများက DDR နှင့် SSR ဆိုင်ရာ အရေးကိစ္စများကို ပြေလည်သွားစေခြင်းမရှိခဲ့သလို အများဘုံလက်ခံနိုင်သည့် ဘာသာစကားအသုံးအနှုန်းမျိုးကိုလည်း ဖန်တီးပေးနိုင်ခြင်းမရှိခဲ့ပေ။ ကနဦး NCA သဘောတူလက်မှတ် ရေးထိုးခဲ့ကြသည့်နောက်ပိုင်း စစ်ပဲ့သွင်းမှုပယ်ဖျက်ရေး မပြုလုပ်နိုင်ခဲ့ခြင်းက ကျရှုံးသွားစေခဲ့သည့် အဓိက အကြောင်းရင်းတစ်ခုဖြစ်ကြောင်း သက်သေပြလျက်ရှိသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်မီးကို အဆုံးသတ်သွားရန် ရည်မှန်းထားသည့် မည်သည့်အနာဂတ်လုပ်ငန်းစဉ်၌မဆို ဤကိစ္စရပ်များကို နိုင်ငံရေးနှင့် နည်းပညာ ရှုထောင့်နှစ်ခုစလုံးမှ အလေးအနက်ထား အလေးပေးအာရုံစိုက်ရန် လိုအပ်နေဦးမည်ဖြစ်သည်။

KNPP အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးပွဲများ

NCAလက်မှတ်ထိုးအဖွဲ့ဝင်များကိုသာအလေးပေး အာရုံစိုက်နေခဲ့ကြသည့် အစိုးရညှိနှိုင်းရေးသမားများနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးအလှူရှင်များအနေဖြင့် မကြာ ခဏဆိုသလိုပင် ၂၀၁၅ ခုနှစ် သဘောတူညီချက်ကို လက် မှတ်ရေးထိုးခဲ့ကြခြင်း မရှိသည့် EAOs များ ရင်ဆိုင်ကြုံတွေ့ နေရသည့် စိန်ခေါ်မှုများကို အကြိမ်ကြိမ်မျက်ကွယ်ပြုခဲ့ကြ သည်။ အဖွဲ့အစည်းနှင့် တပ်ဖွဲ့ဝင်အင်အားအရင်းတို့သည် တော်လှန်ရေးချိန်ခွင်လျှာ အလေးသာသည့် အများစုဖြစ် နေခဲ့ကြသည်။ ဤတိုင်းရင်းသားတော်လှန်ရေး လှုပ်ရှားမှု များအတွင်း အပစ်ရပ်ထားသူများနှင့် အပစ်ရပ်ထားခြင်း မရှိသည့် EAOs နှစ်ဖက်စလုံးပါဝင်နေခဲ့ရာ၌ အများစုသည် အစောပိုင်း စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုး များဖက်ဒရယ်ကောင်စီ သို့မဟုတ် နောက်ပိုင်း ဖက်ဒရယ် နိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှု အတိုင်ပင်ခံကော်မတီတို့တွင် လည်းကိုယ်စားပြု ပါဝင်နေခဲ့ကြသည်။ ယင်းအစုအဖွဲ့များ အတွင်းသက်တမ်းအရင့်ဆုံးနှင့် နိုင်ငံရေးအရသက်ဝင်လှုပ် ရှားမှု အရှိဆုံးအဖွဲ့များ၌ ကရင်နီအမျိုးသားတိုးတက်ရေး ပါတီသည်လည်း တစ်ဖွဲ့အပါအဝင်ဖြစ်ခဲ့သည်။[၁၁]

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် KNPP သည် အလွန်ရှည်ကြာသည့် လက်နက်ကိုင်တော်လှန်ရေး သမိုင်းကြောင်းကို ကျော်ဖြတ်လာခဲ့ခြင်းဖြစ်သည်။ ပါတီအ နေဖြင့် ၁၉၉၅ ခုနှစ်အတွင်း နဝတအစိုးရနှင့် အပစ်အခတ် ရပ်စဲသွားရန် သဘောတူခဲ့သော်လည်း သုံးလအကြာ၌ တိုက် ပွဲပြန်လည်ဖြစ်ပွားခဲ့သည်။ ကရင်အမျိုးသားအစည်းအရုံး နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ တို့ကဲ့သို့ ပင် KNPP သည်လည်း နအဖမှ အသွင်ကူးပြောင်းစ အစော ပိုင်းရက်များ၌ ဦးသိန်းစိန်ဦးဆောင်သည့် အစိုးရနှင့် ပြည် နယ်အဆင့်မှစ၍ ပြည်ထောင်စုအဆင့်ထိ အပစ်အခတ် ရပ်စဲသွားရန် သဘောတူခဲ့သည်။ သို့သော်လည်း UNFC စတင်တည်ထောင်ခဲ့သည့် ၂၀၁၁ ခုနှစ်နောက်ပိုင်း KNPP သည် မဟာမိတ်စုဖွဲ့မှုအသစ်၌သာမက အားလုံးလွှမ်းခြုံ ပါဝင်မှုရှိသည့် တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်မျိုးရရှိစေရန် ထပ်မံဖွဲ့စည်းခဲ့ သည့် တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲမှု ညှိ နှိုင်းဆောင်ရွက်ရေးအဖွဲ့တွင်ပါ အဓိကလှုပ်ရှားသူနေရာမှ ဆက်လက်ပါဝင်ခဲ့သည်။ ဤရပ်တည်ချက်နှင့်အညီ KNPP သည် ၂၀၁၅ ခုနှစ် ကနဦး NCA လက်မှတ်ရေးထိုးရာ၌ ပါဝင် ခဲ့ခြင်းမရှိဘဲ UNFC ကို ဆက်လက်ထောက်ခံအားပေး၍ NCA ကိုပြုပြင်ပြောင်းလဲသွားမည့် မဟာမိတ်အဖွဲ့၏ ရှစ် ချက်လမ်းကြောင်းကို အားပေးမြှင့်တင်သွားခဲ့သည် ('UNFC ၏ "ရှစ်ချက်" အဆိုပြုလွှာ' ကိုကြည့်ပါ)။

မည်သို့ပင်ဖြစ်စေ ၂၀၁၈ ခုနှစ် အစောပိုင်းရောက် လာသည့်အခါပါတီ၏ UNFC မဟာမိတ်အဖွဲ့ဝင်များဖြစ်ကြ သည့် လားဟူဒီမိုကရက်တစ်အစည်းအရုံးနှင့် မွန်ပြည်သစ် ပါတီတို့၏ NCA လက်မှတ်ရေးထိုးသွားမည့် ဆုံးဖြတ်ချက် သည် KNPP ခေါင်းဆောင်များအတွက် အကြီးအကျယ် အကျပ်ရိုက်စရာဖြစ်လာခဲ့သည်။ NCA လက်မှတ်ထိုးအဖွဲ့ ဝင်များနှင့် လက်မှတ်ရေးထိုးထားခြင်းမရှိသည့် EAOs များ ရောနှောပါဝင်နေသည့် UNFC ၏ လက်ရှိအဖွဲ့ဝင်အရေ အတွက်ဖြင့်ဆိုပါက EAO မဟာမိတ်အဖွဲ့တစ်ခုအဖြစ် NCA ညှိနှိုင်းဆွေးနွေးမှုအတွက် အခရာကျသည့် အခန်းကဏ္ဍ ကိုမည်သည့်နည်းနှင့်မျှ ဆက်လက်မထမ်းဆောင်နိုင်တော့ ပေ။ တစ်ချိန်တည်းမှာပင် KNPP အတွက် တရုတ်နယ်စပ်၌ အသစ်ဖွဲ့စည်းပေါ်ပေါက်လာခဲ့သည့် FPNCC ၌ ဝပြည်သွေး စည်းညီညွတ်ရေးပါတီအပါအဝင် အခြား EAOs များနှင့် သွားရောက်ပူးပေါင်းရေးသည် ယုတ္တိကျသည့်ရွေးချယ်စရာ တစ်ခုမဟုတ်ခဲ့ပေ။ နိုင်ငံရေးစုဖွဲ့မှုကဲ့သို့ပင် အရေးပါသည့် ပထဝီရေမြေအနေအထား ကန့်သတ်ချက်က စကားပြော သွားခဲ့ခြင်းဖြစ်သည်။

အနေအထားသစ်တစ်ခုကို ကြုံတွေ့လာရသည့် KNPP သည် မိမိတို့၏လက်ရှိစိုးရိမ်ပူပန်မှုများကို ကိုင်တွယ် ဖြေရှင်း၍ NCA လက်မှတ်ရေးထိုးသွားနိုင်မည့် နည်းလမ်းရှိ မရှိရှာဖွေသည့်အနေဖြင့် ကနဦးအစောပိုင်း၌ စုပေါင်းညှိ နှိုင်းဆွေးနွေးသည့်ပုံစံမှ အစိုးရနှင့် နှစ်ဖွဲ့တည်းအပြန်အလှန် ညှိနှိုင်းဆွေးနွေးသည့်ပုံစံသို့ အပြောင်းအလဲပြုလုပ်ခဲ့သည်။ ဤမူဝါဒကို အားပေးမြှင့်တင်သည့်အနေဖြင့် KNPP ခေါင်း ဆောင်များက မိမိတို့အဖွဲ့အစည်းသည် 'NCA လမ်းကြောင်း အတိုင်းသာလျှင်' ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း အသားပေးပြောဆိုသွားခဲ့သည်။[၁၃] သို့ရာတွင် အစိုးရ၏ ဦး စားပေးလိုလားချက်မှာ ပါတီစိုးရိမ်မိသည့် ကိစ္စရပ်များကို တိုက်ရိုက်ကိုင်တွယ် ဖြေရှင်းပေးစရာမလိုဘဲ KNPP ဖက်မှ တတ်နိုင်သမျှအမြန်ဆုံး NCA လက်မှတ်ရေးထိုးလာအောင် တိုက်တွန်းသွားရန် ဖြစ်နေခဲ့သည်။

ဤကဲ့သို့သော ခလုတ်တံသင်းများနှင့်အတူ ညှိနှိုင်း ဆွေးနွေးမှုများ ထစ်ငေါ့သွားခဲ့ပြီး တစ်ဆစ်ချိုးအလှည့်အ

ပြောင်းမျိုး ပေါ်ထွက်မလာတော့ပေ။ ကယားပြည်နယ်တွင်း မှီတင်းနေထိုင်ကြသူ အများစုအတွက် ဤကျရှုံးမှုသည် အလွန်စိတ်ဓာတ်ကျချင်စရာ ဖြစ်ခဲ့ရသည့်နည်းတူ တစ်နိုင်ငံလုံး၏ ငြိမ်းချမ်းရေးအကူးအပြောင်းနှင့် နိုင်ငံရေးဦးတည်ချက်နှင့်ပတ်သက်သည့် စိုးရိမ်ပူပန်မှုများကိုလည်း ထင်ဟပ်နေခဲ့သည်။ KNPP ၏ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး အပေါ်ပြည်နယ်တစ်ဝှမ်းရှိ လူထုလူတန်းစားများအားလုံး သောင်းသောင်းဖြဖြ ထောက်ခံကြိုဆိုခဲ့ကြသည်။ မည်သို့ဆိုစေကာမူ USDP နှင့် NLD အစိုးရများလက်ထက်၌ ပြည်နယ်အတွင်း ကရင်နီ IDPs ၃၀၀၀၀ ကျော်ဆက်ရှိနေခဲ့သလို ထိုင်းနိုင်ငံသို့ ရောက်ရှိနေခဲ့သည့် ကရင်နီစစ်ဘေးဒုက္ခသည် ပေါင်း ၁၂၀၀၀ ကျော်ရှိနေခဲ့သည်။[၁၄] ပဋိ ပက္ခရေခံမြေခံကို ပိုမိုရှုပ်ထွေးသွားစေခဲ့သည့် ကိစ္စရပ်တစ်ခုမှာ အစောပိုင်းကာလများ၌ KNPP မှ ခွဲထွက်သွားခဲ့ပြီး အစိုးရနှင့် အပစ်အခတ်ရပ်စဲခဲ့သည့် အဖွဲ့အချို့ရှိခဲ့ပြီး ယင်းတို့အနက် ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦးသည် ၂၀၀၉ ခုနှစ်၌ နည်ခြားစောင့်တပ်ဖွဲ့ဖြစ်လာခဲ့ပြီး ကျန်အဖွဲ့များက တပ်မတော်ကျောထောက် နောက်ခံပြုထားသည့် ပြည်သူ့စစ်တပ်ဖွဲ့များ ဖြစ်လာခဲ့ခြင်းပင်ဖြစ်သည်။

သို့ဖြစ်၍ 'မိခင်ပါတီ'ဖြစ်သည့် KNPP ၏ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေးသည် တိုးတက်ပွင့်လင်းမှု၏ ရှေ့ပြေးလက္ခဏာတစ်ရပ် ဖြစ်လာခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုသည့်အနေဖြင့် ၂၀၁၂ ခုနှစ် ဇွန်လအတွင်း နယ်ခံစောင့်ကြည့်ရေးသမား ၆၀ ကျော်ပါဝင်ခဲ့သည့်ရပ်ရွာအခြေပြု ကယားပြည်နယ်ငြိမ်းချမ်းရေး စောင့်ကြည့်ကွန်ရက်တစ်ခုကို ဖွဲ့စည်းထူထောင်ခဲ့ကြသည်။[၁၆] သို့သော်လည်း နောက်ပိုင်း၌ မှန်းချက်နှင့် နှမ်းထွက်မကိုက်သည့် အကျိုးရလဒ်သာ နေရာယူသွားခဲ့သည်။ KNPP ၏ အပြန်အလှန်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို မည်သည့်အခါကမှ အပြည့်အဝအကောင်အထည် ပေါ်မလာခဲ့ပေ။[၁၇] UNFC မှတစ်ဆင့် ညှိနှိုင်းဆွေးနွေးမှုများသည် NCA အကောင်အထည်ဖော်ရေး၏ အားနည်းချက်များကို ကိုင်တွယ်ဖြေရှင်းရန် မစွမ်းသာခဲ့ကြပေ။ ထို့အပြင် တပ်မတော်နှင့် NLD ဦးဆောင်သည့်အစိုးရတို့၏ တစ်ဖက်စောင်းနင်းပြုမူဆောင်ရွက်ချက်များက ပြည်နယ်အာဏာပိုင်များ၊ KNPP နှင့်လူထုလူတန်းစားများအကြား တင်းမာမှုများကိုသာ မြင့်တက်လာစေခဲ့သည်။

မည်သို့ပင်ဖြစ်စေ အခြေအနေကြီးပြန်လည်ကောင်းမွန်လာစေရန် အရေးယူဆောင်ရွက်ခြင်း မရှိခဲ့ကြပေ။ ယင်းအစား ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း စစ်ဆေးရေးဂိတ်၌ တာဝန်ကျနေသည့် KNPP တပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားတစ်ဦးကို တပ်မတော်သတ်ဖြတ်လိုက်သည့် ကိစ္စရပ်အပေါ် မကျေနပ်၍ ဆန့်ကျင်ဆန္ဒပြခဲ့ကြသည့် အရပ်ဖက်လူ့အဖွဲ့အစည်းခေါင်းဆောင်များ ဖမ်းဆီးထိန်းသိမ်း ခံခဲ့ရပြီးနောက်ပိုင်း အခြေအနေပို၍ပင် ဆိုးရွားလာခဲ့တော့သည်။[၁၆] ထို့အပြင် နိုင်ငံတော်အတိုင်ပင်ခံ၏ ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းရုပ်တု တည်ဆောက်သွားရန် အစိုးရစိုင်းပြင်း လာခဲ့ပြီးနောက်ပိုင်း လူထုအုံကြွမှုများ ပိုမိုကျယ်ပြန့်လာခဲ့သည်။ ၂၀၁၈ နှစ်လယ်ပိုင်းမှစ၍ ဆန္ဒဖော်ထုတ်မှုများ ပိုမိုအရှိန်အဟုန်ရလာခဲ့ပြီး နောက်ပိုင်းနှစ်အရောက်တွင် အကျယ်လောင်ဆုံးဖြစ်လာခဲ့သည်။[၁၉] သို့သော်လည်း ထုံးစံအတိုင်းပင် အစိုးရသည် ယခုတစ်ကြိမ်တွင်လည်း တပ်မတော်၏ အပြုအမူအပေါ် ဝေဖန်ထောက်ပြမှုများ သို့မဟုတ် နယ်ခံများ၏ အမြင်သဘောထားအပေါ် စာနာနားလည်ရကောင်းမှန်း သိပုံမပေါ်ခဲ့ပေ။

ကြေးရုပ်တုနှင့်ပတ်သက်သည့် စေ့စပ်ညှိနှိုင်းမှုများ မအောင်မြင်ခဲ့သည့်နောက်ပိုင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက အင်အားသုံး၍ ဖြိုခွဲနှိမ်နှင်းခဲ့သဖြင့် ဒါဇင်ပေါင်းများစွာသော သပိတ်အဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရပြီး ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ ထိုအချိန်မှစ၍ပြည်နယ်အစိုးရသည် လူထုတွေ့ဆုံစုဝေးမှုများအပေါ် စည်းမျဉ်းစည်းကမ်းများ ပိုမိုတင်းကျပ်လာခဲ့ပြီး အစိုးရကို ပြစ်တင်ဝေဖန်ထားသည့် သဘောထားထုတ်ပြန်ချက်များ ဖြန့်ဝေခဲ့ကြသည်ဟုဆိုကာ လူငယ်ခေါင်းဆောင်အများအပြားကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။[၁၀] တစ်ချိန်တည်းလိုလို၌ KNPP နှင့် အပစ်အခတ်ရပ်စဲထားသော်လည်းတပ်မတော်သည် တပ်စခန်းသစ်များ တည်ဆောက်၍တပ်ဖွဲ့ဝင်အင်အား တိုးချဲ့ဖွဲ့စည်းမှုများ ဆက်လက်ပြုလုပ်နေခဲ့ပြီး ကယားပြည်နယ်၏ မြို့ပြဧရိယာထက် ကျော်လွန်ကျယ်ပြန့်နေသည့် တိုးချဲ့နယ်မြေသစ်များအထိ ကင်းလှည့်စစ်ဆေးမှုများ ပြုလုပ်လာခဲ့သည်။ စားပွဲပေါ်၌ ညှိနှိုင်းဆွေးနွေးရမည့်အစား အစိုးရသည် NCA လက်မှတ်ရေးထိုးရန် KNPP ကို အတင်းဖိအားပေးသည့် မဟာဗျူဟာကို အသုံးပြုခဲ့သည် ('တစ်ဖက်သတ်နှင့် နှစ်ဖက်အပြန်အလှန်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို လေးစားလိုက်နာမှုမရှိခြင်း')။

KNPP အနေဖြင့် NCA လမ်းကြောင်းပေါ်၌ ဆက်လက်လျှောက်လှမ်းမည်ဆိုပါက သဘောတူညီချက်ကို လက်မှတ်မရေးထိုးမီ ၂၀၁၂ ခုနှစ် အပြန်အလှန်အပစ်အခတ်ရပ်စဲ

ရေးသဘောတူညီချက်များကို စနစ်တကျအကောင်အထည်ဖော်မှုရှိကြောင်း သေချာအောင် ဆောင်ရွက်သွားရန်နှင့် NCA ကို လေးစားလိုက်နာ၍ ထိထိရောက်ရောက်ဖော်ဆောင်မှုရှိကြောင်း စိတ်ချရစေမည့် ယုံကြည်မှုတည်ဆောက်သွားရန်ဟူသည့် ချက်ခြင်းရင်ဆိုင်လာရနိုင်သည့် စိန်ခေါ်မှုနှစ်ရပ်ကို ဦးစွာဖြေရှင်းရန်လိုအပ်သည်ဟု ကရင်နီခေါင်းဆောင်များ ရှုမြင်သုံးသပ်ခဲ့ကြသည်။ ဤရပ်တည်ချက်ကို ပွဲထုတ်သည့်အနေဖြင့် KNPP သည် အစိုးရနှင့် ညှိနှိုင်းဆွေးနွေးရာ၌ ပြည်နယ်အဆင့်နှင့် ပြည်ထောင်စု အဆင့်အကြား အပြန်အလှန် အချိတ်အဆက်ရှိစေမည့် ချဉ်းကပ်မှုပုံစံကို အသုံးပြုလာခဲ့သည်။ အစိုးရအရာရှိများအ နေဖြင့် NCA၊ ရှိရင်းစွဲအပြန်အလှန် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များနှင့် တင်းပြည့်ကျပ်ပြည့်အကောင် အထည်ဖော်ဆောင်သွားရန် လိုအပ်လျက်ရှိကြောင်း နားလည်သဘောပေါက်စေရန်အတွက် နှစ်ဆင့်စလုံး၌ မဖြစ်မနေညှိနှိုင်းဆွေးသွားရန်လိုအပ်သည်ဟု သုံးသပ်လက်ခံထားကြသည်။

သို့ရာတွင် ထင်သာမြင်သာရှိသည့် တစ်ဆစ်ချိုး အလှည့်အပြောင်းမျိုး ပေါ်ထွက်လာခြင်း မရှိခဲ့ပေ။ အစောပိုင်း၌ အစိုးရနှင့် KNPP တို့အကြားပြည်နယ်အဆင့်အစည်းအဝေးများကို လစဉ်စီစဉ်ကျင်းပသွားကြရန် သဘောတူခဲ့ကြသည်။ သို့သော်လည်း လစဉ်အစည်းအဝေးများ ပုံမှန်ခေါ်ယူကျင်းပမှု မရှိခဲ့သဖြင့် အဓိကအကျဆုံး ပြဿနာများကို လောက်လောက်လားလား ဖြေရှင်းနိုင်ခြင်း မရှိခဲ့ကြပေ။[၆၁] လုပ်ငန်းဖော်ဆောင်မှုအပိုင်း၌ နှစ်ဖက်အပြန်အလှန်ပြောဆိုဆက်ဆံသွားမည့် ဆက်သွယ်ရေးတာဝန်ခံများကို ဆက်လက်ထိန်းသိမ်းထားရှိပြီး နှစ်ဖက်အင်အားစုများအကြား ပေါ်ပေါက်လာသည့် တိုင်ကြားမှုများကို လက်ခံဖြေရှင်းပေးမည့်ဆုံရပ်တစ်ခုကို စီစဉ်နေရာချထားခဲ့ကြသည်။ အများအားဖြင့် နိုင်ငံရေးမတည်ငြိမ်မှုနှင့် ပတ်သက်၍ တစ်နေ့တစ်ခြားကြီးထွားလာနေသည့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းပေးရန် နေပြည်တော်ရှိ အာဏာပိုင်များထံ အကူအညီတောင်းခံရသည့် ညှိနှိုင်းဆွေးနွေးပွဲတစ်ခုနှင့် တစ်ခုအကြား၌ KNPP သည် အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် ပုံမှန်ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်လေ့ရှိသည်။ ပြည်နယ်အစိုးရကို ပြည်ထောင်စုအစိုးရက ခန့်အပ်ထားခဲ့ခြင်းကြောင့် KNPP အနေဖြင့် ပြည်ထောင်စုအာဏာပိုင်များသည် လွှဲငြင်ကော်ရှိပြည်နယ်အစိုးရနှင့် ကရင်နီပြည်သူများအကြားဖြစ်ပွားလျက်ရှိသည့် ပြဿနာများကို ကူညီဖြေရှင်းပေးလိမ့်မည်ဟု ယုံကြည်မျှော်လင့်ခဲ့ခြင်းဖြစ်သည်။ ဤနည်းအားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ယုံကြည်မှုတည်ဆောက်ရေးကို အထောက်အကူပြုလိမ့်မည်ဟုယုံကြည်ခဲ့ကြသည်။ အစည်းအဝေးသစ်များ ခေါ်ယူကျင်းပခဲ့ကြသော်လည်း ညှိနှိုင်းဆွေးနွေးပွဲများသည် အပြန်အလှန်အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်၏ အဓိကကဏ္ဍများ အကောင်အထည်ပေါ်လာစေရန် မစွမ်းဆောင်နိုင်ခဲ့ပေ။ အနည်းငယ်အပြုသဘောဆန်သည့် အတွေ့အကြုံတစ်ခုမှာ ၂၀၁၈ ခုနှစ် အစောပိုင်း၌ ပြည်နယ်အစိုးရနှင့်ပတ်သက်၍ KNPP ကြားဝင်ဖျန်ဖြေပေးခဲ့ပြီးနောက်ပိုင်း ပြည်နယ်အစိုးရနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများမှ သပိတ်အဖွဲ့ဝင်များအကြား တင်းမာမှုများ ယာယီပြေလျော့သွားခဲ့ခြင်း ဖြစ်သည်။[၆၂] သို့သော်လည်းနောက်ပိုင်း အဖမ်းအဆီးများ ဆက်တိုက်ပြန်လည်ပေါ်ပေါက်လာခဲ့ပြီး ကရင်နီနိုင်ငံရေးဇာတ်ခုံနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများအကြား အဓိက အငြင်းပွားလျက်ရှိသည့် အရေးကိစ္စ တစ်ခုတစ်လေကိုမျှ ဖြေရှင်းပေးနိုင်ခြင်းမရှိခဲ့ပေ။ ၂၀၁၉ ခုနှစ်သည် ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုတည်ဆောက်ရေးနှင့် ပတ်သက်၍ တစ်ခဲနက်ဆန့်ကျင်ဆန္ဒပြမှုများနှင့် အစုလိုက်အပြုံလိုက် ဖမ်းဆီးထိန်းသိမ်းမှုများကို မြင်တွေ့ခဲ့ရသည့်နှစ်ပင် ဖြစ်တော့သည်။ တစ်ပြိုင်တည်းလိုလိုဌ် လုံခြုံရေးတပ်ဖွဲ့များ၏ မြေယာသိမ်းဆည်းမှုနှင့် VFV ဥပဒေကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည့် တောင်သူများကိုအကြီးအကျယ် လိုက်လံဖမ်းဆီးနေခဲ့သည် (‘ကြားကာလအစီအမံများနှင့် ဥပဒေပြုရေး အတားအဆီးများ’ ကို ကြည့်ပါ)။[၆၃]

ဤကဲ့သို့ ရှေ့မတိုးသာနောက်မဆုတ်သာ အခြေအနေမျိုး၌ ရင်းနှီးပြီးသားဖြစ်စဉ်တစ်ခုသည် KNPP ၏ ညှိနှိုင်းဆွေးနွေးပွဲများတွင်လည်း ပေါ်ထွက်လာခဲ့ပြန်သည်။ အစည်းအဝေးတိုင်းလိုလိုဌ် အစိုးရသည် NCA လက်မှတ်ရေးထိုးရေးကို သဘောတူရန် သို့မဟုတ် ရေးထိုးသွားမည့် ရက်အတိအကျ သတ်မှတ်ပေးရန် KNPP ကို စဉ်ဆက်မပြတ်တောင်းဆိုလာခဲ့သည်။ တုံ့ပြန်သည့်အနေဖြင့် KNPP ဖက်ကလည်း NCA လက်မှတ်ရေးထိုးသွားမည့်ရက်ကို အတိအကျမသတ်မှတ်မီ ၎င်းတို့အနေဖြင့် ဦးစွာညှိနှိုင်းဆွေးနွေးသွားလိုသည့်အရေးကိစ္စများကိုပြန်လည်တင်သွင်းခဲ့သည်။ အစိုးရညှိနှိုင်းရေးသမားများက ၎င်းတို့အနေဖြင့် ဤအရေးကိစ္စများကို အနာဂတ်တစ်ချိန်ချိန်တွင် ဆွေးနွေးသွားရန် သို့မဟုတ် ၎င်းတို့၏အထက်အရာရှိများကိုပြန်လည်တင်ပြ၍ညွှန်ကြားချက်ရယူသွားရန် သဘောတူပေးနိုင်သည်ဟု ပြောဆိုသွားခဲ့သည်။ ထိုအချိန်က NCA သဘောတူလက်မှတ်ရေးထိုးရန် အစိုးရဖက်က မရမနေတောင်းဆိုနေမှုအပေါ် ၎င်းတို့၏ ခေါင်းဆောင်များ ဆွေးနွေးသုံးသပ်ရာ၌

ထည့်သွင်းစဉ်းစားနိုင်စေမည့် မည်သည့်ကတိကဝတ်မျိုးကို မျှ KNPP ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ကို ပေးအပ်လိုက်ခြင်းမရှိခဲ့ပေ။ နောက်ပိုင်း၌ KNPP သည် ဆွေးနွေးပွဲများကို ခိုင်မာသေချာသည့်အရေးကိစ္စများဆီဆွဲခေါ်သွားရန်ကြိုးပမ်းသည့်အနေဖြင့် ၎င်းတို့၏ ပင်မအရေးကိစ္စများကို စာထက် အက္ခရာတင်ခဲ့ကြသည်။ သို့သော်လည်း အစိုးရဖက်က ဆက်လက်ညှိနှိုင်းဆွေးနွေးသွားရန် စိတ်ဆန္ဒမရှိတော့ကြောင်းသာ ပြန်လည်တုန့်ပြန်ခဲ့သည်။

နိုင်ငံအတွင်း အကျပ်အတည်း တစ်နေ့တစ်ခြားကြီးမားလာချိန်၌ နောက်ထပ်မအောင်မြင်သည့် ငြိမ်းချမ်းရေးရလဒ်မျိုးသာ ထွက်ပေါ်လာခဲ့ပြန်သည်။ ၂၀၁၁ ခုနှစ်အတွင်း ဦးသိန်းစိန်အစိုးရ စတင်သန္ဓေတည်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ပဋိပက္ခကို အဆုံးသတ်၍ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးကို အသက်သွင်းသွားမည့် ညှိနှိုင်းဆွေးနွေးရေး ယန္တရားများ ထူထောင်သွားရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း အစိုးရ၏ NCA လက်မှတ်ရေးထိုးရေးကိုသာ တစ်ဖက်စောင်းနင်း အာရုံစိုက်မှုက KNPP ခေါင်းဆောင်များကို စည်းရုံးဆွဲဆောင်နိုင်ခြင်း မရှိခဲ့ပေ။ အလားတူပင် ၎င်းတို့ကိုယ်တိုင် ဖော်ဆောင်လျက်ရှိသည့် စည်းလုံးညီညွတ်သည့်တပ်ဦးဖြစ်သည့် UNFC သို့မဟုတ် နှစ်ဖက်အပြန်အလှန် ညှိနှိုင်းဆွေးနွေးရေး မဟာဗျူဟာများကို အားကိုးအားထားပြု၍ ယုံကြည်မှုတည်ဆောက်သွားမည့်သို့မဟုတ် ၂၀၁၂ အပစ်အခတ်ရပ်စဲရေးကိုအကောင်အထည်ဖော်သွားမည့် KNPP ၏ ကြိုးပမ်းအားထုတ်မှုများသည်လည်း အောင်မြင်မှုမရရှိခဲ့ပေ။

ယင်းအစား နှစ်ဖက်အတိုက်အခံ အသီးသီးအကြားလုံးဝကွဲလွဲနေသည့် အမြင်သဘောထားနှစ်မျိုးသာ ပေါ်ထွက်လာခဲ့သည်။ NCA ကိုဖြစ်စေ နှစ်ဖက်သဘောတူညီချက်ကိုဖြစ်စေ အစိုးရနှင့် တပ်မတော်တို့အနေဖြင့် အကောင်အထည်ဖော်သွားရန် ရည်ရွယ်ထားခြင်းမရှိသည့် ကိစ္စရပ်နှင့်ပတ်သက်၍ ကရင်နီအမျိုးသားရေးဝါဒီများအကြား စိုးရိမ်ပူပန်မှုများတစ်နေ့တစ်ခြားကြီးထွားလာခဲ့သည်။ အစိုးရဖက်က ငြိမ်းချမ်းရေး ညှိနှိုင်းရေးသမားများသည် ခြေခြေမြစ်မြစ်ရှိသည့် ကတိကဝတ်များကို ပေးစွမ်းနိုင်ခြင်း မရှိခဲ့ဘဲ အမျိုးသားနိုင်ငံရေးဇာတ်ခုံနှင့် ပြုပြင်ပြောင်းလဲရေး ကဏ္ဍ၌ KNPP နှင့်ကရင်နီပြည်သူများသည် ဦးစားပေးနေရာ၌ မရှိဟူသည့် ၎င်းတို့အချင်းချင်းအကြား နောက်ကွယ်၌ အမြဲလိုလိုပြောဆိုလာခဲ့ကြသည့် အမြင်သဘောထားကိုသာ ဆုပ်ကိုင်သွားခဲ့သည်။

ထို့နောက် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြီး ကူးစက်ပျံနှံ့လာခြင်းနှင့်အတူ ညှိနှိုင်းဆွေးနွေးရေး လုပ်ငန်းများအတွင်း

ရန်ကုန်မြို့ရှိ MPC ဆွေးနွေးပွဲခန်းတွေ့ရသည့် UNFC (ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးရေး ကော်လံစားလှယ်ခေါင်းဆောင်နှင့် KNPP ဥက္ကဋ္ဌဦးဦးရွယ် (KNPP)

နောက်ထပ် တိုးတက်ဖြစ်ထွန်းမှုများ ပေါ်ပေါက်လာခြင်းမရှိတော့ဘဲ တန့်ရပ်သွားတော့သည်။ အစောပိုင်းကာလများ၌ ဤအကျပ်အတည်းသည်ပြည်နယ်အစိုးရနှင့်ပြောဆိုဆက်ဆံရာ၌ အပြောင်းအလဲတစ်ခုကို ဆောင်ကျဉ်းပေးလိမ့်မည်ဟုမျှော်လင့်ခဲ့ကြသည်။ EAO ထိန်းချုပ်နယ်မြေများရှိ ရပ်ရွာအခြေပြုစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် KNPP အုပ်ချုပ်ရေးနယ်မြေတစ်လွှား၌ ရောဂါစစ်ဆေးဖော်ထုတ်ရေးဂိတ်ပေါင်း ၂၃ ခုကို ဖွင့်လှစ်လည်ပတ်ခဲ့ကြသည်။[၆၄] သို့သော်လည်း အာဏာပိုင်များကို အသရေပျက်စေသည်ဟုသတ်မှတ်ယူဆနိုင်သည့် ဝေဖန်ပြောဆိုမှုများ၊ ရေးသားဖြန့်ဝေမှုများနှင့် လူထုလှုပ်ရှားမှုများကို ပြည်နယ်အစိုးရတားမြစ်ပိတ်ပင်လိုက်သည့် မေလမှစ၍ လုံခြုံရေးအကြောင်းပြလိုက်လျောမှု မရှိသည့်အပေါ် မကျေမချမ်းဖြစ်မှုများပြန်လည်မြင့်တက်လာခဲ့ပြန်သည်။[၆၅] တစ်ချိန်တည်းမှာပင် ကယားပြည်နယ်ငြိမ်းချမ်းရေး စောင့်ကြည့်ရေး ကွန်ရက်ကလည်း မြေယာသိမ်းဆည်းမှုကို ဆန့်ကျင်ဆန္ဒပြနေကြသည့် တောင်သူများကို ဆက်လက်အရေးယူ ပြစ်ဒဏ်ပေးနေခြင်းသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် အတားအဆီးကြီးတစ်ခုဖြစ်လာလိမ့်မည်ဟု သတိပေးပြောဆိုလာခဲ့သည်။[၆၆]

ဤမကျေမချမ်းဖြစ်မှု အများအပြားကို နိဝင်ဘာအထွေထွေရွေးကောက်ပွဲဆိုက်ရောက်လာချိန်၌ထုတ်ဖော်ပြသခဲ့ကြသည်။ ကယားပြည်နယ်ဝန်ကြီးချုပ်ကို အဂတိလိုက်စားမှုဖြင့် စွပ်စွဲပြစ်တင်ခဲ့ကြသည်။[၆၇] တစ်ချိန်တည်းမှာပင် ဥပဒေပြုလွှတ်တော်၌ နယ်ခံလူထုလူတန်းစားများကိုပိုမိုကိုယ်စားပြုနိုင်လိမ့်မည်ဟူသည့် ယုံကြည်ချက်ဖြင့် ကရင်နီနိုင်ငံရေးပါတီနှစ်ခုပူးပေါင်းထားသည့်တစ်ခုတည်းသော ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ (KySDP) ပေါ်ထွက်လာခဲ့သည်။သို့သော်လည်းကိုဗစ်-၁၉ကြောင့်မဲဆွယ်စည်းရုံးရေး လုပ်ငန်းများကို ကန့်သတ်ထားခဲ့သည့် ရွေးကောက်ပွဲအတွင်း တိုင်းရင်းသားပါတီများသည် ငွေကြေး၊ အဖွဲ့အစည်းနှင့် မီဒီယာလွှမ်းမိုးမှု သာလွန်လွန်းလှသည့် NLD နှင့် တပ်မတော် ကျောထောက်နောက်ခံပြုထားသည့် USDP ပါတီတို့နှင့် မယှဉ်သာအောင် အရင်းအမြစ်နည်းပါးနေခဲ့သည်။ ဤကဲ့သို့သော စိန်ခေါ်မှုများကြောင့် ကရင်နီပါတီသစ်သည် ၎င်းတို့၏ အမြင့်ဆုံးရည်မှန်းချက် ပြည့်မှီမှုမရှိခဲ့ကြသော်လည်း ၂၀၁၅ ခုနှစ်အတွင်း ရှေ့ပိုင်းပါတီများကကိုယ်စားလှယ်နေရာတစ်ခုမျှ အနိုင်မရရှိခဲ့သည့် အနေအထားမှ ၂၀၂၀ အထွေထွေရွေးကောက်ပွဲ၌ ကိုယ်စားလှယ်နေရာ ရှစ်နေရာအထိ ရရှိခဲ့ခြင်းကြောင့် နိုင်ငံအတွင်းရှိ အခြားတိုင်းရင်းသား အရွေ့များထက်စာလျှင် ပိုမိုကောင်းမွန်သည့် စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဤကိုယ်စားပြုမှုသည် သိသာထင်ရှားသည့် အပြောင်းအလဲဆီသို့ ဦးတည်သွားစေခြင်းမရှိခဲ့ပေ။ မျှော်လင့်ထားသည့်အတိုင်းပင် NLD နှင့် USDP တို့သည်သာလျှင် မြို့ပြဒေသများအပါအဝင် တပ်မတော်တပ်ရင်းတပ်ဖွဲ့များ အများအပြားရှိသည့် နယ်မြေများတွင်လည်းနိုင်ငံ၏‘တစ်မဲသာသူအကုန်ယူရသည့်’ရွေးကောက်ပွဲစနစ်အောက်၌ ကိုယ်စားလှယ်နေရာအများစုကို အနိုင်ရသွားခဲ့သည်။ နောက်ဆက်တွဲရလဒ်အဖြစ် ကရင်နီအမျိုးသားရေးဝါဒီများအကြား လက်ရှိဥပဒေပြုရေးစနစ် သို့မဟုတ်ဖွဲ့စည်းပုံ အခြေခံဥပဒေအား‌ဖြင့် အနှစ်သာရပြည့်ဝသည့်ပြုပြင်ပြောင်းလဲမှုများပေါ်ထွက်လာလိမ့်မည်မဟုတ်ဟူသည့် အမြင်သဘောထားကိုသာ ပိုမိုခိုင်မာသွားစေခဲ့သည်။ ယင်းအစား လူမှုရေးနှင့် နိုင်ငံရေးပြောင်းလဲရေးမျှော်လင့်ချက်များကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌သာ ဆက်လက်ပုံ အောထားခဲ့သည်။

ဤအကြောင်းရင်းကြောင့် NLD ဖက်က အစိုးရသစ်ဖွဲ့စည်းရန် စတင်ပြင်ဆင်လာသည့်အချိန်၌ ကရင်နီခေါင်းဆောင်များက ၎င်းတို့အနေဖြင့် လွှတ်တော်တွင်းရှိ KySDP အမတ်များ၊ လူထုလူတန်းစားများအကြားရှိ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းရှိ KNPP ကိုယ်စားလှယ်များပါဝင်သည့် နယ်ပယ်သုံးခုမှတစ်ဆင့် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကိုဆက်လက်ဖော်ဆောင်သွားမည်ဟု ထုတ်ဖော်ပြောဆိုခဲ့ကြခြင်းဖြစ်သည်။ ဆယ်စုနှစ်တစ်ခုကြာ အပစ်အခတ်ရပ်စဲရေး၌ တန့်ရပ်နေခဲ့ပြီးသည့်နောက်ပိုင်း ကရင်နီနိုင်ငံရေးနှင့် လူအဖွဲ့အစည်းသည် အလွန်တက်ကြွနိုးကြားလာခဲ့ပြီး ကယားပြည်နယ်နှင့် ပတ်ဝန်းကျင်နယ်စပ်ဒေသများသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းရန်ကြိုးပမ်းမှုနောက်ပိုင်း ဒီမိုကရေစီလိုလားသည့် တက်ကြွလှုပ်ရှားမှုနှင့် တိုင်းရင်းသားတော်လှန်ရေးအတွက် အဓိကကျသည့် ဗဟိုရပ်ဝန်းတစ်ခုဖြစ်လာခဲ့တော့သည်။

မြောက်ပိုင်း EAO များ၏ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးပွဲများ

၂၀၁၅ ခုနှစ် ကနဦးလက်မှတ်ထိုးပွဲနောက်ပိုင်း NCA သည် နိုင်ငံတကာ ငြိမ်းချမ်းရေးထောက်ကူပြုမူဝါဒ၏ အာရုံစိုက်မှု အများဆုံးရရှိလာခဲ့သည်ဟု ယေဘုယျအားဖြင့်ဆိုနိုင်ပါသည်။ အကြောင်းရင်းတစ်စိတ်တစ်ဒေသမှာ အစိုးရ၏သဘောတူစာချုပ်အပေါ် အလေးပေးပြောဆိုမှုနှင့် လူထု

ရှမ်းပြည်နယ်မြောက်ပိုင်း မန်တုံဖြို့နယ်မှ TNLA တပ်ဖွဲ့ဝင်များ (AFP)

များအကြား သတင်းအချက်အလက်များ သိသိသာသာ လက်လှမ်းမီ ရရှိလာသောကြောင့်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံတကာခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုတံခါးပွင့် လာခဲ့သည့် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းဒေသ၌ ပို၍သိသာထင်ရှားခဲ့သည်။ သို့သော်လည်း တစ်နိုင်ငံလုံးကို လွှမ်းခြုံမှုရှိသည့် ငြိမ်းချမ်းရေး ဖူးပွင့်လာရန်အတွက် နိုင်ငံမြောက်ပိုင်းနယ်စပ်ဒေသတစ်လွှား၌တပ်မတော်နှင့်အပစ်ရပ်ထားခြင်းမရှိခဲ့သည့် EAOs များအကြား အကြီးအကျယ်ဆက်လက်ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင် ပဋိပက္ခအဆုံးသတ်ရေးအပေါ် မူတည်နေခဲ့သလို ယခုအချိန်ထိလည်း မူတည်နေဆဲပင်ဖြစ်သည်။

အထောက်အထားများလည်း အခိုင်အမာရှိနေခဲ့သည်။ ၂၀၁၁ ခုနှစ်၌ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သစ်တစ်ခု အသက်ဝင်လာခဲ့ပြီးနောက်ပိုင်း ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများရှိ လက်နက်ကိုင် ပဋိပက္ခများနှင့် နောက်ပိုင်း ရခိုင်နှင့် ချင်းပြည်နယ်တောင်ပိုင်းအထိ စစ်မီးဆက်လက်ပြန့်ပွားလာခဲ့ခြင်းက နယ်ခံလူထုလူတန်းစားများအတွက် ဆိုးရွားပြင်းထန်လှသည့် အကျိုးဆက်များကို သယ်ဆောင်လာခဲ့သည်။ ၂၀၁၆ နှောင်းပိုင်း၌ ပိုမိုနက်ရှိုင်းပြင်းထန်လာခဲ့သည့် အကျပ်အတည်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နောက်ကြောင်းပြန်သွားစေမည့် လှိုင်းလုံးကြီးတစ်လုံးပြီးတစ်လုံး သယ်ဆောင်လာခဲ့သည်။

တိုက်ပွဲများအရှိန်အဟုန် မြင့်တက်လာသည့်နည်းတူပဋိပက္ခနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများက အမျိုးသားရေး စိတ်ဓာတ်ပြင်းထန်လာစေရန် လှုံ့ဆော်ပေးခဲ့သဖြင့် ဘက်အသီးသီး၌ သေကျေဒဏ်ရာရသည့် တိုက်ပွဲစစ်သည်ဦးရေ သိသိသာသာမြင့်တက်လာခဲ့သည်။ NCA လက်မှတ်ထိုးအဖွဲ့ဝင်များကလည်း ၎င်းတို့၏အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်သွားခဲ့ပါက ဖြစ်ပေါ်လာနိုင်ခြေရှိသည့် အလားအလာများကို ဂရုပြုမိခဲ့ကြသည်။ တစ်ဖက်တွင်လည်း NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း အပစ်အခတ်ရပ်စဲထားသည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၏ရှမ်းပြည်နယ်မြောက်ပိုင်းသို့ တပ်ဖွဲ့များ စေလွှတ်ခဲ့ခြင်းနှင့်ပတ်သက်၍ မကျေမချမ်းဖြစ်မှုနှင့် ရံဖန်ရံခါထိတွေ့တိုက်ခိုက်မှုများ မြင့်တက်လာခဲ့သည်။ သို့ဖြစ်၍ ပဋိပက္ခဇာတ်ကောင်များအကြား ယုံကြည်မှုတည်ဆောက်ရေးသည် ယခင်ကထက်ပို၍ စိန်ခေါ်မှုပြင်းထန်လာခဲ့သည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းရန်မကြိုးပမ်းခင် ရက်များအတွင်း ငြိမ်းချမ်းရေးစကားဝိုင်းများ ပြန်လည်စတင်နေခဲ့ပြီဖြစ်သော်လည်း မြောက်ပိုင်းနယ်စပ်ဒေသတစ်ကြော၌ အလွန်စစ်ရေးတင်းမာနေခဲ့သည်။

ပဋိပက္ခရှုထောင့်မှကြည့်လျှင် ဤနယ်မြေဒေသများ၌သာ ပြည်တွင်းစစ်အရှိန် မြင့်နေခဲ့ရသည့် အကြောင်းတရားများသည် အလွန်နိုင်ငံရေးဆန်သလို မဟာဗျူဟာကျသည့် အရေးကိစ္စလည်းဖြစ်နေခဲ့သည်။ တရုတ်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်နေပြီး လူမျိုးအားဖြင့်သော်လည်းကောင်း သယံဇာတအရင်းအမြစ်အားဖြင့်သော်လည်းကောင်း စုံလင်ကြွယ်ဝ၍ ပထဝီနိုင်ငံရေးအရအလွန်အရေးပါသည့် နယ်မြေဒေသများ ဖြစ်နေခဲ့သည်။ ဤဆုတ်ယုတ်မှုကို ထပ်မံမီးထိုးပေးခဲ့သည့် ကိစ္စရပ်တစ်ခုမှာ ၂၀၁၆ ခုနှစ်၌ NLD အစိုးရတက်လာသည့်အခါ ပဋိပက္ခဇာတ်ကောင်များအကြား အပြန်အလှန်ယုံကြည်မှု လွန်စွာနိမ့်ပါးနေသည့် အနေအထားမျိုးဖြင့် စတင်ခဲ့ကြရခြင်းဖြစ်သည်။ တပ်မတော် ကျောထောက်နောက်ခံပြုထားသည့် ဦးသိန်းစိန်၏ ဦးဆောင်မှုအောက်ရှိကြံ့ခိုင်ရေးအစိုးရလက်ထက် ဖယ်ကြဉ်ချန်လှပ်ထားသည့် နိုင်ငံရေးကစားကွက်ကို တပ်မတော် ကျင့်သုံးခဲ့ခြင်းကြောင့် ပေါ်ပေါက်လာခဲ့သည့် အကျိုးဆက်တစ်ခုဖြစ်သည်။ NLD အနေဖြင့် ပဋိပက္ခကြောင့် အကွဲကွဲအပြဲပြဲဖြစ်နေခဲ့သည့် နိုင်ငံမျိုး၌ အာဃာတတရားကြီးထွားလာစေခဲ့ပြီး တည်ငြိမ်မှုအကြီးအကျယ် ပျက်ပြားနေခဲ့သည့် ရေခဲမြေခဲမျိုးကို အမွေဆက်ခံခဲ့ရခြင်းဖြစ်သည်။

နိုင်ငံရေးအရ ရှုပ်ထွေးသိမ်မွေ့မှုကြောင့် ဤနှစ်များအတွင်းနိုင်ငံ၏ နယ်မြေဒေသအသီးသီးရှိ တိုင်းရင်းသားတော်လှန်ရေးလှုပ်ရှားမှုများအပေါ် အစိုးရ၏ဆက်ဆံပုံကွာခြားသွားစေသည့် တစ်ခုတည်းသော အကြောင်းရင်းဟူ၍ ရှိနိုင်လိမ့်မည် မဟုတ်ပေ။ သို့သော်လည်း အင်အားအတောင့်တင်းဆုံးနှင့် သြဇာအကြီးဆုံးဖြစ်သည့် မြောက်ပိုင်းဒေသအခြေပြု EAOs များအနေဖြင့် USDP နှင့် NLD အစိုးရများ လက်ထက်၌ အဓိကအားဖြင့် ၎င်းတို့၏ နောက်ပိုင်းသွေးစည်းညီညွတ်မှုနှင့် သံန့်ပြာန်ခိုင်မာသည့် ပိုင်းဖြတ်စိတ်ကြောင့် ၎င်းတို့ကို တမင်တကာရည်ရွယ်၍ စနစ်တကျ ဖယ်ကြဉ်ချန်လှပ်ခဲ့ခြင်း ဖြစ်သည်ဟု လက်ခံယုံကြည်ခဲ့ကြသည်။ အခြားတစ်ဖက်တွင်လည်း မြောက်ပိုင်းနယ်စပ်ဒေသတစ်လွှားရှိ အခြားလက်နက်ကိုင် အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက် သို့မဟုတ် သြဇာလွှမ်းမိုးမှုကို ဒေသအခြေပြု အသေးစားအရွေ့မျိုးသာဖြစ်သည် သို့မဟုတ် တပ်မတော်တိုးချဲ့ဖွဲ့စည်းထားသည့် ပြည်သူ့စစ်ဖြစ်စဉ်များသာ ဖြစ်သည်ဟု သတ်မှတ်သဘောထားနိုင်ပါသည်။[၆၈]

၂၀၁၅–၂၀၁၆ ခုနှစ်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ အရေးပါသည့် တော်လှန်ရေးလှုပ်ရှားမှုများကို သီးသန့်ရွေးချယ်ပစ်မှတ်ထား၍ ဖယ်ကြဉ်ချန်လှပ်ထားသည့် လမ်းကြောင်းဆီသို့ ဦးတည်သွားစေသည့် ဖြစ်စဉ်အဆင့်သုံးခုရှိခဲ့သည်။ ပထမအဆင့်၌ နိုင်ငံ၏မြောက်ပိုင်းဒေသရှိ အပစ်အခတ်ရပ်စဲထားခြင်း မရှိခဲ့ကြသည့် ကချင်လွတ်လပ်ရေးအဖွဲ့အစည်း၊ မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော်၊ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်နှင့် ရက္ခိုင်အမျိုးသား အဖွဲ့ချုပ်/အာရက္ခတပ်တော်ဟူသည့် အခရာကျသည့် အစုအဖွဲ့လေးခုသည် ဦးသိန်းစိန် အစိုးရနှင့် နှစ်ဖက်အပြန်အလှန် အပစ်အခတ်ရပ်စဲရန်ညှိနှိုင်းဆွေးနွေးနိုင်ခြင်း (သို့မဟုတ် ခွင့်မပြုခြင်း) မရှိခဲ့ကြပေ။ ၂၀၁၃ ခုနှစ် မေလအတွင်း KIO သည် 'ရန်လိုတိုက်ခိုက်မှုများလျှော့ချရန်' ညှိနှိုင်းဆွေးနွေးမှု ပြုခဲ့သော်လည်း အဆိုပါ ညှိနှိုင်းမှုသည် ကျယ်ပြန့်လာနေသည့် တိုက်ပွဲများရပ်တန့်သွားစေရန် သိသိသာသာ အကျိုးပြုနိုင်ခြင်းမရှိခဲ့ပေ။[၆၉]

ဒုတိယအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးမှု အဖွဲ့ဝင်များအဖြစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌ ပါဝင်နေခဲ့ကြသော်လည်း USDP ဦးဆောင်သည့် အစိုးရနှင့် တပ်မတော်တို့နှစ်ဖက်စလုံးသည် MNDAA၊ TNLA နှင့် ULA/AA တို့ကို NCA လက်မှတ်ရေးထိုးရာ၌ဖြစ်စေ အကောင်အထည်ဖော်ရာတွင်ဖြစ်စေ ပါဝင်ဆောင်ရွက်ခွင့် မပြုရန် ရွေးချယ်ဆုံးဖြတ်ခဲ့ကြသည်။ ထိုအချိန်က MNDAA နှင့် TNLA တို့သည် စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ အဖွဲ့ဝင်များဖြစ်နေခဲ့သည်။[၇၀]

တတိယအနေဖြင့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏တောင်းဆိုမှုအရ သဘောထားကြေညာချက်ပါ စကားလုံးအသုံးအနှုန်းများအပေါ် ညှိနှိုင်းဆွေးနွေးမှု အဆင်မပြေဖြစ်ခဲ့ပြီးနောက်ပိုင်း MNDAA၊ TNLA နှင့် ULA/AA တို့ကို ၂၀၁၆ ခုနှစ် ဩဂုတ်အတွင်း ခေါ်ယူကျင်းပခဲ့သည့် ပထမအကြိမ်မြောက် ၂၁ ရာစုပင်လုံညီလာခံ (ဒုတိယအကြိမ်မြောက် UPC) တက်ရောက်ခွင့်မပြုဘဲချန်လှပ်ထားခဲ့သည်။ အချုပ်ဆိုရသော် ၎င်းတို့အနေဖြင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး သို့မဟုတ် ပြုပြင်ပြောင်းလဲရေး အာမခံချက်တစ်စုံတစ်ရာမပေးဘဲ လက်နက်ကိုင်တော်လှန်ရေးကို စွန့်လွှတ်လိုက်ရန်သာ အတင်းအကျပ် ဖိအားပေးခံခဲ့ရခြင်းဖြစ်သည်ဟုလက်ခံယုံကြည် သွားခဲ့ကြသည်။

ထိုအချိန်မှစ၍ နိုင်ငံရေးအက်ကွဲကြောင်းများ ပိုမိုနက်ရှိုင်းလာတော့သည်။ တပ်မတော်နှင့် အပစ်ရပ်လက်မှတ်ထိုးထားခြင်း မရှိသေးသည့် EAOs လေးဖွဲ့အကြား တိုက်ပွဲများ ပြင်းထန်လာသည်နှင့်အမျှ NCA အလွန်၌ မြောက်ပိုင်း တော်လှန်ရေးအင်အားစုများကို ပြန်လည်စုဖွဲ့မိစေသည့် အခင်းအကျင်းတစ်ခု ရုပ်လုံးပေါ်လာခဲ့သည်။ ထို့နောက်တွင် ၇ ဖွဲ့ပါ ဖက်ဒရယ်နိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှုအတိုင်ပင်ခံကော်မတီ၊ ၄ ဖွဲ့ပါ မြောက်ပိုင်းမဟာမိတ်အဖွဲ့နှင့် ဆက်စပ် ၃ ဖွဲ့ပါ ညီနောင်မဟာမိတ်အဖွဲ့ဟူသည့် စုဖွဲ့မှုပုံစံသုံးမျိုး ပေါ်ထွက်လာတော့သည်။[၇၁] တရုတ်နိုင်ငံ၏ ယူနန်ပြည်နယ်နှင့် ထိစပ်နေသည့် နယ်စပ်ဒေသတစ်လွှားရှိ အမာခံနယ်မြေများ၌ ခြေကုပ်ယူထားကြသည့် ဤစုဖွဲ့မှုပုံစံသုံးမျိုးသည် စစ်ရေးနှင့် နိုင်ငံရေးဇာတ်ခုံပေါ်၌ တစ်ဖွဲ့ချင်းဖြစ်စေ အားလုံးပေါင်း၍ဖြစ်စေ ရိုက်ခတ်မှုကြီးမားလာခဲ့သည်။ အလားတူအရေးပါသည့် ကိစ္စရပ်တစ်ခုမှာ ဤကွန်ရက်ချိတ်ဆက်မှုအတွင်း ဩဇာတိက္ကမကြီးမားသည့် အပစ်ရပ်အဖွဲ့များဖြစ်ကြပြီး NCA လက်မှတ်ရေးထိုးထားခြင်းမရှိဘဲ အပစ်ရပ်ထားခြင်းမရှိသည့် EAOs များကို စဉ်ဆက်မပြတ် ထောက်ပံ့ကူညီလျက်ရှိသည့် သျှမ်းပြည်တိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော်နှင့် ဝပြည်သွေးစည်းညီညွတ်ရေးပါတီတို့ ပါဝင်နေခဲ့ခြင်းဖြစ်သည်။

ဤမဟာမိတ် စုဖွဲ့မှုများအကြား၌ နိုင်ငံရေးစုဖွဲ့မှုအင်အားအကောင်းဆုံးသည် ၂၀၁၇ ခုနှစ်အတွင်း တရုတ်ပြည်နယ် စပ်ဒေသရှိ UWSP ထိန်းချုပ်နယ်မြေအတွင်း အပစ်ရပ်ထားပြီး EAOs သုံးဖွဲ့နှင့်အတူ အပစ်ရပ်ထားခြင်းမရှိခဲ့သည့် EAOs လေးဖွဲ့တို့ပူးပေါင်းထားကြသည့် အဖွဲ့ဝင် ခုနှစ်ဖွဲ့ပါဝင်သည့် FPNCC ဖြစ်လာခဲ့သည်။ လက်နက်ကိုင်တိုက်ပွဲဝင်ရန်အသင့်ရှိသည့် တပ်ဖွဲ့ဝင်ဦးရေ၅၀၀၀ ကျော်သည့် စုဖွဲ့မှုဖြစ်သောကြောင့် နိုင်ငံအတွင်းရှိ အခြား EAO စုဖွဲ့မှုများထက် များစွာပို၍တောင့်တင်းသည့် စုဖွဲ့မှုအင်အားကို ပိုင်ဆိုင်ထားသလို အဖွဲ့ဝင်များသည်လည်း တစ်ဖွဲ့ချင်းအရဖြစ်စေ အားလုံးစုပေါင်း၍ဖြစ်စေ ဌာနေလူထုများ၏ တင်းပြည့်ကျပ်ပြည့်ထောက်ခံမှုဖြင့် တပ်မတော်၏ အာဏာကို မေးခွန်းထုတ်နိုင်ကြသူများဖြစ်သည် (၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ' ဇယားကိုကြည့်ပါ)။

ဧတောင်ပိုင်းလယ်ပြင်ဒေသမှ မြောက်ပိုင်းမဟာမိတ်အဖွဲ့နှင့် FPNCC အဖွဲ့ဝင် စစ်သည်ဧတင်ချွေး (၂၆)

ကနဦးအစကတည်းကပင် UWSPသည် မဟာမိတ်အတွင်း အင်အားအတောင့်တင့်ဆုံး လက်နက်ကိုင်တပ်ဖွဲ့ဖြစ်နေခဲ့ပြီး FPNCC သို့အဖွဲ့ပေါင်းစုံပါဝင်မည့် အပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးဖြေရှင်းရေး လမ်းကြောင်းသစ်တစ်ခုအတွက် အခြားရွေးချယ်စရာ မျှော်ရည်ချက်များနှင့် ၂၀၁၇ ခုနှစ်မေလ၏ ၂၁ရာစုပင်လုံညီလာခံ (ပထမအကြိမ်မြောက် UPC–21CP) မတိုင်ခင်ရက်များအတွင်း တပ်မတော်ထံသို့ မဟာမိတ်အဖွဲ့ တင်သွင်းသွားခဲ့သည့် စာတမ်းများကို ဆောင်ကျဉ်းပေးခဲ့သည်။[၇] မူဝါဒစာတမ်းအတွင်း 'ပင်လုံစိတ်ဓာတ်' ပေါ်အခြေခံ၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သွားမည့် သို့မဟုတ် မူကြမ်းပြန်လည် ပြုစုသွားမည့် မျှော်ရည်ချက်ကို ခေါင်းစဉ်ပေါင်း ၁၅ ခုခွဲ၍ ရှင်းလင်းတင်ပြထားသည်။ အစီအစဉ်သစ်အတွင်းနှင့် နောက်ပိုင်း UPC–21CP အစည်းအဝေးများသို့ FPNCC အဖွဲ့ဝင်များ 'ဧည့်သည်တော်များ' အဖြစ် တက်ရောက်ပါဝင်ခဲ့ရာ၌ တရုတ်၏ ဩဇာလွှမ်းမိုးမှုကို အထင်အရှားတွေ့ မြင်ခဲ့ရသည်။[၇၃]

FPNCC အဆိုပြုလွှာသည် အခြေခံကျကျ ပြုပြင်ပြောင်းလဲရေးကို ဦးတည်သည့်စာတမ်းတစ်စောင် မဟုတ်ခဲ့ပေ။ EAOs ခေါင်းဆောင်များက မွမ်းမံပြင်ဆင်ထားသည့် NCA မူကွဲတစ်ခုဖြစ်သည်ဟု ခိုင်းနှိုင်းပြောဆိုခဲ့ကြသည့် စာတမ်း၏ မောင်းနှင်အားဗဟိုသည် အပစ်အခတ်ရပ်စဲရေးကိုအကောင်အထည်ဖော်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် အရာများဖြစ်သည်ဟု ၎င်းတို့ထောက်ပြထားသည့် အသေးစိတ်အချက်အလက်အချို့ကို ထပ်မံထည့်သွင်းပေါင်းစပ်သွားရေးသာလျှင် ဖြစ်နေခဲ့သည်။ UWSP၊ NDAA နှင့် SSPP တို့သည် ၁၉၈၉ ခုနှစ် အပြန်အလှန် အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းထားကြဆဲ ဖြစ်သဖြင့် ၎င်းတို့သည် NCA ကို နိုင်ငံရေး တိုးတက်ဖြစ်ထွန်းမှုတစ်ခုအဖြစ် ရှုမြင်လက်ခံခြင်း မရှိခဲ့ကြပေ။ KIO နှင့် MNDAA အပါအဝင် အဖွဲ့အစည်းသုံးခုစလုံးသည် နဝတ–နအဖလက်ထက်၌ ခေါ်ယူကျင်းပသွားခဲ့သည့် ယခင်အမျိုးသားညီလာခံကို တက်ရောက်ခဲ့ကြသူများဖြစ်သည်။ အထူးသဖြင့် ဝခေါင်းဆောင်များက NCA သည် ပဋိပက္ခဆက်လက် သက်ဆိုးရှည်ခြင်းမရှိစေရန် တားဆီးကာကွယ်ပေးမည့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အာမခံချက်များ ကင်းမဲ့နေခြင်းကြောင့် အားနည်းသွားခဲ့ရခြင်းဖြစ်သည်ဟု လက်ခံယုံကြည်ခဲ့ကြသည်။[၇၄] ထို့ကြောင့်၎င်းတို့က အဓိပ္ပာယ်ဖွင့်ဆိုရေး၊ အငြင်းပွားမှုဖျန်ဖြေရေး၊ တပ်ဖွဲ့များကို ခွဲခြားထားရှိရေး၊ လူသားချင်းစာနာထောက်ထားရေး အကူအညီရရှိရေး အာမခံချက်များနှင့် နေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်ခဲ့ကြရသူများ၏ နေရပ်ပြန်အခွင့်အရေးစသည့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အရေးကိစ္စများကို ရှင်းရှင်းလင်းလင်းဖြစ်အောင် ပြုလုပ်သွားရန် အဆိုပြုခဲ့ကြခြင်းဖြစ်သည်။

FPNCC အဆိုပြုလွှာ၌ အခြား EAOs များနှင့်ကွဲထွက်၍ ညှိနှိုင်းဆွေးနွေးရေး လုပ်ငန်းစဉ်သစ်တစ်ရပ် ချမှတ်သွားရန် စည်းရုံးအရေးဆိုနေခဲ့ကြသလော ဟူသည့် မေးခွန်းများကိုလည်း သုံးသပ်တင်ပြသွားခဲ့သည်။ လက်ရှိ NCA သည် ပြည့်စုံမှုမရှိသလို အားလုံးလွှမ်းခြုံပါဝင်နေခြင်းမရှိဟု FPNCC မဟာမိတ်အင်အားစုများက လက်ခံယူဆထားကြကြောင်း ပိုမိုသေချာသွားခဲ့သည်။ FPNCC ၏ ချဉ်းကပ်မှုပုံစံသည်လည်း UNFC နှင့် ကွာခြားနေခဲ့သည်။ UNFC က ညှိနှိုင်းဆွေးနွေးရမည့် ခေါင်းစဉ်များကိုသာ အဆိုပြုသွားခဲ့သော်လည်း FPNCC သည် NCA ပေါ်အခြေခံ၍ တည်ဆောက်ထားသည့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို တင်သွင်းသွားခဲ့ခြင်းဖြစ်သည်။ သို့သော်လည်းအသေးစိတ် ပြောဆိုရမည်ဆိုပါက မဟာမိတ်အင်အားစုနှစ်ခုစလုံးက အပစ်အခတ်ရပ်စဲရေးကို အကောင်အထည်ဖော်သွားမည့် ယန္တရားများသည် အဓွန့်ရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးဖူးပွင့်လာစေရန် ပြည့်စုံလုံလောက်မှုမရှိဟူသည့် ဘုံသဘောထားကို ဖော်ထုတ်ဆွေးနွေးသွားခဲ့သည်။ FPNCC နှင့် UNFC တို့၏ အဆိုပြုလွှာ နှစ်ခုစလုံး၏ ဘုံတူညီသည့် သုံးသပ်အကဲဖြတ်ချက်များသည် NCA အကောင်အထည်ဖော်ရာ၌ ကြုံတွေ့ခဲ့ကြရသည့် အားနည်းချက်များကိုအလားတူ စောင့်ကြည့်လေ့လာမှုများနှင့် အကောင်းဆုံးနိုင်ငံတကာအလေ့အထများကို သီးခြားစီလေ့လာဆန်းစစ်ခဲ့သည့် တွေ့ရှိချက်များအပေါ် အခြေခံထားခြင်းဖြစ်သည် ('UNFC ၏ "ရှစ်ချက်" အဆိုပြုလွှာ' ကိုကြည့်ပါ)။

အဆိုပြုလွှာအသစ်ကို လက်ခံရရှိခဲ့ကြသည့် အစိုးရနှင့် တပ်မတော်တို့၏ တုံ့ပြန်မှုသည် ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့် မွန်ပြည်သစ်ပါတီကဲ့သို့သော UNFC အဖွဲ့ဝင်များနှင့် ဆက်လက်ပြုလုပ်လျက်ရှိသည့် ညှိနှိုင်းဆွေးနွေးပွဲများကိုပြန်လည်မြင်ယောင်လာစေခဲ့သည်။ ယခုတစ်ကြိမ်တွင်လည်း အစိုးရသည် NCA လက်မှတ်ရေးထိုးရေးကိုသာ ဦးစားပေးနေခဲ့ပြီး EAO များ၏ စိုးရိမ်ပူပန်မှုများကိုနောက်မှ ဖြေရှင်းပေးမည်ဟု ပြောဆိုလာခဲ့ပြန်သည်။ UWSP အရာရှိများ၏ ပြောဆိုချက်အရ ၎င်းတို့အနေဖြင့် မေးခွန်းများတင်သွင်းလိုပါက တပ်မတော်နှင့်သာ တိုက်ရိုက်ညှိနှိုင်းဆွေးနွေးသွားရန် အစိုးရဖက်က ညွှန်ကြားလာခဲ့ကြောင်း သိရှိခဲ့ရသည်။[၇၅] အခြားတစ်ဖက်၌ တပ်မတော်က

လည်း ၎င်းတို့အဆိုပြုထားသည့် NCA ပြင်ဆင်ချက်များကို နောက်ပိုင်းထည့်သွင်းစဉ်းစားနိုင်အောင် တင်သွင်းသွားရန် ပြောဆိုလာခဲ့ပြန်သည်။ မည်သို့ဆိုစေကာမူ ဝစာတမ်းကို လက်ခံရရှိခဲ့ပြီးနောက်ပိုင်း တပ်မတော် အရာရှိများသည် NCA ပါ စာလုံးတစ်ခုတစ်လေကိုမျှ ပြင်ဆင်ခွင့်ပြုလိမ့်မည် မဟုတ်ဟူသည့် ၎င်းတို့၏ ရပ်တည်ချက်ကို ဆက်လက် ထိန်းသိမ်းသွားခဲ့သည်။အချုပ်ဆိုရသော်ညှိနှိုင်းဆွေးနွေးမှုများသည် ဂျာအေးသူ့အမေရိကသလို တဝဲ လည်လည်ဖြစ်နေတော့သည်။

တွေ့ဆုံဆွေးနွေးမှု ချိန့်အားနည်းလာသည် နှင့်အမျှ အစိုးရနှင့် FPNCC အကြား သဘောထားကွဲလွဲမှုများ ပိုမိုနက်ရှိုင်းလာခဲ့သည်။ FPNCC အဖွဲ့ဝင်များသည် ၂၀၁၈ ဇူလိုင်လအတွင်း ခေါ်ယူကျင်းပသွားခဲ့သည့် တတိယအကြိမ်မြောက် UPC–21PC ၌ 'ဧည့်သည်တော်များ' အဖြစ် ဆက်လက်တက်ရောက်ပါဝင်ခဲ့ကြသော်လည်း၎င်းတို့သည် NCA လုပ်ငန်းစဉ်ပြင်ပ၌သာ ဆက်ရှိနေခဲ့ကြသည်။ အစိုးရနှင့် တပ်မတော်နှစ်ဖက်စလုံး၏ စေ့စပ်ညှိနှိုင်းရေးသမားများသည် အခြားလက်မှတ်ထိုးအဖွဲ့ဝင် မဟုတ်ကြသူများကို ပါဝင်ပတ်သက်လာစေပြီး အပြောင်းအလဲအပေါ် အစိုးရအနေဖြင့် ထောက်ခံအားပေးသွားလိမ့်မည်ဟူသည့် အာမခံချက်မျိုးမပါရှိဘဲ NCA လက်မှတ်ရေးထိုးပြီးမှသာ ပြင်ဆင်ရေးကို ညှိနှိုင်းဆွေးနွေးနိုင်မည်ဟု ပြောဆိုကာ UWSP ၏ ရပ်တည်ချက်အပေါ် တင်းခံသွားခဲ့ကြသည်။ နောက်ထပ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ရေခံမြေခံတွင်း အက်ကွဲကြောင်းတစ်ခုမှာ တပ်မတော်၏ MNDAA၊ TNLA နှင့် ULA/AA တို့ကို NCA အတွင်း ပါဝင်ဆောင်ရွက်ခွင့်မပြုဘဲ ဆက်လက်ပိတ်ပင် တားဆီးထားခြင်းဖြစ်သည်။

တတိယအကြိမ်မြောက် UPC–21CP နောက်ပိုင်း အစိုးရသည် နှစ်ဖက်အပြန်အလှန် အပစ်အခတ်ရပ်စဲရေးနှင့် NCA ကိစ္စဆွေးနွေးအဖြေရှာသွားရန် မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များနှင့် လအနည်းငယ်ကြာသည်အထိ ဆက်လက်တွေ့ဆုံဆွေးနွေးမှု ပြုခဲ့သည်။ ချဉ်းကပ်မှုပေါင်းစုံနှင့် အပစ်အခတ်ရပ်စဲရန် ရွေးချယ်သွားနိုင်မည့် နည်းလမ်းအမျိုးမျိုးဖြင့် ကမ်းလှမ်းရန်ကြိုးပမ်းခဲ့သော်လည်း တစ်ခုတစ်လေမျှ အလုပ်မဖြစ်ခဲ့ပေ။ ၎င်းတို့ခေါင်းဆောင်များ ပြတ်ပြတ်သားသား ပြောဆိုခဲ့ကြသည့်အတိုင်းပင် မြောက်ပိုင်းမဟာမိတ်အဖွဲ့သော်လည်းကောင်း FPNCC အဖွဲ့ဝင်များအနေဖြင့်သော်လည်းကောင်း ခွင့်ပြုခဲ့လျှင်ပင် NCA ကို လက်မှတ်ထိုးပူးပေါင်းရန် ဆန္ဒမရှိဘဲယခုအတိုင်းသာဆက်လက်ရပ်တည်သွားကြမည်ဖြစ်သည်။

ဤရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေကိုပိုမိုတစ်ဆို့သွားစေသည့် ကိစ္စရပ်တစ်ခုမှာ NCA ထက်စာလျှင် ၎င်းတို့၏ လက်ရှိအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်က ပို၍ရေရာခိုင်မာသည်ဟူသည့် ပြောဆိုချက်အပေါ် UWSP အနေဖြင့် ဆက်လက်ဆုပ်ကိုင်ထားခြင်းဖြစ်သည်။ ဝခေါင်းဆောင်များ ထောက်ပြခဲ့ကြသလိုပင် ပါတီအနေဖြင့် ၁၉၈၉ ခုနှစ်ကတည်းက လက်နက်ကိုင်ပဋိပက္ခမရှိဘဲ နေထိုင်လာခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ရှမ်းပြည်နယ်အရှေ့ပိုင်း၌ ဝ 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း' ကို ဖန်တီးပေးထားသော်လည်း UWSP ၌ အခြားဦးစားပေးလိုလားချက်များ ရှိနေဆဲပင်ဖြစ်သည်။ အထူးသဖြင့် ယခုထက်ပို၍ ဒေသဖွံ့ဖြိုးရေးအထောက်အပံ့များရရှိလိုခြင်းနှင့် UWSP ၏ ထိန်းချုပ်ပိုင်ခွင့်ကို ထင်ဟပ်စေရန် အခြားပြည်နယ်များနှင့် တိုင်းဒေသကြီးများ သို့မဟုတ် နယ်စပ်ဒေသများနှင့်တန်းတူ ပြည်နယ်တစ်ခု၏ တင်းပြည့်ကျပ်ပြည့် အဆင့်အတန်းနှင့်အညီ 'ဝပြည်နယ်' ကိုတရားဝင် အသိအမှတ်ပြုပေးရေးဟူသည့် ကိစ္စရပ်နှစ်ခုသည် ထင်သာမြင်သာ အရှိဆုံးဖြစ်သည်။ မည်သို့ဆိုစေကာမူ NCA ၌ ဤတောင်းဆိုချက်နှစ်ခုစလုံးကို အာမခံပေးထားခြင်းမရှိခဲ့ပေ။ ဤအချက်ကို မွမ်းမံပြင်ဆင်ခြင်း သို့မဟုတ် တိုးတက်ပြောင်းလဲလာအောင် ဆောင်ရွက်ပေးခြင်းမရှိဘဲနှင့် UWSP အနေဖြင့် NCA ကို လက်မှတ်ရေးထိုးစရာ အကြောင်းမရှိခဲ့ပေ။ တပ်မတော်၏ အကျိုးစီးပွားများနှင့် စီးပွားရေးအရ ဆက်စပ်မှုရှိနေလင့်ကစား UWSP ခေါင်းဆောင်များသည် နေပြည်တော်ရှိ အာဏာပိုင်များအပေါ် အယုံအကြည် မရှိခဲ့ကြပေ။[၇၆]

အလားတူပင် NCA လုပ်ငန်းစဉ်အပေါ် ပြစ်တင်ဝေဖန်သံ ကျယ်လောင်လာသည်နှင့်အမျှ UWSP နှင့် တိုးချဲ့စုဖွဲ့ထားသည့် FPNCC အင်အားစုများသည် ၎င်းတို့၏ နိုင်ငံရေးမဟာဗျူဟာ၌အဓိကကျသည့်အင်္ဂါရပ်တစ်ခုအဖြစ် ၎င်းတို့၏စစ်ရေးအင်အားကို အောင်အောင်မြင်မြင် တည်ဆောက်ထားခဲ့ခြင်းကလည်း အလွန်အရေးပါသည့် ကိစ္စရပ်တစ်ခုဖြစ်လာခဲ့သည်။ဝခေါင်းဆောင်များသည် 'တိုက်ပွဲကို ရှောင်လွှဲချင်ရင်တော့ ကိုယ်တိုင်အင်အားတောင့်တင်း နေဖို့လိုအပ်တယ်' ဟူသည့် သဘောတရားကို အစဉ်အဆက် စွဲကိုင်လာခဲ့ကြသူများဖြစ်သည်။ဤသေနင်္ဂဗျူဟာသည်ပင် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဆက်ဆံရေးရှိစဉ်ကတည်းက ထိန်းသိမ်းလာခဲ့သည့် တရုတ်ပြည်တွင်းရှိ ၎င်းတို့၏ မိတ်ဆွေဟောင်းများထံမှ အထောက်အပံ့များကို ဆက်လက်ရရှိနေစေခဲ့ခြင်းဖြစ်သည် ('ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ပါဝင်နေကြသည့် နိုင်ငံတကာဇာတ်ကောင်များ' စာကွက်ကိုကြည့်ပါ)။

ဤအချက်က EAOs များ၏ သွေးစည်းညီညွတ်မှုကိုပြသနေခဲ့သည့် FPNCC အဖွဲ့ဝင်များအကြားခွဲပင် နိုင်ငံရေးနှင့်မဟာဗျူဟာအရအမြဲလိုလိုတစ်သံတည်းရှိမနေနိုင်ကြောင်းပြဆိုလျက်ရှိသည်။ အထူးသဖြင့် KIO၊ SSPP၊ TNLA နှင့် ULA/AA တို့သည် တစ်နိုင်ငံလုံးအတိုင်းအတာ ပြည်တွင်းနိုင်ငံရေး အပြောင်းအလဲကို အမြဲဝန်းရံအားပေးသွားရန်ဆန္ဒရှိခဲ့ကြသူများဖြစ်ကြသည်။ဆန့်ကျင်ဖက်အနေဖြင့် UWSP နှင့် NDAA တို့သည် ၎င်းတို့၏ ၁၉၈၉ ခုနှစ် စတင်တည်ထောင်ချိန်နှင့်အပစ်အခတ်ရပ်စဲခဲ့ကြစဉ်ကတည်းက ၎င်းတို့၏အခြေခံကိုအခိုင်အမာတည်ဆောက်ထားခဲ့သည့် ရှမ်းပြည်နယ်အဆင့်ကိုသာလျှင်အများဆုံးအာရုံစိုက်လာခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့၏ ခေါင်းဆောင်များသည် အမြဲတမ်းလိုလို ရေရှည်အနာဂတ်ကို မျှော်မှန်းပြင်ဆင်လာခဲ့ကြသဖြင့် တပ်မတော်သည် မည်သည့်အခါကမှ UWSP ကိုဖြစ်စေ NDAA နှင့်ဖြစ်စေ လုံးဝတိုက်ပွဲဖော်ရန် မကြိုးစားခဲ့ကြခြင်းဖြစ်သည်။ ဤအခင်းအကျင်း၌ NCA ကို အသက်သွင်းလာခြင်းသည် ၎င်းတို့၏စစ်ရေးနည်းဗျူဟာ အလုပ်မဖြစ်ခဲ့ကြသဖြင့် ဗဟိုအာဏာပိုင်များက တိုင်းရင်းသားနိုင်ငံရေးဇာတ်ခုံတွင်း အကွဲအပြဲများဖြစ်ပေါ်လာစေရန် ကြိုးပမ်းအားထုတ်လာခြင်း ဖြစ်သည်ဟု သုံးသပ်ရှုမြင်ခဲ့ကြသည်။

ဤကဲ့သို့သော နောက်ခံအခြေအနေကြောင့် တစ်ဆစ်ချိုးနိုင်ငံရေး အလှည့်အပြောင်း ဖြစ်ပေါ်လာနိုင်သည့် အလားအလာ တစ်ဖြည်းဖြည်း မှေးမှိန်လာခဲ့သည်။ ၂၀၁၆ ခုနှစ်နိုဝင်ဘာလ၌မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များသည် ရှမ်းနယ်စပ်ဒေသ၌ တန်ပြန်ထိုးစစ်ဖွင့်၍ ၎င်းတို့အနေဖြင့် တပ်မတော်၏ စစ်ရေးလှုပ်ရှားမှုများကို ဆက်လက်ငြိမ်ခံနေတော့မည် မဟုတ်ကြောင်း သတင်းစကားပါးခဲ့ပြီးဖြစ်သည်။ အပစ်အခတ်ရပ်စဲထားခြင်း မရှိသည့် NCA အဖွဲ့ဝင်မဟုတ်ကြသူများအနေဖြင့် ၎င်းတို့သည် မဟာဗျူဟာကျကျပစ်မှတ်တည် ခံနေရပြီဖြစ်ကြောင်း နားလည်သဘောပေါက်ခဲ့ကြသည်။ သို့သော်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေး ရည်မှန်းချက်များ လုံးဝပျက်ပြားသွားခြင်းတော့ မရှိသေးပေ။ မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များသည် ငြိမ်းချမ်းရေးအဆိုပြုလွှာများကိုပါ ထုတ်ပြန်လာခဲ့ပြီး တရုတ်၏ရံဖန်ရံခါ ကြားဝင်ညှိနှိုင်းမှုဖြင့် အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးရန် တံခါးများဖွင့်ထားကြဆဲဖြစ်သည်။[၇၇]

ဤသို့ဖြင့် ၂၀၁၈ခုနှစ်နှောင်းပိုင်းရောက်သည့်အခါ အပစ်အခတ်ရပ်စဲရေး တစ်ဆို့မှုကို ဖောက်ထွက်မည့်နည်းလမ်းတစ်ခုအဖြစ် 'တစ်ဖက်သတ်' အပစ်အခတ်ရပ်စဲလိုက်သည့်ကြေညာချက်များ စတင်ထုတ်ပြန်ဖြစ်စေရန် ဦးတည်လာခဲ့သည်။ ဤကဲ့သို့သော စိတ်ကူးစိတ်သန်းများကို မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များအကြား ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ စတင်ဆွေးနွေးဖြစ်ခဲ့ကြခြင်းဖြစ်သည်။ထို့နောက် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင်[၇၈] ကိုယ်စားလှယ်များနှင့် ယူနန်ပြည်နယ်တွင် တွေ့ဆုံစည်းဝေးခဲ့ပြီးနောက်ပိုင်း မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များဖြစ်ကြသည့် MNDAA၊ TNLA နှင့် ULA/AA တို့သုံးဖွဲ့သည်တရားဝင် အပစ်အခတ်ရပ်စဲရေး ကြေညာချက်တစ်ခုကိုထုတ်ပြန်ခဲ့ကြသည်။ ၎င်းတို့က 'ကျွန်ုပ်တို့အနေဖြင့် စစ်ရေးနည်းလမ်းထက်စာလျှင် နိုင်ငံရေးလမ်းကြောင်းကို အသုံးပြုသွားရန် ပိုမိုဆန္ဒရှိကြသဖြင့် ငြိမ်းချမ်းရေးရရှိနိုင်စေရန် စစ်ရေးလှုပ်ရှားမှုများကို ဦးစွာရပ်နားသွားပါမည်' ဟူ၍ ပြေငြိမ်းလိုသည့် ဆန္ဒရှိကြောင်းဖော်ပြသည့် အသုံးအနှုန်းများကို သုံးစွဲသွားခဲ့ကြသည်။[၇၉] ရက်အနည်းငယ်အကြာ၌ တပ်မတော်ဖက်ကလည်း ပထမဦးဆုံးအကြိမ်အဖြစ် ၎င်းတို့ဖက်မှ တစ်ဖက်သတ် 'အပစ်အခတ်ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေး' ကြေညာချက်ကိုထုတ်ပြန်၍ပြန်လည်တုံ့ပြန်လာခဲ့သည်။[၈၀] ငြိမ်းချမ်းရေး ဆွေးနွေးနိုင်စေမည့် စကြံန်သစ်တစ်ရပ် ပေါ်ထွက်လာခဲ့ပုံရသည်။

သို့သော်လည်း မျှော်လင့်ချက်များ တာရှည်မခံခဲ့ပေ။ တပ်မတော်၏ ကြေညာချက်သည် ယာယီမျှသာ (လေးလသာ) ဖြစ်ခဲ့ပြီး နိုင်ငံ၏အရှေ့မြောက်ဒေသကို လွှမ်းခြုံထားသည့် စစ်တိုင်းကြီးငါးခုခွဲသာလျှင် အသက်ဝင်မှုရှိခဲ့သည်။ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်အောက်ရှိ ရခိုင်နှင့် ချင်းပြည်နယ်တို့ အကျုံးဝင်မှုမရှိခဲ့ပေ။ ပြန်လည်တုံ့ပြန်သည့်အနေဖြင့် နောက်ပိုင်းရသတ္တုပတ်များအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ပါဝင်ပတ်သက်လျက်ရှိသည့် အင်အားစုအသီးသီးက အပစ်အခတ်ရပ်စဲရေးသည် တစ်နိုင်ငံလုံးကိုလွှမ်းခြုံမှုရှိသင့်သည်ဟု ဝိုင်းဝန်းတောင်းဆို လာကြပြီးနောက် ပိုင်း[၈၁] နောက်ထပ် သက်တမ်းတိုးမြှင့်လိုက်သည့် ကြေညာချက်တစ်စောင် ထွက်ပေါ်လာခဲ့သည်။ သို့သော်လည်း ၂၀၂၀ နှစ်ကုန်ပိုင်းအထိ တပ်မတော်ခေါင်းဆောင်များသည် ၎င်းတို့၏ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေး ကြေညာချက်အတွင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကို ထည့်သွင်းပေါင်းစပ်သွားရန် ဆက်လက်ငြင်းဆန်နေခဲ့ကြသည်။ စစ်ဖက်အရာရှိများက ထိုသို့ပေါင်းစပ်လိုက်ပါက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ပါဝင်နေခြင်းမရှိခဲ့သည့် အာရကန်ရိုဟင်ဂျာကယ်တင်ရေး တပ်မတော်ရန်ကို အစိုးရအနေဖြင့် ခုခံကာကွယ်ရာတွင် အတားအဆီးဖြစ်စေလိမ့်မည်ဟု ပြန်လည်စောဒကတက်ခဲ့ကြသည်။[၈၂]

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကို ချန်လှပ်ထားခဲ့ချိန်မှစ၍ ရခိုင်ပြည်နယ်နှင့် အိမ်နီးချင်းချင်းနယ်စပ်ဒေသများဆီသို့ တိုက်ပွဲများပျံ့နှံ့လာခဲ့တော့သည်။ အစိုးရအသိုင်းအဝိုင်းအကြား ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ အပစ်အခတ်ရပ်စဲရေး ကြေညာချက်ကို ငြိမ်းချမ်းရေးအလှည့် အပြောင်းတစ်ခုကို ဆောင်ကျဉ်းပေးမည့် စစ်မှန်သည့်ကြိုးပမ်းအားထုတ်မှု တစ်ရပ်အဖြစ် ထောက်ခံကြိုဆိုခဲ့ကြသည်။ အခြားတစ်ဖက်၌ ရခိုင်ပြည်နယ်ကို ချန်လှပ်ထားခဲ့ခြင်းသည် တပ်မတော်အား ပြဿနာတက်နေသည့် နိုင်ငံ၏အနောက်ပိုင်းနယ်မြေများကို စစ်ရေးအရဖိဖိစီးစီး အလေးပေးအာရုံစိုက်နိုင်စေရန် ခွင့်ပြုပေးခဲ့သည့် မဟာဗျူဟာတစ်ခုဖြစ်သည်ဟု တိုင်းရင်းသားအခြေပြု နိုင်ငံရေးအသိုင်းအဝိုင်း၌ ရည်ညွှန်းပြောဆိုခဲ့ကြသည်။ တပ်မတော်နှင့် အစိုးရတို့သည် ရိုဟင်ဂျာပြည်သူများအပေါ် ကျူးလွန်ခဲ့ကြသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် နိုင်ငံတကာမျက်နှာစာ၌ ပြင်းပြင်းထန်ထန် ရှုံ့ချကန့်ကွက် ခံနေရသည့်အချိန် ဤနယ်မြေဒေသများ၌ ULA/AA သည် စစ်အင်အားတိုးချဲ့တည်ဆောက်၍ အိန္ဒိယ–ဘင်္ဂလားဒေ့ရှ်နယ်စပ် အတွင်းပိုင်းအထိထိုးဖောက် နေရာယူနိုင်ခဲ့သည်။ တိုက်ပွဲများအကြီးအကျယ် ဖြစ်ပွားလာသည်နှင့်အမျှ ရခိုင်ပြည်သူများနှင့် အခြားနယ်ခံ လူထုလူတန်းစားများသည် လက်နက်ကိုင်ပဋိပက္ခ၏ ရှေ့တန်းစစ်မြေပြင်များသို့ ရောက်ရှိသွားတော့သည်။ ULA/AA စစ်ဦးစီးချုပ်ထွန်းမြတ်နိုင်က အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကို ချန်လှပ်ထားခဲ့သည့်ကိစ္စရပ်နှင့်ပတ်သက်၍ ‘ဒီကြေညာချက်က ရခိုင်ပြည်နယ်ကို စစ်ကြေညာလိုက်တာနဲ့ အတူတူပါပဲ’ ဟု ပြောဆိုသွားခဲ့သည်။[၈၃]

တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေး အတွေးအခေါ်နိဂုံးချုပ်သွားခြင်းတော့ မရှိခဲ့ပေ။ သို့သော်လည်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကို ချန်လှပ်ခဲ့ခြင်းနှင့်အတူ အပစ်အခတ်ရပ်စဲရေး ထုတ်ပြန်ကြေညာသည့် နည်းဗျူဟာသစ်သည် မြောက်ပိုင်း EAO များနှင့် ညှိနှိုင်းဆွေးနွေးရာ၌ တစ်ဆစ်ချိုးအလှည့်အပြောင်းမျိုးကို ဆောင်ကျဉ်းပေးနိုင်ခြင်းမရှိတော့ပေ။ နောက်ပိုင်း ၂ နှစ်တာကာလအတွင်း နှစ်ဖက်စလုံး ‘တစ်ဖက်သတ်’ အပစ်အခတ်ရပ်စဲရေး ကြေညာချက်များကို ကာလအပိုင်းအခြား မတူညီဘဲ ရံဖန်ရံခါထုတ်ပြန်ခဲ့ကြသည့် တပ်မတော်နှင့် ညီနောင်မဟာမိတ် EAOs များအကြား ‘အပစ်အခတ်ရပ်စဲရေး သံခင်းတမန်ခင်း’ ကစားကွက်များကြိုကြားကြိုကြား ဆက်လက်အသက်ဝင်နေခဲ့သည်။[၈၄] ဤကြေညာချက်များနှင့်အတူ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများ၌ တပ်မတော်၏ ထိုးစစ်အရှိန် ယေဘုယျအားဖြင့် လျော့နည်းကျဆင်းလာခဲ့သည်။ သို့သော်လည်း မည်သည့်အခါကမှ အပြီးအပြတ်ရပ်တန့် သွားခြင်းမျိုးမရှိခဲ့ဖူးသလို ညှိနှိုင်းဆွေးနွေးပွဲများ၌ တိုးတက်ဖြစ်ထွန်းမှု သို့မဟုတ် ယုံကြည်မှုများသည်လည်း ပြန်လည်ဦးမော့မလာခဲ့ပေ။ ယင်းအစား တပ်မတော်သည် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များ သို့မဟုတ် ကြေညာချက်များကို ၎င်း တို့၏ ကိုယ်ပိုင်မဟာဗျူဟာ လိုအပ်ချက်များအရသာ ဆက်လက်အသုံးချလျက် ရှိသည်ဟူသည့် ယုံကြည်မှုများကိုသာ ပိုမိုခိုင်မာလာစေခဲ့သည်။

တစ်ဖက်သတ် အပစ်အခတ် ရပ်စဲရေးနှင့်ပတ်သက်၍တိုက်ပွဲများကို အမှန်တကယ်အဆုံးသတ်နိုင်ခြင်း မရှိခဲ့သည့် အကျိုးဆက်အဖြစ် နောက်ဆက်တွဲဆိုးကျိုးသက်ရောက်မှုများ ပုံစံမျိုးစုံဖြင့် ပေါ်ထွက်လာရန် တာစူလာခဲ့တော့သည်။ အထင်ရှားဆုံး အရေးကိစ္စကြီးငါးခု ပေါ်ထွက်လာခဲ့သည်။

ပထမဆုံးအနေဖြင့် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေး ကြေညာချက်များသည် နိုင်ငံကို အားလုံးလွှမ်းခြုံပါဝင်မှုရှိစေမည့် ငြိမ်းချမ်းရေးအနားသို့ ဆွဲခေါ်မသွားနိုင်ခဲ့ပေ။ ယင်းအစား ရခိုင်ပြည်နယ်နှင့် နယ်မြေချင်းထိစပ်လျက်ရှိသည့် ချင်းပြည်နယ်များ၌ ဆယ်စုနှစ်ပေါင်းများစွာ မြင်တွေ့ခဲ့ရခြင်း မရှိသည့် လက်နက်ကိုင်ပဋိပက္ခ၊ အရပ်သားများ နေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်ရမှုနှင့် သေကျေပျက်စီးမှုများသာလျှင် အရှိန်အဟုန်ဖြင့် တိုးပွားလာခဲ့သည်။ တပ်မတော်၏ ကြေညာချက်အတွင်း အကျုံးဝင်ခဲ့ကြသည့် စစ်တိုင်းများအတွင်း၌ပင်လျှင် စစ်ဘောင်တိုးချဲ့မှုများမြင့်တက်လာခဲ့သည်။ မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးဖူးပွင့်နေသည့် နယ်မြေတစ်ခု ဖြစ်မလာခဲ့ပေ။

ဒုတိယအနေဖြင့် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးသွားရမည့် ရည်မှန်းချက်မျိုး ထားရှိရမည့်အစား တိုင်းရင်းသားခေါင်းဆောင်များက တပ်မတော်၏ အပစ်အခတ်ရပ်စဲရေးကြေညာချက်များကို ထုတ်ပြန်လာသည့်ပုံစံနှင့် အချိန်အခါသည် ပဋိပက္ခအမြင် နိုးကြားမှုမရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သရဲမရဲစီးသလို မြေယာလုယူမှုများနှင့် ပြည်တွင်းပြည်ပစီးပွားရေး အကျိုးစီးပွားများကို နေရာချထားရာ၌ အဆင်ပြေချောမွေ့မှု ရှိစေရန်သာ ကြံဆောင်ခဲ့ခြင်းဖြစ်သည်ဟု လက်ခံယုံကြည်ခဲ့ကြသည်။ ဤသို့ပြောရခြင်းမှာ သာဓကအားဖြင့် အစိုးရ၏ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အပစ်အခတ်ရပ်စဲရေး လုပ်ငန်းများကို ဦးစားပေးဖော်ဆောင်

ခဲ့ခြင်းသည် စီးပွားရေးဇာတ်ကောင်များ လုပ်သာကိုင်သာ ရှိစေရန် လမ်းဖွင့်ပေးခြင်းသာ ဖြစ်နေခဲ့သည်။

တတိယအနေဖြင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုဆက်လက်ချန်လှပ်ခဲ့ခြင်းသည် အစိုးရနှင့် နယ်ခံလူထုလူတန်းစားများအကြား၌ ပိုမိုတင်းကျပ်လာသည့် ဖိနှိပ်ချုပ်ချယ်မှုနှင့်တိုက်ပွဲဇာတ်သင့်ဆက်ဆံရေးကိုသာလျှင်တိုးပွားလာစေခဲ့သည်။ အရပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှု၊ အင်တာနက်ဖြတ်တောက်မှုများနှင့် လုံခြုံရေးဥပဒေများကို အသုံးပြု၍ သတင်းထောက်များနှင့် ULA/AA ထောက်ခံအားပေးသည်ဟုသံသယရှိသူများကိုဦးတည်ပစ်မှတ်ထားသည့် ဤကဲ့သို့သော အလေ့အထများက နိုင်ငံရေးတင်းမာမှုများကို မြင့်တက်လာစေခဲ့သည်။ ငြိမ်းချမ်းရေးတည်ဆောက်နေရမည့် အချိန်မျိုး၌ ULA/AA ကို 'အစွန်းရောက်အကြမ်းဖက်' အဖွဲ့အစည်းအဖြစ် အမည်ပျက်စာရင်းသွင်းခြင်းသည် တစ်နိုင်ငံလုံးအတိုင်းအတာ ရေရှည်ဆိုးကျိုးများကို ဖြစ်ပေါ်လာစေနိုင်သည့် ရိုက်ခတ်မှုနှင့်အတူ အထူးတလည် အန္တရာယ်ကြီးသည့် လုပ်ရပ်တစ်ခုဖြစ်သည်ဟုသုံးသပ်ခဲ့ကြသည်။ အစိုးရငြိမ်းချမ်းရေး ညှိနှိုင်းရေးသမားနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံး၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူဦးဇော်ဌေးက 'သမ္မတရုံးကနေ အစွန်းရောက်အကြမ်းဖက်သမားတွေကို ချေမှုန်းသုတ်သင်သွားမည့် စစ်ဆင်ရေးလုပ်ငန်းတွေဖော်ဆောင်သွားဖို့ တပ်မတော်ကို ညွှန်ကြားထားတယ်' ဟု ပြောဆိုသွားခဲ့သည်။[၈၅]

စတုတ္ထအနေဖြင့် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေးအပေါ် နားလည်မှုရှုပ်ထွေးခြင်းနှင့် အိန္ဒိယ-ဘင်္ဂလားဒေ့ရှ်နယ်စစ်တစ်ကြောလက်နက်ကိုင်ပဋိပက္ခပိုမိုနက်ရှိုင်းလာခြင်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဒယိမ်းဒယိုင်ဖြစ်နေခဲ့သည့်အချိန်မျိုး၌ NCA လက်မှတ်ထိုးအဖွဲ့ဝင်များအပါအဝင် နိုင်ငံအနှံ့ရှိ အခြား EAOs များဆီသို့ အလွန်အန္တရာယ်ကြီး၍ အကျိုးမရှိသည့် သတင်းစကားမျိုးပေးပို့ရာ ရောက်သွားခဲ့သည်။ ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံတွင်း အပစ်အခတ်ရပ်စဲထားခြင်းမရှိခဲ့သည့် နယ်မြေဒေသများအတွင်းတိုက်ပွဲများဆက်လက်ဖြစ်ပွားနေခဲ့ခြင်းကြောင့် မီဒီယာအာရုံစိုက်မှုနှင့် လူသားချင်းစာနာ ထောက်ထားရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့သည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ်ယန်ဟီးလီက 'စစ်ရာဇဝတ်မှုမြောက်သည်အထိနိုင်ငံတကာလူသားချင်း စာနာထောက်ထားရေးဥပဒေ' ကို ချိုးဖောက်လျက်ရှိသည့် ပဋိပက္ခဇာတ်ကောင်များ၏ လုပ်ရပ်

ရခိုင်ပြည်နယ်၏မြို့တော် စစ်တွေမြို့ အနီးရှိ IDP စခန်းနေ ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်ခဲ့ရသည့် မွတ်ဆလင် အမျိုးသားတစ်ဦး (TNI)

များကြောင့် မြန်မာလူထုလူတန်းစားများသည် 'မပြီးနိုင်မစီးနိုင် ဖိစီးနှိပ်စက်မှု ဆိုးရွားပြင်းထန်လွန်းလှသည့် သံသရာတစ်ခု' ကိုရင်ဆိုင်ကြုံတွေ့နေရသည်ဟု သတိပေးပြောဆိုသွားခဲ့သည်။[၈၆]

ပဉ္စမအနေဖြင့် NLD ဦးဆောင်သည့် အစိုးရလက်ထက်၌ မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင် EAOs များနှင့် အပစ်အခတ် ရပ်စဲနိုင်ခြင်း မရှိခဲ့ခြင်းက အစိုးရအတွင်းရှိ မတူညီသည့် ဇာတ်ကောင်များအကြားရှိ အကျိုးစီးပွားချင်းပြိုင်ဆိုင်မှုများနှင့် အားနည်းချက်များကို လှစ်ဟပြနေခဲ့သည်။ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေး ကြေညာချက်များကို အပစ်ရပ်နှင့် အပစ်ရပ်ထားခြင်း မရှိသေးသည့် မြောက်ပိုင်း EAOs များအားလုံးနှင့် အနှစ်သာရပြည့်ဝသည့် ညှိနှိုင်းဆွေးနွေးမှုအဖြစ် ပေါင်းစည်းနေရာချသွားနိုင်ရေးသည် နိုင်ငံအတွင်းရှိအရပ်ဖက်နှင့် စစ်ဖက်ခေါင်းဆောင်များအကြားရှိ ဆက်ဆံရေး ပေါင်းစည်းညီညွတ်မှု ရှိမရှိဟူသည့် ကိစ္စရပ်အပေါ် မူတည်နေခဲ့သည်။ ဤသို့ဖြစ်မလာခဲ့ကြောင်း ရှင်းရှင်းလင်းလင်း တွေ့မြင်ခဲ့ကြရပြီးဖြစ်သည်။

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကို စတင်ချန်လှပ်

ခဲ့ချိန်မှစ၍ အစိုးရနှင့် တပ်မတော်တို့သည် ULA/AA အပေါ် စိတ်တူကိုယ်တူ ရန်လိုသည့်ပုံစံဖြင့် ဆက်ဆံလာခဲ့သည်။ အပြန်အလှန်အားဖြင့် ULA/AA ခေါင်းဆောင်များက ၎င်းတို့အပေါ် ထောက်ခံအားပေးသူများကို ပစ်မှတ်ထားရန်ရှာခြင်းသည် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှု လုပ်ငန်းစဉ်ကို အာဏာပိုင်များက တမင်ရည်ရွယ်ချက်ရှိရှိ 'ဖျက်လိုဖျက်ဆီးလုပ်ရန်' ကြိုးပမ်းအားထုတ်ခြင်းဖြစ်သည်ဟု ပြန်လည်ပြောဆိုသွားခဲ့သည်။[၈၇] တစ်ချိန်တည်းလိုလို၌ တပ်မတော်သည်အပစ်အခတ်ရပ်စဲရေးကြေညာချက်များနှင့်ဖယ်ကြဉ်ချန်လှပ်မှုများအတွက် အစိုးရနှင့် ညှိနှိုင်းတိုင်ပင်မှု မပြုခဲ့ခြင်းကညှိနှိုင်းဆွေးနွေးမှုများကိုစိတ်တိုင်းချယ်လှယ်သွားသည့်လုပ်ရပ်ဖြစ်ကြောင်း ထင်ရှားနေခဲ့သည်။ ဤကဲ့သို့သော အဝေမတည့်ဖြစ်နေသည့် အခြေအနေက မင်းအောင်လှိုင်၏ အပစ်အခတ်ရပ်စဲရေး ကြေညာချက်များသည် အစိုးရအတွင်းအရပ်ဖက်နှင့် စစ်ဖက်အင်္ဂါရပ်များအကြား လွန်ဆွဲအားပြိုင်နေသည့် မျက်နှာစာတစ်ခု ဖြစ်သည်ဟူသည့် နိုင်ငံရေးအသိုင်းအဝိုင်းများ၏ သုံးသပ်ယူဆချက်ကို ပိုမိုခိုင်မာသွားစေခဲ့သည်။ အချုပ်အားဖြင့်ဆိုရသော် မည်သည့်ကတိကဝတ်မျိုး ပေးထားသည်ဖြစ်စေ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေးကြေညာချက်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ အပစ်ရပ်ထားခြင်းမရှိခဲ့သည့် EAOs များ ဖယ်ကြဉ်ချန်လှပ်ခံရမှုကို ပြေလည်သွားစေနိုင်ခြင်း မရှိကြောင်း ပေါ်လွင်ထင်ရှားနေခဲ့သလို တပ်မတော်၏ အခွင့်အရေးသမားဆန်သည့် ချဉ်းကပ်မှုပုံစံကိုပါ မီးမောင်းထိုးပြသွားခဲ့သည်။

မြောက်ပိုင်း EAOs များအကြားအယုံအကြည်ကင်းမဲ့နေသည့် အခြေအနေ၌ တပ်မတော်၏ အိန္ဒိယနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးရှိ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ–ကပွလန် ဌာနချုပ်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ဝင်ရောက်စီးနင်းသိမ်းပိုက်မှုက ပို၍အယုံအကြည်တန် သွားစေခဲ့သည်။[၈၈] NSCN–K အပစ်အခတ်ရပ်စဲရေးကို နောက်ပိုင်း၌ ဆက်လက်ထိန်းသိမ်းသွားခဲ့သည်။ သို့သော်လည်း ထိုအချိန်မှစ၍ နေပြည်တော်နှင့် နယူးဒေလီမြို့တော်အကြား အစိုးရနှင့် လုံခြုံရေးပိုင်းဆိုင်ရာဆက်ဆံရေး စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်လာခဲ့တော့သည်။ ဤဖြစ်ရပ်က နိုင်ငံအတွင်းရှိ EAOs အားလုံးကို ပဋိပက္ခဒဏ်သင့်နယ်မြေဒေသများရှိ အပစ်အခတ်ရပ်စဲရေး အစီအစဉ်များ၏ ထိလွယ်ရှလွယ်အကဲဆတ်မှုကို ပြန်ပြောင်းအမှတ်ရစေခဲ့သည်။

၎င်းတို့ဖက်ခြမ်း၌ မြောက်ပိုင်း EAOs များသည် ငြိမ်းချမ်းရေးဆွေးနွေးမှု တစ်ဆို့နေသည့် အခြေအနေကို ချိုးဖျက်နိုင်စေရန် နည်းဗျူဟာပေါင်းစုံသုံး၍ ကြိုးပမ်းခဲ့ကြပြီး ပြတ်တောင်းပြတ်တောင်းဖြင့် ရံဖန်ရံခါကျင်းပခဲ့ကြသည့် အစည်းအဝေးများ၌ အစိုးရညှိနှိုင်းရေးမှူများအား နှစ်ဖက်အပြန်အလှန် အပစ်အခတ်ရပ်စဲရေး မူကြမ်းများ တင်သွင်းခဲ့ကြသည်။ ဤနေရာ၌ မြောက်ပိုင်းမဟာမိတ်အဖွဲ့နှင့် FPNCC စုဖွဲ့မှုနှစ်ဖက်စလုံးမှ EAOs များပါဝင်ခဲ့ကြသည်။ သာဓကအားဖြင့် ၂၀၁၉ ခုနှစ် မတ်လအတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးစင်တာ၏ ဒုဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းသည် FPNCC အဖွဲ့ဝင်များအား NCA သည် 'ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု' တစ်ရပ်တည်ထောင်သွားမည့် ပထမအဆင့်ခြေလှမ်းတစ်ခုဖြစ်သည်ဟု စည်းရုံးနားချနိုင်စေရန် ကြိုးပမ်းသွားခဲ့သည်။[၈၉] ထူးသဖြင့် KIO သည် ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်ခဲ့ကြရသူများ၏ နေရပ်ပြန်နိုင်ရေးကိစ္စကို အမြန်ဆုံးကိုင်တွယ်ဖြေရှင်းသွားရန် လိုအပ်လျက်ရှိကြောင်း အသားပေးပြောဆိုသွားခဲ့သည်။ သို့သော်လည်း နှစ်ဖက်စလုံးအတွက် NCA သို့မဟုတ် ညှိနှိုင်းဆွေးနွေးရေး လုပ်ထုံးလုပ်နည်းများသည် ပွင့်လင်းမြင်သာမှု သို့မဟုတ် ယုံကြည်စိတ်ချရမှု အားနည်းနေခဲ့သည်။ KIO ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ဂွမ်မော်က 'ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် လုံးဝကို အယုံအကြည်မရှိတာပါ' ဟု ပြောဆိုသတိပေးသွားခဲ့သည်။[၉၀]

၂၀၁၉ ခုနှစ် ဧပြီလအတွင်း ယူနန်နယ်စပ်ပေါ်ရှိ ပန်ဆန်းဌာနချုပ်၌ အပစ်အခတ်ရပ်စဲထားသည့် UWSP က ၎င်းတို့ အဖွဲ့အစည်းတည်ထောင်သည့် နှစ်သုံးဆယ်ပြည့် အထိမ်းအမှတ်နေ့ကို ကြိုဆိုဂုဏ်ပြုသည့် အခမ်းအနားတစ်ခုကို ခေါ်ယူကျင်းပခဲ့ခြင်းက နောက်ထပ်မျှော်လင့်စောင့်စားရသည့် အခိုက်အတန့်တစ်ခု ဖြစ်လာခဲ့ပြန်သည်။[၉၁] အထင်ကရအခမ်းအနားသို့ ULA/AA နှင့် မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များ အပါအဝင် FPNCC နှင့် အခြား EAO ခေါင်းဆောင်များ စုံစုံညီညီတက်ရောက်ခဲ့ကြသည်။ တက်ရောက်လာကြသူများအကြား၌ တရုတ်နိုင်ငံ၏ အာရှရေးရာအထူးကိုယ်စားလှယ် ဆွန်းကော့ရှန်းလည်း တစ်ယောက်အပါအဝင် ဖြစ်ခဲ့သည်။ ဖိတ်ကြားမှုပြုခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်ရော မင်းအောင်လှိုင်ပါ တက်ရောက်ခဲ့ကြခြင်းမရှိပေ။ ယင်းအစား လက်နက်ကြီးများနှင့် သံချပ်ကာကားများဖြင့် UWSP စစ်ရေးပြခဲ့သည့်အပေါ် ပြစ်တင်ဝေဖန်ခဲ့ခြင်းကြောင့် တပ်မတော်အရာရှိများသည် အများပြည်သူအာရုံစိုက်ခံခဲ့ရသည်။[၉၂] မည်သို့ပင်ဖြစ်စေ အပြန်အလှန်အပစ်အခတ်ရပ်စဲရေး အဆိုပြုလွှာတင်သွင်းခဲ့ကြသည့် မြောက်ပိုင်း

မဟာမိတ် ကိုယ်စားလှယ်များနှင့် အစိုးရအကြား အစည်းအဝေးများ ဆက်လက်ပြုလုပ်သွားခဲ့ကြသည်။ KIO ပြောရေးဆိုခွင့်ရ ဗိုလ်မှူးကြီးနော်ဘူက 'အစိုးရနဲ့ တပ်မတော်တို့သာ သဘောတူခဲ့မယ်ဆိုရင် ကျနော်တို့ဖက်က နှစ်ဖက်အပြန်အလှန် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသွားဖို့ အဆင်သင့်ရှိပါတယ်' ဟု ပြောဆိုသွားခဲ့သည်။[၉၃]

နှစ်လကြာပြီးနောက် မိုင်းလား၌ NDAA ဆယ့်သုံးနှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပနေချိန်အတွင်းအစိုးရ ကိုယ်စားလှယ်အဖွဲ့က တန်ပြန်အဆိုပြုလွှာဖြင့် ပြန်လည်တုံ့ပြန်လာခဲ့သည်။[၉၄] မည်သို့ပင်ဖြစ်စေ အနှစ်သာရပြည့်ဝသည့် ညှိနှိုင်းဆွေးနွေးမှုများကို ကဖျက်ကယက် ပြုလုပ်နေသည့် တပ်မတော်၏ တောင်းဆိုချက်များသည် လုံးဝဖြစ်နိုင်ခြေမရှိသောကိစ္စရပ်များဖြစ်ကြောင်းအင်အားစုများအားလုံး သိရှိထားကြပြီးဖြစ်သည်။ ယင်းတောင်းဆိုချက်များ၌ ညီနောင်မဟာမိတ်အဖွဲ့အား ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေအများစုကို လက်လွှတ်အဆုံးရှုံးခံကာ တပ်မတော်ဖက်က လက်ခံသင့်သည်ဟု သတ်မှတ်ထားသည့် နယ်မြေဒေသများအထိ ပြန်လည်ဆုတ်ခွာသွားရန် ဖိအားပေးမှုသည်လည်း တစ်ခုအပါအဝင် ဖြစ်နေခဲ့သည်။ ဆိုလိုသည်မှာ ULA/AA အနေဖြင့် ရခိုင်ပြည်နယ်မှ ပြန်လည်ဆုတ်ခွာပေးရမည်ဖြစ်သလို TNLA အနေဖြင့်လည်း ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်၌ နေရာချထားပေးသည့် တအောင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေအတွင်းရှိ သတ်မှတ်နယ်မြေအတွင်းသာ နေထိုင်ရမည်ဟု အဓိပ္ပာယ်သက်ရောက်လျက်ရှိသည်။[၉၅]

အလားတူဝိရောဓိဖြစ်ရသည့်ကိစ္စရပ်တစ်ခုအဖြစ် တပ်မတော်သည် ၂၀၁၉ ခုနှစ်၌ KIO နှင့် MNDAA တို့နှစ်ဖွဲ့စလုံး နယ်ခြားစောင့်တပ် အသွင်ပြောင်းရေး စီမံချက်ကို ငြင်းဆန်ဖြစ်စေရန် တွန်းပို့ပေးခဲ့သည့် အဓိကအကျဆုံးအကြောင်းရင်းတစ်ခုဖြစ်သည့် လက်နက်ဖြုတ်သိမ်းရေး၊ တပ်ဖွဲ့ဝင်စာရင်းပယ်ဖျက်ရေးနှင့် လူမှုဘဝပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်များကို စတင်အကောင်အထည်ဖော်ကြရန် EAOs များအား တောင်းဆိုလာခဲ့သည်။ ဤကဲ့သို့သောစည်းကမ်းသတ်မှတ်ချက်မျိုးက တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုကို အလေးအနက်မထားကြောင်း မြောက်ပိုင်းမဟာမိတ်အဖွဲ့နှင့် FPNCC အဖွဲ့ဝင်များအား ရှင်းလင်းမြင်သာသွားစေခဲ့သည်။

လတ်တလောဌ၌ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများ၌ တိုက်ပွဲများဆက်လက် ဖြစ်ပွားနေခြင်းက တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေးကြေညာသည်ဖြစ်စေ မကြေညာသည်ဖြစ်စေ တပ်မတော်၏ နည်းဗျူဟာများအပေါ် အကျိုးသက်ရောက်မှု မရှိကြောင်း သက်သေပြနေခဲ့သည်။ အပြန်အလှန်အားဖြင့် ULA/AA သည် MNDAA နှင့် TNLA တို့နှင့် လက်တွဲ၍ ၂၀၁၉ ခုနှစ် ဩဂုတ်လလယ်၌ စစ်တက္ကသိုလ်နယ်မြေဖြစ်သည့် ပြင်ဦးလွင်မြို့အပါအဝင် စစ်ရေးပစ်မှတ်ပေါင်းများစွာကို ညီနောင်မဟာမိတ်အဖွဲ့အဖွဲ့ဝင်တစ်ဦးအနေဖြင့် တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ အစိုးရသည် တိုင်းရင်းသားအတိုက်အခံ အင်အားစုများကို ဖြိုဖျက်သွားရန် အပစ်အခတ်ရပ်စဲရေးကို အရေခြုံထားခြင်းသာဖြစ်သည်ဟုပြောဆိုသွားခဲ့သည့် မဟာမိတ်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ၎င်းတို့၏ ယခုတစ်ကြိမ်တိုက်ခိုက်မှုများသည် တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများရပ်တန့်သွားစေရန်နှင့် ညှိနှိုင်းဆွေးနွေးရေးစားပွဲပေါ်သို့အစိုးရကို ဆွဲခေါ်သွားရန်ဟူသည့် ရည်မှန်းချက်နှစ်ခုဖြင့် ဖော်ဆောင်ခဲ့ခြင်း ဖြစ်သည်ဟု ပြောဆိုသွားခဲ့သည် ('EAO အချို့ကို ဖယ်ကြဉ်ချန်လှပ်ခဲ့သည့် ပဋိပက္ခအကျိုးဆက်များ' ကိုကြည့်ပါ)။

နောက်ပိုင်းဩဂုတ်လ အရောက်တွင် ရှမ်းပြည်နယ်အရှေ့ပိုင်းကျိုင်းတုံမြို့၌အစိုးရနှင့်ညီနောင်မဟာမိတ်အဖွဲ့ဝင်များအကြား အပစ်အခတ်ရပ်စဲရေး စကားဝိုင်းများ ပြန်လည်အသက်ဝင်လာခဲ့ပြီး စက်တင်ဘာလလယ်၌ ထပ်မံညှိနှိုင်းဆွေးနွေးရာတွင် ပထမဦးဆုံးအကြိမ်အဖြစ် တပ်မတော်သားကိုယ်စားလှယ်များ တရားဝင်တက်ရောက်ပါဝင်လာခဲ့သည်။ဤသို့ပါဝင်လာခြင်းသည် တစ်ဖြည်းဖြည်းချင်း အပစ်အခတ်ရပ်စဲရေးရရှိရန် မျှော်မှန်းထားသည့်အင်အားစုများအနေဖြင့် မဖြစ်မနေလှမ်းရမည့် ခြေလှမ်းတစ်ခုဖြစ်ခဲ့သည်။ ယုံကြည်စိတ်ချမှု မြင့်တက်လာစေမည့် ချဉ်းကပ်မှုတစ်ခုအဖြစ် နိုင်ငံပိုင်မီဒီယာပေါ်၌ EAOs များ၏ သဘောထားကြေညာချက်နှင့် ဆက်လက်ညှိနှိုင်း ဆွေးနွေးသွားမည့်သဘောတူညီချက်ကို အများပြည်သူ သိရှိနိုင်စေရန် ထုတ်ပြန်ပေးခဲ့သည်။[၉၆] ညီနောင်မဟာမိတ် အဖွဲ့ဖက်ကလည်း စက်တင်ဘာလ ၉ ရက်နေ့၌ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေးကို စက်တင်ဘာလ ၂၀ ရက်နေ့မှစ၍ နှစ်ကုန်အထိ နောက်ထပ်သုံးလ ထပ်မံသက်တမ်းတိုးလိုက်ကြောင်း ထုတ်ပြန်ကြေညာသွားခဲ့သည်။[၉၇] သို့သော်လည်း မည်သို့ပင်ကနဦးဆွေးနွေးသွားမည့် အချက်များကို ညှိနှိုင်းသဘောတူထားလင့်ကစား နှစ်ဖက်အင်အားစုများအကြား နှစ်ဖက်အပြန်

အလှန်အပစ်အခတ်ရပ်စဲရေး အစီအစဉ်တစ်ရပ်ကို လက်တွေ့ကျကျ ထုဆစ်ပုံဖော်နိုင်စေမည့် အရှိတရားများနှင့် အလှမ်းဝေးနေကြဆဲပင်ဖြစ်သည်။

ငြိမ်းချမ်းရေး သဘောတူညီမှု အလားအလာအပေါ် အကောင်းမြင်စိတ်များကြောကြာမခံခဲ့ကြောင်းထင်ရှားလာခဲ့သည်။ ဤအခိုက်အတန့် ကျရောက်မလာမီအချိန်ထိတပ်မတော်၏ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေး ကြေညာချက်များအတွင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ပါဝင်လာခဲ့ပြီး တစ်ဆစ်ချိုးညှိနှိုင်းဆွေးနွေးမှု အလှည့်အပြောင်းကို ဆောင်ကျဉ်းပေးနိုင်မည့် စက်ဒ်န်တစ်ရပ်ကို ဖန်တီးပေးလိမ့်မည်ဟု မျှော်လင့်စောင့်စား နေကြဆဲဖြစ်သည်။ သို့သော်လည်း ညီနောင်မဟာမိတ်အဖွဲ့များ ၎င်းတို့၏ နောက်ဆုံးတစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေးကို ထုတ်ပြန်ကြေညာသွားခဲ့ပြီးနောက် တစ်ရက်အကြာ စက်တင်ဘာလ ၂၁ ရက်နေ့အရောက်တွင် တပ်မတော်ဖက်က ၎င်းတို့၏ ကြေညာချက်ကို ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာသွားခဲ့သည်။[၉၈] ကျိုင်းတုံအစည်းအဝေးများပြီးဆုံး ကာစအချိန်မျိုး၌ ရင်လေးဖွယ်ရာအခိုက်အတန့်မျိုး ရုတ်တရက် ပေါ်ထွက်လာခြင်းက တပ်မတော် ခေါင်းဆောင်များသည် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲများ၌ ၎င်းတို့၏ ကိုယ်ပိုင်လုံခြုံရေးအစီအမံနှင့် နိုင်ငံရေးသတင်းစကားများကို ရှေ့တန်းတင်သွားမည့် နည်းလမ်းတစ်ခုအဖြစ် ထုတ်ပြန်ကြေညာချက်ကို အသုံးချကာ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေးကို ဖျက်သိမ်းခဲ့ခြင်း ဖြစ်သည်ဟူသည့် သုံးသပ်ယူဆချက်ကို ပိုမိုခိုင်မာသွားစေခဲ့သည်။

တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလာသည် နှင့်အမျှ KIO အပါအဝင် မြောက်ပိုင်း EAOs အဖွဲ့ဝင်များသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း အဆိုပြုလွှာအသစ်တစ်ခု ထပ်မံတင်သွင်းသွားရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။[၉၉] ယခုတစ်ကြိမ်၌ စစ်သုံ့ပန်းအပြန်အလှန်လဲလှယ်ရေး၊ အစိုးရ၏ အရပ်သားပြည်သူများအား တော်လှန်ရေးလှုပ်ရှားမှုများကို အားပေးကူညီသည်ဟု ပြောဆိုစွပ်စွဲကာ လိုက်လံဖမ်းဆီးမှုများအဆုံးသတ်ရေးနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်အတွင်း အခြား EAOs များနှင့် တရုတ်တို့ကို ပါဝင်ဆောင်ရွက်ခွင့်ပြုသည့် စောင့်ကြည့်ရေးယန္တရားတစ်ခု ထည့်သွင်းပေါင်းစပ်သွားရေးဟူသည့် အဓိက တောင်းဆိုချက်သုံးခုပါဝင်နေခဲ့သည်။ မည်သို့ပင်ဖြစ်စေ အစိုးရသည် ယခုတစ်ကြိမ်တွင်လည်း EAO အဆိုပြုလွှာများကို ငြင်းဆန်ကန့်ကွက်သွားခဲ့သဖြင့် တိုက်ပွဲများဆက်လက်ဖြစ်ပွားလာတော့သည်။

သို့ဖြစ်၍ ၂၀၂၀ ခုနှစ်ဝင်ရောက်လာသည့်တိုင် ငြိမ်းချမ်းရေးအလားအလာကောင်းများ ဆက်လက်ဆိတ်သုဉ်းနေခဲ့ခြင်းဖြစ်သည်။ ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲများဖြစ်ထွန်းလာစေရန် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေး လုပ်ငန်းများကို အံဝင်ခွင်ကျ နေရာချထားနိုင်စေမည့် အလားအလာမျိုး ပေါ်ထွက်လာပုံ မရခဲ့ပေ။ ဇန်နဝါရီလအတွင်း နှစ်ဖက်အင်အားစုများသည် ယူနန်ပြည်နယ်၌ နောက်တစ်ကြိမ်အလွတ်သဘော တွေ့ဆုံစည်းဝေးခဲ့ကြပြီး နောက်ပိုင်းလများအတွင်း တရားဝင်ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် သဘောတူညီမှု ရရှိခဲ့ကြသည်။ ညီနောင်မဟာမိတ်အဖွဲ့ဝင် EAOs များကလည်း ဒီဇင်ဘာလတွင် သက်တမ်းကုန်ဆုံးသွားတော့မည့် ၎င်းတို့၏ အပစ်အခတ်ရပ်စဲရေးထုတ်ပြန်ချက်ကို ဖေဖော်ဝါရီလကုန်အထိ ထပ်မံသက်တမ်းတိုးခဲ့ကြပြီး နောက်ပိုင်းမတ်လအကုန်အထိ ဆက်လက်သက်တမ်းတိုးခဲ့ကြသည်။ သို့သော်လည်း တွေ့ဆုံဆွေးနွေးသွားမည့် အစီအစဉ်သည် လုံးဝအသက်ဝင်လာခြင်း မရှိခဲ့ပေ။ လုံးဝမျှော်လင့်ထားခြင်း မရှိခဲ့သည့် အကျပ်အတည်းသစ်တစ်ခုဖြစ်သည့် ကိုဗစ်-၁၉သည် နိုင်ငံအဝှမ်းရှိ လူ့ဘောင်အသိုက်အဝန်းနှင့် လူထုလူတန်းစားအလွှာပေါင်းစုံ၏ ရှင်သန်နေထိုင်မှုဘဝကို ရစရာမရှိအောင် ကျွမ်းထိုးမှောက်ခုံဖြစ်သွားစေခဲ့တော့သည်။

ဤကဲ့သို့သောရေခဲမြေခဲမျိုးကြောင့်အလွန်အရေးကြီးသည့်ကိစ္စရပ်များ၌တစ်ခုအပါအဝင်ဖြစ်သည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ဒုတိယဦးစားပေး အဆင့်အတန်းသို့ လျှော့ဆင်းသွားတော့သည်။ အထွေထွေရွေးကောက်ပွဲကြီးနီးကပ်လာသည်နှင့်အမျှ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အောင်မြင်မှုများ ဆောင်ကျဉ်းပေးရန် ယခင်ကထက်ပို၍ အပူတပြင်းလိုအပ်လာခဲ့သည်။ ကမ္ဘာ့ကပ်ရောဂါကျရောက်မှုသည် ဆယ်စုနှစ်ပေါင်းများစွာ ပဋိပက္ခတွင်း ပိတ်မိနေခဲ့သည့် နယ်မြေဒေသများကို ညီညွတ်လာစေမည်လော သို့မဟုတ် ပို၍အကွဲအပြဲဖြစ်လာစေမည်လောဟု မေးစရာရှိလာစေခဲ့သည်။

ဧပြီလ ၁ ရက်နှင့် မေလ ၃ ရက်နေ့တို့တွင် ညီနောင်မဟာမိတ်အဖွဲ့တို့သည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တော်နီယို ဂူတာရက်စ်၏ ကျရောက်လာခဲ့သည့် ကမ္ဘာ့ကပ်ရောဂါကို ဝိုင်းဝန်းတိုက်ဖျက်သွားရန်အတွက် 'တစ်ကမ္ဘာလုံး အပစ်အခတ်ရပ်စဲကြရန်' မေတ္တာရပ်ခံမှုအပြီး၌ အခြား EAOs များနှင့် အဖွဲ့အစည်းများကဲ့သို့ ပင်၎င်း တို့၏ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေးကာလကိုအလျင်အမြန် သက်တမ်းတိုးခဲ့ကြသည်။[၁၀၀] မည်သို့ပင်

ဖြစ်စေဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည်မေလ၁၀ရက် နေ့တွင် လေးလတာမျှ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲလိုက်ကြောင်း ကြေညာချက်နှင့်အတူ ဂူတာရက်စ်၏ မေတ္တာရပ်ခံချက်ကို မတတ်သာသည့်အဆုံး လိုက်လျောနာခံခဲ့သော်လည်း အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်သည် ဆက်လက်ချန်လှပ် ခံထားရဆဲပင်ဖြစ်သည်။ ယခုတစ်ကြိမ်၌လည်း အပစ်အခတ်ရပ်စဲရေးသည် 'အစွန်းရောက်အကြမ်းဖက်' အဖွဲ့အစည်းများ ရှိနေသည့် နယ်မြေဒေသများကို လွှမ်းခြုံမှုရှိ လိမ့်မည်မဟုတ်ဟု အခိုင်အမာပြောဆိုလာခဲ့ပြန်သည်။[၁၀၁] ပြန်လည်တုံ့ပြန်သည့်အနေဖြင့် TNLA ဗိုလ်မှူးချုပ်တ၀ှဖုန်းကျော်က အင်အားစုများအားလုံး 'ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုကို တားဆီးကာကွယ်နိုင်စေရန်' နှင့် အတူတကွ 'ငြိမ်းချမ်းရေးအတွက် အလုပ်လုပ်နိုင်စေရန်' တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲကြောင်း ကြေညာပေးသွားရန် တိုက်တွန်းပြောဆိုခဲ့သည်။[၁၀၂]

တစ်ဆက်တည်းမှာပင် ညီနောင်မဟာမိတ်အဖွဲ့သည် တပ်မတော်၏ အချိန်ဇယားနှင့် ကိုက်ညီမှုရှိစေရန် ၎င်းတို့၏ အပစ်အခတ်ရပ်စဲရေးကို ဇွန်လ ၁ ရက်နေ့အထိ နောက်ထပ်သုံးလ သက်တမ်းတိုးခဲ့ကြသည်။ အချက်ခြောက်ချက်ပါ ထုတ်ပြန်ကြေညာချက်အတွင်း မဟာမိတ်အဖွဲ့က နိုင်ငံရေးတွေ့ဆုံဆွေးနွေးရန်၊ ကိုဗစ်-၁၉ တိုက်ဖျက်ရာ၌ ပေါင်းစည်းဆောင်ရွက်သွားရန်နှင့် 'ပြည်တွင်းစစ်အပြီးသတ်ချုပ်ငြိမ်းသွားစေရန်' နှစ်ဖက်အပြန်အလှန် အပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်သွားရန် တောင်းဆိုထားခဲ့သည်။[၁၀၃] မည်သို့ဆိုစေကာမူ ဤအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များက မြန်မာနိုင်ငံမြောက်ပိုင်းရှိ စစ်ရေးတင်းမာမှုများကို လျှော့ချရန် လောက်လောက်လားလား မစွမ်းဆောင်နိုင်ခဲ့ပေ။ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တစ်ခုတည်းကွက်၍ တိုက်ပွဲများ သက်ဆိုးရှည်နေခဲ့ခြင်းမဟုတ်ခဲ့ပေ။ နှစ်လယ်ပိုင်းအရောက်၌ တပ်မတော်သည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြောက်ပိုင်းမဟာမိတ် အဖွဲ့ဝင်များနှင့်သာမက အပစ်အခတ်ရပ်စဲထားသည့် FPNCC အဖွဲ့ဝင် SSPP အပါအဝင် NCA လက်မှတ်ထိုးအဖွဲ့ဝင် RCSS တို့နှင့်လည်း ထိတွေ့တိုက်ခိုက်မှုများ ဆက်ဖြစ်နေခဲ့သည်။

ယခုအချိန်၌ အနှစ်သာရပြည့်ဝသည့် ညှိနှိုင်းဆွေးနွေးပွဲများဖြစ်ပေါ်လာနိုင်သည့် အခွင့်အလမ်းမှန်သမျှသည် ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုနှင့် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတို့အကြား စုန်းစုန်းမြွေပြ သွားခဲ့ပြီဖြစ်သည်။ ဩဂုတ်လအတွင်း၌ တပ်မတော်သည် ၎င်းတို့၏ အပစ်အခတ်ရပ်စဲရေး ကြေညာချက်ကို စက်တင်ဘာလကုန်အထိ (နောက်ပိုင်းရွေးကောက်ပွဲကာလအထိ) သက်တမ်းတိုးခဲ့သလို ညီနောင်မဟာမိတ်အဖွဲ့သည်လည်း ရွေးကောက်ပွဲနေ့အမီဖြစ်စေရန် ၎င်းတို့၏အပစ်အခတ်ရပ်စဲရေးကြေညာချက်ကို ရက်ပေါင်းခုနှစ်ဆယ် (၎င်းတို့၏ ခုနှစ်ကြိမ် မြောက် သက်တမ်းတိုးခြင်း)ထပ်မံသက်တမ်းတိုးခဲ့ကြသည်။[၁၀၄] နှစ်ဖက်စလုံးက ကျန်းမာရေးကပ်ဆိုက်မှုကြောင့်ဟု ရည်ညွှန်းပြောဆိုခဲ့ကြရာ၌ ညီနောင်မဟာမိတ်အဖွဲ့သည် 'အပြန်အလှန်ငြိမ်းချမ်းရေး ဆွေးနွေးမှုကို တတ်နိုင်သမျှအမြန်ဆုံး' ညှိနှိုင်းဆွေးနွေးသွားရန် ရည်မှန်းထားသည်ဟုလည်း ထုတ်ဖော်ပြောဆိုသွားခဲ့သည်။[၁၀၅] မည်သို့ဆိုစေကာမူ တပ်မတော်ဖက်က အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကို ချန်လှပ်ထားခဲ့သည့် ၎င်းတို့၏ရပ်တည်ချက်ကို ဆက်လက်ဆုပ်ကိုင်သွားခဲ့သည်။

ဤကဲ့သို့ တင်းမာနေကြသည့် အခြေအနေ၌ပင် ခရီးသွားလာမှုနှင့် နိုင်ငံရေးမဲဆွယ်စည်းရုံးမှုအပေါ် တင်းကျပ်သည့် စည်းကမ်းသတ်မှတ်ချက်များဖြင့် မြောက်ပိုင်း EAO နယ်မြေများ၌ နိုဝင်ဘာရွေးကောက်ပွဲကို ဆက်လက်အကောင်အထည်ဖော်သွားခဲ့သည်။ နိုင်ငံတွင်းရှိ အခရာကျသည့် ပဋိပက္ခဇာတ်ကောင်များက အပစ်အခတ်ရပ်စဲထားကြောင်း ကြေညာထားလင့်ကစား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဲဆန္ဒနယ်ပယ်ဖျက်မှုဒဏ်ကို လူဦးရေ၏ လေးပုံသုံးပုံခန့် မဲပေးပိုင်ခွင့်ဆုံးရှုံးခဲ့ရသည့် ရခိုင်ပြည်နယ်၌သာမက ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများသည်လည်း တွေ့ကြုံခံစားခဲ့ကြရသည်။ ရခိုင်၊ ရှမ်းနှင့် တအောင်းနိုင်ငံရေးပါတီများ ထိုက်သင့်သလောက် အောင်မြင်မှုရ ရှိခဲ့ကြသော်လည်း တိုင်းရင်းသားအင်အားစုများ မျှော်လင့်ထားသကဲ့သို့ တစ်ဆစ်ချိုးရွေးကောက်ပွဲအလှည့်အပြောင်းမျိုးပေါ်ထွက်လာခဲ့ခြင်းမရှိပေ။ NLD သာလျှင်နိုင်ငံ၏ မဲဆန္ဒနယ်အများအပြား၌ သောင်ပြိုကမ်းပြိုထပ်မံအနိုင်ရခဲ့သည် ('ကိုဗစ်-၁၉ နှင့် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ' ကိုကြည့်ပါ)။

ရွေးကောက်ပွဲအလွန်၌ အဖြစ်အပျက်များသည် ထင်မှတ်မထားသည့် အရွေ့သစ်တစ်ခုဆီသို့ ဦးတည်သွားခဲ့သည်။ ရွေးကောက်ပွဲနေ့မတိုင်မီ တပ်မတော်နှင့် အစိုးရ ခန့်အပ်ခဲ့သည့် ရွေးကောက်ပွဲကော်မရှင်တို့အကြား တိုးသည်ထက် တိုးပွားလာလျက်ရှိသည့် မဲဆန္ဒနယ်ပယ်ဖျက်မှုများအတွက် မည်သည့်ဖက်က တာဝန်ရှိသနည်းဟူသည့်

ရခိုင်ပြည်နယ်၏ တစ်ကျော့ပြန်ပဋိပက္ခ

ကနဦး NCA လက်မှတ်ရေးထိုးခဲ့ပြီးနောက်ပိုင်း ရခိုင်ပြည်နယ်ဌာနချုပ်ဖြစ်သည့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၏ လက်အောက်၌ ပဋိပက္ခနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ အထူးတလည်မြင့်တက်လာခဲ့ပြန်သည်။ ၂၀၁၆–၁၈ ခု နှစ်အတွင်း တပ်မတော်၏ ရိုဟင်ဂျာပြည်သူများကို ဦးတည်ပစ်မှတ်ထားသည့် စစ်ဆင်ရေးလုပ်ငန်းများကြောင့် နိုင်ငံ၏ သမိုင်းတစ်လျှောက် အဆိုးရွားဆုံးသော နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ရမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှု လှိုင်းလုံးများ တစ်ခုပြီးတစ်ခုပေါ်ထွက်လာခဲ့သည်။ ခန့်မှန်းခြေအားဖြင့် နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ခဲ့ကြရသူ ပေါင်း ၇၂၅၀၀၀ ခန့်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်း ရောက်ရှိနေပြီးသား အခြားရိုဟင်ဂျာ စစ်ဘေးဒုက္ခသည်ပေါင်း ၃၅၀၀၀၀ ခန့်နှင့် ပူးပေါင်းနိုင်ရန် နယ်စပ်ကိုဖြတ်ကျော်၍ အသက်လုထွက်ပြေးခဲ့ကြရသည်။[၁၀၇] အာရကန်ရိုဟင်ဂျာ ကယ်တင်ရေးတပ်မတော်ဟူ၍ အသစ်ပေါ်ထွက်လာခဲ့သည့် ခြိမ်းခြောက်မှုအန္တရာယ်ကို ချေမှုန်းသွားမည့် 'နယ်မြေ ရှင်းလင်းရေး' စစ်ဆင်ရေးလုပ်ငန်းများကို တပ်မတော်စတင်ခဲ့ပြီးနောက် စစ်ရေးလှုပ်ရှားမှု အထွတ်အထိပ်ရောက်ရှိခဲ့သည့် တစ်လအတွင်းမှာပင် အနည်းဆုံးအရပ်သားပြည်သူစုစုပေါင်း ၉၄၀၀ ကျော် သေကျေပျက်စီးခဲ့ရကြောင်း Medecins Sans Frontieres မှ လေ့လာတွေ့ရှိခဲ့သည်။[၁၀၈]

နောက်ဆက်တွဲအနေဖြင့် ကုလသမဂ္ဂ၏ အနှောင်အဖွဲ့ကင်းလွတ်လပ်သည့် နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင်ကလည်း နောက်ပိုင်း၌ တပ်မတော်သည် လူသားဖြစ်တည်မှုကို ဆန့်ကျင်လျက်ရှိသည့် ပြစ်မှုများနှင့် စစ်ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သည်ဟု အတည်ပြုသွားခဲ့ပြီး လူမျိုးတုံးသတ်ဖြတ်မှုကိုပါ တစ်ပါတည်း စုံစမ်းစစ်ဆေး၍ အရေးယူသင့်သည်ဟု ထုတ်ပြန်လာခဲ့သည်။[၁၀၉] ဤကျူးလွန်မှုများအတွက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခြားတပ်မတော်ခေါင်းဆောင်ငါးဦး၌ လုံးလုံးလျားလျားတာဝန်ရှိသည်ဟု လူသိရှင်ကြား အမည်တပ်ကာ စွပ်စွဲပြောဆိုသွားခဲ့သည်။ နိုင်ငံတကာရာဇဝတ်ခုံရုံးနှင့် နိုင်ငံတကာတရားရုံးအောက်၌ နိုင်ငံတကာဥပဒေအရ အရေးယူမှုများ စတင်ပြုလုပ်လာခဲ့သည်။ မည်သို့ပင်ဖြစ်စေ ဤသတိပေးချက်များသည် အောက်ခြေမြေပြင်၌ အကျိုးသက်ရောက်မှု မရှိသလောက် နည်းပါးနေခဲ့သည်။ ၂၀၂၃ ခုနှစ်အထိ ရိုဟင်ဂျာအကျပ်အတည်းကို ဖြေရှင်းနိုင်ခြင်း မရှိသေးပေ။

တစ်ချိန်တည်းလိုလို၌ တပ်မတော်နှင့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/အာရကၠတပ်တော်အကြား တိုက်ပွဲပြင်းထန်နေခဲ့သည့် အခြေအနေမျိုး၌ NCA လက်မှတ်ရေးထိုးခဲ့ကြပြီးနောက်ပိုင်း အနောက်ပိုင်းနယ်စပ်ဒေသတစ်လျှောက် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ကျယ်ပျံ့နှံ့လာခဲ့သည်။ အဓိကအားဖြင့် ရခိုင်အမျိုးသားရေးဦးတည်ချက်ကို ပစ်မှတ်ထားခဲ့ပုံရသည့် ဆုံးဖြတ်ချက်များကို ချမှတ်လာခဲ့သည့် ၂၀၁၈ ခုနှစ်နှောင်းပိုင်းမှစ၍ ပိုမိုပြင်းထန်လာခဲ့ခြင်းဖြစ်သည်။ အထူးတလည် မကျေမချမ်းဖြစ်ရသည့် ကိစ္စရပ်များအတွင်း ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲအတွင်း ပြည်နယ်ကိုယ်စားလှယ်နေရာအများစုကို အနိုင်ရရှိသွားခဲ့သည့် ရခိုင်အမျိုးသားပါတီကို ခွဲခြားဖယ်ကြဉ်ခြင်း၊ ULA/ AA နှင့် ကြွင်းကျန်ရခိုင်အမျိုးသားကောင်စီ (UNFC အဖွဲ့ဝင်) တို့ကို NCA အတွင်းမှ ဖယ်ကြဉ်ချန်လှပ်ထားခြင်းနှင့် တပ်မတော်၏ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေး ကြေညာချက်၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကို ချန်လှပ်ထားခဲ့ခြင်းတို့ ပါဝင်နေခဲ့သည်။[၁၁၀]

ရခိုင်ခေါင်းဆောင်များအမြင်၌ ဤကဲ့သို့ဆက်ဆံခံရခြင်းသည် အာရကၠဦးတည်ချက် အားနည်းသွားစေရန်နှင့် အင်အားအကြီးဆုံးနှင့် လူကြိုက်အများဆုံး EAO အဖွဲ့ဖြစ်နေသည့် ULA/AA ကို စစ်ရေးနည်းလမ်းဖြင့် အနိုင်ယူနိုင်စေရန်အတွက် ပြည်တွင်းအခြားဒေသများ၌ ဖြန့်ကျက်ထားသည့် အရင်းအမြစ်များ ပြန်လည်ဖြည့်

တင်းရန် တပ်မတော်ကို အထောက်အကူပြုမည့် 'သွေးခွဲအုပ်ချုပ်ရေး' သေနင်္ဂဗျူဟာဖြစ်ကြောင်း သိသာနေခဲ့ပုံရသည်။ အဆိုပါကာလသည် တော်လှန်ရေးလှုပ်ရှားမှု နယ်မြေများနှင့် အင်အားများ အလျင်အမြန်ကြီးထွားလာနေသည့် အချိန်ဖြစ်သည်။ တိုက်ပွဲများ တင်ကျယ်ပျံ့နှံ့လာခဲ့သည့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၀ ခုနှစ် စက်တင်ဘာလအတွင်း ULA/AA ခြေကုပ်ယူထားသည့် ချင်းပြည်နယ် ပလက်ဝမြို့နယ်အပါအဝင် ဒေသတစ်လွှား နောက်ထပ်အရပ်သားပြည်သူပေါင်း ၂၂၆၀၀၀ ခန့် မိမိတို့နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရသလို အရပ်သား ၂၈၉ ဦးအသတ်ခံခဲ့ရပြီး ၆၄၁ ဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း အစီရင်ခံတင်ပြခဲ့ကြသည်။[၁၁၁]

အလားတူပင် ၂၀၁၅ ခုနှစ်၌ NCA လက်မှတ်ရေးထိုးခဲ့သည့် အင်အားနည်းလွန်းသည့် ရခိုင်လွတ်မြောက်ရေးပါတီ၏ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေးသည်လည်း နယ်ခံလူထုလူတန်းစားများကို လုံးဝအကာအကွယ်မပေးနိုင်ခဲ့ကြောင်း ထင်ရှားနေခဲ့သည်။ ရခိုင်ပြည်နယ်အတွင်း NCA လက်မှတ်ထိုးအဖွဲ့ဝင်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ၂၀၁၅ ခုနှစ်၌ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးနောက်ပိုင်း အရပ်သားပြည်သူ ထိခိုက်သေဆုံးရမှုများ သိသိသာသာ မြင့်တက်လာခဲ့သည်။ လက်တွေ့၌လည်း ရပ်ရွာခေါင်းဆောင်များ သတိပေးခဲ့ကြသလိုပင် ALP ၏ ၂၀၁၂ ခုနှစ် အပြန်အလှန် အပစ်အခတ်ရပ်စဲရေးနောက်ပိုင်း သေဆုံးခဲ့ရသူ ၁၉၀ အတွင်းရိုဟင်ဂျာအများစုဖြစ်နေခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကိုယ်တိုင် ပါဝင်လှုံ့ဆော်ခဲ့သည်ဟု သံသယရှိခဲ့ကြသည့် မွတ်စလင်ဆန့်ကျင်ရေး အကြမ်းဖက်မှုကြီး ပေါ်ပေါက်လာခဲ့သည်။[၁၁၂] အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကာလများအတွင်း ရခိုင်ပြည်နယ်၏ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် လူမှုအသိုင်းအဝန်းအားလုံး လွှမ်းခြုံပါဝင်ရေးအတွက် ထင်သာမြင်သာရှိသည့် ဦးစားပေးဆောင်ရွက်မှုများ ရှိနေခဲ့ကြပုံမရပေ။

တပ်မတော်ကျူးလွန်ခဲ့သည့် ဤလူ့အခွင့်အရေး ချိုးဖောက်မှုများအနက် အများအပြားသည် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်လာသည့်တိုင် အရပ်သားပြည်သူများအပေါ် ဆက်လက်အနိုင်ကျင့်ဖိလိုက်ချလာခဲ့သည့် လုပ်ရိုးလုပ်စဉ် တစ်ခုကို ထင်ဟပ်ပြသလျက်ရှိသည်။[၁၁၃] အထူးသဖြင့် 'နယ်မြေရှင်းလင်းရေး' နှင့် 'ဖြတ်လေးဖြတ်' တို့သည် နာမည်ဆိုးဖြင့် အထူးတလည် ကျော်ကြားခဲ့ကြသည်။ ၂၀၁၈–၂၀ ခုနှစ်အတွင်း Amnesty International နှင့် အခြားလူ့အခွင့်အရေးအခြေပြု အဖွဲ့အစည်းများပူးပေါင်း၍ မတရားဖမ်းဆီးခြင်းနှင့် ညှင်းပန်းနှိပ်စက်ခြင်း၊ လူနေရပ်ရွာများအပေါ် လေကြောင်းနှင့် လက်နက်ကြီးများဖြင့် ဗုံးကျဲတိုက်ခိုက်ခြင်းနှင့် ULA/AA ထောက်ခံသည်ဟု သံသယရှိသည့် အရပ်သားပြည်သူများကို မတရားသတ်ဖြတ်နေခြင်းတို့သည် စနစ်တကျကျူးလွန်လေ့ရှိသည့် လုပ်ရိုးလုပ်စဉ်တစ်ခုဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့ကြသည်။[၁၁၄] ၂၀၂၀ ခုနှစ် ဧပြီလအတွင်း ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် ယန်ဟီးလီက ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များ၌ နောက်ထပ် 'စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်တည်မှုကို ဆန့်ကျင်ရာရောက်သည့် ပြစ်မှု' အသစ်များ ထပ်မံကျူးလွန်လျက်ရှိသည်ဟု စွပ်စွဲပြောဆိုသွားခဲ့သည်။[၁၁၅] ၎င်းက ရခိုင်၊ ရှိဟင်ဂျာ၊ မြို့၊ ဒိုင်းနက်နှင့် ချင်းတို့အပါအဝင် နယ်ခံအရပ်သားပြည်သူများအားလုံးပစ်မှတ်ထားတိုက်ခိုက်ခံနေရသည်ဟု ဆက်လက်ပြောဆိုသွားခဲ့သည်။ ULA/AA သည်လည်း အစိုးရအရာရှိများကို တိုက်ခိုက်မှုများနှင့် ပြန်ပေးဆွဲမှုများပြုလုပ်လျက်ရှိသည်ဟု စွပ်စွဲပြောဆိုခံခဲ့ရသည်။ ယန်ဟီးလီက ဖက်အသီးသီးရှိ အစုအဖွဲ့များအားလုံး အပစ်အခတ်ရပ်စဲခြင်းနှင့် တာဝန်ယူမှုတာဝန်ခံမှုရှိခြင်းသည် 'ပဋိပက္ခကို အဆုံးသတ်ရာ၌ အလွန်အရေးပါလျက်ရှိသည်' ဟု ဆက်လက်ရှင်းလင်း ပြောဆိုသွားခဲ့သည်။[၁၁၆]

နိုင်ငံတကာ၏ ဝေဖန်ရှုံ့ချမှုကို ပြန်လည်တုံ့ပြန်သည့်အနေဖြင့် အစိုးရသည် ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံရေးနှင့် လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများကို စုံစမ်းစစ်ဆေးရန် တပ်မတော်ဖွဲ့စည်တာဝန်ပေးခဲ့သည့် ကော်မရှင်နှစ်ခုအပါအဝင် ကော်မရှင်များကို တစ်ဖွဲ့ပြီးတစ်ဖွဲ့စေလွှတ်ခဲ့သည်။[၁၁၇] ၎င်းတို့အနက် ၂၀၁၇ ခုနှစ်

ဩဂုတ်လအတွင်း ဒုတိယအကြိမ်မြောက် ARSA ၏ တိုက်ခိုက်မှုများမစတင်မီ တစ်ရက်အလိုဌ္ဌ ဖွဲ့စည်းတာဝန်ပေးခဲ့သည့် ကိုဖီအာနန်ဦးဆောင်သည့် 'ရခိုင်ပြည်နယ်ဆိုင်ရာ အတိုင်ပင်ခံကော်မရှင်' သည် အလားအလာအရှိဆုံးနှင့် အရေးအကြီးဆုံးဖြစ်ခဲ့သည်။[၁၁၈] မည်သို့ဆိုစေ အာနန်ကော်မရှင်၏ (လူ့အခွင့်အရေးရှုထောင့်ကို အလေးပေးအာရုံစိုက်မှုမရှိခဲ့သည့်) ခြွင်းချက်နှင့်အတူ အစိုးရတရားဝင် လုပ်ပိုင်ခွင့်ပေးထားသည့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများသည် ပွင့်လင်းမြင်သာမှုနှင့် အနှောင်အဖွဲ့ကင်း လွတ်လပ်မှုမရှိခဲ့သလို အနီးကပ်စောင့်ကြည့်နေသူအများအပြား၏ အမြင်၌ ထိပ်တန်းအာဏာပိုင်များကို ရာဇဝတ်မှုများအတွက် တာဝန်ခံခိုင်းစရာမလိုဘဲ သို့မဟုတ် အာနန်ကော်မရှင်၏ ထောက်ခံအကြံပြုချက်များကို အမှန်တကယ်အကောင်အထည်ဖော်စရာမလိုဘဲ နိုင်ငံတကာ၏ ဖိအားများကို လျော့နည်းကျဆင်းသွားစေရန် ကြိုးပမ်းနေသည့်ပုံစံဖြစ်နေခဲ့သည်။

အထူးတလည် နာမည်ဆိုးဖြင့်ကျော်ကြားခဲ့သည့် ဖြစ်စဉ်တစ်ခုအဖြစ် ရိုဟင်ဂျာအမျိုးသားနှင့် ယောကျ်ားလေး ၁၀ ဦးကို သတ်ဖြတ်ခဲ့ကြောင်း ပြစ်မှုထင်ရှားသဖြင့် စီရင်ချက်ချခံခဲ့ရသည့် စစ်သားခုနှစ်ဦးသည် ယင်းဖြစ်ရပ်ကိုစုံစမ်း သတင်းရေးသားခဲ့ကြသည့် Reuters သတင်းထောက်နှစ်ဦးထက် ထောင်နှန်းစံရသည့်ကာလသက်တမ်းများစွာပို၍ တိုတောင်းနေခဲ့သည်။[၁၁၉] ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်အစိုးရနှင့် တပ်မတော်တို့၏ လုပ်ရပ်များနှင့်ပတ်သက်၍ ဒီဟိတ်ရှိ နိုင်ငံတကာတရားရုံး၌ ခုခံကာကွယ်သွားခဲ့ခြင်းကလည်း လူ့အခွင့်အရေးလောကကို တုန်လှုပ်အံ့ဩသွားစေခဲ့သည်။

၂၀၂၀ ခုနှစ်တွင် ရခိုင်ပြည်နယ်ရှိ အစိုးရ၏ နည်းဗျူဟာအများအပြားသည် ဦးတည်ချက် ပို၍တိကျလာခဲ့သည်။ တပ်မတော်၏ အပစ်အခတ်ရပ်စဲရေး ကြေညာချက်များ၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကို ဆက်လက်ချန်လှပ်ထားခြင်း၊ ULA/AA ကို 'အစွန်းရောက်အကြမ်းဖက်' အဖွဲ့အစည်းအဖြစ် အမည်ပျက်စာရင်းသွင်းခြင်း၊ ပဋိပက္ခဒဏ်သင့် နယ်မြေဒေသတစ်လွှားရှိ မြို့နယ်ရှစ်ခု (ကနဦး၌ ဧခု) အတွင်း အင်တာနက်များဖြတ်တောက်ထားခြင်း၊[၁၂၀] နှင့် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ကြသူများနှင့် ပဋိပက္ခသတင်းတင်ဆက်နေသည့် သတင်းထောက်များကို ဖမ်းဆီးထိန်းသိမ်းမှုများ ဆက်ဖြစ်နေခဲ့သည်။[၁၂၁] ကိုဗစ်-၁၉ ဖြစ်စေရောက်လာတော့မည့် အထွေထွေရွေးကောက်ပွဲဖြစ်စေ အစိုးရ၏ ဦးတည်ချက်ကို သိသိသာသာပြောင်းလဲသွားစေနိုင်ခြင်း မရှိခဲ့ကြပေ။

ကိုဗစ်-၁၉ ကျရောက်နေသည့် ရေခဲမြေခဲမျိုးဌ္ဌ ဤကဲ့သို့သော လုပ်ရပ်များသည် အရပ်သားပြည်သူများ၏ သတင်းအချက်အလက်ရရှိပိုင်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုပိုင်ခွင့်တို့သာမက အခြေခံအကျဆုံးဖြစ်သည့် အသက်ရှင်သန်ပိုင်ခွင့်နှင့် ကျန်းမာရေးအခွင့်အရေးများကို ခံစားခွင့်ပိတ်ပင်ရာရောက်နေသဖြင့် နယ်ခံလူထုလူတန်းစားများ၏ လူမှုဖူလုံရေးကို အကြီးအကျယ် ထိခိုက်နစ်နာသွားစေခဲ့သည်။ ကျန်းမာရေးပညာရှင်များပြောဆိုသတိပေးခဲ့ကြ သကဲ့သို့ပင် ၂၀၂၀ ခုနှစ် ဩဂုတ်လအတွင်း ကိုဗစ်-၁၉ ဒုတိယလှိုင်းသည် ရခိုင်ပြည်နယ်မှ စတင်ဖြစ်ပွားလာခဲ့ခြင်း ဖြစ်သည်။[၁၂၂] ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်းနှင့်အတူ အရပ်ဖက်လူ့အဖွဲ့အစည်းများက နယ်ခံလူထုလူတန်းစားသည် ရောဂါကူးစက်ခံရမည့် အန္တရာယ်ထက်စာလျှင် 'စစ်တပ်၏အရပ်သားပစ်မှတ်များကိုဦးတည်တိုက်ခိုက်မှုများ'ကိုပို၍စိုးရိမ်ကြောက်လန့်နေကြရသည်ဟုဝေဖန်ထောက်ပြခဲ့ကြသည်။[၁၂၃]

၂၀၂၀ ခုနှစ် နိုဝင်ဘာရွေးကောက်ပွဲ နီးကပ်လာသည့်အချိန်၌ မဲဆန္ဒနယ်များကို စိတ်တိုင်းကျရွေးချယ်ပယ်ဖျက်နေခြင်းက အစိုးရအနေဖြင့် ရွေးကောက်ပွဲဝင် ရခိုင်အမျိုးသားပါတီအပေါ် ထောက်ခံမဲပေးမှုကို ကန့်သတ်ပိတ်ပင်ရန် ကြိုးပမ်းအားထုတ်နေခြင်းဖြစ်သည်ဟု ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်သုံးသပ်ခဲ့ကြသည်။ ရွေးကောက်ပွဲကော်မရှင် ပယ်ဖျက်သွားခဲ့သည့် မဲဆန္ဒနယ်များသည် NLD နှင့် USDP တို့ထက်စာလျှင် ALP အနိုင်ရရှိရန် မျှော်မှန်းထားသည့် အမာခံနယ်မြေများ ဖြစ်နေခဲ့သည်။[၁၂၄] NLD အတွက် မဲဆွယ်စည်းရုံးရေးဆင်းနေကြ

သည့် ကိုယ်စားလှယ်လောင်းသုံးဦးကို ULA/AA ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် အောက်တိုဘာလရောက်သည့် အခါဝိုမိုဆိုးရွားပြင်းထန်လာမည့် တင်းမာမှုအရိပ်အယောင်များ ပေါ်ထွက်လာတော့သည်။[၁၅၅] အဆုံးမ်၌ ရခိုင်ပြည်နယ်တွင်းရှိ မြို့နယ် ၁၇ ခုအနက် ၁၃ မြို့နယ်ရှိ မဲဆန္ဒနယ်များသည် တစ်ခုလုံးဖြစ်စေ တစ်ဝက်တစ်ပျက် ဖြစ်စေ ပယ်ဖျက်ခံလိုက်ရသဖြင့် ပြည်နယ်တွင်းမဲပေး ဝိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းသည် သာအမှန်တကယ် မဲပေးခွင့်ရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်အခြေအနေအတိုင်းပင် ရိုဟင်ဂျာလူထုလူတန်းစားအများစု သည်မဲပေးဝိုင်ခွင့်အခွင့်အရေး မရရှိခဲ့ကြပေ။ အများစုထောက်ခံမဲဖြင့် ANP အနိုင်ရနေဆဲဖြစ်သော်လည်း မဲဆန္ဒ နယ်ပယ်ဖျက်မှုများကြောင့် မပြောပလောက်သည့် အရေအတွက်မျှ သာမဲပေးခဲ့ကြသဖြင့် အောင်နိုင်မှုသည် ယတိပြတ်မဖြစ်ခဲ့ပေ။[၁၅၆]

ရွေးကောက်ပွဲအလွန်၌ တပ်မတော်နှင့် NLD တို့နှစ်ဖက်စလုံးက ပယ်ဖျက်ခံခဲ့ရသည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲ ခေါ်ယူကျင်းပသွားရန် စိတ်အားထက်သန်မှုပြခဲ့ကြသဖြင့် ULA/AA နှင့် ဖြစ်ပွားလျက်ရှိသည့် ရှေ့တန်းနယ်မြေတွင်း စစ်ရေးတင်းမာမှုများ လျော့ကျသွားခဲ့ပြီး NLD နိုင်ငံရေးသမားများလည်း ပြန်လည် လွတ်မြောက်လာခဲ့သည်။ သို့သော်လည်း အစိုးရ၏ ရခိုင်ပြည်နယ်ရွေးကောက်ပွဲအပေါ် ကိုင်တွယ်သွားသည့်ပုံစံ ကိုနယ်ခံလူ ထုလူတန်းစားများ၏ လူ့အခွင့်အရေးကို ကမ်းကုန်အောင် ဖိနှိပ်ချုပ်ချယ်ပြသွားခဲ့သည့် သာဓက တစ်ခုအဖြစ် အကျယ်တဝင့် ရည်ညွှန်းပြောဆိုခဲ့ကြသည်။ ရခိုင်ပြည်နယ်အတွင်းရှိ အစိုးရမူဝါဒများနှင့် ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်များကို အကြီးအကျယ် ပြန်လည်ဆန်းစစ်သုံးသပ်ရန်များစွာပင် အချိန်လင့်နေခဲ့ပြီဖြစ်သည်။

NLD အနေဖြင့် ဤကဲ့သို့သော အခွင့်အရေးမျိုးကို ဘယ်သောအခါမှ ရရှိလိမ့်မည်မဟုတ်ပါ။ ရွေးကောက်ပွဲ အလွန်၌ ရုတ်ချည်းပြောင်းလဲမှုအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ULA/AA ထံ အဆက်အသွယ်ပြု လုပ်လာခဲ့ပြီး 'အလွတ်သဘော' ဟု ရည်ညွှန်းလေ့ရှိသည့် နားလည်မှုဖြင့် အပစ်အခတ်ရပ်စဲကြမည့် ပုံစံသစ်ကို သဘောတူခဲ့သည်။ အစကနဦးပိုင်း၌ အများပြည်သူ မည်သို့ပင် ထောက်ခံကြိုဆိုခဲ့စေကာမူ ဤအရွေ့သည် စစ် ဘောင်သွင်းမှုပယ်ဖျက် ရေးနှင့် ငြိမ်းချမ်းရေးဆီသို့ ရွေးရွှသည့် လမ်းကြောင်းသစ်တစ်ခု ပွင့်လာခဲ့ပြီဟု ဆိုလိုခြင်း မရှိခဲ့ပေ။ အပစ်အခတ်ရပ်စဲခဲ့ချိန်၌ မျှော်လင့်မထားခဲ့ကြသည့် အရာတစ်ခုမှာ တပ်မတော်ဗိုလ်ချုပ်များသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုဖြင့် အဆုံးသတ်မည့် ပဋိပက္ခစီမံခန့်ခွဲရေးနှင့် နိုင်ငံရေးထိန်းချုပ်မှုကဏ္ဍ ပြုပြင် ပြောင်းလဲရေးအစီအစဉ်တစ်ရပ်ကို ရေးဆွဲနေခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လက်ရှိအချိန်၌ ULA/AA ထက်စာ လျှင် စစ်တပ်ခေါင်းဆောင်များ အဓိကဦးတည် ပစ်မှတ်ထားသည့် ပြိုင်ဘက်မှာ NLD ဖြစ်လာခဲ့ခြင်းဖြစ်သည်။

အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်း နိုင်ငံအတွင်းရှိ အခြားဒေသများနှင့်မတူဘဲ ခြွင်းချက်အနေဖြင့် ရခိုင်ပြည်နယ်အတွင်း ULA/AA နှင့် ပြုလုပ်ထားခဲ့သည့် ဟိုမရောက်ဒီမရောက် ငြိမ်းချမ်းရေးဆက်လက် အသက် ဝင်နေခဲ့ပြီး နေရပ်ပြန် IDPs ဦးရေသည်လည်း တစ်နေ့တစ်ခြားများပြားလာခဲ့သည်။ ဤနေရာ၌ ULA/AA သည် 'စင်ပြိုင်အစိုးရ' စနစ်တစ်ခုကို ထိထိရောက်ရောက် ဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည်။ သို့သော်လည်း ငြိမ်း ချမ်းသည့်ကာလများစွာ ရှည်ကြာခြင်းမရှိခဲ့ဘဲ ၂၀၂၂ ခုနှစ် ထက်ဝက်ကျိုးချိန်မှစ၍ ထိတွေ့တိုက်ပွဲများ ပြန် လည်ဖြစ်ပွားလာခဲ့ပြီး နိဝင်ဘာလအတွင်း 'လူသားချင်းစာနာထောက်ထားမှု' အပစ်အခတ်ရပ်စဲရေး သဘောတူ ညီချက်အသစ်မရမီအချိန်ထိ ပဋိပက္ခနှင့် နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ရမှု သံသရာသစ်ကြီးစတင်လာခဲ့ သည်။ မည်သို့ဆိုစေ တင်းမာမှုများ ဆက်ရှိနေဆဲပင်ဖြစ်သည်။[၁၅၈] လတ်တလောဌ၌ နိုင်ငံတကာ၏ ဝေဖန်ရှုချ ခံနေရလင့်ကစား ရိုဟင်ဂျာပြည်သူများနှင့်စပ်လျဉ်း၍ စစ်တပ်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မူဝါဒအပြောင်းအလဲ ပြုလုပ်ခဲ့ခြင်း မရှိသဖြင့် နိုင်ငံ၏ ကျန်နယ်မြေဒေသများနည်းတူ ရခိုင်ပြည်နယ်အတွင်း၌ လည်း လူ့အခွင့်အရေးချိုးဖောက်မှုများ ပြန်လည်မြင့် တက်လာခဲ့သည်ဟု စုံစမ်းစစ်ဆေးရေးသမားများက အစီရင်ခံတင်ပြခဲ့ကြသည်။[၁၅၉]

အထောက်အထားများ အထိုက်အလျောက် ပေါ်ထွက်လာခဲ့သည်။ အဆုံးသို့ NCA သည် နိုင်ငံအတွင်း အလားအလာ အကောင်းဆုံးဖြစ်သော်လည်း မျက်ကွယ်ပြုခံထားရသည့် နယ်မြေတစ်ခုအတွင်းရှိ လက်နက်ကိုင်ပဋိပက္ခကို အဆုံးသတ်ရန် လုံးဝအသုံးဝင်မှု မရှိကြောင်း ထင်ရှားလာခဲ့သည်။ အလားတူပင် ULA/AA နှင့် NCA လမ်းကြောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းလျက်ရှိပြီး အပစ်အခတ်ရပ်စဲထားသည့် ALP တို့အကြား အာဏာသိမ်းရန်ကြိုးပမ်းမှုနောက်ပိုင်း ရခိုင်ပြည်နယ်အတွင်း ပြိုင်ဆိုင်မှုဆက်လက်ပြင်းထန်နေခြင်းနှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း စစ်တွေမြို့၌ စကစအရာရှိများနှင့်အတူ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနား တက်ရောက်ခဲ့ပြီးနောက် ALP တပ်မှူးတစ်ဦးနှင့် လုပ်ဖော်ကိုင်ဖက်နှစ်ဦး လုပ်ကြံသတ်ဖြတ်ခံခဲ့ရခြင်းက နောက်ထပ်သဘောထားကွဲလွဲစရာ အကြောင်းရင်းတစ်ခုဖြစ်လာခဲ့သည်။ လုပ်ကြံမှုအတွက် ALP က ULA/AA ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု စွပ်စွဲပြောဆိုသွားခဲ့သော်လည်း ပြန်လည်ငြင်းဆန်သွားခဲ့သည်။[၃၃၀] တစ်ချိန်တည်းလိုလိုဌ စစ်ဘေးဒုက္ခသည်စခန်းကို ထိန်းချုပ်နိုင်ရန် ARSA ကြိုးပမ်းလျက်ရှိသည့် ဘင်္ဂလားဒေ့ရှ်နယ်စပ်ဒေသများ၌ အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။[၃၃၁]

မည်သို့ပင်ဖြစ်စေ ပဋိပက္ခသည် ယခုတစ်ကြိမ်၌ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် တပ်မတော်၏ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်အောက်ရှိ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယတို့နှင့် သုံးပွင့်ဆိုင်နယ်နိမိတ် ထိစပ်လျက်ရှိသည့် ဒေသများ၌ ဗဟိုပြုမနေခဲ့ပေ။ ချင်းပြည်နယ်နှင့် အပြန်အလှန်ချိတ်ဆက်နေသည့် နယ်မြေဒေသများ၌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ အာဏာလုရန်ကြိုးပမ်းမှုကို တုန့်ပြန်သည့်အနေဖြင့် တိုက်ပွဲများတစ်ရှိန်ထိုးကျယ်ပြန့်လာခဲ့သည်။ရှေ့ပိုင်းနှစ်များအတွင်းပလက်ဝမြို့နယ်သည်အင်အားအလုံးအရင်းဖြင့် ULA/AAရောက်ရှိလာခဲ့ပြီးနောက်ပိုင်း မဟာဗျူဟာကျသည့် စစ်မျက်နှာတစ်ခုဖြစ်လာခဲ့သည်။ စကစအာဏာလုခဲ့ပြီးနောက် ယခုအချိန်၌ NCA အဖွဲ့ဝင် ချင်းအမျိုးသားတပ်ဦး၏ အပစ်အခတ်ရပ်စဲရေးသည် ပြည်နယ်အနှံ့ ဖိနှိပ်မှုနှင့် လက်နက်ကိုင်တော်လှန်လာသည့် လူငယ်မျိုးဆက်သစ်များ အားကောင်းလာပြီးနောက် အလျင်အမြန်ပင် ပျက်ပြယ်သွားခဲ့သည်။ စစ်အုပ်ချုပ်ရေးအောက် ပြန်လည်ရောက်ရှိသွားခြင်းနှင့်အတူ ချင်းအမျိုးသားတော်လှန်ရေးသည်လည်း ပြန်လည်းနိုးထလာတော့သည်။

နောက်ပိုင်း ၂ နှစ်တာကာလအတွင်း ချင်းပြည်နယ်သည် အကြီးစားစစ်တလင်းပြင်တစ်ခုဖြစ်လာခဲ့သည်။ ၂၀၂၂ ခု နှစ် ဒီဇင်ဘာလအထိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ခန့်မှန်းတွက်ချက်မှုအရ စစ်အာဏာသိမ်းရန် စတင်ကြိုးပမ်းခဲ့ချိန်မှစ၍ ပြည်နယ်အတွင်း နေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်နေရသည့် လူဦးရေစုစုပေါင်းသည် ၆၅၀၀ မှ ၅၀၀၀၀ အထိရှိလာခဲ့သလို အိန္ဒိယဖက်ခြမ်းသို့ ရောက်ရှိသွားခဲ့သည့် စစ်ဘေးဒုက္ခသည်ဦးရေသည်လည်း ၅၀၀၀၀ ကျော်ရှိလာပြီဖြစ်ကြောင်း သိရှိခဲ့ရသည်။[၃၃၂] ယခင်ကဆိုလျှင် CNF သည် အဓိကကျသည့် လက်နက်ကိုင်အင်အားစုတစ်ခု မဟုတ်ခဲ့ပေ။ သို့သော်လည်း ယခုအချိန်၌ အခြားပြည်နယ်တွင်း အစုအဖွဲ့များသည်လည်း CNF နှင့်ပူးပေါင်း၍ ဗဟို အစိုးရကို လက်နက်ကိုင်တော်လှန်နေကြပြီဖြစ်သည်။[၃၃၃] အစိုးရသစ်ကိုလက်နက်ကိုင်တော်လှန်ရန် အသစ်ပေါ်ထွက်လာသည့် တပ်ဖွဲ့အရေအတွက် ပို၍များပြားသည့် အိမ်နီးချင်းမကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် IDPs ဦးရေပို၍များပြားကြောင်း ကြားသိခဲ့ရသည်။[၃၃၄] ယခုအချိန်ထိသံသယရှိနေဆဲဖြစ်ပါက NCAကို နိုင်ငံအတွင်းရှိ ပိုမိုကျယ်ပြန့်သည့် အခြားအဖြစ်အပျက်များမှ အချိတ်အဆက်ဖြတ်တောက်ရန် ကြိုးပမ်းအားထုတ်ရာ၌ အားနည်းနေဦးမည်ဖြစ်ကြောင်း ထပ်မံမီးမောင်းထိုးပြသွားခဲ့သည်။ သမိုင်း၏ စီရင်ချက်သည် ပြင်းထန်ပါလိမ့်မည်။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ယုံကြည်မှုတည်ဆောက်နေရမည့် ဆယ်စုနှစ်တစ်ခုအတွင်း ပဋိပက္ခနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မသိကျိုးကျွန်ပြုခဲ့ခြင်းသည် မအောင်မြင်သည့် NCA နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ စွဲချက်တစ်ခုအဖြစ် ထာဝရတည်တံ့နေပါလိမ့်မည်။

ကိစ္စရပ်အပေါ် သဘောထားကွဲလွဲခဲ့ကြသည်။[၁၀၆] ရွေးကောက်ပွဲအပြီးဌ်လည်း ဤကိစ္စရပ်နှင့်ပတ်သက်၍ မတူကွဲပြားသည့်ပုံစံတစ်မျိုးဖြင့် ထပ်မံအငြင်းပွားခဲ့ကြပြန်သည်။ ငြိမ်းချမ်းရေးသံခင်းတမန်ခင်းသည်လည်း ယခုအချိန်၌ပဋိပက္ခဇာတ်ကောင်များအပေါ် ရွေးကောက်ပွဲအငွေ့အသက်များဆက်လက်လွှမ်းမိုးနေခြင်း မရှိတော့သဖြင့် ပေါ်ထွက်လာခဲ့သည့် အခွင့်အလမ်းကိုသာ ပို၍အလေးပေးအာရုံစိုက်နေခဲ့သည်။ ရွေးကောက်ပွဲ ပြီးဆုံးသွားခြင်းနှင့်အတူ အပစ်အခတ်ရပ်စဲရေးသည်လည်း NLD အား ရွေးကောက်ပွဲအကြို 'အောင်ပွဲ' ရရှိစေခဲ့သည့် မောင်းနှင်အားတစ်ခုအဖြစ် ဆက်လက်ရှုမြင်ခြင်း မခံရတော့ပေ။ ထို့အပြင် အကြောင်းပြချက်များသာလျှင် ကွာခြားသွားခဲ့သော်လည်း တပ်မတော်နှင့် EAOs အချို့အကြား ရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်၍အခဲမကျေနိုင်ဖြစ်ကြပုံချင်း တူညီနေခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း ဤကိစ္စရပ်နှင့်ပတ်သက်၍ မျှော်လင့်မထားခဲ့သည့် လက်ငင်းအကျိုးဆက်များကို ကြုံတွေ့ခံစားခဲ့ရခြင်းကြောင့် တပ်မတော်နှင့် ULA/AA နှစ်ဖက်စလုံး နားလည်မှုဖြင့် ရန်လိုတိုက်ခိုက်မှုများ ဆိုင်းငံ့လိုက်ကြောင်း လူသိရှင်ကြား သဘောထားကြေညာချက်များထုတ်ပြန်ခဲ့ခြင်းက နှစ်ဖက်တပ်ဖွဲ့ဝင်များကို ရန်ပြေငြိမ်းစေသည့် ကိုယ်နှုတ်အမူအရာနှစ်မျိုးဖြင့် ငြိမ်းချမ်းရေးအလှည့်အပြောင်းတစ်ခုကို ရှာဖွေဖော်ထုတ်နိုင်စေရန် တံခါးပွင့်သွားစေခဲ့သည်။ ပထမအချက်အဖြစ် တပ်မတော်သည် နိုဝင်ဘာလ ၉ ရက်နေ့တွင် NCA လက်မှတ်ထိုးအဖွဲ့ဝင်များနှင့်လက်မှတ်ရေးထိုးထားခြင်းမရှိသည့် EAOsနှစ်ဖက်စလုံးကို ချိတ်ဆက်ဆွေးနွေးသွားမည့် 'ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုကော်မတီ' အသစ်တစ်ခုကို ကြေညာမောင်းခတ်ခဲ့သည်။[၁၃၅] ဒုတိယအချက်အဖြစ် မဲဆန္ဒနယ်ပယ်ဖျက်ခံလိုက်ရသည့် နယ်မြေဒေသများ၌ ရွေးကောက်ပွဲ ဆက်လက်ကျင်းပသွားရန် အစိုးရကို တိုက်တွန်းပြောဆိုသွားခဲ့သည့် ULA/AA ၏ ထုတ်ပြန်ချက်ကို ကြိုဆိုထောက်ခံသည့် ကြေညာချက်တစ်ခု ထုတ်ပြန်သွားခဲ့သည်။[၁၃၆] ထိုအချိန်က ကနဦး၌ များစွာသတိပြုမိခြင်း မရှိခဲ့သည့် ဤအဖြစ်အပျက်များ၏ နောက်ကွယ်၌ ရွေးကောက်ပွဲ အောင်မြင်ရေးကို အထောက်အကူဖြစ်စေရန် ရခိုင်ပြည်နယ်အတွင်း အပစ်အခတ်ရပ်စဲထားကြရန် စည်းရုံးအရေးဆိုခဲ့သည့် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အထူးကိုယ်စားလှယ်နှင့် နိပွန်ဖောင်ဒေးရှင်း၏ဥက္ကဋ္ဌဖြစ်သူယိုဟဲ ဆာဆာကာဝါ ရှိနေခဲ့သည်။[၁၃၇]

ယခုအချိန်မှစ၍ နိုင်ငံရေးအရွေ့များ ခြေလှမ်းသွက်လာခဲ့သည်။ နိုဝင်ဘာလ ၁၂ ရက်နေ့မှစ၍ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်း နားလည်မှုဖြင့် ရန်လိုက်တိုက်ခိုက်မှုများ အလွတ်သဘော ရပ်ဆိုင်းသွားခဲ့ပြီး နောက်ပိုင်း တပ်မတော်၏ ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးရေးကော်မတီနှင့် ULA/AA တို့အကြား အပြန်အလှန်ဆွေးနွေးညှိနှိုင်းမှုအကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီးနောက် နှစ်သစ်ကူးနေ့၌ ယခင်က ULA/AA ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် NLD ကိုယ်စားလှယ်လောင်းများကို ပြန်လွှတ်ပေးခဲ့သည်။[၁၃၈] အစောပိုင်း၌လုပ်ငန်းစဉ်သစ်တစ်ခုဖန်တီးတည်ဆောက်သွားရန် အစိုးရဖက်က စိတ်လိုလက်ရရှိပုံ သို့မဟုတ် ကြိုတင်ပြင်ဆင်ထားခဲ့ပုံမရခဲ့သဖြင့် ရခိုင်ပြည်နယ်အတွင်း စစ်အင်အားတိုးချဲ့တည်ဆောက်နေခြင်းများကို ချက်ခြင်းလက်ငင်း လျှော့ချနိုင်ခြင်း မရှိခဲ့ပေ။ သို့သော်လည်း နှစ်အကူးအပြောင်းဖြစ်သွားပြီးနောက်ပိုင်း မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များနှင့် ယာယီအပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများစတင်ခြင်းဖြင့် အစိုးရကိုယ်တိုင် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲများ၌ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလာခဲ့သည်။ TNLA သည် မြင်သာထင်ရှားသည့် အစိုးရ၏ မူဝါဒအပြောင်းအလဲကို မဆိုင်းမတွပင် ကြိုဆိုလက်ခံသွားခဲ့သည်။[၁၃၉] အစိုးရသစ်ဖွဲ့စည်းနိုင်ရန် NLD လုံးပန်းနေခဲ့ခြင်းအပေါ် ထင်ကြေးအမျိုးမျိုး ပေးနေသည့်အကြား၌ နိုင်ငံတော်အတိုင်ပင်ခံဒေါ်အောင်ဆန်းစုကြည်သည် နှစ်သစ်ကူးနေ့တွင် ပြည်တွင်း၌ 'ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုယန္တရားသစ်' တစ်ခုဖော်ဆောင်သွားမည်ဟု ထုတ်ပြန်ကြေညာလာခဲ့သည်။ သို့သော်လည်း မြောက်ပိုင်းမဟာမိတ်အဖွဲ့ သို့မဟုတ် FPNCC အဖွဲ့ဝင်ဖြစ်နေကြသည့် မြောက်ပိုင်းအခြေစိုက် EAOs များကိုငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲများ၌ မည်ကဲ့သို့သောပုံစံမျိုးဖြင့်ပါဝင်စေမည်ဖြစ်ကြောင်းရည်ညွှန်းပြောဆိုသွားခြင်းမရှိခဲ့ပေ။ ထို့အပြင် လွှတ်တော်တွင်းအပြောင်းအလဲများဖော်ဆောင်လာသည်နှင့်အမျှ ဤချဉ်းကပ်မှုပုံစံသစ်သည် NCA၊ NLD နှင့် တပ်မတော်တို့အတွက် မည်ကဲ့သို့သောအဓိပ္ပာယ်မျိုး ဆောင်လျက်ရှိကြောင်း ရှင်းလင်းသဲကွဲမှုမရှိခဲ့ပေ။ ULA/AA အပစ်အခတ်ရပ်စဲခဲ့သည့် နောက်ပိုင်း နိုဝင်ဘာရွေးကောက်ပွဲ ဖော်ဆောင်သည့်ပုံစံနှင့်ပတ်သက်၍ တပ်မတော်ခေါင်းဆောင်များ ဆက်တိုက်မေးခွန်းထုတ်လာခဲ့သဖြင့် ငြိမ်းချမ်းရေး အလားအလာထက် နိုင်ငံရေးတင်းမာမှုများသာလျှင် ပိုမိုတိုးပွားလာခဲ့သည်။

ဤအနေအထားမျိုး၌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖေဖော်ဝါရီလ အာဏာသိမ်းရန်ကြိုးပမ်းမှု ပေါ်

ပေါက်လာခဲ့ပြီး အရာရာအကုန်လုံး ပြောင်းလဲသွားတော့သည်။ သို့ဖြစ်၍ NLD အစိုးရ၏ နောက်သက်တမ်းအတွင်း မည်သည့်အရာများ လိုက်ပါလာခဲ့မည်ဖြစ်ကြောင်း ဘယ်သောအခါမှ မသိရှိနိုင်တော့ပေ။ ရွေးကောက်ပွဲအပြီး၌ တပ်မတော်သည် ၎င်းတို့၏ ယခင်ပဋိပက္ခအတိုက်အခံ ရန်သူတော်ဖြစ်သည့် ULA/AA ကို အလွတ်သဘော အပစ်အခတ်ရပ်စဲရေးဖြင့် တံခါးဖွင့်ကြိုဆိုခဲ့သော်လည်း အစိုးရအတွင်းရှိ ၎င်းတို့၏မိတ်ဖက် NLD ကိုမူ ရန်ဘက်ပြု၍ ဖြုတ်ချသွားရန်ကြိုးပမ်းအားထုတ်လာခဲ့သည်။ အလားတူ နိမိတ်ဆိုးတစ်ခုမှာ ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲများကို အရှိန်အဟုန်ရလာစေရန်အတွက် ပိုမိုကောင်းမွန်သည့် အပြောင်းအလဲတစ်ခုနှင့် မြန်မာနိုင်ငံမြောက်ပိုင်းဒေသရှိ ပဋိပက္ခများအဆုံးသတ်ရန် ဦးတည်သွားစေလိမ့်မည်ဟူသည့် ULA/AA အပစ်အခတ်ရပ်စဲရေး၏ စိတ်ကူးမျှော်လင့်ချက်မှန်သမျှ အလျင်အမြန် လွင့်ပါးပျောက်ကွယ် သွားခဲ့ခြင်းဖြစ်သည်။ ချင်းပြည်နယ်နှင့် နယ်မြေချင်းထိစပ်နေသည့် မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများ၌အကြီးစားလက်နက်ကိုင်ပဋိပက္ခသစ်များဖြစ်ပွားလာခဲ့သလို KIO၊ MNDAA နှင့် TNLA တို့နှင့်လည်း ထိတွေ့တိုက်ပွဲများ ပြန်လည်စတင်လာခဲ့သည်။

အမျိုးသားနိုင်ငံရေး ဇာတ်ခုံပေါ်၌ အကွဲအပြဲသစ်များနှင့် မဟာမိတ်စုဖွဲ့မှုပုံစံသစ်များ ရုတ်ချည်းပျံနှံ့ရောက်ရှိလာခဲ့ခြင်းနှင့်အတူ NCA လက်လှမ်းမီရန် ခဲယဉ်းနေခဲ့သည့် မြန်မာနိုင်ငံ၏ မြောက်ပိုင်းနယ်စပ်ဒေသများသည် ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလားရာ ဦးတည်ချက်များကို ချမှတ်ပုံဖော်ရာ၌ အလွန်အရေးပါသည့် ရေခဲမြေခံအခင်းအကျင်းတစ်ခုအဖြစ် ဆက်ရှိနေခဲ့သည်။

ကိုဗစ်-၁၉ နှင့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲ

၂၀၂၀ ခုနှစ်အစောပိုင်း၌ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပျံနှံ့မှု ပထမလှိုင်း ရောက်ရှိလာသောအခါ အစိုးရသည် နိုင်ငံရေးအရ ခွဲခြားဖယ်ကြဉ်မှု နှင့်ပတ်သက်သည့် ယခင်အတွေ့အကြုံများမှ လေ့လာသင်ခန်းစာယူမှု အလွန်အားနည်းခဲ့ကြောင်း ပိုမိုထင်ရှားလာခဲ့သည်။ အပစ်အခတ်ရပ်စဲနိုင်စေမည့် အခွင့်အလမ်းများမှ EAOs များနှင့် အချို့သော နယ်မြေဒေသများကို တပ်မတော်ခေါင်းဆောင်များ ဖယ်ကြဉ်ချန်လှပ်ခဲ့သည့်အခါတိုင်း လက်နက်ကိုင်တိုက်ပွဲများ ပိုမိုပြင်းထန်လာခြင်းနှင့် တိုင်းရင်းသားအတိုက်အခံအင်အားစုများ၏ နိုင်ငံရေးဦးတည်ချက်များကို နယ်ခံလူထုများပိုမိုထောက်ခံ အားပေးလာခြင်းဟူသည့် တူညီသည့် ရလဒ်မျိုးကိုသာ ရရှိလာစေခဲ့သည်။ NLD အစိုးရတက်လာပြီးနောက်ပိုင်း ဤကဲ့သို့သော အတွေ့အကြုံများကို အထူးသဖြင့် ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများ၌အဆိုးရွားဆုံး ကြုံတွေ့ခံစားခဲ့ကြရသည်။ ဤအရွေ့သည် ၂၀၂၀ ခုနှစ် မတ်လမှစ၍ နိုင်ငံတစ်လွှားမှ နယ်ခံရပ်ရွာခေါင်းဆောင်များနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးနှင့် ကိုဗစ်-၁၉ အရေးပေါ်ကပ်ဆိုက်မှုကို ကိုင်တွယ်ဖြေရှင်းနိုင်စေရန်အတွက် တိုင်းရင်းသားပြည်သူများအားလုံး ပေါင်းစည်းဆောင်ရွက်ကြရန် အသနားခံစာများထုတ်ပြန်ခဲ့ပြီးနောက်ပိုင်း ပြန်၍ခြေလှမ်းသွက်လာခဲ့သည်။[၁၄၀]

တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးအတွက် အသနားခံရာ၌လူထုကျန်းမာရေးကို ငဲ့ညှာထောက်ထား၍ ရန်လိုတိုက်ခိုက်မှုများ ရပ်ဆိုင်းထားကြရန်လိုအပ်ခြင်း၊ ခေတ်အဆက်ဆက်ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍာသည် ဘဏ္ဍာငွေထောက်ပံ့မှု အလုံအလောက် မရရှိခဲ့သဖြင့် မပြည့်မစုံဖြစ်နေသောကြောင့် မြန်မာနိုင်ငံသည် အထူးတလည် အရဲစွန့်ရမှုအန္တရာယ် မြင့်မားနေခြင်းနှင့် အနည်းငယ်အပြုသဘောဆန်သည့် အချက်တစ်ခုအဖြစ် ကိုဗစ်-၁၉ ကပ်ရောဂါ၏ မကြုံစဖူး ပြင်းထန်လှသည့် သဘောသဘာဝသည် ဘက်အသီးသီးရှိ အင်အားစုများ၏ ဂုဏ်သိက္ခာကို ပြန်လည်အဖတ်ဆယ်ရန်၊ လက်နက်ကိုင်တိုက်ပွဲအရှိန် လျှော့ချသွားရန်နှင့် ကပ်ရောဂါကို အတူတကွရင်ဆိုင်အံတုမည့်ကြိုးပမ်းအားထုတ်မှုများကို ပိုမိုအလေးပေး အာရုံစိုက်ရန်ဟူသည့် အဓိကအကျဆုံး အချက်သုံးချက်ကို ထောက်ပြပြောဆိုသွားခဲ့သည်။[၁၄၁] ကိုဗစ်-၁၉ ၌ လူမျိုးနှင့် နယ်မြေပိုင်နက်ကန့်သတ်ချက်ဟူ၍ မရှိခဲ့ပေ။

မြန်မာနိုင်ငံ၏ အခြေအနေ၌ ဤကဲ့သို့သောထောက်ပြပြောဆိုချက်များသည် တိုင်းရင်းသားပြည်နယ်များ၏ ပဋိပက္ခဒဏ်သင့်ဒေသများနှင့် လူ့အဖွဲ့အစည်း၏ အဆင်းရဲဆုံးအလွှာရှိ လူထုလူတန်းစားများအတွက် ငြင်းမရအောင် ခိုင်လုံသည့်အချက်များ ဖြစ်နေခဲ့သည်။[၁၄၂] ကပ်ရောဂါပျံနှံ့ကူးစက်မှု အတိုင်းအတာနှင့်အညီ လိုအပ်လျက်ရှိသည့် ကာကွယ်ဆေးထိုးနှံပေးခြင်းအပါအဝင် ရောဂါစမ်းသပ်စစ်ဆေးခြင်း သို့မဟုတ် ကျန်းမာရေး ပြုစုစောင့်ရှောက်မှု ပေးအပ်ရသည့် နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ချည်း သက်သက်မဟုတ်ခဲ့ပေ။ အထူးသဖြင့် တစ်ဦးနှင့်တစ် ဦး လူချင်းခွာနေထိုင်ရမည့် အကွာအဝေးကို လိုက်နာဆောင်ရွက်နိုင်ခြင်းမရှိသလို တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး

ဝန်ဆောင်မှုများနှင့် အထောက်အပံ့များ အလုံအလောက် မရှိကြသည့် IDP လူထုလူတန်းစားများအတွက် အရဲစွန့်ရမှု အန္တရာယ် အလွန်ကြီးမားလာခဲ့သည်။ ဤလစ်ဟာနယ်အ တွင်း တိုင်းရင်းသားအခြေပြု ကျန်းမာရေးအဖွဲ့အစည်းများ နှင့် နယ်ခံ EAO အာဏာပိုင်များသည် NCA အဖွဲ့ဝင်များနှင့် NCA အဖွဲ့ဝင်မဟုတ်သည့် နယ်မြေဒေသနှစ်ခုစလုံး၌ သေ ရေးရှင်ရေးသမျှ အရေးကြီးသည့် ဝန်ဆောင်မှုလုပ်ငန်းများ ဖြန့်ကျက်ပေးအပ်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း ၎င်းတို့ကိုယ်တိုင်လည်း ရန်ပုံငွေအထောက်အပံ့မရ ရှိခြင်းနှင့် ပဋိပက္ခကြောင့် စိတ်ဝမ်းကွဲနေကြသည့် ရပ်ရွာ အသိုက်အဝန်းများကို ဘေးကင်းလုံခြုံစွာ လက်လှမ်းမီနိုင် ခြင်းမရှိသည့် အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ မြန်မာနိုင်ငံသည် အာရှတိုက်ဒေသ၌အတွင်း ငှက်ဖျား၊ တီဘီ နှင့် HIV/AIDS ကဲ့သို့သော တားဆီးကာကွယ်၍ ကုသပေး နိုင်သည့် ရောဂါကူးစက်ပြန့်ပွားမှုနှုန်း အမြင့်ဆုံးဖြစ်နေသည့် နိုင်ငံများအကြား တစ်နိုင်ငံအပါ အဝင်ဖြစ်နေခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ပေါ်ပေါက် လာခဲ့သည့် လူမှုရေးအကျိုးဆက်များသည်လည်း အစက တည်းကပင် ကျန်းမာရေးကိစ္စတစ်ခုတည်း မဟုတ်ခဲ့ပေ။ စီးပွားရေးအပေါ် လက်ငင်းရိုက်ခတ်မှု အကျိုးဆက်များက ဆင်းရဲသားနင်းပြားများကို အကြီးအကျယ် ဆင်းရဲဒုက္ခ ရောက်စေခဲ့သည်။ နောက်ပိုင်းလများအတွင်း ကမ္ဘာတစ်လွှား အသွားအလာ ကန့်သတ်ချက်များက သိန်းပေါင်းများစွာ သောအလုပ်သမားများကို အလုပ်လက်မဲ့ ဖြစ်သွားစေခဲ့ သဖြင့် ထိုင်း၊ တရုတ်နှင့် အခြားအိမ်နီးချင်းနိုင်ငံများမှ ရွှေ့ ပြောင်းအလုပ်သမားများ အစုလိုက်အပြုံလိုက် နေရပ်ပြန်ခဲ့ ကြရသည်။ ရွှေ့ပြောင်းအလုပ်သမားပေါင်း ၄၂၀၀၀၀ ကျော် ခန့်သည် အစိုးရထိန်းချုပ်ထားသည့် စစ်ဆေးရေးဂိတ်များ ကိုဖြတ်သန်း၍နေရပ်ပြန်ခဲ့ကြကြောင်းမှတ်တမ်းတင်ထား သော်လည်း ကျန်အများအပြားသည် EAOs ထိန်းချုပ်နယ် မြေများမှတစ်ဆင့် နယ်စပ်ကိုဖြတ်ကျော် ဝင်ရောက်လာခဲ့ ခြင်းဖြစ်သည်။[၁၄၃] ကပ်ရောဂါကျရောက်လာခဲ့ပြီး နောက် ပိုင်းလူ့အဖွဲ့အစည်းအတွင်းရှိ အလွှာပေါင်းစုံသည် ကျန် ကမ္ဘာ့နိုင်ငံများ၌ ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုအတိုင်းပင် နောက်ဆက်တွဲအကျိုးဆက်များကို ရင်ဆိုင်ကြုံတွေ့လာရ တော့သည်။ မြန်မာနိုင်ငံအတွင်း ကြုံတွေ့ခဲ့ရသည့် အကျပ် အတည်းများသည် ယခုအချိန်၌ နိုင်ငံတကာအဆင့်ကြုံ တွေ့လာရသည့် 'မသိကိန်းအသစ်' တစ်ခု ဖြစ်လာခဲ့တော့ သည်။

SSPP ၏ ဌာနချုပ်တွင်သင့်ဝဝ ဝန်ထမ်းများသည် ဗုဒ္ဓဘုရားရှိခိုးခန်းအား ခန့်ခွဲသူများနှင့်အတူ PPE နှာခေါင်းစည်းများဖြင့် ဝတ်ဆင်ထားကြသည်။ (တိုက်ဟန်နိုင်း/S.H.A.N)

ကျန်းမာရေးကို သာတူညီမျှတစ်ပြေးညီ လက်လှမ်းမီပိုင်ခွင့် ရှိမရှိဟူသည့် မေးခွန်းများသည် ပဋိပက္ခဒဏ်သင့် နိုင်ငံများ၌ အလွန်အရေးကြီးသည့် အရာများဖြစ်နေသည်။ ထို့ကြောင့်ပင် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ဖြစ်သူ အန်ထော်နီယိုဂူတာရက်စ်သည် မတ်လ ၂၃ ရက်နေ့၌ 'တစ်ကမ္ဘာလုံး အပစ်အခတ်ရပ်စဲရန်' မေတ္တာရပ်ခံကြောင်းကြေညာသွားခဲ့သည်။[၁၄၄] လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲကြရန် တိုက်တွန်းခဲ့ကြသည့် အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံတကာ NGOs နှင့် သံတမန်များကြောင့် ကြေညာချက်သည် မြန်မာနိုင်ငံအတွင်း အလျင်အမြန်ပင် ပဲ့တင်သံကျယ်လောင်လာခဲ့သည်။ 'ကိုဗစ်-၁၉ က တိုင်းရင်းသား၊ နိုင်ငံသား၊ ကိုးကွယ်ယုံကြည်မှု သို့မဟုတ် လူမှုရေးအဆင့်အတန်း စတာတွေအပေါ် အခြေခံပြီး ခွဲခြားကူးစက်နေမှာ မဟုတ်ဘူး' ဟု မြန်မာနိုင်ငံအတွင်းရှိ အနောက်တိုင်း သံတမန် ၁၈ ဦး၏ ပူးတွဲကြေညာချက်၌ ရှင်းလင်းတင်ပြထားသည်။[၁၄၅]

တိုင်းရင်းသားအခြေပြု ကျန်းမာရေးအဖွဲ့အစည်းများနှင့် EAOs များသည်လည်း အလျင်အမြန်ပင် ပြန်လည်တုံ့ပြန်ခဲ့ကြသည်။ NCA လက်မှတ်ထိုးအဖွဲ့ဝင်များနှင့် အဖွဲ့ဝင်မဟုတ်ကြသူများ နှစ်ဖက်စလုံးသည်လည်း တူညီသည့် အမျိုးသားပြန်လည်သင့်မြတ်ရေး ရည်မှန်းချက်ပန်းတိုင်များကိုပင် အားပေးအားမြှောက် ပြုခဲ့ကြသည်။ တစ်နိုင်ငံလုံး အတိုင်းအတာ အပစ်အခတ်ရပ်စဲကြရန် တိုက်တွန်းပြောဆိုရုံမျှမက ကရင်အမျိုးသားအစည်းအရုံးသည် ၎င်းတို့၏ ကျန်းမာရေးဦးစီးဌာနသည် အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် ပြင်ဆင်ထားပြီးဖြစ်သည်ဟု ထုတ်ပြန်ကြေညာသွားခဲ့သည်။[၁၄၆] အထူးသဖြင့် NCA ၏ အခန်းခြောက်အတွင်းလက်မှတ်ထိုး အဖွဲ့ဝင်များအနေဖြင့် 'ကျန်းမာရေး၊ ပညာရေးနှင့် အရပ်သားပြည်သူများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေမည့် စီမံကိန်းများ' ကို ညှိနှိုင်းဆောင်ရွက်သွားကြမည်ဟု ကတိပြုထားကြသည်။[၁၄၇] ဤကဲ့သို့သောတစ်နိုင်ငံလုံး အတိုင်းအတာ တုံ့ပြန်မှုမျိုးသည် အားလုံးလွှမ်းခြုံပါဝင်မှုရှိသည့် "အမျိုးသားပြန်လည်သင့်မြတ်ရေး" ဆီသို့ ဦးတည်သွားစေနိုင်သကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက်လည်း အလွန်တန်ဖိုးရှိသည့် ထောက်ခံအားပေးမှုမျိုးကို ရရှိစေလိမ့်မည်ဟု ပြောဆိုသွားခဲ့သည်။[၁၄၈]

ဖရဲဆိုဖြို့နယ်၌ ကယားပြည်နယ်ဒီမိုကရေစီပါတီ အစည်းအဝေးတက်နေကြသည့် ကယောအမျိုးသမီးများ (KySDP)

နောက်ပိုင်းရက်များအတွင်း ချင်းအမျိုးသားတပ်ဦး၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီကဲ့သို့သော အပစ်ရပ် EAOs များကလည်း တစ်နိုင်ငံလုံးအတိုင်းအတာ ယာယီစစ်ပြေငြိမ်းရန် တိုက်တွန်းတောင်းဆိုခဲ့ကြသည်။[၁၄၉] ထိုနည်းလည်းကောင်းပင် အပစ်အခတ်ရပ်စဲထားခြင်း မရှိသေးသည့် ညီနောင်မဟာမိတ် အဖွဲ့ဝင် EAOs များကလည်း ဧပြီလ ၁ ရက်နေ့တွင် ၎င်းတို့၏ တစ်ဖက်သတ်အပစ်အခတ် ရပ်စဲရေးကို သက်တမ်းတိုးခဲ့ကြပြီး 'ကမ္ဘာတစ်လွှား နိုင်ငံရေးတန်းတူအခွင့်အရေးနှင့် အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် လက်နက်ကိုင်တိုက်ပွဲဝင်နေကြသည့် တော်လှန်ရေးအဖွဲ့အစည်းများအားလုံး ကမ္ဘာလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေးကြေညာချက် ထုတ်ပြန်သွားရန်' တောင်းဆိုခဲ့ကြသည်။[၁၅၀] ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/ အာရက္ခတပ်တော်ဖက်ကလည်း ၎င်းတို့ကိုယ်ပိုင် ကိုဗစ်-၁၉ အပစ်အခတ်ရပ်စဲရေးကို ထုတ်ပြန်ကြေညာသွားခဲ့သည်။[၁၅၁] တစ်နိုင်ငံလုံး အတိုင်းအတာငြိမ်းချမ်းရေးရရှိရန် လိုအပ်လျက်ရှိကြောင်း တစ်ညီတစ်ညွတ်တည်း ထောက်ခံအားပေးခဲ့ကြသည့် ဘုံသဘောတူညီချက်တစ်ခု ထွက်ပေါ်လာခဲ့သည်။

ဤမေတ္တာရပ်ခံချက်များနှင့် တစ်ပြိုင်တည်းမှာပင် EAOs များသည် ၎င်းတို့ကိုယ်ပိုင် ကိုဗစ်-၁၉ အစီအစဉ်များဖွံ့ဖြိုးတိုးတက်လာစေရန် ဆက်လက်ကြိုးပမ်းခဲ့ကြသည်။ ကမ္ဘာ့သတင်းမီဒီယာခေတ်၌ နိုင်ငံ၏ နယ်မြေဒေသအသီးသီးရှိ EAOs နှင့် အုပ်ချုပ်ရေးအာဏာပိုင်များအားလုံးသည် ကပ်ရောဂါ၏ ပြင်းထန်မှုအတိမ်အနက်ကို အလျင်အမြန် ပင်နားလည်သဘောပေါက်လာ ခဲ့ကြသည်။ အစိုးရအေဂျင်စီများနည်းတူ EAOs များနှင့် နယ်ခံကျန်းမာရေးအဖွဲ့အစည်းများသည် အစောပိုင်း၌ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှု ထက်စာလျှင် လူထုပညာပေးလုပ်ငန်းနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများကိုအလေးပေး အာရုံစိုက်ခဲ့ကြသည်။ သို့သော်လည်း အစုလိုက်အပြုံလိုက် နေရပ်ပြန်လာခဲ့ကြသည့် ရွှေပြောင်းအလုပ်သမားများနှင့် တောတောင်များရှိ များပြားလွန်းလှသည့် IDPs များအတွက် လူချင်းခွာနေထိုင်ရေးနှင့် ရောဂါကူးစက်မှုစောင့်ကြည့်ရေး ပြုလုပ်ရသည့် စိန်ခေါ်မှုသည် EAOs များကိုဝန်ပိလာစေခဲ့သည်။ အစိုးရသည် မြို့ပေါ်ရပ်ကွက်များ၌ အသွားအလာ ကန့်သတ်ထားလင့်ကစား မြန်မာနိုင်ငံအတွင်းသန်းပေါင်းများစွာသော ရွှေပြောင်းအလုပ်သမားများ၊ စစ်ဘေးဒုက္ခသည်များနှင့် IDPs များဖြင့် နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်မှုနှင့် လူဦးရေအရွှေ့အပြောင်းများ အတိုင်းအတာတစ်ခုအထိ ဆက်ရှိနေဆဲပင်ဖြစ်သည်။[၁၅၂]

ဤစိန်ခေါ်မှုများကို မီးစင်ကြည့်ကရန် EAOs များသည် ၎င်းတို့၏ အုပ်ချုပ်ရေးနယ်မြေများအတွင်း ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်များနှင့် ရောဂါခြေချုပ်စခန်းများ ဖွင့်လှစ်လည်ပတ်ခဲ့ကြသည်။ သို့သော်လည်း အပစ်ရပ်ထားခြင်းမရှိခဲ့သည့် ကချင်လွတ်လပ်ရေးအဖွဲ့အစည်းနှင့် အပစ်ရပ်ထားသည့် ဝပြည်သွေးစည်းညီညွတ်ရေးပါတီ ကဲ့သို့သောအင်အားကြီး EAOs များသည် ၎င်းတို့ကိုယ်ပိုင် ကိုဗစ်-၁၉ ကုသမှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ သာဓကအားဖြင့် KIO သည် တရုတ်နှင့် စင်ကာပူနိုင်ငံများမှ ကူးစက်မှုစမ်းသပ်ရေး ကိရိယာများကို တင်သွင်းခဲ့ကြသလို ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ-ကချင်ကို နယ်ခံစေတနာ့လုပ်အားရှင်များနှင့် CSOs များဖြင့် ဖွဲ့စည်းခဲ့ကြသည်။ UWSP သည် 'စောလျင်စွာ စစ်ဆေးဖော်ထုတ်ရေး၊ စောလျင်စွာ အစီရင်ခံရေး၊ စောလျင်စွာ ရောဂါခြေချုပ် ထားရှိရေးနှင့် စောလျင်စွာကုသရေး' မူဝါဒတစ်ရပ်ကို စတင်ကျင့်သုံး လာခဲ့သည်။[၁၅၃] ကပ်ရောဂါစတင်ကျရောက်လာသည့် အစောပိုင်းရက်သတ္တပတ်များအတွင်း ကိုဗစ်-၁၉ သည် နိုင်ငံအဝှမ်းရှိ အဖွဲ့အစည်းများနှင့် လူထုလူတန်းစားများအကြား ထိရောက်တာသွားသည့် တုံ့ပြန်ရေးလုပ်ငန်းများကို အားတက်သရောဖော်ဆောင်လာစေရန် လှုံ့ဆော်ပေးခဲ့ကြောင်း အထင်အရှားတွေ့မြင်ခဲ့ရသည်။

သို့သော် ကပ်ရောဂါ၏ ဖြစ်နိုင်ခြေရှိသည့် လားရာဦးတည်ချက်နှင့်ပတ်သက်၍ မေးခွန်းပေါင်းများစွာ ကျန်ရှိနေကြဆဲဖြစ်သည်။ ၂၀၂၀ ခုနှစ် ဩဂုတ်လမတိုင်ခင်အထိ မြန်မာနိုင်ငံသည် အနည်းဆုံးအားဖြင့် အိမ်နီးချင်းပတ်ဝန်းကျင်နိုင်ငံများကဲ့သို့ ပြင်းထန်သည့် ဗိုင်းရပ်ကူးစက်မှု အတိုင်းအတာမျိုး ကြုံတွေ့ခံစားရခြင်း မရှိခဲ့ပေ။ လက်တွေ့အားဖြင့် ကိုဗစ်-၁၉ တတိယလှိုင်းကျရောက်နေစဉ်အတွင်း အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည့် ၂၀၂၁ ခုနှစ်နောက်ပိုင်းကာလရောက်သည့် အခါမှသာ ပထမဦးဆုံးအကြိမ်အဖြစ် ဗိုင်းရပ်စ်ရောဂါပိုးသည် ကမ္ဘာတစ်ဝှမ်း အလူးအလှိမ့်ရိုက်ခတ်ခဲ့ခဲ့ရသည့် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ရလောက်သည့် အတိုင်းအတာဖြင့် ပြင်းပြင်းထန်ထန် ထိုးနှက်လာခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ပြောရမည်ဆိုပါက ဘက်ပေါင်းစုံရှိပဋိပက္ခအင်အားစုအသီးသီး၏ ကျန်းမာရေးအစုအဖွဲ့များဖော်ဆောင်သွားခဲ့သည့် ကြိုတင်ကာကွယ်တားဆီးရေး အစီအစဉ်များသည် ကပ်ရောဂါ စတင်ကျရောက်လာခဲ့သည့် အစောပိုင်းလများအတွင်း အရှိန်အဟုန်ဖြင့် အလုံးအရင်းစုပြုံကူးစက်မှုကို တားဆီးကာကွယ်နိုင်စေခဲ့သည့် အဓိကအကျဆုံး မောင်းနှင်အားဖြစ်နေနိုင်သည်။ အပြုသဘော

မှတ်ချက်ပေးရမည်ဆိုလျှင် အရေးပေါ် လူထုကျန်းမာရေး အခြေအနေသည် အရောင်အသွေးစုံလင်သည့် ဇာတ်ကောင်များအကြား အသီးသီးအရေးယူဆောင်ရွက်မှုများ စတင်ပြုလုပ်အောင် လှုံ့ဆော်ပေးခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

သို့ရာတွင် ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ပတ်သက်လာပါက မေးခွန်းများသည် ပို၍ပွင့်လင်းနေသည်ဟု ဆိုရမည်ဖြစ်သည်။ တပ်မတော်ခေါင်းဆောင်များ၏အစောပိုင်းပြောဆိုချက်များအတွင်း အကောင်းမြင်နိုင်စရာ အချက်များပါဝင်နေခြင်း မရှိခဲ့ပေ။ ကိုဗစ်-၁၉ အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်၍ မေးခွန်းမေးမြန်းခဲ့ရာ၌ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက ယခင်တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေးကြေညာချက်များ မအောင်မြင်ခဲ့ရသည့်ကိစ္စကို အကျယ်တဝင့်ကိုးကား၍ 'ယုတ္တိမကျ' ဟုသာ ပြန်လည်ဖြေဆိုသွားခဲ့သည်။[၁၅၄] ယင်းအစား NCA အဖွဲ့ဝင်များ၏ နယ်မြေတွင်းဖြစ်စေ အဖွဲ့ဝင်မဟုတ်ကြသူများ၏ နယ်မြေ၌ဖြစ်စေ ကပ်ရောဂါစတင်ကျရောက်ခဲ့သည့် အစောပိုင်းလများအတွင်း တပ်မတော်စစ်ဆင်ရေးလုပ်ငန်းများနှင့် တပ်လှုပ်ရှားမှုများ ရပ်စဲသည်ဟူ၍ မရှိခဲ့ပေ။ အများမေ့လျော့ခါနီးဖြစ်နေသည့် ကိစ္စရပ်တစ်ခုမှာ အပစ်အခတ်ရပ်စဲမှု ပူးတွဲစောင့်ကြည့်ရေး ကော်မတီသည် ၂၀၁၈ နှစ်ကုန်ပိုင်းမှစ၍ တစ်ကြိမ်တစ်ခါမျှ ပြန်လည်တွေ့ဆုံမှု မရှိတော့ခြင်းဖြစ်သည်။

'တစ်ကမ္ဘာလုံး အပစ်အခတ်ရပ်စဲကြရန်' ဂူတာရက်စ် မေတ္တာရပ်ခံခဲ့ပြီး နောက်ပိုင်း ရက်သတ္တပတ်များအတွင်း တိုးတက်ဖြစ်ထွန်းမှုကို နောက်ပြန်ဆွဲသွားခဲ့သည့် အရေးကိစ္စများ တစ်ခုပြီးတစ်ခု ပေါ်ထွက်လာခဲ့သည်။ ရှမ်းပြည် နယ်အမျိုးသားအဆင့်တွေ့ဆွေးနွေးပွဲပြုလုပ်ရန် ခွင့်ပြုပေးသွားမည့် အစီအစဉ်များ တန့်ရပ်သွားခဲ့ပြီး ကိုဗစ်-၁၉ ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေခဲ့သည့် RCSS ၏ ဆေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံခဲ့ရသလို[၁၅၅] KNU နှင့် မွန်ပြည်သစ်ပါတီတို့၏ ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်များ ပိတ်သိမ်းလိုက်ကြရန် ဖိအားပေးလာခဲ့သည့်အပြင် တပ်မတော်သည် KNUအုပ်ချုပ်ရေးနယ်မြေများသို့ကျူးကျော်ဝင်ရောက်လာရန် ကိုဗစ်-၁၉ ကို အသုံးချနေသည့် စွပ်စွဲပြောဆိုမှုများ ပေါ်ထွက်လာခဲ့သည့် ကရင်ပြည်နယ်မြောက်ပိုင်း၌ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည့် ရွာသူရွာသားအရေးအတွက် သိသိသာသာမြင့်တက်လာခဲ့သည်။[၁၅၆]

တစ်ချိန်တည်းလိုလို၌ တပ်မတော်၏ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အောက်၌ လက်နက်ကိုင်တိုက်ပွဲများ အတားအဆီးမရှိ ဆက်လက်ဖြစ်ပွားနေခဲ့သည်။ ဝမ်းနည်းဖွယ်ရာကောင်းသည့် ဖြစ်စဉ်တစ်ခုအတွင်း တပ်မတော်နှင့် ULA/AAတို့အချင်းချင်း သူလုပ်နိုင်သည် ကိုယ်လုပ်နိုင်သည် ဟုအပြန်အလှန် စွပ်စွဲခဲ့ကြသည့် ကိုရိုနာဗိုင်းရပ်စ်သလိပ် နမူနာများ သယ်ဆောင်လာခဲ့သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ ယာဉ်မောင်းတစ်ဦး မင်းပြားမြို့နယ်အတွင်းသတ်ဖြတ်ခံခဲ့ရသည်။[၁၅၇] Amnesty International သတိပေးခဲ့သည့်အတိုင်း ကမ္ဘာ့ကပ်ရောဂါကျရောက်နေစဉ် အတွင်း လက်နက်ကိုင်ပဋိပက္ခ၊ လုံခြုံရေးကန့်သတ်ချက်များနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ စုပုံဖြစ်ပွားလာခဲ့ခြင်းက ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် စွမ်းဆောင်ရည်အရ အဓိက ကျသည့် နယ်ပယ်ကဏ္ဍများ၌ အကြီးအကျယ် စိုးရိမ်ပူပန်မှု မြင့်တက်လာစေခဲ့သည်။[၁၅၈] ဝေဖန်ထောက်ပြမှုများကို လမ်းလွှဲရန် ကြိုးပမ်းသည့်အနေဖြင့် တပ်မတော်ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက 'ကျနော်တို့က ရန်သူ့တပ်ဖွဲ့တွေတင်မက မီဒီယာရဲ့ ချုံခိုတိုက်ခိုက်မှုကိုပါ ခံလိုက်ရတာပါ' ဟုပြောဆိုသွားခဲ့သည်။[၁၅၉] သို့ဖြစ်၍ နောက်ပိုင်းဩဂုတ်လ၌နိုင်ငံအတွင်း စတင်ဖြစ်ပွားလာခဲ့သည့် ဗိုင်းရပ်စ်ဒုတိယလှိုင်း၏ ပထမဦးဆုံးသော ကိုဗစ်-၁၉ ကူးစက်မှုဖြစ်စဉ်သည်တိုက်ပွဲ အပြင်းအထန်ဖြစ်ပွားနေသော်လည်း အမြဲလိုလို ဥပေက္ခာပြုခံထားရသည့် ရခိုင်ပြည်နယ်၏ ပဋိပက္ခဇုံအတွင်း စတင်ဖြစ်ပွားလာခဲ့သည့် ကိစ္စရပ်အပေါ် ထူး၍ အံ့ဩစရာမရှိတော့ပေ။[၁၆၀]

တစ်နိုင်ငံလုံးအတိုင်းအတာ တုံ့ပြန်မှုကို နောက်ထပ်ပို့မို့ရှုပ်ထွေး လာစေခဲ့သည့် ကိစ္စရပ်တစ်ခုမှာ ကိုဗစ်-၁၉ ကျရောက်လာခဲ့ခြင်းကြောင့် NLD နှင့် တပ်မတော်အကြားကမ္ဘာ့ကပ်ရောဂါကို တာဝန်ယူ ကိုင်တွယ်ဖြေရှင်းရန် မည်သည့် အစိုးရအင်္ဂါရပ်က အဓိကတာဝန်ယူရမည်နည်း ဟူသည့်ကိစ္စရပ်အပေါ် အပြိုင်အဆိုင်ဖြစ်လာခဲ့ခြင်းဖြစ်သည်။ ကပ်ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်၌ စစ်တပ်လိုလားထောက်ခံသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် အရေးပေါ် ကျန်းမာရေးကပ်ဆိုက်နေချိန် နိုင်ငံကိုဦးဆောင်သွားရန် (တပ်မတော်ကြိုးစိုးလွှမ်းမိုးထားသည့်) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ခေါ်ယူသွားရန်တောင်းဆိုထားသည့် ပူးတွဲကြေညာချက်တစ်စောင်ကို ဦးဆောင်ထုတ်ပြန်လာခဲ့သည်။[၁၆၁] ပြန်လည်တုံ့ပြန်ရာ၌ အစိုးရအတွင်း ရှိအရပ်သားခေါင်းဆောင်များသည်လည်း သမ္မတဦးဝင်းမြင့်ကြေညာသွားခဲ့သည့် ရောဂါပိုးကူးစက်မှု ထိန်းချုပ်ရေးနှင့် အရေးပေါ်တုန့်ပြန်ရေးကော်မတီ၏ ဖွဲ့စည်းတည်ဆောက်ပုံအတွင်း ကာကွယ်ရေးဝန်ကြီးဌာနကို အထူးတာဝန်ပေး

အပ်ထားသည့်အပေါ် ကျေနပ်လက်ခံခဲ့ကြပုံရသည်။ စစ်တပ်ခန့်အပ်ခဲ့သည့် ဒုတိယသမ္မတမြင့်ဆွေ ဦးဆောင်သွားမည့် ၁၀ ဦးပါကော်မတီ၏ အဖွဲ့ဝင်တစ်ဝက်ကို တပ်မတော်ဖက်မှ ရွေးချယ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ အခြားတစ်ဖက်၌အရပ်ဖက်လူ့အဖွဲ့အစည်း အင်အားစုများသည် ဤကဲ့သို့သောအရွေ့များက ဗိုင်းရပ်စ်ကို 'လက်နက်သဖွယ်အသုံးချမှု' ဆီသို့ ဦးတည်သွားစေမည်ကို အကြီးအကျယ်စိုးရိမ်ပူပန်နေခဲ့ကြသည်။[၁၆၂]

ဤကဲ့သို့သော ရှေ့မတိုးသာနောက်မဆုတ်သာ အခြေအနေကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသာလျှင် အဓိကကျသည့် ကိုဗစ်-၁၉ တုန့်ပြန်ရေးလုပ်ငန်းများကို ဆက်လက်ဦးဆောင်သွားခဲ့သည်။ မည်သို့ပင်ဖြစ်စေ ဗြိုလ်ကုန်ပိုင်းကျမှသာ သမ္မတရုံးအနေဖြင့် ရောဂါပိုးကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရာ၌ EAOs များနှင့် လက်တွဲအလုပ်လုပ်သွားမည့် ညှိနှိုင်းဆောင်ရွက်ရေးကော်မတီတစ်ရပ်ကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။[၁၆၃] အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးစင်တာ၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်ခဲ့သည့် ကော်မတီသည် အပစ်ရပ်နှင့် အပစ်ရပ်ထားခြင်း မရှိသေးသည့် အစုအဖွဲ့နှစ်ဖက်စလုံးနှင့် လက်တွဲအလုပ်လုပ်သွားရန် အဆင်သင့်ရှိနေခဲ့ပုံရသည်။ အစိုးရသည် တိုင်းရင်းသားလူမျိုး၊ ယုံကြည်ကိုးကွယ်မှုနှင့် တည်နေရာအနေအထားများအပေါ် အခြေခံထားခြင်းမရှိသည့် 'မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရစ်မနေစေရ' ဟူသည့် မူဝါဒကိုဆုပ်ကိုင်ထားခဲ့သည်။[၁၆၄]

ကနဦးအစောပိုင်း၌ ကျန်းမာရေးအခြေပြု အစီအစဉ်အပေါ် ကျယ်ကျယ်ပြန့်ပြန့် လက်ခံကြိုဆိုခဲ့ကြသည်ဟုဆိုရမည်ဖြစ်သည်။ သို့သော်လည်း မူဝါဒစိတ်ကူးစိတ်သန်းများကို အကောင်အထည်ဖော်ရာ၌ အတိတ်ကာလ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကျရှုံးသွားစေခဲ့သည့် လုပ်ရိုးလုပ်စဉ်မျိုးကို ပြန်လည်အသက်သွင်းမိခဲ့ကြသည်။ ကော်မတီသစ်၏ အဖွဲ့ဝင်များကို ရွေးချယ်ခန့်အပ်ခဲ့သည့် နောက်ပိုင်းရက်သတ္တပတ်များအတွင်း ရှုပ်ထွေးမှုများ ပေါ်ပေါက်လာခဲ့ပြီး ရံဖန်ရံခါဆိုသလို အစိုးရ၊ တပ်မတော်နှင့် EAOs များအကြား လွန်ဆွဲအားပြိုင်လာခဲ့ကြသည်။ ဆက်သွယ်ပြောဆိုမှုများ ဆက်လက်အားနည်းနေဆဲဖြစ်သလို အရောင်အသွေးမတူသည့် အာဏာပိုင်များအကြား အပြန်အလှန်ယုံကြည်မှု မရှိသလောက် နည်းပါးနေခဲ့သည်။ အထူးသဖြင့် အစိုးရနှင့် တပ်မတော်တို့နှစ်ဖက်စလုံး၏ အစီအစဉ်များသည်နယ်မြေအုပ်ချုပ်ရေး ယန္တရားများကို ကျော်လွန်၍ EAO ထိန်းချုပ်နယ်မြေများအထိဗဟိုအာဏာစီးဆင်းလာစေရန် ဒီဇိုင်းဆွဲထားခြင်း ဖြစ်သည်ဟူသည့် စိုးရိမ်ပူပန်မှုများ ပျံ့နှံ့လာခဲ့သည်။ အစိုးရ၏ သဘောထားအတိုင်းပြောရမည်ဆိုပါက EAO အုပ်ချုပ်ရေးနယ်မြေများ၌ ကိုဗစ်-၁၉ ကူးစက်မှုကိုတွေ့ရှိခဲ့ပါက EAOs များအနေဖြင့် NRPC လမ်းညွှန်ချက်များနှင့်အညီ 'တစ်သဝေမတိမ်း ပူးပေါင်းဆောင်ရွက်သွားရမည်' ဖြစ်သည်။[၁၆၅] အပြန်အလှန်အားဖြင့် EAOs များသည် ၎င်းတို့အနေဖြင့် သမ္မတ သို့မဟုတ် NRPC တို့ဖွဲ့စည်းထားသည့်ကော်မတီများထက်စာလျှင် ဒေသအလိုက် ပြည်နယ်ကျန်းမာရေး အာဏာပိုင်များနှင့်သာ တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်သွားလိုကြောင်း ပြန်လည်အကြောင်းပြန်ခဲ့ကြသည်။

တစ်လအတွင်းမှာပင် ဤအကျပ်အတည်းများသည် ကချင်ပြည်နယ်အတွင်း စတင်အသက်ဝင်လာခဲ့သည်။ အပစ်ရပ်ထားခြင်း မရှိခဲ့သည့် KIO ဖက်က NRPC ကမကထပြုခဲ့သည့်အသေးစားရန်ပုံငွေလှူတန်းမှုကို လက်ခံသွားရန် ငြင်းဆန်ခဲ့သည့်အချိန်၌ တပ်မတော်သည် ရဟတ်ယာဉ်ဖြင့် ပေးပို့ထောက်ပံ့ခဲ့သည့် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေး ပစ္စည်းကိရိယာများကို လာရောက်ကမ်းလှမ်းခြင်းဖြင့် ချက်ခြင်းအရေးယူတုံ့ပြန်လာခဲ့သည်။[၁၆၆] သို့သော်လည်း ကချင်အရာရှိများ စောဒကတက် ပြောဆိုခဲ့ကြသလို ပင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်ဖြစ်ထွန်းရေး အတွက် အဓိကကျဆုံး လိုအပ်ချက်တစ်ခုအဖြစ် ၎င်းတို့တောင်းဆိုခဲ့သည့် တပ်ပိုင်းဆိုင်ရာ သို့မဟုတ် နိုင်ငံရေးကိစ္စရပ်များအပေါ် လာရောက်ညှိနှိုင်းဆွေးနွေးမှု အလျဉ်းမရှိခဲ့ကြပေ။[၁၆၇] နောက်ပိုင်းရက်သတ္တပတ်များအတွင်း တပ်မတော်ဖက်က အပစ်အခတ် ရပ်ဆိုင်းထားကြသော်လည်း KIO ကဲ့သို့ပင် NCA လက်မှတ်ထိုးအဖွဲ့ဝင် မဟုတ်ခဲ့ကြသည့် KNPP နှင့် UWSP တို့အပါအဝင် အခြား EAOs များဆီသို့လည်း ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများကိုပေးပို့ထောက်ပံ့ပေးခဲ့သည်။[၁၆၈]

မည်သို့ပင်ဖြစ်စေပြည်တွင်းနယ်မြေဒေသအမြောက်အများ၌ ရှိရင်းစွဲတင်းမာမှုများ အခိုင်အမာဆက်ရှိနေခဲ့သည်။ ယုံကြည်မှုပို၍ ကင်းမဲ့သွားစေသည့် လုပ်ရပ်တစ်ခုအဖြစ် အစိုးရအာဏာပိုင်များသည် ဤအခွင့်အခါကို အသုံးချ၍ ပြည်တွင်းနေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်ခဲ့ရသူများကိုအစိုးရထိန်းချုပ်နယ်မြေများသို့ အတင်းအကျပ်ရွှေ့ပြောင်းနေရာချထားရန် စတင်ကြိုးပမ်းလာခဲ့သည်။ အခြေအနေသည်စစ်ရှောင်စခန်းများ၌ ကချင် IDPs ၁၀၀၀၀၀ ကျော် ဆက်လက် ကျန်ရှိနေဆဲဖြစ်သည့် နိုင်ငံ၏ အရှေ့မြောက်

ဒေသ၌ အပြင်းထန်ဆုံးဖြစ်ခဲ့သည်။ သို့ဖြစ်၍ ကချင်လူသားချင်းစာနာထောက်ထားမှု ရေးရာကော်မတီနှင့် ပူးပေါင်းလုပ်ငန်းစဉ်အဖွဲ့တို့ပူးပေါင်းကာ မတ်လအတွင်း၌ ရုတ်ချည်းပေါ်ပေါက်လာခဲ့သည့် အကျပ်အတည်းကို ဆွေးနွေးအဖြေရှာမည့် လူသားချင်းစာနာထောက်ထားရေး ညီလာခံတစ်ရပ် စီစဉ်ကျင်းပခဲ့သည်။[၁၆၉] သို့သော်လည်း အရေးပေါ်ကယ်ဆယ်ရေး အကူအညီများ ပေးအပ်ထောက်ပံ့သွားမည့် ထိရောက်သည့်လုပ်ဆောင်ချက်မျိုးလိုက်ပါလာခြင်းမရှိခဲ့ပေ။ Human Rights Watch သည် စစ်ရှောင်စခန်းများ ကို 'ကိုဗစ်-၁၉ ပေါက်ကွဲပျံ့နှံ့လာစေမည့် ယမ်းသေတ္တာများ' အဖြစ် ခိုင်းနှိုင်းပြောဆိုသွားခဲ့သည်။[၁၇၀]

အစိုးရ၏ ရည်ရွယ်ချက်များ ရှင်းလင်းပြတ်သားမှု မရှိကြောင်း ကုလသမဂ္ဂ၏ 'ကမ္ဘာလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး' တောင်းဆိုမှုကို နောက်ဆုံးအချိန်ရောက်မှသာ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လက်ခံအသိအမှတ်ပြုခဲ့သည့် မေလ၌ ပိုမိုထင်ရှားလာခဲ့သည်။ ထိုအချိန်သည် ရိုဟင်ဂျာပြည်သူများ လူမျိုးတုံးသတ်ဖြတ်မခံရအောင် ကာကွယ်စောင့်ရှောက်သွားမည့် အရေးယူ ဆောင်ရွက်ချက်များကို နိုင်ငံတကာတရားရုံးသို့ အစီရင်ခံတင်ပြရမည့် အချိန်ဖြစ်သဖြင့်အစိုးရအပေါ် သံခင်းတမန်ခင်းဖိအားများ အကြီးအကျယ်ကျရောက်နေခဲ့ချိန်ဖြစ်သည်။[၁၇၁] ဤကဲ့သို့သော နောက်ခံမျိုး၌ ညီနောင်မဟာမိတ်အဖွဲ့သည် ၎င်းတို့၏ နောက်ဆုံးအကြိမ်တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေးကိုသက်တမ်းတိုးခဲ့ပြီးနောက် တစ်ပတ်အကြာ၌ မင်းအောင်လှိုင်သည် ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကို အလေးပေးအာရုံ စိုက်ရန် တပ်မတော်အနေဖြင့် လေးလတာမျှတစ်ဖက်သတ် အပစ်အခတ်ရပ်စဲထားမည်ဟု ထုတ်ပြန်ကြေညာသွားခဲ့သည်။[၁၇၂] ခေတ္တခဏမျှ ကိုဗစ်-၁၉ သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် တစ်စုံတစ်ရာအကျိုးသက်ရောက်မှုရှိစေခဲ့ပုံရသည်။

သို့သော် ထုံးစံအတိုင်းပင် ယခုတစ်ကြိမ်၌လည်း ဝှက်ဖဲတစ်ခုရှိနေခဲ့သည်။ ၂၀၁၈ ခုနှစ်၌ မင်းအောင်လှိုင်ပြုလုပ်ခဲ့သည့် ပထမဦးဆုံးသော တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေး ကြေညာချက်အတိုင်းပင် ပြည်နယ်အတွင်း၌ 'အစွန်းရောက်အကြမ်းဖက်' အင်အားစုများရှိနေသည်ဟူသည့် အကြောင်းပြချက်ဖြင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကို ချန်လှပ်ထားခဲ့ပြန်သည်။ ဤအချိန်မှစ၍ တပ်မတော်နှင့် ညီနောင်မဟာမိတ်အဖွဲ့တို့ နှစ်ဖက်စလုံးသည် နိုင်ငံဘာအထွေထွေရွေးကောက်ပွဲ ပြီးဆုံးချိန်အထိ ၎င်းတို့၏ အပစ်အခတ်ရပ်စဲရေးကို သက်တမ်းတိုးခဲ့ကြသည်။ သို့သော်လည်း နှစ်လယ်ပိုင်း ရောက်လာသည့်အခါ ကိုဗစ်-၁၉ သည် တပ်မတော်၏ မြေပြင်လုပ်ငန်းဖော်ဆောင်ရေး နည်းဗျူဟာများအပေါ် သိသိသာသာ အပြောင်းအလဲမဖြစ်စေခဲ့ကြောင်း ပိုမိုရှင်းလင်း မြင်သာလာခဲ့သည်။

မိုးရာသီဝင်ရောက်လာခြင်းနှင့်အတူ မြန်မာနိုင်ငံ၏နယ်မြေဒေသ အနှံ့အပြား၌ လက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။ ရှမ်းပြည်နယ်ရှိ ကွတ်ခိုင်မြို့နယ်အတွင်း အပစ်အခတ်ရပ်စဲထားခြင်း မရှိသည့် တအောင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်နှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့သလို သီပေါမြို့နယ်အတွင်း အပစ်အခတ်ရပ်စဲထားသည့် သျှမ်းပြည်တိုးတက်ရေးပါတီ နှင့်သော်လည်းကောင်း ကျောက်မဲမြို့နယ်အတွင်း NCA လက်မှတ်ထိုးအဖွဲ့ဝင် RCSS နှင့်သော်လည်းကောင်း တိုက်ပွဲများဖြစ်ပွားနေခဲ့သည်။[၁၇၃] ရခိုင်ပြည်နယ်အတွင်း၌ တပ်မတော်သည်လေကြောင်း တိုက်ခိုက်မှုများအပါအဝင် 'အရပ်သားပြည်သူများနှင့် စစ်ရေးပစ်မှတ်များကို ခွဲခြားမှုမရှိဘဲ' ရမ်းသမ်းပစ်ခတ်နေခဲ့သည်ဟု စွပ်စွဲပြောဆိုခံနေရသည်။[၁၇၄] ထို့အပြင် NCA လက်မှတ်ထိုးအဖွဲ့ဝင် KNU နှင့် ပတ်သက်၍လည်း အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်သွားနိုင်သည်ဟု KNU ခေါင်းဆောင်များ ပြောဆိုသတိပေးရသည်အထိ ဦးတည်သွားစေခဲ့သည့် တပ်မတော်၏ ဖာပွန်ခရိုင်တွင်း နယ်မြေချဲ့ထွင်မှုများကြောင့် ဆက်ဆံရေး တစ်ဖြည်းဖြည်းဆိုးရွားလာလျက်ရှိသည်။ အပြန်အလှန်အားဖြင့် ကာလအပိုင်းအခြားအလိုက် ကရင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များ၌ အရပ်သားသေကျေပျက်စီးမှုနှင့် ဆိုးရွားလာနေသည့် လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများကို ကန့်ကွက်သည့် လူထုသပိတ်များ ကြိုကြားကြိုကြား ထွက်ပေါ်လာခဲ့သည် ('စစ်ရေးချိုးဖောက်မှုများ' နှင့် 'အရပ်သားထိခိုက်သေဆုံးမှုများ' ကို ကြည့်ပါ)။

ကြားဝင်ဖျန်ဖြေရေး ဇာတ်ကောင်ပေါင်းများစွာသည် ပဋိပက္ခတွင်း ပါဝင်ပတ်သက်လျက်ရှိသည့် ဘက်အသီးသီးမှ အင်အားစုများကို အတူတကွဆွေးနွေးအဖြေရှာကြရန် ပိုင်းဝန်းတိုက်တွန်းခဲ့ကြသည်။ အထူးသဖြင့် တရုတ်နိုင်ငံသည် တိုးတက်ဖြစ်ထွန်းမှုများကို တွေ့မြင်လိုသည့် အာသီသ ပြင်းပြနေခဲ့သည်။ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့လာခဲ့သည့်နောက်ပိုင်း ကိုဗစ်-၁၉သည် ရှီကျင်းပင်၏ ခါးပတ်နှင့် လမ်းအစီအစဉ်ကို နှောင့်နှေးကြန့်ကြာသွားစေခဲ့သည်။ ကချင်အသိုက်အဝန်းများအကြား၌ သဘာဝသယံဇာတအရင်းအမြစ် ပေါကြွယ်ဝ၍ တရုတ်ကျောထောက်နောက်ခံ

ပြုထားသည့် ရေအားလျှပ်စစ် စီမံကိန်းတည်ရှိရာ နယ်မြေ ဒေသတစ်ခုဖြစ်သည့် ချီဖွေမြို့နယ်အတွင်းမှ တပ်စခန်းများ ရုပ်သိမ်းသွားရန် KIO အပေါ် တပ်မတော်ဖက်က စတင်ဖိ အားပေးလာသည့် ကိစ္စရပ်သည် နည်းဗျူဟာကျကျ ကစား ကွက်ရွှေ့ခြင်းဖြစ်သည်ဟုရှုမြင်ခဲ့ကြသည်။[၁၇၅]ထို့အပြင်တရုတ် အရာရှိများသည် 'ကာကွယ်ဆေး သံခင်းတမန်ခင်း' တစ် စိတ်တစ်ဒေသအဖြစ် စီးပွားရေးနယ်ပယ်ရှိ တရုတ်အကျိုး စီးပွားများကို အပြန်အလှန် အကာအကွယ်ပေးရန် အပေး အယူပြုလုပ်သည့်အနေဖြင့် ကိုဗစ်-၁၉ ကုသရေးနှင့် ကာ ကွယ်ရေးပစ္စည်းများကို တပ်မတော်အတွက် ဦးစားပေး ထောက်ပံ့ပေးသွားမည်ဟူသည့် ကောလဟာလများလည်း အကြီးအကျယ် ပျံ့နှံ့လာခဲ့သည်။

နိုင်ငံ၏ အခြားဒေသများတွင်မူ NLD ၏ လုပ်ရည် ကိုင်ရည်သည် စိုးရိမ်ပူပန်မှုများကို မြင့်တက်လာစေခဲ့သည့် အဓိက အကြောင်းရင်းဖြစ်နေခဲ့သည်။ ကပ်ရောဂါစတင်ကျ ရောက်လာပြီးနောက်ပိုင်း ကယားပြည်နယ်အတွင်း NCA လက်မှတ်ထိုးအဖွဲ့ဝင်မဟုတ်သည့်အပစ်ရပ် KNPP နှင့်ငြိမ်း ချမ်းရေးဆွေးနွေးမှုများတန့်ရပ်သွားခဲ့သည်။ ဤအချက်က အရပ်ဖက် လူ့အဖွဲ့အစည်းများအတွက် NLD သည် ကိုဗစ်-၁၉ကို အသုံးချ၍ ပါတီ၏ပုံရိပ်ကို မြှင့်တင်သွားရန်သာ လုံးပန်းနေခဲ့ပြီးငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုချောင်ထိုးထား ခဲ့သည်ဟု စွပ်စွဲပြောဆိုစရာဖြစ်လာခဲ့သည်။ 'သူတို့က စေ့ စပ်ညှိနှိုင်းမှုနဲ့ အပြန်အလှန် တွေ့ဆုံစည်းဝေးမှုတွေကနေ တစ်ဆင့်အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုဆိုတဲ့အဆောက် အအုံကို အကောင်အထည်ဖော်သွားဖို့ အရမ်းအားနည်းနေ တယ်' ဟု CSO ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောဆို သတိပေးခဲ့သည်။[၁၇၆]

ဤကဲ့သို့သော နောက်ခံအခင်းအကျင်း၌ များစွာ ချို့ထားသည့် ၂၁ရာစု ပင်လုံညီလာခံကို (စတုတ္ထအကြိမ် မြောက် UPC-21CP) ဩဂုတ်လလယ်၌ EAOs များအနက် NCA လက်မှတ်ထိုးထားသည့် အဖွဲ့ဝင်များဖြင့်သာ အကျဉ်း ချုံးခေါ်ယူကျင်းပ သွားခဲ့သည်။ ပြည်ထောင်စုသဘောတူ ညီချက်အတွင်းသို့ နောက်ထပ်အခြေခံမူ အချက် ၂၀ ကို ထပ်မံပေါင်းထည့်ခဲ့ကြသည်။ သို့သော်လည်း လက်မှတ်ထိုး အဖွဲ့ဝင် EAOs များ၏ အဓိကအကျိုးရလဒ်သည် NLD နှင့် တပ်မတော်တို့အနေဖြင့် NCA ကို ချောင်ထိုးထားကြသည် ဟူသည့် ဝေဖန်ပြောဆိုမှုများကို ယာယီချွေးသီပ်သည့်အ နေဖြင့်နိုင်ငံရေး အပြောင်းအလဲကို ဆောင်ကျဉ်းပေးသွား မည့် အဓိကယာဉ်တစ်ခုအဖြစ် အထွေထွေရွေးကောက်ပွဲ အလွန်၌ NCA လုပ်ငန်းစဉ်ကို ဆက်လက်အကောင်အထည် ဖော်သွားကြမည်ဟူ၍ ပြန်လည်ကတိကဝတ်ပြုခဲ့ကြခြင်း သာဖြစ်သည်။

NLD သောင်ပြိုကမ်းပြို အနိုင်ရပြီး စစ်တပ်ကျော ထောက်နောက်ခံပြု USDP ကို အလဲထိုးသွားလိမ့်မည်ဟု ခန့်မှန်းခဲ့ ကြသည့်အတိုင်း ဖြစ်လာခဲ့သည့် အထွေထွေ ရွေးကောက်ပွဲကို နိုဝင်ဘာလ၌ ခေါ်ယူကျင်းပသွားခဲ့သည်။ မတိုင်ခင် တစ်နှစ်လုံးလုံး တိုင်းရင်းသားပါတီများအနေဖြင့် ရှေ့ရွေးကောက်ပွဲများထက်စာလျှင် ၎င်းတို့၏ရလဒ်ပိုမိုတိုး တက် ကောင်းမွန်လာအောင် စွမ်းဆောင်ပြနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ခဲ့ကြသည်။ ၎င်းတို့၏ လည်ပတ်ဆောင် ရွက်ပုံ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းသည့် အနေဖြင့် ပါတီချင်းပေါင်းစည်းခြင်းများနှင့် မူဝါဒအားကောင်း လာစေခြင်းကဲ့သို့သော အရေးယူဆောင်ရွက်ချက်များ ဖော် ဆောင်သွားကြရန် တိုင်းရင်းသားပါတီ အများအပြားသဘော တူခဲ့ကြသည်။ သို့သော်လည်း ရွေးကောက်ပွဲနေ့ ရောက်လာ သည့်အခါ လုံခြုံရေးဆိုင်ရာ ကန့်သတ်ချက်များ၊ ကိုဗစ်-၁၉ ကြောင့်ပေါ်ပေါက်လာခဲ့သည့် အတားအဆီးများ၊ လက် နက်ကိုင်ပဋိပက္ခကို အကြောင်းပြ၍ ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်မှ မဲဆန္ဒနယ်ဖျက်သိမ်းမှုများနှင့် နိုင်ငံ တွင်းကျင့်သုံးလျက်ရှိသည့် 'တစ်မဲသာသူအကုန်ယူရသည့်' မဲပေးစနစ်ကဲ့သို့သော မျက်နှာစာပေါင်းစုံမှ ရိုက်ခတ်မှုများ ကငင်းတို့၏ မြင်သာထင်သာရှိသည့် တိုးတက်ဖြစ်ထွန်းမှု ရရှိလိုသည့် မျှော်လင့်ချက်များကို မှေးမှိန်သွားစေခဲ့သည်။[၁၇၇]

EAOsအများစုသည်လက်တွေ့အားဖြင့်ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကျရောက်နေစဉ်အတွင်း ခေါ်ယူကျင်းပ ခဲ့သည့်အတွက် စိတ်စနိုးစနောင့် ဖြစ်ခဲ့ကြလင့်ကစား ရွေး ကောက်ပွဲဆက်လက်ကျင်းပသွားရန် အားပေးထောက်ခံခဲ့ ကြသည်။ တစ်ဖက်ကလည်း ရခိုင်ပြည်နယ်၌ ပိုမိုကြီးထွား လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ဖျက်သိမ်း လိုက်သည့် မဲဆန္ဒနယ်အရေအတွက် တိုးပွားလာခဲ့ခြင်းဖြစ် သည်။ ဤအချက်ကိုပါ ထည့်သွင်းစဉ်းစားလိုက်ပါက တိုင်း ရင်းသားပါတီများ၏ စွမ်းဆောင်ရည်သည် ယေဘုယျအား ဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် များစွာကွာ ခြားမှု မရှိတော့ပေ။ ဤအခြေခံမှကြည့်ပါက ကယား၊ မွန်၊ ရခိုင်နှင့်ရှမ်းစသည့်တိုင်းရင်းသားပြည်နယ်လေးခု၌ဒေသန္တရ ဥပဒေပြုလွှတ်တော်များအပေါ် ဩဇာလွှမ်းမိုးနိုင်ရန် လုံ လောက်သည့် ကိုယ်စားလှယ်နေရာများကို ရရှိခဲ့ကြသဖြင့် အချို့သောအတိုက်အခံ တိုင်းရင်းသားပါတီများ အခြေအ

နေကောင်းခဲ့ကြသည်ဟု ဆိုနိုင်ပေသည်။ ထို့ အပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်၌ သတ်မှတ်ပြဋ္ဌာန်းပေးထားသည့် 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ' ဒေသများရှိ အခြားသေးငယ်သည့် ပအိုဝ်း၊ တအာင်းနှင့် 'ဝ' ပါတီများသည် လည်းရလဒ်ကောင်းများရရှိခဲ့ကြသည်။သို့သော်လည်းပို၍ ကြီးမားသည့် ချင်း၊ ကချင်နှင့် ကရင် တိုင်းရင်းသားပါတီများအတွက် ၂၀၂၀ ခုနှစ် အထွေထွေရွေး ကောက်ပွဲရလဒ်များသည် စိတ်ပျက်ဖွယ်ရာအတိ ဖြစ်နေခဲ့သည်။ မြန်မာ့နိုင်ငံရေးဇာတ်ခုံ၏ နိုင်ငံအဆင့်ယန္တရားများ၌ တိုင်းရင်းသားများ၏နိုင်ငံရေးဦးတည်ချက်ကို ပိုမိုထင်ဟပ်ကိုယ်စားပြုမှုရှိစေရန် သို့မဟုတ် တိုးတက်ကောင်းမွန်လာစေရန် မဲသေတ္တာပုံများ စွမ်းဆောင်နိုင်ခဲ့ပုံ မပေါ်ပေ။

တစ်ဆစ်ချိုး ရွေးကောက်ပွဲ အလှည့်အပြောင်းမျိုးဆောင်ကျဉ်းလာရန် ပျက်ကွက်ခဲ့ခြင်းက ၂၀၂၁ အာဏာသိမ်းရန် မကြိုးပမ်းမီကတည်းက တိုင်းရင်းသားအသိုက်အဝန်းများ၏ နိုင်ငံရေးအမြင်သဘောထားများအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိလာစေခဲ့သည်။ ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခသည်သော်လည်းကောင်း လွတ်လပ်ရေးရပြီးကတည်းက ခုနှစ်ကြိမ်တိတိခေါ်ယူကျင်းပလာခဲ့သည့် အထွေအထွေရွေးကောက်ပွဲများသည်သော်လည်းကောင်း တစ်ဆစ်ချိုးအလှည့်အပြောင်းမျိုးကို ဆောင်ကျဉ်းလာရန် စွမ်းဆောင်နိုင်ခဲ့ခြင်း မရှိဟု လက်ခံအသိအမှတ်ပြု ရပေလိမ့်မည်။[၁၇၈] ရွေးကောက်ပွဲနောက်ဆက်တွဲအဖြစ် ကြီးကျယ်သည့်တာဝန်ထမ်းဆောင်ရန် NLD ကို လူထုကိုယ်တိုင် ယုံယုံကြည်ကြည် အပ်နှင်းပေးခဲ့ကြောင်း သံသယရှိစရာ မလိုခဲ့ပေ။ သို့သော်လည်း ပထမသက်တမ်းပြီးဆုံးသွားခဲ့သည့်အချိန်ထိ ပဋိပက္ခဖျန်ဖြေရေး သို့မဟုတ် နိုင်ငံရေးပြုပြင်ပြောင်းလဲရေး ဆောင်ကျဉ်းပေးခဲ့သည့် အထောက်အထားများ လောက်လောက်လားလား မတွေ့ရှိခဲ့ရပေ။ စိတ်ပျက်လက်ပျက်ဖြစ်စေခဲ့သည့် အဓိကအကျဆုံးအချက်မှာ စစ်အစိုးရလက်ထက်က ရေးဆွဲအတည်ပြုခဲ့သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို နိုင်ငံအတွင်း၌ အဓိပ္ပာယ်ပြည့်ဝသည့် အပြောင်းအလဲများ ဖော်ဆောင်နိုင်ခြင်းမရှိစေရန် ဟန့်တားလျက်ရှိသည့် ခလုတ်တံသင်းအဖြစ် ဆက်လက်ရည်ညွှန်း ကိုးကားနေခြင်းဖြစ်သည်။

ရွေးကောက်ပွဲအလွန်၌ NLD နှင့် တပ်မတော်တို့နှစ်ဖက်စလုံးသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နှင့်ပတ်သက်သည့် ၎င်းတို့၏ ချဉ်းကပ်မှုပုံစံကို အပြောင်းအလဲပြုလုပ်သွားမည့် အရိပ်အယောင်များ ပြလာခဲ့ကြသည့်နောက်ပိုင်း အလွန်သတိထားရသည့် အခြေအနေဖြစ်လာခဲ့သည်။ တပ်မတော်သည် ရခိုင်ပြည်နယ်အတွင်း ပယ်ဖျက်ခံလိုက်ရသည့် မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲ ပြန်လည်ခေါ်ယူသွားမည်ဟု ပြောဆိုကာ ULA/AA (ဥပမာ အပြန်အလှန်အပစ်အခတ်ရပ်စဲရေး သို့မဟုတ် NCA လုပ်ငန်းစဉ်ပြင်ပ၌) နှင့် နားလည်မှုဖြင့် သို့မဟုတ် 'အလွတ်သဘော အပစ်အခတ်ရပ်စဲရန်' သဘောတူခဲ့သည်။ NLD ဖက်ကလည်း ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ်ကို အတူတကွ ဝိုင်းဝန်းတည်ဆောက်သွားရန်၊ 'ပြည်တွင်းစစ်ကို အဆုံးသတ်ရန်' နှင့် 'အမျိုးသားညီညွတ်ရေး အစိုးရတစ်ရပ်' ထူထောင်သွားကြရန် တိုင်းရင်းသားပါတီ ၄၈ ပါတီထံသို့ စာရေးအကြောင်းကြားခဲ့သည်။[၁၇၉]နိုင်ငံတကာအသိုက်အဝန်းများကလည်း ဒုတိယအကြိမ်မြောက် ဒီမိုကရေစီရွေးကောက်ပွဲနောက်ပိုင်း နိုင်ငံအတွင်း နိုင်ငံရေးအသွင်ကူးပြောင်းမှုတည်ငြိမ်စွာ အသက်ဝင်လာတော့မည်ဟု ယုံကြည်မျှော်လင့်ကြောင်း ထုတ်ဖော်ပြောဆိုလာကြသည်။[၁၈၀]

သို့သော်လည်း EAOs များနှင့် တိုင်းရင်းသားပါတီများသည် 'သတိကြီးကြီး' ထားနေကြဆဲဖြစ်သည်။[၁၈၁] NLD–တပ်မတော် စပ်ကျထားသည့်အစိုးရ အလုပ်မဖြစ်ခဲ့ကြောင်း သိသာထင်ရှားနေခဲ့သည်။ NCA သည်သော်လည်းကောင်း ရွေးကောက်ပွဲများသည် သော်လည်းကောင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုအတွက်အနှစ်သာရပြည့်ဝသည့် တိုးတက်ဖြစ်ထွန်းမှုများကို ဆောင်ကျဉ်း မပေးနိုင်ခဲ့ကြပေ။ NLD ဖက်က ခေတ်စနစ်နှင့်ကိုက်ညီသည့် ပြုပြင်ပြောင်းလဲရေး၏ အဓိကယန္တရားအဖြစ် လွတ်တော်နိုင်ငံရေးကို အလေးပေးအာရုံစိုက်နေချိန်၌ တပ်မတော်သည် လုံခြုံရေးကဏ္ဍကို တစ်ဦးတည်းမူပိုင် လက်ဝါးကြီးအုပ်ထားခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားနိုင်ငံရေးဇာတ်ခုံပေါ်၌ တစ်ဖက်သတ်လုပ်ရပ်များကို စိတ်တိုင်းကျ ဆက်လက်ပြုမူနေခဲ့သည်။

နိုင်ငံရေးတစ်ဆို့မှုကို ဖောက်ထွက်နိုင်ရန်အတွက် NLD အနေဖြင့် လာမည့်ဒုတိယလွတ်တော် သက်တမ်းအတွင်း တိုင်းရင်းသားပြည်နယ်များ၌ တိုင်းရင်းသားကိုယ်စားလှယ်များကိုသာ ဝန်ကြီးချုပ်ခန့်အပ်ပိုင်ခွင့်နှင့် ပြည်နယ်အစိုးရများအတွက် အထက်အောက်အဆင့်ဆင့် အာဏာခွဲဝေပေးရေး ကိစ္စရပ်တို့အပါအဝင် ပြုပြင်ပြောင်းလဲရေး အာမခံချက်များပေးအပ်သွားရန် တိုင်းရင်းသားခေါင်းဆောင်များ လိုလားခဲ့ကြသည်။[၁၈၂] သို့သော်လည်း နောက်

ပိုင်းရက် သတ္တပတ်များအတွင်း NLD နှင့် တွေ့ဆုံဆွေးနွေးသွားမည့် အစည်းအဝေးများ မကြာခဏဆိုသလို ပျက်ပြယ်သွားခဲ့သည့်အပြင် ရခိုင်ပြည်နယ်လွတ်တော်တွင်း အနိုင်ရပါတီဖြစ်နေသည့် ရခိုင်အမျိုးသားပါတီသည်လည်း ထပ်မံဖယ်ကြဉ်ခံခဲ့ရပုံ ပေါ်လာခဲ့ပြန်သည်။[၁၈၃] တစ်ချိန်တည်းလို လိုဦ NLD သည် တပ်မတော်နှင့် တရားရုံးများကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟုဆိုကာ ၎င်းတို့၏ ဖမ်းဆီးခံကိုယ်စားလှယ်သုံးဦးကို ULA/AA အနေဖြင့် ပြန်လွှတ်ပေးခဲ့ပါက အပြန်အလှန်အားဖြင့် နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးရန်တောင်းဆိုမှုကို မသိကျိုးကျွန်ပြုခဲ့သည်။[၁၈၄] ထင်ရှားသည့် သာဓကတစ်ခုအဖြစ် သမ္မတဦးဝင်းမြင့်အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများကို မကြာမီခေါ်ယူကျင်းပသွားနိုင်ရန် မျှော်လင့်ထားသည်ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သော်လည်း ဂျပန်နိုင်ငံ၏ မြန်မာနိုင်ငံတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေး အထူးကိုယ်စားလှယ်ဖြစ်သူ ယိုဟဲဆာဆာကာဝါက လက်တွေ့ကဖျက်ကယက် လုပ်နေသူများသည် NLD အရာရှိများပင်ဖြစ်သည်ဟု ထောက်ပြပြောဆိုသွားခဲ့သည်။[၁၈၅]

ၿငိမ်းချမ်းရေးဆွေးနွေးမှုများ

ၿငိမ်းချမ်းရေးယန္တရား

ၿငိမ်းချမ်းရေးလုပ်ငန်းစဉ်

ဒေါ်အောင်ဆန်းစုကြည်

ကုလသမဂ္ဂ

ကုလသမဂ္ဂလုံခြုံရေးကောင်စီ

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ)

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင်

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ်

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့်

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့်

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့်

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများကို

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများကို မကြာမီခေါ်ယူကျင်းပသွားနိုင်ရန်

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများကို မကြာမီခေါ်ယူကျင်းပသွားနိုင်ရန် မျှော်လင့်ထားသည်ဟု

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများကို မကြာမီခေါ်ယူကျင်းပသွားနိုင်ရန် မျှော်လင့်ထားသည်ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သော်လည်း

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများကို မကြာမီခေါ်ယူကျင်းပသွားနိုင်ရန် မျှော်လင့်ထားသည်ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သော်လည်း ဂျပန်နိုင်ငံ၏

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများကို မကြာမီခေါ်ယူကျင်းပသွားနိုင်ရန် မျှော်လင့်ထားသည်ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သော်လည်း ဂျပန်နိုင်ငံ၏ မြန်မာနိုင်ငံတွင်း

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများကို မကြာမီခေါ်ယူကျင်းပသွားနိုင်ရန် မျှော်လင့်ထားသည်ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သော်လည်း ဂျပန်နိုင်ငံ၏ မြန်မာနိုင်ငံတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေး အထူး

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများကို မကြာမီခေါ်ယူကျင်းပသွားနိုင်ရန် မျှော်လင့်ထားသည်ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သော်လည်း ဂျပန်နိုင်ငံ၏ မြန်မာနိုင်ငံတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေး အထူးကိုယ်စားလှယ်ဖြစ်သူ

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများကို မကြာမီခေါ်ယူကျင်းပသွားနိုင်ရန် မျှော်လင့်ထားသည်ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သော်လည်း ဂျပန်နိုင်ငံ၏ မြန်မာနိုင်ငံတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေး အထူးကိုယ်စားလှယ်ဖြစ်သူ ယိုဟဲဆာဆာကာဝါက လက်တွေ့

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများကို မကြာမီခေါ်ယူကျင်းပသွားနိုင်ရန် မျှော်လင့်ထားသည်ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သော်လည်း ဂျပန်နိုင်ငံ၏ မြန်မာနိုင်ငံတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေး အထူးကိုယ်စားလှယ်ဖြစ်သူ ယိုဟဲဆာဆာကာဝါက လက်တွေ့ကဖျက်ကယက် လုပ်နေသူများသည် NLD အရာရှိများပင်ဖြစ်သည်ဟု ထောက်ပြပြောဆိုသွားခဲ့သည်။[၁၈၅]

ၿငိမ်းချမ်းရေးဆွေးနွေးမှုများ

ၿငိမ်းချမ်းရေးယန္တရား

ၿငိမ်းချမ်းရေးလုပ်ငန်းစဉ်

ဒေါ်အောင်ဆန်းစုကြည်

ကုလသမဂ္ဂ

ကုလသမဂ္ဂလုံခြုံရေးကောင်စီ

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ)

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင်

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ်

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့်

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့်

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့်

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများကို

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများကို မကြာမီခေါ်ယူကျင်းပသွားနိုင်ရန်

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများကို မကြာမီခေါ်ယူကျင်းပသွားနိုင်ရန် မျှော်လင့်ထားသည်ဟု

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများကို မကြာမီခေါ်ယူကျင်းပသွားနိုင်ရန် မျှော်လင့်ထားသည်ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သော်လည်း

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများကို မကြာမီခေါ်ယူကျင်းပသွားနိုင်ရန် မျှော်လင့်ထားသည်ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သော်လည်း ဂျပန်နိုင်ငံ၏

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများကို မကြာမီခေါ်ယူကျင်းပသွားနိုင်ရန် မျှော်လင့်ထားသည်ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သော်လည်း ဂျပန်နိုင်ငံ၏ မြန်မာနိုင်ငံတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေး အထူး

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများကို မကြာမီခေါ်ယူကျင်းပသွားနိုင်ရန် မျှော်လင့်ထားသည်ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သော်လည်း ဂျပန်နိုင်ငံ၏ မြန်မာနိုင်ငံတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေး အထူးကိုယ်စားလှယ်ဖြစ်သူ

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများကို မကြာမီခေါ်ယူကျင်းပသွားနိုင်ရန် မျှော်လင့်ထားသည်ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သော်လည်း ဂျပန်နိုင်ငံ၏ မြန်မာနိုင်ငံတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေး အထူးကိုယ်စားလှယ်ဖြစ်သူ ယိုဟဲဆာဆာကာဝါက လက်တွေ့

ကုလသမဂ္ဂအထွေထွေအတွင်းချုပ်၏ အထူးကိုယ်စားလှယ်ရုံး (မြန်မာနိုင်ငံ) ရှေ့ရေးဆွဲအဖွဲ့ ဝင် ဒုတိယအကြိမ် ပြည်ထောင်စုစာရင်းအင်းဦးစီးဌာန ဒုတိယဒါရိုက်တာ ဦးဝင်းမြင့် အနေဖြင့် ပယ်ဖျက်ခဲ့သည့် မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲများကို မကြာမီခေါ်ယူကျင်းပသွားနိုင်ရန် မျှော်လင့်ထားသည်ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သော်လည်း ဂျပန်နိုင်ငံ၏ မြန်မာနိုင်ငံတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေး အထူးကိုယ်စားလှယ်ဖြစ်သူ ယိုဟဲဆာဆာကာဝါက လက်တွေ့ကဖျက်ကယက် လုပ်နေသူများသည် NLD အရာရှိများပင်ဖြစ်သည်ဟု ထောက်ပြပြောဆိုသွားခဲ့သည်။[၁၈၅]

ငင်းဖက်မှနေ၍ နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်ကလည်း နှစ်သစ်ကူးနေ့တွင် 'ငြိမ်းချမ်းရေးယန္တရား' သစ်တစ်ခုကို ကြေညာမောင်းခတ်လာခဲ့သည်။[၁၈၆] ၎င်းက ပါတီအနေဖြင့် လာမည့်အစိုးရသက်တမ်း ငါးနှစ်အတွင်း အကောင်အထည်ဖော်သွားမည့် ဦးစားပေးလုပ်ငန်းများ၌ 'တရားဝင်နှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ' မဖြစ်မနေ ဆက်လက်ပါဝင်နေဦးမည်ဟု ပြောဆိုသွားခဲ့သည်။[၁၈၇] ထို့အပြင် အစိုးရဖက်ကလည်း မြောက်ပိုင်းမဟာမိတ်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြန်လည်စတင်နိုင်စေရန် ပြောဆိုဆက်သွယ်လာခဲ့သည်။[၁၈၈] သို့သော်လည်း 'ငြိမ်းချမ်းရေးယန္တရားသစ်' ၌ ရှိရင်းစွဲ NCA ကို မည်ကဲ့သို့နေရာချသွားမည် ပြင်ဆင်ထားသည် ပုံစံသစ်အတွင်း မည်သည့် အစုအဖွဲ့များပါဝင်သွားမည်နှင့် မအောင်မြင်ခဲ့သည့် NCA ၏ အားနည်းချက်များကို မည်ကဲ့သို့ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်ကြောင်း အသေးစိတ် ဖော်ပြထားသည့် အချက်အလက်များ နည်းပါးလွန်းနေခဲ့သည်။

လတ်တလော၌ တပ်မတော်ခေါင်းဆောင်များက ၎င်းတို့၏ ကိုယ်ပိုင်လမ်းကြောင်းသစ်ကို ပြင်ဆင်လျက်ရှိကြောင်း အရိပ်အယောင်ပြနေသည့် သတိပေးသံချောင်းခေါက်သံများ ကျယ်လောင်လာခဲ့သည်။ မဲဆန္ဒပေးရာ၌ အတိုင်းအတာတစ်ခုအထိ 'လွတ်လပ်၍ တရားမျှတမှု' ရှိသည်ဟုသုံးသပ်ယူဆ ခဲ့ကြသော်လည်း တပ်ဖက်အရာရှိများက အာဏာသိမ်းနိုင်သည့် အလားအလာများ မပြီးဆုံးသေးကြောင်း သတိပေးပြောဆိုကာ ရွေးကောက်ပွဲ၌ မဲမသမာမှု ရှိနေသည်ဟု တွင်တွင်ကျယ်ကျယ် စွပ်စွဲပြောဆိုလာခဲ့သည်။[၁၈၉] ရခိုင်ပြည်နယ်၌ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အသစ်ရရှိခဲ့ကြသော်လည်း နိုင်ငံအတွင်းရှိ နယ်မြေဒေသအမြောက်အများ၌ လက်နက်ကိုင်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။

မြင့်တက်လာနေသည့် စိုးရိမ်ဖွယ်ရာကောင်းသည့် ကိစ္စရပ်များအတွင်း ကချင်ပြည်နယ် ဝိုင်းမော်မြို့အတွင်းရှိ KIO အခြေစိုက်စစ်စခန်းတစ်ခုကို ဇန်နဝါရီလအစောပိုင်း၌ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊[၁၉၀] အပစ်အခတ်ရပ်စဲထားသည့် NCA လက်မှတ်ထိုးအဖွဲ့ဝင် RCSS နှင့် အပစ်ရပ်ထားခြင်းမရှိသည့် TNLA တို့အကြား ရှမ်းပြည်နယ် မြောက်ပိုင်း၌ တိုက်ပွဲပြန်လည် ဖြစ်ပွားလာခြင်းကြောင့် အရပ်သားပြည်သူ ၃၇၀၀ ကျော် နေရပ်စွန့်ခွာစစ်ဘေး တိမ်းရှောင်ခဲ့ရခြင်း၊[၁၉၁] နှင့် ဒေသတွင်းကျေးရွာများသို့ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှု အပါအဝင် ကရင်ပြည်နယ် မြောက်ပိုင်း၌ ကရင်နယ်ခြားစောင့်တပ်၏ အကူအညီဖြင့် တပ်မတော်မှ စစ်ဆင်ရေးလုပ်ငန်းများ တိုးချဲ့ဖော်ဆောင်လာသည့် ကိစ္စရပ်များပါဝင်နေခဲ့သည်။[၁၉၂] တပ်မတော်၏ တိုက်ခိုက်မှုများကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် အရပ်သားပြည်သူပေါင်း ၁၀၀၀၀ ကျော် ဆန္ဒဖော်ထုတ်ခဲ့ကြသလို KNU ခေါင်းဆောင်များကလည်း NCA လုပ်ငန်းစဉ်ကို အခြေခံကျကျ ပြန်လည်သုံးသပ်ရန် လိုအပ်လာပြီဟု ပြန်လည်တုံ့ပြန်ခဲ့ကြသည် ('စစ်ရေးအရချိုးဖောက်မှုများ' ကိုကြည့်ပါ)။

အဆုံးအဖြတ်ကာလ တစ်ဖြည်းဖြည်း နီးကပ်လာခဲ့ပြီဖြစ်သည်။ NLD ၏ ပထမအစိုးရသက်တမ်း ကုန်ဆုံးရန် နီးကပ်လာခဲ့ချိန်၌ တိုင်းရင်းသား ခေါင်းဆောင်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သစ် ဖော်ဆောင်သွားမည့် ကတိကဝတ်အပေါ် ထောက်ခံကြိုဆိုခဲ့ကြသော်လည်း နောက်ထပ်နှစ်ပေါင်းများစွာ ဆက်၍နှောင့်နှေးနေမည့်အရေးကို လိုလားနှစ်ခြိုက်မှုမရှိခဲ့ကြပေ။[၁၉၃] အပစ်အခတ် ရပ်စဲထားခဲ့သည့် ရှေ့ဆယ်စုနှစ်အတွင်း ပုံစံသစ်ဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ဖော်ဆောင်နိုင်ရန် ကြိုးပမ်းခဲ့ကြပြီးဖြစ်သည်။ သို့သော်လည်း ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ပြုပြင်ပြောင်းလဲရေးကိုဆောင်ကျဉ်းပေးမည့်အရေးပါသည့်အလှည့်အပြောင်းများအသက်ဝင်လာခြင်း မရှိသေးပေ။ ၂၀၁၃ ခုနှစ်၌ ရေမွန်မက်ဆေးဆေး ဂုဏ်ထူးဆောင်ဆုရှင် ဒေါ်လဖိုင်ဆိုင်းရော်က 'နှစ်ပေါင်းခုနှစ်ဆယ်ကျော် စောင့်ဆိုင်းလာခဲ့သော်လည်း'

၁၇၃ | မြန်မာတစ်နိုင်ငံလုံး ပစ်ခတ်တိုက

နိုင်ငံသည် ယခုအချိန်ထိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အတွက် 'တန်းတူအခွင့်အရေး' ထူထောင်နိုင်ရန် ကြိုးပမ်း အားထုတ်ရာ၌ 'လက်နက်ကိုင်တော်လှန်ရေး' နှင့် 'ရွေး ကောက်ပွဲနိုင်ငံရေး' အကြားရှိ လမ်းဆုံလမ်းခွပေါ် တုန့်ရပ် နေဆဲဖြစ်သည်ဟု သတိပေးပြောဆိုသွားခဲ့သည်။[၁၉၄]

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အရောက်တွင် ငြိမ်းချမ်းရေးနှင့် ညှိနှိုင်းဆွေးနွေးနေဆဲ ပြုပြင်ပြောင်းလဲ ရေးလုပ်ငန်းများအပေါ် ထားရှိခဲ့ကြသည့် မျှော်လင့်ချက် များအား လုံးသဲထဲရေသွန်ဖြစ်သွားခဲ့သည်။ လွှတ်တော်သစ် ခေါ်ယူဖွဲ့စည်းရန် သတ်မှတ်ထားသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ကာလယန္တရားကုန်ဆုံးမည့်ရက် နီးကပ်လာသည့် အချိန်နှင့်အတူ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် လွတ် တော်ခေါ်ယူမည့်ကိစ္စကို ကဖျက်ကယက်ပြုလုပ်ကာ ဒေါ် အောင်ဆန်းစုကြည်နှင့် အခြား NLD ခေါင်းဆောင်များကို ဖမ်းဆီးထိန်းသိမ်း၍ တစ်နိုင်ငံလုံးကို ဆူပူအုံကြွမှုနှင့် နိုင်ငံ ပြိုလဲပျက်စီးရေး လမ်းကြောင်းပေါ်သို့ တွန်းတင်ပစ်ခဲ့သည်။ နေဝင်း၊ စောမောင်နှင့် သန်းရွှေတို့၏ခြေရာကိုနင်း၍ မြန်မာ့ တပ်မတော်၏ အမြင့်ဆုံးစစ်ဦးစီးချုပ်သည် ဒီမိုကရေစီ အ ခြေခံမူများကို လုံးဝဂရုမစိုက်ကြောင်း သက်သေပြလာခဲ့ ပြန်သည်။ လူထုသပိတ်များကို အရှိန်အဟုန်ဖြင့် တိုး၍ဖိနှိပ် ချုပ်ချယ်လာခဲ့သည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ သည် ဖေဖော်ဝါရီလ ၁ ရက်နေ့၌ ၎င်းတို့ကိုယ်တိုင် ချိုးဖောက် ထားခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၎င်းတို့ကိုယ်တိုင် ပြန်လည် ကာကွယ်စောင့်ရှောက်သွားမည်ဟု ပြောဆိုလာ ခဲ့ခြင်းက စစ်တပ်ကို ယုံကြည်စိတ်ချရသည့် စေ့စပ်ညှိနှိုင်း ရေးမိတ်ဖက်အဖြစ် ဆက်လက်ယုံကြည် နေနိုင်သူများအ တွက် ပြင်းထန်သည့် သတိပေးချက် တစ်ခုဖြစ်လာခဲ့သည်။

ဆယ်စုနှစ်တစ်ခုနီးပါး ကြာမြင့်လာခဲ့သည့် ငြိမ်း ချမ်းရေးအရွေ့များ၏အလွန်၌ မြန်မာနိုင်ငံသည် တစ်ကျော့ ပြန် ပြည်တွင်းစစ်ဖြစ်ပွားရန် လက်တစ်ကမ်းအလိုသို့ ရောက် ရှိလာခဲ့ပြန်သည်။ ဤကဲ့သို့သော ငြိမ်းချမ်းရေးအခြေပြု နိုင်ငံ ရေးဇာတ်ခုံကိုပြန်လည်အဖတ်ဆယ်ရန် မည်သည့်အရာက များ စွမ်းဆောင်နိုင်မည်နည်းဟူသည့် မေးခွန်းအတွက် ရှင်း လင်းပြတ်သားသည့် အဖြေရရှိရန် အလှမ်းဝေးနေဆဲပင် ဖြစ်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ်ရပ်ကို ဆက်လက်အကောင်အထည်ဖော်သွားရေး ကိစ္စရပ်သည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အာဏာသိမ်းရန်ကြိုးပမ်းခဲ့ပြီးနောက်ပိုင်းဖြစ်နိုင်ခြေအလားအလာကင်းမဲ့သွားတော့သည်။ သဘောတူစာချုပ်များနှင့် အပြန်အလှန်ဆက်ဆံရေး လုပ်ငန်းများ အပြီးအပိုင်ပျက်သုဉ်းသွားခြင်းကအစောပိုင်း ငြိမ်းချမ်းရေးမူဘောင်များအတွင်း အစုအဖွဲ့များအားလုံးကို ပါဝင်ဆောင်ရွက်စေမည့် ညှိနှိုင်းဆွေးနွေးရေး လုပ်ငန်းများကို ထိထိရောက်ရောက်ဖော်ဆောင်မှုသို့မဟုတ် ထည့်သွင်းစဉ်းစားမှု မရှိတော့သည့် အဓိပ္ပာယ်ဖြစ်သည်။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၁ ခုနှစ် အာဏာသိမ်းရန် ကြံစည်မှုအားဖြင့် နိုင်ငံရေးဇာတ်ခုံကိုတပ်မတော်အလိုကျ ပြန်လည်ပုံဖော် နိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ သို့သော်လည်း ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရခဲ့ပြီးနောက်ပိုင်း လေးကြိမ်မြောက်အဖြစ် ပြန်လည်အသက်ဝင်လာခဲ့သည့် စစ်တပ်စိတ်ကြိုက် ကြိုးကိုင်ချယ်လှယ်မှုကာလ ၂နှစ်ကျော်လွန်လာခဲ့သော်လည်းနိုင်ငံတစ်ခုလုံးသည် တည်ငြိမ်အေးချမ်းမှု ပျက်ပြားသွားစေခဲ့သည့် နောက်ထပ်လက်နက်ကိုင်ပဋိပက္ခ သံသရာသစ်၏ ဝါးမြိုခံနေရဆဲဖြစ်သည်။

ငြိမ်းချမ်းရေးနှင့် တရားမျှတရေး စိတ်ကူးအိပ်မက်များအပြီးတိုင် ချုပ်ငြိမ်းသွားခြင်း မရှိသေးပေ။ သို့သော်လည်း စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုသည် ၁၉၄၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်ကာလများဆီက နိုင်ငံပြိုလဲပျက်စီးမှုများနှင့် နှိုင်းယှဉ်ရလောက်သည့် အတိုင်းအတာမျိုးဖြင့် တစ်နိုင်ငံလုံးကို အကွဲအပြဲဖြစ်စေခဲ့သည့် နိုင်ငံရေးဇာတ်ခုံမျိုးဆီသို့ဦးတည်ကာ တစ်ဆစ်ချိုး အလှည့်အပြောင်းများဆောင်ကျဉ်းလာခဲ့သည်။ပြန်လည်တုံ့ပြန်မှုအဖြစ်ဗမာလူများစုနှင့် ဗမာမဟုတ်သည့် နယ်မြေဒေသနှစ်ခုစလုံးပါဝင်သည့် တိုင်းရင်းသားပြည်နယ်များနှင့် တိုင်းဒေသကြီးအားလုံးနီးပါးသို့ ပဋိပက္ခမီးကူးစက်သွားစေခဲ့သည့် လက်နက်ကိုင်တော်လှန်ရေး လှိုင်းလုံးသစ်တစ်ခု ထွက်ပေါ်လာခဲ့သည်။ ပဋိပက္ခသံသရာသစ်ကို ထင်ဟပ်စေလျက်ရှိသည့်

၄။ မျက်မှောက်ခေတ်မြန်မာ – ပဋိပက္ခကပ်ဆိုက်နေသည့် နယ်မြေဒေသ

SAC ဇာတ်အိမ်အလွန် – NCA လမ်းကြောင်း၏ အဆုံးသတ်

မွန်ပြည်နယ်၏ ဖြူ့တော်မော်ဝါဖြစ်ပြီး စစ်အာဏာရှင်ဆန့်ကျင်ရေးချီတက်ဆန္ဒပြပွဲ ဝါဝင်လျက်ရှိသည့် မွန်၊ ကရင်နှင့် ပအိုဝ်းတိုင်းရင်းသားလူငယ်များ (ပုဂ္ဂလိကရင်းဖြစ်)

ရိုက်ခတ်မှုအဖြစ် နိုင်ငံ၏ အာဏာပိုင်အစိုးရဖြစ်သည်ဟု အပြိုင်ပြောဆိုခဲ့ကြသည့် စကစနှင့် ရွေးကောက်ခံကိုယ်စားလှယ်များ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများမှ တက်ကြွလှုပ်ရှားသူများ၊ သပိတ်ကော်မတီများ၊ အမျိုးသမီးအစုအဖွဲ့များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအချို့ကို ကိုယ်စားပြုထားသူများအပါအဝင် တိုင်းရင်းသား ခေါင်းဆောင်များဖြင့် စုဖွဲ့ခဲ့ကြသည့် အမျိုးသားညီညွတ်ရေး အစိုးရ (NUG–၂၀၂၁ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည့်) ဟူသည့် စင်ပြိုင်အစိုးရနှစ်ရပ် အသက်ဝင်လာတော့သည်။[၂]

ဤကဲ့သို့သော ရှုပ်ထွေးသိမ်မွေ့သည့် အဖြစ်အပျက်များအကြား၌ ရှင်းလင်းပြတ်သားသည့် ဧာတ်အိမ်များကို ဆွဲထုတ်ချပြရန် အလွန်ခက်ခဲသည်။ အာဏာသိမ်းရန်ကြိုးပမ်းခဲ့ပြီးနောက်ပိုင်း ပြည်လုံးကျွတ်သပိတ်များနှင့် ဆန္ဒဖော်ထုတ်မှုများကို ရက်ရက်စက်စက် ဖြိုခွဲနှိမ်နင်းမခံရမီ အချိန်ကတည်းက ပြည်သူ့ဝန်ထမ်းများ၏ လူထုအာဏာဖီဆန်ရေးလုပ်ငန်းများကြောင့် အစိုးရ၏ လူထုဝန်ဆောင်မှုလုပ်ငန်းများအားလုံး ဆိုင်းငံ့သွားခဲ့သည်။ ထို့နောက် ဖိနှိပ်မှုများ ပိုမိုပြင်းထန်လာခဲ့ပြီး NCA လက်မှတ်ထိုးအဖွဲ့ဝင်များဖြစ်ကြသည့် ချင်းအမျိုးသားတပ်ဦး၊ ကရင်အမျိုးသားအစည်းအရုံးနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ဒီမိုကရေစီကျောင်းသားတပ်မတော်တို့ သုံးဖွဲ့စလုံး၏ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ပျက်ပြယ်သွားခဲ့သည်။ ထို့အပြင် ကရင်နီအမျိုးသား တိုးတက်ရေးပါတီနှင့် နှစ်ဖက်အပြန်အလှန်ချုပ်ဆိုထားသည့် အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်သွားခဲ့သလို မြန်မာနိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသရှိ အပစ်အခတ်ရပ်စဲထားခြင်း မရှိခဲ့သည့် ကချင်လွတ်လပ်ရေးအဖွဲ့အစည်း၊ မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော်နှင့် တအောင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်တို့နှင့် တပ်မတော်အကြား တိုက်ပွဲများ ပိုမိုပြင်းထန်လာခဲ့သည့် အပြင် ၂၀၂၂ နှစ်လယ်ပိုင်းမှစ၍ ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/အာရက္ခတပ်တော်နှင့် နားလည်မှုဖြင့် အလွတ်သဘောရပ်ဆိုင်းထားသည့် အပစ်အခတ်ရပ်စဲရေး စတင်အက်ကွဲလာခဲ့ပြီးနောက်ပိုင်း ရခိုင်ပြည်နယ်အတွင်း တိုက်ပွဲများတစ်ကျော့ပြန်ဖြစ်ပွားလာခဲ့သည်။

အစိုးရကို တော်လှန်ပုန်ကန်မှုများသည် ဤမျှဖြင့် သာရပ်တန့်သွားခဲ့သည် မဟုတ်ပေ။ နောက်ပိုင်း၌ 'နွေဦးတော်လှန်ရေး' ဟူ၍ သိလာကြပြီး အများအပြားက ပြည်သူ့ကာကွယ်ရေးတပ်မတော်အဖြစ် အသိအမှတ်ပြုထားကြသည့် မျိုးဆက်သစ်လက်နက်ကိုင် တော်လှန်ရေးအင်အားစုသစ်များသည် ရန်ကုန်၊ မန္တလေးနှင့် တစ်ဆက်တစ်စပ်

တည်းရှိနေကြသည့် မြို့ပြဒေသများအပါအဝင် နိုင်ငံအနှံ့ အပြားဌ အလျှိုလျှိုပေါ်ထွက်လာခဲ့တော့သည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း NUG မှ ပြည်သူ့ခုခံတော်လှန်စစ် ဆင်နွှဲသွားမည့်မူဝါဒကိုထုတ်ပြန်ကြေညာခဲ့ပြီးနောက်ပိုင်း အရှိန်အဟုန်ရလာခဲ့သည့် အရွေ့တစ်ခုအဖြစ် မြို့ပြဒေသ ဖိနှိပ်မှုများကို ရှောင်တိမ်းလာကြသည့် တက်ကြွလှုပ်ရှား သူအများအပြားသည် EAOs များ၏ အုပ်ချုပ်မှုအောက်ရှိ နယ်မြေဒေသများသို့ ခိုလှုံဝင်ရောက်လာခဲ့ကြပြီး စစ်သင် တန်းများ တက်ရောက်ခံယူခဲ့ကြသည်။[၃]

တော်လှန်ရေးပုံစံသစ်အတွင်းရှိ PDFs များအနက် အချို့သည် NUG အောက်၌ဖွဲ့စည်းထားခြင်းဖြစ်ပြီး အချို့ သည် မဟာမိတ်များအဖြစ် ရှိနေကြသလို လွတ်လွတ်လပ် လပ်လှုပ်ရှားလိုသည့်အဖွဲ့များ သို့မဟုတ် EAOs များ၏ အုပ်ချုပ်မှု ခံယူထားသည့် အဖွဲ့များလည်း ရှိနေခဲ့သည်။[၄] တိုင်းရင်းသား နယ်စပ်ဒေသများရှိ ထွန်းသစ်စတော်လှန် ရေးအစုအဖွဲ့များ၌ ချင်းအမျိုးသား ကာကွယ်ရေးတပ်မတော်၊ ကရင်နီအမျိုးသား ကာကွယ်ရေးတပ်မတော်တို့အပါအဝင် ကချင်နှင့် ကရင်ပြည်နယ်တစ်လွှားရှိ အရောင်အသွေးမျိုး စုံရှိနေကြသည့် နယ်ခံလက်နက်ကိုင်တပ်ဖွဲ့များ ပါဝင်နေခဲ့ သည်။[၅] ပေါင်းစည်းညီညွတ်မှု အားကောင်းလာပြီး မူဝါဒ ရေးရာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဖော်ဆောင်သွား ရန် ကြားကာလ 'အတိုင်ပင်ခံ' သို့မဟုတ် 'ပေါင်းစပ်ညှိနှိုင်း ရေး' ကောင်စီများကို ချင်း၊ ကချင်၊ ကရင်နီ၊ မွန်၊ ပအိုဝ်း နှင့် တအောင်းလူမျိုးများ ပျံနှံ့နေထိုင်လျက်ရှိသည့် ပြည်နယ် များနှင့် နယ်မြေဒေသများ၌ ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

အခြားတစ်ဖက်၌ SAC သည် ယနေ့အချိန်ထိ စစ် အုပ်ချုပ်ရေးကို ပြဋ္ဌာန်းသွားမည့် ၎င်းတို့၏ ရည်ရွယ်ချက် ကိုသာ ဆက်လက်ဆုပ်ကိုင်ထားရန် စိုင်းပြင်းနေခဲ့သည်။ တိုက်ပွဲများ ပျံနှံ့လာသည်နှင့်အမျှ တပ်မတော်သည် ၎င်းတို့ ယခင်က အသုံးပြုခဲ့ကြသည့် ရက်စက်မှုကမ်းကုန်သည့် စစ် ရေးနည်းဗျူဟာများဆီသို့ ပြန်လည်ဦးလှည့် သွားခဲ့သည်။ ပဋိပက္ခဒဏ်သင့် နယ်မြေဒေသများ၌ 'ကျေးရွာများကို မြေ လှန်မီးရှို့မှုများ' အပါအဝင် အရပ်သားပစ်မှတ်များအပေါ် လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှု များကို တိုးမြှင့်အသုံးပြုလာခဲ့သည့် 'ဖြတ်လေးဖြတ်' သို့မ ဟုတ် 'နယ်မြေရှင်းလင်းရေး' စစ်ဆင်ရေးလုပ်ငန်းများ စ တင်ဖော်ဆောင်လာခဲ့သည်။[၆] 'ကျမတို့အနေနဲ့ တစ်ချိန်လုံး လိုလို အကြောက်တရားအောက်မှာ နေခဲ့ရပါတယ်' ဟု က ယားပြည်နယ်အတွင်း နေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင် ခဲ့ ရသည့် အမျိုးသမီးငယ်တစ်ဦးက ပြောဆိုသွားခဲ့သည်။[၇] တစ်ချိန်တည်းလိုလို၌ ပျူစောထီးဟု လူသိများလာခဲ့သည့် ခါးပိုက်ဆောင်တပ်ဖွဲ့သစ်များကို NUG နှင့် PDFs များကို ဦးတည်တိုက်ခိုက်ရန် ဗမာအများစုနယ်မြေများ၌ စတင်ဖွဲ့ စည်းပေးခဲ့သလို NLD ထောက်ခံအားပေးသူများကိုပစ်မှတ် ထားတိုက်ခိုက်သွားမည့် သွေးသောက်အဖွဲ့များကိုပါ ပွဲထုတ် လာခဲ့သည်။ တစ်ပြိုင်တည်းမှာပင် အစိုးရသည် တိုင်းရင်း သားနယ်စပ်ဒေသများ၌ ဒုစရိုက်ဂိုဏ်းများနှင့် အများအ ပြား ဆက်နွယ်ပတ်သက်နေကြသည့် စစ်တပ်ကျောထောက် နောက်ခံပြု နယ်ခြားစောင့်တပ်ဖွဲ့များနှင့် ပြည်သူ့စစ်တပ် ဖွဲ့များကို ပိုမိုတိုး၍ ထောက်ပံ့ကူညီမှု ပြုလာခဲ့သည်။[၈]

သို့သော်လည်း ဤကဲ့သို့သော နည်းဗျူဟာများ သည် နိုင်ငံရေးအရ ဆန္ဒဖော်ထုတ်မှုနှင့် လက်နက်ကိုင် တော်လှန်မှုတို့ကို ဖြိုခွဲနှိမ်နှင်းနိုင်ခဲ့ခြင်း မရှိဟု ပြောရမည် ဖြစ်သည်။ ယင်းအစား EAOs၊ PDFs နှင့် NUG တို့အသီး သီးသည် ၎င်းတို့၏ တော်လှန်ရေးလုပ်ငန်းများကို တိုးချဲ့ ဖော်ဆောင်နိုင်ခဲ့ကြသဖြင့် ၂၀၂၂ နှစ်လယ်ပိုင်းအရောက် တွင်စစ်အစိုးရသစ်၏ ထိန်းချုပ်မှုအောက်၌ နိုင်ငံတစ်ဝက် မျှပင် မကျန်ရှိတော့ပေ။ SAC အောက်ရှိအမျိုးသားနိုင်ငံရေး ဇာတ်ခုံပေါ်၌ စစ်မျက်နှာဖွင့်ထားသည့် ဖွဲ့စည်းတည်ဆောက် ပုံများနှင့် စုဖွဲ့ပေါင်းစည်းမှုပုံစံများသည် NCA ကို ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ရေးဆွဲပြင်ဆင်ခဲ့သည့် ကာ လများနှင့် အရေးပါမှုပုံစံချင်း များစွာကွာခြားသွားတော့ သည်။

လတ်တလော၌ မြန်မာနိုင်ငံသူနိုင်ငံသားများသည် စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုကြောင့် ရုတ်တရက်ပေါ် ထွက်လာခဲ့သည့် နောက်ဆက်တွဲဆိုးကျိုးများကို အကြီး အကျယ်ခါးစည်းခံခဲ့ကြရသည်။ လွန်ခဲ့သည့် ၂ နှစ်အတွင်း စီးပွားရေးပြိုလဲမှု၊ မြေယာလုယူမှုနှင့် သယံဇာတအရင်း အမြစ်ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများ တစ်ဖြည်းဖြည်း ပိုမို ပြင်းထန်လာခဲ့သည်။[၁၀] ကိုဗစ်-၁၉ တတိယလှိုင်းသည် အ ဆိုးအတားမရှိဖြတ်ကျော်သွားခဲ့ပြီး[၁၁] ၅ဖြ သန်းကျော်သည့် ပြည်သူများအကြား အကူအညီလိုအပ်သူဦးရေ ၁၇ သန်း အထိမြင့်တက်လာခဲ့သလို[၁၂] ၂၀၂၃ မတ်လအထိ အရပ်သား ပြည်သူပေါင်း ၃၀၀၀ ကျော် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သတ်ဖြတ်မှု ခံခဲ့ရသည့်အပြင် အကျဉ်းထောင်များနှင့် အ ချုပ်ထောင်များ၌ နိုင်ငံရေးအကျဉ်းသားစုစုပေါင်း ၁၆၀၀၀ ကျော်ဆက်လက် ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။[၁၃] နှစ် ရှည်ထောင်ဒဏ် ချမှတ်ခံခဲ့ရသည့် အထင်ကရနိုင်ငံရေး

ခေါင်းဆောင်များအကြားဌ ယခင် ၂ နှစ်ကျော်က အထွေထွေရွေးကောက်ပွဲကို သောင်ပြိုကမ်းပြို အနိုင်ရခဲ့ကြသည့် ဒေါ်အောင်ဆန်းစုကြည်၊ သမ္မတဦးဝင်းမြင့်နှင့် NLD ခေါင်းဆောင်များလည်း ပါဝင်နေခဲ့သည်။

အလားတူပင် ပဋိပက္ခဒဏ်သင့် နယ်မြေဒေသနေလူထုများ၏ ဆင်းရဲဒုက္ခများနှင့် ထိခိုက်ပျက်စီးမှု အတိုင်းအတာ အလွန်ကြီးမားလာခဲ့သည်။ ပိုမိုနက်ရှိုင်းလာနေသည့် မလိုမုန်းထားစိတ်နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အတူ အလွန်ပြင်းထန်သည့် ရင်ဆိုင်တိုက်ပွဲများ မကြာခဏဆိုသလို ဖြစ်ပွားလာခဲ့သည်။ ၂၀၂၃ ခုနှစ် အစောပိုင်းဌ ကုလသမဂ္ဂအဖွဲ့အစည်းများက ပြည်တွင်းနေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ခဲ့ရသည့် အရပ်သားပြည်သူပေါင်း ၁.၅ သန်းကျော်ရှိသည်ဟု မှတ်တမ်းတင်ခဲ့ရာဌ ၁.၂ သန်းခန့်သည် လတ်တလော စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်း ပေါ်ထွက်လာခဲ့ကြခြင်းဖြစ်သည်။[၁၄] တစ်ချိန်တည်းလိုလိုဌ ရွှေပြောင်းအလုပ်သမားများကို ထည့်သွင်းစဉ်းစားမှု မပြုလျှင်ပင် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံများဆီသို့ နယ်စပ်ကျော်ဖြတ်၍ ရောက်ရှိလာခဲ့ကြသည့် စစ်ဘေးဒုက္ခသည်လှိုင်းလုံးသစ်များကြောင့် စစ်ဘေးဒုက္ခသည်များနှင့် IDPs လူဦးရေစုစုပေါင်းကို ၃ သန်းအထိ မြင့်တက်လာခဲ့သည်။ သို့သော်လည်း လက်လှမ်းမီနိုင်ရန် အကန့်အသတ်ရှိနေသဖြင့် တရားဝင်ကိန်းဂဏန်းများသည် ဘယ်သောအခါမှ တကယ့်အရှိတရားအစစ်ကို တင်းပြည့်ကျပ်ပြည့် ထင်ဟပ်စေနိုင်လိမ့်မည် မဟုတ်ပါ။ ယနေ့မြန်မာနိုင်ငံဌ အလွန်နက်ရှိုင်းပြင်းထန်သည့် လူသားချင်း စာနာထောက်ထားရေးအကျပ်အတည်း ကျရောက်လာခဲ့ပြီဖြစ်သည်။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာကော်မရှင်နာမင်းကြီး Volker Turk ကအာဏာ သိမ်းရန်ကြိုးပမ်းမှု ၂ နှစ်တင်းတင်းပြည့်သည့်နေ့တွင် အောက်ပါအတိုင်း ပြောဆိုသတိပေးသွားခဲ့သည်။

> ‘ဖြစ်နိုင်ခြေရှိတဲ့ ဘယ်ရှုထောင့်ကပဲ တိုင်းတာကြည့်ကြည့် မြန်မာနိုင်ငံဟာ နိုင်ငံသားနဲ့ နိုင်ငံရေးအခွင့်အရေးတို့အပါအဝင် စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုဆိုတဲ့ လူ့အခွင့်အရေး နယ်ပယ်မှန်သမျှမှာ နောက်ကြောင်းပြန်သွားပြီဆိုတာ ထင်ရှားနေပါပြီ။’[၁၅]

စစ်သည်များ၏ သေဆုံးဒဏ်ရာရစာရင်းနှင့်ပတ်သက်၍ ယုံကြည်စိတ်ချရလောက်သည့် ကိန်းဂဏန်းအချက်အလက်များကို ရှာဖွေရယူရန်မဖြစ်နိုင်ပေ။[၁၆] ချင်း၊ ကချင်၊ ကရင်၊ ကယားနှင့် မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့၏ နယ်မြေအစိတ်အပိုင်းအချို့သည် လွန်ခဲ့သည့် ၂ နှစ်တာကာလအတွင်း အဓိကစစ်သလင်းပြင်များ ဖြစ်လာခဲ့ (သို့မဟုတ် ဆက်ဖြစ်နေဆဲ) သည့်အပြင် လက်နက်ကိုင်ပဋိပက္ခသည် ပဲခူး၊ မကွေး၊ မန္တလေး၊ စစ်ကိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးများအထိ ကူးစက်ပျံနှံ့လာခဲ့သည်။[၁၇] ခါးသီးလွန်းလှသည့် ဝါဒဖြန့်လွန်ဆွဲပွဲကြီး စတင်အသက်ဝင် လာတော့သည်။ ၎င်းတို့ဖက်ခြမ်းဌ NUG သည် ‘ပြည်သူ့ခုခံတွန်းလှန်စစ်’ ကြေညာခဲ့သည့် ပထမ ၁၂ လတာကာလအတွင်း EAOs တပ်ဖွဲ့ဝင်များအပါအဝင် ၎င်းတို့ဖက်ခြမ်းဌ စစ်သည်ပေါင်း ၁၅၀၀ ကျော်သာပြုန်းတီးခဲ့သော်လည်း တပ်မတော်နှင့် ၎င်းတို့၏ မြောက်များလှစွာသော ပြည်သူ့စစ်တပ်ဖွဲ့များဖက်ဌ စစ်သည်ပေါင်း ၂၀၀၀၀ ကျော် သေကျေပျက်စီးခဲ့သည်ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သည်။[၁၈] အပြန်အလှန်အားဖြင့် SAC ဖက်က ခန့်မှန်းကိန်းဂဏန်းအချက် အလက်များထုတ်ပြန်လာခြင်း မရှိခဲ့ပေ။ သို့သော်လည်း ပဋိပက္ခဖြစ်ပွားမှုအတိမ်အနက်အရ လက်နက်ကိုင်ပဋိ ပက္ခဖြစ်ပွားမှုနှင့် တည်နေရာအချက်အလက်ပြ စီမံကိန်းအောက်ရှိ လေ့လာဆန်းစစ်ချက်အတွင်း အာဏာသိမ်းရန် စတင်ကြိုးပမ်းခဲ့ချိန်မှစ၍ ပေါ်ပေါက်လာခဲ့သည့် ‘နိုင်ငံရေးအကြမ်းဖက်မှု’ အတွင်း လူပေါင်း ၂၇၀၀၀ ခန့်အထိ သေဆုံးမှုရှိနိုင်သည်ဟုခန့်မှန်းထားခြင်းကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ဌ ယူကရိန်းပြီးလျှင် ပဋိပက္ခဖိစီးနှိပ်စက်မှုဒဏ်ကို ဒုတိယမြောက် အပြင်းထန်ဆုံးခံနေရသည့် နိုင်ငံတစ်ခုဖြစ်လာခဲ့သည်။[၁၉]

ဝမ်းနည်းဖွယ်ရာကောင်းသည်မှာ ဤအဖြစ်အပျက်များဆက်တိုက်ဆိုသလို ဖြစ်ပွားလာခဲ့သော်လည်း ယခုအချိန်ထိ ပြောင်းလဲလာနိုင်သည့် အရိပ်အယောင်များ မတွေ့မြင်ရသေးခြင်းပင်ဖြစ်သည်။ အာဏာသိမ်းရန် စတင်ကြိုးပမ်းခဲ့ချိန်မှစ၍ NCA လုပ်ငန်းစဉ်ကို သိသိသာသာမေ့လျော့သွားခဲ့ကြသဖြင့် နေပြည်တော်ဌ ဒီမိုကရေစီအုပ်ချုပ်ရေးထွန်းကားလာနိုင်သည့် အလားအလာမှန်သမျှ လုံးဝဆိတ်သုဉ်းသွားတော့သည်။ ယင်းအစား လတ်တလောဌ စစ်ကောင်စီအနေဖြင့် နိုင်ငံနှင့် လူထုလူတန်းစားများအပေါ် စစ်တပ်အလိုကျ ကြိုးကိုင်ချယ်လှယ်သွားမည့် မျှော်မှန်းချက်ကို အောင်အောင်မြင်မြင် ပြဋ္ဌာန်းနိုင်ခြင်းရှိမရှိဟူသည့် မေးခွန်းသည် အဓိကအကျဆုံးဖြစ်လာခဲ့သည်။ ယနေ့အချိန်ထိ ၎င်းတို့လမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းနိုင်စေရန် စစ်အစိုးရဖက်က ကြိုးပမ်းလာခဲ့ပါက မည်

သည့်ကိစ္စရပ်များ ဖြစ်ပွားလာနိုင်ခြေရှိကြောင်း ရှင်းရှင်းလင်းလင်း မြင်သာလာစေမည့် အထောက်အထားများ ရှားပါးနေဆဲပင်ဖြစ်သည်။

အာဏာသိမ်းရန်ကြိုးပမ်းသည့်အနေဖြင့်မင်းအောင်လှိုင်သည် ၂၀၁၈ ခုနှစ် မဲလိမ်မဲခိုးသည်ဟူသည့် စွပ်စွဲပြောဆိုချက်များကို စုံစမ်းဖြေရှင်းပြီးသည့်အခါ နောက်ထပ်အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ကို ၂ နှစ်အတွင်း ပြန်လည်ခေါ်ယူကျင်းပသွားမည်ဟု ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်၍ပြောဆိုသွားခဲ့သည်။[၂၀] တစ်ချိန်တည်းမှာပင် SAC ၏ 'လမ်းပြမြေပုံငါးရပ်' အရ NCA ၌ ပြဋ္ဌာန်းထားသည့် သဘောတူညီချက်များနှင့်အညီ 'တစ်နိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံမှုရှိသည့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းဖော်ဆောင်သွားနိုင်ရန် ဦးစားပေးဆောင်ရွက်သွား မည်' ဟုကတိပြုသွားခဲ့သည်။ မင်းအောင်လှိုင် ဦးဆောင်သွားမည့် အမျိုးသားညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟို ကော်မတီနှင့် ၎င်း၏လက်ထောက် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းဥက္ကဋ္ဌအဖြစ် တာဝန်ယူသွားမည့် အမျိုးသား ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီဟူသည့် ငြိမ်းချမ်းရေး ကော်မတီသစ်နှစ်ရပ်ကို ထုတ်ပြန်ကြေညာသွားခဲ့သည်။[၂၁]

ဤစကြံနိုကိုအသုံးပြု၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုပြန်လည်အသက်သွင်းမှု မရှိခဲ့ပေ။ ဒီမိုကရေစီတောင်းဆိုသည့် သပိတ်များ ဆက်လက်ဖြစ်ပွားနေခဲ့သော်လည်း SAC ၏ ဦးစားပေးသည် ယခုတစ်ကြိမ်၌ NLD ပါဝင်မှုမရှိသည့် နောက်ထပ်အထွေထွေ ရွေးကောက်ပွဲတစ်ရပ် ခေါ်ယူကျင်းပသွားနိုင်ရေးသာ ဆက်ဖြစ်နေခဲ့သည်။ တပ်မတော်ဗိုလ်ချုပ်များသည် ၎င်းတို့၏ လက်ဝယ်ခံပါတီဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသာလျှင် အနာဂတ်ရွေးကောက်ပွဲမှန်သမျှ၌ အနိုင်ရရှိစေရမည်ဟု သံန္နိဋ္ဌာန်ချထားခဲ့ကြပုံပေါ်သည်။ လက်ရှိအကျပ်အတည်းအတွက် ရွေးကောက်ပွဲသည်သာလျှင် 'ထွက်ပေါက်' တစ်ခုဖြစ်သည်ဟုပြောဆိုစည်းရုံးခြင်းဖြင့် တပ်မတော်အပေါ် လူထုထောက်ခံမှု ပြန်လည်ရရှိ စေလိမ့်မည်ဟု မျှော်လင့်ထားကြသည်။ SAC ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အနှောင့်အဖွဲ့ကင်းလွတ်လပ်သည့် မီဒီယာနှင့် စည်းရုံးစုဝေးခွင့်တို့ကို ဖိနှိပ်ချုပ်ချယ်ထားသည့် အခင်းအကျင်းမျိုးဖြင့် ကြိုတင်အကွက်ချ ပြင်ဆင်ထားသည့် ရွေးကောက်ပွဲသည်ပင်လျှင် နိုင်ငံရေးအကွဲအပြဲများနှင့် အကြမ်းဖက်မှုများကို အကြီးအကျယ်ဖြစ်ပွားစေခဲ့သည့် အကြောင်းရင်းတစ်ခုဖြစ်နေခဲ့သဖြင့် ထွက်ပေါက်တစ်ခု ဖြစ်လာရန် အလှမ်းဝေးနေခဲ့သည်။[၂၂]

ဤအရွေ့ကို ကျားကန်ပေးသည့်အနေဖြင့် SAC သည် အမျိုးသားနိုင်ငံရေးဇာတ်ခုံပေါ်မှ NLD ကို အပြီးတိုင်ဖယ်ရှားသွားရန်နှင့် မည်သည့်အနာဂတ်လွှတ်တော်၌မဆို USDP–တပ်မတော်တို့ အမြဲကြီးစိုးလွှမ်းမိုးနိုင်စေမည့် အချိုးကျ ကိုယ်စားပြုစနစ်သစ်နှင့် ပါတီမှတ်ပုံတင်စနစ်သစ်ချမှတ် ကျင့်သုံးရေးဟူသည့် လုပ်ငန်းစဉ် အဆင့်နှစ်ဆင့်ကို ရှေ့တန်းတင်လာခဲ့သည်။[၂၃] ဤမဟာဗျူဟာအတွင်း ရှေ့ပိုင်းဆယ်စုနှစ်တစ်လျှောက် အမျိုးသားအသွင်ကူးပြောင်းရေးလမ်းကြောင်းအဖြစ် အသက်သွင်းခဲ့ကြသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုဖြစ်စေ ဒီမိုကရေစီထွန်းကားရေးကိုဖြစ်စေထည့်သွင်းစဉ်းစားထားခြင်း မရှိခဲ့ပေ။

တပ်မတော်၏ဤကဲ့သို့သောနည်းဗျူဟာအပြောင်းအလဲသည် အမျိုးသားနိုင်ငံရေးဇာတ်ခုံ၏ ရေခဲမြေခဲအခင်းအကျင်းပေါ်သို့ ရှောင်လွှဲမရသည့် အကျိုးသက်ရောက်မှုများဆောင်ကျဉ်းလာခဲ့သည်။ ဒီမိုကရေစီလိုလားထောက်ခံသည့် လူထုလှုပ်ရှားမှုများကို နှိပ်ကွပ်ဖိနှိပ်ထားသည့် SAC

ရန်ကုန်မြို့မှ ဒီမိုကရေစီလှုပ်ရှားမှုတစ်ခုသူတစ်ဦး (ဟွင်းကရင်းမြစ်)

ဒုံကုန်းမြို့၏ လမ်းမများထဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လက်နက်ကြီးများ (၂၀၂၁ ခုနှစ်)

သည် တိုင်းရင်းသားမျက်နှာစာ၌ ၂၀၁၅ ခုနှစ် NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း တပ်မတော်၏ လုပ်ရိုးလုပ်စဉ်ကိုထင်ဟပ်စေခဲ့သည့် ပုံစံသုံးမျိုးရောနှော ပါဝင်နေခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးရေး မဟာဗျူဟာများ ဖြစ်ကြသည့် အပစ်ရပ်ထားသည့် EAOs များနှင့် နှစ်ဖက်အပြန်အလှန် တွေ့ဆုံဆွေးနွေးရေး၊ NCA လက်မှတ်ထိုးအဖွဲ့ဝင်များ (၉ ပမာ စစ်အစိုးရနှင့် တွေ့ဆုံဆွေးနွေးရန် သဘောတူကြသူများ) နှင့် အခါအားလျော်စွာ စုပေါင်းတွေ့ဆုံဆွေးနွေးရေး နှင့် ၂၀၂၃ နှစ်ကုန်အထိ ဆက်လက်အသက်ဝင်နေဦးမည့် တပ်မတော်၏ တိုင်းစစ်ဌာနချုပ်များအောက်ရှိ 'တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေး' ကြေညာချက်များဆီသို့ ပြန်လည်ဦးလှည့်သွားခဲ့သည်။[၂၄] သို့သော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ရပ်ရပ်ကို ပြန်လည်အသက်သွင်းမည့် သို့မဟုတ် ဆင့်ကဲအပြောင်းအလဲ ပြုလုပ်သွားမည့် ကိစ္စရပ်နှင့်ပတ်သက်၍ စနစ်တကျခင်းကျင်းထားသည့် အရွေ့မျိုးပေါ်ထွက်မလာခဲ့ပေ။

SAC ၏ ချဉ်းကပ်မှုအတွင်း ရှေ့နောက်ညီညွတ်မှုမရှိသည့် မူမမှန်သည့်အင်္ဂါရုပ်များ ပါဝင်နေခဲ့ပြီး ဖယ်ကြဉ်ချန်လှပ်ထားသည့် နိုင်ငံရေးအရွေ့သစ်တစ်ခု အသက်ဝင်လာခဲ့သည်။ အထင်ရှားဆုံး ဖယ်ကြဉ်ချန်လှပ်ထားမှုသာဓကများအဖြစ် စစ်အစိုးရ၏ မူဘောင်များအတွင်း ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရသွားခဲ့သည့် NLD အတွက် လုံးဝနေရာမရှိခြင်း၊ ၂၁ ရာစုပင်လုံညီလာခံကိုဆက်လက်မျက်ကွယ်ပြုထားခြင်း၊ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအပေါ်ကန့်သတ်ချုပ်ချယ်မှု အမျိုးမျိုးပြုလုပ်နေခြင်း[၂၅] နှင့် အသစ်ပေါ်ထွက်လာသည့် NUG နှင့် PDFs တို့ကို 'အစွန်းရောက်အကြမ်းဖက် အဖွဲ့အစည်းများ' အဖြစ် အမည်ပျက်စာရင်းသွင်းခြင်းတို့ ပါဝင်လျက်ရှိသည်။[၂၆] အကျိုးရလဒ်အဖြစ်ပြီးခဲ့သည့် ဆယ်စုနှစ်တစ်လျှောက် ငြိမ်းချမ်းရေးခရီးဖြောင့်ဖြူးစေရန် သံန္နိဋ္ဌာန်အခိုင်အမာချ၍ အားကြိုးမာန်တက်အချိန်ပေးပါဝင်ခဲ့ကြသည့် အင်အားစုများနှင့် ခေါင်းဆောင်များအတွက် အကြီးအကျယ် စိတ်ပျက်စရာဖြစ်သွားခဲ့သည်။ NCA လက်မှတ်ရေးထိုးမှု ခြောက်နှစ်ပြည့်နှစ်ပတ်လည် အထိမ်းအမှတ်နေ့အပေါ် စိတ်ပျက်လက်ပျက် ဝေဖန်ထောက်ပြမှုအဖြစ် KNU က SAC ၏ အာဏာသိမ်းရန်ကြိုးပမ်းမှုသည် ပြည်ထောင်စုသဘောတူစာချုပ် သန္ဓေတည်

ထားသည့် အခြေခံမူများကို ဖျက်ဆီးရာရောက်နေသဖြင့် အမျိုးသားနိုင်ငံရေးဇာတ်ခုံမှ တပ်မတော်နှုတ်ထွက်သွားရန်လိုအပ်သည်ဟု ပြောဆိုသတိပေးခဲ့သည်။[၂၇]

ဤကာလနောက်ပိုင်းထိ SAC နှင့် မတူကွဲပြားသည့် EAOs များအကြား အလျဉ်းသင့်သလို တွေ့ဆုံဆွေးနွေးမှုများ ဆက်ရှိနေခဲ့သည်။ ၂၀၂၂ ခုနှစ် ဧပြီလ၌ သင်္ကြန်နှစ်သစ်ကူးပွဲတော် အခါသမယကို အသုံးချ၍ 'ငြိမ်းချမ်းရေးနှစ်' တစ်နှစ်အဖြစ် ကြေညာမောင်းခတ်သွားခဲ့သည်။[၂၈] သို့သော်လည်း လောက်လောက်လားလား အပြောင်းအလဲတစ်ခုတစ်လေမျှ လိုက်ပါလာခြင်း မရှိခဲ့ပေ။ SAC နှင့် ဆက်လက်တိုက်ပွဲဖြစ်ပွားလျက်ရှိသည့် CNF၊ KIO၊ KNPP နှင့် KNU ကဲ့သို့သော EAOs များသည် မိမိတို့၏ တော်လှန်ရေးလှုပ်ရှားမှုများကို ထင်ဟပ်ဖော်ပြရာ၌ 'တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ' ဟူသည့် အမည်ပေးမှုပုံစံကို ပို၍လိုလားနှစ်ခြိုက်သဖြင့် မည်သည့်အကြောင်းအရာကိုမျှဆွေးနွေးစရာ မရှိဟုဆိုကာ စစ်အစိုးရနှင့် တွေ့ဆုံစကားပြောရန် ငြင်းဆန်ခဲ့ကြသည်။

ဆန့်ကျင်ဖက်အနေဖြင့် SAC ၏ ဖိတ်ကြားမှုကို အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည့် နောက်ပိုင်းကာလများအထိ နှစ်ဖက်အပြန်အလှန်အပစ် အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းထားဆဲဖြစ်သည့် EAOs အချို့ လက်ခံသဘောတူခဲ့ကြသည်။ အထင်ကရရှိသည့် တော်လှန်ရေးအင်အားစုများအတွင်း ဖက်ဒရယ်နိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှုအတိုင်ပင်ခံကော်မတီ အဖွဲ့ဝင်များဖြစ်ကြပြီး အပစ်အခတ်ရပ်စဲထားကြသည့် ဝပြည်သွေးစည်းညီညွတ်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီမဟာ မိတ်တပ်မတော်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီတို့အပြင် NCA လက်မှတ်ထိုးအဖွဲ့ဝင်များဖြစ်ကြသည့် မွန်ပြည်သစ်ပါတီနှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီတို့ပါ ပါဝင်နေခဲ့သည်။

သို့သော်လည်း ၂၀၂၂ ခုနှစ်၌ SAC အဆိုပြုလာခဲ့သည့် 'နှစ်ကျော့ပြန်' ငြိမ်းချမ်းရေးစကားဝိုင်း၏ ကာလယန္တရား နေရာချထားမှုပုံစံ ရှုပ်ထွေးနေခဲ့သည်။ မေလနှင့် ဇွန်လအတွင်း ခေါ်ယူကျင်းပခဲ့သည့် ကနဦးပထမအကျော့အစည်းအဝေးများ၌ EAOs စုစုပေါင်းဆယ်ဖွဲ့နှင့် အပိုင်းလိုက် (အများစုကိုသီးသန့်) ခေါ်ယူတွေ့ဆုံခဲ့သလို ဒုတိယအကျော့အဖြစ် FPNCC မဟာမိတ်အဖွဲ့ဝင်များဖြစ်ကြသည့် UWSP၊ NDAA နှင့် SSPP တို့ပါဝင်သည့် အုပ်စုနှင့် စက်တင်ဘာ လတွင်သော်လည်းကောင်း[၂၉] ၂၀၁၅ ခုနှစ် ကနဦးလက်မှတ်ရေးထိုးပွဲ နှစ်ပတ်လည်နေ့ တက်ရောက်လာကြသည့် NCA လက်မှတ်ထိုးအဖွဲ့ဝင် EAOs ခုနှစ်ဖွဲ့ပါဝင်သည့်အုပ်စုနှင့်အောက်တိုဘာလတွင်သော်လည်းကောင်း နှစ်သုတ်ခွဲကာ ခေါ်ယူဆွေးနွေးခဲ့ခြင်းဖြစ်သည်။

မည်သို့ဆိုစေကာမူ အဆိုပါတွေ့ဆုံစည်းဝေးပွဲများသည် ပဋိပက္ခရေခံမြေခံကို လောက်လောက်လားလား ပြောင်းလဲနိုင်စွမ်း မရှိခဲ့ပေ။ RCSS နှင့် NMSP တို့မှလွဲ၍ ကျန် NCA အဖွဲ့ဝင်များသည် နိုင်ငံအတွင်း၌ အင်အားနှင့် လှုပ်ရှားတက်ကြွမှု မရှိသလောက် နည်းပါးသည့် မည်ကာမတ္တ EAOsများသာဖြစ်ကြသည်။[၃၀] ထိုအချိန်ပတ်ဝန်းကျင်၌ တပ်မတော်သည် NCA လက်မှတ်ထိုးအဖွဲ့ဝင်များဖြစ်ကြသည့်ကရင်ပြည်နယ်ရှိ KNU နှင့်သော်လည်းကောင်း ချင်းပြည်နယ်၌ CNF နှင့်သော်လည်းကောင်း တိုက်ပွဲများပြင်းထန်နေခဲ့သလို FPNCC နှင့် မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များဖြစ်ကြသည့် KIO၊ MNDAA နှင့် TNLA တို့ စစ်ရှိန်မြှင့်ခဲ့ကြသည့် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်တစ်လွှားဒ်လည်း KIO နှင့် တိုက်ပွဲပြင်းထန်နေခဲ့သည်။ NCA အဆင့်အတန်း၌ သို့မဟုတ် EAO–SAC နှင့်အပြိုင် EAO–NUG ဆက်ဆံရေး၌ ချိန်ခွင်လျှာတစ်ပြေးညီဖြစ်နေသည့်ပုံစံမျိုးကို အထင်အရှားတွေ့မြင်ရခြင်း မရှိခဲ့ပေ။

စစ်အာဏာသိမ်းရန် ကြိုးပမ်းခဲ့ခြင်းကြောင့် ပေါ်ပေါက်လာခဲ့သည့် စိန်ခေါ်မှုများနှင့်ပတ်သက်၍ EAOs များအကြားချဉ်းကပ်မှုပုံစံချင်း သိသိသာသာ ကွာခြားသွားစေခဲ့သည့် အကြောင်းရင်းများ ကွဲပြားစုံလင်လျက်ရှိသည်။[၃၁] ယေဘုယျအားဖြင့် UWSA နှင့် SSPP ကဲ့သို့သော အင်အားကြီးတော်လှန်ရေး အဖွဲ့အစည်းများ၏ ဝါရင့်ခေါင်းဆောင်များသည် ယခင်ကလည်း အမျိုးသားနိုင်ငံရေးဇာတ်ခုံတွင်း အကွဲအပြဲဒဏ်ကို အကြိမ်ပေါင်းများစွာ ကြုံတွေ့ခံစားခဲ့ဖူးကြသူများဖြစ်သည်။ ထို့ကြောင့် နှစ်ဖက်စလုံးကို ၎င်းတို့ဖန်တီးထားခြင်း သို့မဟုတ် ရွေးချယ်ထားခြင်း မရှိခဲ့သဖြင့် 'အစိုးရ' တစ်ဖက်တည်းနှင့် သို့မဟုတ် အခြားတစ်ဖက်ရှိအတိုက်အခံတစ်ဖက်ဖက်နှင့်မဟာမိတ်ပြုရန်သမိုင်းအစဉ်အဆက် တွန့်ဆုတ်နေခဲ့ကြခြင်းဖြစ်သည်။ လွတ်လပ်ရေးရပြီးစ ဗမာပြည်ကွန်မြူနစ်ပါတီ၏ တော်လှန်ပုန်ကန်မှုမှစ၍ ၁၉၉၀ ပြည့်လွန်နှစ်များ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အမျိုးသားညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းခဲ့သည့် နောက်ပိုင်းကာလများအထိ အမျိုးသားနိုင်ငံရေးဇာတ်ခုံပေါ်၌ လက်နက်ကိုင်ပဋိပက္ခနှင့် အစိုးရနေရာရရှိရန် လွန်ဆွဲအား ပြိုင်မှုများ အမြဲတမ်းလိုလို ဆက်ရှိနေခဲ့သည်။ ၁၉၅၈ ခုနှစ်မှစ

၍တပ်မတော်၏ ကြားဝင်စွက်ဖက်မှုများနှင့် အာဏာသိမ်းမှုများသည် မြန်မာ့ရေရှည်မြေခံ အခင်းအကျင်းနှင့် ခွဲခြား၍ မရနိုင်ဘဲ ဒွန်တွဲပါလာသည့် အင်္ဂါရုပ်များဖြစ်နေခဲ့ကြသည်။[၂၂]

SAC နှင့် သွားရောက်တွေ့ဆုံခဲ့ကြသည့် NCA လက်မှတ်ထိုးအဖွဲ့ဝင်များ ဖြစ်ကြသည့် NMSP နှင့် RSCC တို့သည်လည်း ၎င်းတို့၏ မကျေနပ်ချက်များကို အလားတူထုတ်ဖော်ပြောဆိုခဲ့ကြသည်။ မည်သို့ဖြစ်စေ၎င်းတို့၏ချေပပြောဆိုချက်များကို အခြားအတိုက်အခံ အသိုက်အဝန်းများအကြား ကောင်းစွာလက်သင့်ခံမှု မရှိခဲ့ကြပေ။ ဝေဖန်ပြောဆိုသံများ ဆူညံလာသည်နှင့်အမျှ အများစုသည် ခွဲထွက်အဖွဲ့အစည်းများသို့မဟုတ် အတိတ်ကာလတော်လှန်ရေးလှုပ်ရှားမှုများအဖြစ်သာ သမိုင်းတွင် ကျန်ရစ်ခဲ့ပြီဖြစ်သည့်လက်ရှိအချိန်၌ SAC နှင့် ငြိမ်းချမ်းရေးဆွေးနွေးသွားရန်သဘောတူထားကြသည့် NCA လက်မှတ်ထိုးအဖွဲ့ဝင် EAOs အစုအဖွဲ့ငယ်များအတွက် NCA သည် အဖွဲ့အစည်းရှင်သန်ရေးနှင့် အများတရားဝင်လက်ခံမှု ရရှိစေမည့် မျှော်လင့်ချက်မျိုးကို ကိုယ်စားပြုနေခဲ့ပုံရသည်။[၂၃] အထူးသဖြင့် ၎င်းတို့၏ ယခင်က NCA မိတ်ဖက်များဖြစ်ခဲ့ကြသည့် CNF၊ KNU နှင့် ABSDF တို့ကို အစည်းအဝေး၌ မတွေ့ရှိခဲ့ရသလို အခြားရှေ့ဆောင် EAOs များဖြစ်ကြသည့် KIO၊ KNPP၊ MNDAA နှင့် TNLA တို့သည်လည်း ပါဝင်မှုမရှိခဲ့ကြပေ။ မင်းအောင်လှိုင်က ၎င်းအနေဖြင့် PDFs များနှင့် CRPH တို့နှင့်ချိတ်ဆက်ထားသည့် တော်လှန်ရေးအဖွဲ့အစည်းများကိုသာ 'အစွန်းရောက်အကြမ်းဖက် အဖွဲ့အစည်းများအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်' ဟု ချေပပြောဆိုသွားခဲ့သော်လည်းပြည်ပနိုင်ငံများက ၎င်း၏ငြိမ်းချမ်းရေး ဆွေးနွေးရန် ဖိတ်ခေါ်မှုကို အသိအမှတ်မပြုဘဲ ငြင်းပယ်သွားခဲ့သည်။[၂၄]

ဤအကြောင်းတရားများကြောင့် SAC ၏ ငြိမ်းချမ်းရေးလွှမ်းခြုံမှုသည် ၎င်းတို့အာဏာလွှဲပြောင်းရယူခဲ့သည့် ပထမ ၂ နှစ်တာကာလအတွင်း တစ်ဖွဲ့တစ်လေကိုမျှ ထပ်မံဘက်ပြောင်းလာစေရန် စွမ်းဆောင်နိုင်ခြင်း မရှိခဲ့သဖြင့် အောင်မြင်မှုမရှိခဲ့ကြောင်း ထင်ရှားလာစေခဲ့သည်။ EAO ခေါင်းဆောင်အများအပြား၏ စိတ်ထဲ၌ NLD၏ အစိုးရသက်တမ်းအတွင်း စွမ်းဆောင်နိုင်ရည်အပေါ် စိုးရိမ်ပူပန်မှုရှိခဲ့ကြသလို နဝတ-နအဖလက်ထက်က NCGUB ၏ ကျရှုံးမှုကို ပြန်လည်အောက်မေ့ရင်း မျက်မှောက်ခေတ် NUG ၏ လုပ်ရည်ကိုင်ရည်ကိုလည်းအလားတူသံသယရှိခဲ့ကြသည်။ သို့သော်လည်းမျှမျှတတရှိသည့် အမြင်သဘောထားဖြင့် ၎င်းတို့က မျက်မှောက်ခေတ် နိုင်ငံပြိုလဲပျက်စီးမှုအတွက် တပ်မတော်၌သာ အပြည့်အဝတာဝန်ရှိသည်ဟု ရှုမြင်လက်ခံထားကြသည်။ ဒီမိုကရေစီလိုလားထောက်ခံသူများက စစ်အစိုးရနှင့် ဆွေးနွေးပြောဆိုရေးကို ပိုမိုသံသယကြီးသွားစေခဲ့သည့် အကြောင်းရင်းတစ်ခုအဖြစ် အာဆီယံ၊ ကုလသမဂ္ဂ သို့မဟုတ် အခြားသံတမန်များနှင့် ကြားဝင်ဆောင်ရွက်ခဲ့ကြသူများအပါအဝင် လူ့အခွင့်အရေးအခြေအနေများ ပြောင်းလဲလာစေရန် သို့မဟုတ် တိုးတက်ကောင်းမွန်လာစေရန် SAC နှင့် ယနေ့အချိန်ထိ တွေ့ဆုံဆွေးနွေးလာခဲ့သည့် နိုင်ငံတကာအစည်းအဝေးများ၏ မအောင်မြင်မှုကိုလည်း ထောက်ပြပြောဆိုခဲ့ကြသည်။

တောင်ပုံရာပုံ အထောက်အထားများ တစ်နေ့တစ်ခြားတိုးပွားလာလျက်ရှိသည်။ SAC အရာရှိများက စစ်တပ်၏ကြီးစိုးလွှမ်းမိုးမှုကို ဆက်လက်ခါးစည်းခံရေး မှလွဲ၍ အခြားဦးတည်ချက် မရှိသည့် လမ်းပြမြေပုံမျိုးကို ရောင်းတန်းတင်ရန် ကြိုးပမ်းနေပုံရသည်။ အနှစ်သာရအားဖြင့် SAC အရာရှိများသည် အစည်းအဝေးပေါင်းစုံ၌ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာစောင့်ထိန်းရေး၊ EAOs များ ပြည်သူ့စစ်တပ်ဖွဲ့များ သို့မဟုတ် နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ်အသွင်ပြောင်းလဲရေးနှင့် တိုင်းရင်းသားများ၏ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ကို ဘယ်ဆီမှန်းမသိသည့် အနာဂတ်၌ ဖြည့်ဆည်းပေးမည်ဟူသည့် ကတိကဝတ်မျိုးဖြင့်သာ လိုက်လံသြဝါဒခွေနေခဲ့ခြင်းဖြစ်သည်။[၂၅] တိုင်းရင်းသားပြည်နယ်များ၌တိုင်းရင်းတားပါတီများကို ကိုယ်စားလှယ်နေရာ ပိုမိုရရှိစေမည့် အချိုးကျကိုယ်စားပြု ရွေးကောက်ပွဲစနစ်ကို အားပေးအားမြှောက်ပြုလာခဲ့သည်။ သို့သော်လည်း USDP မဟုတ်ကြသည့် အခြားပါတီများ၏ စွမ်းဆောင်ရည်ကို ကန့်သတ်ထားသည့် ပါတီမှတ်ပုံတင်ဥပဒေကို ထည့်သွင်းစဉ်းစားလိုက်ပါက အနာဂတ်ရွေးကောက်ပွဲမှန်သမျှသည် စစ်အစိုးရသက်ဆိုးရှည်ရေးကို အထောက်အကူပြုရန်သာ ရည်ရွယ်ထားခြင်းဖြစ်သည်။[၂၆] ဤအခြေခံမှကြည့်ပါက SAC သည် တပ်မတော်စိတ်တိုင်းကျ ရေးဆွဲပြင်ဆင်ထားသည့် စနစ်တစ်ခုအတွင်းရှိ များပြားလှသည့် ကန့်သတ်ချက်များအကြားနှစ်မွန်းသွားစေမည့် အလားအလာမှလွဲ၍ မည်သည့်တွေ့ဆုံဆွေးနွေးရေးနှင့် ပြုပြင်ပြောင်းလဲရေး အလားအလာကိုမျှအဆိုပြုထားခြင်း မရှိခဲ့ပေ။

စစ်အာဏာသိမ်းရန်ကြိုးပမ်းခဲ့ပြီးနောက်ပိုင်း SAC နှင့် EAO တွေ့ဆုံစည်းဝေးပွဲများသည် လက်နက်ကိုင်ပဋိပက္ခကို ရပ်တန့်စေနိုင်ခြင်း မရှိခဲ့သလို ငြိမ်းချမ်းရေးလမ်းကြောင်းကိုလည်း တိုးတက်ဖြစ်ထွန်းလာစေခြင်း မရှိခဲ့သည့်

အချက်အပေါ် ထူး၍အံ့သြသင့်နေစရာ အကြောင်းမရှိတော့ပေ။ ယင်းအစား တပ်မတော်၏ အကြမ်းဖက်မှုနှင့် အတိုက်အခံများ၏ တန်ပြန်အရေးယူ ဆောင်ရွက်မှုများဖြင့် ပြည်တွင်းအကွဲအပြဲများသာ နက်ရှိုင်းသည်ထက် ပိုမိုနက်ရှိုင်းကျယ်ပြန့်လာခဲ့သည်။ ကမ်းကုန်သည့်တစ်ကျော့ပြန် လူ့အခွင့်အရေး ချိုးဖောက်မှုများ ပေါ်ပေါက်လာခဲ့ကြောင်း ကုလသမဂ္ဂမှဖွဲ့စည်းတာဝန်ပေးခဲ့သည့် အနှောင့်အဖွဲ့ကင်းလွတ်လပ်သည့် မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) ၌ 'စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်တည်မှုကို ဆန့်ကျင်သောရာဇဝတ်မှုများ'သိသိသာသာမြင့်တက်လာလျက်ရှိသည်ဟူ၍ပင် ဖော်ပြမှတ်တမ်းတင် ခံခဲ့ရသည်။[၃၇] ယင်းတို့၌ ဆယ်စုနှစ်ပေါင်းများစွာအတွင်း နိုင်ငံရေးအကျဉ်းသားများကို ပထမဦးဆုံးအကြိမ် သေဒဏ်ပေးကွပ်မျက်မှု သာမကပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံး၌ ဖော်ဆောင်လျက်ရှိသည့် စစ်ဆင်ရေးလုပ်ငန်းများအတွင်း ရန်သူနှင့်အရပ်သားခွဲခြားမှုမရှိဘဲပစ်ခတ်သတ်ဖြတ်မှုများလည်း ပါဝင်နေခဲ့သည်။

တစ်ကျော့ပြန် 'သွေးခွဲအုပ်ချုပ်ရေး' မဟာဗျူဟာများကို အသုံးပြုလာခဲ့သည့် SAC ၏ နည်းဗျူဟာများသည် လူမျိုး ရေးသဘောထားကွဲလွဲမှုများနှင့် ဒေသတွင်းပဋိပက္ခများကျယ်ပြန့်လာစေရန် သွေးထိုးပေးနေပုံရသဖြင့်အလားတူစိုးရိမ်ဖွယ်ရာ ကောင်းလာခဲ့သည်။ အာဏာသိမ်းရန် စတင်ကြိုးပမ်းခဲ့ချိန်မှစ၍ နိုင်ငံအနှံ့အပြားရှိ တိုင်းရင်းသားလူမျိုးများအကြား တင်းမာမှုများနှင့် ရံဖန်ရံခါအကြမ်းဖက်မှုများ ပိုမိုဆိုးရွား ပြင်းထန်လာခဲ့သည်။ ဤလုပ်ရပ်သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပြောင်ပြောင်ကြီးဆန့်ကျင်လျက်ရှိပြီး ပြည်တွင်းစစ်ဒဏ်သင့် နယ်မြေဒေသတစ်ခုအတွက် စိတ်ဓာတ်ကျစရာအတိုပြီးသည့် ပုံရိပ်မျိုးကိုဆောင်ကျဉ်းလာခဲ့သည်။

ဥပမာပေးစရာ သာဓကများစွာ ရှိနေပါသည်။ SAC ကျောထောက်နောက်ခံပြုထားသည့် ပျူစောထီးပြည်သူ့စစ်တပ်ဖွဲ့များနှင့် NUG လက်အောက်ခံ PDFs များအကြားအကြမ်းဖက်တိုက်ခိုက်မှုများ နေ့စဉ်လိုလို ဖြစ်ပွားလျက်ရှိခြင်း၊ KNU နှင့် ကရင် BGF အကြား တိုက်ပွဲများဖြစ်ပွားနေခြင်း၊[၃၈] SAC မှ ရှမ်း–ကယားနယ်စပ်ဒေသရှိ ကရင်နီနှင့် PDF တပ်ဖွဲ့များကို တိုက်ခိုက်ရန်အတွက် ပအိုဝ်းအမျိုးသားအဖွဲ့အစည်းကို အသုံးချလာခြင်း၊[၃၉] NCA လက်မှတ်ထိုးအဖွဲ့ဝင် ရခိုင်လွတ်မြောက်ရေးပါတီနှင့် အပစ်အခတ်ရပ်စဲထားခြင်းမရှိသည့် ရခိုင်အမျိုးသားကောင်စီနှင့် ULA/AA တို့အကြားပေါ်ပေါ်ထင်ထင် လွန်ဆွဲအားပြိုင်မှု ရှိလာခြင်း၊[၄၀] နိုင်ငံ၏ အရှေ့မြောက်ဒေသ၌ KIO နှင့် မဟာမိတ် PDFs များက ရှမ်းနီတပ်မတော်နှင့် အခြားတပ်မတော်ကျောထောက်နောက်ခံ ပြည်သူ့စစ်တပ်ဖွဲ့များနှင့် တိုက်ပွဲများပြင်းထန်လာခြင်း၊[၄၁] အိန္ဒိယနယ်စပ်ဒေသ၌ CNF နှင့် ဇိုမီးတော်လှန်ရေးတပ်ဖွဲ့အကြား ထိတွေ့တိုက်ပွဲများ ဖြစ်ပွားလာခဲ့ခြင်း၊[၄၂] မွန်ပြည်နယ်အတွင်း၌ NCA ကို ဆက်လက်ထိန်းသိမ်းလိုသဖြင့် SAC နှင့် လက်တွဲအလုပ်လုပ်နေဆဲဖြစ်သည့် တိုင်းရင်းသားပါတီ (အခြေခံအားဖြင့် NMSP) နှင့် NUG ကို ထောက်ခံအားပေး၍ လက်နက်ကိုင်တော်လှန်ရန် ဆုံးဖြတ်သွားခဲ့သည့်အဖွဲ့ဟူ၍ တော်လှန်ရေးအဖွဲ့ နှစ်ဖွဲ့ကွဲသွားခြင်း၊[၄၃] နှင့် အပစ်အခတ်ရပ်စဲထားပြီး FPNCC မဟာမိတ်အဖွဲ့ဝင်များဖြစ်ကြသည့် UWSP နှင့် TNLA တို့၏ အကူအညီဖြင့် SSPP သည် ၂၀၁၅ ခုနှစ် NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်းနယ်မြေချဲ့ထွင်လာခဲ့သည့် RCSS ကို ရှမ်းပြည်နယ်မြောက်ပိုင်းမှ ပြန်လည်တိုက်ထုတ်ခဲ့သည့် ဖြစ်စဉ်များကို တွေ့မြင်ခဲ့ရသည်။[၄၄]

သို့သော်လည်း လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားသည့် အတိုင်းအတာကိုကြည့်၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆုံးခန်းတိုင်သွားပြီဟု မှတ်ယူမည့်အစား ပြောင်းပြန်သဘောထားရန်လိုအပ်ကြောင်း ဖော်ပြရန်အရေးကြီးပါသည်။ ပြောင်းပြန်အဖြစ် တိုင်းရင်းသားတော်လှန်ရေး အင်အားစုများနှင့် နိုင်ငံရေးပါတီ အများအပြားက စစ်အာဏာသိမ်းရန်ကြိုးပမ်းမှုကြောင့် ပေါ်ပေါက်လာခဲ့သည့် လစ်ဟာနယ်အတွင်း နိုင်ငံကျရှုံးမှုနှင့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကို ဖြစ်ပေါ်စေခဲ့သည့် အကြောင်းတရားများကို ကိုင်တွယ်ဖြေရှင်းရန် NCA ကျရှုံးမှုများကို ကျော်လွှား၍ အားလုံးလွှမ်းခြုံပါဝင်မှုရှိသည့် တွေ့ဆုံဆွေးနွေးရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးကို ဦးတည်ခဲ့သည့် နဂိုအခြေခံရည်မှန်းချက်များဆီသို့ပြန်လည်ဦးလှည့်နိုင်စေမည့် အရှိတရားသစ်တစ်ခု ပေါ်ထွက်လာသည်ဟု ထောက်ပြပြောဆိုခဲ့ကြသည်။ အခြေခံအားဖြင့် နိုင်ငံရေးအသိုင်းအဝိုင်းများအကြား၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံစံသစ်ရှုထောင့်သစ်မှ ပြန်လည်စဉ်းစားချဉ်းကပ်ရန်လိုအပ်ကြောင်း ဘုံသဘောတူညီချက် ရရှိထားကြပြီးဖြစ်သည်။

ဤသုံးသပ်ချက်များ၏ အကျိုးရလဒ်တစ်ခုအဖြစ် နိုင်ငံအနှံ့အပြား၌ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု၏ ဆွေငင်အားဗဟို ချက်သည် NCA မှ SAC ကို အတိုက်အခံပြုရန် အသစ်ဖွဲ့စည်း ပေါ်ပေါက်လာခဲ့သည့် မဟာမိတ်အဖွဲ့များ

နှင့် ကွန် ရက်များဆီသို့ ရွှေ့ပြောင်းသွားခဲ့ပြီဖြစ်သည်။ ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း ဖော်ဆောင်သွားခဲ့သည့် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးပွဲများ၏ အလွန်တစ်ဖက်ကမ်း၌ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ထောင်သွားရေးသည် ဆွေးနွေးပွဲပေါင်းများစွာ၏ အသည်းနှလုံး ဗဟိုချက်နေရာကိုစိုးမိုးနေခဲ့ပြီဖြစ်သည်။ အထူးတလည် စည်းရုံးအရေးဆိုမှုသည် ရွှေးကောက်ခံလွှတ်တော်အမတ်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ EAOs များ၊ ကြားကာလပြည်နယ်အစိုးရများနှင့် တိုင်းရင်းသားအတိုင်ပင်ခံကော်မတီများပါဝင်လျက်ရှိသည့် ဖက်ဒရယ်ဒီမိုကရေစီ လိုလားထောက်ခံသည့် ကြားကာလအစိုးရယန္တရား၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) မှ မူကြမ်းရေးဆွဲတင်သွင်းခဲ့ပြီး လူထုညီလာခံ၌ အတည်ပြုပြဋ္ဌာန်းသွားခဲ့သည့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို ထောက်ခံကြိုဆိုကြသူများထံမှ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။[၄၅] အပြန်အလှန်အားဖြင့် ဤပဋိညာဉ်မူသည် 'အတုအယောင်' ဆွေးနွေးပွဲများကို ရှုံ့ချငြင်းဆန်၍ တပ်မတော်သည်သာလျှင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကို ထိခိုက်နစ်နာစေခဲ့သည့် လက်သည်ဖြစ်သည်ဟု စွပ်စွဲပြောဆိုခဲ့သည့် CDM တက်ကြွလှုပ်ရှားသူများ၊ မြို့ပြတော်လှန်ရေး အဖွဲ့အစည်းများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများ၏ ဝိုင်းရံအားပေးမှုကြောင့် ပိုမိုတိုးတက်ဖြစ်ထွန်းလာခဲ့ခြင်းဖြစ်သည်။[၄၆] SAC အနေဖြင့် မြို့ပြဒေသအများအပြားကိုဆက်လက်ထိန်းချုပ်ထားဆဲ ဖြစ်သော်လည်း မြန်မာနိုင်ငံသည် နိုင်ငံရေး တက်ကြွလှုပ်ရှားမှုဝါဒ ထွန်းကားရာနယ်မြေဒေသတစ်ခုအဖြစ် ခရီးဆက်နေဆဲပင်ဖြစ်သည်။

ဤအခြေခံမူကြည့်ပါက ပဋိပက္ခရေခဲမြေခဲနှင့် ဖယ်ကြဉ်ချန်လှပ်ထားသည့် နိုင်ငံရေးကစားကွက်အကြီးအကျယ်ပြောင်းလဲသွားခြင်းမရှိဘဲ NCA ကို ငြိမ်းချမ်းရေးအဆောက်အအုံ၏ ဗဟိုထောက်တိုင်အဖြစ် စိတ်ကူးပုံဖော်ရ ခဲယဉ်းနေဦးမည်ဖြစ်သည်။ ၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကဲ့သို့ပင် NCA ကို ပြုပြင်ပြောင်းလဲရေး တံခါးဝထက်စာလျှင် အစိုးရထိန်းချုပ်ရေး ယန္တရားတစ်ခုအဖြစ်သာ ပုံဖော်ပြောဆိုလာကြပြီဖြစ်သည်။ ယင်းအစား NUG၊ NUCC၊ ဦးစီးရှေ့ဆောင် EAOs များနှင့် အခြားအတိုက်အခံ တော်လှန်ရေးအင်အားစုများသည် ဖက်ဒရယ်စနစ်၊ ဒီမိုကရေစီနှင့် အားလုံးလွှမ်းခြုံပါဝင်ရေးအခြေခံမူများအပေါ် ဗဟိုပြုထားသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သစ်တစ်ရပ် လိုအပ်နေပြီဖြစ်ကြောင်း စည်းရုံးအရေးဆို နေကြပြီဖြစ်သည်။ ၎င်းတို့က ဤလုပ်ငန်းစဉ်မျိုးကို တပ်မတော်အနေဖြင့် အစပျိုးရန် သို့မဟုတ် ဦးဆောင်သွားရန် မည်သည့်နည်းနှင့်မျှ အများသဘောတူ လက်ခံလိမ့်မည်မဟုတ်ဟု ထောက်ပြပြောဆိုသွားခဲ့သည်။ ကနဦး NCA ပြင်ဆင်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ခဲ့သည့် CNF ၏ ဒုတိယဥက္ကဋ္ဌနှင့် NUG ၏ ဖက်ဒရယ်ပြည်ထောင်စုရေးရာ ဝန်ကြီးဖြစ်သူ ဒေါက်တာ လျန်မုန်းဆခေါင်းက ဤသို့ပြောဆိုသွားခဲ့သည်။

> 'မင်းအောင်လှိုင်ဆီမှာ ဘယ်လိုတွေ့ဆုံဆွေးနွေးပွဲကိုမှ ခေါ်ယူကျင်းပနိုင်တဲ့ လုပ်ပိုင်ခွင့်အာဏာ မရှိပါဘူး။ NCA ပေါ် အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သွားမယ့် ရည်မှန်းချက်မျိုး အခုချိန်မှာ မရှိတော့ပါဘူး။ မင်းအောင်လှိုင်က သူလုယူထားတဲ့ လုပ်ပိုင်ခွင့်အာဏာကို ဆက်ပြီး ဆုပ်ကိုင်ထားနိုင်အောင် လူထုကိုလိမ်ညာဖို့ပဲ ငြိမ်းချမ်းရေး ဆွေးနွေးပွဲလုပ်မယ်ဆိုပြီး လျှောက်ပြောနေတာပါ။'[၄၇]

စစ်အာဏာသိမ်းရန် ကြိုးပမ်းခဲ့ချိန်မှစ၍ နိုင်ငံတကာ၏ ငြိမ်းချမ်းရေးအားထုတ်မှုများ၌ အနှစ်သာရပြည့်ဝသည့် အကျိုးသက်ရောက်မှု သို့မဟုတ် ပဲ့တင်ရိုက်ခတ်သံ မှန်သမျှ ချုပ်ငြိမ်းသွားခဲ့သလို နိုင်ငံတကာကြားဝင်ဆောင်ရွက်မှုများအကြား၌ ပေါင်းစည်းညီညွတ်မှု မရှိခဲ့ခြင်းကလည်း ပြည်တွင်း၌ ရင်ဆိုင်ကြုံတွေ့နေရသည့် ပဋိပက္ခဆိုင်ရာစိန်ခေါ်မှုများကို ပိုမိုရှုပ်ထွေးလာစေခဲ့သည်။ ယေဘုယျအားဖြင့် NUG သည် အနောက်နိုင်ငံများ၏ စာနာဖေးမမှုအခိုင်အမာရရှိခဲ့ပြီး SAC နှင့် ၎င်းတို့ကို အားပေးထောက်ခံသူများကို ဦးတည်ပစ်မှတ်ထားသည့် စီးပွားရေးအရဒဏ်ခတ်ပိတ်ဆို့မှုများ တစ်ရစ်ပြီးတစ်ရစ် ပိုမိုတင်းကျပ်လာခဲ့သည်။ သို့သော်လည်း မြန်မာနိုင်ငံအတွက် ပေးအပ်လျက်ရှိသည့် နိုင်ငံတကာအထောက်အပံ့ အများအပြားကို ပြန်လည်ရုပ်သိမ်းသွားခဲ့ပြီး ကျန်ရှိနေသေးသည့် အကူအညီများသည်လည်း လူသားချင်းစာနာထောက်ထားရေး နယ်ပယ်၌သာ အများဆုံးစုဝေးနေခဲ့သည် သို့မဟုတ် USA ၏ ၂၀၂၃ ခုနှစ် အမျိုးသားကာကွယ်ရေး လုပ်ပိုင်ခွင့် အက်ဥပဒေအရ ခွင့်ပြုပေးထားသည့် ဒီမိုကရေစီ လိုလားထောက်ခံသည့် လှုပ်ရှားမှုများကိုထောက်ပံ့ကူညီရန်သာအလေးပေးအာရုံစိုက်နေခဲ့သည်။ နိုင်ငံရေးအရ အသိအမှတ်ပြုမှု နှင့်ပတ်သက်၍ အရေးကြီးသည့် လက္ခဏာရပ်တစ်ခုအဖြစ် NUG၊ NUCC နှင့် CRPH တို့အားလုံးကို အသစ်ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့် မြန်မာနိုင်ငံဆိုင်ရာ အက်ဥပဒေအတွင်း အတိအလင်းဖော်ပြထားသော်လည်း ခွင့်ပြုပေးထားသည့် အကူအညီများ

အတွင်းလက်နက်ခဲယမ်းများပါဝင်မှုမရှိခဲ့ပေ။[၄၈] ချုပ်၍ဆိုရသော်မြန်မာနိုင်ငံအတွင်းအတိုက်အခံပြုနေကြသည့်တော်လှန်ရေးအင်အားစုများအနေဖြင့် SAC ကို တိုက်ခိုက်ဖြုတ်ချရာ၌ မိမိတို့ကိုယ်ပိုင် အရင်းအမြစ်များ ကိုသာလျှင် အားကိုးအားထားပြုရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

လတ်တလော၌ ရုရှားနိုင်ငံသည် SAC ၏ အရင်းနှီးဆုံးမဟာမိတ်ဖြစ်လာခဲ့ပြီး ခေတ်မီတိုက်လေယာဉ်များနှင့် လက်နက်ခဲယမ်းများကို ထောက်ပံ့ပေးလျက်ရှိသည်။ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနှင့် ရှိကျင့်ဖျင်၏ ခါးပတ်နှင့် လမ်း အစီအစဉ်ကို ဦးစားပေးအာရုံစိုက်၍ နှစ်ဖက်စလုံးနှင့် တံခါးဖွင့်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားခဲ့သည်။[၄၉] အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့သည် မြန်မာ့နိုင်ငံရေးကို စိတ်ဝင်တစားဖြင့် အနီးကပ်ဆက်လက် စောင့်ကြည့်နေခဲ့သည်။ အာဆီယံ၊ ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများသည် ပဋိပက္ခသံသရာကို အဆုံးသတ်၍ ထင်သာမြင်သာရှိသည့် အပြောင်းအလဲမျိုးကို ဆောင်ကျဉ်းပေးနိုင်စေမည့် မူဝါဒများ ချမှတ်ကျင့်သုံးသွားရန် ပျက်ကွက်ခဲ့ကြသည်။

အာဏာသိမ်းရန် ကြိုးပမ်းမှုအပြီး လအနည်းငယ်အကြာ၌ အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား 'အချက်ငါး ချက်ပါ ငြိမ်းချမ်းရေးအစီအစဉ်' နှင့်အတူ ရှေ့ဆက်သွားကြရန် ကနဦးဘုံသဘောတူညီချက် ရရှိခဲ့ကြသည်။[၅၀] မကြာသေးမီ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ၇၄ နှစ်တာကာလအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် အကြမ်းဖက်မှုများကို အဆုံးသတ်၍ နိုင်ငံရေးအကျဉ်းသားများ အားလုံးကို အမြန်ဆုံးပြန်လွှတ်ပေးရန်တောင်းဆိုထားသည့် ဆုံးဖြတ်ချက်ကို ချမှတ်ကာ ဘုံသဘောတူညီချက်ကို ကျားကန်ပေးခဲ့သည်။[၅၁] သို့သော်လည်း လက်ရှိအချိန်ထိ နိုင်ငံရေးအကျပ်အတည်းကို အဆုံးသတ်သွားစေနိုင်မည့် ထင်သာမြင်သာရှိသည့် အကျိုးရလဒ်များ ပေါ်ထွက်လာခြင်းမရှိသေးပေ။

ဤတစ်ဆို့မှုကို ထင်ဟပ်စေလျက်ရှိသည့် ကိစ္စရပ်တစ်ခုမှာ နိုင်ငံတကာစင်မြင့်ထက်၌ SAC နှင့် NUG တို့အကြား မည်သည့်ဖက်က နိုင်ငံ၏ တရားဝင်အစိုးရအဖြစ် ကိုယ်စားပြုမည်နည်းဟူ၍ ယနေ့အချိန်ထိ အငြင်းပွားနေရဆဲဖြစ်သည်။ မြန်မာ့နိုင်ငံရေးအကွဲအပြဲ မည်မျှနက်ရှိုင်း

ဘုရားဖူးသွားနေကြသော ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ရွာသားများ၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ

လျက်ရှိကြောင်း ထင်ဟပ်စေသည့် အထောက်အထားတစ်ခုအဖြစ် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ယနေ့အချိန်ထိ ယခင် NLD ခန့်အပ်ထားခဲ့သည့် သံအမတ်ကိုသာ လက်ခံအသိအမှတ်ပြုထားဆဲဖြစ်သည်။[၁၀] ဆန့်ကျင်ဖက်အနေဖြင့် ဒီမိုကရေစီ လိုလားထောက်ခံသည့် အစုအဖွဲ့များအကြား၌ နိုင်ငံတွင်းရင်ဆိုင်နေရသည့် နိုင်ငံရေးစိန်ခေါ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်မှု မရှိဘဲ SAC နှင့် လက်သင့်ရာ EAOs များကို ချိတ်ဆက်၍ အနောက်တိုင်းနှင့် အာဆီယံတို့အပါအဝင် နိုင်ငံတကာဧဝတ်ကောင်များကဂင်းတို့ကိုယ်ပိုင် 'ငြိမ်းချမ်းရေး' အစီအစဉ်များ ချမှတ်ကာဝင်ရောက်စွက်ဖက်လာမည်ကို စိုးရိမ်ပူပန်ကြောင်း အချင်းချင်းပြောဆိုလျက်ရှိသည်။

သေချာသည့် ကိစ္စရပ်တစ်ခုမှာ မြန်မာနိုင်ငံသည် အရေးပေါ်လူသားချင်း စာနာထောက်ထားရေး အကျပ်အတည်းနှင့် ကျရှုံးနိုင်ငံတစ်ခုအဖြစ် နိုင်ငံတကာဧဝတ်ကောင်များစိုးရိမ်ပူပန်နေရသည့် ထိပ်ဆုံးဇယားပေါ် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ၂ နှစ်တာကာလအတွင်း နိုင်ငံတကာတရားရုံး၊ နိုင်ငံတကာရာဇဝတ်ခုံရုံးနှင့် IIMM တို့သည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။[၁၄] အထောက်အထားများကို ရှာဖွေမှတ်တမ်းတင်မှုများ အရှိန်ရလာသည့် အချိန်နှင့် တစ်ပြိုင်တည်းလိုလို၌ SAC သည် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများနှင့် အခြားချိုးဖောက်မှု အသစ်များကို တိုက်တိုက်ဆိုင်ဆိုင် ထပ်မံကျူးလွန်သွားခဲ့သည်။ ရက်စက်မှုကမ်းကုန်သည့် ရာဇဝတ်မှုများကို ကာကွယ်တားဆီး၍ ပဋိပက္ခဇုံများ၌ နေထိုင်လျက်ရှိသည့် လူထုလူတန်းစားများအတွက် လူသားချင်း စာနာထောက်ထားရေး အကူအညီပေးသွားမည့် အစီအစဉ်များအားလုံး ပိတ်ဆို့တားဆီးခံခဲ့ရပြီး CSOs များချောင်ထိုးခံခဲ့ရသလို ငြိမ်းချမ်းရေး အကျိုးဆောင်များသည်လည်း နိုင်ငံတကာအသိုက်အဝန်း၏ 'ပစ်ပယ်ခံလိုက်ရသကဲ့သို့' ခံစားခဲ့ကြရသည်။[၁၄] မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ၏ အထူးကိုယ်စားလှယ် တွမ်အင်ဒရူးစ်ကယခုအချိန်သည် နိုင်ငံတကာအသိုက်အဝန်း အနေဖြင့် 'ဘာတွေက အလုပ်မဖြစ်ခဲ့သလဲ ဆိုတာကို ရှင်းရှင်းလင်းလင်းမြင်သာလာအောင် ပြန်လည်တွေးတောစဉ်းစားပြီး အရေးယူဆောင်ရွက်သွားမည့် လမ်းကြောင်းသစ်တစ်ခုဖန်တီးရတော့မယ့် အချိန်ရောက်နေပြီ' ဟု ပြောဆိုသတိပေးသွားခဲ့သည်။[၁၁]

ဤအချက်သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း ဂျပန်နိုင်ငံ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ယိုဟဲ ဆာဆာကာဝါ၏ မြင်သာထင်ရှားသည့် ကြားဝင်ညှိနှိုင်းမှုဖြင့် တပ်မတော်နှင့် ULA/AA တို့အကြား အလွတ်သဘော 'လူသားချင်း စာနာထောက်ထားမှု' အပစ်အခတ်ရပ်စဲရေး ပြုလုပ်ရန် သဘောတူခဲ့သည့်အချိန်၌ ပို၍သိသာထင်ရှားလာခဲ့သည်။[၁၆] မည်သို့ဆိုစေကာမူ ဤဖြစ်စဉ်သည် SAC ၏ နည်းဗျူဟာများ ပျော့ပြောင်းလာပြီဖြစ်ကြောင်း ညွှန်ပြနေခြင်းဖြစ်သည်ဟူသည့် ထင်မြင်ယူဆချက်များ ကြာကြာမခံခဲ့ပေ။ ရက်အနည်းငယ်အတွင်းမှာပင် တပ်မတော်သည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ULA/AA ၏ မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင် TNLA အမာခံနယ်မြေများကို ဝေဟင်နှင့် မြေပြင်ထိုးစစ်များဖြင့် စတင်တိုက်ခိုက်လာခဲ့သည်။ အစိုးရအရာရှိများက အဆိုပါတိုက်ခိုက်မှုသည် 'နားလည်မှု လွဲမှားခြင်း' သာဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့ကြသည်။[၁၇] သို့သော်လည်း မကြာမီမှာပင် တရုတ်နယ်စပ်ပေါ်ရှိ ကိုးကန့်ဒေသ၌ အခြေစိုက်လှုပ်ရှားလျက်ရှိသည့် နောက်ထပ်မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင် MNDAA ကိုပါ အကြီးအကျယ် ထိုးစစ်ဆင်တိုက်ခိုက်လာခဲ့ပြန်သည်။[၁၈] တပ်မတော်၏သတင်းစကားရှင်းလင်းနေခဲ့ပြီဖြစ်သည်။ စစ်ဆင်ရေးလုပ်ငန်းများသည်အမြဲလိုလို အစိုးရ၏ ထိန်းချုပ်မှုအောက် သွတ်သွင်းရန်ကြိုးပမ်းလေ့ရှိသည့် SAC ၏ ပထမ ဦးစားပေးရွေးချယ်မှုအဖြစ် ဆက်ရှိနေခဲ့သည်။

နေ့စဉ်နှင့်အမျှ ရက်စက်ကြမ်းကြုတ်မှု ဖြစ်စဉ်စာရင်းများသာ တိုးပွားလာလျက်ရှိသည်။ အထင်ရှားဆုံး သာဓကများ၌ ကယားပြည်နယ်အတွင်း အရပ်သားပြည်သူပေါင်း ၃၀ ကျော် အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခံခဲ့ရသည့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ၏ ခရစ္စမတ်အကြို အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၊ ၈၈ ကျောင်းသားခေါင်းဆောင် ကိုဂျင်မီနှင့် NLD လွှတ်တော်အမတ်ဟောင်း ဖြိုးဇေယျာသော်တို့ကို သေဒဏ်ပေးကွပ်မျက်မှု၊ ကျောင်းသူကျောင်းသားဆယ့်တစ်ဦး သေဆုံးခဲ့ရသည့် ဒီပဲယင်းဟယ်လီကော်ပတာ တိုက်ခိုက်မှုနှင့် ကချင်ပြည်နယ်ရှိ KIO အုပ်ချုပ်ရေးနယ်မြေအတွင်း တေးဂီတပွဲတော် ကျင်းပနေချိန် လေယာဉ်ဗုံးကြဲတိုက်ခိုက်မှုကြောင့် လူပေါင်း ၈၀ ကျော် သေဆုံးခဲ့ရပြီး ၁၀၀ ကျော်ထိခိုက်ဒဏ်ရာရခဲ့သည့် ဖြစ်စဉ်များပါဝင်နေခဲ့သည်။ လက်ရှိအချိန်ထိ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ခေါင်းဆောင်များကို ထောင်သွင်းအကျဉ်းချထားဆဲဖြစ်ပြီး ဖမ်းဆီးထိန်းသိမ်းခံရသည့် နိုင်ငံရေးအကျဉ်းသားအရေအတွက်များ ဆက်လက်တိုးပွားနေဆဲဖြစ်သည်။

ရှမ်းပြည်နယ်မြောက်ပိုင်း လားခိုးနှင့်မိုင်းဖျားအရှေ့ဘက် စပါးခင်းများအကြား သတ်ဝင်လုပ်ကွက်များဖြစ်သည့် တောင်သူကြီးများ (TNI)

နိုင်ငံအနှံ့အပြားရှိ ဗဟိုဦးစီး လုပ်ပိုင်ခွင့်အာဏာနှင့် ထိန်းချုပ်ရေးကိုသာ စိတ်ဝင်စားလျက်ရှိပြီး ချိုးဖောက်မှုပေါင်းစုံ ကျူးလွန်နေကြသူများနှင့် ညှိနှိုင်းဆွေးနွေးသွားရန်မည်သို့ စဉ်းစားနိုင်မည်နည်းဟု မေးခွန်းထုတ်နေကြသည့် အသံများကျယ်လောင်လျက်ရှိသည်။

ဤကဲ့သို့သော အကျပ်အတည်းမျိုးကို ရင်ဆိုင်နေရသဖြင့် ပြုပြင်ပြောင်းလဲရေးသမားအချို့သည် ၂၀၂၂ နှစ် ကုန်ရန် နီးကပ်လာသည့်အချိန်တွင် ပိုမိုကောင်းမွန်သည့် အနာဂတ်ဆီသို့ရောက်ရှိရန် NCA ကို တံတားတစ်စင်းအဖြစ် အသုံးချနိုင်လိမ့်မည်ဟု မျှော်လင့်နေကြဆဲဖြစ်သည်။ လက်မှတ်ထိုးအဖွဲ့ဝင် EAOs များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့၌ ဆက်လက်ကျန်ရှိနေသည့် အဖွဲ့ဝင်များသည် NCA ၏ သက်တမ်းကို ဆက်လက်ဆွဲဆန့်နိုင်စေရန် ကြိုးပမ်းခဲ့ကြသည်။[၁၉] သို့သော်လည်း SAC နှင့် ၎င်းတို့အကြားတွေ့ဆုံစည်းဝေး ကြပြီးနောက်ပိုင်း လက်မှတ်ထိုးအဖွဲ့ဝင်များသည် ပြောင်ပြောင်တင်းတင်း ဝေဖန်မေးခွန်းထုတ်လာကြတော့သည်။ တပ်မတော်ဖက်က အပြန်အလှန် လေးစားမှုမရှိဘဲ ခြိမ်းခြောက်အကျပ်ကိုင်လာခဲ့သည်ဟု စွပ်စွဲပြောဆိုခဲ့သည့် RCSS ၏ ဗိုလ်မှူးကြီးဆောင်ဟန်က ဤသို့ပြောဆိုသတိပေးခဲ့သည်။

‘NCA အကောင်အထည်ဖော်မှုက နိုင်ငံရေး အကျပ်အတည်းကြောင့် ၂၀၂၁ ခုနှစ်မှာ ရပ်တန့်သွားခဲ့တယ်။ NCA မှာသဘောတူထားတဲ့အတိုင်း ၂၁ ရာစုပင်လုံညီလာခံကို ဆက်ကျင်းပသွားဖို့က အခုချိန်မှာ မဖြစ်နိုင်တော့ပါဘူး။’[၆၀]

အလားတူပင် SAC နှင့် တွေ့ဆုံဆွေးနွေးပွဲများ၌ ပါဝင်ဆောင်ရွက်သွားရန် ငြင်းဆန်သွားခဲ့သည့် လက်မှတ်ထိုးအဖွဲ့ဝင် ခေါင်းဆောင်များကလည်း NCA လုံးဝအသက်မရှိတော့ကြောင်း ပြောဆိုထောက်ပြကာ ၎င်းတို့၏ မကျေနပ်ချက်များကို ထုတ်ဖော်ပြောဆိုသွားခဲ့သည်။ KNU ၏ နိုင်ငံခြားရေးဌာနခေါင်းဆောင် ဗဒိုစောတောနီးကလည်း အောက်ပါအတိုင်း ပြောဆိုသွားခဲ့သည်။

‘စစ်ကောင်စီက အခုဆိုရင် ဖက်ဒရယ်နဲ့ ဒီမိုကရေစီနှစ်ခုစလုံးရဲ့ ရန်သူဖြစ်သွားပြီ။ KNU အနေနဲ့ ၂၀၁၅ ခုနှစ် NCA လက်မှတ်ရေးထိုးခဲ့ချိန်ကစပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲမှာ တက်တက်ကြွကြွပါဝင်လာခဲ့ပေမယ့် စစ်တပ်က ဒါကို ဖိနှိပ်လာခဲ့တယ်။ အာဏာသိမ်းဖို့ ကြိုးစားပြီးတဲ့နောက်ပိုင်း စစ်ကောင်စီဟာ သဘောတူညီချက်မှန်သမျှကို ချိုးဖောက်သွားခဲ့ပြီး အရပ်သားပြည်သူတွေကို တောက်လျှောက်ပစ်မှတ်ထားတိုက်ခိုက်နေခဲ့တယ်။’[၆၁]

အခြားတစ်ဖက်ရှိ အပစ်အခတ် ရပ်စဲထားခြင်းမရှိသည့် EAOs များအတွက် ပြည်ထောင်စုသဘောတူညီစာချုပ်၌ ပါဝင်သင့်သည့် အကြောင်းရင်း ပို၍ပင်နည်းပါးလာခဲ့သည်။ ‘ဒါက လုပ်ငန်းစဉ်အခြေပြု ထိန်းချုပ်ရေးစနစ်တစ်ခုပါပဲ’ ဟု KIO၏ ဒုတိယနိုင်ငံခြားရေးဌာနခေါင်းဆောင်ဖြစ်သူ ဂေါ်လူလအောင်က ပြောဆိုသွားခဲ့သည်။[၆၂] ‘ရက်စက်လွန်းတဲ့ လေကြောင်းတိုက်ခိုက်မှုတွေကြောင့် အရပ်သားတွေထိခိုက်သေဆုံးတာကိုကြည့်ပြီး ကျွန်တော်တို့ အတော်လည်း အံ့သြတုန်လှုပ်သွားမိတယ်’ ဟု UWSP ဖက်က ပဋိပက္ခဖျန်ဖြေရေးပြုလုပ်ရန် တိုက်တွန်းတောင်းဆိုရာ၌ ထည့်သွင်းကြေညာသွားခဲ့သည်။[၆၃] ထို့အပြင် စစ်ရေးနှင့် နိုင်ငံရေးနည်းဗျူဟာ ပေါင်းစပ်အသုံးချမှုကို ဝေဖန်ထောက်ပြခဲ့သည့် TNLA ၏ အထွေထွေအတွင်းရေးမှူးချုပ် တင့်ဘုန်းကျော်က စစ်အုပ်ချုပ်ရေးကို အဆုံးသတ်လိုပါက တော်လှန်ရေးအင်အားစုများအားလုံး မိမိတို့၏ မဟာဗျူဟာကို ကိုက်ညီပြင်ဆင်သွားရန် လိုအပ်လိမ့်မည်ဟု ပြောဆိုသတိပေးခဲ့သည်။

‘ကိုယ့်နယ်မြေနဲ့ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ အင်အားတောင့်တင်းတဲ့ တော်လှန်ရေးတပ်ဖွဲ့မရှိတဲ့ အဖွဲ့တစ်ခုဟာ စစ်တပ်နဲ့တွေ့ဆုံစကားပြောဖို့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ တစ်ဖက်ကလည်း စစ်အာဏာရှင်ကို လက်နက်ကိုင်တော်လှန်ရေး တစ်ခုတည်းနဲ့ပဲ သွားတော်လှန်နေလို့မရပါဘူး။ NUG နဲ့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းနှစ်ဖက်စလုံးအပြင် တော်လှန်ရေးထဲမှာ ပါဝင်နေကြသူအားလုံး စစ်ရေးနဲ့ နိုင်ငံရေးမျက်နှာစာနှစ်ခုစလုံးကို မဟာဗျူဟာကျကျ ကြိုတင်ပြင်ဆင်ထားဖို့ လိုအပ်ပါလိမ့်မယ်။’[၆၄]

မည်သို့ဆိုစေကာမူ ၂၀၂၃ ခုနှစ်၏ ပထမရက်သတ္တပတ်များအထိ ပဋိပက္ခချက်ခြင်းလက်ငင်း အဆုံးသတ်သွားရန် မျှော်လင့်နိုင်သည့် အကြောင်းတရားများ ပေါ်ထွက်လာခြင်းမရှိသေးပေ။ မျက်လုံးတစ်ဖက်က ကတိပြုထားသည့် အထွေထွေရွေးကောက်ပွဲ ခေါ်ယူကျင်းပနိုင်ရန် အာရုံစိုက်နေရသဖြင့် တပ်မတော်သည် ၎င်းတို့၏ တစ်နိုင်ငံလုံးအတိုင်းအတာ ‘အပစ်အခတ်ရပ်စဲရေး’ ကြေညာချက်ကို နှစ်ကုန်အထိ ထပ်မံသက်တမ်းတိုးခဲ့သည်။[၆၅] သို့သော်လည်း တစ်ချိန်တည်းလိုလို၌ SAC သည် လက်သင့်ရာ ရွေးချယ်ဖိနှိပ်ခြင်း၊ အပစ်အခတ်ရပ်စဲခြင်းနှင့် ထိုးစစ်ဆင်တိုက်ခိုက်ခြင်းများကို သောင်းပြောင်းရောထွေး ကျင့်သုံးမှုပေါ် အခြေခံ၍ ဗဟိုထိန်းချုပ်မှုကို ဆက်လက်ထိန်းသိမ်းနိုင်စေရန် အရေးပေါ် သေနင်္ဂဗျူဟာများခင်း၍ ခရီးဆက်နေခဲ့သည်။[၆၆] မြောက်ပိုင်းကချင်နှင့် ချင်းပြည်နယ်မှစ၍ တောင်ပိုင်း အကျဆုံး ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအထိ တိုက်ပွဲများ အရှိန်မြင့်တက်လာခဲ့သဖြင့် တပ်မတော်မှ ခရိုင်အများအပြားကို စစ်အုပ်ချုပ်ရေးကြေညာခဲ့ရပြီး မြေပြင်ထိုးစစ်များ၏နေရာ၌ လေကြောင်းတိုက်ခိုက်မှုကိုသာ ယခင်ထက်တိုး၍ မှီခိုအားထားလာရတော့သည်။ ထိခိုက်သေဆုံးမှုများ မြင့်တက်လာသည်နှင့်အမျှ BBC သတင်းခေါင်းစဉ်းနေရာ၌ ‘မြန်မာနိုင်ငံ – လေကြောင်းဗုံးကြဲတိုက်ခိုက်မှုများသည်ပြည်တွင်းစစ်အတွင်းသေကျပျက်စီးမှုမြင့်မားသည့် နည်းဗျူဟာသစ်ဖြစ်လာခဲ့သည်’ ဟုပင် သတင်းဖော်ပြခံခဲ့ရသည်။[၆၇]

လက်ရှိအချိန်၌ တစ်နိုင်ငံလုံး မှောင်အတိပြီးသည့် ကာလတစ်ခုကို ကျော်ဖြတ်နေကြရသည်။ သို့သော်လည်း အတိတ်ကာလ အတွေ့အကြုံများနှင့် နာကျင်ခံစားရမှုများ

မှခွန်အားယူ၍ ငြိမ်းချမ်းသည့် အပြောင်းအလဲတစ်ခုပေါ်ပေါက်လာနိုင်သေးသည်ဟု လက်ခံယုံကြည်နေကြဆဲဖြစ်သည့် သံန္နိဌာန်နှင့် ပိုင်းဖြတ်စိတ်ခိုင်မာသူ အများအပြားရှိနေကြဆဲဖြစ်ကြောင်း အမှတ်ရရန် အရေးကြီးသည်။ နှစ်ရှည်လများ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကို စိတ်ပျက်လက်ပျက်ဖြင့် စောင့်စားခဲ့ရသည့် မျှော်လင့်ချက်များနှင့် စိတ်ကူးအိပ်မက်များကို အားလုံးလွှမ်းခြုံပါဝင်၍ သာတူညီမျှရှိသည့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုအဖြစ် အသွင်ပြောင်းလဲရမည့် စိန်ခေါ်မှုကို အတူရင်ဆိုင်ကျော်ဖြတ်ကြရမည် ဖြစ်သည်။ ဤမောင်းနှင်အားသည် ကုန်လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် လွတ်လပ်ရေး တိုက်ပွဲကို အသက်ဆက်ပေးခဲ့သည့် အနာဂတ်မျှော်ရည်ချက်ဖြစ်ခဲ့သည်။ ယခင်က ကရင်အကျိုးဆောင် သိက္ခာတော်ရဆရာတော် စောမာဂေးကြီးသည် ငြိမ်းချမ်းရေးညီလာခံများ၌ ၎င်းမိန့်ခွန်းခွေသည့်အခါတိုင်း ပဋိပက္ခအတွင်း ပါဝင်ပတ်သက်နေသည့် ဘက်ပေါင်းစုံမှခေါင်းဆောင်များကို ဦးတည်ရည်ညွှန်းသည့် 'တရားမျှတမှုမရှိဘဲ ငြိမ်းချမ်းရေးမပွင့်လန်းနိုင်သလို ငြိမ်းချမ်းရေးမရှိဘဲ တရားမျှတမှု မထွန်းကားနိုင်ပါ' ဟူသည့် သတင်းစကားဖြင့် နိဂုံးချုပ် အဆုံးသတ်လေ့ရှိသည်။[၆၈] ဤစကားလုံးများလောက် မှန်ကန်၍ လျော်ကန်သင့်မြတ်သည့် အပြောအဆိုမျိုး နောက်ထပ်ရှိလာနိုင်တော့မည်မဟုတ်ပေ။



ရှမ်းပြည်နယ်တောင်ပိုင်း တိုက်ပွဲရှုံးနှိမ့်ပြီး ထွက်ပြေးတော်လှန်ရေးတပ်ဖွဲ့ဝင်များ (TNI)

အဓိကမှတ်ချက်များနှင့် နိဂုံးချုပ်သုံးသပ်ချက်များ

ကုန်လွန်သွားခဲ့သည့် ဆယ်စုနှစ်သုံးခုအတွင်း နှစ်ရှည်လများ ဖြစ်ပွားလာခဲ့သည့် နိုင်ငံရေးနှင့် တိုင်းရင်းသားပဋိပက္ခကို အဆုံးသတ်မည့် ကြိုးပမ်းအားထုတ်မှုများကို ပုံဖော်ပြောဆိုရာ၌ 'ငြိမ်းချမ်းရေးလုပ်ငန်းစဉ်' ဟူသည့် အသုံးအနှုန်းကို မြန်မာနိုင်ငံအနှံ့ တွင်တွင်ကျယ်ကျယ် အသုံးပြုလာခဲ့ကြသည်။ လက်တွေ့၌ မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် အမြဲတမ်းလိုလို ကမ္ဘာ့ရှုပ်ထွေးပွေလီမှုအရှိဆုံးဖြစ်စဉ်မျိုးဖြစ်နေခဲ့သည်။ ၁၉၈၉ ခုနှစ်မှစတင်၍ ပုံစံမျိုးစုံဖြင့် တစ်ဖက်သတ်၊ နှစ်ဖက်အပြန်အလှန်နှင့် စုပေါင်းလုပ်ငန်းစဉ်အမျိုးမျိုးကို ဖော်ဆောင်လာခဲ့သည်။ လတ်တလောနှစ်များအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်နှင့် ၂၁ ရာစုပင်လုံညီလာခံဟူသည့် စိတ်ကူးအိပ်မက်များ၏ စေ့ဆော်မှုဖြင့် ၎င်းတို့အတူတကွ စုဝေးလာခဲ့ကြသည်။ ဤအစီအစဉ်နှစ်ခုစလုံးသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့၏ စစ်အာဏာသိမ်းရန်ကြိုးပမ်းမှုနှင့်အတူကသောင်းကနင်းဖြင့်တစ်စခန်းရပ်သွားတော့သည်။

ယနေ့အချိန်ထိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အနှစ်သာရပြည့်ဝသည့် ပြုပြင်ပြောင်းလဲရေးဆီသို့ ဦးတည်သွားစေမည့် တစ်ဆစ်ချိုး 'ငြိမ်းချမ်းရေးလုပ်ငန်းစဉ်' မျိုးထွက်ပေါ်လာခြင်း မရှိသေးပေ။ နိုင်ငံတစ်ခုလုံးသည် လူထုလူတန်းစား အားလုံးကို သက်ရောက်လွှမ်းခြုံမှုရှိစေမည့်ငြိမ်းချမ်းရေးရရှိရန် အလှမ်းဝေးနေဆဲဖြစ်သလို မြန်မာနိုင်ငံသည် လက်ရှိအချိန်၌ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်မှစ၍ သမိုင်းတစ်လျှောက် အကြမ်းဖက်မှုနှင့် ပဋိပက္ခအကွဲအပြဲအပြင်းထန်ဆုံး ကာလတစ်ခုကို ဖြတ်သန်းနေရပြီ ဖြစ်သည်။ ၂၀၁၁ ခုနှစ်နောက်ပိုင်း အစိုးရ ပြန်လည်ပြင်ဆင်နေရာချခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အသက်ကင်းမဲ့သွားခဲ့ပြီဖြစ်သည်။

မည်သို့ဆိုစေကာမူ လက်ရှိပြိုလဲပျက်စီးမှုကို ကြည့်ကာ စိတ်ပျက်ဝမ်းနည်းစွာဖြင့် လက်လျှော့အရှုံးပေးရမည့် အချိန်မဟုတ်ပေ။ အာဏာသိမ်းရန် စတင်ကြိုးပမ်းခဲ့ချိန်မှစ၍ လူငယ်လူရွယ်များ၏ ခိုင်ကြည်သည့် ပိုင်းဖြတ်စိတ်နှင့် အမျိုးသားနိုင်ငံရေးဇာတ်ခုံကို ပြန်လည်ထုဆစ်ပုံဖော်ခြင်းဖြင့်အဆုံး၌ ထိရောက်တာသွားသည့် ဖြေရှင်းချက်များ

ဆီသို့ဦးတည်သွားစေမည့် ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေး အဘိဓာန်အတွင်းသို့ ဝင်ရောက်လာခဲ့သည့် အရှိတရားသစ်များကမျှော်လင့်ချက်များကိုပြန်လည်နိုးထလာစေခဲ့ပြီဖြစ်သည်။ ထိုမျှော်လင့်ချက်များ ပျောက်ပျက်မသွားစေရန် အတိတ်ကာလ၏ အတွေ့အကြုံများနှင့် တရားမျှတမှုမရှိခဲ့သည့် ကိစ္စရပ်များမှ လေ့လာသင်ခန်းစာယူရန် အလွန်အရေးကြီးသည်။ အသစ်ဟုပြောရန် အလှမ်းဝေးလွန်းနေခဲ့သည့် NCA သည် မအောင်မြင်ခဲ့သည့် ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဇယား၏ နောက်ဆုံးပိတ်ဖြစ်ခဲ့ပြီး ယခင်အစိုးရသက်တမ်းများ၌ ဖော်ဆောင်သွားခဲ့သည့် ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ချိန့်အားနည်းသွားစေခဲ့သည့် တန်းတူမညီမျှမှုများနှင့် ရှေ့နောက်မညီညွတ်မှုများကို အကြိမ်ကြိမ်ကျူးလွန်မိခဲ့သည်။ အထင်ကရဟိုးလေးတကျော်ဖြစ်ခဲ့သော်လည်း NCA သည် တစ်ဆစ်ချိုးပြည်တွင်း အလှည့်အပြောင်းတစ်ခုကို လုံးဝဆောင်ကျဉ်းလာနိုင်ခြင်း မရှိခဲ့ပေ။ ယင်းအစား စတင်လက်မှတ်ရေးထိုးပြီးချိန်မှစ၍ နိုင်ငံ၏ နယ်မြေဒေသအများအပြားသို့ ပဋိပက္ခမီးကိုသာ သယ်ဆောင်လာခဲ့ပြီး ယနေ့ကြုံတွေ့နေရသည့် တိုင်းရင်းသားအခြေပြု နိုင်ငံရေးပြိုလဲမှုဒဏ်ခံနေရသည့် နိုင်ငံတစ်ခုဖြစ်လာစေရန် ကြိုတင်ပုံသွင်းပေးသွားခဲ့သည်။

ဤအကြောင်းရင်းက NCA ခရီးစဉ်ကို ထဲထဲဝင်ဝင် စူးစမ်းလေ့လာမှုပြုရန် တောင်းဆိုလျက်ရှိသည်။ တစ်နိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံမှုရှိစေမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မျိုးကို တည်ဆောက်နိုင်ခြင်းမရှိဘဲ ကျရှုံးသွားစေခဲ့သည့် ပြဿနာအများအပြားကို ဆွေးနွေးတင်ပြနိုင်ပါသည်။ ၎င်းတို့အများအပြားသည် စစ်အာဏာသိမ်းရန် မကြိုးပမ်းမီအချိန်နှင့်တစ်ကျော့ပြန် ပြည်တွင်းစစ်မီး မတောက်လောင်ခင်ကတည်းကပင် ရှိနေခဲ့သည့် အထောက်အထားများ ဖြစ်သည်။ ၂၀၁၅ ခုနှစ် NCA လက်မှတ်ရေးထိုးပြီးနောက်များမကြာမီအချိန်မှာပင် အမှားအယွင်းများ တစ်သီတစ်တန်းကြီး ပေါ်ထွက်လာခဲ့သည်။ သဘောတူစာချုပ်သည် ပြည်ထောင်စုကြန့်ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ စစ်သားတစ်ပိုင်း အရပ်သားအစိုးရလက်ထက်၌ စတင်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း အခက်အခဲများသည် ၂၀၁၆ ခုနှစ်၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် အစိုးရတက်လာခဲ့သည့် နောက်ပိုင်းတွင်လည်း ဆက်လက်ပေါ်ပေါက်လာခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ အားလုံးလွှမ်းခြုံပါဝင်မှုမရှိခြင်း၊ မြန်မာစစ်တပ်၏လက်မည်းကြီးကနောက်ကွယ်မှ ဆက်လက်ကြိုးကိုင်နေခြင်းနှင့် ပြုပြင်ပြောင်းလဲရေးတစ်ဆို့မှုကို ကိုင်တွယ်ဖြေရှင်းသွားမည့် အစီအမံများ ကိုယ်တိုင်မကြာခဏတစ်ဆို့နေခြင်း၊ နိုင်ငံရေးအရဖိနှိပ်မှုနှင့် ပဋိပက္ခပိုမိုကြီးထွားလာခြင်း ကဲ့သို့သော NCA ၏ ပြဿနာများနှင့် အားနည်းချက်များကို အသိအမှတ်မပြုခဲ့ကြပေ။ နှစ်ပေါင်းများစွာ တွေ့ဆုံစည်းဝေးမှုများ၏ နောက်ဆုံးအချိန်ထိ NCA သည်အဓိကကျသည့် အကျိုးပတ်သက် ပါဝင်သူများနှင့် ပဋိပက္ခဇာတ်ကောင်များကို စားပွဲတစ်ခုတည်းပေါ်ရောက်ရှိလာအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

ဤကဲ့သို့သောကျရှုံးမှုများအကြား၌ NCAလုပ်ငန်းစဉ်၏ ရှုပ်ထွေးလှသည့် သဘောသဘာဝကလည်း လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာအမှားအယွင်းများဆီသို့ဦးတည်သွားစေခဲ့ပြီး နည်းပညာပိုင်းဆိုင်ရာ အလွဲများအပေါ် သဘောထားကွဲလွဲမှုများ တစ်ဖြည်းဖြည်း ကြီးထွားလာစေခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပြန်လည်ပြင်ဆင်တည်ဆောက်၍နည်းပညာပိုင်းဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် မဖြစ်မနေ လိုအပ်ခဲ့ကြောင်း သံသယရှိစရာမလိုခဲ့ပေ။ သို့သော်လည်း ပဋိပက္ခဇစ်မြစ်၏ စိန်ခေါ်မှုများနှင့် ညှိနှိုင်းဆွေးနွေးမှုများ မအောင်မြင်ခဲ့ခြင်းသည် အမြဲတမ်းလိုလို နိုင်ငံရေးဆန်နေခဲ့သည်။ နည်းပညာပိုင်းဆိုင်ရာ ချွတ်ယွင်းချက်များကို ပြင်ဆင်ဖာထေးရုံမျှဖြင့် ဤမျှအတိုင်းအတာအထိ ကြီးထွားလာခဲ့သည့် နိုင်ငံရေးသဘောထားကွဲလွဲမှုများကို ဘယ်သောအခါမှပေါင်းကူးတံတား ထိုးပေးနိုင်လိမ့်မည် မဟုတ်ပါ။ အဖြေရရှိရေးထက် လုပ်ငန်းစဉ်ကို သာဦးစားပေးခဲ့သည့် အကျိုးရလဒ်အဖြစ် ကတိကဝတ်အများအပြားကို ဘယ်သောအခါမှ ဖြည့်ဆည်းပေးနိုင်တော့မည်မဟုတ်ကြောင်း ပိုမိုမြင်သာ ထင်ရှားလာခဲ့သည်။

တစ်စိတ်တစ်ဒေသအားဖြင့် ဤကျရှုံးမှုများနှင့်ပတ်သက်၍ လက်နက်ကိုင်ပဋိပက္ခကို အဆုံးသတ်၍ စစ်ပွဲဒဏ်သင့်ရပ်ရွာများ၏ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြုပြင်ပြောင်းလဲရေးကို ညှိနှိုင်းဆွေးနွေးသွားမည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် သဘောတူစာချုပ်၏ အခန်းကဏ္ဍအပေါ် NCA လက်မှတ်ထိုးအဖွဲ့ဝင်များအကြား ရှုမြင်သဘောထားမှုပုံစံချင်း လုံးဝကွာခြားနေခဲ့သည်။ NCA အဖွဲ့ဝင်များနှင့် သဘောတူစာချုပ်ပြင်ပရှိ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်း နှစ်ဖက်စလုံးသည် ယုံကြည်မှုတည်ဆောက်ရန်နှင့် အနှစ်သာရပြည့်ဝသည့် သဘောတူညီချက်များ ဦးစွာရယူသွားရန် လိုအပ်ကြောင်း ပို၍အလေးပေး ပြောဆိုခဲ့ကြသည်။ ဆန့်ကျင်ဖက်အနေဖြင့် အစိုးရနှင့် တပ်မတော် (စစ်တပ်) ခေါင်းဆောင်များသည်

ယုံကြည်မှုဆိုင်ရာ အရေးကိစ္စများ၊ အပစ်အခတ်ရပ်စဲရေး အကြောင်းအရာများနှင့် အကောင်အထည်ဖော်ရေး ကိစ္စများကို ကိုင်တွယ်ဖြေရှင်းမှု မပြုမီ တရားဝင်အစည်းအဝေးများကို အမြန်ဆုံးပြန်လည်စတင်ရန် သို့မဟုတ် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးရန် လိုအပ်သည်ဟုသာ တွင်တွင်ပြောဆိုနေခဲ့သည်။ ထိုအချိန်က ၂၁ ရာစုပင်လုံကတိကဝတ်များ ရရှိထားရုံမှလွဲ၍ NLD ခေါင်းဆောင်များသည် အာဏာရလာသည်နှင့် တစ်ပြိုင်နက် ပြုပြင်ပြောင်းလဲရေး ယန္တရားအဖြစ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထက်စာလျှင် ရွေးကောက်ပွဲ နိုင်ငံရေးကိုသာလျှင် ပိုမိုအလေးထားအာရုံစိုက်ခဲ့ကြသည်။ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် အကျိုးစီးပွားများနှင့် လိုအပ်ချက်များ အခြေခံကျကျ ကွဲပြားခြားနားနေခဲ့သည့် ကိစ္စရပ်ကို ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ခြင်းမရှိသလို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် လွှတ်တော်နိုင်ငံရေးသည်လည်း လမ်းကြောင်းတစ်ခုတည်းပေါ်၌ ပေါင်းစည်းမိခြင်းအလျဉ်း မရှိတော့ပေ။

သတိပေး သံချောင်းခေါက်သံများကို တစ်ချိန်လုံးလိုလို မျက်ကွယ်ပြုခဲ့ကြသည်။ NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် စိတ်ပျက်စိတ်ကုန်မှုများ ပြည်နယ်နှင့် တိုင်းဒေသကြီးအများအပြား၌ သိသိသာသာမြင့်တက်လာခဲ့သည်။ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်း၊ မြေယာသိမ်းဆည်းခြင်း၊ အရပ်သားပြည်သူများနေရပ်စွန့်ခွာ၍ စစ်ဘေးတိမ်းရှောင်ရခြင်း၊ သယံဇာတအရင်းအမြစ် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုနှင့် ပြင်ပရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေး အပေးအယူပြုလုပ်မှုများ အရှိန်မြင့်လာခြင်း စသည့်ကိစ္စရပ်များက လူမှုရေး၊ တရားရေး၊ နိုင်ငံရေးနှင့် စီးပွားရေးနယ်ပယ်များကို အစိုးရအကျိုးစီးပွားနှင့် အစီအစဉ်အတိုင်း ပြန်လည်ပုံဖော်နေစဉ်အတွင်း တိုင်းရင်းသားများ၏ တောင်းဆိုချက်များကို တားဆီးဟန့်တားထားရန် အချိန်ဆွဲသည့် ယန္တရားတစ်ခုအဖြစ် အသုံးချလျက်ရှိသည်ဟူသည့် အမြင်သဘောထားများကို ပိုမိုအားကောင်းလာစေခဲ့သည်။မကြာခဏဆိုသလိုပင်နိုင်ငံ၏မတူညီသည့် နယ်မြေအစိတ်အပိုင်းများ၌ ပဋိပက္ခပြန်လည်ဦးမော့လာခြင်း (ရိုဟင်ဂျာဆန့်ကျင်ရေး အကြမ်းဖက်မှုအပါအဝင်) ကို NCA အလှူရှင်များနှင့် ထောက်ခံအားပေးသူများ ကစနစ်တွင်း ယိုယွင်းပျက်စီးမှုများကို အရေးပေါ်အပူတပြင်း ကိုင်တွယ်ဖြေရှင်းသွားရန် လိုအပ်လျက်ရှိသည့် အထောက်အထားများအဖြစ် သဘောထားခဲ့ခြင်းမရှိဘဲ ခြွင်းချက်အနေဖြင့်သာသတ်မှတ်လက်ခံခဲ့ကြသည်။ငြိမ်းချမ်းရေးဆီသို့ ဦးတည်ရမည့်အစား နိုင်ငံရေးအစုအဖွဲ့ အများအပြားသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံစံတစ်မျိုးဖြင့် ဆက်လက်စစ်ဖြစ်နေခြင်းဖြစ်သည်ဟု ရှုမြင်လက်ခံထားကြသည်။ ရလဒ်အဖြစ် NCA သည် တစ်ကြိမ်တစ်ခါမျှ တစ်နိုင်ငံလုံးအတိုင်းအတာ ထောက်ခံအားပေးမှုမျိုးကို ရယူနိုင်ခြင်း မရှိခဲ့ပေ။ မအောင်မြင်ခဲ့သည့် ကိစ္စရပ်များအကြား အထင်ရှားဆုံးသာဓကတစ်ခုမှာ ကာကွယ်ရေးဝန်ကြီးဌာန၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းဖြစ်သည်။ NCA နှင့် ငြိမ်းချမ်းရေး ဆွေးနွေးနေဆဲ ကာလအတွင်း၌ပင် ပြည်တွင်းရှိ အပစ်ရပ်နယ်မြေနှင့် အပစ်ရပ်ထားခြင်းမရှိခဲ့သည့် နယ်မြေဒေသနှစ်ခုစလုံး၌ စစ်ဘောင်ချဲ့မှုနှင့် တပ်မတော် တပ်ရင်းတပ်ဖွဲ့များ တိုးချဲ့ဖြန့်ကျက်နေရာချထားမှုများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။ ဆယ်စုနှစ်ပေါင်းများစွာ တိုက်ပွဲဖြစ်ပွားနေခဲ့သည့် နယ်မြေဒေသများ၌ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အသစ်များ ပြုလုပ်နိုင်ခဲ့ လင့်ကစား ၁၅ နှစ်တာမျှ လက်နက်ကိုင်ပဋိပက္ခများ အတိုင်းအတာတစ်ခုအထိ တိတ်ဆိတ်နေခဲ့သည့် နေရာဒေသများရှိ ယခင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အဟောင်းများ ပျက်ပြယ်သွားခဲ့သည်။ ထိုနယ်မြေဒေသများ၌ နေထိုင်လျက်ရှိသည့် ရပ်ရွာအသိုက်အဝန်းများအတွက် 'ငြိမ်းချမ်းရေးလုပ်ငန်းစဉ်' ဟူသည့် စကားလုံးများသည် အနှစ်သာရကင်းမဲ့နေခဲ့သည်။ ဗဟိုအာဏာပိုင်များအတွက် လူသားလုံခြုံရေးထက် စစ်ဖက်လုံခြုံရေးသည်သာလျှင် အဓိကဦးစားပေးဖြစ်နေခဲ့ခြင်းက အစိုးရနှင့် တပ်မတော်နှစ်ဖက်စလုံးမှ ခေါင်းဆောင်များ၏ တကယ့်ရည်ရွယ်ချက်များကို အကြီးအကျယ် မေးခွန်းထုတ်စရာ ဖြစ်နေခဲ့သည်။

ဤအကြောင်းတရားများကြောင့်မျက်မှောက်ခေတ် ဝေဖန်သုံးသပ်ချက်များ ပြင်းထန်လာခြင်းဖြစ်သည်။ လှုပသည့် စကားလုံးအသုံးအနှုန်း အများအပြားသုံးစွဲထားသော်လည်း NCA လက်မှတ်မရေးထိုးမီ သို့မဟုတ် ရေးထိုးပြီးနောက်ပိုင်း ပဋိပက္ခရေခံမြေခံ အခင်းအကျင်း၌ အခြေခံကျသည့် အပြောင်းအလဲများ ပေါ်ထွက်လာခြင်း မရှိခဲ့ပေ။ အားလုံးလွှမ်းခြုံပါဝင်မှုရှိသည့် ငြိမ်းချမ်းရေးရရှိစေမည့် နိုင်ငံရေးလမ်းပြမြေပုံ ရေးဆွဲချမှတ်ရမည့်အစား NCA လုပ်ငန်းစဉ်သည် တပ်မတော်၏ ထိန်းချုပ်မှု ပိုမိုအားကောင်းလာစေရန် တံတားထိုးပေးသွားမည့် ကြားခံတစ်ခုသာ ဖြစ်နေခဲ့ပုံရသည်။ ပဋိပက္ခဖျန်ဖြေရေးနယ်ပယ်၌ ရင်ဆိုင်ကြုံတွေ့နေရသည့် အကြီးမားဆုံးသော စိန်ခေါ်မှုများ ဆက်ရှိနေခဲ့ရာ၌ အများအပြားသည် အချိန်ကြာလာသည်နှင့်အမျှ ပိုမိုဆိုးရွားလာခဲ့ပြီး အဆုံးသတ်နိုင်ငံရေး ကစားကွက်မျိုးယခုအချိန်ထိ တွေ့မြင်ရခြင်း မရှိသေးပေ။ NCA လက်မှတ်ရေး

ထိုးပြီးနောက်ပိုင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ လက်တွေ့အသက်ဝင်လာစေရန်၊ တွေ့ဆုံဆွေးနွေးရေး၏ ပြုပြင်ပြောင်းလဲရေးအုတ်မြစ် နက်ရှိုင်းခိုင်မာလာစေရန် သို့မဟုတ် လုပ်ငန်းစဉ်အလုပ်ဖြစ်စေရန် မွမ်းမံပြင်ဆင်မှုများ အရှိန်အဟုန်ရလာခဲ့ခြင်းမရှိဘဲ အလွန်နှေးကွေးလေးလံနေခဲ့သည်။

ဤမအောင်မြင်မှုများ ဆက်လက်ဖြစ်ပွားလာသည့် နည်းတူ NCA ယန္တရား၏ အဓိကအကျဆုံး အင်္ဂါရပ်များသည်လည်း ဘေးရောက်သွားခဲ့သည် သို့မဟုတ် တစ်ကြိမ်တစ်ခါမျှ အပြည့်အဝအကောင်အထည် ပေါ်လာခြင်းမရှိခဲ့ပေ။ အဓိကချွတ်ယွင်းချက်များ သို့မဟုတ် အားနည်းချက်များအတွင်း ကြောင်းကျိုးဆီလျော်မှုမရှိသည့် ကိစ္စရပ်များရှိနေခြင်း သို့မဟုတ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကြားကာလအစီအမံများ၊လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများနှင့် နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုနှင့် သဘောတူညီချက်ရယူမည့် လုပ်ငန်းစဉ်သစ်များ ကင်းမဲ့နေခြင်းတို့ပါဝင်နေခဲ့သည်။ သတိပေးသံချောင်းခေါက်သံများ လှိုင်လှိုင်ထွက်ပေါ်လာခဲ့သည်။ သို့သော်လည်း ပိုမိုတိုးတက်ကောင်းမွန်လာစေမည့် လုပ်ငန်းစဉ်များကို တစ်ကြိမ်တစ်ခါမျှ တင်းပြည့်ကျပ်ပြည့် အလေးပေးဖော်ဆောင်မှု မရှိခဲ့ပေ။

ဆန့်ကျင်ဖက်အနေဖြင့် ၂၀၂၀ ခုနှစ် အစောပိုင်းမှစတင်၍ NCA နှင့် အမျိုးသားဇာတ်ခုံနှစ်ခုစလုံး၌ ကိုဗစ်-၁၉ နှင့် နိုဝင်ဘာ အထွေထွေရွေးကောက်ပွဲဟူသည့် အလွန်အရေးကြီးသည့် အကြောင်းအရာသစ်နှစ်ခုသာ အများဆုံးလွှမ်းမိုးနေခဲ့သည်။ ၎င်းတို့ကြောင့် အသွင်ကူးပြောင်းရေးရေခဲမြေခဲ၌ အနှစ်သာရရှိသည့် အရွေ့များထွက်ပေါ်လာလိမ့်မည်ဟူသည့် မျှော်လင့်ချက်များ အလျင်အမြန်ပင် လွင့်ပါးပျောက်ကွယ်သွားခဲ့သည်။ NLD ဦးဆောင်သည့် အစိုးရအနေဖြင့် နိုင်ငံရေးနှင့် ကျန်းမာရေးပြဿနာတို့ရောက်မှလုပ်ငန်းများကို EAOs များနှင့် အစိုးရဌာနများအကြား အပြန်အလှန်နားလည်မှုနှင့် ပေါင်းစည်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေမည့် အခွင့်အလမ်းတစ်ရပ်အဖြစ် အသုံးချနိုင်ခဲ့ခြင်းမရှိဘဲ လွဲချော်သွားခဲ့သည်။ တိုက်ပွဲများဆက်လက် ဖြစ်ပွားနေခြင်း၊ NCA ကို ချောင်ထိုးထားခြင်းနှင့် ကမ္ဘာ့ကပ်ရောဂါကျရောက်နေစဉ်အတွင်း ရွေးကောက်ပွဲ ပြုလုပ်ခဲ့ခြင်းတို့သည် တိုင်းရင်းသားအခြေပြု နိုင်ငံရေးစိုးရိမ်ပူပန်မှုများကို သာပိုမိုဆိုးရွားလာစေခဲ့သည်။

ဤဖြစ်ရပ်များ ဖြစ်ပျက်နေသည့်အချိန်၌ နိုင်ငံတကာအသိုက်အဝန်း၏ အရေးယူဆောင်ရွက်ချက်များကလည်း ကွဲပြားခြားနားနေခဲ့ပြီး မကြာခဏဆိုသလို လမ်းကြောင်းလွဲသွားစေခဲ့သဖြင့် မြန်မာ့ပဋိပက္ခအလားအလာများ တစ်ဆို့သွားခဲ့ရခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေးအသွင်ပြောင်းလဲရေးအတွက် ဆယ်စုနှစ်တစ်ခုကြာမျှ ကူညီပေးခဲ့သည့် နိုင်ငံတကာအထောက်အပံ့များသည် အဆုံးသို့ပြောပလောက်အောင် အရာထင်ခြင်း မရှိခဲ့ပေ။ ဆုံးဖြတ်ချက်အများအပြားသည်အောက်ခြေမြေပြင်ရှိကျယ်ပြန့်ရှုပ်ထွေး၍ သိမ်မွေ့နက်နဲသည့် စိန်ခေါ်မှုများကို ကောင်းစွာနားလည်သဘောပေါက်ခြင်း မရှိဘဲ မိမိတို့၏ အကျိုးစီးပွားလိုလားချက်အပေါ် အခြေခံ၍ ချမှတ်ခဲ့ကြခြင်းဖြစ်သည်။ သဟဇာတရှိ၍ ကြောင်းကျိုးညီညွတ်သည့် ငြိမ်းချမ်းရေးအစီအစဉ်မျိုး တစ်ကြိမ်တစ်ခါမျှ ထွက်ပေါ်လာခြင်းမရှိခဲ့သည့်အပြင် နိုင်ငံတကာ၏ တုံ့ပြန်မှုများ၌ ရှေ့နောက်ညီညွတ်မှုမရှိသည့် ကိစ္စရပ်အများအပြား ပါဝင်နေခဲ့သည်။

ကမ်းကုန်အောင်ရက်စက်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် နိုင်ငံတကာတရားရုံးနှင့် နိုင်ငံတကာရာဇဝတ်ခုံရုံးတို့၏ စုံစမ်းစစ်ဆေးမှု ခံရလောက်သည်အထိ ပြင်းထန်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် တရုတ်၊အိန္ဒိယ၊ ဂျပန်နှင့် အနောက်တိုင်းနိုင်ငံအများအပြားမှ နိုင်ငံရေးနှင့် စီးပွားရေး ဇာတ်ကောင်များသည်လည်း ပြည်တွင်းနိုင်ငံရေးနှင့်စီးပွားရေးဦးတည်ချက်များအပေါ်သြဇာလွှမ်းမိုးနိုင်စေရန် အပြိုင်အဆိုင် ကြိုးစားနေခဲ့ကြသည်။ NCA နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အခိုင်အမာပေးအပ်ခဲ့သည့် အထောက်အပံ့များသည် နိုင်ငံရေးအသွင်ကူးပြောင်းမှုအတွက် မရှိမဖြစ် အရေးပါခဲ့သည့် ခြေလှမ်းတစ်ခုဖြစ်ခဲ့သည်။ သို့သော်လည်း ၎င်းတို့အကြား၌ လက်ကိုင်ထားရှိမည့် မူဝါဒများ သို့မဟုတ် ဦးစားပေးရွေးချယ်မှုများနှင့် ပတ်သက်၍ ဘုံသဘောတူညီချက် မရှိခဲ့ကြပေ။ တပ်မတော်၏ သေနင်္ဂဗျူဟာများနှင့် ခေတ်အဆက်ဆက် အမွေဆက်ခံလာခဲ့သည့် မြန်မာနိုင်ငံ၏ အားနည်းချက်များ၊ အခွင့်အလမ်းဆုံးရှုံးခဲ့ရမှုများကို နားလည်လက်ခံရန် ပျက်ကွက်ခဲ့ကြပြီး NCA နှင့် ပတ်သက်၍ ပြောဆိုထောက်ပြနေကြသည့် ပြဿနာများကိုလည်း တစ်ကြိမ်တစ်ခါမျှ ကိုင်တွယ်ဖြေရှင်းရန် မကြိုးပမ်းခဲ့ကြပေ။

နောက်ထက်အခက်အခဲပိုလာစေသည့်ကိစ္စရပ်မှာ အနောက်တိုင်း ဇာတ်ကောင်များက ၎င်းတို့၏ ငြိမ်းချမ်းရေး ကြိုးပမ်းအားထုတ်မှုများကို မြန်မာအစိုးရနှင့် အရှေ့တောင်ပိုင်းဒေသထိုင်းနယ်နိမိတ်အခြေစိုက်တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများကိုသာ အဓိက

ဇောင်းပေးထားခဲ့သလို နိုင်ငံကို အဓိကလွှမ်းမိုးထားသည့် နောက်ထပ် ဇာတ်ကောင်တစ်ဦးဖြစ်သည့် တရုတ်အရာရှိများနှင့် စီးပွားရေးလုပ်ငန်းများကလည်း အလားတူပင် ၎င်းတို့၏ကြားဝင်ဆောင်ရွက်မှုကို မြန်မာအစိုးရ၊ တပ်မတော်နှင့် ယူနန်နယ်နိမိတ်တစ်လျှောက် အခြေစိုက်လှုပ်ရှားလျက်ရှိသည့် EAOs များမှတစ်ဆင့်သာ လုပ်ကိုင်ဆောင်ရွက်သွားခဲ့ခြင်းဖြစ်သည်။ အနောက်တိုင်း ဇာတ်ကောင်များဖြစ်စေ တရုတ်ဇာတ်ကောင်များဖြစ်စေ နှစ်ဖက်စလုံးသည် သက်ဆိုင်ရာ အင်အားစုများအားလုံးနှင့် လုပ်ကိုင်ဆောင်ရွက်လိုစိတ်နှင့် လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်း ကင်းမဲ့နေခဲ့ကြသည်။ ထို့အပြင် နှစ်ဖက်စလုံးသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ အရေးပါသည့် အစုအဖွဲ့များကို ချန်လှပ်ထားခဲ့ခြင်းသည် အဓွန့်ရှည် တည်တံ့ခိုင်မြဲသည့် ဖြေရှင်းချက်များရရှိရေးအတွက်အကြီးမားဆုံးသော အတားအဆီးတစ်ခု ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း နားလည်သဘောပေါက်ပုံ မရခဲ့ကြပေ။

လက်ရှိအချိန်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းရန်ကြိုးပမ်းခဲ့ခြင်းသည် NCA ကို နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် သမိုင်းတစ်လျှောက် အလားအလာအရှိဆုံးနှင့် လွှမ်းခြုံပါဝင်မှုအရှိဆုံး ပုံစံတစ်ခုဖြစ်လာခြင်း မရှိစေရန် လမ်းချော်သွားစေခဲ့သည်။ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရခဲ့ကြသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ခေါင်းဆောင်များ ထောင်သွင်းအကျဉ်းချခံနေရပြီး ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြသူများကိုလည်း ရက်ရက်စက်စက် ဖြိုခွဲနှိမ်နင်းခဲ့ကြသည်။ ညှိနှိုင်းဆွေးနွေး၍ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းဖြင့် ဖက်ဒရယ်နှင့် ဒီမိုကရေစီစနစ်သစ်တစ်ခု ထူထောင်သွားရန် ရှေ့ဆယ်စုနှစ်အတွင်း ကာလအပိုင်းအခြားတစ်ခုအထိ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည့် ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်များအားလုံး တစ်စခန်းရပ်သွားတော့သည်။

အာဏာသိမ်းရန် ကြိုးပမ်းခြင်းဖြင့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တပ်မတော်၏ ထိန်းချုပ်မှုအောက်တွင်ပြားပြားဝပ်ခဲ့ကြရသည့်အတိတ်ကာလများဆီသို့နိုင်ငံရေးကာလယန္တရားကို အလွယ်တကူပင် နောက်ပြန်လှည့်နိုင်လိမ့်မည်ဟု တွက်ချက်စဉ်းစားခဲ့ပုံပေါ်သည်။ ဆန့်ကျင်ဖက်အနေဖြင့် တစ်နိုင်ငံလုံးသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှစ၍ တစ်ခါမျှမကြုံဖူးခဲ့သည့် အဆိုးရွားဆုံး အခိုက်အတန့်မျိုးကို ထင်ဟပ်လျက်ရှိသည့် ဖိနှိပ်ချုပ်ချယ်မှု၊ အကြမ်းဖက်မှုနှင့် အရေးပေါ်လူသားချင်းစာနာထောက်ထားရေး အကျပ်အတည်းများကို အကြီးအကျယ်ကြုံတွေ့လာရတော့သည်။ စစ်အစိုးရကို ဆန့်ကျင်အာခံသည့် လူထုသပိတ်များသည် ဗမာအများစုဖြစ်သည့် လူထုလူတန်းစားများအကြားသို့တိုင် ပျံ့နှံ့ရောက်ရှိလာခဲ့သလို NCA အဖွဲ့ဝင်သုံးဖွဲ့အပါအဝင် ချင်း၊ ကယား၊ ကရင်၊ မွန်နှင့် ရခိုင်ပြည်နယ်များရှိ နယ်မြေဒေသအများအပြား၌ အပစ်အခတ်ရပ်စဲရေးပျက်ပြယ်သွားခဲ့ပြီး ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများရှိ ရိုရင်းစွဲပဋိပက္ခများ ပိုမိုပြင်းထန်လာခဲ့သည့်အပြင် မကွေး၊ စစ်ကိုင်း၊ တနင်္သာရီနှင့် အခြားတိုင်းဒေသကြီးများရှိ မြို့ပြဒေသများ၌ လက်နက်ကိုင်တော်လှန်ရေးအင်အားစုအသစ်များ အလျှိုလျှိုပေါ်ထွက်လာခဲ့သည်။

နောက်ဆက်တွဲ အကျိုးဆက်များ ပြင်းထန်လွန်းလှသည်ဟု ဆိုရမည်ဖြစ်သည်။ NCA နှင့် ပိုမိုကျယ်ပြန့်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များသည် ၎င်းတို့ဖြစ်တည်လာခဲ့သည့်အခင်းအကျင်းနှင့် လုံးဝကွဲပြားခြားနားနေသည့်တိုင်း ရင်းသားအခြေပြု နိုင်ငံရေးရေခဲမြေခဲအောက်၌ မှေးမှိန်ပျောက်ကွယ်သွားခဲ့သည်။ ပဋိပက္ခကျောရိုးတည်ဆောက်ပုံနှင့် ခွဲရေးတွဲရေးပုံစံများ သိသိသာသာပြောင်းလဲသွားခဲ့သည်။ အရောင်အသွေးစုံလင်သည့် တော်လှန်ရေးလှုပ်ရှားမှုများနှင့် စည်းရုံးစုဖွဲ့မှုပုံစံသစ်များအကြား၌ SAC နှင့် အမျိုးသားညီညွတ်ရေး အစိုးရဟူသည့် နိုင်ငံကိုတရားဝင်ကိုယ်စားပြုသည်ဟု အပြိုင်အဆိုင်ပြောဆိုနေကြသည့် အစိုးရနှစ်ရပ်ပေါ်ထွက်လာခဲ့သည်။ ဤကဲ့သို့သော စစ်မျက်နှာသစ်၌ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များဟု အများသိလာကြမည့် တော်လှန်ရေးအစုအဖွဲ့များသည် နိုင်ငံအနှံ့အပြား၌အလုံးအရင်းဖြင့် ပေါ်ထွက်လာခဲ့သော်လည်း အနာဂတ်၌ နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုနှင့် 'ငြိမ်းချမ်းရေး တည်ဆောက်မှု' လုပ်ငန်းစဉ် တစ်ရပ်ရပ်ပေါ်ပေါက်လာပါက ၎င်းတို့၏အခန်းကဏ္ဍ မည်သို့ရှိလာမည်ဖြစ်ကြောင်း ကံသေကံမပြောဆိုရ ခဲယဉ်းနေဆဲဖြစ်သည်။

အကြမ်းဖက်မှု အတိုင်းအတာကိုကြည့်ပါက စစ်ပွဲသဘောသဘာဝပါ ပြောင်းလဲသွားခဲ့ပြီဟု သုံးသပ်ယူဆနိုင်ပါသည်။ အစိုးရကို တော်လှန်နေကြသည့် အင်အားစုများသည် မြို့ပြတိုက်ပွဲများကို ဆင်နွှဲရန် ကြိုးပမ်းလာခဲ့သလို SAC သည်လည်း မြေပြင်ထိန်းချုပ်နယ်မြေများ လက်လွတ်ဆုံးရှုံးလာသည်နှင့်အမျှ လေကြောင်းတိုက်ခိုက်မှုများကို ပိုမိုတိုး၍ မှီခိုအားထားလာရပြီး ပျူစောထီးနှင့် အခြားဌာနေပြည်သူ့စစ်တပ်ဖွဲ့သစ်များကို တိုးချဲ့ဖွဲ့စည်းလျက်ရှိသည်။ အရပ်သားများနှင့် ရပ်ရွာအသိုက်အဝန်း အများအပြားသည်

နိုင်ငံရေးခံယူချက် သို့မဟုတ် သစ္စာခံမှုကို လူသိရှင်ကြား ထုတ်ဖော်ပြောဆိုရန်အလွန်အန္တရာယ်ကြီးလာသည့်အခြေ အနေမျိုးဖြင့် အပြန်အလှန်ပစ်ခတ်နေကြသည့် တိုက်ပွဲများ အကြား၌ ပိတ်မိလာကြသည်။

လတ်တလော၌ SAC ခေါင်းဆောင်များသည် အ တိုက်အခံများကို သွေးခွဲရန်နှင့် အယုံလွယ်သည့် ပြင်ပအင် အားစုများကို အယုံသွင်းရန် ကြိုးပမ်းအားထုတ်သည့် ကစား ကွက်တစ်ခုအဖြစ် NCA နှင့် အထွေထွေရွေးကောက်ပွဲအ သစ်ခေါ်ယူကျင်းပသွားမည်ဟု အဓိပ္ပာယ်မဲ့လိုက်လံပြော ဆိုနေခဲ့သည်။ အာဏာသိမ်းရန် စတင်ကြိုးပမ်းချိန်ကတည်း ကမည်သည့်ငြိမ်းချမ်းရေး လုပ်ငန်းစဉ် သို့မဟုတ် နိုင်ငံရေး လမ်းပြမြေပုံကိုမျှ အမှန်တကယ်အသက်သွင်းနိုင်ခြင်း မရှိ တော့ပေ။ NCA သည် NLD ဦးဆောင်သည့် အစိုးရလက် ထက်၌ပင် တစ်ဆစ်ချိုးအလှည့်အပြောင်းမျိုးကို မဆောင် ကျဉ်းပေးနိုင်ခဲ့ပါက အာဏာသိမ်းရန် မကြိုးပမ်းခင်ကတည်း ကပင် ပြည်ထောင်စုသဘောတူညီချက် အကောင်အထည် ဖော်ဆောင်ရာ၌ ကဖျက်ကယက်အပြုဆုံး ဇာတ်ကောင် ဖြစ်ခဲ့ပြီး တစ်ချိန်လုံးနီးပါး မိမိတို့ကိုယ်တိုင် လက်မှတ်ရေး ထိုးထားသည့် သဘောတူညီချက်များကို မသိကျိုးကျွန်ပြု ကာအကြမ်းဖက်မှုများကို အကြီးအကျယ် ကျူးလွန်နေခဲ့ သည့် တပ်မတော်ဦးဆောင်သည့် အစိုးရလက်ထက်၌ မည် သည့်နည်းနှင့်မျှ ဆောင်ကျဉ်းပေးနိုင်လိမ့်မည် မဟုတ်ပါ။

ဝါဒဖြန့်ရန် ကြိုးပမ်းသည့်အနေဖြင့် အာဏာသိမ်း ရန်ကြိုးပမ်းခဲ့ပြီးနောက်ပိုင်း၌ SAC သည် လက်ကျန် NCA လက်မှတ်ထိုးအဖွဲ့ဝင် EAOs များနှင့် ကြိုကြားကြိုကြား တွေ့ဆုံစည်းဝေးမှုများ ပြုလုပ်ပြခဲ့သည်။ ပြည်တွင်းစစ် ဆက်လက်ဖြစ်ပွားနေပြီး နိုင်ငံရေး ပြုပြင်ပြောင်းလဲရေးအ တွက်အရေးပါသည့် ဦးစီးရွေ့ဆောင် အဖွဲ့အစည်းများကို ဆက်လက်ဖယ်ကြဉ်ချန်လှပ်ထားဆဲဖြစ်သဖြင့် အချို့သည် ခွဲထွက်လာသည့် သို့မဟုတ် လက်ကျန်အဖွဲ့ခွဲများသာ ဖြစ် နေခဲ့ကြသည့် အဆိုပါအင်အားစုများကို ဘယ်သောအခါမှ တစ်နိုင်ငံလုံး၏ နိုင်ငံရေးသဘောထားကို ကိုယ်စားပြုသူ များအဖြစ် သတ်မှတ်နိုင်လိမ့်မည် မဟုတ်ပေ။ အင်အားကြီး ဒီမိုကရေစီပါတီများကို နှိပ်ကွပ်ဖိနှိပ်ထားပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ဆက်လက်ဖိနှိပ်ချုပ်ချယ်ထားသည့် အခြေအနေမျိုး၌စစ်တပ်ခေါ်ယူကျင်းပသွားမည့်အနာဂတ် အထွေထွေ ရွေးကောက်ပွဲမှန်သမျှကိုလည်း မည်သူမျှလက် ခံအသိအမှတ်ပြုလိမ့်မည် မဟုတ်ပါ။

ရှေ့ကိုမျှော်ကြည့်ပါက နိုင်ငံရေး အသိုက်အဝန်းများ အတွင်း ဖက်ဒရယ်ဒီမိုကရေစီ မျှော်ရည်ချက်နှင့် အောင် မြင်သည့် ငြိမ်းချမ်းရေးလမ်းပြမြေပုံတစ်ရပ်ကို မည်ကဲ့သို့ ရေးဆွဲပြင်ဆင်နိုင်မည်နည်းဟူသည့် ကိစ္စရပ်များကို ဆက် လက်ဆွေးနွေး အဖြေရှာရဦးမည်ဖြစ်သည်။ အားလုံးကို တစ်ညီတစ်ညွတ်တည်း စုစည်းပေးနိုင်သည့် တစ်ခုတည်း သောစကြဝဠာမျိုး ပေါ်ထွက်လာနိုင်ရန် ခက်ခဲသည်မှန်သော် လည်းတိုင်းရင်းသားများနှင့် ဒီမိုကရေစီ လိုလားထောက်ခံ သည့် အစုအဖွဲ့များအကြား ညှိနှိုင်းဆောင်ရွက်မှု၊ ဆက်ဆံ ရေးတည်ဆောက်မှုနှင့် လက်တွေ့ကျသည့် အုပ်ချုပ်ရေး စသည့် စိန်ခေါ်မှုပြင်းထန်သည့် လုပ်ငန်းများ၏ အရေးပါ အရာရောက်မှုကို လျှော့မတွက်သင့်ပေ။ စစ်အုပ်ချုပ်ရေး နှင့်ကျရှုံးနိုင်ငံဖြစ်မှုကို အဆုံးသတ်လိုပါက ဤကဲ့သို့သော ကြိုးပမ်းအားထုတ်မှုများ ခိုင်မာအားကောင်းလာအောင် အ ပူတပြင်း ဝိုင်းဝန်းတည်ဆောက်သွားကြရန် မဖြစ်မနေလို အပ်ပါလိမ့်မည်။

ရှေ့အတွေ့အကြုံများက သင်ခန်းစာပေးခဲ့သလို ပင်ဆယ်စုနှစ် သုံးခုကျော်ကြာမြင့်လာခဲ့သည့် မြန်မာနိုင်ငံ ၏ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များသည် တပ်မတော် စိတ်တိုင်းကျ ရေးဆွဲပြင်ဆင်ထားသည့် စနစ်များအတွင်း ကျုံးသွင်းခံရသည့် အဖြစ်သို့သာ ဦးတည်သွားစေခဲ့သည်။ ၎င်းတို့သည် ညှိနှိုင်းဆွေးနွေးရေး၊ စစ်ပုံသွင်းမှုပယ်ဖျက် ရေးနှင့် ပြုပြင်ပြောင်းလဲရေး ကိစ္စရပ်များကို ဆွေးနွေးအ ဖြေရှာနိုင်စေသည့် စကြံ်နများမဟုတ်ခဲ့ကြပေ။ လက်တွေ့ ၌လည်း အာဏာသိမ်းရန် စတင်ကြိုးပမ်းခဲ့ချိန်မှစ၍ တပ်မ တော်အာဏာပိုင်များအောက်၌ ခါးပိုက်ဆောင်တပ်ဖွဲ့များ နှင့် ပြည်သူ့စစ်တပ်ဖွဲ့များ မှိုလိုဖောင်းပွလာအောင် တိုးချဲ့ ဖွဲ့စည်းနေခြင်းသည် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုအားဖြင့် ပဋိပက္ခဖြစ်စေခဲ့ သည့် ဇစ်မြစ်အကြောင်းတရားများကိုပြေလည်သွားစေနိုင် သည့် အနာဂတ်ငြိမ်းချမ်းရေး အလားအလာများကို ပိုမိုအ လှမ်းဝေးသွားစေလျက်ရှိသည်။ နှစ်ပေါင်းခြောက်ဆယ်ကျော် အာဏာရယူထားခဲ့သည့် နောက်ပိုင်းကာလများအထိ ပဋိ ပက္ခကို 'ဖျန်ဖြေ' ခြင်းထက်စာလျှင် 'စီမံခန့်ခွဲရန်' သာ စိတ် ဝင်စားခဲ့သည့် တပ်မတော်၏ မဟာဗျူဟာ ဆက်လက် အသက်ဝင်နေဆဲဖြစ်သည်။

အာဏာသိမ်းရန် ကြိုးပမ်းမှုအလွန် ရေခဲမြေခဲအ ခင်းအကျင်းသည် နိုင်ငံတကာအသိုက်အဝန်းအတွက် ထိ တွေ့ဆက်ဆံရခက်ခဲသည့် စိန်ခေါ်မှုများကိုပါ ဆောင်ကျဉ်း

လာခဲ့သည်။ လက်ရှိအချိန်၌ SAC သည် ကမ္ဘာပေါ်ရှိ လက်နက်ကိုင်ဇာတ်ကောင်များအကြား၌ ဝေဖန်ရှုချမှု အခံရဆုံးတပ်ဖွဲ့တစ်ခုဖြစ်နေသည်။ ကုလသမဂ္ဂလူ့အခွင့်အရေး ဆိုင်ရာ မဟာကော်မရှင်နာမင်းကြီးရုံး၊ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ်၊အနှောင့်အဖွဲ့ကင်းလွတ်လပ်သည့် မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးယန္တရားနှင့် အခြားနိုင်ငံတကာ အဖွဲ့အစည်းများ၏အကြိမ်ကြိမ်ဝေဖန် ရှုချခံခဲ့ရသည့် အထောက်အထားများကဤအချက်မှန်ကန်ကြောင်း သက်သေပြလျက်ရှိသည်။ အာဏာသိမ်းရန်ကြိုးပမ်းခဲ့ချိန်မှစ၍ လက်နက်ကိုင်ပဋိပက္ခကြောင့် လူထုလူတန်းစားများ ပိုမိုဆင်းရဲတွင်း နက်လာခြင်း၊အရပ်သားသေကျေပျက်စီးမှုနှင့်နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ရမှုများ တစ်နေ့တစ်ခြား ပိုမိုများပြားလာခဲ့သည်။ လက်ရှိအချိန်၌ စစ်ဘေးဒုက္ခသည်နှင့် ပြည်တွင်းနေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ရသူဦးရေ ၂.၅ သန်းကျော်လာခဲ့သလို နိုင်ငံရေးအကျဉ်းသားဦးရေ ၁၆၀၀၀ ခန့်ရှိနေခဲ့သည့်အပြင် အာဏာသိမ်းရန် စတင်ခဲ့ချိန်မှစ၍ ပေါ်ပေါက်လာခဲ့သည့် နိုင်ငံရေးအကြမ်းဖက်မှုအတွင်း ခန့်မှန်းခြေအားဖြင့် လူပေါင်း ၂၀၀၀၀ ကျော် သေကျေပျက်စီးခဲ့ရပြီးဖြစ်သည်။

သို့ဖြစ်၍အကွဲအပြဲများကိုပိုမိုအက်ကွဲလာစေခြင်း ထက်တစ်နိုင်ငံလုံးအတိုင်းအတာကုစားရေးကိုအထောက်အကူပြုရန် တစ်ညီတစ်ညွတ်တည်း ဝိုင်းဝန်းဆောင်ရွက်နိုင်စေမည့် အရေးယူဆောင်ရွက်ချက်များ ချမှတ်ဖော်ဆောင်သွားရန်အရေးတကြီးလိုအပ်နေပြီဖြစ်သည်။မိမိတို့၏နိုင်ငံရေးအနာဂတ်ကို မြန်မာပြည်သူများကသာလျှင် ရွေးချယ်ဆုံးဖြတ်သွားရမည်ဖြစ်သည်။ သို့သော်လည်း လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုများ မဖြစ်မနေပေးအပ်ခြင်းနှင့် ဘက်ပေါင်းစုံမှ ကျူးလွန်ခဲ့ကြသူများအားလုံးကို ၎င်းတို့၏ချိုးဖောက်မှုများအတွက် ပြန်လည်တာဝန်ခံစေခြင်းဖြင့်ကျားကန်ပေးမှသာလျှင် အခွန့်ရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးနှင့် တရားမျှတမှုကို ဆောင်ကျဉ်းပေးနိုင်မည်ဖြစ်သည်။ မည်သည့်ပဋိပက္ခဖျန်ဖြေရေး လမ်းကြောင်း၌မဆို တာဝန်ယူမှုတာဝန်ခံမှုသည် ငြိမ်းချမ်းရေးတည်ဆောက်မှု၏ အသည်းနှလုံးနေရာ၌ ရှိနေရမည်ဖြစ်သည်။ ဤအချက်သည် ယခုအချိန်ထိ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း မြင်သာထင်ရှားလျက်ရှိသည်။ယနေ့အချိန်ထိအမှားပေါ်မှလွဲလာသင်ခန်းစာယူမှုရှိကြောင်း ပြဆိုနိုင်သည့် ညွှန်းကိန်းများအားနည်းနေဆဲဖြစ်သည်။ အရေးပေါ် လူသားချင်းစာနာထောက်ထားရေးကပ်ဆိုက်သည့်အတိုင်းအတာထိ ရောက်ရှိနေပြီဖြစ်သော်လည်း ကုလသမဂ္ဂဖြစ်စေ အာဆီယံဖြစ်စေ သို့မဟုတ် အခြားအစိုးရများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား၌ဖြစ်စေ ပေါင်းစည်းညီညွတ်မှု ရှိသည့်မဟာဗျူဟာတစ်ရပ်ရှိနေပြီဟု သုံးသပ်ယူဆနိုင်သည့်ညွှန်းကိန်းမျိုးတွေ့မြင်ရခြင်း မရှိသေးပေ။

ဤကဲ့သို့သော အလွန်အရေးကြီးသည့် ကိစ္စရပ်များသည် အနာဂတ်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တစ်ရပ်ရပ်တည်ဆောက်သွားမည့် မည်သည့်နိုင်ငံတကာ အားထုတ်မှုများ၌မဆို မရှိမဖြစ်လိုအပ်သည့် အရာများဖြစ်သည်။ ငြိမ်းချမ်းရေးရရှိရန် လိုအပ်နေသော်လည်း ဖိနှိပ်ချုပ်ချယ်မှုပြင်းထန်၍ အာဏာသိမ်းရန် ကြိုးပမ်းနေသည့် အခြေအနေမျိုး၌ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အသစ်တစ်ရပ် ဖန်တီးခြင်းကို လျော်ကန်သင့်မြတ်သည်ဟုသတ်မှတ်ယူဆရခက်ခဲပါလိမ့်မည်။ ထိပ်တန်းအဆင့် နိုင်ငံရေးအပြောင်းအလဲမျိုးကို မောင်းနှင်ပေးသွားမည့် လူငယ်များ၏ အခန်းကဏ္ဍနှင့် လူမှုရေးအရွေ့များ၊ ဖက်ဒရယ် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို အားပေးအားမြှောက်ပြုသည့် အလားအလာနှင့် ၂၁ ရာစုပင်လုံညီလာခံရပ်ဝန်းကို ကျော်လွန်၍ အကျိုးပတ်သက်ပါဝင်နေသည့် အစုအဖွဲ့များအားလုံးပါဝင်သည့် သဘောတူညီချက်များကို ထင်ဟပ်မှုရှိစေမည့် အရှိတရားသစ်များကို စူးစမ်းလေ့လာသွားရန် လိုအပ်ပါလိမ့်မည်။[၆၉] ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခနှင့်စစ်အုပ်ချုပ်ရေးအလွန်၌ သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးသည်နှင့် တစ်ပြိုင်နက်နေ့ချင်းညချင်းအပြောင်းအလဲရရှိလိုသည့် မျှော်လင့်ချက်များဖြင့် NCA ကို ဝိုင်းဝန်းထောက်ခံခဲ့ကြသဖြင့် အခြေခံအကျဆုံး အမှားများကိုကျူးလွန်ခဲ့မိကြောင်း လက်ခံအသိအမှတ်ပြုရန် လိုအပ်သည်။

ပွင့်ပွင့်လင်းလင်း ပြောရမည်ဆိုပါက မတူကွဲပြားခြားနား၍ ကျယ်ပြန့်သည့် လူထုအခြေပြု ချဉ်းကပ်မှုကို အကောင်အထည်ဖော်ရန် များစွာအချိန်လင့် နေခဲ့ပြီဖြစ်သည်။ အတိတ်သမိုင်း၌ ကျူးလွန်ခဲ့ဖူးသည့် အလားတူအမှားမျိုးကို ထပ်မံမကျူးလွန်မိရန် အလွန်အရေးကြီးသည်။ တူညီသည့် အပစ်အခတ်ရပ်စဲရေး အလေ့အထများကိုပင် အလွယ်တကူ ဆက်လက်ဖော်ဆောင်ခြင်း၊ သဘောတူစာချုပ်ပါ လမ်းညွှန်ချက်များနှင့် ယန္တရားများဖြင့်သာ အလုပ်ရှုပ်နေခြင်း သို့မဟုတ် NCA သို့မဟုတ် အခြားငြိမ်းချမ်းရေးဆွေးနွေးပွဲစကားဝိုင်းများ၌ ပါဝင်နေကြသူများကို အပြောင်းအလဲပြုလုပ်ခြင်းကဲ့သို့သော ကိစ္စရပ်များ ဖော်ဆောင်ရုံမျှဖြင့်လုံလောက်မှုရှိလိမ့်မည် မဟုတ်ပါ။ အရေးအကြီးဆုံးအချက်မှာ လက်ရှိအချိန်၌ အဓိကကျသည့် အကျိုးပတ်

သက်ပါဝင်သူများကို ဖယ်ကြဉ်ချန်လှပ်ထားသည့် ဆွေးနွေးပွဲများ သို့မဟုတ် အနှစ်သာရပြည့်ဝသည့် နိုင်ငံရေးအပြောင်းအလဲမျိုးကို တောင်းဆိုနေကြသည့် လူထုလူတန်းစားများကိုချွေးသိပ်ရန်နှင့် ပြည်တွင်းပြည်ပဖိအားများကို လျှော့ချရန် အဓိကဦးတည်သည့် ဆွေးနွေးပွဲများသည် ဘယ်သောအခါမှ ပြည့်စုံလုံလောက်မှု ရှိလိမ့်မည်မဟုတ်ဘဲ လက်တွေ့၌တစ်နိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံမှုရှိသည့် ငြိမ်းချမ်းရေးထွန်းကားလာမည့် အချိန်ကိုသာ ထပ်မံရွှေဆိုင်းရာရောက်သွားစေလိမ့်မည်ဖြစ်သည်။

ဤကိစ္စရပ်မျိုးကိုမြန်မာနိုင်ငံတစ်ခုတည်းကွက်၍ ကြုံတွေ့ခဲ့ရသည် မဟုတ်ပါ။ စစ်အေးခေတ် အဆုံးသတ်သွားခဲ့ပြီး နောက်ပိုင်းဖွံ့ဖြိုးရေး အကူအညီများသည် အနောက်အစိုးရများ၏ ပဋိပက္ခတုံ့ပြန်မှုပုံစံတစ်ခု ဖြစ်လာခဲ့သည်။ သို့ သော်လည်း ၎င်းအကူအညီများသည် ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်လျက်ရှိသည့် စကြံ့မျိုးကို ဖန်တီးပေးလိမ့်မည် မဟုတ်ပါ။ ယင်းထက်စာလျှင်နောက်ထပ်အကွဲအပြဲများ ပေါ်ပေါက်လာစေပြီး ရွေးကောက်ခံမဟုတ်သည့် ရေပေါ်ဆီများကို အာဏာရသွားစေနိုင်ပါသည်။ မကြာခဏဆိုသလို 'အသွင်ကူးပြောင်းရေး' ဟူသည့် စကားရပ်သည် နိုင်ငံရေးရေခဲမြေခဲနှင့် ကျရှုံးနိုင်ငံဖြစ်စေသည့် အကြောင်းရင်းများကို နားလည်သဘောပေါက်ခြင်းမရှိဘဲ ကုန်လွန်ခဲ့သည့် ဆယ်စုနှစ်သုံးခုအတွင်း ဓ့ဖ ပါးသောရောဂါပျောက်ဆေးကဲ့သို့ တွင်တွင်ကျယ်ကျယ်အသုံးပြုလာခဲ့ကြသည်။ အကောင်းဆုံးအခြေအနေ၌ပင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် နိုင်ငံရေးဖြေရှင်းချက်များဆီသို့ လမ်းဖွင့်ပေးထားခြင်းမရှိဘဲ လက်နက်ကိုင်ပဋိပက္ခကိုသာ ယာယီမျှ အေးခဲသွားစေခဲ့ခြင်းဖြစ်သည်။ အခွန့်ရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးသဘောတူညီချက်များနှင့် အပေးအယူများပြုလုပ်ရန် မဖြစ်မနေ လိုအပ်သည်။ ဆန့်ကျင်ဖက်အနေဖြင့် အစိုးရနှင့်ရှိရင်းစွဲလုံခြုံရေးယန္တရားများကိုသာခိုင်မာအားကောင်းလာစေသည့်ချဉ်းကပ်ဆောင်ရွက်မှုပုံစံများသည်ကျယ်ပြန့်သည့် လူထုလူတန်းစားများအကြား ဆန့်ကျင်အာခံမှုကို သာပေါက်ဖွားလာစေကာ ရပ်ရွာအသိုက်အဝန်းများကို ပိုမို နာကျည်းသွားစေနိုင်သဖြင့် အနှစ်သာရပြည့်ဝသည့် အပြောင်းအလဲမျိုး ရရှိလာစေမည့် အခွင့်အလမ်းကို ချိုနဲ့အားနည်းသွားစေနိုင်သည်။

မြန်မာနိုင်ငံ၌ ကုန်လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း အဓိကကျသည့် စစ်ရေးအရကြီးစိုးလွှမ်းမိုးခြင်း၊ အားလုံးလွှမ်းခြုံပါဝင်မှုမရှိခြင်း၊ အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်း၊ အလုပ်ပြီးမြောက်မှု မရှိခြင်းနှင့် နိုင်ငံရေးစိတ်ဆန္ဒမရှိခြင်းဟူသည့် နယ်ပယ်ငါးခုနှင့်ပတ်သက်၍ NCA နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ပေါ် အရိပ်မည်းစွဲထင်စေခဲ့သည့် ကျရှုံးမှုများ၏ဆိုးမွေတစ်ခု တစ်ဖြည်းဖြည်းကြီးထွားလာခဲ့သည်။ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်လာခဲ့သည့် လက်နက်ကိုင် ပဋိပက္ခအလွန်၌ ဘက်ပေါင်းစုံမှအစုအဖွဲ့အသီးသီးအနေဖြင့် ၎င်းတို့၏ လုပ်ရပ်များအတွက် တာဝန်ခံကြရမည်ဖြစ်သည်။ သို့သော်လည်း အတားအဆီးများ၏ ဗဟိုချက်နေရာ၌ အမြဲလိုလိုကန့်လန့်ခံနေသူသည် တပ်မတော်သာလျှင် ဖြစ်နေခဲ့သည်။ အကြိမ်တိုင်းနီးပါး၌ နိုင်ငံတကာဇာတ်ကောင်များသည် ရာစုနှစ်ထက်ဝက်ကျော်မျှ ဗဟိုလုပ်ပိုင်ခွင့်အာဏာကို လက်ဝါးကြီးအုပ်ထားခဲ့ပြီး ၎င်းတို့အတွက် 'အထူး' လုပ်ပိုင်ခွင့်အာဏာရယူထားခဲ့ပြီး နိုင်ငံသားဘဝကို မျက်နှာစာပေါင်းစုံမှ စွက်ဖက်ချယ်လှယ်နေခဲ့သည့် တပ်မတော်၏လုပ်ရပ်ကို လက်ခံအသိအမှတ်ပြုခြင်းမရှိဘဲ ပြုပြင်ပြောင်းလဲနိုင်သည့် 'စည်းမျဉ်းခံ' နိုင်ငံတစ်ခုအဖြစ် ထင်ယောင်ထင်မှား ဖြစ်ခဲ့ကြသည်။[၇၀]

၂၀၂၁ ခုနှစ် အာဏာသိမ်းရန် ကြိုးပမ်းမှု၏ အကျိုးဆက်သည် သိသာထင်ရှားလျက်ရှိသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအောက်၌ ကာကွယ်ရေးဝန်ကြီးဌာနသည်အကြွင်းမဲ့လုပ်ပိုင်ခွင့်ကို စိတ်ကြိုက်စံစားခွင့် ရရှိနေခဲ့သည်။ သို့သော်လည်း တပ်မတော်ခေါင်းဆောင်များသည် ဤအကန့်အသတ်များကို ကျော်လွန်နေသည့် မတရား ဖမ်းဆီးမှုများ၊ လက်လွတ်စပယ်သတ်ဖြတ်မှုများ၊ မြေယာလုယူမှုများ၊ သယံဇာတအရင်းအမြစ် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများ၊ ခါးပိုက်ဆောင်တပ်ဖွဲ့များ ဖွဲ့စည်းဖြန့်ကျက်မှုများနှင့်၎င်းတို့၏ကိုယ်ပိုင်ပါတီဖြစ်သည့် USDP ကိုသာ မျက်နှာသာပေးသည့် နိုင်ငံရေးစွက်ဖက်မှုများကိုပါ ပြုလုပ်နေခဲ့သည်။ဤကဲ့သို့သောအလေ့အထများဆက်လက်သက်ဆိုးရှည်နေသမျှကာလပတ်လုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ဆောင်ကြဉ်းပေးမည့် ယန္တရားတစ်ခု မည်သည့်နည်းနှင့်မျှ ဖြစ်လာနိုင်လိမ့်မည် မဟုတ်ပါ။ ပွင့်လင်းမြင်သာမှု၊ အားလုံးလွှမ်းခြုံပါဝင်မှု၊ အပြန်အလှန်နားလည်မှု၊ အလျှော့အတင်းပြုလုပ်မှုနှင့် တွေ့ဆုံဆွေးနွေးမှုများသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် အခွန့်ရှည်တည်တံ့သည့် ငြိမ်းချမ်းရေးဆီသို့ ဦးတည်သွားစေမည့် အနှစ်သာရပြည့်ဝသည့် မည်သည့်လုပ်ငန်းစဉ်၌မဆို မရှိမဖြစ်လိုအပ်သည့် လုပ်ငန်းစဉ်များဖြစ်ကြသည်။

သတိထားရမည့် မှတ်ချက်တစ်ခုအဖြစ် ရှေ့သာဓကများက တပ်မတော်ခေါင်းဆောင်များသည် ဗဟိုအာဏာကို ဆက်လက်ထိန်းချုပ်ရန် ကြိုးပမ်းသည့်အနေဖြင့် နိုင်ငံရေးဖိနှိပ်မှုနှင့် တစ်ဖက်သတ်ဖြစ်စေ နှစ်ဖက်အပြန်အလှန်ဖြစ်စေ NCA ကိုဖြစ်စေ အသုံးချထားသည့် တိုင်းရင်းသားအပစ်အခတ်ရပ်စဲရေးတို့ကို ရောသမမွှေထားသည့် အရေးပေါ်သေနင်္ဂဗျူဟာခင်းချ ရှေ့ဆက်တိုးရန် ကြိုးပမ်းလာနိုင်ကြောင်း သတိပေးလျက်ရှိသည်။သို့သော်လည်း ဤအရွှေ့သည် NCA အနေဖြင့် ဘယ်တုန်းကမှ မျှော်ရည်ထားခြင်း မရှိခဲ့ဖူးသည့် ရည်ရွယ်ချက်မျိုး ဖြစ်နေခဲ့သည်။ သမိုင်းတစ်လျှောက် အကြိမ်ကြိမ်သက်သေပြခဲ့သလိုပင် စစ်တပ်ပြဋ္ဌာန်းခဲ့သည့် စနစ်များ၌ဘယ်သောအခါမှ အားလုံးလွှမ်းခြုံပါဝင်မှု၊ တရားမျှတမှု သို့မဟုတ် နိုင်ငံအတွက် အခွန့်ရှည်တည်တံ့ခိုင်မြဲသည့် ဖြေရှင်းချက်များကို ဆောင်ကျဉ်းပေးနိုင်လိမ့်မည် မဟုတ်ပါ။ လူထုကိုကိုယ်စားပြုခြင်း မရှိတော့သည့် အစိုးရတစ်ရပ်ကို ပြည်သူများအနေဖြင့် အဘယ်ကြောင့် ထောက်ခံပေးရဦးမည်နည်း။ အာဏာငမ်းငမ်းတက် လိုချင်နေသည့် ဗိုလ်ချုပ်ကြီးများ၏အပြင် လူထိုးဖောက်ဝင်ရောက်နိုင်ခြင်းမရှိသည့် ထိပ်သီး အခွင့်ထူးခံဂိုဏ်း၏ ဦးဆောင်မှုအောက်ရှိ တပ်မတော်ခေါင်းဆောင်ပိုင်းသည် ဗမာဗဟိုပြုရေပေါ်ဆီအသိုင်းအဝိုင်းနှင့် ကမ္ဘာကြီးကို အလွန်ကျဉ်းမြောင်းသည့် အမျိုးသားရေးရှုထောင့်မှသာ ကြည့်ရှုတတ်သူများကို ကိုယ်စားပြုလျက်ရှိသည်။ ဤနေရာ၌ မေးစရာရှိလာသည်က ၎င်းတို့အနေဖြင့် ကာလရှည်ကြာ တောင့်တနေကြသည့် ပြုပြင်ပြောင်းလဲရေးကို ဖော်ဆောင်ပေးစရာမလိုဘဲ ယခုလိုကြိုးကိုင်ခြယ်လှယ်နိုင်သည့် အနေအထားမျိုးကို ဆက်လက်ထိန်းသိမ်းထားရန် လုံလောက်သည့် ထောက်ခံအားပေးမှုများကို နောက်ထပ်မည်မျှကြာအောင် ဆက်လက်ရှာဖွေနိုင်မည်နည်း၊ စည်းရုံးသိမ်းသွင်းနိုင်မည်နည်း သို့မဟုတ် ခြိမ်းခြောက်အကျပ်ကိုင်နိုင်မည်နည်းဟူသည့် မေးခွန်းပင်ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံသည် ပူဆွေးသောကနှင့် ပြည်တွင်းစစ်ဒဏ်ကို အလူးအလဲခံစားနေရသည့် နိုင်ငံတစ်ခုဖြစ်နေခဲ့ပြီဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အသစ်တစ်ခုစတင်ခဲ့ပြီးနောက် ဆယ်စုနှစ်တစ်ခုအကြာ၌ NCA သည် ပဋိပက္ခဖျန်ဖြေရေးအတွက် လမ်းဖွင့်မပေးနိုင်ခဲ့သလို ငြိမ်းချမ်းရေးအတွက်လည်း အုတ်မြစ်မချပေးနိုင်ခဲ့သည့်အပြင် ပဋိပက္ခနှင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားသွားစေခဲ့သည့် ဇစ်မြစ်အကြောင်းတရားများကို ကိုင်တွယ်ဖြေရှင်းနိုင်စေမည့် စစ်မှန်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအတွက်လည်း သဘောတူညီမှု ရယူပေးနိုင်ခြင်းမရှိခဲ့ပေ။ တစ်ချိန်တည်းမှာပင် နိုင်ငံရေးရေခဲမြေခဲသည် တည်ငြိမ်အေးချမ်းရန် အလှမ်းဝေးနေဆဲဖြစ်ပြီး နိုင်ငံရေးနှင့်လူ့အဖွဲ့အစည်းအတွင်း ဆန့်ကျင်ဖက်အစွန်းနှစ်ဖက်သို့ ဦးတည်လျက်ရှိသည့် သဘောထားကွဲလွဲမှုများသာ ပိုမိုနက်ရှိုင်းလာခဲ့သည်။ စစ်တပ်အနေဖြင့် နေပြည်တော်နှင့် အခြားမြို့ကြီးပြကြီးများကို ဆက်လက်ထိန်းချုပ်ထားဆဲဖြစ်သော်လည်းအရောင်အသွေးစုံလင်သည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အင်အားစုများကလည်း အလွန်ကြီးမားကျယ်ပြန့်သည့် နယ်မြေဒေသများကို ထိန်းချုပ်ထားဆဲဖြစ်သောကြောင့် နိုင်ငံ၏ အနာဂတ်နှင့် ပတ်သက်သည့် မျှော်ရည်ချက်များသည် အလွန်ကွဲပြားခြားနားနေခဲ့ပြီဖြစ်သည်။

နောက်ထပ်ပိုမိုရှုပ်ထွေးလာသည့် ကိစ္စရပ်တစ်ခုအဖြစ်အာဏာသိမ်းရန် ကြိုးပမ်းမှုနှင့်အတူ ပေါ်ထွက်လာခဲ့သည့် အကွဲအပြဲသစ်များအကြား အစိုးရထိုင်ခုံ၌ ဝင်ရောက်နေရာယူခွင့်ရှိသည်ဟု ကြွေးကြော်ထားကြသည့် နောက်ထပ်ပဋိပက္ခ ဇာတ်ကောင်သစ်များ ထပ်မံပေါ်ထွက်လာခဲ့သည်။ ၎င်းတို့ကို လက်ရှိအချိန်၌ SAC၊ NLD နှင့် NUG ဟူ၍ အုပ်စုခွဲထားကြသည်။ မည်သည့်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သစ်၌မဆို ဤကဲ့သို့သော အပြိုင်အဆိုင်လွန်ဆွဲမှုများကို မဖြစ်မနေ ထည့်သွင်းစဉ်းစား ကြရတော့မည်ဖြစ်သည်။

ကိုလိုနီခေတ်လွန် သမိုင်းစာမျက်နှာ၏ အလွန်အရေးပါသည့် အခိုက်အတန့်တစ်ခုသို့ ရောက်ရှိနေခဲ့ပြီဖြစ်သည်။ ပိုမိုကောင်းမွန်သည့် အပြောင်းအလဲလိုလားသည့် မျှော်လင့်ချက်များ ရှင်သန်နေဆဲဖြစ်ပြီး မြန်မာနိုင်ငံ၏ ကံကြမ္မာကို ပိုင်းဝန်းပုံဖော်နေကြသည့် ကြိုးပမ်းအားထုတ်မှုများ ပြီးဆုံးသွားရန် အလှမ်းဝေးနေဆဲဖြစ်သည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းရန် ကြိုးပမ်းမှု၏ ရိုက်ခတ်မှုကြောင့် ပဋိပက္ခဖျန်ဖြေရေးဆိုင်ရာစိန်ခေါ်မှုများကိုရှုထောင့်အသစ်မှပြန်ပြောင်းကြည့်ရှုရန် မတူကွဲပြားသည့် အစုအဖွဲ့များအကြား စိတ်ဆန္ဒရှိလာကြပြီဖြစ်သလို မျက်မှောက်ခေတ်လူငယ်များသည်လည်း တစ်နိုင်ငံလုံးအတိုင်းအတာ ငြိမ်းချမ်းရေးကို ပထမဦးဆုံးစံစားခွင့်ရရှိသည့် မျိုးဆက်ဖြစ်ရမည်ဟူသည့် ပိုင်းဖြတ်စိတ်များ ခိုင်မာနေခဲ့ပြီဖြစ်သည်။ ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည့် ကိစ္စရပ်များသည် အစိုးရစနစ် အပြောင်းအလဲပြုလုပ်ရုံထက် များစွာကျော်လွန်ကျယ်ပြန့်နေသဖြင့် ၁၉၄၇ ခုနှစ် ပင်လုံသဘောတူစာချုပ်၌ ပြဋ္ဌာန်းထားသလို တန်းတူညီမျှရှိမှုပေါ် အခြေခံထားသည့် လူတိုင်းအတွက် ပြည်ထောင်စုဖြစ်လာစေမည့် ဒီမိုကရေစီ

အုပ်ချုပ်ရေးစနစ်တစ်ရပ် မဖြစ်မနေလိုအပ်နေခဲ့ပြီဖြစ်သည်။

ငြိမ်းချမ်းရေးဆီသို့ ဦးတည်ရည်မှန်းသည့် နိုင်ငံရေးလုပ်ငန်းစဉ်တစ်ခု၌ အတိတ်၏ အတွေ့အကြုံများကို ထည့်သွင်း သင်ခန်းစာယူခြင်းသည် ဤကဲ့သို့သောအပြောင်းအလဲ၏ အဓိကအင်္ဂါရပ်တစ်ခု ဖြစ်လာနိုင်ပါသည်။ သို့သော်လည်း ဖယ်ကြဉ်ချန်လှပ်ထားသည့် နိုင်ငံရေးကစားကွက်များကို အဆုံးသတ်၍ နိုင်ငံရေးခံယူချက် သဘောထားများကိုအခြေခံကျကျ ပြောင်းလဲနိုင်မှသာလျှင် အောင်မြင်မှုရရှိမည်ဖြစ်သည်။ အဓွန့်ရှည်တည်တံ့ခိုင်မြဲ၍ အားလုံးလွှမ်းခြုံပါဝင်မှုရှိသည့် ငြိမ်းချမ်းရေးအပါအဝင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ယနေ့ပင်အပူတပြင်းစတင်ဖော်ဆောင်ရန် လိုအပ်နေပြီဖြစ်သည်။

ရွမ်းပြည်နယ်ဧရာဝတီမိုင်း ပင်လယ်ဖျံမြို့ရှိ ဘုရားကြီးတစ်ဆူ၏ ခြေရင်းတွင် ကျောက်မီးသွေးတွင်းတူးဖော်ရေးလုပ်ငန်းများ ကို တွေ့ရသည်။ (TNI)

ပူးတွဲဖိုင် – UNFC ၏ 'ရှစ်ချက်'အဆိုပြုလွှာ

စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီအဖွဲ့ဝင်များ၏ အဆိုပြုလွှာ (မူကြမ်း)*

နိဒါန်း

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်(NCA) အား ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၁၅) ရက်နေ့တွင် အတူတကွပါဝင်လက်မှတ်ရေးထိုးခြင်း မရှိသေးသည့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင် အဖွဲ့အစည်းများသည် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံ တည်ထောင်ရန် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ဆုံးဖြတ် အတည်ပြုရာ၌ ပါဝင်ရန်နှင့် ၂၁-ရာစု ပင်လုံညီလာခံသို့ ပါဝင်တက်ရောက်ရန်တို့အတွက် အောက်ပါအချက်များကို သဘောတူညီကြသည်။

၁။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲကြောင်း ကြေညာခြင်းကို အစိုးရ၊ တပ်မတော်မှ ဤသဘောတူညီချက် ရရှိပြီးနောက် (၂၄) နာရီအတွင်းထုတ်ပြန်ပြီး ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီဝင်အဖွဲ့ဝင် အဖွဲ့အစည်းများမှ (၄၈) နာရီအတွင်း အသီးသီးထုတ်ပြန်သွားရန်။

၂။ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကိုအခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်အပြည့်အဝရှိသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံကို တည်ဆောက်သွားရန်။

၃။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအဆင့်ဆင့်တွင် အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်တို့၏ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း အားလုံးတို့၏ ကိုယ်စားလှယ်များနှင့် တရားဝင်နိုင်ငံရေး ပါတီကိုယ်စားလှယ်များပါဝင်စေပြီး တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့်ပါဝင်ထိုက်သောကိုယ်စားလှယ်များကိုငင်းတို့နှင့်စပ်ဆိုင်သောကဏ္ဍများတွင်သာပါဝင်စေရန်။

၄။ ၂၁-ရာစု ပင်လုံညီလာခံမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရန်။

၅။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုဆိုင်ရာ မူဘောင်အပါအဝင် နှစ်ဖက်လိုက်နာရမည့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ တပ်ပိုင်းဆိုင်ရာကျင့်ဝတ် (CoC) နှင့် စောင့်ကြည့်ရေးလုပ်ငန်းလမ်းညွှန် (ToR) နှင့် တပ်နေရာပြန်လည်ချထားရေးတို့ကို ကြိုတင်သဘောတူညီမှုရယူရန်။

၆။ အစိုးရကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အများယုံကြည်လေးစားသော ပုဂ္ဂိုလ်များပါဝင်သော အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ တစ်ရပ်ကို နှစ်ဖက်သဘောတူလက်ခံနိုင်သည့် နိုင်ငံတကာမှ အစိုးရကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသော ကြီးကြပ်စောင့်ကြည့်ရေးအဖွဲ့နှင့်အတူ ဖွဲ့စည်းသွားရန်။

၇။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (NCA) နှင့် ဤသဘောတူညီချက်ပါ လိုက်နာရမည့်တာဝန်များ၊ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ မပြေလည်မှုပေါ်ပေါက်လျှင် ပြည်တွင်းနှင့် နိုင်ငံတကာမှ နှစ်ဖက်သဘောတူညီသော ဥပဒေပညာရှင်များနှင့် တရားသူကြီးများပါဝင်သော လွတ်လပ်သည့်ဖျန်ဖြေရေးကော်မရှင်၏ ဆုံးဖြတ်မှုခံယူရန်။

၈။ အပစ်ရပ်ဒေသအတွင်း ဒေသခံပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှု ကြီးမားသောစီမံကိန်းများကို ဖော်ဆောင်ရန်ရှိပါက သဘာဝသယံဇာတများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအဖွဲ့ (Extractive Industries Transparency Initiative – EITI) ၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းသဘောတူညီချက်ရယူ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်အပြင် နိုင်ငံတကာလူသားချင်းစာနာမှုအကူအညီများကို ဤသဘောတူညီချက်အရ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်သွားရန်။

၉။ အထက်ဖော်ပြပါအချက်များကို နှစ်ဘက်ညှိနှိုင်းဆွေးနွေးသဘောတူညီမှု ရရှိပြီးသည်နှင့်တစ်ပြိုင်နက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ သဘောတူညီချက် (NCA) ကို လက်မှတ်ရေးထိုးရန်။

*ဤအချက်များသည် ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း UNFC တင်သွင်းသွားခဲ့သည့် မူရင်း 'ရှစ်ချက်' အဆိုပြုလွှာဖြစ်သည်။ နံပတ်ကိုးအချက်သည် အကယ်၍ရှစ်ချက်အဆိုပြုလွှာကို လက်ခံသဘောတူပါက ကျန်ရှိနေသေးသည့် UNFC အဖွဲ့ဝင်များအားလုံး NCA ကို လက်မှတ်ရေးထိုးသွားမည်ဟု ပြောဆိုကာ နောက်ဝိုင်းထပ်မံထည့်သွင်းခဲ့ခြင်းဖြစ်သည်။ ညှိနှိုင်းဆွေးနွေးနေစဉ်အတွင်း UNFC အနေဖြင့် အချို့သောအဝိုဒ်များကို သိသိသာသာမွမ်းမံပြင်ဆင် သွားမည့်အရေးကို ယာယီအားဖြင့် သဘောတူခဲ့သော်လည်း နောက်ဆုံးသဘောတူညီချက်မရရှိခဲ့ကြပေ။

အဆုံးသတ်မှတ်စုများနှင့် ကျမ်းကိုးစာရင်း

၁။ ညှိနှိုင်းဆွေးနွေးရေးနှင့် အကောင်အထည်ဖော်ရေး စိန်ခေါ်မှုများ

1. The term 'conflict' occurs frequently in this analysis, reflecting the complexity of upheavals. In general, it refers to armed struggles and political violence rather than disputes or tensions. In 1989 the then military government changed the official name from 'Burma' to 'Myanmar'. They can be considered alternative names in the Burmese language, and their use has become a politicised issue. Bamar (Burman) today refers to the majority ethnic group and 'Burmese' is still often used for the language and a general adjective for aspects of peoples and cultures.

2. For background histories, see e.g., Martin Smith, Burma: Insurgency and the Politics of Ethnicity (Zed Books: London & New York, 2nd edition 1999); Transnational Institute, 'Beyond Panglong: Myanmar's National Peace and Reform Dilemma', Myanmar Policy Briefing No.21, September 2017.

3. In recent years, there have been moves in political circles away from 'Tatmadaw' (the Myanmar's military's preferred name) to 'Sit-Tat' as a more appropriate term for the national armed forces. This report will largely use 'Tatmadaw' for historical consistency since it was the name used in most contemporary reports.

4. The titles used for EAOs often vary, depending on whether armed or political wings are referred to. This report uses the names most commonly employed in the media and political discourse for consistency. Four groups are generally referred to by their military names: the Myanmar National Democratic Alliance Army (MNDAA), National Democratic Alliance Army (NDAA), Ta'ang National Liberation Army (TNLA) and United Wa State Army (UWSA). Since the 2021 coup, the term 'ethnic resistance organisation' (ERO) is often preferred to 'EAO' for armed nationality movements, especially in opposition to the Tatmadaw.

5. There are inconsistencies in the forms of ceasefires signed by different EAOs. For the evolution of ceasefires negotiated at 'state' and 'union' levels, see, Burma News International, 'Deciphering Myanmar's Peace Process: A Reference Guide 2013', April 2013. For updates, see, Myanmar Peace Monitor: https://www. mmpeacemonitor.org.

6. Between 2011 and 2021, 21 EAOs were generally considered to be part of peace process talks. The eight signatories at the NCA's 2015 inception were: the Arakan Liberation Party (ALP), Chin National Front (CNF), Democratic Karen Benevolent Army (DKBA2), Karen National Union (KNU), KNU/KNLA Peace Council (KPC), Pa-O National Liberation Organisation (PNLO), Restoration Council of Shan State (RCSS) and All Burma Students Democratic Front (ABSDF). The Bamar-majority ABSDF, although not technically an ethnic- based organisation, signed a bilateral ceasefire in 2013 and requested to join the collective NCA negotiations with the EAOs, subsequently signing the accord. Its position in the NCA architecture represents a number of anomalies. It has taken part in meetings, public consultations and different levels of discussion but was not permitted 'ethnic- based' dialogue.

7. United Nations Secretary-General, 'Secretary- General's remarks at the 21st Century Panglong Conference in Myanmar', www.un.org, 31 August 2016.

8. For a history of conflicts in Rakhine State, see e.g., Martin Smith, Arakan (Rakhine State): A Land in Conflict on Myanmar's Western Frontier (Transnational Institute: Amsterdam, 2020).

9. See e.g., Mandy Sadan (ed.), War and Peace in the Borderlands of Myanmar: The Kachin Ceasefire 1994–2011 (Copenhagen: Nordic Institute for Asian Studies, 2016).

10. See e.g., UNOCHA, 'Myanmar: Humanitarian Needs Overview 2020', December 2019; UNOCHA, 'Myanmar: IDP sites in Kachin State (as of 31 March 2020)', 11 May 2020; Nan Lwin Hnin Pwint, 'Myanmar IDP Killed While Fetching Rice in Chin State', The Irrawaddy, 11 June 2020; Kaung Hset Naing, 'Rakhine IDPs: Displaced, demoralised… disenfranchised?', Frontier Myanmar, 12 October 2020. The Rohingya figure includes existing refugees and the estimated 725,000 civilians who fled during 2017.

11. Tom Kramer, '"Neither war nor peace": failed ceasefires and dispossession in Myanmar's ethnic borderlands', The Journal of Peasant Studies, 2021, 48:3: 476-96.

12. For this phenomenon, see, Marc Weller, 'Settling Self-determination Conflicts: Recent Developments', European Journal of International Law, Vol.20, Issue 1, February 2009: 111–65.

13. The analysis in this report is a continuation of TNI research that began in the SLORC-SPDC

era. Multiple stakeholders have been interviewed, involving representatives and organisations engaged on different sides in the conflicts.

14. Hnin Yadana Zaw, 'Myanmar's Suu Kyi says peace process will be government's priority', Reuters, 4 January 2016.

15. 'A speech on peace delivered by Chairman of the State Administration Council Prime Minister Commander-in-Chief of Defence Services Senior General Min Aung Hlaing', Global New Light of Myanmar, 23 April 2022.

16. Twenty domestic witnesses representing political parties, government advisors and other influential organisations also signed. Forty-five foreign diplomats signed the document, noting that the NCA was signed in their presence, including representatives of the USA, Russia, Australia, Switzerland and the UK. For the official list, see KNU website: https://www.knuhq.org/public/user/ pdf/agreements/2015_Nationwide_Ceasefire_Agreement.pdf

17. See, Sai Khuensai, 'Decisions and minutes made during NCA' (unofficial translation), S.H.A.N., 11 January 2016.

18. 'Peace Deal Signed', Global New Light of Myanmar, 16 October 2015.

19. Ibid.

20. 'The Nationwide Ceasefire Agreement Between the Government of the Republic of the Union of Myanmar and the Ethnic Armed Organizations (15 October 2015)', available at: https:// peacemaker.un.org/sites/peacemaker.un.org/files/ MM_151510_NCAAgreement.pdf. The NCA was preceded by a 'Deed of Commitment for Peace and National Reconciliation' to build a 'Union based on democratic and federal principles in the spirit of Panglong' that was signed on Union Day, 12 February 2015, by the government, Tatmadaw and four EAOs: the RCSS and three Karen forces: the KNU, DKBA2 and KPC.

21. Thant Myint-U, The Hidden History of Burma: Race, Capitalism and the Crisis of Democracy in the 21st Century (New York: W.W. Norton & Company, 2020): 176.

22. The MNDAA's political wing is the Myanmar National Truth and Justice Party (MNTJP); the TNLA's political wing is the Palaung State Liberation Front (PSLF): see also note 53.

23. For signatories, see note 6. The DKBA2 and KPC, for example, were breakaway groups from the KNU, while others – notably the ALP and PNLO (the latter, also formed from breakaway groups) – had limited military strength and negligible territory at that time. For the PNLO, see note 71.

24. Based at Mongla on the Yunnan border, the NDAA is best known by this name. Its political wing is the Eastern Shan State Peace and Solidarity Committee.

25. Transnational Institute, 'Beyond Panglong': 25-6.

26. Given the diversity of interests, it is difficult to generalise about perspectives. On the NLD side, there were supporters who had promoted Panglong-21 as a political innovation that would bring about inclusion and dialogue, something that EAO NCA non-signatories, ethnic political parties and civil society organisations (CSOs) also wanted. At the same time, there were NCA supporters who believed that Panglong-21 was – or could have been – on track with the Union Peace Process. Indeed, given the limitations of the 2008 constitution, they argue that it was only in the UPC – not in parliament – that real political reforms could be discussed and agreed. But inside sources also claim that a complicating factor was because Aung San Suu Kyi accepted, after apparent pressure from Snr-Gen. Min Aung Hlaing, that it was only in parliament that 'political' reforms could be agreed upon and that relationships with EAOs were a 'security' issue – and hence the responsibility of the Defence Services. Certainly, Aung San Suu Kyi could be critical of EAOs and, after the first Panglong-21, NLD leaders showed little public commitment to taking ethnic reform forward or making the peace process work.

27. See e.g., NCA arts. 9, 22(d), 24 & 25. See also, Myanmar Interim Arrangements Research Project, 'Between Ceasefires and Federalism: Exploring Interim Arrangements in the Myanmar peace process', Covenant Institute, Yangon, November 2018.

28. At the time, there were different advocates for quick NCA signing. These included Thein Sein supporters who believed that the NCA would provide the Union Solidarity and Development Party (USDP) with an election advantage; EAOs who were facing internal criticisms for a lack of progress; those who believed that a better deal was possible while Thein Sein was still president; those who believed that it was important to get Tatmadaw commitment while the USDP was in office; and international donors to the peace process who wanted evidence of success.

29. Transnational Institute, 'Beyond Panglong': 12-17.

30. For an analysis of the NMSP ceasefire, see, Martin Smith, Ashley South, Banya Hongsar & Kasauh Mon, 'Reflections on the 1995 New Mon State Party Ceasefire', Covenant Institute, Yangon, July 2020.

31. For Aung Min's activities, see e.g., Myint-U, The Hidden History of Burma: 163-70 and passim; Ye Htut, Myanmar's Political Transition and Lost Opportunities (ISEAS-Yusof Ishak Institute, 2019): 78-80 and passim.

32. For the reservation of seats, see e.g., Jason Gelbort, 'People Say Myanmar's Constitution Can't Be Changed. They're Wrong', New York Times, 21 February 2019: European Union Election Follow-Up Mission, 'Republic of the Union of Myanmar: Final Report', 10 April 2019: 9.

33. Htet Khaung Lin, 'The outsiders: who are the NLD's military-linked leaders?', Myanmar Now, 10 December 2018.

34. See e.g., Saw Yan Naing, 'Where Has Burma's Peace Money Gone?', The Irrawaddy, 1 April 2016.

35. For an official explanation of peace policies and structures, see, 'Fourth-Year Performances of Ministry of the State Counsellor Office of the Republic of the Union of Myanmar', Global New Light of Myanmar, 23 May 2020.

36. 'Borderlands' can be a subjective term, interpreted as implying a secondary or peripheral status. In this report, the term is used in geographic relation to other territories or countries.

37. Many nationalities reject the notion of being described as 'minority' while one nationality, Bamar (Burman), is attributed the status of 'majority'. In a political union, they believe, such terminology can be regarded as implying a lesser status for non-Bamar peoples and ignores the fact that many nationalities are 'majorities' in their own lands.

38. These are the 21 organisations broadly recognised in the 'ethnic' peace process during the 2011-21 period, and most peace discussions continue to be seen through the lens of these groups. There are considerable variations in size, history, outreach and influence. A plethora of new military formations, generally known as People's Defence Forces (PDFs) were also established to resist the regime following the 2021 coup, including among the Bamar-majority population. Many support the new National Unity Government (NUG), and some are also ethnic-based and trained by EAOs. A number of the 21 EAOs have allied or worked with the NUG, but relationships are not always transparent or formal. Formed in 2016, the Arakan Rohingya Salvation Army (ARSA) is relatively new, and its objectives and organisation are not clear. A Shan-ni Nationalities Army is also active in the north of the country as well as a Zomi Revolutionary Army (ZRA) and Kuki National Army in the India borderlands with Chin State. In addition, there are numerous Tatmadaw-backed pyithusit (militias) and Border Guard Forces (BGFs), some of which are former Kachin, Karen, Karenni, Kokang, Mon, Pa-O and Shan ceasefire groups. One ceasefire EAO uninvolved in the post-2011 peace process, the Kayan New Land Party (KNLP), has retained a quasi-independent identity: the government has designated it as a pyithusit but its troops do not wear Tatmadaw insignia.

39. Advisory Commission on Rakhine State, 'Towards a Peaceful, Fair and Prosperous Future for the People of Rakhine: Final Report of the Advisory Commission on Rakhine State', August 2017.

40. See e.g., UN Human Rights Council, 'Report of the Independent International Fact-Finding Mission on Myanmar', 12 September 2018; UN Human Rights Council, 'Detailed findings of the Independent International Fact-Finding Mission on Myanmar', 9-27 September 2019; Office of the High Commissioner for Human Rights, 'Myanmar: "Possible war crimes and crimes against humanity ongoing in Rakhine and Chin States": UN Special Rapporteur Yanghee Lee', 29 April 2020.

41. See e.g., Anthony Davis, 'Myanmar's military and its proxy armies', Bangkok Post, 7 February 2016. 'Myanmar's peace process can only be successful when JMC's implementation is effective', Mon News Agency, 3 October 2018.

42. 'President Thein Sein's Speech at Chatham House (The Royal Institute of International Affairs)', London, 15 July 2013.

43. For a recent analysis, see, Kramer, '"Neither war nor peace"'.

44. See e.g., Saw Ralph & Naw Sheera, Fifty Years in the Karen Revolution: The Soldier and the Teacher (Ithaca: Cornell University Press, 2019): 56.

45. See e.g., Martin Smith, 'The Enigma of Burma's Tatmadaw: A "State Within a State"', Critical Asian Studies, 2003, 35:4: 621-632. In Ernst

Fraenkel's theory of the 'dual state' (developed in the 1930s), the 'normative' state co-exists with the 'prerogative' state whereby authoritarian parties or actors employ unlimited, arbitrary powers and violence unchecked by legal protections: see, Ernst Fraenkel, The Dual State: A Contribution to the Theory of Dictatorship (Oxford University Press, 2017).

46. NDF membership fluctuated, but there were generally nine parties. In the 1980s, the main EAOs were: the ALP, KIO, KNU, KNPP, LDU (then known as the Lahu National United Party), NMSP, PNO, SSPP, WNO and Palaung State Liberation Party (PSLP: today revived as the TNLA/PSLF). The CNF joined in 1989. The NCUB included pro-democracy groups among the ethnic Bamar majority, including alliance with the NCGUB of MPs-elect, headed by Aung San Suu Kyi's cousin Dr Sein Win, and the armed ABSDF, today an NCA signatory.

47. Compared to the post-2011 peace process, ceasefires of the SLORC-SPDC era were very lightly sketched, initially largely verbal, and only that of the KIO began with a written agreement. See e.g., Transnational Institute, 'Ending Burma's Conflict Cycle? Prospects for Ethnic Peace', Burma Policy Briefing No.8, February 2012.

48. There were two other ethnic breakaway groups from the CPB: the NDAA in Mongla and New Democratic Army-Kachin (NDA-K). There were also three formerly CPB-allied EAOs that agreed ceasefires: the Karenni Nationalities People's Liberation Front (KNPLF), KNLP and (now defunct) Shan State Nationalities People's Liberation Organisation (SSNPLO).

49. For a chart of the 2006 landscape, see e.g., Martin Smith, State of Strife: The Dynamics of Ethnic Conflict in Burma (East West Center Washington, Policy Studies 36, 2007): 67-9.

50. Transnational Institute, 'Ending Burma's Conflict Cycle?'.

51. See e.g., Sadan (ed.), War and Peace in the Borderlands.

52. Through Chinese mediation, this resulted in a 'reduction in hostilities' agreement with the KIO in May 2013: 'Seven Points Agreement Between Myanmar Government and Kachin Independence Organisation', Myitkyina City, 30 May 2013.

53. Founded in 2009, the TNLA brought together two groups of Ta'ang nationalists: those who had not agreed with the 2005 disarmament of the PSLP and those who rejected the earlier 1991 ceasefire, forming a new PSLF on the Thailand border.

54. The ULA/AA (established in 2009) was initially set up and trained in KIO territory on the China border.

55. See e.g. Smith, Arakan (Rakhine State): 73-83.

56. From the end of 2011, the anomaly in the Tatmadaw's post-2009 insistence on BGFs appeared to be recognised, and the government negotiator Aung Min dropped the requirement for ceasefire EAOs to become BGFs. Under the contemporary State Administration Council (SAC), the situation is more ambiguous with regime officials again saying ceasefire groups, including NCA signatories, must eventually become BGFs or other militia under Tatmadaw authority: see Ch.4, 'SAC post-script: an end to the NCA road?'.

57. Of the other ex-CPB groups, the MNDAA – following the 2009 attack on its territory – subsequently became more aligned with the United Nationalities Federal Council (UNFC), while the NDA-K transformed into a BGF. See also note 48.

58. There have been fluctuations in UNFC membership over the years, which currently is inactive. The longest-remaining members are the ANC, KNPP, LDU and NMSP. Previous members were the CNF, KIO, KNU, MNDAA, PNLO, SSPP, TNLA and WNO. The internationally-based Kachin National Organisation was an initial member but its representation subsequently merged with the KIO. The ULA/AA was also an affiliate member. The SSPP's position sometimes appeared ambivalent, with its June 2017 resignation never formally ratified.

59. Transnational Institute, 'Beyond Panglong': 19-20. The establishment of the NCCT also represented a compromise to prevent rivalries among conflict actors. The Tatmadaw did not want the UNFC directly negotiating; not all EAOs wanted to join the UNFC; and there were differences of opinion about leadership within the UNFC. Subsequently, although not a nationality force, the ABSDF joined as the 17th representative in the EAO's Senior Delegation for the final two rounds of NCA negotiations in mid-2015.

60. Under the Thein Sein government, the Tatmadaw did not recognise these six parties out of the 16 negotiating members in the NCCT as being permitted to sign the agreement they were helping negotiate. In June 2015, the EAOs transformed the NCCT into a Senior Delegation, representing all

16 NCCT members and the ABSDF, to complete the NCA development and tried to convince the government to recognise the six excluded movements. Subsequently, both the Tatmadaw and government continued with their exclusion of the six EAOs (with the later exception of the LDU).

61. Lawi Weng, 'Ethnic Reps Remain Wary During Pause in Peace Talks', The Irrawaddy, 25 March 2015; Lun Min Mang, 'Senior delegation stands with groups fighting in Kokang', Myanmar Times, 31 July 2015.

62. While the UWSP and NDAA are politically close, they do not always share the same views. There were some tensions between the two allies in the early NCA period, with the NDAA interested to explore economic options.

63. 'Interview with Nai Hong Sar, Leader of Nationwide Ceasefire Coordination Team (NCCT)', Mon News, 30 July 2015. This is an amended TNI translation of the original in the published article.

64. 'NRPC, eight EAOs hold peace talks in Nay Pyi Taw', Global New Light of Myanmar, 22 March 2019. Despite the continuing fighting in Rakhine State, this meeting included the ULA/AA and other Northern Alliance and Federal Political Negotiation and Consultative Committee (FPNCC) members as well as the KNPP.

65. In many respects, the MNDAA's breakaway inspired the UWSA, NDAA and NDA-K to take the same steps.

66. See note 53.

67. For histories of Arakan parties, see, Smith, Arakan (Rakhine State), passim.

68. Following a series of bombings, the official designation of 'terrorism' was set out by the government in a 2013 Anti-Terrorism Law.

69. The active status of the WNO has become uncertain since it allied with the UWSP in the 2017 FPNCC.

70. The KNU, KPC and DKBA2. For background, see note 96.

71. The PNO breakaway group had previously formed a Pa-O People's Liberation Organisation. In 2009, the contemporary PNLO was established by their conjunction with a breakaway group from another ceasefire EAO, the now disbanded SSNPLO. For a small EAO, the PNLO's prominence in the NCA process often caused comment. The oldest and largest Pa-O force in both military and political terms remains the PNO, which agreed a ceasefire with the SLORC government in 1991 before joining the National Convention at which a Pa-O 'self-administered' zone was demarcated under the 2008 constitution. At the time of its 2012 ceasefire, the PNLO was permitted a small territory in Mawkmai township close to the Thai border, and in 2018 it also took over security for several villages in Mong Pan township. The party's lead NCA negotiator, Hkun Okker, is a lawyer and former PNO member.

72. The ARSA was declared a 'terrorist' group in April 2017: The Republic of the Union of Myanmar, 'Anti-terrorism Central Committee: Order No. 1/2017', 25 August 2017. The ULA/AA's designation by this term was formalised by the government in March 2020.

73. 'SSA-S, ABSDF no longer "terrorists", says govt', DVB, 13 October 2015. The military wing of the RCSS is often referred to as the 'SSA-South' as opposed to the 'SSA-North' of the SSPP. See also Ch.2, note 14.

74. See e.g., 'Drug Lords in Parliament', Shan Drug Watch, Issue 4, October 2011; Nan Tin Htwe, 'RCSS calls on government to lift game on drugs', Myanmar Times, 1 September 2013; Transnational Institute, 'Bouncing Back: Relapse in the Golden Triangle', Amsterdam, 2014; Transnational Institute, 'A Distortion of Reality: Drugs, Conflict and the UNODC's 2018 Myanmar Opium Survey', March 2019; International Crisis Group, 'Fire and Ice: Conflict and Drugs in Myanmar's Shan State', Report No.299, Asia, January 2019; 'Myanmar vice: Illegal drugs have become deeply rooted in Burmese society', The Economist, 18 July 2020; Transnational Institute, 'Poppy Farmers Under Pressure: Causes and Consequences of the Opium Decline in Myanmar', December 2021.

75. Transnational Institute, 'The Kachin Crisis: Peace Must Prevail', Burma Policy Briefing No.10, March 2013; 'Myanmar: Kachin IDPs' woes grow with fall of KIA's Gidon outpost', DVB, 23 December 2016.

76. For its origins, see, Smith, Burma: Insurgency: 258-62.

77. See e.g., Smith, Arakan (Rakhine State): 38, 47-51, 63-5, and passim. Prior to the ARSA's emergence, there were two remnant Rohingya EAOs in the Bangladesh borderlands: the Arakan Rohingya National Organisation (ARNO) and Rohingya Solidarity Organisation. Like the Rakhine-majority

ALP and ANC, they could be considered legacy movements dating back to the 1970s and 1980s. The ARNO halted armed struggle in 2003 but has continued to campaign for political rights.

78. Nyein Nyein, 'KNU Concerned Group Backs Call for Military Leaders to Face ICC', The Irrawaddy, 17 September 2018. Led by ex-KNU vice-chair, Naw Zipporah Sein, the Concerned Group includes other former central committee KNU members. It should be added that, whatever they privately felt, many other parties in the country publicly kept quiet on the Rohingya issue.

79. Allegations of provocations to create community divisions began after the ALP bilateral ceasefire in April 2012 when Tatmadaw-backed militia were accused of instigating the anti-Muslim violence which erupted that year: see e.g., Republic of the Union of Myanmar, 'Final Report of Inquiry Commission on Sectarian Violence in Rakhine State', 8 July 2013: 15-16.

80. See e.g., Lei Lei, 'Three Killed in Feud Between Rakhine Rebel Groups', The Irrawaddy, 24 July 2020.

81. 'Stable and Secure?: An Assessment on the Current Context of Human Rights for Chin People in Burma/Myanmar', Chin Human Rights Organisation, 2018: 11-12.

82. See e.g., Ibid., and passim; Smith, Arakan (Rakhine State): 45-6; Nyan Lin Tun, 'Chin National League for Democracy demands immediate release of Chin MP', Eleven Myanmar, 6 November 2019.

